www.burmeseclassic.com

# ချစ်ဦးညို

## နှင်းကောသရာချစ်တဲ့သူရဲကောင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ချစ်ဦးညို

# နှင်းကသေရာချစ်တဲ့ သူရဲကောင်း

(စတုတ္ထအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

နှင်းကေသရာချစ်တဲ့ သူ့ရဲ့ကောင်း
ချစ်ဦးညို
စာမူခွင့်ပြုချက်အမှတ် – ၆၆၄/၂၀၀၂ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၄၂၉/၂၀၀၃ (၁၂)

| | |
|---|---|
| **အကြိမ်** | ❒ စတုတ္ထအကြိမ် |
| **ထုတ်ဝေသူ** | ❒ ဦးသန်းမြင့်(၀၁၀၄၀)၊ လင်းလင်းစာပေ၊ အမှတ်၄/၂၉၊မြဝတီမင်းကြီးလမ်း၊ ၁၀ မိုင်ကုန်း၊ အင်းစိန်။ ရန်ကုန်မြို့။ |
| **အတွင်းပုံနှိပ်သူ** | ❒ ဦးရှိန်ဘီး၊ ရေတပ်ပင်မ(စက်မှုလက်မှုရပ်ဝင်း)၊ သံလျက်စွန်း၊ ဗိုလ်တထောင်မြို့နယ်၊ |
| **မျက်နှာဖုံးပုံနှိပ်** | ❒ ဦးတိုးဝင်း(၀၂၄၃၁) နေလရောင်အော့ဖ်ဆက် (၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| **မျက်နှာဖုံးပန်းချီ** | ❒ မောင်မောင်သိုက် |
| **ထုတ်ဝေသည့်လ** | ❒ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ၊ |
| **အုပ်ရေ** | ❒ ၁၀၀၀ |
| **စာအုပ်ချုပ်** | ❒ ပပစိုးနှင့်အဖွဲ့ |
| **တန်ဖိုး** | ❒ ၁၆၀၀ ကျပ် |


*ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း*
*ယောက်မရှိလေ...*
*နှမလေးပျို့ သူတို့မောင်မှာ– စစ်သံကြားလျှင်၊*
*နာဖျားဥပါယ် ခိုကြတယ်။*
*နှမလေး ပျိုတို့မောင်မှာ စစ်သံကြားလျှင်၊*
*ရွှေမားပိုက်ကာ၊ အိုးစားဖက်ကို၊ လိုက်လို့ငယ်ရှာသည်*
*ရိက္ခာကနည်း၊ မိုးကသဲသနှင့်၊ သံတွဲကို*
*ကူးပါလိမ့်မလားတော်*
*စစ်မှာတစ်မူ၊ နှမလေး ပျို့ထက်ဖြူကို၊*
*ယူပေလိမ့်မလားတော်။*
*စစ်မှာယွန်းမ၊ နှမလေး ပျို့ထက်လှကို၊*
*ရပေလိမ့်မလားတော်၊*
*စစ်မှာဆွေမျိုး၊ ဘိုးဘွားမောင့်မှာ၊ ရှိသလားတော်၊*
*စစ်မှာတစ်မူ၊ နှမလေး ပျို့ထက်ဖြူကို၊ မယူဘူးဗျာ၊*
*စစ်မှာယွန်းမ၊ နှမလေး ပျို့ထက်လှကို၊ မရဘူးဗျာ၊*
*စစ်မှာဆွေမျိုး၊ ဘိုးဘွားမောင့်မှာ၊ မရှိဘူးဗျာ။*

**တောင်တွင်း ရှင်ငြိမ်းမယ်**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## မတ်သံလုံ၊ နှင်းပွင့်ခိုင်

"နှင်းရယ်... နှင်းပန်းခိုင်ရယ်..."

ပါးပြင်မှ တစ်ပေါက်ချင်းကျနေသော 'သူရဲကောင်း မတ်သံလုံ' ၏ သွေးစက်တို့သည် 'နှင်းပန်းခိုင်'၏ ရင်အုံပေါ်မှ သွေးတို့ဖြင့် ရောယှက်သွားသည်။

သို့သော် ပါးပြင်မှ ဒဏ်ရာကို မတ်သံလုံသတိမရ။ နာကျင်မှုကို အာရုံမပြုမိ။ တကယ်တမ်းသာ အာရုံပြုမည်ဆိုလျှင် နာကျင်မှုတို့သည် မတ်သံလုံ၏ တစ်ကိုယ်လုံးမှ ပေါ်ပေါက်၍လာနေမည်။ လွှားကို ဆုပ်ကိုင်ခဲ့ရသောကြောင့် လက်ချောင်းများနာကျင်နေသည်။ ရန်သူ၏ မြင်းခွာများဖြင့် အကြိမ်ကြိမ် အနင်းခံရသောကြောင့် ခြေထောက်များ နာကျင်နေသည်။ ရန်သူ၏ ဓားပြားဖြင့် အခါခါ အရိုက်ခံရသောကြောင့် ခေါင်းမှာ နာကျင်နေသည်။ ချပ်ဝတ်ကိုယ်ကျယ်ကို ဝတ်ထားသည့် ကြားမှ အထဲသို့ ထွင်းဖောက်စူးရှခြင်း မရှိစေကာမူ ရန်သူ့ ဒူးလေးမှ

www.burmeseclassic.com

www.burmeseclassic.com



မြားတံများ ရာပေါင်းများစွာ ထိမှန်ခဲ့သောကြောင့် ကျောပြင်နှင့် ရင်အုပ်မှာလည်း နာကျင်နေသည်။

သူ့လက်မောင်းများ သူ့ခြေထောက်၊ သူ့ပခုံး၊ သူ့ကျောပြင်၊ သူ့ရင်အုပ်၊ တစ်ကိုယ်လုံးမှာ နာကျင်မှု၊ တိုက်ပွဲကြောင့် ရရှိသော နာကျင်မှု၊ နာကျင်မှုများ...။

ထို့ထက်မှ...

ဘယ်အရပ်ဆီက တည့်မတ်စွာ ဝင်လာသည်မသိရသော မြားတံတစ်ချောင်းက သူ့ဘယ်ဘက်ပါးပြင်ကို ပွတ်၍ ထိသွားသည်။ မြားသွားမှအဆိပ်သည် သူ့ကို ဒုက္ခမပေးနိုင်စေကာမူ ချွန်မြသော သံမဏိမြားသွားကမူ သူ့ ပါးပြင်ကို လက်တစ်ဆစ်ခန့်ဒဏ်ရာ ဖြစ်ပေါ်စေသည်။

မတ်သံလုံ၏ ပါးပြင်တွင် ရတ်တရက် ပူလောင်သွားသည်။

သို့သော် ဖြာခနဲကျလာသော သွေးတို့ကိုမူ မသုတ်နိုင်သေးမီ

"နှင်း... နှင်းပန်းခိုင်၊ နှင်းပန်းခိုင်"

အသံနက်ကြီးဖြင့် ရူးရူးဝါးဝါး အော်ဟစ်ရင်း မတ်သံလုံသည် မြို့ရိုးထိပ်ရှိ တစ်ခုသော သူရဲခိုဆီသို့ တစ်ဟုန်ထိုးပြေးသည်။

ပါးပြင်မှ ဒဏ်ရာနှင့် နာကျင်မှုကိုလည်း မသိတော့။

အခြားနေရာများမှ ဒဏ်ရာနှင့် နာကျင်မှုတို့ကိုလည်း မတ်သံလုံ မသိတော့၊ နှင်းပန်းခိုင်၊ နှင်းပန်းခိုင်"

တစ်စုံတစ်ယောက်သည် သူ့ရဲခိုထိပ်မှ အောက်သို့ တလိမ့်ခေါက်ကွေး ထိုးကျသွားသည်။ ထိုနေရာသို့ မတ်သံလုံ မြားတစ်စင်း အဟုန်ဖြင့် ပြေးသွားသည်။

လဲကျနေသော ကိုယ်ခန္ဓာကို ပွေ့ထူလိုက်သည်။

ရင်အုံတွင် စိုက်ဝင်နေသော မြားတံ၏ ငှက်မွေးအမြီးသည် အရုပ်ဆိုးစွာ ဆတ်ဆတ်ခါနေသည်။

မြားတံစိုက်ဝင်ရာ ရင်အုံသည် လှိုင်းထသော မြစ်ပြင်ကဲ့သို့ လှုပ်ရှားနေသည်။ မတ်သံလုံ မမြင်ရက်၊ မကြည့်ရက်။ မြားတံကို ဆွဲနုတ်လိုက်သည်။ ဒဏ်ရာမှ သွေးတို့ပွက်ခနဲ ထွက်အန်လာသည်။

"နှင်း... နှင်းရယ်... နှင်းပန်းခိုင်ရယ်"

မတ်သံလုံ၏ ရင်ခွင်အတွင်းမှ 'နှင်းပန်းခိုင်'သည် ပင်ပန်းကြီးစွာဖြင့် မျက်လုံးများကို ဖွင့်ကြည့်သည်။ ပြင်းထန်သော မြားဆိပ်တို့ဖြန့်ကျက်ပေပြီ။ အမြဲတစေ ကြည်လင်ရွှန်းလဲ့ခဲ့ပေသော သမင်မငယ်



မျက်လုံးအစုံတို့သည် ရီဝေနေပြီ။

"နှင်း... နှင်း... ကျုပ်ပါ၊ မတ်သံလုံလေ"

"... ... ..."

နှင်းပန်းခိုင်သည် တစ်စုံတစ်ခုပြောရန် နှုတ်ကိုဖွင့်သည်။ လှပသော နှုတ်ခမ်းမြွာတို့ လှုပ်ရှားလာသည်။

သို့သော် ထိုနှုတ်ခမ်းမြွာအစုံမှ အသံတစ်စုံတစ်ရာ၊ စကားလုံးတစ်စုံတစ်ရာမှ ထွက်ပေါ်မလာခဲ့။ သွေးများသာ...။

နှင်းပန်းခိုင်သည် တစ်ချက်မျှ မသိမသာ လူးလွန့်လိုက်နိုင်ပြီး မှုန့်တပွင့် ဖြစ်နေခဲ့သော မျက်လုံးတို့သည် ပိတ်သွားသည်။ ပြုံးယောင်သန်းရသေးသည့် နှုတ်ခမ်းတို့မှမူ သွေးစိမ်းရှင်ရှင် ထွက်အန်ဆဲပင်။

"နှင်းရယ် နှင်းပန်းခိုင် အချစ်ရယ်..."

မြားစိုက်ဒဏ်ရာမှ တပွက်ပွက်ကျနေသော 'သွေးရင်အုံ'ထက်သို့ မတ်သံလုံ မျက်နှာအပ်လိုက်သည်။ ထိုအခါ–

ပါးပြင်မှ တစ်ပေါက်ချင်းကျနေသော 'သူရဲကောင်း မတ်သံလုံ'၏ သွေးစက်တို့သည် နှင်းပန်းခိုင်၏ ရင်အုံမှ သွေးတို့ဖြင့် ရောယှက်သွားလေသည်။ ပါးပြင်မှ ဒဏ်ရာကို မတ်သံလုံ မသိတော့။ တစ်ခုတည်းသော နေရာမှ နာကျင်မှုကိုသာ သူ ခံစားနေရသည်။

ထိုနေရာကား မတ်သံလုံ၏ သည်းပွတ်နှလုံး။

နှလုံးသားထဲက နာကျင်မှု။

ဆတ်ဆတ်တုန်နေသော နှလုံးသားဖြင့် မတ်သံလုံသည် နှင်းပန်းခိုင်ကို ပွေ့ပိုက်ခါယမ်းနေမိသည်။ ထိုခဏ၌ မတ်သံလုံအဖို့ ဝဲယာဝန်းကျင်တွင် ပြင်းထန်စွာ ဖြစ်ပေါ်နေသော တိုက်ပွဲကိုလည်း သတိမရတော့။ သွားချင်း၊ လွှားချင်း ထိခတ်သံ၊ စစ်မြင်းတို့ ဟီသံ၊ ရဲမက်တို့၏ ကြွေးကြော်သံ၊ အော်ဟစ်သံများကိုလည်း သူ မကြားတော့။

"နှင်းပန်းခိုင်ရယ် ဖြစ်ရလေခြင်း၊ ဖြစ်ရလေခြင်း"

ပါးပြင်ရှိ ဒဏ်ရာမှ သွေးတို့သည် ဆူပွက်သော အသည်းနှလုံးကြောင့်လားမသိ၊ ပို၍ သွေးထွက်များလာသည်။ ထိုသွေးများနှင့်အတူ သူရဲကောင်း မတ်သံလုံ၏ မျက်လုံးအိမ်မှ ယိုစီးလာသည့် မျက်ရည်များသည်း ရောနှော ကျဆင်းလာသည်။

"နှင်းပန်းခိုင်ကို ချစ်တယ်၊ နှင်းပန်းခိုင်ကို ချစ်တယ်၊ မင်းမသေရဘူး မင်း မသေရဘူး"

သွေးရူး သွေးတန်း အော်ဟစ်ရင်း နှင်းပန်းခိုင်၏ ရင်ခွင်တွင်

www.burmeseclassic.com

www.burmeseclassic.com



အပ်ထားသော သူ့မျက်နှာကို ပြန်မော့လိုက်သည်။ မတ်သံလုံ၏ မျက်နှာတွင် သွေးတို့ အလျှံလျှံ အလိမ်းလိမ်း စွန်းပေလျက် မြင်မကောင်း။

"နှင်းပန်းခိုင်ကို ချစ်တယ်၊ သူ... နှင်းပန်းခိုင် သေပြီ"

မတ်သံလုံ၏ အော်ဟစ်သံမှာ စူးနစ်ကျယ်လောင်လွန်းလှသည်။ သူ့အသံနက်ကြီးကို မလှမ်းမကမ်းမှ 'မင်းကြီးသမိန်သံဖြတ်'ပင် ကြားသွားသည်။

"နှင်းပန်းခိုင်ကို ချစ်တယ်၊ ဒါကြောင့် စောအဲဗညားကို ငါ မုန်းတယ်"

သူ့ပါးပြင်မှ သွေး၊ သူ့ချစ်သူရင်အုံမှ သွေးတို့ဖြင့် လိမ်းကျံအပ်သော လက်တို့ကို မြှောက်လျက် မတ်သံလုံ အော်ဟစ်နေသည်။

"စောအဲဗညား၊ မင်းကို ငါမုန်းတယ်ဟေ့၊ မင်းကို ငါသတ်ဖို့လာပြီ"

လေးလံသော အဲမောင်း လုံနှစ်ချောင်းကို တစ်ဖက်စီ ဆုပ်ကိုင်ရင်း မတ်သံလုံသည် တိုက်ပွဲ၏ အရှုပ်ထွေးဆုံးဆီသို့ ပြေးဝင်သွားသည်။ မတ်သံလုံသည် လူသားရဲမက် တစ်ယောက်နှင့် မတူတော့။ နတ်ဘီလူးစသည် တစ်ယောက်လိုဖြစ်နေသည်။ သူဖြတ်သွားသည့် နေရာတိုင်းမှာ ရန်သူများသည် ငှက်ပျောပင်များ ခါးအလယ်မှ အပိုင်းပိုင်း ပြတ်ကျသည်ကဲ့သို့...။

"စောအဲဗညား မင်းကို ငါသတ်မယ်"

"မတ်သံလုံ သတိထား..."

မင်းကြီး သမိန် သံဖြတ်က အော်ဟစ် သတိပေးသော်လည်း မတ်သံလုံ မကြားနိုင်တော့။ အဲမောင်းလုံရှည်ကြီးများကို ဝှေ့ယမ်းလျက် တိုက်ပွဲ၏အတွင်းသို့ တစ်ဟုန်ထိုး ဝင်သည်။ အဲမောင်းလုံသွားနှင့် လုံရိုးတို့ အဆက်မပြတ် လှုပ်ရှားနေသည်။ လုံတံကို ပကတိအတိုင်း မမြင်ရတော့ လေအဟုန်တွင် ဖွင့်ထားသော စကြာကဲ့သို့ အခြားမပြတ် လည်နေသည်။ ရန်သူတို့သည် မတ်သံလုံ၏ လုံတစ်ကမ်း အနီးသို့ပင် မချဉ်းရဲကြတော့။ မတ်သံလုံဝင်သွားသည့် နေရာတိုင်းတွင် ထိတ်လန့်တကြား အော်ဟစ် ရှောင်တိမ်းကြရသည်။

"စောအဲဗညား ငါလာပြီဟေ့၊ မင်းကြီးသံဖြတ်ရဲ့ သူရဲကောင်း မတ်သံလုံဆိုတာ ငါပဲဟေ့"

အဲမောင်း လုံနှစ်ချောင်းကို အခြားမပြတ် ဝှေ့ယမ်းလျက်ရှိသလို နှုတ်ကလည်း အသံနက်ကြီးဖြင့် စူးစူးဝါးဝါး အော်ဟစ်လျက် ရှိသည်။



ရန်သူ၏ စစ်မြင်းကြီးများပင် မတ်သံလုံ၏ အသံနက်ကြီးကြောင့် ထိတ်လန့်ကုန်ကြသည်။ အတုံးအရုံး လဲကျကုန်ကြသော ရန်သူများကို နင်းဖြတ်ကျော်လွှားလျက် မတ်သံလုံသည် တိုက်ပွဲအလယ်သို့သာ တစ်ဟုန်ထိုး ပြေးဝင်နေသည်။

"မတ်သံလုံတဲ့ ဒီလူဟာ လူမဟုတ်ဘူး၊ နတ်ဘီလူးဟေ့"

"မတ်သံလုံ ဘီးလူးစီးနေပြီ၊ ပြေးကြ ပြေးကြ"

"မင်းကြီး သံဖြတ်ရဲ့ သူရဲကောင်း မတ်သံလုံ ဆိုပါလား"

တိုက်ပွဲ၏ အသွင်သည် ရုတ်တရက် ပြောင်းသွားသည်။ စောစောက ဟစ်အော်ကြွေးကြော်ရင်း ရင်ဆိုင်တိုက်ခိုက်နေကြသူများ အားလုံးဘေးသို့ ရှဲဖယ်သွားကြသည်။ လေမုန်တိုင်းတစ်ခုလို ရုတ်ခြည်းဝင်ရောက်လာသော မတ်သံလုံ၏ ဘေးတွင် ရဲမက်များ ရန်သူများသည် သစ်ရွက်ခြောက်များပမာ ကစဉ့်ကလျား ဖြစ်သွားသည်။

ဓားသွားချင်း၊ လုံသွားချင်း ရှုပ်ထွေးနေသော မြင်ကွင်းသည် ရှင်းလင်းသွားပြီး တိုက်ပွဲအလယ်ဗဟိုနေရာတွင် မြင်းနက်ကြီးကို စီးထားသည့် ရန်သူခေါင်းဆောင်ကို ထင်ရှားစွာ တွေ့လာရသည်။ သို့သော် ထောင်းထောင်းထနေသော ဖုန်လုံးများကြောင့် ရန်သူခေါင်းဆောင်၏ မျက်နှာကိုမူ မတ်သံလုံ သဲသဲကွဲကွဲမမြင်ရ။ ရန်သူခေါင်းဆောင်၏ လွှားမှ သံမဏိပေါ်သို့ မွှန်းတိမ်နေရောင် ထိုးကျနေသောကြောင့်လည်း နူးရှ သော အလင်းရောင်တို့ ပြိုးပြက် ကျိန်းစပ်နေသည်။

"စောအဲဗညား မင်းသေပေတော့"

မြင်းနက်ကြီးကို တွေ့လျှင်တွေ့ချင်းပင် မတ်သံလုံသည် မြားတစ်စင်းပမာ ဖွတ်ဝင်လေသည်။ ရန်သူခေါင်းဆောင်လည်း မြင်းကို ဇက်ကုန် ဖွင့်လာသည်။

"မတ်သံလုံ သတိထား"

မင်းကြီး သံဖြတ်က ကျယ်လောင်စွာ အော်သည်။ ရန်သူမှာ မြင်းပေါ်က မတ်သံလုံကား မြေပြင်ပေါ်က။ သို့သော်...။

သို့သော် မတ်သံလုံ၏ ဘယ်လက်တွင်းမှ အဲမောင်းသည် ကဆုန်စိုင်းလာသော မြင်း၏ ရင်ညွန့်သို့ တည့်မတ်စွာ စွဲဝင်လာလေသည်။ အရှိန်ပြင်းစွာ ပြေးလာသော မြင်းကြီးသည် ကျယ်လောင်စွာ အော်လျက် လမ်းမှာပင် အဟုန်ပြင်းစွာ လဲကျသည်။ မြင်းပေါ်မှ လူလည်း မြေပြင်သို့ တလိမ့်ခေါက်ကွေးကျသည်။

ပြန်ထရန် သူ ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မတ်သံလုံ၏ ညာလက်မှ အဲမောင်းသည် မိုးကြိုးလျှပ်စီး တစ်ခုပမာ ထိုသူ၏ ရင်အုံဆီသို့ ပျံသန်းသွားသည်။ လေထုကို ထွင်း ဖောက် ပျံသန်းသွားသောအသံသည်ပင် နှလုံးသွေးပျက်ဖွယ် ဖြစ်တော့ သည်။

အဲမောင်းလုံသွား ရန်အုံသို့ စွဲဝင်သောအသံကို မတ်သံလုံပင် ပြန်ကြားလိုက်ရသည်။ ရန်သူခေါင်းဆောင်သည် မြေပေါ်သို့ အလူးလူး အလိမ့်လိမ့် လဲပြိုသွားလေသည်။

“တပ်မင်း ကျပြီ၊ တပ်မင်း ကျပြီ”

“ပြေးကြ၊ ပြေးကြ၊ သူတို့ဘက်မှာ နတ်ဘီလူးတစ်ကောင် ဝင်ကူ နေတယ်”

“ပြေးကြဟေ့ ဆုတ်ကြတော့ဟေ့”

“တပ်မင်းကျသွားပြီ၊ ပြေးကြစို့ဟေ့”

ရန်သူများ ခြေဦးတည့်ရာသို့ ကစဉ့်ကလျား ထွက်ပြေးကြသည်။

မတ်သံလုံကား ရန်သူတို့ သွေးပျက် ထိတ်လန့်သံကြောင့်လည်း ကောင်း၊ ရန်သူခေါင်းဆောင်၏ ကိုယ်မှထွက်သော သွေးတို့ကို တွေ့ရ သည့် အတွက်ကြောင့်လည်းကောင်း ပို၍ ခက်ထန်သွားလေသည်။ လဲကျနေသော ရန်သူခေါင်းဆောင်၏ ဓားအိမ်မှ ဓားကို ထုတ်ယူလျက် မည်းမည်းမြင်သမျှကို လိုက်ခုတ်တော့သည်။

“နှင်းပန်းခိုင်ကို လေးနဲ့ပစ်တာ မင်းလားကွ”

“နှင်းပန်းခိုင်ကို သတ်တာ မင်းလားကွ”

“ငါ့အချစ်ကို သတ်တာ မင်းလားဟေ့”

“ဟုတ်တယ်ဟေ့၊ ငါဟာ နတ်ဘီလူး၊ အချစ်အတွက် မင်းတို့ကို သတ်မယ့် နတ်ဘီလူး”

ရန်သူတစ်ယောက်ကို စကားတစ်ခွန်း ဓားတစ်ချက်ဖြင့် ကြောက် ခမန်းလိလိ ခုတ်ပိုင်းနေသော မတ်သံလုံကို ‘တရည်းမြို့စောင့်’ ရဲမက် တို့ပင် အံ့သြထိတ်လန့်ကုန်ကြသည်။ သို့သော် ရန်သူများ ကစဉ့် ကလျား တပ်ပျက်သည်ကို တွေ့ရသောအခါ တရည်ရဲမက်တို့အားတက် သွားကြပြီ။ ညာသံပေး၍ ဖိတိုက်ကြတော့သည်။

တိုက်ပွဲသည် ပြန်၍ရှုပ်ထွေးသွားသည်။ မြင်းဟီသံ၊ အော်ဟစ် သံများသည် ဖုန်လုံးကြီးများထဲမှ တစ်ခဲနက် ပေါ်ထွက်လာသည်။ တိုက်ပွဲကွင်းပြင်အစပ်မှ ကြည့်နေသော မင်းကြီးသမိန်သံဖြတ်သည်



မတ်သံလုံကို တိုက်ပွဲကြားတွင် ရှာကြည့်သော်လည်း မတွေ့ရတော့။ ရဲမက်များ ရှုပ်ထွေးနေသည့်အတွက် မတ်သံလုံလည်း တိုက်ပွဲကြားတွင် ပျောက်ကွယ်သွားသည်။

သို့သော် တရည်းမြို့မြေပြင် သိမ့်သိမ့်တုန်မျှ ဆူညံနေသော တိုက် ပွဲသံများအကြားတွင် မတ်သံလုံ၏ အသံဝါကြီးကိုမူ မင်းကြီး တစ်ချက် တစ်ချက် ကြားနေရသည်။

“နှင်းပန်းခိုင်အတွက် သွားစမ်းတစ်ယောက်”

“ငါ့အချစ်အတွက် ဟောဒီမှာ ငရဲကောင်တစ်ကောင်”

* * *

ဤမြေပြင်ထက် ဤကွက်လပ် တလင်းပြင်ဝယ် ယမန်နေ့က ပြင်းထန်ရက်စက်သော စစ်ပွဲကြီး ဖြစ်ခဲ့သည်ဆိုခြင်းကိုပင် မယုံနိုင်စရာ ဖြစ်နေသည်။ တရည်းမြို့စောင့် ရဲမက်များက ချက်ချင်း ရှင်းလင်း သုတ်သင်လိုက်သဖြင့်လည်း စစ်မြေပြင်သည် သန့်ရှင်းနေသည်။ ရေကျိုးအစပ်ရှိ ကျိုးကြေခဲ့သော နဂါးသန်လျက်ပင်များကို ချက်ချင်း ပြန်၍ စိုက်ပျိုးခဲ့ကြသည်။ နဂါးသန်လျက်ပင်များကား ချွန်မြသော အရွက်ရှည်ပင်များ ဖြစ်သဖြင့် ကြံခိုင်သောအလုကို ဆောင်ကြသည်။ မြေမာကို ကြိုက်သော အပင်မျိုး ဖြစ်သဖြင့်လည်း နဂါးသန်လျက်သည် တရည်းမြို့ မြေပြင်နှင့် လိုက်ဖက်ညီနေလေသည်။

ရေကျိုးအစပ် တစ်လျှောက်တွင် နဂါးသန်လျက်ပင်များ အစီအရီ ရှိနေသည်။

တစ်ခုသော နေရာတွင်ကား အခြားနေရာများထက်ပင် နဂါးသန် လျက်ပင်တို့က ထူထပ်များပြားနေသည်။ တစ်ဖြောင့်တည်း စီရရီစိုက် ထားသည်လည်း မဟုတ်။ ဝန်းဝိုက်ကွေ့ပတ်လျက် စိုက်ထားသည့် နေရာ ဖြစ်သည်။ ထိုနဂါးသန်လျက်ပင်အုပ်၏ ခြေရင်းဝယ် တစ်စုံ တစ်ယောက်သည် ခြေစုံရပ်လျက် မြေပြင်သို့ မမိုတ်မသုန် စိုက်ကြည့် နေသည်။

မမိုတ်မသုန်ကြည့်နေသော မျက်လုံးများသည် နီရဲလျက်ရှိသည်။ ကျင်စွယ်နှုတ်ခမ်းမွေးရေးရေးရှိသော်လည်း ထိုမျက်နှာသည် အသက် သုံးဆယ် မပြည့်တတ်သေးသည့် ပျိုမျစ်မှုကို ဆောင်နေသည်။ သို့သော် ထိုပျိုမျစ်မှုသည်ပင် တင်းမာသော အမူအရာကြောင့် ခက်ထန်

www.burmeseclassic.com

www.burmeseclassic.com



နေပြန်သည်။

ခက်ထန်မှုကို ပို၍ လေးနက်သွားစေသောအရာမှာ ထိုမျက်နှာ၏ လက်ဝဲဘက် ပါးပြင်ပေါ်မှ လက်တစ်ဆစ်ခန့် အမာရွတ်ပင် ဖြစ်သည်။ တုတ်ခိုင်၍ အဆစ်များကြီးမားသော လက်ချောင်းတို့ဖြင့် ထိုအမာရွတ်ကို ပွတ်သပ်ရင်းဖြင့် ထိုမျက်နှာသည် နဂါးသန်လျက်ပင်အုပ်၏ အလယ်မှ မြေကမူ မို့မို့ကို ကြည့်နေသည်။

"နှင်းပန်းခိုင်ရယ်၊ သည်တစ်ခါတိုက်ပွဲပြီးရင်တော့ အဖကို ဖွင့်ပြောပြီး ကျုပ်တို့ လက်ထပ်ကြမယ်လို့ မင်းပြောဖြစ်အောင် ပြောခဲ့သေးတယ်နော်။ ပြီးတော့ ဒီတိုက်ပွဲဟာဖြင့် နောက်ဆုံးပါပဲ အမောင်ရယ်တဲ့။ နောက်ဆုံး နောက်ဆုံး၊ နှင်းရယ် မင်းဟာ ကိုယ့်ရဲ့ ကံကြမ္မာကို ကြိုပြီး နိမိတ်ဖတ်ခဲ့တာလား၊ အခုတော့ တကယ့်ကို နောက်ဆုံးပါပဲလား အချစ်ရယ်"

မတ်သံလုံ၏ နီရဲသော မျက်လုံးတို့သည် မြေကမူ မို့မို့ကို မမိုတ်မသုန်ကြည့်ရင်း နှုတ်မှလည်း သတိလက်လွတ် တတွက်တွက် ရေရွတ်နေမိလေသည်။

"သူရဲကောင်းရဲ့ ချစ်သူဆိုတာဟာ စစ်ပွဲမှာလည်း သူရဲကောင်းရဲ့ဘေးမှာပဲ ရှိနေရမယ်လို့ ကျုပ်ပြောခဲ့တာကို မင်း တကယ်လိုက်နာခဲ့တာပါလား နှင်းရယ်၊ ကျုပ်မှားတာပါ၊ ကျုပ် မှားခဲ့တာပါ၊ တကယ်က မင်းကို မြားတံတွေ အန္တရာယ်က လုံခြုံတဲ့နေရာမှာပဲ ချန်ထားခဲ့သင့်ပါတယ်၊ ဒါပေမဲ့ သူရဲကောင်းကြီး မတ်သံလုံဆိုတဲ့ ကျုပ်လေ... တကယ်တော့ သိပ်မိုက်မဲခဲ့တဲ့ ကျုပ်ပါ၊ မင်းကို သူရဲခိုပေါ်မှာ နေရာယူထားလို့ ပြောခဲ့တဲ့ ကျုပ်အမှားပါ၊ ကျုပ် အမှားပါ၊ ကျုပ် အချစ်ကို မြားတံတွေ တဖွဲဖွဲကျနေတဲ့နေရာအရောက် ကျုပ် ကိုယ်တိုင်ပဲ ပို့လိုက်မိပါပကော၊ကျုပ်ဘယ်လိုပြောရမလဲ အချစ်ရယ်...ဟင်၊ ကျုပ် ဘယ်လိုပြောရမလဲ၊ သည်တုန်းက မင်းပြောခဲ့ပါသေးတယ် နှင်းရယ်..."

ထိုညက လပြည့်ဝန်း၏ ဖြူပြာသော ငွေရည်တို့သည် တရည့်မြို့၏ ဒေါနဥယျာဉ်တော်အတွင်းသို့ လှပစွာ စီးကျနေခဲ့သည်။

'နှင်းပန်းခိုင်'၏ အဖြူရောင်ဝတ်လွှာသည် လရောင်ကြောင့်ပြာနှသော အသွေးကို ဆောင်နေခဲ့သည်။ နှင်းပန်းခိုင်၏ လုံးဝန်းသောပခုံးစွန်းများသည် ပြဒါးသုတ်ခြယ်ထားသလို ပြိုးပြက်နေခဲ့သည်။



မတ်သံလုံကား ချစ်သူနှင့် တွေ့ဆုံခန်းမှာပင် ဓားကို ကိုယ်မှ ခွာခဲ့ ဓားအိမ်သည် ကျောက်သလင်းခုံစွန်းနှင့် တိုက်မိသောကြောင့် တချွင်ချွင် မြည်နေသည်။ နှင်းပန်းခိုင်သည် မတ်သံလုံ၏ တုတ်ခိုင်သော လက်မောင်းအိုးကို ဖွဖွဆုပ်ကိုင်ကာ ကျောက်သလင်း ခုံထက်သို့ ထိုင်စေခဲ့သည်။

"အမောင်ရယ်...ဒီဓားကို မချတော့ဘူးလား၊ အချိန်ဟာ လသာတဲ့ ညအချိန်၊ ခုနေရာဟာ ဒေါနဥယျာဉ်တော်၊ ပြီးတော့ အမောင့်ရှေ့က လူတွေဟာလည်း သူ့ရှင် ရာဇဝိရာဇ်မဟုတ်ပါဘူး၊ ရန်သူသစ္စာဖောက် သမိန်လောက်ဖြာလည်း မဟုတ်ပါဘူး၊ ရန်သူစောအဲဗညားလည်း မဟုတ်ပါဘူး၊ အမောင့်အချစ် နှင်းပါ၊ နှင်းပန်းခိုင်ပါ၊ အဲဒီဓားကြီးကို ခဏ ချထားပါတော့လား အမောင်ရယ်"

မတ်သံလုံကမူ ဓားလွတ်ကိုလည်းမချ၊ ကျောက်သလင်းခုံထက်သို့လည်း ဝင်မထိုင်၊ ဖြူပြာသော လဝန်းကိုလည်း မကြည့်၊ စကားတစ်လုံး ကိုလည်းမဆို

"အမောင်..."

"ဟင်...ဘာလဲ"

ခေါ်သံသည် စမ်းရေအလျှဉ်သံဖြစ်သော်လည်း ထူးသံသည် ရေတံခွန်သံဖြစ်သည်။ မတ်သံလုံသည် နှင်းပန်းခိုင်၏ ဖွေးဥသောမျက်နှာကို လှမ်းကြည့်ရင်း ကျောက်သလင်းခုံသို့ ဝင်ထိုင်လိုက်သည်။ ဓားအိမ်သည် ခုံစွန်းနှင့် ခတ်မိသောကြောင့် အသံမြည်သွားပြန်သည်။

"အမောင်...၊အမောင်အတွက် နေရာတိုင်းနဲ့ အချိန်တိုင်းဟာ စစ်ပွဲပဲလားဟင်၊ နှင်းကို အမောင့်အချိန်တွေထဲက တဒင်္ဂလေးမှ မပေးနိုင်တော့ဘူးလား၊ နှင်းလေ...စစ်ပွဲတွေကြောင့် ပင်ပန်းခဲ့ရတဲ့ အမောင် နွမ်းနယ်မှုတွေကို ဖြေသိမ့်ပေးချင်လှပါပြီ"

"ကျုပ် နှင်းကို...အဲ...တကယ်ချစ်တာပါ"

နွေးထွေးသော ဒေါနဥယျာဉ်၏ ပန်းလေပြည်ထဲတွင် မတ်သံလုံ၏ အသံက အေးစက်စွာ ထိုးဖောက် ထွက်ပေါ်လာသည်။

"အဲဒါ တကယ်လားအမောင် ...ဟင်"

"ဘာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"အို ခုနက အမောင်ပြောတာလေ"

"မင်းကို ကျုပ် ချစ်တယ်ဆိုတာလား၊ တကယ်ပေါ့၊ အဲဒါ တကယ်လေ"

နှင်းပန်းခိုင် သိမ့်သိမ့် ငြိမ်ငြိမ် ရယ်လေသည်။ ဓားရိုးကိုင်ထားသည့် မတ်သံလုံလက်ကို တယုတယ ဆုပ်ကိုင်မိသည်။ ထိုလက်ပေါ်သို့ မတ်သံလုံ၏ အခြားလက်တစ်ဖက်က ပြန်၍ အုပ်မိုးသည်။ ညှံ့သက်သော လက်ဖမိုးနှင့် ကြမ်းတမ်းသော လက်ဖဝါးတို့ ထိတွေ့မိကြသည်။

"အဲ... ဓားကတော့ ချလို့မဖြစ်ဘူးလေ၊ ကျုပ်တို့ဟာက အခုစစ်တိုက်နေကြတဲ့ စစ်ကာလမဟုတ်လား၊ သူ့ရှင်က မင်းကြီး သံဖြတ်ကို အမိန့်တော်ပေးခဲ့တယ်၊ ဒီတရည်းမြို့ကို ရန်သူတွေ လာလုပ်ကြံမယ်တဲ့ ဖိဖိစီးစီး ကွပ်ညှပ်ပြီး ကြံကြံခံ တွန်းလှန်ရမယ်တဲ့၊ မင်းကြီးသံဖြတ်က ကျုပ်တို့ကို ထပ်ပြီး အမိန့်တော်မှတ်တယ်လေ၊ စောအဲဗညားတို့ဟာ တရည်းကို နေ့နေ့ညည အချိန်မရွေး ဝင်လာနိုင်တယ်၊ ကျုပ်ဓားကို ချလို့မဖြစ်သေးဘူးနှင်းရဲ့၊ သူရဲကောင်းဟာ ဓားနဲ့ မကင်းကွာစကောင်းဘူး"

"ဟုတ်ပါတယ် အမောင်ရယ်၊ သူရဲကောင်းဟာ ဓားနဲ့ မကင်းကွာ စကောင်းပါဘူး၊ ဒါပေမဲ့ သူရဲကောင်းကြီးလက်က ဓားရိုးကိုသာ မလွှတ်တမ်းဆုပ်ထားတော့ နှင်းပန်ချင်တဲ့ ပေဟာဟိုဒေါနပန်းခက်ကလေးကို အဲဒီသူရဲကောင်းကြီး ဘယ်လိုလုပ်ပြီး ချူးပေးနိုင်တော့မလဲ"

"ဟင်... ဘာပြောတာလဲ နှင်း"

မတ်သံလုံသည် နှင်းပန်းခိုင်ကို နားမလည်စွာဖြင့် ကြည့်မိသည်။

နှင်းပန်းခိုင်က အပြစ်ကင်းစွာရယ်သည်။

စစ်၏ အငွေ့အသက်တို့ ရိုက်ခတ်တင်းမာနေခဲ့သော မတ်သံလုံ၏ မျက်နှာသည်လည်း နှင်းပန်းခိုင်၏ အပြစ်ကင်းသော ရယ်သံကြောင့် တင်းမာရာမှ ပြေလျော့သွားခဲ့သည်။ မတ်သံလုံ လိုက်၍ ရယ်မိသည်။ အချစ်မှ မွေးဖွားသော ပျော်ရွှင်မှု ရယ်သံနှစ်ခု ဒေါန ဥယျာဉ်တော်အတွင်း လွင့်ဝဲသွားသည်။

ရယ်လိုက်သောအခါ နှင်းပန်းခိုင် ပို၍ လှလာသည်။ ချစ်သူ၏ ဝင်းဝိုင်းပြည့်ဖြိုးသော မျက်နှာပြင်ကို ငေးကြည့်ရင်း မတ်သံလုံ အလှ



တရား၌ ငေးငိုင်သွားခဲ့သည်။ နှင်းပန်းခိုင် အရယ်ရပ်သည်။ လပြည့်ဝန်းနှင့် တကွသော ကြယ်တို့ကို ယှဉ်ပြိုင်နိုင်သည့် ချစ်သူနှစ်ဦး၏ မျက်လုံးနှင်စုံတို့သည် အပြန်အလှန် ဆုံစည်းယှက်နွယ်နေသည်။ တိတ်ဆိတ်သော အကြည့်များဖြင့် တစ်ဦးကိုတစ်ဦး ရွှန်းလဲ့စွာ ငေးစိုက် သွားမိကြသည်။ နှလုံးခုန်သံများ သဲ့သဲ့ လှုပ်ရှားလာနေသည်။

ချစ်သူ၏ ရွှန်းလဲ့သော မျက်ဝန်းအရေးအကြောင်း တစ်လျှောက် ... အချစ်၏နက်ရှိုင်းသော နယ်နိမိတ်အပိုင်းအခြားကို မတ်သံလုံ ...ခနေရသည်။

မြို့ရိုး ကင်းမျှော်စင်မှ ညဉ့်တစ်ဗဟိုရ်စည်သံ ပေါ်ထွက်လာသည်။

လှပသော တိတ်ဆိတ်မှု ပြီးဆုံးသွားလေသည်။ မတ်သံလုံသည် ကင်းမျှော်စင်ထိပ်ဆီသို့ လှမ်းကြည့်လိုက်သည်။ ကင်းစောင့်ရဲမက်များ ...ကြသည့် လှုပ်ရှားမှုကို တွေ့သည်။

"ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ သူရဲကောင်းရဲ့ လက်ဟာ ဓားရိုးနှင့် မကင်းကွာရဘူး နှင်း၊ ကျုပ် နှင်းကို ဘယ်လောက်ချစ်မြတ်နိုးသလဲဆိုတာ ကျုပ် မပြောပြတတ်ဘူး၊ ဒါပေမဲ့ ကျုပ်စစ်တိုက်ရဦးမယ်မဟုတ်လား"

"အမောင့်ကို နှင်း နားလည်ပါတယ်၊ နှင်းသာမကဘူး အဖကလည်း အမောင့်ကို နားလည်ပါတယ်၊ မြို့စောင့်တပ်မှူးတွေထဲမှာ အမောင့်ကို အဖ သဘောအကျဆုံးပါ၊ ဒါကြောင့် အဖကိုလည်း နှင်း ပြောပြလိုက်တယ်၊ ဒီ တရည်းတိုက်ပွဲပြီးရင် နှင်းတို့ကို လက်ထပ်ပေးဖို့"

"ဟုတ်လား...ဟုတ်လား၊ အဲဒီတော့ မင်းကြီးသံဖြတ်က ဘာပြောသလဲ"

"အဖကလား၊ ခေါင်းခါပြတယ်..."

မတ်သံလုံသည် ဓားအိမ်ကို လက်ဖြင့် ရိုက်လိုက်လေသည်။

"ကျုပ်တော့ ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီထင်ပါရဲ့ဗျာ၊ နှင်းက ဘာကြောင့် မင်းကြီးကို ဖွင့်ပြောလိုက်သလဲ၊ တပ်မင်းကြီး သမိန်သံဖြတ်ရဲ့ သမီးတော်နဲ့ ကျုပ်လို မြို့စောင့်တပ်မှူး ဘာဆိုင်သလဲ၊ မင်းကြီးကို သူ့သမီးကို နေပြည်တော်က မင်းညီမင်းသားနဲ့သာ လက်ဆက်စေချင်မှာပေါ့၊ ဒုက္ခတော့ရောက်ပြီ ထင်ပါရဲ့ဗျာ"

နှင်းပန်းခိုင်က ရယ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com





"အဖကလေ ခေါင်းခါပြပြီး ဒီလိုမဟုတ်သေးဘူးတဲ့၊ မတ်သံလုံနဲ့ သမီးတို့ လက်ဆက်ပွဲကို တရည်းမြို့မှာ ခွင့်မပြုဘူးတဲ့ သူ့ရှင်ဂါဇာမိရာဇ်ရှိရာ နေပြည်တော်သွားပြီး သူ့ရှင်ရဲ့ ရှေ့မှောက်မှာ ဘိသေက မင်္ဂလာ ..."

"ဟာ တကယ်လား နှင်း"

လှပစွာ ခေါင်းညိတ်နေသော နှင်းပန်းခိုင်ကို မတ်သံလုံ ပွေ့ဖက်မိသည်။

"ကျုပ် ဝမ်းသာလိုက်တာ နှင်းရယ်၊ ဝမ်းသာလိုက်တာ"

"အဲဒါကြောင့် ပြောတာပေါ့ အမောင်ရယ်၊ တရည်းတိုက်ပွဲဟာ နောက်ဆုံးပါလို့၊ ဒီတိုက်ပွဲဟာ နောက်ဆုံးပါပဲ"

"ဟုတ်တာပေါ့ နှင်း၊ ဟုတ်တာပေါ့"

"နှင်းလေ အမောင့်အတွက် ဘုရားဆောင်ဝင်ပြီး ဥပုသ်ယူ၊ သီလ စောင့်၊ သပြေခက်ကိုလည်း အမောင့် မောက်ရှည်ယက်မှာ ပန် ပေးမယ်"

"ဟာ ဒါက စစ်ထွက် ယောက်ျားအတွက် အိမ်မှာကျန်ခဲ့တဲ့ ဇနီးသည်တွေ လုပ်နေတဲ့ ဟာတွေပါ နှင်းရယ်၊ အခုဟာက ကျုပ်စစ်တိုက်နေတဲ့ စစ်မြေပြင်မှာပဲ နှင်းကိုယ်တိုင် ရှိနေတာမဟုတ် လား၊ ဘုရားဆောင်ပင်ပြီး သပြေခက်ပေးစရာမလိုပါဘူး၊ သူ ကောင်းရဲ့ ချစ်သူဆိုရင် သူရဲကောင်းရှိရာ စစ်မျက်နှာမှာပဲ တ ဖဝါးမခွာ ရှိနေရမှာပေါ့"

"အို အမောင်က အဲဒီလို ဖြစ်စေချင်သလား၊ ကဲ မနက်ဖြ အမောင် ဘယ်မုခ်မှာ အမှုတော်ကျသလဲ"

"အလယ်မုခ်"

"ကောင်းပြီ အမောင်ရေ၊ အလယ်မုခ်ရဲ့ ညာဘက်က သူရဲခို်ပေါ မှာ နှင်းကိုယ်တိုင် ရှိနေမယ်၊ နှင်းရဲ့ သူရဲကောင်းကို နှင်းအနာ က အားပေးနေမယ်"

* * *

"ကျုပ် ဘယ်လို ပြောရမလဲ အချစ်ရယ်၊ မင်းကို မြားမိုးရွာနေ နေရာရောက်အောင် ကျုပ် ပို့ခဲ့မိပါပကော၊ မင်းကို ကျုပ် သ

တာ၊ မင်းကို ကျုပ်သတ်တာ၊ မင်းရင်အုံ လှလှလေးကို စွဲဝင်တဲ့ မြားတံဟာ ကျုပ်ကြောင့် ကျုပ်ကြောင့်၊ ဒီမြားတံအတွက် ရန်သူ ခေါင်းဆောင်ကိုရော၊ ရန်သူတွေကိုရော ကျုပ် လက်စားချေခဲ့ပါ တယ်၊ ဒါပေမဲ့ ကျုပ်လက်စားချေရမယ့် တကယ့် ကာယကံရှင် က ကျုပ်ကိုယ်တိုင်ပါအချစ်ရယ်၊ ကျုပ်ကိုယ်တိုင်ပါ"

ချွန်မြသော နဂါးသန်လျက်ပင်၏ ဦးထိပ်စွန်းဖျားကို မတ်သံလုံ င်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ အကြောပြိုင်းပြိုင်းထသော လက် နဂါးသန်လျက်ပင်များကို ဆုပ်ခြေမိသည်။ သို့သော် တကယ်တမ်း က် ကြေပြုန်းနေသည်က မတ်သံလုံကိုယ်တိုင်၏ အသည်းနှလုံးများ

"သူရဲကောင်းတဲ့၊ သူရဲကောင်း မတ်သံလုံတဲ့၊ မိမိချစ်သူကို သေ ဘွင်းထဲ ပို့တဲ့သူဟာ သူရဲကောင်းတဲ့လားဟင်၊ ကျုပ်လေ...ကျုပ်"

အဆုံးစွန်သော ထိခိုက်ကြေကွဲမှု မတ်သံလုံ စကား နောက်ထပ် တ်နိုင်တော့ နီရဲသော မျက်လုံးများ စိုစွတ်လာသည်။

နဂါးသန်လျက်ပင်ကို ဆုပ်ညှစ်နေသော လက်များသည် ခါးစည်း ချိတ်ထားသည့် ဓားမြှောင်ဆီသို့ တဖြည်းဖြည်း ရွေ့လျားသွား ည်၊ ဓားမြှောင်ရိုးကို တုန်ယင်စွာ ဆွဲထုတ်ယူသည်။

"ကျုပ် သူရဲကောင်းမဟုတ်ဘူး၊ ကျုပ်ဟာ ချစ်သူရဲ့ သေမင်း ဒီတော့"

ဓားမြှောင်ကိုင်ထားသောလက် အပေါ်သို့ မြှောက်လာသည်။

တစ်ဟုန်ထိုး အောက်သို့ စိုက်ချသည်။ ရင်ညွှန့်ဆီသို့။

သို့သော် ရင်ညွှန့်ဆီသို့ မရောက်မီမှာပင် လှံလျင်တစ်ချောင်းဝင် ြီး ဓားမြှောင်သည် နဂါးသန်လျက်ပင်သို့ ကျသွားလေသည်။

'မတ်သံလုံ'

အောင်မြင်သော အသံဝါကြီးဖြစ်သည်။

နီညိုရောင် ဝတ်လွှာရုံကို သိမ်းဖယ်ရင်း တရည်းမြို့၏ မြို့စောင့် င်းကြီး သမိန်သံဖြတ်သည် နဂါးသန်လျက် ပင်အုပ်ဆီသို့ လျှောက် လာသည်။ မတ်သံလုံသည် တပ်မင်းကြီးကို မြင်သောအခါ ာက်ဦးညွှတ်လိုက်သည်။ မတ်သံလုံတစ်ကိုယ်လုံး ယိမ်းယိုင်နေ ည်၊

"မင်း ယောကျ်ားကောင်းမဟုတ်ဘူးလား၊ သံလုံငယ် မင်းဘာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ဆုံးသလို ငါကလည်း သမီးကို ဆုံးရတာပဲ၊ စစ်မြေပြင် ရောက် သူ့ရဲကောင်းတွေ အထောင်အသောင်းထဲမှာ သူ့ရှိချစ်သူတွေ သမီးတွေ ဇနီးသည်တွေ မိခင်တွေကို ဆုံးရှုံးရတဲ့ ယောကျ်ားတွေ အများကြီးရှိတယ်၊ ခုကာလဟာ စစ်ကာလ၊ စစ်ကာလမှာ သူ့ အသက် ကိုယ့်အသက်တွေ ဆုံးပါးကြတာဟာ ဆန်းသလား၊ မင်း သူ့ရဲကောင်းဆိုပြီး သွေးနည်းသလား ဟင်"

တပ်မင်းကြီး သမိန်သံဖြတ်၏ အသံသည် သည်တစ်ခါ ကြောက်စရာအကောင်းဆုံးဟု မတ်သံလုံထင်လိုက်မိသည်။ တပ်မင်းကြီး မျက်နှာကို မော့မကြည့်ရဲ။ လွှာခြေဝတ် သိုင်းချည်ထားသည့် ခြေအစုံ ကိုသာ ရှက်ကြောက်စွာ စေ့စေ့ကြည့်နေမိသည်။

"နှင်းပန်းခိုင်ဟာ သေတာမဟုတ်ဘူး ကျဆုံးတာ ဒါကို မင်းသိရဲ့ လား"

"မှန်... မှန်ပါ"

"**စစ်မြေပြင်မှာ၊** စစ်ပွဲမှာ ရန်သူ မြားတံနဲ့ ကျဆုံးတာ သူ့ကို **မြားမစွဲခင်** သူ့ရဲခိုထက်ကနေ သူ ဘယ်လို တိုက်ခိုက်ခဲ့တယ် **ဆိုတာ မင်းသိရဲ့**လား၊ နှင်းပန်းခိုင်က သူ့ရဲကောင်းလို ကျဆုံးသွား **ချိန်မှာ** မင်းက ကလေးငယ်လို ဒါမှမဟုတ် သူရူးလို တတွတ် **တွတ်ရေရွတ်ပြီး** ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့ ကြံသတဲ့လား ထို"

"ကျွန်တော်မျိုးကြီး သံလုံငယ်..."

"တိတ်၊ ဘာမျှ မပြောနဲ့၊ မင်းဟာ ငါ့လက်အောက်ခံ မြို့စောင့် တပ်မှူးစစ်ပွဲကာလအတွင်းက တပ်မှူး၊ သူ့ရှင် ရာဇာဓိရာဇ်ရဲ့အမိန့် တော်ကို ဦးထိပ်ရွက်ထားရတဲ့ လက်ရုံးကျွန်တစ်ဦး၊ ဒါတွေကို မေ့ပျောက်ပစ်ပြီး မင်း ဒီလောကထဲက ထွက်သွားချင်သလား၊ အေး သံလုံငယ်၊ ဥပဒေ္ဓက ကံတော့ မထိုက်စေနဲ့၊ မင်းသေလို လျှင် ငါကိုယ်တိုင် သတ်ပေးမယ်"

တပ်မင်းကြီးသည် ဓားအိမ်မှ ဓားကို ထုတ်ယူလိုက်သည်။

မတ်သံလုံသည် ပြူးကြောင်ဝိုင်းစက်သော မျက်လုံးများဖြင့် တပ်မင်းကြီးကို မော်ကြည့်လိုက်သည်။

"သတ်ပေးပါဘုရား၊ သတ်ပေးပါဘုရား၊ ကျွန်တော်မျိုးဟာ နှင်းကို လည်း သေစေခဲ့ပါပြီ၊ ပြီးတော့ နှင်းကို သတ်ခဲ့တဲ့ ရန်သူတွေကို



လည်း သုတ်သင်ပြီးခဲ့ပါပြီ၊ ရန်သူ ခေါင်းဆောင် စောအဲဗညားကို လည်း လက်စားချေခဲ့ပါပြီ၊ ကျွန်တော်မျိုး တာဝန်တွေ ပြီးစီး ကုန်ပါပြီ၊ ကျွန်တော်မျိုးကြီး အဆုံးစီရင်စရာ ကျွန်တော်မျိုးပဲ ရှိပါတော့တယ်"

"ဟား ဟား ဟား ဘယ့်နှယ်ကွယ် တာဝန်တွေပြီးစီးပြီတဲ့ ဟုတ်လား၊ စစ်ပြီးပလား၊ ငါက မင်းကိုအမှုတော်က လွှတ်စေလို့ လား၊ သူ့ရှင် ရာဇာဓိရာဇ်က စစ်ရပ်ကြလို့ အမိန့်တော်ချမှတ်ပြီ လား၊ ဒါတွေ ထားပါတော့လေ၊ ရန်သူခေါင်းဆောင် စောအဲဗညား ကိုလည်း လက်စားချေခဲ့ပြီလို့၊ မင်းကပြောတယ်၊ မင်း မနေ့က သုတ်သင်လိုက်တဲ့ မြင်းနက်ပေါ်ကလူဟာ သစ္စာဖောက် တရည်း မြို့စား စောအဲဗညား သစ္စာဖောက် သမိန်လောက်ဖြားရဲ့သား စောအဲဗညားလို့ မင်းကို ဘယ်သူပြောသလဲ၊ ဟား ဟား ဟား"

"ဟင် အဲဒါ စောအဲဗညားမဟုတ်..."

"သံလုံငယ် မင်းသုတ်သင်လိုက်တဲ့လူဟာ စောအဲဗညားမဟုတ် ဘူး၊ သူ့ရှင်ရာဇာဓိရာဇ်ကို ပုံစားတဲ့ လောက်ဖြားရဲ့ညီ လဝွန်းဗျည်း မြို့စား အဲပြဗုန်ရဲ့သားအငယ် ဘောလဝွန်းငယ်ကွ၊ ဘောလဝွန်း ငယ်"

"ဟင် ဘောလဝွန်းငယ်......"

"ဟုတ်တယ်၊ မနေ့က တိုက်ပွဲမှာ စောအဲဗညား မပါလာဘူး၊ ဒီမှာ သံလုံငယ်၊ အကယ်၍ စောအဲဗညားကိုပဲ မင်းသုတ်သင် လိုက်နိုင်ပြီထားဦး မင်းလက်ထဲက ဓားရိုးကို မချရသေးဘူး၊ သစ္စာဖောက်တွေကို သုတ်သင်ဖို့ ဓားကို မင်းဆက်ကိုင်ရဦးမယ်၊ မင်း သုတ်သင်ဖို့ သစ္စာဖောက်တွေ ရှိသေးတယ် သိရဲ့လား၊ မြောင်းမြ ဓားလောက်ဖြား၊ သံမောင်မြို့စား၊ မဂြိုင်း၊ ဒုန်ဝန်းမြို့စား သံလုစ် အများကြီး အများကြီး"

မတ်သံလုံသည် ဒူးထောက်နေရာမှ တပ်မင်းကြီး သမိန်ဗရမ်းဒါ် ခြေအစုံကို တင်းကျပ်စွာ ပွေ့ဖက်လိုက်လေသည်။

"ကျွန်တော်မျိုး အဲဒီ သစ္စာဖောက်တွေကို သုတ်သင်ဖို့၊ ပြီးတော့ မင်းကြီးရဲ့ အမှုတော်တွေကို ထမ်းရွက်ဖို့၊ ပြီးတော့ နှင်းခိုင်ရဲ့ အမှုတော်ကို ထမ်းရွက်ဖို့ ဆက်လက် အသက်ရှင်ပါတော့မယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား"

တပ်မင်းကြီးသည် မတ်သံလုံ၏ ပခုံးကို ဖေးကိုင်ရင်း ဆွဲထူလိုက်သည်။ ထို့နောက် ဂုမှထွက်သော ကေသရာဇာ၏ အသံမျိုးဖြင့် လေးနက်စွာ ရေရွတ်လိုက်လေသည်။

"မင်းဟာ သူရဲကောင်းဖြစ်တယ်၊ စစ်ပွဲတွေအတွက် သူရဲကောင်းအဖြစ် မင်း နှစ်ပေါင်းများစွာ အသက်ရှင်နေရမယ်၊ ဒါဟာ ငါ့အမိန့်ပဲ"

စောစောက သောက ပရိဒေဝတို့ဖြင့် နီရဲနေခဲ့သော မတ်သံလုံ၏ မျက်လုံးတို့သည် ယခုအခါ သူရဲကောင်းတို့ သွေးတို့ဖြင့် ခြားနားစွာ နီရဲလာသည်။ ဆူလှိုက်သော သူရဲကောင်းသွေးတို့ လှည့်ပတ်မှုကြောင့် ဘယ်ဘက်ပါးပြင်ထက်ရှိ မြားဒဏ်ရာ အမာရွတ်မှာလည်း သွေးစအနည်းငယ် စို့လာသည်။

တပ်မင်းကြီးသည် မတ်သံလုံ၏ ပခုံးကို နှစ်သိမ့်ဟန်ဖြင့် ရိုက်ပုတ်လိုက်ပြီး လှည့်ထွက်သွားသည်။ မတ်သံလုံသည် တပ်မင်းကြီး၏ ကြီးမားကျယ်ပြန့်သော ကျောပြင်ကို ငေးစိုက်ကြည့်ရင်း၊ ထိုမှတစ်ဆင့် ပြာလဲ့သော တရည်းမြို့ထက်က ကောင်းကင်ဆီသို့ မျှော်ကြည့်မိလေသည်။

ကောင်းကင်ပြင်တွင် တိမ်ဖြူလိပ်တို့သည် အမြင့်ဆီတွင် တရွေ့ရွေ့ ဖြတ်ကူးနေကြသည်။

တစ်ဆုပ်စီ တစ်ဆုပ်စီသော တိမ်တိုက်တို့ကို ကြည့်ရင်း မတ်သံလုံသည် အေးစက်မာကျောစွာ ရေရွတ်နေလေသည်။

"စောအဲဗညား၊ ပြီးတော့ မြောင်းမြစား လောက်ဖျား၊ သံမောင်စား မဂြိုင်း၊ ဒုန်ဝန်းစား သံလုစ် သစ္စာဖောက်တွေ ရွှေနန်းရှင်ရဲ့ ဘုန်းသမ္ဘာဟာ ဟောဟိုက ကောင်းကင်ပြာလို တည်တံ့ရမယ်၊ မင်းတို့ သစ္စာဖောက်တွေကတော့ အဲဒီတိမ်လိပ်တွေလို ရွေ့လျားပျောက်ပျက်သွားစေရမယ်၊ ငါဟာ သူရဲကောင်း၊ ငါဟာ သူရဲကောင်း"

* * *

ဟံသာဝတီဘုရင် ရာဇာဓိရာဇ် စင်ပေါ်မှ သက်လာသည်ကို တွေ့ရသောအခါ အမတ်ဒိန်သည် ဆင်ဦးကင်းနားအထိ သွား၍ ကြို



သည်။ အမတ်ဒိန်နောက်မှာ တပ်မှူးရဲသင်ရုံလည်း လိုက်သွားသည်။

အဆက်မပြတ်သော စစ်ပွဲများကြောင့် ရာဇာဓိရာဇ်၏ မျက်နှာသည် နေလောင်ထားသော သစ်သီးကဲ့သို့ နီရဲနေသည်မှအပ ပင်ပန်းနွမ်းနယ်ခြင်းအရိပ်အရောင်မရှိ။ ဟံသာဝတီ ထီးနန်းကို သိမ်းပိုက်တုန်းကလို ငယ်ရွယ်နုပျိုသော သဏ္ဍာန်မရှိတော့။ ဘုရင်တို့၏ ရာဇမာန်ဖြင့် တည်ငြိမ် တင်းမာသော အသွင်ကို ဆောင်နေသည်။

"အမတ်ဒိန်လားဟေ့၊ ဘယ့်နှယ်လဲ၊ ဒုန်ဝန်းမြို့စား သံလုစ်က ငါ့သစ္စာခံအဖြစ် ခိုလှုံလာပြီလား၊ ပဏ္ဏာဆက်လာပြီလား"

အမြဲတစေ အေးဆေးတည်ငြိမ်ခဲ့သော အမတ်ဒိန်သည် ရာဇာဓိရာဇ်ကို လေးနက်စွာ ပြုံးပြလိုက်လေသည်။ သူ့နောက်မှ တပ်မှူးရဲသင်ရုံမှာကား ဘုရင်ကို စေ့စေ့မျှပင် မကြည့်ရဲသဖြင့် မျက်နှာကို ငိုက်ထားသည်။

"ဒုန်ဝန်းကို ငါတိုက်မယ်လုပ်တော့ သံလုစ်က တောင်းပန်တယ် မဟုတ်လား၊ သူဟာ သူပုန် မဟုတ်ပါဘူးတဲ့၊ မုတ္တမ၊ လဂွန်းဗျည်း သံမောင်၊ တရည်းမြို့တွေကိုသာ အရင်လုပ်ကြံပါတဲ့၊ အဲဒီမြို့တွေကို ရပြီးရင် ငါ့ခြေတော်ရင်းမှာ ခိုလှုံဖို့ အသင့်ပါပဲတဲ့၊ အင်း... ဒါကို မင်းလည်း အသိမဟုတ်လား အမတ်ဒိန်"

"ဟုတ်ပါတယ် သူ့ရှင်၊ ဒီတုန်းက ကျွန်တော်မျိုးကိုယ်တိုင် ပြောခဲ့ပါတယ်၊ ဒုန်ဝန်းမြို့ဟာ ခရီးကျဉ်းမြောင်းတယ်၊ အလုပ်အကြံခက်မယ်၊ ဒုန်ဝန်းစားရဲ့ စကားလည်း မဆိုးလှတာမို့ ဒုန်းဝန်းကို အရင်မတိုက်ဘဲ တရည်းကို အရင်သိမ်းဖို့ ကျွန်တော်မျိုးပဲ အကြံပြုခဲ့ပါတယ်"

"အေး ဟုတ်တယ်လေ၊ မင်းကန်စီကလည်း မင်းကို ထောက်ခံခဲ့တာပဲ၊ အခုဆိုရင် တရည်းကို ငါရပြီ၊ တရည်းမှာ သံဗြတ်ကို မြို့စောင့်ထားခဲ့ပြီးပြီ၊ သစ္စာဖောက် မုတ္တမစားနဲ့ မော်လမြိုင်စားတွေက လာပြီး တိုက်ကြသေးတယ်လို့ သတင်းရတယ်၊ ဒါပေမဲ့သံဗြတ်က ရှုပ်ရှုပ်ချွံချွံ တွန်းလှန်နိုင်ခဲ့တယ်၊ ဟေ့ အမတ်ဒိန်၊ ဒါနဲ့ သံဗြတ်လက်အောက်မှာ အမှုထမ်းတဲ့ တပ်မှူးငယ်တစ်ယောက်ဟာ တယ် သွေးကောင်းဆိုပါလားဟေ့၊ မင်းအဲဒါကို ကြားမိရဲ့လား"

အမတ်ဒိန်က ပြုံး၍ ရဲသင်ရုံကို လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲသင်ရဲကလည်း အမတ်ဒိန်ကို ပြန်ကြည့်ရင်း ရာဇာဓိရာဇ်ဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော်မျိုး သိပါတယ်၊ သူ့ရှင်၊ သူ့အမည်ဟာ မတ်သံလုံပါတဲ့၊ အသက် နှစ်ဆယ်ခုနစ်နှစ်ပဲ ရှိပါသေးတယ်၊ သူဟာ မင်းကြီးသမိန်သံဖြတ်ရဲ့ ညာလက်ရုံးတစ်ယောက်ပါပဲ"

ရာဇာဓိရာဇ်သည် တစ်စုံတစ်ရာ ကျေနပ်နှစ်သက်လျှင် ပြုမူလေ့ရှိသည့်အတိုင်း ကျင်စွယ်နှုတ်ခမ်းမွေးကို ညာလက်ဖြင့် ပွတ်ရင်း အရှေ့ဘက်ဆီသို့ လှမ်းကြည့်လေသည်။

"ကောင်းတယ် အဲဒီ တပ်မှူးငယ်ဆီကို ဆုလာဘ်တွေ ပို့ပေးလိုက် အမတ်ဒိန်၊ ငါဟာ ဟံသာဝတီ ထီးနန်းရဲ့ အရှင်သခင် ဖြစ်နေပေမယ့် မင်းတို့လို မတ်သံလုံတို့ သံဖြတ်တို့လို သူရဲကောင်းတွေရဲ့ ရှပ်ရှပ်ချွံချွံ အမှုတော်ထမ်းမှုကြောင့် ငါ့ဘုန်းသမ္ဘာ တစ်နေ့တခြား ပိုကျယ်ပြန့်လာရဆဲတာပဲ၊ ရာမညတိုင်း ကိုးဆယ့်ခြောက်မြို့စလုံးကို ဟံသာဝတီနိုင်ငံတော်အဖြစ် စည်းရုံးမိပြီးရင်တော့ ဘုရင်မင်းမြတ် ဖြစ်လာရတဲ့ ငါ့ဘဝ ကျေနပ်ပါပြီကွယ်၊ အင်း သစ္စာဖောက်တွေကို နှိမ်နင်းရတာကတစ်ဖက်၊ အင်းဝဘုရင်နဲ့ စစ်ကစားရတာတစ်ဖက်နဲ့ မင်းတို့လည်း ပင်ပန်းလှရော့မယ်"

အမတ်ဒိန်သည် တပ်မှူးတစ်ဦးယူလာသော ရွှေးရေးချ ထိုင်ခုံကို သူကိုယ်တိုင် ဘုရင့်ရှေ့သို့ ခင်းပေးလိုက်သည်။ ရာဇာဓိရာဇ်သည် ခုံပေါ်၌ ဝင်ထိုင်လေသည်။ အမတ်ဒိန်နှင့် ရဲသင်ရဲတို့လည်း မြေပြင်ပေါ်၌ ဒူးထောက်လိုက်ကြသည်။

"သူရဲကောင်းတွေကို သူ့ရှင် ချစ်မြတ်နိုးသလို သူရဲကောင်းတွေကလည်း သူ့ရှင်ကို ချစ်မြတ်နိုးကြပါတယ်၊ အခု သစ္စာဖောက်တွေ ဖြစ်နေကြတဲ့ မြို့စားတွေရဲ့အရေးအတွက်က သူ့ရှင်ရဲ့ သစ္စာတော်ခံ ကျွန်ယုံတွေနဲ့စာရင် နည်းပါးလှပါတယ်။ သူတို့ရဲ့ ဥပါယ်တံမျဉ်တွေဟာလည်း ရယ်စရာကောင်းလှပါတယ်၊ ဥပမာ အခု ဒုန်ဝန်းစား သံလှစ်"

"ဒုန်ဝန်းစား သံလှစ်၊ ဘာဖြစ်သလဲ၊ ဒင်း အခုထိ သစ္စာမခံသေးဘူးလား၊ တရည်းမြို့ကိုရပြီးရင် အလိုအလျောက် ခိုလှုံလာခဲ့ပါမယ်လို့ သင်း ပြောခဲ့တယ် မဟုတ်လား"



"စစ်ကာလမှာ ရန်သူ့စကားဟာ ဥပါယ်တွေချည်းပါပဲ သူ့ရှင်၊ ဟောဒါ ဒုန်ဝန်းစား သံလှစ်ဆီက မနေ့က ရောက်လာတဲ့ စာချွန်ပါ"

ရဲသင်ရဲသည် အမတ်ဒိန်ကို ချီးကျူးသည့် မျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။ ခက်ထန်သော ဘုရင် ရာဇာဓိရာဇ်ကို မိမိတို့သည် စေ့စေ့မျှပင် မကြည့်ရဲ။ ထို့ထက် ယခုလို အရေးမလှသော ကိစ္စတစ်ခု အကြောင်းကို လျှောက်တင်သတင်းပေးရန် ဆိုခြင်းမှာ ခက်ခဲသော ပြဿနာဖြစ်သည်။ အမတ်ဒိန်မှုကား ရာဇာဓိရာဇ်၏ ဒိတ်လက် ကြည်သာမှုကို ရအောင် စောင့်ဆိုင်းပြီးမှ အခြင်းမလှသော ပြဿနာကို ရဲရဲဝံ့ဝံ့ တင်ပြနိုင်စွမ်းရှိပေသည်။

ရာဇာဓိရာဇ်သည် အမတ်ဒိန် လှမ်းပေးသော စာချွန်ကို ဖွင့်လိုက်သည်။

"အမတ်ဒိန်နှင့် သွေးသောက် ရဲသင်ရဲတို့အား ကျွန်ုပ် ဒုန်ဝန်းစား သံလှစ် သဝဏ်လွှာတ်ရောက်လိုက်သည်မှာ

မြောင်းမြစား လောက်ဖြား၊ သံမောင်စား မဖြိုင်းတို့ သူ့ရှင်ကို ပုန်စားကြသည်မှာ သင်းတို့သည် ငယ်နုပ်သော ကျွန်များဖြစ်သောကြောင့်..."

"ကျွန်ုပ် သံလှစ်မှုကား သူ့ရှင်စီးသော 'အဖြတ်'အမည်ရှိ ဆင်ကိုလည်း စီးရသသူ ဒုန်ဝန်းသို့သော စည်ပင်သည့်မြို့ကို စားရသသူ သမိန် သံလှစ်ဟူသော ဘွဲ့ကိုလည်း ရသသူ၊ သည်အင်္ဂါသုံးပါး ပြည့်နေပါလျက် သင်တို့၏ ရာဇာဓိရာဇ်ဘွဲ့ခံ ဗညားနွဲ့' မင်းသားအား ငါရှိခိုးရမည်လော"

"သံလှစ် ကျွန်ယုတ်"

ရာဇာဓိရာဇ်သည် စာချွန်ကို လုံးခြေလျက် မြေပေါ်သို့ ပစ်ပေါက်လိုက်သည်။

"အခု စစ်အင်္ဂါပြင် ငါကိုယ်တိုင် ဒုန်ဝန်းကို ချီမယ်၊ ဒင်းကို ငါ့ လက်နဲ့ သတ်မယ်"

ရာဇာဓိရာဇ်၏ ခက်ထန်သော အမူအရာသည် ရုတ်ခြည်းပေါ်လာသည်။ ရဲသင်ရဲသည် သူ့ရှင်ကို မကြည့်ရဲတော့။ ရာဇာဓိရာဇ် လုံးခြေထားသော သံလှစ်၏ စာချွန်ကိုသာ မျက်တောင်မခတ် ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ဒိန်မှုကား ရှေ့သို့ တိုးသွားလေသည်။

"ကျွန်တော်မျိုး လျှောက်တင်ပါရစေ၊ သံလှစ်လို မြို့စားမြို့ကို ရွှေနန်းရှင် အနေနဲ့ ဖက်ယှဉ်စစ်ပြုမယ်ဆိုရင် မဖွယ်မရာ ဖြစ်လိမ့်မယ် ကောက်ကျစ်တဲ့ သံလှစ်ကို အပြီးတိုင် အောင်မြင်ဖို့ ကျွန်တော်မျိုးမှာ အကြံရှိပြီး ဖြစ်ပါတယ်၊ ခွင့်ပြုပါ အရှင်မင်းမြတ်"

"ဘာအကြံလဲ အမတ်ဒိန်"

"သံလှစ် ယုံကြည်အောင် ပြုပြီးရင် အလွယ်တကူ အနိုင်ရလိမ့်မယ် သူ့ရှင်၊ စစ်ပြုမယ်ဆိုရင်တော့ မိမိစစ်သည် ထိခိုက်ရှနာဖြစ်ဖို့ များပါတယ်။ ဒုန်ဝန်းဟာ ခရီးလမ်း ကျဉ်းမြောင်းလွန်းပါတယ်။ ဒီအရေးကို ကျွန်တော်မျိုးနဲ့ ပရိယာယ်နဲ့ ဖြေရှင်းခွင့်ပြုပါ"

"မင်းက ဘယ်လိုလုပ်ချင်သလဲ အမတ်ဒိန်"

"ဆင်စီးကျွမ်းတဲ့ သူရဲအမတ် စောဖြူလက်၊ ပြီးတော့ ဟောဒီ တပ်မှူး ရဲသင်ရုံတို့နဲ့ သူရဲ့သုံးရာ အင်အားနဲ့ပဲ သံလှစ်ကို အောင်မြင်နိုင်ပါလိမ့်မယ်"

ရာဇာဓိရာဇ်သည် တည်ငြိမ်လေးနက်လွန်းသော အမတ်ဒိန်၏ မျက်နှာကို စူးရှစွာ စေ့စိုက်ကြည့်နေမိသည်။ အမတ်ဒိန်၏ မျက်နှာပေါ်မှ နိုင်မာတည်ကြည်မှုကို တွေ့ရသောအခါ ရာဇာဓိရာဇ် ယုံကြည်သက်ဝင်သွားသည်။

"ကောင်းပြီ အမတ်ဒိန်၊ သံလှစ်ကို ရအောင်ယူ၊ ဒါပေမဲ့ သံလှစ် မသေစေနဲ့၊ ဒင်းဟာ စင်စစ်တော့ သူရဲကောင်းတစ်ဦး ဖြစ်ပေတယ်"

အမတ်ဒိန်နှင့် ရဲသင်ရုံတို့သည် ရာဇာဓိရာဇ်အား ဦးညွှတ်လိုက်ကြလေသည်။

* * *

ဓားအိမ်လည်းမပါ၊ ဓားမြှောင်လည်း မချိတ်၊ လုံတို လုံရှည် ကင်းမဲ့သော စစ်ချပ်ဝတ် မိန်ညိုမဟုတ်သော သာမန်ပုဆိုးနှင့် ရဲသင်ရုံသည် လက်နက်မပါသော ကျွန်သုံးရာ ခြံရံလျက် ဒုန်ဝန်းမြို့တွင်းသို့ ဝင်လာသည်။

"ဟော့ သွေးသောက်"

ဒုန်ဝန်းစား သံလှစ်က မြင်းပေါ်မှဆင်း၍ ရဲသင်ရုံကို ကြိုဆိုသည်။ ငယ်ပေါင်းသွေးသောက်များဖြစ်သော ရဲသင်ရုံနှင့် သံလှစ်တို့ တစ်ဦးကိုတစ်ဦး ပွေ့ဖက်နှုတ်ဆက်ကြသည်။



"ဆိုစမ်း ရဲသင်ရုံ၊ မင်းအခု ရာဇာဓိရာဇ်ခြေတော်အောက် ခိုလှုံဖို့ ငါ့ကို လာပြီး သွေးဆောင်တာပေါ့ ဟုတ်လား"

"အေး ငါက သွေးဆောင်ပြီဆိုပါတော့၊ မင်းကကော့"

"ရှည်ရှည်ဝေးဝေးတွေ ပြောမနေပါနဲ့ ရဲသင်ရုံရယ်၊ ငါ့သခင်ဟာ တစ်ယောက်တည်းရှိပါတယ်၊ နတ်ရွာစံ ဆင်ဖြူရှင် ဗညားဦး မင်းတြားကြီးကိုပဲ ငါ ရှိခိုးနိုင်မယ်၊ ဘုရားပေါ်က ဆီသည်မလား၊ ပန်းသည်မလား မသိတဲ့ မိန်းမကို မိဖုရားကောက်ယူတဲ့ နင့် ဗညားနွဲ့မင်းသား ကို ငါ ရှိမခိုးနိုင်ပါဘူး၊ ကဲ ဒါတွေ ထားစမ်း၊ နင် အခု ဘာလုပ်ဖို့ လာသလဲ"

"သံလှစ်၊ ငါလာတုန်းကတော့ မင်းကို အခုပါလာတဲ့ လက်ဆောင်တွေပေးပြီး သူ့ရှင်ရဲ့သစ္စာတော်ခံဖို့ ဖျားယောင်းသွေးဆောင်ဖို့လာတာပဲ၊ အခုတော့ မင်းသဘောထားကို ရှင်းရှင်းကြီး သိရပြီပဲ၊ သွေးဆောင် လို့လည်း ရမှာမဟုတ်ပါဘူး၊ သည်တော့ အခုပါလာတဲ့ လက် ဆောင်တွေကို ငါ့လက်ဆောင်လို့ သဘောထားပြီး သိမ်းလိုက် တော့၊ မင်းနဲ့ငါ တွေ့ရတာ အမြတ်ပဲဆိုကြပါစို့"

"ဟား...ဟား...ဟား ဘာတွေလဲကွယ်၊ ဘာလက်ဆောင်တွေ လဲ"

ရဲသင်ရုံသည် ကျွန်များယူလာသည့် သစ်ဆေးသုတ် လင်ပန်းများ ပေါ်က အဝတ်နီစကို ဖယ်ရှားစေသည်။

"အဲဒါတွေလေ လက်စွပ်တွေ၊ နားတောင်းတွေ၊ ရွှေဆွဲကြိုးနဲ့ ထန်းရွက် ယပ်တောင်တွေ၊ မင်းကို အယုံသွင်းရအောင်ဆိုပြီး သူ့ရှင်နဲ့ အမတ်ဒိန်က စီစဉ်ပေးလိုက်တာတွေ"

"ဟား...ဟား...ဟား ထန်းရွက်ယပ်တောင်ပဲ ပါလာသလား၊ မင်းတို့ ပဲခူးက ထန်းရည်ကျည်တောက်တွေကော မပါဘူးလား ရဲသင်ရုံရဲ့"

ရဲသင်ရုံသည် ကျွန်တစ်ယောက် လွယ်ပိုးလာသော ပတ္တူကြိုး အိတ်ကြီးကို အောက်သို့ချ၍ ဖွင့်လိုက်သည်။

"ပါသော်ကော သွေးသောက်ရဲ့၊ မင်းနဲ့ငါ တွေ့တုန်း သောက်ကြ စားကြဖို့ ဘယ်မေ့လိမ့်မတုန်း၊ မင်း ဟိုတုန်းကလိုပဲလား၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်တည်း ခြောက်မြုကုန် သောက်နိုင်တုန်းပဲလား"

သံလှစ်သည် ရဲသင်ရုံ၏ ရင်အုပ်ကို တဝုန်းဝုန်း ထုနှက်ရင်း အားရ ပါးရ ရယ်လေသည်။ ဒုန်ဝန်းရဲမက်များသည်လည်း တဟားဟား ရယ်ကြတော့သည်။

"တစ်ထိုင်တည်း ခြောက်မြုတဲ့လား၊ ဘယ်ဟုတ်လိမ့်မတုန်း ရဲသင်ရုံရဲ့၊ ငါက အခု ဒုန်ဝန်းမြို့စား ဖြစ်နေပြီမို့လား၊ ဆယ်မြု၊ ဆယ်မြု အသာလေး၊ ဟား ဟား ဟား၊ ကဲလာလာ နန်းတော်ထဲ သွားကြစို့၊ ဟော့ တပ်မှူးတွေ မြို့ရိုးမှာ ကင်းစောင့် အသစ်ပြန်လဲ၊ ကျန်တဲ့ရဲမက်တွေ ဒီနေ့အဖို့ အနားယူကြ၊ ရွှေတိုက်က ကျည်တောက်တွေကို ဆိုင်ရာအကြပ်မှူးတွေက တစ်ဆင့် အချိုးကျထုတ်ယူ သောက်ကြစမ်း၊ မင်းတို့သောက်ချင်လှတဲ့ အရက်၊ ပြီးတော့သာမူးပြီး အချင်းချင်း ရန်စမခုတ်ကြနဲ့၊ ခုတ်ရင် နှစ်ကောင်စလုံးကို နေရာမှာတင် သတ်ပစ်မယ်၊ ကဲ ရဲသင်ရုံ လာဟော့၊ နန်းဆောင်ဝင်ကြစို့၊ တို့များသောက်ကြစို့"

သံလှစ်သည် ရဲသင်ရုံ၏ ပခုံးကိုဖက်လျက် နန်းဆောင်ထဲ ခေါ်သွားသည်။ ရဲသင်ရုံနှင့်အတူ လိုက်ပါလာသော ကျွန်သုံးရာကား မြို့ရိုးအရှေ့မြောက်ထောင့် ဝါးတဲကြီးဆီသို့ လက်ဆောင်ပစ္စည်းများကို သယ်သွားကြလေသည်။

* * *

ထန်းရည်ကျည်တောက်များသည် တစ်လုံးပြီးတစ်လုံး သံလှစ် ဆေးတွင် လဲကျသွားကြသည်။ သံလှစ်၏ ရယ်သံသည် တဖြည်းဖြည်း ပို၍ ကျယ်လာသည်။ ရဲသင်ရုံမှုကား တစ်စထက်တစ်စ စကားနည်း လာသည်။

သံလှစ်၏စကားများသည် ဒုန်ဝန်းမြို့အကြောင်းမှတစ်ဆင့် မုတ္တမမြို့စားအကြောင်း၊ သံမောင်မြို့စား အကြောင်းများသို့ ကူးပြောင်းသွားသည်။ သမိန်မရူနှင့် မဟာဒေဝီတို့ မကင်းမရှင်း ရှိကြသည့် အကြောင်း၊ မြောင်းမြစား လောက်ဖျားက အင်းဝဘုရင်ထံ တိတ်တဆိတ် စာချွန်ဆက်သွယ်သည့် အကြောင်းများ။

ချုပ်ညရီ၏ ရောင်ခြည်သည် ဒုန်ဝန်းမြို့ထဲသို့ တဖြည်းဖြည်



မိုး အုပ်ဆိုင်းလာသည်။ သံလှစ်နှင့် ရဲသင်ရုံတို့ သေရည်သောက် ည် နန်းဆောင်အတွင်းတွင်လည်း မှောင်လာပြီဖြစ်၍ ရဲမက်တစ်ဦး း:တိုင်များ ထွန်းညှိနေသည်။

"ရဲသင်ရုံ၊ သွေးသောက်မင်းတို့ တရည်းမြို့ကို ရပြီမဟုတ်လား"

"အေး ဟုတ်တယ်လေ"

"အဲဒီမှာ မြို့စောင့်ထားခဲ့တဲ့ တပ်မင်း သမိန်သံဖြတ်ရဲ့ တပ်မှူး တစ်ယောက်ဟာ တယ်ပြီး စစ်ရေးကောင်းဆိုပဲ၊ ဘယ်သူလဲကွ၊ သင်းဟာ"

"မတ်သံလုံ"

"ဒီနာမည် ငါ မကြားဖူးပါလား"

"ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်၊ သူက တရည်းတိုက်ပွဲကျမှ လူစွမ်း လူစ ပေါ်လာ တာပါ"

"အင်း မင်းတို့ ဘုရင်လက်အောက်မှာ သူရဲကောင်းတွေ အများ ကြီးပါလားကွ၊ ဒါနဲ့များ ငါ့ကို အမှုတော်ထမ်းစေချင်သတဲ့လား၊ ဒုန်ဝန်းကို ရလို့ကော မင်းတို့ ရာဇာဓိရာဇ် ဘာဖြစ်မှာလဲ၊ မင်းတို့ သူ့ရှင်က တယ်ပြီး လောဘကြီး"

သံလှစ်၏ စကားမဆုံးခင်မှာပင် မြို့ရိုး အရှေ့မြောက်ထောင့် တဲကြီးဆီမှ တဝုန်းဝုန်း အသံများပေါ်လာသည်။

"ဟေ့ သံလှစ်၊ ဘာဖြစ်တာလဲ"

"ဝါးတဲဆီကပဲ၊ ဟော မီးလောင်တာဟေ့"

ကြီးမားသော မီးတောက်ကြီးများမှ အလင်းရောင်ကြောင့် မြို့ရိုး ွင်းဘက် ကွက်လပ်တစ်ခုလုံး လင်းထိန်နေသည်။ ရဲမက်များ တ်သဲသဲ ပြေးနေကြသည်။ မီးကို ငြိမ်းသတ်ကြရင်းဖြင့် ဟစ်အော် ကြသည်။

"သံလှစ် မီးဟောက်တွေ ကြီးလှတယ်၊ ကြည့်လုပ်ဦးလေကွာ"

"ဝါးတဲ မီးလောင်တာပဲကွာ၊ ရဲမကတွေ နိုင်ပါတယ်"

သံလှစ် ကျည်တောက်တစ်ခုကို ကောက်ကိုင်သည်။ ကျည် က်ထဲက အရက်ကိုမော့မည်ပြုသည်။ သို့သော် အရက်ကို လောင်း သေးမီမှာပင် တဝုန်းဝုန်း မီးတောက်များသံကို ထိုးဖောက်လျက် ်း ရဲမက်တို့ ဟစ်အော်သံ ထွက်ပေါ်လာသည်။

"ဗညားနွဲ့၊ ဗညားနွဲ့တပ်တွေ လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ရဲသင်ရုံရဲ့ ကျွန်တွေဟာ ကျွန် မဟုတ်ဘူးဟေ့၊ ရဲမက်တွေ"

"မြို့တံခါးဆီ ပြေးကြ၊ ဗညားနွဲ့ ရဲမက်တွေလာပြီ"

သံလှစ်သည် ကျည်တောက်ကို အဝေးသို့ လွှင့်ပစ်လိုက်သည်။ သူ့ရှေ့တွင် သူ၏ငယ်ပေါင်း သွေးသောက် ရဲသင်ရုံ မရှိတော့။ ခပ်လှမ်းလှမ်းရှိ မီးတောက်များ အလင်းရောင်တွင် ဓားလွတ်ကို ကိုင်လျက် ခုတ်နေသော ရဲသင်ရုံကို တွေ့လိုက်ရသည်။

ရဲသင်ရုံသည် ဒုန်ဝန်းရဲမက်များအား ခုတ်ရင်း အော်ပြောနေလေသည်။

"သံလှစ်၊ မင်းနဲ့ငါ ငယ်ပေါင်းက တခြား၊ သစ္စာတော်ခံ သူရဲကောင်းက တခြား၊ ငါက ရာဇာဓိရာဇ်ရဲ့လူ၊ မင်းက ရာဇာဓိရာဇ်ကို ပုန်စားသူ၊ အခု ငါလာတာ မင်းကို ဥပါယ်နဲ့ ဖြိုခွင်းဖို့ပဲဟေ့၊ ငါခေါ်လာတဲ့ ကျွန်သုံးရာဟာ ငါ့လက်ရွေးစင် သူရဲတွေပဲ၊ ထန်းရည် ကျည်တောက်တွေထဲမှာ ဓားတွေ ဝှက်ပြီး ယူလာတာဟေ့၊ မင်းလွတ်အောင် ပြေးနိုင် ပြေးပေတော့"

သံလှစ်၏ စစ်သည်များဖြစ်သော ဒုန်ဝန်းရဲမက်များသည် အငိုက်မိသွားကြသည်။ ထန်းရည် ဝါးကျည်တောက်အတွင်းတွင် တိတ်တဆိတ် ထည့်ယူလာသော ဓားလွတ်များကို ရဲသင်ရုံ၏ ရဲမက်များက ထုတ်ယူ၍ တစ်ဟုန်ထိုး တိုက်ခိုက်ကြသည်။ ဝါးတဲကိုလည်း မီးတင်လိုက်ကြသည်။ ဒုန်ဝန်းစစ်သည်များမှာ အရှိန်ပြင်းစွာ လောင်ကျွမ်းနေသော မီးတောက်ကြီးများကို ငြိမ်းသတ်ရန် ပြေးသွားကြစဉ်မှာပင် ရဲသင်ရုံ၏ ရဲမက်များ ဓားအောက်တွင် ကစဉ့်ကလျား ဖြစ်ကုန်ကြသည်။

ဒုန်ဝန်းတပ်များ ဖရိုဖရဲဖြစ်နေသည့် အချိန်မှာပင် ရာဇာဓိရာဇ်သည် တပ်မ အလုံးအရင်းအဖြင့် မြို့တံခါးကို ထိုးဖောက်ဝင်ရောက်လာသည်။ ဒုန်ဝန်းရဲမက်များမှာ ရာဇာဓိရာဇ်၏ ဆင်တပ်၊ ရဲသင်ရုံ၏ ဓားလွတ်ကိုင် သူရဲသုံးရာတပ်နှင့် ဝါးတဲမှ မီးတောက်ကြီးများဟူသော အန္တရာယ်သုံးခုအကြားတွင် တပ်ကို စုစည်းမရနိုင်လောက်အောင် ပျက်ပြားသွားသည်။

သံလှစ်သည် ဓားလွယ်နှစ်စင်းကို ဝဲယာတွင် ကိုင်လျက် ရဲသင်ရုံကိုသာ လိုက်ရှာသည်။ မီးတောက်မှ မီးရောင်များအကြားတွင် ရဲသင်ရုံကို မထင်မရှား တွေ့ရသည်။



"ငရဲသင် မင်းဟာ သွေးသောက်သူရဲကောင်း မပီသဘူး၊ ငါ့ကို အယုံသွင်းပြီး လျှို့ဝှက်လုပ်ကြံတဲ့ကောင်၊ မင်းကိုလည်း ငါ မညှာနိုင်ဘူးဟေ့"

ရဲသင်ရုံသည် သံလှစ်ကို ရင်ဆိုင်တိုက်ခိုက်ခြင်း မပြု။ မြင်သာအောင် အရှောင်ပြပြီး ရာဇာဓိရာဇ် ရောက်နေရာ မြို့တံခါးလမ်းဆီသို့ ပြေးသွားသည်။ 'သံလှစ်ကို မသေစေနှင့်'ဟု သူ့ရှင်က မှာထားသည်။ သံလှစ်ကို အရှင်ဖမ်းမိနိုင်ရန် အားထုတ်ရမည်။

ရဲသင်ရုံ၏ ဥပါယ်ကို သံလှစ် ရိပ်စားမိသွားသည်။

"ငရဲသင်၊ မင်းအကောက်ဉာဏ် ဒါပဲလားဟေ့၊ ငါ့ကို ဗညားနွဲ့ရှေ့အရောက် မျှားခေါ်မလို့ပေါ့၊ မရဘူးဟေ့... မရဘူး၊ မင်းတို့လက်ထဲ ငါ အကျမခံဘူး"

သံလှစ်၏ လူစွမ်းလူစကို ရဲသင်ရုံနှင့်တကွ ဆင်ပေါ်မှ ရာဇာဓိရာဇ်ပါ တွေ့ကြရတော့သည်။ သံလှစ်သည် အနီးရှိ မြင်းစီးရဲမက်တစ်ဦးကို အောက်မှ ပိုင်းချသည်။ မြင်းပေါ်မှရဲမက် အောက်သို့ ကျချိန်မှာပင် သံလှစ် မြင်းပေါ်သို့ ရောက်နေပြီးဖြစ်သည်။ ထိုမြင်းကို ဇက်ကုန်ဖွင့်လျက် ဆင်ကျုံးရှိရာသို့ အပြင်းနှင်သည်။ ရဲသင်ရုံက မြင်းဆီသို့ လှံလျင်တစ်စင်းလွှတ်လိုက်ရာ မြင်း၏ လက်ပြင်ကို ဝင်စွဲသည်။ မြင်းရော လူပါ အထွေးထွေးကျလေသည်။ မြင်းသည် မြေပေါ်၌ ရုန်းကန်လူးလိမ့်နေသော်လည်း သံလှစ်မှကား ကျားသစ်တစ်ကောင်၏ လျင်မြန်မှုမျိုးနှင့် မြင်းအောက်မှ ခုန်ထွက်သည်။ ထို့နောက် အနီးရှိ မြင်းတစ်စီးပေါ်သို့ လုပစွာ ခုန်တက်ရင် ဇက်ကုန်ဖွင့်ပြန်သည်။ ထိုမြင်းကို ရဲသင်ရုံက လှံလျင်တစ်စင်းဖြင့် ပစ်လွှတ်ပြန်သည်။ မြင်းရော လူပါ အရှိန်ပြင်းစွာ ကျပြန်သည်။ သို့သော် သံလှစ်ကား တတိယမြင်းကို ခက်ချင်း ပြောင်းစီးသွားနိုင်ပြန်သည်။

ရဲသင်ရုံက နောက်ထပ် လှံတစ်စင်း လွှတ်ပြန်သော်လည်း မြင်းကို မစွဲတော့။ သံလှစ်သည် ဆင်ကျုံးရှိရာသို့ ချောမောစွာ ရောက်သွားသည်။ သံလှစ်၏ လက်စွဲတော်ဖြစ်သော ရာမညတွင် အကောင်းဆုံး တိုက်ဆင်သုံးစီးအနက် တစ်စီးအပါအဝင်ဖြစ်သော တိုက်ဆင်ကြီး 'အဇြက်'သည် သခင်အား စူးစူးနစ်နစ်အော်လျက် ကြိုနေသည်။ သံလှစ်သည် မြင်းကုန်းပေါ်မှ ဆင်ကျုံးတံခါးတိုင်ပေါ်သို့၊ ဆင်ကျုံးတံခါးတိုင်မှသည် 'အဇြက်'၏ ကျောပေါ်သို့ တစ်ဟုန်ထိုး ခုန်တက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြတ်၏ ကျောပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ချွန်းဖွင့်၍ အနောက်မြို့တံခါးသို့ အပြင်းနှင်လေသည်။

"သံလှစ် လွတ်ပြေးပြီ၊ သံလှစ် ဟိုမှာ ပြေးပြီ"

အဖြတ်၏ သွားရာ လမ်းတစ်လျှောက်တွင် မည်သည့် ဆင်စီး မြင်းစီးမျှ မခံနိုင်ကြ။ အဖြတ်သည် စူးနစ်သော တိုက်ပွဲဝင် ကြွေးကြော်သံကို ဟစ်အော်လျက် ရဲမက်များအလယ်သို့ ကြောက်မက်ဖွယ် ဝင်လေသည်။ အဖြတ်၏ နှာမောင်းသည်လည်း အဲမောင်း သုံးဆယ့်ခုနစ်ရေ ကသော သူရဲကောင်း၏ လက်များကဲ့သို့ တွေ့သမျှ ရန်သူအား သုတ်သင် ရိုက်ချိုးလျက်ရှိသည်။

အဖြတ်ဆင်ပေါ်မှ သံလှစ်ကား အခြား လက်နက်များကို မသုံး **'ချွန်းသီးလက်နက်'**ကိုသာလျှင် အဓိကထား၍ သုံးသည်။ 'ချွန်းသီး လက်နက်'ကိုသာလျှင် အဓိကထား၍ သုံးသည်။ ချွန်းသီးတစ်ခု ပြီးတစ်ခု ထုတ်ယူပြီး ချဉ်းကပ်လာသမျှသော ဆင်စီး ရဲမက်တို့ထံသို့ ပစ်လွှတ်သည်။ သံလှစ်၏ ချွန်းသီးသည် ပစ်လွှတ်သမျှ ထိမှန်သည်ချည်း ဖြစ်သည်။ အဖြတ်နှင့် သံလှစ်အနီးသို့ မည်သူမျှ မကပ်နိုင်ကြတော့။

သံလှစ် အနောက်မြို့ရိုးအနီးသို့ ရောက်လာသည်။

ရာဇာဓိရာဇ်သည် စစ်ဦးကင်း ဆင်ထိပ်မှနေ၍ သံလှစ်၏ အစွမ်းကို ကြည့်ရင်း အားပါးတရ ဖြစ်နေသည်။ သို့သော် အနောက်မြို့ရိုး တံခါးမှ တစ်ဆင့် သံလှစ် ထွက်ပြေးလွတ်မြောက်သွားလျှင်...

"စောဖြူလက်"

စောဖြူလက်သည် ဆင်စီး အမတ်သူရဲကောင်းဖြစ်သည်။ ဘုရင့် ဆင်ကျုံး၏ အကြီးအမှူးလည်း ဖြစ်သည်။ စောဖြူလက်သည် ကုတ်ခိုင် ကြီးမားသော သူ၏ ခန္ဓာကိုယ်ကို ဘုရင့်ဆင်အနီးသို့ ပေါ့ပါးစွာ သယ်သွားသည်။

"စောဖြူလက် မြင်လား၊ သံလှစ်လွတ်ပြေးတော့မယ် ရအောင် ဖမ်း"

"မှန်ပါ"

စောဖြူလက်သည် ပေါ့ပါးဖျတ်လတ်သော ဆင်မတစ်ကောင်ကို ရွေးချယ်လျက် သံလှစ်နောက်သို့ လိုက်သည်။ ဆင်မသည် စောဖြူလက်၏ ချွန်းမိန့်ကို တစ်သဝေမတိမ်း လိုက်နာလေသည်။

"သံလှစ်၊ အဖြတ်ကို စီးတဲ့ သံလှစ်၊ မင်း ငါ့ကို မခံဝံ့လို့



ပြေး တာလားဟေ့"

ဆင်ချင်း မလှမ်းမကမ်း ရောက်စဉ်မှာပင် စောဖြူလက်က အသံကျယ်ကြီးဖြင့် အော်လိုက်သည်။ သံလှစ်လှမ်းကြည့်သည်။ စောဖြူလက်က ဆင်ဦးကင်းထက်မှ မတ်တတ်ရပ်ကာ အဲမောင်းကို မြှောက်ပြလိုက်သည်။

"ဟေ့ မင်း စောဖြူလက် မဟုတ်လား၊ မင်းတို့ကို ငါ မယုံဘူးကွ၊ ကြိုက်သလိုထင်၊ ငါ မုတ္တမဘက်ပြေးမယ်၊ ဒါပဲ"

စောဖြူလက် စိုးရိမ်သွားသည်။ 'မုတ္တမဘက်ပြေးမယ်'ဆိုသော သံလှစ်၏စကားသည် သူ့ရှင် ရာဇာဓိရာဇ်အဖို့ ကြီးစွာသော အန္တရာယ်ပင် ဖြစ်တော့သည်။ သံလှစ်လို ဆင်စီးသူရဲကောင်းသာ မုတ္တမစားနှင့် ပူးပေါင်းမိလျှင်...

စောဖြူလက်သည် ဆင်ကို ချွန်းကုန်ဖွင့်၍ သံလှစ်ရှိရာသို့ အတင်း ဝင်လေသည်။ စောဖြူလက်၏ ဆင်မှာ အသွားလျင်သော ဆင်မမျိုး ဖြစ်သဖြင့် သံလှစ်ကို အနောက်မြို့ရိုး တံခါး မရောက်မီမှာပင် မီသွားသည်။ သံလှစ်မနေသာတော့ချေ။ အဖြတ်ကို ပြန်လှည့်၍ စောဖြူလက်ကို ရင်ဆိုင်ရန် ပြင်ရသည်။

အဖြတ်သည် နှာမောင်းကို အထက်သို့ မြင့်မားစွာ မြှောက်လျက် ရှေ့ခြေနှစ်ချောင်းကို ပြင်းစွာ တဝုန်းဝုန်း နင်းစောင့်ရင်း စူးနစ်စွာ အော်လေသည်။ အဖြတ်၏ အော်သံကို ကြားရသည်တွင် သံလှစ် စိုးရိမ်သွားသည်။ သို့သော် စောဖြူလက်၏ မျက်နှာပေါ်တွင် ထူးဆန်းသော အသွင်တစ်ခု ပေါ်လာသည်။

ဘုရင့် ဆင်ကျုံးမှူးဖြစ်သော စောဖြူလက်သည် ဟတ္ထိသေနင် သဘာဝအလုံးစုံ၌ လိမ္မာကျွမ်းကျင်သူ ဖြစ်သည်။ အဖြတ်၏အော်သံ၊ အဖြတ်၏ ရှေ့ခြေပေါက်ဟန်၊ နှာမောင်း မြှောက်ဟန်တို့ကို စောဖြူလက် ကောင်းစွာ သိလိုက်သည်။ စောဖြူလက်သည် အောင်နိုင်သူ၏ အသံဖြင့် အော်လိုက်လေသည်။

"သံလှစ် မင်းဆင် အဖြတ် မုန်ယိုပြီ၊ မင့်လက်ထဲက ချွန်းကို အဖြတ် မနာခံတော့ဘူး၊ သိရဲ့လားဟေ့၊ အညံ့ခံပေတော့"

သံလှစ်သည် စောဖြူလက်ကို ပြန်လှန် မပြောနိုင်တော့ချေ။ မုန်ယိုလျက် ချွန်းကို ပုန်ကန်လာပြီဖြစ်သော အဖြတ်ကိုသာ မနိုင်မနင်း

www.burmeseclassic.com

www.burmeseclassic.com



ထိန်းနေရသည်။ အဖြတ်ဆင်သည် သခင်၏ချွန်းကို မနာခံတော့။ စောဖြူလက် စီးလာသော ဆင်မ၏ အနံ့ကို ရသည်တွင် ပေါက်ကွဲသော မီးတောင်ကဲ့သို့ တစ်ခဲနက် ဟစ်လေတော့သည်။

"သံလှစ်၊ အညှံ့ခံပါ၊ အညှံ့ခံပါ"

"စောဖြူလက်၊ ယောက်ျားကောင်းမှန်ရင် စကားမပြောနဲ့တော့ ဟော့ မင်းမှာ ဘာလက်နက်ပါသလဲ"

သံလှစ်သည် စကားမဆုံးမီမှာပင် ချွန်းသီးကို စောဖြူလက်ဆီသို့ ပစ်လွှတ်သည်။ သို့သော် ယိမ်းယိုင် လှုပ်ခါနေသော အဖြတ်ကြောင့် ချွန်းသီးသည် လွဲချော်သွားသည်။ အဖြတ်သည်လည်း ဆင်မဆီသို့ အတင်းဝင်လာပြီး ဆင်မ၏ သုစိမ်းတစ်ရံ အနံ့ကိုရလျှင် အစွယ်နှစ်ချောင်းကို ဖွင့်၍ အပြင်းထိုးလေသည်။

သံလှစ်နှင့် စောဖြူလက်တို့ ဆင်ချင်း ယှဉ်မိသွားကြသည်။

အဖြတ်မုန်ယိုနေသလို သံလှစ်သည်လည်း ပြင်းစွာ တိုက်ခိုက်နေသည်။ ချွန်းသီးလက်နက်သာမက ...လုံတို့နှင့် ချွန်းများကိုပါ ပစ်လွှတ်တိုက်ခိုက်သည်။ စောဖြူလက်သည် ဆင်မကို ကျွမ်းကျင်စွာ ချွန်းထိန်းစေလျက် အဖြတ်ကို ရှောင်တိမ်းသည်။ မိမိကိုယ်တိုင်လည်း သံလှစ်၏ လက်နက်များကို လွတ်အောင်ရှောင်သည်။

အဖြတ်၏ အစွယ်တို့ ဆင်မ လက်ပြင်သို့ စူးဝင်သွားသည်။

စောဖြူလက်၏ ဆင်မသည် နာကျင်စွာအော်ရင်း ဘေးသို့ ယိမ်းယိုင် သွားသည်။ သံလှစ်က အဲမောင်းကို မြှောက်လျက် စောဖြူလက်ကို ထိုးစိုက်ရန် ချိန်ရွယ်သည်။ စောဖြူလက်သည် သူ့ရှင်၏ အမိန့်ကို လိုက်နာရန် မစွမ်းသာတော့။ သံလှစ်ကို အရှင်ဖမ်းရန်မှာ မဖြစ်နိုင်တော့။ သံလှစ်ကို အရှင်ဖမ်းရန် ဆက်လက်အားထုတ်နေလျှင် မိမိကိုယ်တိုင် သံလှစ်၏ အဲမောင်းဖျားတွင် အသက်ဆုံးရတော့မည်။

"သူရဲကောင်း သံလှစ်၊ ငါ ဝမ်းနည်းပါတယ်၊ သွားသောက်ရယ်"

စောဖြူလက်သည် ခါးကြားမှ ဓားမြှောင်ကိုထုတ်၍ အဲမောင်းကို မြှောက်ရွယ်ထားသော သံလှစ်ဆီသို့ ပစ်လိုက်ရသည်။ ဓားမြှောင်သည် သံလှစ်၏ ဝဲဘက်ရင်အုံသို့ တည့်မတ်စွာ စွဲဝင်သည်။

သံလှစ်သည် ဆင်ထက်မှ ကျလေသည်။

သခင်မဲ့သော အဖြတ်ကား မုန်ပြင်းစွာဖြင့် တွေ့ရာမြင်ရာကို နင်းသတ် ထိုးခြေလျက်...။



* * *

မတ်သံလုံသည် ဓားရိုးကို ဓားအိမ်တွင်းသို့ ခပ်ပြင်းပြင်း ဆောင့်သွင်းလိုက်သည်။ သူ့မျက်နှာ သုန်မှုန်နေသည်။ ဘယ်ဘက်ပါးပြင်ပေါ်မှ ...က်တစ်ဆစ်ခန့် အမာရွတ်သည်လည်း သွေးရောင်သန်းနေသည်။ ...င်းစောင့်တဲဆီမှ မီးဖိုသည် မတ်သံလုံ၏ သုန်မှုန်သော မျက်နှာ ...စ်ဝိုက်ဆီကိုမှ မီးခိုးငွေ့များဖြင့် ဝေ့ဝိုက်ခြုံသိုင်းထားသည်။ မီးခိုး ...းကို ကာကွယ်နေရသဖြင့် မတ်သံလုံ၏ ကျဉ်းသလောက်ရှိသော ...က်လုံးအစုံတို့ ပို၍ ကျဉ်းနေလေသည်။

"ဒါ... သူရဲကောင်းတဲ့လား၊ ယောက်ျားချင်း လက်ရုံးဖွင့်ပြီး တိုက်ပါလား၊ ဘာ့ကြောင့် ဒီလို မိန်းမဉာဏ်နဲ့ လှည့်ဖြားပြီးမှ အနိုင်ယူရတာလဲ"

သိန်းစွန်ရဲ၏ ညည်းညူသံမျိုးဖြင့် မတ်သံလုံရေရွတ်နေသည်။

ဒုန်ဝန်းစား သံလှစ်နှင့် စောဖြူလက်တို့၏ တိုက်ပွဲအကြောင်းကို ...ပြောပြနေသော အမတ်ဒိန်၏ စကားဆုံးလျှင် ဆုံးချင်းပင် မတ်သံလုံသည် မကျေမချမ်းဖြစ်သွားသည်။ သူ့ရှေ့မှ သူအမြဲ ကြောက်ရွံ့လေးစားခဲ့ရသော တပ်မင်းကြီး သမိန်သံဖြတ်ရှိနေသည်ကိုပင် မတ်သံလုံ သတိ ...ထားမိတော့။

အမတ်ဒိန်သည် မတ်သံလုံ၏ ရေရွတ်သံကို ကြားရသည်တွင် ...တ်သံလုံကို စူးရှစွာ ကြည့်လိုက်လေသည်။ မတ်သံလုံကား မီးခိုးတို့ ...ှက်သန်းနေသည့် ကင်းစောင့်တဲဆီသို့သာ ငေးမျှော်နေသည်။ အမတ် ဒိန်ကဲ့သို့သော သူ့ရှင် ရာဇာဓိရာဇ်၏ လက်ရင်းအမတ်ကြီးတစ်ဦးကို ...ယင်းသို့ မထိမဲ့မြင်ဆိုခဲ့သဖြင့် တပ်မင်းကြီး သံဖြတ်လည်း မတ်သံလုံ ကို တအံ့တသြ ကြည့်လိုက်မိသည်။

"မုန်ယိုနေတဲ့ တိုက်ဆင်ပေါ်မှာ ချွန်းမအုပ်နိုင်ဖြစ်နေတဲ့ ဒုန်ဝန်းစားကို အသေဖမ်းလိုက်နိုင်တယ်ဆိုတော့ အတော် သတ္တိပြောင်မြောက်တာပဲ။ သူ့ရှင်က အရှင်ရအောင် ဖမ်းဆိုတာတောင်မှ အရှင်မဖမ်းနိုင်ခဲ့ဘူး။ သံလှစ်ဟာ ဒီပုံဆို တကယ် နှမြောစရာ ကောင်းတဲ့ သူရဲကောင်း တစ်ယောက်ပဲ"

မတ်သံလုံကား တပ်မင်းကြီး သံဖြတ်ကိုရော အမတ်ဒိန်ကိုပါ

www.burmeseclassic.com

www.burmeseclassic.com



သတိမရ။ သူ ပြစ်တင်ကြိမ်းမောင်းနေသည်မှာ သံလှစ်ကို အသေဖမ်းခဲ့သော စောဖြလက်ဖြစ်သော်လည်း ထိုဥပါယ်ကို စီရင်သူမှာ ၎င်း့ရှေ့မှာ **အမတ်ဒိန်ဖြစ်သည်ကို သတိမထားမိ။ မင်းကြီးသံဖြတ်က အမတ်ဒိန်ကို** မလုံမလဲကြည့်ရင်း စိတ်ထင်ရာပြောနေသော မတ်သံလုံအား တားဆီးရန် ပြင်လိုက်သည်။

သို့သော် အမတ်ဒိန်က မင်းကြီးသံဖြတ်ကို လက်ကာပြလိုက်လေသည်။

"မတ်သံလုံ၊ သံလှစ်ကို အသေဖမ်းတဲ့အတွက် မင်း မကျေမချမ်း ဖြစ်နေသလား၊ ဟုတ်လား"

"သံလှစ်ဟာ နှမြောစရာကောင်းတဲ့ သူရဲကောင်းပဲ"

"မင်း မကျေမချမ်းဖြစ်သလို သူ့ရှင်ကလည်း မကျေမချမ်း ဖြစ်နေတာပဲ"

မတ်သံလုံသည် အမတ်ဒိန်ဘက်သို့ ပြန်လှည့်လာသည်။

**"သူ့ရှင်က** တကယ် မကျေမချမ်းဖြစ်သတဲ့လား၊ ရန်သူကျသွားတာ **ကို သူ့ရှင်က** ဝမ်းမြောက်ဝမ်းသာ ဖြစ်မနေဘူးလား"

**အမတ်ဒိန်သည်** ကလေးငယ်အား ဆုံးမသွန်သင်သော ဖခင် **တစ်ဦး၏ အပြုံးမျိုးဖြင့်** ပြုံးလိုက်ပြီး မတ်သံလုံ၏ လက်မောင်းကို **တရင်းတနှီး ဆုပ်ကိုင်လိုက်သည်။**

"မင်း မယုံဘူးလား မတ်သံလုံ၊ သူ့ရှင်လာရင် မင်းကိုယ်တိုင် မေးကြည့်ပေါ့ကွယ်"

"ကျွန်တော်က သူ့ရှင်ကို ဘယ်လိုလုပ် တွေ့နိုင်မလဲ၊ ကျွန်တော်က တရည်းမှာ၊ သူ့ရှင်က အခု ဒုန်ဝန်းမှာ မဟုတ်လား၊ ပြီးတော့ သူ့ရှင်လို ဘုရင်မင်းမြတ်တစ်ပါးကို ကျွန်တော်လို တပ်မှူးငယ် တစ်ယောက်က ဘယ်လိုလုပ် တွေ့ခွင့်ရမှာလဲ"

"မတ်သံလုံ နားထောင်စမ်း"

အမတ်ဒိန်သည် မတ်သံလုံရှေ့တည့်တည့်သို့ ရပ်၍ လက်ပိုက်လိုက်သည်။ ရင့်ကျက် ခိုင်ခံ့သော အမတ်ဒိန်၏ သွင်ပြင်သည် အထင်အရှား ပေါ်လာသည်။

"သူ့ရှင် ရာဇာဓိရာဇ်ဟာ ဆင်ဖြူရှင် ဗညားဦးရဲ့သားတော်၊ ဘုရင့်သားမို့ ဘုရင်ဖြစ်လာတဲ့ ဘုရင်မဟုတ်ဘူး၊ ဗညားနွဲ့မင်းသား ဘဝကတည်းက စစ်မှာ မွေ့လျော်ကျွမ်းကျင်တတ်တဲ့ မင်းသား၊



သူဟာလည်း သူရဲကောင်းတစ်ဦးပဲ၊ အတွင်းရန်၊ အပြင်ရန်တွေ **ကို ထိုးဖောက်ပြီး ရသူထိုက်တဲ့ ရာဇပလ္လင်တော်ကို ရယူခဲ့တဲ့ဘုရင်၊** သူ့ရှင်က သူရဲကောင်းတွေကို ချစ်မြတ်နိုး တတ်တဲ့ ဘုရင်ဖြစ်တယ်၊ သူရဲကောင်းတိုင်းရဲ့ နှလုံးသားဟာ သူ့ရှင်ရဲ့ နှလုံးသားနဲ့ အမြဲနီးကပ်နေတယ်၊ သူ့ရှင်ကို တွေ့ဖို့ ဘာမှ မခဲယဉ်းဘူး မတ်သံလုံ၊ ဘာကြောင့်လဲဆိုတော့ အခု သူ့ရှင်ဟာ ဒုန်ဝန်းကနေ ထွက်လာပြီ၊ လဂွန်းဗျည်းကို သိမ်းဖို့ စစ်ချီလာပြီ၊ မင်းတို့ တရည်းမြို့စောင့်တပ်လည်း အခုပဲ တရည်း က ခွာပြီး လဂွန်းဗျည်းကို ချီရမယ်၊ လဂွန်းဗျည်းမြို့ဖြင် တောအုပ် မှာ သူ့ရှင်တပ်နဲ့ ဆုံရမယ်၊ အဲဒီကိစ္စအတွက် ငါကိုယ်တိုင် လာစီစဉ်တာပဲ"

မတ်သံလုံသည် ပြတ်သားတိကျလွန်းသော အမတ်ဒိန်၏ အသံ[illegible] [illegible]ဘက်လက်တင်းမာနေရန် မစွမ်းသာတော့။ တင်းမာနေခဲ့သော သူ့[illegible]နှာ ပြေလျော့သွားသည်။

"အေး...အဲဒီအခါ သူ့ရှင်နဲ့ ဆုံမိကြတော့မှ ဒုန်ဝန်းစား သံလှစ် ကိစ္စကို မင်း မကျေနပ်ရင် မင်းကိုယ်တိုင် သူ့ရှင်ကို မေးပေတော့၊ဒ သူရဲကောင်းကို ချစ်တတ်တဲ့ သူ့ရှင်ဟာ မင်းကိုလည်း ချစ်ပါလိမ့်မယ်၊ ဘယ့်နှယ်လဲ မတ်သံလုံ"

"ကျွန်တော် ကျေနပ်ပါတယ် မင်းကြီး"

"အေး...အခုပဲ လဂွန်းဗျည်းကို ချီမယ်၊ မင်း လုပ်စရာရှိတာ သွားလုပ်တော့"

မင်းကြီး သမိန်သံဖြတ်၏ အမိန့်ရလျှင် မတ်သံလုံ ဦးညွှတ်ပြီး ထွက်သွားသည်။ အမတ်ဒိန်ကား တုတ်ခိုင်သော မတ်သံလုံ၏ ကျောပြင်[illegible] ကြည့်ရင်း လေးနက်စွာ ပြုံးနေသည်။

"အမတ်ဒိန်ရယ်...ကျုပ် တောင်းပန်ပါတယ်၊ ဒီအကောင် မတ်သံလုံဟာ ငယ်လည်း ငယ်ရွယ်သူဖြစ်ပြန်၊ ပြီးတော့ ကျုပ်သမီး နှင်းပန်းခိုင်ကျပြီးကတည်းက မတ်သံလုံ သိပ်ခက်ထန်နေတယ်၊ သူ့နှလုံးသားဟာ နွေခေါင်ခေါင် နေပူအောက်က သစ်ကိုင်းခြောက် လို ကြွပ်ဆတ်နေတယ်၊ အချိန်နဲ့အမျှ သူ့ကိုယ်ထဲမှာ စစ်သွေးဆူ ဆူနေတယ်၊ ဒီကောင်ဟာ မှူးကြီးမတ်ကြီးလည်းမဟုတ် တစ်ခါ တလေများ စိတ်တွေ ဆူပွက်လှုပ်ရှားလွန်းအား[illegible]လို့ ဒီအကောင်

www.burmeseclassic.com

www.burmeseclassic.com



ရှုံးမလားလို့တောင် ကျုပ် စိုးရိမ်မိတယ် အမတ်ဒိန်၊ ဒါပေမယ့် မတ်သံလုံဟာ တကယ် ကိုက်ခိုက်ရည် ကောင်းတဲ့ အကောင်၊ အဲမောင်းကို ဘယ်ညာကိုင်ရင်း တိုက်ကြက် လို တဖွတ်ဖွတ်ထိုး တိုက်တတ်တဲ့ကောင်"

အမတ်ဒိန်သည် ခေါင်းကို တဆတ်ဆတ် ညိတ်လေသည်။

"မင်းကြီးသံဖြတ်၊ ကျုပ် နားလည်ပါတယ်၊ မတ်သံလုံလို သူရဲကောင်းမျိုးဟာ သူ့ရှင်အတွက် တကယ်လိုအပ်နေတယ်၊ သူ့ကို မင်းကြီးနဲ့ ကျုပ် နှစ်ယောက် နိုင်နင်းအောင် ကိုင်တွယ်သွားကြရမှာပေါ့၊ မတ်သံလုံရဲ့ စိတ်ဓာတ်ကို ကျုပ်နားလည်ပါတယ်၊ သူ့ရှင်ကလည်း သဘောကျမှာပါ၊ ကဲ... တပ်တွေ အသင့်ဖြစ်ပြီနဲ့ တူတယ် မင်းကြီး၊ သွားစို့လား"

စစ်ချီတပိုးသံသည် စစ်ဦးမှ လွင့်လာသည်။

တပိုးသံတွင် ယှဉ်ပါးနေကြသော တိုက်ဆင်တို့သည် အမဲလိုက်ရတော့မည့် ခွေးများ၏ အသိမျိုးဖြင့် စူးစူးနစ်နစ် အော်ကြလေသည်။

တရည်းမြို့ရိုး၏ မြောက်တံခါးထိပ်မှ စစ်မောင်းသံသည် တိုက်ဆင်များ အော်သံကို လွှမ်းခြုံလိုက်သည်။ အမတ်ဒိန်နှင့် မင်းကြီးသမိန်သံဖြတ်တို့သည် အပြန်အလှန် အဓိပ္ပာယ် ပြည့်ဝစွာကြည့်ရင်း မြင်းပေါ်သို့ တက်လိုက်ကြလေသည်။

* * *

လဝွန်းဗျည်းသည် ဒုန်ဝန်းနှင့် တရည်းအကြားတွင် ရှိသည်။ ဒုန်ဝန်း၊ တရည်းမြို့နှစ်မြို့ထက် ပို၍ အစီအမံ အထားအသို ခိုင်ခံ့သော မြို့လည်း ဖြစ်သည်။ မြို့ရိုးသည် တရည်းထက်ပို၍ ကျယ်သည်။ ပိုမြင့်သည်။ ရေကျုံးနှစ်ထပ် ကာရံသည်။ မြို့စောင့်တပ် ထူထပ်ကျစ်လျစ်သည်။

လဝွန်းဗျည်းမြို့တပ်မထဲတွင် ဒုန်ဝန်းနှင့် တရည်းမှ ပြေးလာသော ရဲမက်များပါ ရောနှောပူးပေါင်းလာကြသဖြင့် ရဲမက်အင်အားလည်း ပို၍ များနေသည်။ ထို့အပြင် လဝွန်းဗျည်းသည် သံမောင်မြို့နှင့်လည်း အဆက်အသွယ်မပြတ် စစ်ကူနေရသည်။

လဝွန်းဗျည်းမြို့စား 'ဘောလဝွန်း'သည် သံမောင်မြို့စား 'မဂြိုင်'



နှင့် ငယ်ပေါင်းသွေးသောက်လည်း ဖြစ်သည်။ ထိုထက်မကား 'ဘောလဝွန်း'သည် ရာဇာဓိရာဇ်၏ အကြီးဆုံး ပထမရန်သူ၊ မြောင်းမြစားသမိန်လောက်ဖြား၏တူ ဘောလဝွန်းသည် လဝွန်းဗျည်းမြို့စားဟောင်း အဲဗြဲဗုန်၏သား။

ထို့ကြောင့် ဘောလဝွန်းသည် ရာဇာဓိရာဇ်အဖို့ သမိန်လောက်ဖြားနှလွဲလျှင် အကြီးမားဆုံးရန်သူ ဖြစ်သည်။ အင်အား အကောင်းဆုံး လဝွန်းဗျည်း၏ အကြီးအမှူးလည်း ဖြစ်သည်။ ဆင်ဖြူရှင် ဗညားဦး ကွယ်လွန်ပြီးနောက် ဗညားနွဲ့မင်းသားသည် 'ရာဇာဓိရာဇ်'ဘွဲ့နှင့် ဟံသာဝတီ ထီးနန်းကို သိမ်းပိုက်ပြီးသည့် အချိန်မှစ၍ ရာမညတိုင်း ကိုးဆယ့်ခြောက်မြို့အတွင်းမှ ပုန်းစားသူ မြို့စား ဘုရင်ငယ်များကို အဆက်မပြတ်ရင်ဆိုင်ခဲ့ရသည်။

လဝွန်းဗျည်းကို တိုက်ခိုက်ရန် ရာဇာဓိရာဇ်၏တပ်မနှင့် တရည်းမှ တပ်မင်းကြီး သမိန်ဖြတ်၏ တပ်မကို့သည် လဝွန်းဗျည်း၏ အရှေ့ဘက် တောအုပ်တွင် တွေ့ဆုံရမည်ဖြစ်သည်။

တပ်မနှစ်ခု ဆုံမိမှ လဝွန်းဗျည်းကိုတိုက်ရန် သေနင်္ဂဗျူဟာကို စီစဉ်ကြမည်။

နံနက်လင်းအားကြီးတွင် တောအုပ်အဝင်၌ တပ်မကြီးနှစ်ခု ဆုံမိလေသည်။

သူ့ရှင် ရာဇာဓိရာဇ်သည် ဆင်ထက်မှ ဆင်း၍ မြင်းပေါ်သို့ တက်သည်။ တပ်မင်းများ အားလုံးကိုလည်း မြင်းပေါ်မှာပင် နေစေသည်။ မင်းကြီးသံဖြတ်၏ တပ်မကို လမ်းပြခေါ်လာသည့် အမတ်ဒိန်သည် တပ်ဦးရှေ့သို့ ထွက်၍ သူ့ရှင်ကို ကြိုဆိုသည်။ သူ့ရှင်ကား အဝေးဆီတွင် မှိုင်းညို့စွာ တွေ့နေရသော လဝွန်းဗျည်းမြို့ရိုး ပြာသာဒ်ထိပ်ဖျားကို မမိုတ်မသုန် လှမ်းကြည့်နေလေသည်။

လဝွန်းဗျည်း၏ အပြင်ရေကျုံး မျက်နှာပြင်မှ အငွေ့များ ဆို့ဆိုးနေသဖြင့် မြို့ရိုးအောက်ခြေသည် ဝိုးတဝါးဖြစ်နေသည်။ မည်းမှောင်သော မြို့ရိုးအပေါ်ပိုင်း သုရဲခိုများသည် စစ်ကို ငံ့လင့်နေသော တိုက်ဆင်များ၏ ဦးကင်းသဖွယ်။

"တရည်းက မင်းကြီးသံဖြတ်တပ်မကို ခေါ်ခဲ့ပါပြီ သူ့ရှင်"

"အင်း..."

"လဝွန်းဗျည်းတို့တိုက်ဖို့ သူ့ရှင်ရဲ့ အမိန့်ကို စောင့်နေကြပါတယ်"

"မနက်မလင်းခင် နေမထွက်လာခင်မှာ လဝွန်းဗျည်းရဲ့ မြို့ရိုး

www.burmeseclassic.com

www.burmeseclassic.com



လေးမျက်နှာပြင် အစီအရင်ကို ငါသိချင်တယ် အမတ်ဒိန်၊ ဘယ်အရပ် မျက်နှာက ထိုးဖောက်ရင် သင့်မလဲဆိုတာ စုံစမ်းခိုင်း၊ မြင်းသည် ကျော်လေးယောက်ကို မြို့လေးရပ် မျက်နှာခွဲပြီးလွှတ်၊ ထောက် လှမ်းခိုင်း"

"ကောင်းပါပြီ သူ့ရှင်..."

တပ်မနှစ်ခု ပေါင်းထားသော်လည်း ကျွမ်းကျင်လိမ္မာသော ရဲမက်များထံမှ အသံတစ်စုံတစ်ရာ မကြားရ။ စစ်မြင်းများ၏ နှာမှုတ်သံနှင့် တိုက်ဆင်များ၏ နားရွက်ခတ်သံသာ သဲ့သဲ့ပေါ်ထွက်နေသည်။ ဒုန်ဝန်းမှ ချီလာသော ရာဇာဓိရာဇ်မှာ ဆင်တစ်ရာ၊ မြင်းငါးရာ၊ သူရဲသုံးထောင့်ငါးရာရှိသော 'ပုတနာတပ်'ဖြစ်သည်။ တရည်းမှ ချီလာသော မင်းကြီးသံဖြတ်တပ်မနှင့် ပေါင်းလျှင် ခေါဘဏီတစ်ဝက်နီးပါးမျှ ရှိသည်။ ဤမျှ များပြားသော ဆင်မြင်း ရဲမက်အင်အားနှင့်စာလျှင် ဤမျှသော လှုပ်ရှားမှုနှင့် ဤမျှသော အသံတို့ကို တိတ်ဆိတ်ခြင်းဟု ခေါ်နိုင်လေသည်။

ထိုတိတ်ဆိတ်ခြင်းကို မြင်းခွာသံများက ဖြိုခွင်းလိုက်သည်။

အမတ်ဒိန် လွှတ်လိုက်သော မြင်းသည်ကျော် လေးဦးဖြစ်သည်။

သူ့ရှင် ရာဇာဓိရာဇ်သည် မည်သူ့ကိုမျှ စကားမဆိုဘဲ လင်းအားကြီး နံနက်၏ မြူခြေတို့ကို တစ်စ တစ်စ ထွင်းဖောက်ဖြန့်ကျက်လာသည့် နေခြည်များမှတစ်ဆင့် လဝွန်းဗျည်း မြို့ရိုးဆီသို့သာ မျှော်ကြည့်နေသည်။ ခိုင်ခံ့တိကျသော မေးရိုးနှင့် မည်းနက်သော ကျင်စွယ်နှုတ်ခမ်းမွေးများရှိသည့် ရာဇာဓိရာဇ်၏ မျက်နှာပြင် ဘေးတိုက်ကို ကြည့်ရင်း အမတ်ဒိန်သည် နောက်ထပ် ထွက်ပေါ်လာမည့် အမိန့်ကို စောင့်နေသည်။

သို့သော် ရာဇာဓိရာဇ်ထံမှ အသံ မထွက်လာ။

အမတ်ဒိန်၏ လက်ယာဘက်အနီးမှသာ တိုးတိတ်သော အသံတစ်သံ ပေါ်လာသည်။

"မတ်သံလုံက ရှေ့တော်ဝင်ခွင့်ပြုပါတဲ့ ပြောနေတယ် အမတ်ဒိန်"

မင်းကြီး သမိန်သံဖြတ် ဖြစ်သည်။

"ဘာဖြစ်လို့လဲ မင်းကြီး"

အမတ်ဒိန်ကလည်း လေသံဖြင့် ပြန်မေးသည်။ သေနင်္ဂအစီအရင်တွင် ဝင်စားနေသော သူ့ရှင်ရာဇာဓိရာဇ်အား အနှောင့်အယှက် မဖြစ်စေလို။



"သူ့ရှင်ကို သူတစ်ခါမျှ နီးနီးကပ်ကပ် မတွေ့ဖူးလို့တဲ့၊ ပြီးတော့ လဝွန်းဗျည်းတိုက်ပွဲအတွက် လိုအပ်ရင် သူ့ကို တိုက်ရိုက်အမိန့်တော် ပေးနိုင်ဖို့တဲ့"

"ခေါ်လိုက်ပါ၊ ဒါပေမဲ့ အသံမပြုပါစေနဲ့၊ သူ့ရှင်ကို အနှောင့်အယှက် မဖြစ်စေပါနဲ့၊ တတ်နိုင်သမျှ တိတ်တိတ်ဆိတ်ဆိတ် ရှိပါစေ"

မင်းကြီးသံဖြတ်က နောက်လှည့်၍ ခေါင်းညိတ်ပြသည်။ တပ်မှူးများ အကြားတွင် စိတ်အားထက်သန်စွာ လှမ်းကြည့်နေသော မတ်သံလုံသည် ရှေ့သို့ တိုးထွက်လာသည်။ မင်းကြီးက မတ်သံလုံအနီးသို့ ရောက်သောအခါ လေသံနှင့် ပြောလေသည်။

"ငါ့အနားမှာပဲနေ၊ အသံ လုံးဝမထွက်စေနဲ့၊ ဒီလို အချိန်မျိုးမှာ သူ့ရှင်ဟာ ဘယ်သူ့အသံကိုမှ မကြားချင်ဘူး၊ ကြားလား"

မတ်သံလုံက တောက်ပသော မျက်လုံးများဖြင့် ခေါင်းညိတ်လျက် မင်းကြီးသံဖြတ်၏ ခြေရင်း မြေပြင်ပေါ်တွင် ဒူးထောက်ထိုင်လေသည်။ မင်းကြီး၏ သိုရင်းအမြီးတ်ကိုကျော်၍ မြင်းပေါ်မှ သူ့ရှင်ကို လှမ်းကြည့်လိုက်သည်။ ဘယ်ဘက်ပါးပြင်ပေါ်မှ အမာရွတ်ကို လက်နှင့် ပွတ်နေမိသည်။

အဝေးဆီမှ မြင်းခွာသံ သဲ့သဲ့ ပြန်ကြားလာရသည်။

တဖြည်းဖြည်း သဲကွဲ ထင်ရှားလာသည်။

သို့သော် အပြန် မြင်းခွာသံမှာ အသွားမြင်းခွာသံလောက် မများ။

မြူမြေခြနှင့် လင်းစ နေခြည်တို့ ယှက်လိမ်နေသော နံနက်ခင်း၏ တောစပ်ကိုဖြတ်လျက် မြင်းတစ်စီးနှင်လာသည်။ မြင်းကြီး၏ မျက်လုံးများ ပြူးကျယ်နေပြီး နှာဝမှလည်း ပြင်းပြင်းထန်ထန် လေမှုတ်နေသည်ကို မတ်သံလုံ သတိထားမိသည်။ မြင်းကြီး၏ လက်ပြင်တွင် ချွေးများဖြင့် အရောင်တောက်နေသည်။ မြင်းစီးရဲမက်သည် မြင်း ခြေစုံရပ်မိမှာပင် မြင်းပေါ်မှ ခုန်ချ၍ ရာဇာဓိရာဇ်ရှေ့သို့ အရောက်ပြေးလာသည်။

"ကျွန်တော်မျိုးက မြို့ရိုးမြောက်ဘက်ကို ထောက်လှမ်းသူပါ၊ တောင်ဘက်အရှေ့ဘက် အနောက်ဘက် ထောက်လှမ်းတဲ့ ရဲမက်တွေတော့ မြို့ရိုးပေါ်က ကင်းစောင့်ရဲ့ မြားသင့်ပြီး ကျကုန်ကြပါပြီ ကျွန်တော်မျိုး ခက်ခက်ခဲခဲ ထွက်ပြေးခဲ့ရပါတယ်။ အရှေ့ဘက်နဲ့ တောင်ဘက်ဆီကိုလည်း လှည့်ပြီး ထောက်လှမ်းခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘောလဂွန်းဟာ သူ့ရဲ့လဂွန်းဗျည်းမြို့ကို အခိုင်အခံ့ပိတ်ဆို့ထားပါတယ်၊မြို့ရိုးအပြင်စပ် မြေကျုံးမှာ ခြေလျင်တပ်နဲ့ ဆင်တပ်တွေ ချထားပါတယ် ဘုရင်မင်းမြတ်"

မြင်းသည်ကျော်၏ အသံမှာ မောဟိုက် နွမ်းနယ်မှုများဖြင့် တုံ့ဆိုင်း ပြတ်တောက်စွာ ထွက်ပေါ်လာသည်။

"ကျန်တဲ့ ရဲမက် သုံးယောက်ဆီက ထောက်လှမ်းချက်တွေ မရခဲ့ဘူးလား"

အမတ်ဒိန်က တက်ကြွစွာ မေးသည်။ မောပန်းလွန်းသဖြင့် အသက်ပြင်းစွာ ရှူနေရသော မြင်းသည်ကျော်သည် အမေးကို ရုတ်တရက်မဖြေနိုင်ခဲ့။ သို့သော် အမတ်ဒိန်၏ အမေးကို အဖြေပေးလိုက်သည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်လာသည်။ တောစပ်မှ မြင်းနှစ်စီးက ဆန့်စိုင်းလာသည်။

သို့သော် မြင်းပေါ်တွင် လူမပါ။ မြင်းချည်းသက်သက်ဖြစ်သည်။

ကောင်းစွာလေ့ကျင့်ထားအပ်သော စစ်မြင်းကြီးများသည် အရှင်သခင် မပါနိုင်တော့သော်လည်း တပ်သို့အရောက် ပြန်လာကြလေသည်။

မြင်းသည်ကျော် မပါလာတော့သော မြင်းနှစ်စီးကို မြင်ရသောအခါ ရာဇာဓိရာဇ်၊ အမတ်ဒိန်၊ မင်းကြီး သံဗြတ်တို့အားလုံး အခြေအနေမှန်ကို သိသွားကြသည်။ တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ပြည့်စွာ ကြည့်မိကြသည်။ သူ့ရှင် ရာဇာဓိရာဇ်ကား ကျင်စွယ်နှုတ်ခမ်းမွေးကို လက်ချောင်းများဖြင့် ပွတ်သပ်ရင်း လေးနက်စွာ အတွေးဝင်နေသည်။

"အလုံးအရင်းနဲ့ စစ်ထိုးလို့ မဖြစ်နိုင်ဘူး၊ ဒီဘက်ကနေ စစ်မြှုလို့လည်း ဒင်းတို့ချဉ်းကပ်လာမှာ မဟုတ်ဘူး၊ လဂွန်းဗျည်းရဲ့ အခြေအနေကို နောက်ထပ် ဒါထက်ပိုပြီး သိနိုင်အောင် ထောက်လှမ်းလို့ရရင် ကောင်းမယ်"

ရာဇာဓိရာဇ်က မင်းကြီးသံဗြတ်နှင့် အမတ်ဒိန်တို့ကို မကြည့်ဘဲ မေးသည်။ သူ့ရှင်၏ စကားကို ကြားသည်တွင် မတ်သံလုံသည် မင်းကြီးသံဗြတ်၏ သိုရင်းအပြိတ်ကို ဖယ်ရှား၍ ရှေ့သို့ တိုးထွက်ရန် ဟန်ပြင်လေသည်။ မင်းကြီး သံဗြတ်က မတ်သံလုံကို မသိမသာ တားထားသည်။ အမတ်ဒိန်က ထိုလှုပ်ရှားမှုကို မြင်သည်။ သူ့ရှင် ရာဇာဓိရာဇ်မှု သတိမထားမိချေ။

"အမတ်ဒိန် ဘယ်လိုသဘောရသလဲ"

အမတ်ဒိန်လည်း အဖြေ မပေးနိုင်သေး။



"စစ်လှန့်တဲ့ ဥပါယ်ကို သုံးရမယ်"

ဟပ်မ၏ နောက်ပိုင်းမှ အသံတစ်သံ ထွက်လာသည်။ အားလုံး နောက်သို့ လှည့်ကြည့်ကြသည်။ ရေညှိရောင် သိုရင်းနှင့် နီလာရောင် ခေါင်းကို သေသပ်စွာ ကျိုက်ပိုးထားသည့် သူတစ်ဦး ရဲမက်များကို တင်းဝေ့ ဖယ်ရှားလျက် ရာဇာဓိရာဇ်ရှိရာသို့ ရဲဝံ့စွာ ချဉ်းကပ်လာလေသည်။ မတ်သံလုံလည်း မကြားဖူးသော ထိုအသံနှင့် မမြင်ဖူးသော ဆီအသွင်ကို တအံ့တသြ ငေးကြည့်နေမိသည်။

ထိုသူသည် နေရောင်ကောင်းစွာ ကျရောက်နေသည့် ကွက်လပ်အောင် ရှင်းကြော့စွာ ရပ်လိုက်သည်။ မျက်နှာမှာ စစ်သည်တစ်ယောက်၏ မျက်နှာနှင့်မတူ၊ နူးညံ့ ရှင်းလင်းသော မျက်နှာမျိုး၊ မောက်ရှည်ကိုလည်း ဆောင်းမထား၊ ကြက်သွေးရောင်ပဝါကို မင်းညီမင်းသား တစ်ပါးလို သပ်ရပ်စွာ ပေါင်းထားသည်။ ကြက်သွေးရောင်ပဝါစ၏ အောက်ဘက် အသယ်စပ် နားရွက်နောက်နေရာများ အခြားသူများကဲ့သို့ ဆံပင်များ ထိုးထွက်၍ မနေ။

"ဟင်... မင်းကန်စီပါလား"

သူ့ရှင် ရာဇာဓိရာဇ်က ဝမ်းသာအားရ ရေရွတ်ပြီး ထိုသူ၏ လက်အစုံကို တရင်းတနှီး ဆွဲယူလေသည်။ 'မင်းကန်စီ ရောက်လာတယ်၊ မင်းကန်စီ ရောက်လာတယ်'ဟူသော တီးတိုး ရေရွတ်သံများ တပ်မအတွင်း တသိမ့်သိမ့် လွင့်သွားသည်။ အမတ်ဒိန်နှင့် မင်းကြီး သံဗြတ်တို့လည်း မင်းကန်စီ ရောက်လာခြင်းအတွက် အားတက်ရွှင်လန်းသွားကြသည်။

"မင်းကန်စီ၊ မင်းဘယ်တုံးက ရောက်လာသလဲ"

"အခု ရောက်လာတာပဲလေ သူ့ရှင်၊ သူ့ရှင်မှာ တစ်ခုခု အခက်အခဲ တွေ့နေပြီဆိုရင် မင်းကန်စီအလိုလို သိလာရတာပဲ မဟုတ်လား"

"ဟား ဟား ဟား ဟား"

ရာဇာဓိရာဇ်က ပွင့်ပွင့်လင်းလင်း ရယ်သည်။ ထိုအခါမှပင် အစောက တွေဝေငေးငိုင်နေခဲ့ကြသော တပ်မှူးများ အမတ်များလည်း ခါတ်လက်ပေါ့ပါးစွာ ရယ်မိကြတော့သည်။

"နေစမ်းပါဦး မင်းကန်စီရဲ့၊ စောစောက မင်းအော်လိုက်တာ၊ စစ်လှန့်တဲ့ ဥပါယ်ကို သုံးရမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘယ်လို သဘောလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို"

မင်းကန်စီက သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူ၍ ရှင်းသန့်နေသော မြေပြင်ဆီသို့ ရေးခြစ်လိုက်သည်။ ထိုအနီးသို့ အမတ်ဒိန်နှင့်တကွ အခြားတပ်မင်းများ ရဲမက်များ ဝိုင်းအုံသွားကြသည်။မင်းကြီးသံဖြတ်လည်း မင်းကန်စီ၏ အစီအမံကို ကြည့်ရန် ခြေလှမ်းရွှေ့လိုက်သည်။

"မင်းကြီးဘုရား အဲဒီ မင်းကန်စီဆိုတာ ဘယ်သူပါလဲ"

မတ်သံလုံဖြစ်သည်။ မင်းကြီးသံဖြတ်သည် မတ်သံလုံအား ပြုံးပြလိုက်လေသည်။ စူးရှတောက်ပြောင်နေသော မတ်သံလုံ၏ မျက်လုံးများကိုလည်း သတိထားလိုက်မိသည်။

"မတ်သံလုံ၊ မင်းက သူ့ရှင်အနီးနား မရောက်ဖူးတော့ သူ့ရှင်ရဲ့တကယ့်လူရင်း ပုဂ္ဂိုလ်ကျော်တွေကို မသိဘဲကိုး၊ မင်းကန်စီဆိုတာ သူ့ရှင် ရာဇာဓိရာဇ်ဘွဲ့ မခံယူခင်၊ ဟံသာဝတီ ထီးနန်းမရခင်ဗညားနွဲ့ မင်းသား ဘဝကတည်းက လက်ရုံးတစ်ဆူ ပညာရှိပေါ့မင်းကန်စီကို သဘောကျလွန်းလို့ ကိုရင် ဝတ်နေရာက နေပြီးရှင်လူထွက်ခိုင်းပြီး အပါးခေါ်ထားတာ၊ မင်းကန်စီဘွဲ့က ရာဇမနုတဲ့၊ သူကတော့ နှလုံးရည်သမားပဲ၊ ဒါပေမဲ့ စစ်ရေးစစ်ရာအတွက်သူ့ရှင်ကို သူအခါပေးတိုင်း သူ့ရှင် အောင်မြင်တယ်၊ သူ့ရှင်ကသူ့ကို သိမ်ခင်မင်တာကလား၊ အရှင်နဲ့ ကျွန် အရာထားပြီးတောင်မဆက်ဆံဘူး၊ ညီရင်းနောင်ချာလို သဘောထားတယ်"

မတ်သံလုံသည် တပ်မှူးများ စိုင်းနေသည့် အလယ်မှ ရဲမက်မောက်ရှည် ဆောင်းမထားသော ဆံပင်စ မထွက်သည့် ဦးခေါင်းတွင်ပဝါနီပေါင်းထားသော မင်းကန်စီကို ငေးကြည့်နေမိသည်။ မင်းကန်စီမှာ နှလုံးရည်သမားသက်သက်ဟု ဆိုသော်လည်း သစ်ကိုင်းခြောက်ကိုဇွေ့ယမ်း မြှောက်ချီလျက် စကားပြောဆိုနေပုံမှာ ခေါဘဏီတပ်၏မဟာသေနာပတိကြီးတစ်ဦး ဟန်မျိုးဖြစ်သည်ဟု မတ်သံလုံထင်နေမိသည်။ တပ်မှူးများသည် စိတ်ဝင်စား အားသန်စွာဖြင့် မင်းကန်စီ၏ဝဲယာဝန်းကျင် မြေပြင်ပေါ်တွင် ဒူးထောက်ထိုင်ရင်း မင်းကန်စီ ပြောပြနေသော စကားများကို နားစိုက်ထောင်နေကြလေသည်။

"စစ်လှန်တဲ့ ဥပါယ်ကိုတော့ ငါသဘောကျပြီ မင်းကန်စီ၊ ဒါပေမဲ့အဲဒီတဲတွေကို မီးရှို့ပြီး ဝါးဖောင်နဲ့ ကျုံးထဲမျှောဖို့ အရေးအတွက်ရဲမက် ဘယ်နယောက်သုံးမလဲ၊ အခု မြင်းသည်ကျော် လေး



ယောက်ကို ထောက်လှမ်းခိုင်းတာကိုပဲ တစ်ယောက်သာ အသက်နဲ့ပြန်လာနိုင်တယ်"

"ရဲမက်လေးယောက် မလိုဘူး သူ့ရှင်၊ သုံးယောက်လည်းမလိုဘူးနှစ်ယောက်လည်း မလိုဘူး၊ တစ်ယောက်တည်း"

"တစ်ယောက်တည်း . . ."

"ဟုတ်တယ်၊ အင်မတန် ကျွမ်းကျင်ပိုင်ရိုပြီး ဖျတ်လတ်ရဲဝံ့တဲ့ သူရဲကောင်း တစ်ယောက်ပဲလိုတယ်၊ လူအများသုံးရင် တစ်ဖက်ရန်သူက မျက်ခြည်မပြတ် ကြည့်နေတော့ အထမမြောက်နိုင်ဘူး"

"ကောင်းပြီ၊ မင်းကြိုက်ရာလူ ရွေးစမ်း မင်းကန်စီ"

မင်းကန်စီသည် ဝဲယာဝန်းကျင်တွင် ဝိုင်းရံနေသော တပ်မှူးများ၊ တပ်မင်းများ၏ မျက်နှာကို တစ်ဦးချင်းလိုက်ကြည့်သည်။ သူ့ရှင် ရာဇာဓိရာဇ်၏ သူရဲကောင်းများသည် မင်းကန်စီ၏ မျက်နှာကို တက်ကြွစွာပြန်ကြည့်ကြသည်။ မိမိအား ရွေးချယ်ပါဟုသောအသွင်များ ကိုယ်စီနှင့်။

မင်းကန်စီသည် ဝိုင်းရံနေသော တပ်မှူးများ အလယ်မှ ဖယ်ခွာလျက် မင်းကြီးသဖြတ်အနီးသို့ လျှောက်လာသည်။ မင်းကြီးသံဖြတ်၏ ဝဲယာတွင် ရပ်နေသောတပ်မှူးများကို တစ်ဦးစီ ကြည့်ပြန်သည်။

မတ်သံလုံသည် မင်းကြီးသံဖြတ် ခြေရင်းတွင် ဒူးထောက်နေရာမှ မိမိရှေ့သို့ မင်းကန်စီရောက်လာချိန်တွင် မတ်တတ်ရပ်လိုက်သည်။ မင်းကြီး သံဖြတ်၏ ရှေ့သို့ တိုးထွက်လိုက်သည်။ မတ်သံလုံဟာစ်ဦးတည်း ရှေ့တွင် ထီးထီးမားမား ဖြစ်သွားသည်။

မတ်သံလုံနှင့် မင်းကန်စီတို့၏ စူးရှသော မျက်လုံးအစုံတို့ကို အပြန်အလှန် တွေ့ဆုံကြသည်။ အကြည့်နှစ်ခုသည် တစ်ယောက်ကို တစ်ယောက် ထွင်းဖောက်လုမတတ်။ မင်းကန်စီသည် မတ်သံလုံ၏ ဘယ်ဘက်ပါးပြင်ပေါ်မှ ကောင်းစွာ အနာမကျက်သေးသော အမာရွတ်ကို စိုက်ကြည့်နေသည်။

မတ်သံလုံသည် လေးနက်တင်းမာစွာ ကြည့်နေရင်းမှ နှုတ်ခမ်းများ ဆတ်ဆတ်တုန်လာသည်။ ပျို့အန်စ နေရောင်အောက်တွင် မတ်သံလုံ မျက်နှာကြေးနီရောင် ထနေသည်။ ရေးရေးရှိသော နှုတ်ခမ်းမွှေးစများသည် နီကြန်နေကြသည်။ မင်းကန်စီကို စိုက်ကြည့်ရင်း မတ်သံလုံ၏ မျက်နှာသည် ပို၍နီရဲလာသည်။ တက်ကြွပွက်ဆူလာသော စိတ်သွေးဘို့ဖြင့် မတ်သံလုံ၏ မျက်လုံးများ အရောင်ထွက်လာသည်။ မင်းကန်စီက မသိမသာ ယဲ့ယဲ့ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မတ်သံလုံ၏ ပါးပြင် အမာရွတ်မှ သွေးများ စို့လာသည်။

"မင်း မင်းကြီး သံဖြတ်ရဲ့ တပ်မှူးလား"

"ဟုတ်ကဲ့"

"အမည် ဘယ်လိုခေါ်သလဲ"

"မတ်သံလုံ"

"မင်းကို လဝွန်းဗျည်း တိုက်ပွဲအတွက် သူရှင်အမိန့်နဲ့ ငါက တာဝန်ပေးရင် လုပ်နိုင်ပါ့မလား"

"ကျွန်တော်ကို စော်ကားတဲ့ မေးခွန်းပဲ"

"အင်း ဒါပေမဲ့ မင်းပါးပေါ်က ဒဏ်ရာက သွေးစို့နေတယ်"

"သူရဲကောင်းတို့ရဲ့ စစ်သွေးတွေ ဆူဝေလာတိုင်း ကျွန်တော့် အမာရွတ်က သွေးစို့လာတတ်တယ်"

မင်းကန်စီသည် သူရှင် ရာဇာဓိရာဇ်ဘက်သို့ လှည့်ပြောလိုက်လေသည်။

"သူရှင် ကျွန်ုပ် လူရပြီ၊ မင်းကြီး သံဖြတ်ရဲ့တပ်မှူးတစ်ဦးပဲ၊ မတ်သံလုံတဲ့"

မတ်သံလုံ၏ မျက်နှာမှာ တက်ကြွအားရမှုများဖြင့် ဖုံးလွှမ်းသွားသည်။ ပါးပြင်ရှိ အမာရွတ်မှလည်း သွေးပေါက်အနည်းငယ် လိမ့်ဆင်းလာလေသည်။

* * *

ကပေါင်းလ၏ လေရူးသည် တောအုပ်ထဲတွင် ဦးတည်ရာမဲ့ တိုက်ခတ်နေသည်။ သို့သော် လဝွန်းဗျည်းမြို့ပြင်၏ ရေကျူး မျက်နှာပြင်ထက်တွင်ကား လေပွေရူး မဟုတ်တော့။ အရှေ့အရပ်မှ အနောက်အရပ်သို့ တူရှုဦးတည် တိုက်ခတ်နေသည်။

မတ်သံလုံသည် ဓားလွှတ်ကို ကိုယ်တွင်ကပ်လျက်၊ ခြေသံကို လုံခြုံစေလျက် တောအုပ်အစပ်မှ ထွက်လိုက်သည်။ မြေခွေးတစ်ကောင်ကဲ့သို့ မျက်နှာကိုမော့၍ တောစပ်လယ်ပြင်မှ အနံ့ကို ခံသည်။ ထို့နောက် အနီးရှိ ပိန္နဲပင် တစ်ပင်ပေါ်သို့ ရှဉ့်တစ်ကောင်ပမာ တက်လိုက်သည်။ ပိန္နဲပင်၏ အလယ်ကင်းတွင် ခြေတင်လျက် မြောက်ဘက်ဆီသို့ မျှော်ကြည့်သည်။

"မြို့ရိုးရဲ့အရှေ့မြောက်ထောင့်အစပ် အပေါက်မှာ ခနိုတဲကြီးတွေ



ရှိတယ်၊ အဲဒီတဲကြီးတွေဟာ အရင်က သူတို့ မြို့ပြင်တပ်မတွေ စခန်းချအသုံးပြုခဲ့တာတွေ ဖြစ်မှာပဲ၊ အခုတော့ သင်းတို့ ရဲမက်တပ်တွေ အားလုံး မြို့ရိုးတွင်းရောက်ကုန်ကြပြီ၊ ထိုတဲကြီးတွေမှာ ဘယ်သူမှမရှိတော့ဘူး"

မင်းကန်စီမှာလိုက်သည့် စကားများကို မတ်သံလုံ ပြန်၍ ကြားယောင်လိုက်သည်။

မျက်စိအမြင်ကို အမြင့်ဆုံးအသုံးချ၍ အဝေးဆီသို့ လှမ်းမျှော်ကြည့်သည်။

မြို့ရိုးအရှေ့မြောက်ထောင့်စပ်တွင် မင်းကန်စီပြောလိုက်သည့် ခနိုတဲကြီးများ၏ အမိုးများကို နေရောင်အောက်တွင် မှိုင်းညို့စွာ တွေ့လိုက်ရသည်။ မတ်သံလုံသည် ပိန္နဲပင်ပေါ်မှ ဆင်း၍ ခရာဆူးခြုံများကို အကာအကွယ်ပြုလျက် အရှေ့မြောက်ဆီသို့ ဦးတည်သွားလိုက်သည်။

တောအုပ်ပေါ်သို့ နံနက်နေခြည် ဖြန့်ကျက်မိချိန်တွင် မတ်သံလုံ ခနိုတဲကြီးများရှေ့သို့ ရောက်သည်။ သူ့ချုပ်ဝတ်မိန်ညိုတွင် ချွေးများရွှဲနေပြီ ဖြစ်သည်။ ခရာဆူးနှင့် နဘူးခြုံများမှ ဆူးခက်များကြောင့် သူ့ခြေထောက်နှင့် လက်ဖျံတို့တွင် သွေးသံရဲရဲ ဖြစ်နေသည်။

"သူတို့ စခန်းချစဉ်က မီးဖို့ဖို့ စုထားခဲ့ဟန်တူတယ်၊ အဲဒီ ခနိုတဲတွေ အနီးမှာ ယင်းစိုက်ဖို့ သစ်လုံးတွေ စုပုံထားတာ တွေ့ရလိမ့်မယ်၊ သစ်လုံးတွေကို အနီးအနားက နွယ်တွေရှာပြီး ဖောင်ဖွဲ့ပေတော့"

မင်းကန်စီ မှာသည့်အတိုင်း မတ်သံလုံ စတင်လှုပ်ရှားသည်။

ခနိုတဲကြီးတစ်လုံး၏ နောက်တွင် သစ်လုံးများကို တွေ့ရသည်။

ကညင်ပင်နှင့် ဒညင်းပင်ကြီးများကို နွယ်တက်နေသည့် နွယ်များကို မတ်သံလုံ ဓားလွှယ်ဖြင့် ဖြတ်ယူသည်။ဖြတ်ယူသည် ဆိုစေကာမူ အပင်ပေါ်ရှိ ကျေးငှက်များ လန့်ကုန်လျှင် မြို့ရိုးဆီမှ ရန်သူများ ကြားမည်ဖြစ်၍ သေသပ်တိကျစွာ ဖိကြိတ် လှီးဖြတ်ယူရသည်။ တပေါင်းနေသည် အပူရှိန်ကို ရှတ်ခြည်း လွှင့်ထုတ်သည်။ မတ်သံလုံတစ်ကိုယ်လုံး ချွေးများသည် ကျူးထဲသို့ ဆင်းထားဘိသကဲ့သို့ ဖြစ်နေသည်။ [illegible] လုံလောက်သော နွယ်ပင်များကို ရပြီးသောအခါ သစ်လုံးများကို ဖောင် [illegible]သည်။ မတ်သံလုံအား ခရီးလမ်းတွင် လေးလံဖင့်နွှဲမည် ဖြစ်သဖြင့် [illegible]ကွပ်၊ ပုဆိန်၊ ရဲကွင်း ယူမသွားရန် မင်းကန်စီက မှာလိုက်သည်။ [illegible]တ်သံလုံတွင် ဓားလွှတ်တစ်ချောင်းသာ ပါသည်။ ဓားလွှတ်ဖြင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးဖောင်ဖြစ်အောင် ခုတ်ဖြတ် ဖွဲ့နှောင်ရသည်။

သစ်လုံးဖောင် သုံးခုပြီးသွားချိန်တွင် မွန်းတည့်နီးပြီဖြစ်လာသည်။

"မတ်သံလုံ လဂွန်းဗျည်းရဲ့ တပေါင်းလ မွန်းတည့်နေဟာ ဒို့များ ဟံသာဝတီထက် ပိုပြီးပူတယ်၊ သစ်ကိုင်းသစ်ရွက်တွေဟာ ကော့ပျံပြီး မီးထတောက်မတတ် ပူပြင်းလာတယ်၊ ပြီးတော့ မွန်းတည့်နီးလေလေ ရေကျူးပေါ်မှာ တိုက်တဲ့ လေဟာ အရှိန်ပိုပြင်းလာလေလေပဲ၊ အချိန်ကို လုပြီး လုပ်၊ မွန်းမတိမ်းစေနဲ့၊ အပူဆုံးနေနဲ့ အပြင်းဆုံးလေကို ရရှိနိုင်အောင်လုပ်ပါ"

ပင်ပန်းလွန်းသည့်ကြားထဲက မင်းကန်စီ၏ စေ့စပ်ဟိကျသော အမှာစကားများကို မတ်သံလုံ အံ့သြ လေးစားနေမိလေသည်။

သစ်လုံးဖောင်များကို ကြီးမားခိုင်ခံ့သော သစ်လုံးတစ်ချောင်းဖြင့် ခက်ခဲစွာ ရွေ့၍ ကျူးရေပြင်ထက်သို့ ချမည်။ ထို့နောက် ခနိုတဲကြီးများကိုဖျက်၍ သစ်လုံးဖောင်ပေါ်သို့ ဆံ့နိုင်သမျှ တင်လိုက်သည်။

ဆောင်းထားသော မောက်တိုမှ အပူရှိန်သည် မတ်သံလုံ၏ ဆံပင်များကို ဖြတ်လျက် ဦးခေါင်းဆီသို့ ကူးပျံ့လာနေသည်။ တက်ကြွဝင်စားလွန်းသောကြောင့် ပါးပြင် အမာရွတ်မှလည်း သွေးတို့ ပေါက်ပေါက် ယိုစီးလာနေသည်။ သို့သော် မတ်သံလုံသည် မွန်းတည့်နေကို မတိမ်းစေရန် အရအမိ ဖမ်းနေသည်။

ခနိုတဲများ အပြည့်အသိပ် တင်ထားသော သစ်လုံးဖောင် သုံးခုစလုံးကို ရေချပြီးသည်နှင့် တစ်ပြိုင်နက် မတ်သံလုံသည် ခါးစည်းကြိုးအတွင်းမှ မီးခတ်ကျောက်ကို ထုတ်ယူလိုက်သည်။ ကျောက်ကို ဟစ်ကြိမ်နှစ်ကြိမ်မျှသာ ခတ်လိုက်ရသည်။ မီးပွင့်လာပြီး သစ်ကိုင်းခြောက်ကို မီးစွဲလေသည်။ မီးစွဲနေသော သစ်ကိုင်းခြောက်ကို ဖောင်များပေါ်သို့ ပစ်တင်လိုက်သည်။

ထို့နောက် မတ်သံလုံသည် သူ့ခြေအောက်သို့ ကြည့်လိုက်သည်။

အရိပ်သည် ခြေအောက်တည့်တည့်သို့ ရောက်လုနီးနေပေပြီ။

မွန်းတည့်တော့မည်။

အကောင်းဆုံး သစ်လုံးတစ်ချောင်းကို ရွေးလျက် အဖျားတစ်ဖက်ကို ညာပခုံးတွင် ထောက်ထားလိုက်သည်။ ရှေ့နောက် ထပ်ဆင့်ထားသော သစ်လုံးဖောင် သုံးခုမှ နောက်ဆုံး ဖောင်၏ နောက်မြီးသို့ အခြားသော အစွန်းတစ်ဖက်ကို ထောက်လိုက်သည်။

ဤအချိန်တွင် မွန်းတည့်သည်။



မတ်သံလုံသည် ရင်အုံတစ်ခုလုံး မောက်ကြွလာအောင် အသက်ကို ပြင်းစွာ ရှူရှိုက်လျက် သစ်လုံးဖောင်များအား ပခုံးတွင် ထောက်ထားသော သစ်လုံးဖြင့် 'ထိုးဝါး'သဖွယ် ကျွန်းအလယ်သို့ ရောက်အောင် ထိုးတော့သည်။ မွန်းတည့်နေနှင့် လေပြင်းတို့သည် မတ်သံလုံအား ကောင်းချီးပေးကြသည်။ ဖောင်ပေါ်မှ ခနိုများသည် ရုတ်ချည်းပင် အလဲဘည်းညီးသော မီးတောက်ကြီးများ ဖြစ်ပေါ်လာနေသည်။

လဂွန်းဗျည်းမြို့ရိုး ပြဝက်ခရီးခန့်မျှ ထိုးဝါးထိုးလိုက်ပြီးသော အခါ ဖောင်များသည် ရွက်ကုန်ဖွင့်သော လှေပမာ ကျွန်းတစ်လျှောက်သို့ လျင်မြန်စွာ ပြေးလေသည်။ မီးတောက်ကြီးများသည် တဝုန်းဝုန်းအသံကို ပြုလျက် လဂွန်းဗျည်း၏ မြို့ရိုးဘက်ဆီသို့ အဟုန်ပြင်းစွာ ရွေ့လျားသွားလေသည်။

လဂွန်းဗျည်းမြို့ရိုး၏ မြို့ပြင် မြေကျူးတွင်ရှိသော တပ်မများ၏ ခြင်းစောင်းများရှိရာအရပ်သို့ . . . ။

* * *

လဂွန်းဗျည်းမြို့ အရှေ့မုခ် တံတားပေါ်တွင် မှီရင်း မင်းကန်စီသည် မတ်သံလုံ၏ ပခုံးကို နှစ်ခြိုက်စွာ ပုတ်လိုက်သည်။ မတ်သံလုံမှာ မြို့ရိုးမုခ်ဦးမှတစ်ဆင့် မြို့ထဲသို့ ဝင်သွားသော သုံ့ပန်းများကို ငေးမောကြည့်နေသည်။

"မတ်သံလုံ၊ သူ့ရှင်ကတော့ မင်းကို အပါးခေါ်ထားတော့မယ် ထင်တယ်၊ မင်းကြီး သံဖြတ်ကို စောစောက မေးနေသံ ကြားတယ်"

မတ်သံလုံ စကားပြန်မပြော။ တံတား၏ ပြဒါးသုတ်ထားသော သက်ရှမ်းတိုင်နီနီကို ဆုပ်ကိုင်ရင်း စိမ်းမှောင်သော ကျူးရေပြင်ထဲသို့ ငုံ့ကြည့်သည်။ ကျူးရေပြင်တွင် ကြာတို့ မရှိကြ။ စောစောကမှ ပြီးသွားခဲ့သည့် တိုက်ပွဲ၏ အကြွင်းအကျန်များဖြင့် ပြည့်နေသည်။ ရဲမက် စစ်မြင်းအလောင်းများ၊ ခါးကျိုး၊ လုံကျိုးနှင့် တွန့်လိမ်ကောက်ကွေးနေသည့် ဒိုင်းလွှားများ။

"လဂွန်းဗျည်း တိုက်ပွဲရဲ့ နိဒါန်းကို မင်း လှလှပပ ဖွင့်နိုင်ခဲ့လို့ လဂွန်းဗျည်းကို ငါတို့ ရတာပဲ၊ မင်းဟာ ငါတို့ ထင်တာထက်ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



တိကျလျင်မြန်တယ်၊ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာတယ်၊ အမောအကြမ်း ခံနိုင်စွမ်းတယ်၊ မင်းဟာ သူရဲကောင်းပဲ မတ်သံလုံ"

မတ်သံလုံက စကားပြန်မဖြေ။ မြို့တောင်ဘက်ဆီသို့ လှည့်ငေးနေပြန်သည်။ မြို့ထောင့်တွင် သူ မီးဖောင်တိုက်ရှို့ခဲ့သည့် မြင်းဇောင်းမှ မီးခိုးလုံးများ အလိပ်လိုက် ဟက်နေဆဲ ဖြစ်သည်။

"တောအုပ်မှာ တပ်ချစဉ် သူ့ရှင်က လူရွေးခိုင်းလို့ ငါ လူရွေးတော့ မင်းကို တွေ့လိုက်စဉ်တုန်းက ငါ့ကို ကြည့်ရင်း မင်းမျက်နှာပြင် နီရဲလာပြီး မင်းပါးပြင်က အမာရွတ် သွေးစို့လာကတည်းက ဒီအရေးအရာကို မင်းတစ်ဦးတည်းသာ အထမြောက်အောင် စွမ်းဆောင်နိုင်မယ်လို့ ငါက ယုံကြည်လိုက်တာကလား"

မတ်သံလုံသည် မင်းကန်စီဘက်သို့ ပြန်လှည့်လိုက်လေသည်။ သူ့မျက်နှာမှာ နံနက်ခင်းနှင့် နေ့ခင်းအချိန်တုန်းကလို သွေးရောင်မသန်းတော့။ အားအင်ဆုတ်ယုတ်သူပမာ ဖြူရော်ရော် ဖြစ်နေသည်။

"မတ်သံလုံ မင်းမျက်နှာတွေ ဖြူရော်နေတယ်၊ မင်း သိပ်ပင်ပန်းနေတယ်၊ အနားယူလိုက်"

ထိုအခါမှပင် မတ်သံလုံက သက်ပြင်းချလေသည်။

"ကျွန်တော် လဂွန်းဗျည်းစစ်မှာ ရန်သူ တစ်ယောက်တလေနဲ့မှ မျက်နှာချင်း မဆိုင်လိုက်ရဘူး၊ ကျွန်တော့်ဓား သွေးတစ်စက် မစွန်းခဲ့ဘူး"

ညိုရင်းအား နှစ်သိမ့်သော အစ်ကို၏ အပြုံးမျိုးဖြင့် မင်းကန်စီ ပြုံးလိုက်သည်။

"ဘယ်ဟုတ်မလဲ ငါ့ညီ၊ မင်းဓားမှာ ရန်သူအားလုံးရဲ့ သွေးစွန်းနိုင်ခဲ့တယ်ဆိုတာ မင်း မသိဘူးလား၊ ငါမှာလိုက်တဲ့အတိုင်း မင်း တိတိကျကျ ခက်ခက်ခဲခဲ စွမ်းဆောင်နိုင်ခဲ့လို့ လဂွန်းဗျည်းကို ငါတို့ တိုက်နိုင်တာပဲ၊ မင်း မျှောလိုက်တဲ့ သစ်ဖောင်ကြောင့် သူတို့ မြင်းဇောင်း မီးစွဲပြီး ရတ်ရတ်သဲသဲဖြစ်၊ ဒီအချိန်မှာ သူ့ရှင်နဲ့ တကွသော တပ်မင်းတွေရဲ့ တပ်မတွေက မြို့ကို အပြင်းတိုက်၊ လဂွန်းဗျည်းမြို့စား ဘော်လဂွန်းလည်း မခံနိုင်တော့၊ ဆင်နဲ့ ထွက်အပြေးမှာ သင်းကို အသေရလိုက်တာပဲ မဟုတ်လား၊ စစ်ထိုး အစီအမံတွေရဲ့ အညာဖြစ်တဲ့ စစ်လှန့်ကို မင်း တစ်ယောက်တည်းနဲ့ စတင်နိုင်ခဲ့တယ် မဟုတ်လား"



"အခု ဘောလဂွန်း ကျသွားပြီလား"

"အေး ကျသွားပြီ"

"ဘောလဂွန်းအကြီးပေါ့၊ ဟုတ်လား မင်းကန်စီ"

"ဟုတ်တယ်လေ၊ အဲဗြဗုန်သား ဘောလဂွန်းအကြီး၊ ဘောလဂွန်းအငယ်ကိုတော့ မင်းကိုယ်တိုင် တရည်းတိုက်ပွဲမှာ အဲမောင်းနဲ့ သုတ်သင်လိုက်ပြီ မဟုတ်လား၊ မင်းကြီးသံဖြတ်ဆီက ငါအားလုံး အကျိုးအကြောင်း သိရပြီးပြီ"

"အားလုံး အကျိုးအကြောင်း"

မတ်သံလုံ၏ မျက်လုံးများသည် ရုတ်တရက် ရီဝေသွားသည်။ ဘရည်းတိုက်ပွဲ၊ အဲမောင်း၊ ဘောလဂွန်းအငယ်ဆိုသော အမည်နာမများသည် သူ့ရင်တွင်းသို့ ပွဲတင်ရိုက်သွားသည်။ လူရေးလူရာ လိမ္မာလှသော မင်းကန်စီသည် မတ်သံလုံ၏ ရီဝေသော မျက်လုံးများမှ တစ်ဆင့် မတ်သံလုံ၏ စိတ်ကို ထွင်းဖောက် တွေ့မြင်သွားလေသည်။

"မတ်သံလုံ"

မင်းကန်စီ၏အသံ ပို၍ ဆူညံသွားသည်။

"နှင်းပန်းခိုင်အကြောင်း မင်း တွေးနေသလား"

တစ်ချိန်လုံး လှုပ်ရှားမှုကင်းနေသော မတ်သံလုံ၏ အမူအရာသည် ရုတ်ခြည်းပင် မုန်ယိုလာသော တိုက်ဆင်တစ်ကောင်လို ဖြစ်သွားသည်။ အလိုအလျောက်ပင် ပါးပြင်ပေါ်ရှိ အမာရွတ်ကို လက်နှင့် ခမ်းလိုက်မိသည်။

"နှင်းပန်းခိုင်ကို ကျွန်တော် ဘယ်မှာမေ့လို့ ရပါ့မလဲ မင်းကြီး၊ ကျွန်တော်ဟာ စစ်အမှုတော်ထမ်း၊ ကျွန်တော့် ကမ္ဘာလောကထဲမှာ ဓား၊ လှံလျှင်၊ အဲမောင်း၊ ဒိုင်း၊ လွှား၊ လေး၊ မြား၊ တိုက်ဆင်၊ စစ်မြင်း ဒါတွေပဲရှိတယ်၊ ဒါတွေအားလုံးဟာလည်း နှင်းပန်းခိုင်နဲ့ ဆက်စပ်နေတယ်။ နှင်းဟာ ကျွန်တော့်ရင်ခွင်ထဲမှာ သွေးသံရဲရဲနဲ့ ကွယ်လွန်ခဲ့တယ်၊ သူ့ရင်အုံမှာ စိုက်ဝင်နေတဲ့ မြားတံကို ကျွန်တော်ကိုယ်တိုင် ဆွဲနုတ်ခဲ့ရတယ်၊ ပြီးတော့ အဲဒီ မြားတံလာမယ့် သူ့ရဲခိုပေါ်မှာမှ နှင်းရောက်နေအောင် လုပ်ခဲ့တာ ကျွန်တော်၊ တကယ်တော့ ချစ်သူကို သတ်ခဲ့တာ ကျွန်တော်ကိုယ်တိုင်"

မတ်သံလုံ စကားကို ဆုံးအောင် မပြောနိုင်၊ လက်ရုံးအိုးနှစ်ခုကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ မင်းကန်စီက လက်ရုံးတင်းကျပ်ဆုပ်ကိုင်ထားသော မတ်သံလုံ၏ လက်ပေါ်သို့ နူးညံ့စွာ လက်ဖြင့်

www.burmeseclassic.com



အပ်မိုးလိုက်လေသည်။

စစ်ရှုံးရန်သူတို့၏ တိုက်ဆင်များကို တံကားပေါ်မှ ဖြတ်၍ မြို့တွင်းသို့ သွင်းလာသည့်အတွက် သူတို့ရပ်နေရာတွင် အသံများ ဆူညံသွားသည်။ မင်းကန်စီ စကားဆက်ပြောခွင့် မရသေး။ တိုက်ဆင် ဦးကင်းပေါ်တွင် ချွန်းကိုင်လာသော ရဲမက်များက မတ်သံလုံကို မြင်သော အခါ ချွန်းကို မြှောက်၍ အော်သွားကြသည်။

"သူရဲကောင်း မတ်သံလုံ"

"လဝွန်းဗျည်း တိုက်ပွဲရဲ့ တိုက်စစ်မှူး မတ်သံလုံ"

"သံလုံငယ်ရေ ဂုဏ်ပြုပါတယ်ဟေ့"

တိုက်ဆင်များအားလုံး မြို့တွင်းဝင်သွားပြီးမှ အသံစဲသွားသည်။ မင်းကန်စီသည် မတ်သံလုံ၏ လက်ကို နွေးနွေးထွေးထွေး ဆုပ်လိုက်သည်။

"ကြားလား မတ်သံလုံ၊ အဲဒါတွေဟာလည်း မင်းရဲ့ချစ်သူတွေ ပဲပေါ့၊ နှင်းပန်းခိုင်အတွက် ဥပါဒါန်မထားနဲ့၊ နှင်းပန်းခိုင်ရဲ့ သူရဲကောင်းမ ဝိညာဉ်ဟာ မင်းအပါးမှာ အမြဲ ခိုဝင် လိုက်ပါနေ တယ်လို့ မှတ်စမ်းပါ ငါ့ညီ၊ ပြီးတော့ နှင်းပန်းခိုင် ဝိညာဉ်က မင်းကို အမြဲမပြတ် နှိုးဆော်နေတယ်၊ ရန်သူကို တိုက်ပါ၊ ရန်သူ ကို တိုက်ပါ၊ သူရဲကောင်းနှလုံးသားကို ထာဝရ ပိုင်ဆိုင်ထားပါ လို့"

"သူရဲကောင်းနှလုံးသားဆိုတဲ့ထဲမှာ ချစ်သူအတွက် ဥပါဒါန် မရှိရ ဘူးလား မင်းကြီး"

"မရှိရဘူး"

မင်းကန်စီက ပြတ်သားတိကျစွာ မဆိုင်းမတွ ဖြေသည်။

"မင်းသိပြီ ဖြစ်ကောင်းဖြစ်ပေမယ်၊ ငါဟာ အခုလို ရာဇမနုဘွဲ့ရ မင်းကန်စီမဖြစ်ခင်၊ သူ့ရှင်ရဲ့ လက်ရုံးတစ်ဆူ မဖြစ်ခင်က ငါ့ရွာ မှာ ရှင်ဗုဒ္ဓဉာဏဘွဲ့နဲ့ ကိုရင်၊ အင်မတန်အေးချမ်းတဲ့ သာသနာ့ သားတော်၊ အင်မတန်အေးငြိမ်းချမ်းမြေ့တဲ့ဘဝ၊ ဒါပေမဲ့ အခုဟံသာ ဝတီ နေပြည်တော်ကြီးအတွက်၊ အရှင်သစ်ဖြစ်တဲ့ သူ့ရှင် ရာဇာဓိ ရာဇ်အတွက် ပြီးတော့ ခိုင်ဖြိုးတဲ့ ရာမညနိုင်ငံတော်ကြီး ဖြစ်ရေး အတွက်၊ ငါ့ဘဝဟောင်းကို ငါ လုံးဝဥဿုံ စွန့်ခဲ့ပြီး ဥပါဒါန် မှန်သမျှလည်း ဖျောက်ခဲ့ပြီ၊ ငါလို နှလုံးရည်သမားကသော်မှ ဒီလို ပြတ်သားနိုင်သေးရင် သူရဲကောင်းစင်စစ်ဖြစ်တဲ့ မင်းက ပိုပြီး..."



"မင်းကြီး ကျွန်တော်သိဟာ နှစ်ခုပဲရှိတယ်၊ နှင်းပန်းခိုင်ကို ချစ် တယ်၊ စောအဲဗညားကို မုန်းတယ်"

မတ်သံလုံ၏ လေသံ တင်းမာလွန်းသဖြင့် မင်းကန်စီ အံ့ဩသွား သည်။

"နှင်းပန်းခိုင်ရယ်၊ ပြီးတော့ ရန်သူကို သုတ်သင်ဖို့ရယ်၊ ဒါပေမဲ့ ကျွန်တော် နားလည်တယ် မင်းကြီး၊ အရင်ကဆို ကျွန်တော့် ညာလက်ထဲမှာ ဓား၊ အဲမောင်း၊ လှံ၊ ဘယ်လက်မှာ နှင်း၊ အခုတော့ ကျွန်တော်ဘယ်လက်မှာ နှင်းမရှိတော့ဘူး၊ လစ်ဟာနေ တဲ့ ဘယ်လက်ထဲကို နောက်ထပ် ဓား၊ အဲမောင်း၊ လှံတံပဲ ထွဲကိုင်တော့တယ်၊ အဲမောင်းနှစ်ချောင်းကို ဘယ်ညာကိုင်ရင်းနဲ့ ကျွန်တော့် ရင်ဘတ်ထဲမှာ နှင်းကို တသသ ဖြစ်နေဦးမယ်"

မင်းကန်စီသည် ပါးပြင် အမာရွတ်နှင့် နှုတ်ခမ်းမွေးစစပို့ကြောင့် ရင့်ရော်ဟန်ရှိနေသော်လည်း ကလေးငယ်၏ မျက်လုံးများဖြင့် နုပျိုမှုကို အထင်အရှား ဆောင်လျက်ရှိသေးသည့် မတ်သံလုံ၏ မျက်နှာကို ကြင်နာစွာ ငေးကြည့်မိနေလေသည်။

"ငါ့ညီ ဟံသာဝတီ နေပြည်တော်၊ ရာမည နိုင်ငံတော်၊ သူ့ရှင် ရာဇာဓိရာဇ်၊ ဒါတွေ မင်းရင်ထဲမှာ ရှိတယ်မဟုတ်လား၊ ပြီးတော့ မင်းနဲ့အတူ တိုက်ပွဲပေါင်းများစွာ တိုက်ခိုက်ခဲ့တဲ့ အိုစား ရဲမက် သွေးသောက်တွေ..."

"ကျွန်တော် ဘာမှမသိဘူး၊ မင်းကြီးပြောတာတွေ ကျွန်တော့် ရင်ထဲမှာလည်း ရှိမယ်မထင်ပါဘူး၊ အဲဒါတွေ ကျွန်တော် နား မလည်ဘူး၊ ကျွန်တော်ဟာ တပ်မှူးငယ်၊ မင်းကြီးတို့ပေးတဲ့ အမိန့် တော်အတိုင်း သက်ငင်ဆံကျွတ် အမှုထမ်းမယ်၊ စစ်တိုက်မယ် ပြီးတော့"

မတ်သံလုံသည် လဝွန်းဗျည်း မြို့ရိုးထက်ရှိ ပြာသာဒ်တစ်ခု၏ ရှေ့ စောင်းနေသော အချွန်၊ ဖျားတစ်ခုကို မျှော်ကြည့်လိုက်ပြီးမှ မင်း ကန်စီဘက်သို့ ပြန်လှည့်သည်။ ထို့နောက် မျက်စိအစုံကို တင်းကျပ်စွာ ပိတ်လိုက်...။

"ကျွန်တော် နှင်းပန်းခိုင်ကို ချစ်တယ်၊ စောအဲဗညားကို မုန်း တယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

## မွေ့ကေသာ စောသံမှုန်

ရှေ့မှောက်တွင် ချထားသော 'မိကျောင်းစောင်း တူရိယာ'ပေါ်သို့ မျက်နှာအပ်၍ တနင့်တပိုး မြည်တမ်းမိသည်။ တနင့်တပိုး မြည်တမ်း မိသည်။

"စောသံမှုန်ကို ချစ်တယ်၊ မဟာဒေဝီကို မုန်းတယ်"ဟု။

ချစ်ရသူနှင့် ကွေကွင်းရသည်မှာ ကြီးစွာသော ဒုက္ခဆင်းရဲ။

ထိုဒုက္ခဆင်းရဲအတွက် နှလုံးကြေကွဲ ငိုပွဲဆင်ရသည်မှာလည်း ဒုက္ခဆင်းရဲ။

သည့်ထက် ပေါက်ကွဲလွင့်စဉ်အံ့သော ဝေဒနာကို မျိုသိပ်လျက် လျှို့ဝှက်စွာ ငိုကြွေးရမည်ဆိုလျှင်မူကား ခံနိုင်စွမ်း မရှိတော့။

ခံနိုင်စွမ်းမရှိနိုင်သော ဝေဒနာကို မွေ့ကေသာ အသည်း ဆတ် ဆတ်ခါမျှ ခံစားရသည်။



မွေ့ကေသာ လျှို့ဝှက်စွာ ငိုရသည်။

မျက်ရည်ကျသည်ကိုမှ အခြားတစ်ပါးသူ မသိစေရအောင်။

အို မွေ့ကေသာ တစ်စုံတစ်ယောက်ကို တမ်း၍ ငိုရသည်ဆိုခြင်း ကို ကမ္ဘာလောကတွင် မည်သူမျှ သိ၍ မဖြစ်ပါ။ မည်သူမျှ ကြား၍ မဖြစ်ပါ။

"အမောင်ရယ် စောသံမှုန်ရယ်"ဟူ၍။

ချစ်သူကို နှုတ်ကသော်မှ ထုတ်ဖော်၍ တမ်းတခွင့်မရှိ၊ ထွက်ပေါ် သာအံ့သောအသံကို ပင်ပန်းကြီးစွာ မျိုသိပ်ရသည်။ မျိုသိပ်ရဖန်များသော အခါ သောက ပရိဒေဝ အစိုင်အခဲသည် သိပ်သည်းခြင်း များစွာတို့ဖြင့် ကျစ်လျစ်သွားသည်။ ထိုအခါ ပထဝီမြေထု၏ အဆမတန် ဖိနှိပ်မှုကို ခံရသော ကျောက်သားပြင်သည် မာကျောသော၊ 'စိန်'အဖြစ် ပြောင်းလဲ သွားရသကဲ့သို့...။

မွေ့ကေသာ၏ ပရိဒေဝသည် အဆမတန် မျိုသိပ်မှု၏ ဖိနှိပ်ခြင်း အောက်တွင် တင်းမာသော အမျက်အချစ်သို့ ပြောင်းလဲသွားခဲ့သည်။ မွေ့ကေသာ ပြောင်းလဲသွားခဲ့သည်။ မွေ့ကေသာ မငိုတော့။ မွေ့ကေသာ ရှေတ်တမ်းတခြင်းမပြုတော့။ မွေ့ကေသာ၏ မျက်လုံးညို မျက်ဝန်း ဘို့တွင် မျက်ရည်စတို့ မဥတော့။ စူးရှတောက်ပြောင်သော မျက်လုံး များ ဖြစ်လာသည်။ မမှိတ်မသုန် စေ့စေ့ကြည့်တတ်သော မျက်လုံးများ ဖြစ်လာသည်။

ဟံသာဝတီရွှေနန်းတော်မှ သူရဲကောင်းတို့ ကိုင်ဆောင်သော လေးကိုင်းသဖွယ် လုပစွာ ကွေးညွတ်ဖူးကြွသော နှုတ်ခမ်းမြွာတို့သည် ပန်းဆီရောင်တို့ဖြင့် ပြည့်လျှမ်းလာသည်။ ထိုနှုတ်ခမ်းမြွာမှ ပွင့်ဟလာ သော စကားတို့သည်...။

"မဟာဒေဝီကို မုန်းတယ်၊ မဟာဒေဝီကိုမုန်း..."

"ဟဲ့ မွေ့နှင်း"

ပွင့်ထွက်ဆဲစကားတို့ မွေ့ကေသာ၏ နှုတ်ခမ်းဝတွင် ရပ်တန့် သွားသည်။ ရာဇမန်အပြည့်ပါသော ခေါ်သံကြောင့် မွေ့ကေသာ လှည့် ကြည့်လိုက်သည်။

"မွေ့နှင်း နင် ဘာဖြစ်နေတာလဲ၊ နံ့သာပေါင်းအဆီ ပြီထား ဖို့ ငါပြောနေတယ် ကြားရဲ့လား"

မဟာဒေဝီသည် ရင်သိုင်းတဘက်ကို တင်းကျပ်စွာပတ်၍

www.burmeseclassic.com

www.burmeseclassic.com



မွေ့ကေသာကို စူးစူးရှရှ ကြည့်နေသည်။ မွေ့ကေသာ၏ အမည်ကို မဟာဒေဝီက မွေ့နှင်းဟုသာ သိထားသည်။ မွေ့နှင်းဟု ခေါ်သည်။ မဟာဒေဝီ၏ မျက်လုံးများကို မွေ့ကေသာ ရင်ဆိုင်မကြည့်လို၊ တန်ပြန်မကြည့်လို၊ မဟာဒေဝီ၏ မျက်လုံးများကို မွေ့ကေသာ ကြောက်၍ မဟုတ်။ တန်ပြန်ကြည့်လျှင် မွေ့ကေသာ မျက်လုံးထဲမှ အခိုးအလျှံများ ထုတ်လွှတ်မိမည်ကို စိုးရိမ်သောကြောင့် . . .။

"ပြောနေတာ မကြားဘူးလား၊ နံ့သာပေါင်းအဆီ ပြင်ထားစမ်း ညနေစောင်းမှာ ငါနဲ့သမိန်မရူ၊ ဗညားနွဲ့မင်းသားဆီ သွားစရာရှိတယ်၊ နင်ပါလိုက်ခဲ့ရမယ်"

"မှန်ပါ"

'မိကျောင်းစောင်း' ရှေ့မှ မွေ့ကေသာ ခွာခဲ့၏။ နံ့သာနှင့် အခြား အမွှေးအကြိုင်များထားသော အဆောင်ထဲသို့ ဝင်သည်။ အသုံးပြုနေကျ နံ့သာပေါင်းအဆီကို ရောစပ်ရမည်။ ထို့နောက် မဟာဒေဝီပတ်ဆင်မည့် ဝတ်လွှာ၊ ရင်သိုင်းတဘက်၊ မြိတ်စို့၊ အနုတပ်အင်္ကျီများကို နံ့သာပေါင်းအဆီ သုတ်လိမ်းပေးရမည်။

မဟာဒေဝီ ကိုင်ဆောင်သည့် စာမရီ သားမွေးယပ်တောင်တွင်လည်း နံ့သာပေါင်းအဆီကို ဆွတ်ဖျန်းပေးရဦးမည်။ ယုတ်စွအဆုံး ညနေတွင် မဟာဒေဝီစီးမည့် ဝေါယာဉ်တော်၏ အတွင်းဘက် ကမ္ဗလာ ပါ ဖုံထက်မှာပင် နံ့သာပေါင်းအဆီကို ပက်ဖျန်းပေးရမည်။

မွေ့ကေသာသည် နံ့သာပေါင်းအဆီကို ရောစပ်ရင်း အသံမထွက်သော စကားလုံးတို့ဖြင့် ရေရွတ်လိုက်လေသည်။

"နံ့သာပေါင်းအဆီတွေနဲ့ တော်ကြီး တစ်ကိုယ်လုံး ဘယ်လိုပဲ မွှေးကြိုင်အောင်လုပ်လုပ် တော်ကြီးရဲ့နှလုံးသားက အပုပ်နံ့ကို ဖုံးဖိလို့ ရမယ်ထင်သလား။ ဟံသာဝတီ နေပြည်တော်တစ်ခုလုံး တော်ကြီးရဲ့ အပုပ်နံ့ကို အသိ၊ ကျုပ်က ပိုသိတယ်၊ ကျုပ်က ပိုသိတယ်၊ ကျုပ် . . . ကျုပ်က အသက်မက ချစ်သူတစ်ယောက်လုံးကို ဆုံးရှုံးရသူ မဟုတ်လား၊ ကျုပ်ချစ်သူကို ကျုပ်နဲ့ကွေ့ကွင်းအောင် တော်ကြီးပဲ ခွင်းခဲ့တာမဟုတ်လား မဟာဒေဝီ"

* * *



လွန်ခဲ့သော တစ်နှစ်ကမူ မွေ့ကေသာသည် သည်လို ရင့်သီးခက်ထန်သော အတွေးမျိုးကို ယောင်လို့များပင် မတွေးဖူးသော ပကတိ နူးညံ့သော ကျေးတောသူမတစ်ယောက် ဖြစ်ခဲ့သည်။ မဟာဒေဝီကိုလည်း မသိ၊ ရွှေနန်းတော်ကိုလည်းမသိ၊ ဗညားဦးဆင်ဖြူရှင် မင်းတရားကိုလည်း မသိ။ ဗညားနွဲ့မင်းသားကိုလည်း မသိ။

မွေ့ကေသာ သိသည်မှာ နှစ်ခုသာရှိသည်။

မော်ဓောစေတီရင်ပြင်ထက်တွင် ကိုယ်တိုင်စိုက်ပျိုးထားသော ပန်းပေါင်းစုံကို ဘုရားဖူးတို့အား ရောင်းရန် ပြီးတော့ . . .။

မောဓောစေတီတော်၏ သင်ပုတ်ပုလ္လင်တော်မှ ဆွမ်းကြွင်းဟင်းကျန်များကို သိမ်းဆည်း သန့်ရှင်းရသည့် ချစ်သူ စောသံမုန်၏ ရင်ခွင်။

အို . . . နှစ်ခုမဟုတ် တစ်ခုတည်းဟုလည်း ဆိုနိုင်သည်။

ချစ်သောအမောင် စောသံမုန်၏ ရင်ခွင်သည် မွေ့ကေသာ၏ ပန်းခင်းမှ ပန်းများနှင့်ထပ်တူ နွေးထွေးမွှေးပျံ့လွန်းသည်။ အမောင့်ရင်ခွင်ကျယ်ကြီးသည် ပန်းကော်ဇော၊ ပန်းစက်ရာ ပမာတမျှ။

"ကေသာ ဒီနေ့ယူလာတဲ့ ပန်းတွေက မွှေးလိုက်တာကွယ်၊ ဟိုတစ်နေ့က ပန်းတွေထက် ပိုပြီးမွှေးနေတယ်လို့ အမောင်ထင်တာပဲ"

ထိတ်ထိတ်ခုန်သော ရင်တို့ဖြင့် မွေ့ပိုက်လာသော အင်ကြင်းပန်းကို မွေ့ကေသာ ခုံပေါ်သို့ တင်လိုက်သည်။ အမောင်၏ စူးရှလွန်းသော မျက်လုံးကြီးများကို မွေ့ကေသာ မော်မကြည့်ရဲ။ ရှက်စနိုးဖြင့် နှင်းစွတ်ရေများ သီးနေသည့် အင်ကြင်းပန်းများကိုသာ မခွာတမ်း စိုက်ကြည့်နေမိတော့သည်။

"ကေသာစိုက်တဲ့ ပန်းတွေက တစ်နေ့ထက်တစ်နေ့ ပိုပြီးလှလာ . . ."

"အို . . ."

အမောင့်စကား သည်မျှထိ ရဲတင်းလာသည်ကို မွေ့ကေသာ မကြားရဲ။

စောသံမုန်သည် တဟားဟားရယ်လျက် အင်ကြင်းပန်းများနှင့်အတူ မွေ့ကေသာ၏ လက်တို့ကို တမွေ့တပိုက် ဆုပ်ကိုင်လိုက်လေသည်။

"အမောင် ပန်းသည်တွေ မြင်ရော့မယ်၊ လွှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးသိနေကြတာပဲ ကေသာရယ်၊ မြင်ကြပါစေ၊ တွေ့ကြပါစေ၊ မော်ဓောစေတီတော်ပေါ်က သင်ပုတ်ပလ္လင် ဆွမ်းကြွင်းဟင်းကျန် စွန့်တဲ့ ဘုရားအမှုတော်ထမ်း ကျွန်ပ် စောသံမုန်နဲ့ စေတီရင်ပြင်ပေါ်မှ ပန်းသည်မလေး မွေ့ကေသာတို့သည် အသက်မက ချစ်မြတ်နိုးသူများ ဖြစ်ကြပါကြောင်း မော်ဓောစေတီတော် တစ်ဝိုက်ရှိ လှည်းနေ လေအောင်း မြင်းဓောင်းမကျန် သိရှိနားလည်ထားကြပါကြောင်း..."

"တော်ပါတော့ အမောင်ရယ်၊ ကေသာ ရှက်ပါတယ်..."

မွေ့ကေသာ၏ မျက်နှာ အင်ကြင်းပန်း ဝတ်ဆံများကဲ့သို့ နီရဲသည်။

စောသံမုန်သည် အရှက်အကြောက် ကြီးလှသော ချစ်သူကို စေ့စေ့ကြည့်လျက် တဖြည်းဖြည်း မျက်နှာတည်သွားသည်။ ယခုမှပင် မွေ့ကေသာသည် စောသံမုန်ကို မော်ကြည့်ရဲတော့သည်။ တည်သော မျက်နှာသည် ပကတိ ယောကျ်ားပီသလှဘိခြင်းဟု မွေ့ကေသာ တွေးမိသည်။ စောသံမုန်ကို အားကိုးအားထား ရှိမိလေသည်။

တကယ်လည်း မွေ့ကေသာအတွက် ချစ်သူမှတစ်ပါး အားကိုးအားထားပြုရမည့်သူမရှိ။ အမိကိုလည်း မွေ့ကေသာ မတွေ့မမြင်ဖူးခဲ့။ မိတဆိုးသမီး မွေ့ကေသာကို အဖကလည်း စောစီးစွာပင် လောကအလယ် မျက်နှာငယ်နှင့် ထားရစ်ခဲ့သည်။ အဖပါ ကွယ်လွန်သွားပြီးနောက်တွင် အဖထားရစ်ခဲ့သော ခြံဝိုင်းလေးတစ်ခု၊ တဲလေးတစ်လုံး၊ ပန်းခင်းလေးတစ်ခင်းကိုသာ ဤကမ္ဘာမြေပြင်ပေါ်ဝယ် ပိုင်ဆိုင်စရာကျန်ရစ်ခဲ့သည်။

သို့သော် ပန်းပင်ကလေးများမှ ပန်းပွင့်များ ဖူးပွင့်လာအောင် ပြုစုထိန်းသိမ်းရသော ပညာကိုတော့ အဖက အမွေပေးခဲ့နိုင်သည်။ မွေ့ကေသာ၏ ကျွမ်းကျင်နူးညံ့သော လက်ချောင်းများကို ပန်းကလေးများက ချစ်ဟန်တူသည်။ ပန်းခင်းကလေးသည် မွေ့ကေသာ၏ ရင်အုပ်မကွာ စောင့်ရှောက်မှုဖြင့် အဆင်းစုံ၊ ရနံ့စုံ ဝေဆာခဲ့သည်။ သို့ဖြင့်ပင်...

မနက်စောစောထ ညက ခူးပြီး ငှက်ပျောဖက်ဖြင့် ဖွဖွထုပ်ထားသော စံပယ်ပန်းကလေးများကို ကုံးသီ လင်းစအရုဏ်တွင် ချစ်စဖွယ်ပွင့်အာလာကြသော နှင်းဆီပန်းများကို ကိုက်ဖြတ်ခူးယူ၊ အင်ကြင်းနှင့် နှင်းပန်းတို့ကို နီးကြောဖြင့်တုပ်နှောင်၊ ကြက်ရုံးနှင့် ဒေါနတို့ကို အခိုင်လိုက်စုစည်း၊ သပြေညို့ အညွန့်အခက်များကို ဝါပိုးချည်ဖြင့် ပတ်ချည်လျက် မွေ့ကေသာ မော်ဓောဆံတော်ရှင် ကုန်းတော်ပေါ်သို့ တက်သည်။



ပြီးတော့ အနှစ်နှစ် အလလ အဖအသုံးပြုခဲ့သည့် ခုံတန်းယိုင်နဲ့နဲ့ပေါ်တွင် ပါလာသမျှ ပန်းပေါင်းစုံတို့ကို အကန့်လိုက် အကန့်လိုက် ဘင်၍-

"ဆံတော်ရှင်အတွက် ပန်းများ ကပ်လှူပူဇော်လိုကြရင် ကေသာဆီက ဝယ်ကြပါရှင်၊ ဒေါန၊ စံပယ်၊ နှင်းဆီ၊ ကြက်ရုံး၊ အင်ကြင်းနဲ့ သပြေညို ပန်းကလေးတွေပါရှင်"

ဟု မွေ့ကေသာ ညှင်းညှင်းညံ့ညံ့ကလေး ဈေးခေါ်သည်။

ရက်ပေါင်း၊ သီတင်းပတ်ပေါင်း၊ လပေါင်းများစွာ မွေ့ကေသာ ပန်းရောင်းခဲ့သည်။

ပန်းသည်မလေး မွေ့ကေသာကို မော်ဓောဆံတော်ရှင်တစ်ဝိုက် အားလုံး သိရှိကျွမ်းဝင် ရင်းနှီးချစ်ခင်ခဲ့ကြသည်။ မွေ့ကေသာ၏ သေးငယ်သော ကမ္ဘာလောကလေးသည် ပန်းများနှင့်အဟု ရိုးသားလှပခဲ့သည်။

မွေ့ကေသာ သည်တုန်းက အမောင့်ကို တွေ့ရလိမ့်မည်ဟုလည်း မထင်ခဲ့မိ။

စေတီတော်က ဆည်းလည်းသံ၊ ပန်းရနံ့၊ ရင်ပြင်ထက်က အမွှေးရနံ့များအလယ်တွင် မွေ့ကေသာဘဝ ပကတိ ချမ်းမြေ့ခဲ့ဖူးသည်။

သို့သော် မွေ့ကေသာ၏ ချမ်းမြေ့ရိုးစင်းသော ဘဝထဲသို့ စောသံမုန် ဝင်ရောက်လာသော တစ်နံနက်ကား စကတည်းကပင် သဲတုန်ရင်လှိုက်ဖွယ်။

မွေ့ကေသာ မမေ့နိုင်၊ အမောင်လည်း မေ့နိုင်မည်မထင်။

ထိုနေ့နံနက်က မွေ့ကေသာ ဆိုင်ခင်းချိန်တွင် နံနက်အရုဏ်ပင် စေတီတော်ထက်သို့ ကောင်းစွာ မရောက်တတ်သေးပေ။ ဆိုင်ခင်းပြီးချိန်တွင် မွေ့ကေသာ ပြုနေကျအတိုင်း အဦးအဖျားပန်းတို့ကို ဘုရားကပ်ရန် ရင်ပြင်ထက်သို့ တက်ခဲ့သည်။ ရင်ပြင်တော်သည် ပကတိအေးမြနေသည်။ ဆည်းလည်းသံသည် ညှင်းညံ့သော လေပြည်အလယ်တွင် တိုးတိုးတိတ်စွာ ထွက်ပေါ်နေသည်။

ရင်ပြင်ထက်တွင် မည်သူမျှမရောက်သေး၊ မည်သူမျှ မရှိ။ မွေ့ကေသာသည် ပန်းများကို စုကိုင်လျက် ရှင်းသန့်သော

www.burmeseclassic.com

www.burmeseclassic.com



နံနက်လေကို အမှတ်ထင်ထင် ရှူရှိုက်နေမိသည်။ စေတီတော်၏ အရှေ့ဘက် ရင်ပြင်ဆီသို့ လှည့်လာခဲ့သည်။ အရှေ့ဘက်က ပုဇော်မှသာ လင်းစ နေခြည်ဖြာကျနေသော စေတီတော်ကို ဖူးတွေ့နိုင်သည်။

အရှေ့ဘက် ရင်ပြင်သို့ ကွေ့ချိုးရသည့် တနလာထောင့်တွင် ဆွမ်းကြွင်း ဟင်းကျန်များစွန့်သည့် ကြီးမားသော သင်ပုတ် ပလ္လင်ကြီး ရှိသည်။ သင်ပုတ်ပလ္လင်ကြီးနေရာတွင် ည၏ မှောင်ရိပ်တို့ မပြယ်သေး။ နေ၏ အလင်းရောင်တို့ မရောက်သေး။

သင်ပုတ်ပလ္လင်ကြီးဆီမှ မွေ့ကေသာ ဖြတ်လိုက်သည်။

"ဟင်..."

ပလ္လင်ကြီးအောက်ဘက် ရင်ပြင်ပေါ်တွင် လူတစ်ယောက် လဲကျနေသည်။

လင်းစအမှောင်တွင် ကျင့်သားရထားသော မွေ့ကေသာ၏ မျက်လုံးများက ကောင်းစွာ မြင်ရသည်။ လဲကျနေသူကို တိုက်လုအံ့ဆဲဆဲ ဖြစ်သွားပြီးမှ မွေ့ကေသာ ခြေလှမ်းများကို တုံ့ခနဲ ရပ်လိုက်ရသည်။ လဲကျနေသူ၏ မျက်နှာကို မမြင်ရ။

ဆွမ်းကြွင်းဟင်းကျန်များကို စွန့်ရသော အမှုထမ်း မလာမီ တိတ်တဆိတ် လာ၍ခိုးယူသော ဖုန်းတောင်းယာစကာတစ်ဦးဟု မွေ့ကေသာ ထင်လိုက်သည်။ သူလျှောက်လာသည့် ခြေသံကို ကြားသဖြင့် သင်ပုတ်ပလ္လင်၏ အောက်ခြေသို့ လှဲချ၍ အမှောင်ရိပ်ကွယ်ကာ ပုန်းနေခြင်း ဖြစ်သည်ဟုလည်း တွက်လိုက်သည်။

အံ့ဩခြင်းသည် ကြောက်ရွံ့ခြင်းသို့ ကူးပြောင်းသွားသည်။

"ဘယ်သူလဲ၊ ထွက်ခဲ့လေ"

မွေ့ကေသာ စိတ်တင်း၍ ပြောလိုက်သည်။ တုံ့ပြန်သံ မပေါ်လာ။

"ဘယ်သူလဲလို့ ပြောနေတာ မကြားဘူးလား၊ စေတီအစောင့်ကို သွားခေါ်လိုက်ရမလား"

လဲနေသူ သို့မဟုတ် ပုန်းနေသူက အသံမပြု။

မွေ့ကေသာ ရှေ့သို့ တိုးသွားသည်။ မကြာမီ လင်းဖြာလာတော့မည့် နေရောင်ခြည်ကို သတိရမိသဖြင့်လည်း ကြောက်စိတ်တို့ တဖြည်းဖြည်း လျော့ပါးလာသည်။

"အို... ဘုရား၊ ဘုရား"

ပုန်းကွယ်နေခြင်းမဟုတ်ဘဲ လဲကျနေခြင်းဖြစ်ကြောင်း တွေ့ရ



သော့သည်။ လဲကျနေရာမှာလည်း သာမန်အနေအထားအားဖြင့် မဟုတ်။ ဦးခေါင်း နားထင်စွန်းတွင် ညိုမည်းမည်းအကွက်များ စွန်းပေနေသည်။ မျက်လုံးများ မှေးမှိတ်နေသည်။

"ဘုရား ဘုရား၊ သေများ သေနေ..."

မွေ့ကေသာ၏ စိုးရိမ်စိတ် မဆုံးမီမှာပင် လဲကျနေသူသည် ဘစ်ဖက်နံပါးသို့ စောင်းလိုက်သည်။ ဤအချိန်တွင် သင်ပုတ်ပလ္လင်နေရာဆီသို့ လင်းစအရုဏ်၏ နေရောင်တို့ ကောင်းစွာ ဖြာကျလာသည်။

လုလင်ပျိုတစ်ယောက်ဖြစ်သည်။ ဟံသာဝတီ ရွှေနန်းတော်မှ အကြပ်ရဲမက်တို့ ဝတ်ဆင်သော ချပ်မိန်ညို အပေါ်ဝတ်ကို ဝတ်ထားသည်။ သို့သော် ဦးခေါင်းတွင်မူ ရဲမက်တို့ကဲ့သို့ မောက်တို၊ မောက်ရှည် ဆောင်းမထား။ ပဝါဖြူကို လျော့ရဲရဲ ပေါင်းထားသည်။ ပုဆိုးမှာ အောက်ပိုးကျိုက်မထား။ မဲပုဆိုးကို ခါးပုံသိမ်လျက်သာ ဝတ်ထားသည်။ ခေါင်းပေါင်းပဝါသည် သွေးစများဖြင့် ပေကျံနေသည်။ လဲနေသူသည် မျက်လုံးအစုံကို မှေးမှိတ်ထားရင်းက ညည်းတွားနေလေသည်။

ပန်းစည်းများကို သင်ပုတ်ပလ္လင်ပေါ်တင်၍ မွေ့ကေသာ ထိုသူ့အနီးသို့ ဒူးထောက်ထိုင်လိုက်သည်။ နှုတ်ခမ်းမွေးစစရှိသော ယောကျ်ားမျက်နှာကို တွေ့ရသည်။ နှုတ်ခမ်းတို့သည် စေတီရင်ပြင်၏ အေးမြသော အတွေ့ကြောင့် ပြာနှမ်းနှမ်းဖြစ်နေသည်။

နားထင်စပ် ဒဏ်ရာမှ သွေးစတို့သည် မဆိုစလောက် ခြောက်နေကြပြီ ဖြစ်သည်။ ဒဏ်ရာမှ ထွက်ကျလာသော သွေးစီးကြောင်းဘို့ပင်လျှင် ပါးပြင်ထက်၌ ခြောက်နေသည်။ ပန်းစိုက်ပျိုး၍ ပန်းရောင်းသော မွေ့ကေသာ၏ ကြင်နာတတ်သော လက်ချောင်းများသည် အမှတ်မထင် ပါးပြင်ပေါ်မှ သွေးစီးကြောင်းများကို စမ်းမိသွားသည်။ နားထင်စပ်မှ ဒဏ်ရာကို စမ်းမိလေသည်။

"... ... ..."

ညည်းညူသံ ပေါ်လာပြန်သည်။ မျက်လုံးများသည် နာကျင်မှုကို ကြိတ်၍ ခံစားရဟန်ဖြင့် ပို၍တင်းကျပ်စွာ မှေးမှိတ်သွားကြပြန်သည်။

ထိုအခါမှ မွေ့ကေသာ သတိပြန်ဝင်လာခဲ့ပြီး လဲကျနေသူအား မွေ့၍ ထူလိုက်သည်။ လက်ကန်းတောထိုး သိုင်းပတ်လာသော တဘက်ကို ဖြုတ်၍ ဒဏ်ရာမှ သွေးများကို အသာအယာ သုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို လက်ဖြင့် ထိတွေ့ရသောအခါမှပင် သူ့အသားသည် အနာဒဏ်ဖြင့် ခြစ်ခြစ်တောက် ပူနေကြောင်း တွေ့ရတော့သည်။

တဘက်စကို လုံး၍ မွေ့ကေသာ နှုတ်ခမ်းဝတွင်ကပ်ကာ အပူငွေ့ပေးသည်။ ထို့နောက် ဒဏ်ရာတွင် အသာအယာ ဖိကပ်ပေးသည်။ သွေးစများကို သန့်စင်ပေးသည်။ မွေ့ကေသာ လှုပ်ရှားမှုများ သွက်လက်နေသည်။ သင်ပုတ်ပလ္လင်ပေါ်တွင် တင်ထားသော ပန်းစည်းများမှ သဖြေညိုတို့ကို ဖြုတ်ယူ၍ နှာဝသို့ ကပ်ပေးသည်။ အင်ကြင်းပန်းထက်တွင် သီးနေသော ရေစက်များကို တဘက်စဖြင့် တို့ယူပြီး မျက်နှာပြင်ကို ပွတ်တိုက်ပေးသည်။

မွေ့ကေသာတွင် ကြောက်စိတ်မရှိတော့။ ရင်ခွင်ထဲတွင် မိန်းမောနေသူသည် သူစိမ်းတစ်ရံစံ လုလင်ပျိုမဟုတ်တော့ဘဲ အနာရသော နှင်းဆီပင်လေးတစ်ပင်ကို ပြုစုနေရသလို။

ခဏအကြာတွင် ရင်ခွင်ထဲမှ လုလင်သည် အနာသက်သာလာဟန်ဖြင့် မျက်စိပွင့်လာသည်။ မွေ့ကေသာ မသိ၊ အင်ကြင်းပန်းမှ ရေစက်များကို တဘက်စဖြင့် လိမ်းသပ်ယူနေသည်။ ရေတဘက်ဖြင့် မျက်နှာကို ပွတ်သပ်ပေးမည်ဟု ပြန်လှည့်လိုက်သောအခါမှ သူ့ရင်ခွင်ထဲမှနေ၍ စူးစူးဝါးဝါး ကြည့်နေသည့် နက်မှောင်သည့် မျက်လုံးကြီးများကို နီးကပ်စွာ တွေ့လိုက်ရတော့သည်။

"ရှင် ရှင် သက်သာလား"

ယခုမှပင် မွေ့ကေသာ ထိတ်လန့်မိတော့သည်။ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကယောင်ကတမ်း ပြောမိသည်။

"မင်း ဘယ်သူလဲဟင်..."

"ရှင်– ရှင်– ဘာဖြစ်တာလဲ"

"ကျုပ် ကျုပ်ကို ဘယ်သူတွေ မြင်သေးသလဲ"

"ရှင် ဘယ်သူ ဘယ်သူလဲ"

တစ်ယောက်ကို တစ်ယောက်သာ ထပ်ဆင့်မေးနေကြသည်။ မည်သူမျှ အဖြေစကား မပြောဖြစ်ကြ။ မွေ့ကေသာ ရှက်ကြောက် ထိတ်လန့်နေသလို ဒဏ်ရာသမားလည်း ထိတ်လန့်နေပုံရသည်။

အယောင်ယောင် အမှားမှားနှင့်မို့ ဒဏ်ရာပေါ်သို့ ကပ်ထားမိသော မွေ့ကေသာ၏ လက်သည် ဖိမိသွားသည်။ ထိုသူကား နာနာကျင်ကျင် တစ်ချက်ညည်းလိုက်သည်။



"အို မတော်လို့နော်၊ သိပ်နာသွားသလားဟင်..."

"ကိစ္စမရှိဘူး၊ ကျုပ်ကို ဘယ်သူမှ မတွေ့နိုင်တဲ့ တစ်နေရာကို ပို့ပေးပါ၊ ခဏကြာရင် ဒီရင်ပြင်ပေါ်မှာ လူတွေလာကြတော့မယ်၊ မြန်မြန်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ရှင့်"

သူ့အသံ၏ ဩဇာလွှမ်းမှု ကြီးမားလွန်း၍လား မွေ့ကေသာ ကိုယ်တိုင်က အခြားသူများ မြင်သွားမည်ကို စိုးရိမ်၍လားမသိ။ ထိုသူ့အား ပျာပျာသလဲ ပွေ့ထူလိုက်မိတော့သည်။

"ရှင် ကိုယ်တွေ သိပ်ပူနေတယ်၊ ဖျားလည်း သိပ်ဖျားနေတယ်၊ လမ်းလျှောက်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

တကယ်တမ်းကား လမ်းမလျှောက်နိုင်ချေ။ တစ်လှမ်းနှစ်လှမ်း ဒယီးဒယိုင်လျှောက်သွားပြီး လဲကျသွားတော့မည်ဖြစ်သွားသဖြင့် မွေ့ကေသာ ကွဲ၍ ထိန်းရသည်။ ထို့နောက် တနင်္ဂနွေထောင့်၏ ဇရပ်တန်ဆောင်းဘေးမှ ချောင်ကျသော ဂူတစ်ခုထဲသို့ ခေါ်ခဲ့လေသည်။

"ဒီနေရာ လုံခြုံရဲ့လား၊ လူတွေ တွေ့သွားရင်..."

"လုံခြုံပါတယ်၊ ဒီဘက် ဘယ်သူမှ မလာကြဘူး၊ ဘယ်သူမှ မတွေ့..."

မွေ့ကေသာ တစ်စုံတစ်ခုကို တွေးမိသွားသဖြင့် သူ့စကားကိုသူပင် ဆုံးအောင်မပြောမိတော့။ မျက်လုံးညိုကြီးများဖြင့် ထိုသူအား စေ့စေ့စပ်စပ် အကဲခတ်မိသည်။ ဘာကြောင့် လူတွေ့မည်ကို စိုးရိမ်နေရသလဲ။ ဒဏ်ရာက ဘယ်လို ရခဲ့သလဲ။ သည်လူ ဘယ်ကလဲ။

"ရှင် ရှင် ရာဇဝတ်သားလား"

ထိုသူက မွေ့ကေသာကို စူးရှစွာ ကြည့်ပြီးမှ ယဲ့ယဲ့ပြုံးပြလေသည်။

"ကျုပ် ရာဇဝတ်သားမဟုတ်ဘူး၊ ဒါပေမဲ့ ကျုပ်လူတွေ့ခံလို့ မဖြစ်သေးဘူး၊ ကျုပ်ကိုယုံပါ၊ ကျုပ် လူဆိုးမဟုတ်ပါဘူး၊ နောက်တော့ ကျုပ်ပြောပြပါမယ်၊ ဟော့–နေဦး၊ မင်း[illegible] ယုံလို့ဖြစ်ပါ့မလား"

"ရှင် ရာဇဝတ်သားမဟုတ်ရင်တော့ ကျွန်မကို [illegible]ရှင်ယုံလို့ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



၄သည် နွေးနွေးထွေးထွေး ဖြစ်နေသဖြင့် ထိုသူ၏ ဒဏ်ရာ အနာသက်သာနေပုံရလေသည်။

"အာ စိတ်ချပါ၊ မင်းနဲ့သာမတွေ့ရင် ကျုပ် ဒုက္ခရောက်မှာပဲ၊ မင်းကျေးဇူးတွေ ကြီးလှပါတယ်၊ ဒါပေမဲ့ နောက်မှ ပြောပြပါ့မယ်၊ မင်းကို ကျုပ် ယုံပါတယ်"

"ရှင် ဒီမှာ လှဲနေဦး၊ ကျွန်မ ဓောင်သွားယူဦးမယ်၊ ဆေးလည်း ယူခဲ့မယ်"

ပြောပြောဆိုဆိုပင် မွေ့ကေသာ လှည့်ထွက်သည်။

သို့သော် မွေ့ကေသာလက်ကို သူက ဖမ်းဆွဲသဖြင့် ကံ့ခနဲ ရပ်လိုက်ရသည်။

"ဟေ့–နေဦး၊ မင်းဘယ်သူကိုမှ မပြောနဲ့နော်၊ မင်းမိဘတွေကို တောင်မှ မပြောနဲ့"

မွေ့ကေသာ တင်းကျပ်လွန်းသော သူ့လက်တွင်းမှ မိမိလက်ကို ရုန်းဖယ်လိုက်သည်။

"ကျွန်မမှာ မိဘမရှိဘူး၊ ကျွန်မနာမည် မွေ့ကေသာ၊ ဒီမော်ဓော စေတီပေါ်မှာ ပန်းရောင်းတဲ့ ပန်းသည်မ ရှင် ကျွန်မကို တကယ် စိတ်ချပါ၊ ရှင် ဘယ်သူပဲ ဖြစ်နေနေ၊ ဒဏ်ရာအနာတရ ရထားသူ တစ်ယောက်အပေါ်မှာ ကျွန်မ မရက်စက်နိုင်ပါဘူး"

"မွေ့ကေသာ၊ မွေ့ကေသာရယ် ကျုပ်ကို ခွင့်လွှတ်ပါ၊ မင်းကို ကျုပ်ယုံပါတယ်၊ ကျုပ် နာမည်က စောသံမှန်တဲ့၊ ကျုပ်ဘယ်သူ ဆိုတာ ပြီးတော့မှ ပြောပြပါ့မယ်"

သူ့နာမည်ကို တသသ ရေရွတ်ခေါ်နေသော စောသံမှန်အပါးမှ မွေ့ကေသာ ရှက်ကြောက်စွာဖြင့်လှည့်ထွက်လာခဲ့သည်။

ထိုနေ့က မော်ဓောစေတီတော်ပေါ်မှ ပန်းသည်များသည် မွေ့ကေသာ ပန်းဆိုင်ထွက်သည်ကို မတွေ့ရ။ တချို့ကမူ ဆွမ်းကြွင်း ဟင်းကျန် စွန့်သော သင်ပုတ်ပုလ္လင်ပေါ်မှ လတ်လတ်ဆတ်ဆတ်ပန်းများကို နံနက် စောစောတွင် တွေ့ရသဖြင့် အံ့အားသင့်ကြသည်။ ဆိုင်၏ ယိုင်နဲ့သော ခုံတန်းပေါ်မှ အင်ကြင်း၊ စံပယ်၊ ဒေါ်န၊ သပြေညိုနှင့် နှင်းဆီတို့သည် ထိုနေ့တစ်နေ့လုံး သခင်မကို လွမ်းဆွတ်စွာဖြင့် အားငယ်နေကြလေ သည်။

* * *



နောက်တစ်နေ့မှစ၍ မော်ဓောစေတီပေါ်တွင် သင်ပုတ်ပလ္လင်ပေါ် မှ ဆွမ်းကြွင်းဟင်းကျန်များ စွန့်ပစ်သန့်ရှင်းရသော ဘုရားအမှုတော် အလုပ် စောသံမှန်ဆိုသည့် လုလင်ငယ်တစ်ယောက်ကို မော်ဓောစေတီမှ ပန်းသည်များနှင့်တကွ ဘုရားဘဏ္ဍာထိန်းအဖွဲ့ လူကြီးများအားလုံး တွေ့ရှိကြလေသည်။

သင်ပုတ်အမှုထမ်းဟောင်းသည် အရပ်တစ်ပါးသို့ ပြောင်းသွား သည်ဖြစ်၍ စောသံမှန်အား အမှုထမ်းသစ်အဖြစ် အလုပ်ပေးလိုက် ကြောင်း မွေ့ကေသာက ပြောပြသည်။ ယခင်အမှုထမ်းဟောင်းသည် ရုပ်ဆင်းသဏ္ဍာန် ခက်ထန်၍ ပန်းသည်များအား အမြဲတမ်း ဆူပူကြိမ်း မောင်းတတ်သူဖြစ်ပြီး ယခု အမှုထမ်းသစ် စောသံမှန်ကား ပြေပြစ် ချောင်သူဖြစ်သဖြင့် မော်ဓောစေတီတဝိုက်မှ လူများအားလုံး ခင်မင် နှစ်သက်နေကြသည်။ စောသံမှန် ရောက်လာခြင်းအတွက် ဝမ်းသာကြသူ များတွင် ပန်းသည်များမှာ ဝမ်းအသာကြဆုံးဖြစ်သည်။

အကြောင်းမူ ငယ်ရွယ်နုပျို၍ ပြေပြစ်ချောင်သော စောသံမှန်ဆို သူ လုလင်ကြီးသည် သူတို့ချစ်သော ပန်းသည်လေး မွေ့ကေသာနှင့် လိုက်ဖက် ညီညွတ်နေသောကြောင့် ။

"ကေသာပန်းတွေ အခု ပိုပြီး လှလာတယ် ယောက်မရေ၊ အရင် က တစ်ယောက်တည်းစိုက်၊ တစ်ယောက်တည်းခူး၊ တစ်ယောက် တည်း ရောင်း၊ အခုတော့ ရေလောင်းပေါင်းသင်ပေးမယ့် ကိုအတွာ ရောက်လာလို့လားမသိဘူး၊ ကြည့်စမ်း လှလာလိုက်တဲ့ အင်ကြင်း တွေ ယောက်မရဲ့ပန်းတွေတင်ပဲလား ကေသာကိုလည်း ကြည့်ပါဦး ပိုပြီးလှလာလိုက်တာ၊ ရေလောင်းပေါင်းသင်ပေးတဲ့ ကိုအတွာ ရောက်လာ..."

"အို... တော်ပါအရီးတို့ရယ်၊ ကေသာရှက်ပါတယ်"

မွေ့ကေသာ ထပြေးသောအခါ ပန်းသည်တို့ တဝါးဝါး ရယ်ကြ သည်။

ပန်းဆိုင်တွင် ကေသာမထိုင်ရဲတော့၊ တဲဆီသို့ ရှက်စနိုးဖြင့် ပြေးလာခဲ့သည်။

စံပယ်ချုံများကို ရေလောင်းနေသော အမောင့်ရင်ခွင်ထဲသို့ မချော ဆော ပြေးဝင်မိသည်။ 'အမောင့်ကြောင့် အမောင့်ကြောင့်'ဟု ဆိုကာ ရင်အုံကို တဝုန်းဝုန်း ထုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စောသံမှန်က မွေ့ကေသာ လက်များကို ဖမ်းယူရင်း တအံ့တသြ မေးသည်။ မွေ့ကေသာက ခြံထောင့်မှ ဖူးငုံစ နှင်းဆီ၏ အသွေးမျိုး ရှိသော မျက်နှာဖြင့် ပန်းသည်တို့၏ စကားကို ပြန်ပြောပြသည်။ စောသံမှန် တဟားဟား ရယ်လေသည်။

ပြီးမှ ရင်ခွင်တွင် တင်းကျပ်စွာ ဝှက်ထားသော မွေ့ကေသာ မျက်နှာကို ဆွဲယူ၍ မော့စေသည်။

"ကေသာနားထောင်စမ်း၊ သူတို့ဟုတ်တာပြောတာပဲ ရှက်စရာလား၊ သူတို့ကလည်း ဝမ်းသာကြလို့ ပြောတာပေါ့၊ အမောင်နဲ့ ကေသာတို့ကို သူတို့ သိပ်သဘောကျကြလို့ပေါ့ကွယ်"

"ဟင့်အင်း ကေသာ ရှက်တယ်"

"ကေသာရယ် တစ်နေ့ကျတော့ အမောင်တို့ တင့်တင့်တယ်တယ် လက်ထပ်ကြမှာပါ၊ အခုလည်း အမောင်တို့ဟာ ပုန်းလျှိုးပုန်းကွယ် မဟုတ်ပါဘူး၊ ဒီမော်ဓောတဝိုက်ကတော့ သိနေကြတာပဲ၊ တစ်ချိန်မှာတော့ မော်ဓောတစ်ဝိုက်တွင်မက ဟံသာဝတီ နေပြည်တော်တစ်ခုလုံးက သိလာရမှာပေါ့"

"အဲဒီအချိန်က ဘယ်တော့လဲအမောင်ရယ်၊ အမောင်တို့ အရေးတော်က ..."

"မကြာတော့ဘူးကေသာ၊ မကြာတော့ဘူး"

'မကြာတော့ဘူး'ဟု ရေရွတ်သော အမောင်သည် မော်ဓောစေတီ၏ စိန်ဖူးတော်အထက်မှ ကောင်းကင်ပြာသို့ မမြင်တတ်သော ကြည့်ခြင်းဖြင့် ကြည့်နေသည်။

"အမောင်"

မွေ့ကေသာ လေသံ ညှင်းညှင်း တိုးတိတ်သွားသည်။

"ဗညားနွဲ့မင်းသားဆီ သွားမတွေ့ဘူးလား ... ဟင်"

စောသံမှန်က ကြင်နာစွာ ငုံ့ကြည့်သည်။ အနက်အဓိပ္ပာယ်များစွာဆောင်သော မျက်လုံးများ။

"ဗညားနွဲ့အရှင်သားတော်က အခု မဟာဒေဝီရဲ့ စံအိမ်တော်ဝင်းထဲမှာ ရောက်နေပြီကေသာ၊ သူချစ်တဲ့ တလမေဒေါ်နဲ့လည်း လက်ဆက်ပြီးပြီ၊ ဆင်ဖြူရှင်ကိုယ်တော်ကြီးကတော့ အရှင့်သားဗညားနွဲ့ကို မလိုဘူး၊ ဒါပေမဲ့ မဟာဒေဝီက အသနားခံပြီး သူ့ကိုယ်တိုင်ပဲ ထိန်းသိမ်းစောင့်ရှောက်ပေးထားတယ်၊ အရှင့်သား ကလည်း မဟာဒေဝီရဲ့ လောင်းရိပ်အောက်မှာ ရှိနေသေးတော့ ဘာမှ မကြံသာသေးဘူး၊ နန်းတော်ထဲဝင်ပြီး မဟာဒေဝီရဲ့ စံအိမ် ရောက်နေတဲ့ ဗညားနွဲ့အရှင်သားကို အမောင်သွားတွေ့ဖို့ဆိုတာ မလွယ်သေးဘူး၊ အမောင့်ကိုပဲ အရှင့်သားဆီက လာပြီ ဆက်သွယ် လိမ့်မယ်"

တကယ်တော့မူ မွေ့ကေသာသည် ဗညားနွဲ့မင်းသားကိုလည်း သေိပါ၊ မဟာဒေဝီကိုလည်း မတွေ့ဖူးပါ။

ပြီးတော့ ဆင်ဖြူရှင် ဗညားဦး၏ အစ်မတော် မဟာဒေဝီကြီးသည် တူတော်သမိန်မရူနှင့် မအပ်မရာ ဖောက်ပြန်ချောင်နေကြသည့် အကြောင်းခြင်းရာ အလုံးစုံကိုလည်း မသိ။ တစ်ခုတော့ မွေ့ကေသာ ရိပ်စားနေမိသည်။

"အမောင်ရယ် အဲဒီ သမိန်မရူဆိုတာက ဆင်ဖြူရှင်ရဲ့သမီးတော် တလမေသီရိနဲ့ လက်ဆက်ထားတာ မဟုတ်လား၊ မင်္ဂလာပွဲသဘင်ကို ခုနစ်ရက်တောင် သိုက်သိုက်မြိုက်မြိုက် ကျင်းပခဲ့တာပဲ၊ သည်တုန်းက ကေသာတို့လည်း ဘုရားမှာ ပန်းတွေများ ရောင်းလို့ မလောက်၊ အခု ဘုရင့်သမက်ဖြစ်တဲ့ သမိန်မရူက ဘာ့ကြောင့် ဘုရင့်အစ်မတော်ကြီးနဲ့ ဒီလို သတင်းထွက်နေရတာလဲ၊ မဟာဒေဝီကြီးကလည်းနော်၊ ဆင်ဖြူရှင်ရဲ့ အစ်မတော်ဆိုတာတောင်မှ"

စောသံမှန်က မွေ့ကေသာ၏ နှုတ်ခမ်းကို ဖွဖွပိတ်လိုက်သည်။

"ကေသာလေးရယ်၊ နန်းတွင်းရေး ရှုပ်ထွေးလှပါတယ်၊ ဒါတွေ မပြောပါနဲ့"

"ဒါဖြင့် အမောင့်ကို ဗညားနွဲ့မင်းသားက ဘယ်တော့ အဆက်အသွယ်လုပ်မှာလဲ ဟင်"

"သိပ်မကြာတော့ပါဘူး ကေသာ"

စောသံမှန်၏ ရီဝေနေသော မျက်လုံးများသည် မော်ဓောစေတီတော်၏ စိန်ဖူးငှက်မြတ်နားဆီသို့ မျှော်ကြည့်ရင်း ဟံသာဝတီရွှေနန်းတော်၏ ပြာသာဒ်ဆောင်မှ စုလစ်မွမ်းချွန်များကို မြင်ယောင်နေသည်။ ထိုစုလစ်မွမ်းချွန်၊ ထိုပြာသာဒ်ဆောင်၊ ထိုမှန်နန်းရဝေဆောင်၏ အောက်တွင် ...

တစ်ခါက ...

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်လဲ စောသံမှန်၊ အခု ငါပါနဲ့ဆို သွေးသောက် နှစ်ကျိပ် လောက်ရပြီ၊ မင်းသားက အနည်းဆုံး သုံးကျိပ်လောက် လိုချင် တယ်၊ မင်း စိတ်ပါဝင်စားတယ်ဆိုရင် မင်းကို ငါ မင်းသား ရှေ့မှောက် ခေါ်သွားမယ်လေ"

မင်းယောဇာသည် စောသံမှန်၏ လက်မောင်းအိုးကို စိတ်အား ထက်သန်စွာ ဆွဲရန်းလှုပ်ခါရင်း မေးနေသည်။ စောသံမှန်ကမူ မင်းယော ဇာ၏လက်ကို အသာအယာ ဖယ်ချလေသည်။

"မင်းယောဇာ မင်းသိတဲ့အတိုင်းပဲ၊ ငါဟာ ဗညားနွဲ့ အရှင့်သား ရဲ့ လက်ရုံးနှလုံး အရည်အသွေးကို အစကတည်းက သဘောကျ နေခဲ့တာ၊ ဆင်ဖြူရှင်မင်းသားကြီး မျက်နှာလွှဲသွားပြီးရင် ဗညားနွဲ့ မင်းသားသာလျှင် ဟံသာဝတီ ထီးနန်းကို ဆက်ခံသင့်တယ်လို့ ငါ မင်းကို ပြောပြောနေတာပဲ မဟုတ်လား၊ အခု မင်းသား လိုချင်နေတဲ့ သွေးသောက်သုံးကျိပ်စာရင်းထဲမှာ ငါ့ကိုပါ ထည့် လိုက် မင်းယောဇာ၊ အထွေအထူး ပြောစရာမလိုဘူး၊ ဒါပေမဲ့ မင်းသားကိုတော့ ငါ တွေ့ဖူးချင်တယ်၊ မင်းသား ရှေ့တော်မှောက် ရောက်ဖို့ အင်မတန် ငါ စိတ်ပါဝင်စားနေတယ်ကွာ"

မင်းယောဇာနှင့် စောသံမှန်တို့သည် ငယ်ပေါင်းများ ဖြစ်ကြ သည်။ မိဘမရှိ၊ ဆွေမျိုးမရှိ တစ်ကောင်ကြွက်ဘဝတွင်လည်း တူကြ သည်။ အရွယ်ရောက်လာလျှင် စစ်မှုထမ်းကြမည်ဟု နှစ်ဦးစလုံး စိတ် သဘောတူ စိတ်ဆုံးဖြတ်ကြပြီးမှ ဟံသာဝတီ ရွှေနန်းတော်သို့ လာခဲ့ကြ သည်။ နှစ်ဦးစလုံး ရဲမက်များဖြစ်လာခဲ့ကြသည်။ သို့သော် မင်းယော ဇာမှာ ဆင်ဖြူရှင် ဗညားဦး၏ နန်းတော်စောင့်တပ်မတစ်ခုတွင် ရဲမက် ဖြစ်သွားပြီး စောသံမှန်မှာမူ မြို့ရိုးမုခ်တပ်ဖွဲ့သို့ ရောက်သွားခဲ့ကြသည်။

ဆင်ဖြူရှင် ဗညားဦး၏သားတော် ဗညားနွဲ့မင်းသားသည် လက်ရုံးရည်၊ နှလုံးရည် ကြံ့ခိုင်ပြည့်စုံသူတစ်ဦးဟု စောသံမှန် ကြားဖူး၍ မင်းသားကို အဝေးမှ နှစ်သက်လိုလားနေခဲ့ရသည်။ သို့သော် မင်းသား ကို တစ်ခါမျှ မျက်နှာချင်းဆိုင် မတွေ့ဖူးခဲ့။

ယခုအခါ ဟံသာဝတီ နန်းတွင်းတွင် ဆင်ဖြူရှင်မင်းတရားက လည်း သားတော် ဗညားဦးကို မနှစ်သက်ကြောင်း၊ သမက်တော် သမိန်မရူက မင်းသားမကောင်းကြောင်း ဆင်ဖြူရှင်ထံ ကုန်းချောစကား သွင်းနေကြောင်း၊ ဗညားနွဲ့မင်းသားသည် နှမတစ်ဝမ်းကွဲတော်သူ တလ မေဒေါ်နှင့် ရည်ငံနေကြောင်း၊ ဆင်ဖြူရှင်၏ အစ်မတော် မဟာဒေဝီသည်



ဗညားနွဲ့မင်းသားဘက်မှ ရပ်တည်ကာကွယ်ပေးနေကြောင်း စသည့် သတင်းစကားများကို စောသံမှန် ကြားနေရသည်။ မိမိအဝေးမှ နှစ်သက် လိုလားနေသော ဗညားနွဲ့သည် ခမည်းတော် ဆင်ဖြူရှင်၏ အမျက်သို့မှု ကြောင့် နန်းတော်တွင် မျက်နှာငယ်နေရသည်ဟု သွေးသောက် မင်းယောဇာ ပြောလာသောအခါ စောသံမှန် စိတ်နှလုံး နောက်ကျိသွား သည်။

မင်းသားက လက်ရွေးစင် သွေးသောက် သုံးကျိပ် အလိုရှိနေ ကြောင်း မင်းယောဇာက ပြောလာသောအခါတွင်ကား စောသံမှန်သည် ဆိုင်းမတွ စာရင်းပေးလိုက်လေသည်။

သို့သော် ဗညားနွဲ့မင်းသား ဘာ့ကြောင့် လူယုံသွေးသောက် ဆောင်းကြောင်းကိုမူ အတိအကျ သိလိုသည်။

"နေပါဦး မင်းယောဇာ၊ မင်းသားက ဘာအကြံအစည်ရှိနေလို့ လက်ရွေးစင် သွေးသောက် လိုချင်ရတာတဲ့လဲ"

"မင်းအရှင့်သား ရှေ့တော်မှောက် လိုက်မယ်မဟုတ်လား၊ ငါ အခု ခေါ်သွားမယ်၊ ရှေ့တော်မှောက်ရောက်တော့မှ မင်းကိုယ်တိုင် မေးကြည့်လေ၊ ငါတို့ကတော့ ဒီကိစ္စကို ပြောခွင့်မရှိဘူး၊ သစ္စာရေ သောက်ထားတယ်..."

"ကောင်းပြီကွာ၊ အခု သွားကြမယ်"

မင်းယောဇာက စောသံမှန်ကို ဗညားနွဲ့ထံ ခေါ်သွားသည်။

ဗညားနွဲ့မင်းသားသည် အဆောင်တော်တွင်မရှိ။ ဆင်ကျုံးတွင် ရောက်နေသည်ဟု ဆိုသဖြင့် ဆင်ကျုံးကို လိုက်သွားကြသည်။

စောသံမှန်သည် ဗညားနွဲ့မင်းသား၏ သတင်းကို အဝေးမှ ကြားသိနေရာက ယခုလို မျက်ဝါးထင်ထင်တွေ့လိုက်ရသောအခါ ပို၍ လေးစား ချစ်ခင်သွားလေသည်။

ဗညားနွဲ့သည် ဖမ်းမိလာသော ဆင်ရိုင်းတစ်ကောင်ကို ကိုယ်တိုင် ကျုံးသွင်းနေသည်။ ချွန်းကို ကျွမ်းကျင်စွာကိုင်လျက် ဆင်ဦးကင်းထက် တွင် ပေါ့ပါးဖျတ်လတ်စွာ ဆင်ရိုင်းကို နှိပ်ကွပ်နေသည်။ ဆင်ကျုံး ထဲတွင် ဆင်ဦးစီးများ၊ ဆင်ကဲများမရှိ။ ကျုံး၏ ဝန်းခြံအပြင်ဘက်မှ ဝိုင်းအုံကြည့်နေကြသည်။

ရိုင်းစိုင်းကြမ်းတမ်းသော စွယ်စုံဆင်ကြီးသည် ဦးကင်းပေါ်မှ ဗညားနွဲ့အား ပြင်းပြင်းထန်ထန် ခါချလေသည်။ တစ်ကိုယ်လုံး ဆံ့ရုံ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသော သစ်လုံးကျုံး အတွင်းလမ်းသို့ မဝင်ဘဲ ဝင်းထဲတွင် လှည့်ပတ်နေသည်။ ရှေ့ခြေများကို ပြင်းစွာ နင်းဆောင့်လျက် နှာမောင်းကို အဆက်မပြတ် ဝှေ့ယမ်းလျက်၊ စူးစူးနစ်နစ် အော်မြည်လျက် ဦးကင်းပေါ်မှလူကို ဖိဆန်နေသည်။

စောသံမုန်သည် အသံမျိုးစုံဖြင့် ဟစ်အော်ကြွေးကြော်နေသော ဗညားနွဲ့မင်းသားကို အားရနှစ်သက်စွာ ငေးကြည့်နေသည်။

"ဟယ်..."

ပရိသတ်ထံမှ ထိတ်လန့်တကြား အာမေဍိတ်သံကြီး ထွက်ပေါ်လာသည်။

စောသံမုန် မျက်လုံးများ ပြာသွားသည်။

ဆင်ရိုင်းသည် ရှေ့ခြေအစုံကို မြှောက်ပြီးမှ တစ်ဟုန်ထိုး ခြေစုံဆောင့်နင်းလိုက်ရာ ဦးကင်းထက်မှ ဗညားနွဲ့ ပြုတ်ကျလေသည်။ သွေးသံရဲရဲနှင့် မင်းသားကို မြေပေါ်တွင်တွေ့ရမည်ဟု အားလုံးက အောက်ကို လှမ်းကြည့်မိကြသည်။ သို့သော် အောက်တွင် မင်းသားကို မတွေ့ရ။

ဆင်ရိုင်းသည် ဝင်းကို လက်ယာရစ် လှည့်ပြေးပြန်သည်။

ထိုအခါမှပင် ပရိသတ်နှင့် မျက်ကွယ်ဖြစ်နေသော ဆင်၏ အခြားတစ်ဖက် နားရွက်ကို ဆွဲခိုထားသော မင်းသားကို တွေ့ကြရတော့သည်။

"အရှင့်သား သတိထားပါ"

"အရှင့်သား မြဲမြဲကိုင်ပါ"

စိုးရိမ်တကြီး အော်သံများ မဆုံးမီမှာပင် ဗညားနွဲ့သည် ဆင်ကြီးနားရွက်ကို ဆုပ်ကိုင်အားပြုလျက် နားရွက်နောက်တွင် ခြေကန်ပြီး ဦးကင်းထက်သို့ ခုန်တက်လိုက်သည်။ ဦးကင်းထက်သို့ ရောက်လျှင် ရောက်ချင်းမှာပင် ချွန်းဖြင့် အဆက်မပြတ်ပေါက်လျက် ဆင်ရိုင်းကို အပြင်းထန်ဆုံး နှိပ်ကွပ်သည်။

ဆင်ကြီးသည် အကျယ်လောင်ဆုံး အော်ဟစ်ရင်း ဝင်းထဲတွင် လှည့်ပတ်ပြေးသည်။ တဖြည်းဖြည်း ခြေလှမ်းများ နှေးကွေးလာသည်။ ဦးကင်းမှ သွေးများသည်လည်း နှာမောင်းရင်၊ နားရွက်ဖျားတို့တွင် မြင်မကောင်း။



များမကြာမီမှာပင် ဆင်ရိုင်းကို သစ်လုံးကျုံးလမ်းအတွင်းသို့ သွင်းနိုင်ခဲ့သည်။ ဤအခါတွင်ကား ဆင်ကြီးသည် ပကတိ ကျိုးနွံသော ယုန်သူငယ်ကဲ့သို့ ဦးကင်းထက်မှ မင်းသား၏ အမိန့်ကို နာခံတော့သည်။ ချွန်းကို မသုံးရတော့။ မင်းသားသည် ဆင်ကြီး၏ နားရွက်ရင်းသို့ ခြေဖြင့် ထိုးခတ်ပြီး နှုတ်ကသော အော်ဟစ် အမိန့်ပေးတော့သည်။ နှုတ်မိန့်ကို ကောင်းစွာ ကျိုးနွံသွားခဲ့သည်။

ကျုံးသွင်းပြီးသောအခါမှ ထုံးခတ်ရန် ဒဏ်ရာကို အသားသိပ်ဆေးကြောပေးရန် ဆင်ကျုံးအမှုထမ်းတို့ ပြေးဝင်သွားကြသည်။ ဗညား[န]ွဲ့သည် ပြုံးရွှင်သောမျက်နှာဖြင့် ဆင်ကျုံးအတွင်းမှ ထွက်လာသည်။

"အရှင်သား ကျွန်တော်ပါ၊ မင်းယောဇာပါ၊ လူတစ်ယောက် ခေါ်လာပါတယ်"

မင်းယောဇာက ဗညားနွဲ့ထံ အခြားသူများ မချဉ်းကပ်နိုင်မီ [အလျင်]းစွာချဉ်းကပ်သည်။ စောသံမုန်ကမူ ဗညားနွဲ့၏ ရဲရဲနီသော မျက်နှာ[ပြ]ေးလေး‌ကောင့်ကျကျနှင့် မည်းနက်သော နှုတ်ခမ်းမွေးစစတို့ကို သတိ[ထ]ားမိလေသည်။

"မင်းယောဇာလား၊ အေး လာ သွားကြစို့၊ မင်းလူကို ခေါ်ခဲ့"

ဆင်ကျုံး၏ အခြားတစ်ဖက် နားနေ ပန်းဖြေရာ အဆောင်တစ်ခုသို့ သွားကြသည်။

ဗညားနွဲ့သည် ရွှေရေတကောင်းထဲမှ နီညိုရောင် သေရည်ကို [ရ]ွှေခွက်ထဲသို့ သွန်ချပြီး မော့သောက်သည်။

"မင်းယောဇာ ယူသောက်၊ မင်းလူကိုလည်းပေး"

မင်းယောဇာက တရင်းတနှီးပင် မင်းသားသောက်ထားသော [ခွ]က်ထဲသို့ သေရည်ငှဲ့၍ သောက်သည်။ ထို့နောက် စောသံမုန်ကို [တ]စ်ခွက် ငှဲ့ပေးသည်။ ခွက်ကိုကိုင်ထားရင်း မသောက်သေးဘဲ မင်းသား[ကိ]ု လေးစားစွာ မော့ကြည့်နေမိသည်။

"သောက်လိုက်လေ"

အမိန့်မဟုတ်သော်လည်း စောသံမုန် ငြင်းဆန်ရန် ခဲယဉ်းသည်။ [အ]သည်ချောင်းမှတစ်ဆင့် ဝမ်းဗိုက်တစ်လျှောက် ပူနွေးသွားသော သေရည်[နှ]င့်အတူ မင်းသား၏ တရင်းတနှီး ပွင့်လင်းသွက်လက်သော ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



မှုကိုလည်း နွေးထွေးစွာ ခံစားလိုက်မိလေသည်။

"ကဲ ဆိုစမ်း မင်းယောဇာ၊"

"သူ့နာမည်က စောသံမုန်ပါ၊ မြို့ရိုးစောင့်တပ်က ရဲမက်ပါ၊ ကျွန်တော့်ရဲ့ငယ်ပေါင်း သွေးသောက်တစ်ဦးပါပဲ၊ အရှင်သား ဘုန်းရိပ်အောက်မှာ ခိုလှုံလိုသူပါ"

"စောသံမုန်တဲ့လား"

"ဟုတ်ပါတယ် အရှင့်သား"

"မင်း ငါ့အမှုကို တကယ်ထမ်းမလား"

"ဦးဆွေး ဆံကျွတ်ပါ အရှင့်သား"

"မင်းသစ္စာရေ သောက်မလား"

"သောက်ပါ့မယ် အရှင့်သား"

"အင်း မင်းသောက်ပြီးပြီပဲ"

"ကျွန်တော်..."

"ဟား ဟား ဟား ဟား"

ဗညားနွဲ့က အားရပါးရ ရယ်လေသည်။ မင်းယောဇာကလည်း ပြုံးနေသည်။ စောသံမုန်ကမူ အံ့အားသင့်စွာဖြင့် မင်းသားနှင့် မင်းယောဇာတို့ကို တစ်လှည့်စီ ကြည့်နေသည်။

"ဟား ဟား ဟား ဟား မင်း ခုနက သောက်လိုက်တဲ့ သေရည်ဟာ သစ္စာရေပေါ့၊ ငါ့ဆီကို မကောင်းတဲ့အကြံအစည်နဲ့ ရောက် လာတဲ့လူဆိုရင် အဲဒါသောက်ပြီးတာနဲ့ ချက်ချင်း ဒိုင်းခနဲ လဲသေတာပဲ၊ ဒါကို ငါ့လက်ရုံး ကိုယ်ရင်လူထွက် မင်းကန်စီက စီစဉ်ပေးထားတာ၊ အခု မင်းသောက်ပြီးတော့ ဘယ်နှယ်နေသလဲ"

"မူ...မူးနေပါတယ် အရှင့်သား"

"ဟား ဟား ဟား ဟား"

သည်တစ်ခါတော့ စောသံမုန်ပါ ရယ်လိုက်မိတော့သည်။

"ကဲ ဒါတွေထားစမ်း စောသံမုန်၊ မင်းအကြောင်းကို ငါ မင်းယောဇာဆီက သိခဲ့ပြီးပြီ၊ သစ္စာရေသေရည်တွေ ဘာတွေဆိုတာ မေ့ပစ်လိုက်၊ မင်းနားမလည်ပါဘူး၊ မင်းကို ငါသိပြီးပါပြီ၊ မင်းကကော ဘာသိချင်သေးလဲ"



ခေတ္တမျှ စဉ်းစားပြီးမှ စောသံမုန် မတွန့်မဆုတ် ပြောလိုက်သည်။

"အရှင်သားရဲ့ လူယုံလက်ရွေးစင် သွေးသောက်တစ်ဦးအနေနဲ့ ကျွန်တော် ဘယ်လိုအမှုတော်မျိုး ထမ်းရမယ်ဆိုတာ သိချင်ပါတယ်"

ဗညားနွဲ့မင်းသား၏ မျက်နှာ တည်ကြည်သွားသည်။ ရယ်မောနေစဉ်က ခင်မင်နှစ်လိုဖွယ်သော မျက်နှာသည် ယခုအခါ ခန့်ညားကြောက်ရွံ့စရာ ဖြစ်သွားသည်။ သို့ဖြင့်ပင် စောသံမုန်သည် ဗညားနွဲ့၏ လက်ရွေးစင် သွေးသောက်အဖွဲ့တွင် တစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်။

သူမသိသေးသော ဟံသာဝတီနန်းတော်တွင်းမှ အရေးအခင်းများကို သိခွင့်ရသည်။

ဗညားနွဲ့မင်းသားသည် နမတော် တစ်ဝမ်းကွဲ တလမေဒေါနှင့် ရည်ငံနေသည်။ ယင်းကို ခမည်းတော် ဆင်ဖြူရှင်သိသွားသည်။ တလမေဒေါမှာ နန်းတော်တစ်ခုလုံးတွင် အနုညံ့ဆုံး အလှပဆုံးသမီးတော်၊ ဗညားနွဲ့မှုကား အခက်ထန် အကြမ်းတမ်းဆုံးဟု ဆင်ဖြူရှင်က မှတ်ယူသည်။ တလမေဒေါနှင့် ဗညားနွဲ့ကို သဘောမတူ။ထို့ကြောင့် ဗညားနွဲ့အား ဆင်ဖြူရှင်က မျက်နှာသာမပေးဘဲ နှိပ်နင်းပြောဆိုသည်။ စင်စစ်မူကား ဗညားနွဲ့မင်းသား တလမေဒေါနှင့် မရည်ငံမီကပင် ဆင်ဖြူရှင်သည် ဗညားနွဲ့၏ ငယ်မည်ကိုခေါ်၍ မကြာခဏ ပြစ်တင်မောင်းမဲခဲ့ပေသည်။

"ဒီအကောင်ဟာ မွေးကတည်းက လျှာမှာ အစက်ပါလာတယ်။ ဒါကြောင့် သူ့ကို အပသုန်လို့နာမည်ပေးထားတာ၊ လျှာမှာအစက်ပါတဲ့ကောင်ဆိုတော့ အပြောအဆိုကလည်း အင်မတန် ရူးရှပက်စက်တယ်၊ ရာဇဏ္ဍေဆိုတာ ဒီကောင့်မှာမရှိဘူး၊ ပြီးတော့ ကြည့်စမ်း၊ အပသုန်ငယ်ဟာ ငါ့သားဆိုပေမဲ့ ငါနဲ့ဘာတူသလဲ၊ ရုပ်ရည်ချင်းပဲကြည့်ဦး၊ ဦးခေါင်းကကြီး၊ ဆံပင်ကကြမ်း၊ ခြေသလုံးသားက တုတ်ကုတ်ခိုင်ခိုင်၊ တစ်နန်းတော်လုံး ဘယ်သူ့ကိုမှလည်း ဒီကောင် ဂါရဝတရားမရှိဘူး၊ သူ့မယ်တော် သီရိမာယာ သူငယ်ငယ်ကတည်းက နတ်ရွာစံခဲ့လို့ မိတဆိုးသားဆိုပြီး ငါသနားမယ်ကြံတယ်၊ ငါ့ကိုတောင် ခမည်းတော် ရွှေနန်းရှင်ရယ်လို့ ဦးညွှတ်ချင်တဲ့ကောင် မဟုတ်ဘူး၊ သူ့ကို မွေးကျွေးသုတ်သင်ခဲ့တဲ့ အစီ:

www.burmeseclassic.com

www.burmeseclassic.com



တော် မဟာဒေဝီကိုလည်း ဂါရဝမထားဘူး၊ အပသုန်ငယ်ကို ငါ့မျက်စိထဲ အကြည့်ရခက်တယ်"

ဆင်ဖြူရှင်ကိုယ်တော်တိုင်က ဤသို့ နှိပ်နင်း ပြောဆိုသော အခါ ဟံသာဝတီ နန်းတော်သူ နန်းတော်သားများသည် ဗညားနွဲ့ကို ဘုရင်သွေး မင်းသားဟူ၍ပင် မခံညားကြတော့။ မင်းသားကို မဖွယ်မရာ ဆက်ဆံချင်ကြသည်။ သို့သော် ဗညားနွဲ့၏ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း စရိုက်ကို ကြောက်ကြသောကြောင့် မထိမဲ့မြင်ကား မပြုရဲကြ။

"အဲဒါပဲ၊ ဒီနန်းတော်မှာ ငါ့ကို မလိုတဲ့သူတွေအများကြီး ဖြစ်နေတယ်၊ တစ်ဖက်ကလည်း ငါ့အပေါ်စိတ်ပျက်သွားအောင် တလမေဒေါကို ကုန်းချောစကား သွင်းတဲ့သူတွေက သွင်းလို့ နှမတော်လည်း စိတ်ညစ်နေပြီ၊ အခုဆိုရင် ငါ့ကို တကယ်နားလည်တဲ့ လူဆိုလို့ နှမတော်တလမေဒေါရယ်၊ မင်းတို့ မင်းယောဓာတို့ အပါအဝင် လူယုံ သွေးသောက်တွေရယ်ပဲ ရှိတယ်"

"အရီးတော် မဟာဒေဝီကကော အရှင့်သား"

ဗညားနွဲ့၏ မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

"အရီးတော်လား ဟင်း ခမည်းတော်ရှေ့ကျရင်တော့ အရီးတော်က ငါ့ကို ဖေးမ ကာကွယ်သယောင်ပါပဲ၊ အရီးတော် ကျေးဇူးတွေ ငါ့မှာရှိပါတယ်၊ မယ်တော် နတ်ရွာစံကတည်းက ငါ့ကို ကျွေးမွေး သုတ်သင်ခဲ့တာ၊ ဒါပေမဲ့ အခု အရီးတော်ကလည်း အို ဒါတွေ ငါမပြောချင်ပါဘူးလေ၊ အခုဟာက ခမည်းတော်က ငါ့ကို နှိပ်နှိပ်နင်းနင်း လုပ်နေတာနဲ့ ပုဂ္ဂလိက အရေးတွေနဲ့ ထီးရေး နန်းရေးတွေပါ ဆွဲသွင်းပြီး ငါ့အပေါ် အကောက်ကြံနေကြတယ် သည်တော့"

ဗညားနွဲ့သည် ဝေးလံသော တောင်အရပ်ဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။

"နှမတော် တလမေဒေါကို ငါခိုးပြေးမလို့၊ ဟို ဒဂုန်ဘက်ဆီကို"

ဘုရင့်သွေး ဘုရင့်သား မင်းသားဟူ၍ ထီးနန်းအလယ်တွင် စည်းစိမ်ကြီးစွာ ခံစားနေရသော်လည်း ပြဿနာပေါင်းစုံ တွေ့ကြုံနေရသော ရဲတင်းပွင့်လင်းသည့် ဗညားနွဲ့ကို စောသံမုန် ကရုဏာသက်မိသည်။



"အဲဒါ နှမတော်ကို ငါခိုးပြေးတဲ့ ကိစ္စဟာ မဆိုစလောက် သာမန်ကိစ္စပဲ၊ ဒါပေမဲ့ ဒီကိစ္စရဲ့ နောက်ပိုင်းမှာ ဘာတွေ အရှုပ်အရှင်း ဖြစ်လာမယ် မပြောနိုင်ဘူး၊ ဟား ဟား ဟား ဗညားနွဲ့မင်းသား မိန်းမခိုးပြေးဖို့အတွက် မင်းတို့ သွေးသောက်တွေကို စုရုံးတာလို့ မမှတ်နဲ့၊ ဒီထက် လေးနက်တဲ့ အကျိုးဆက် အဆွယ်အပွားတွေ ဖြစ်လာမှာကို ငါကြိုသိလို့၊ အရေးရယ် အကြောင်းရယ်ဆိုရင် ငါ့မှာ တစ်ယောက်မှရှိတာ မဟုတ်ဘူး၊ ငါ့အပေါ် တစ်ယောက်မှ သစ္စာရှိကြတာ မဟုတ်ဘူး"

"ကျွန်တော်တို့ သစ္စာရှိပါတယ် အရှင့်သား"

စောသံမုန်နှင့် မင်းယောဓာတို့ ပြိုင်တူ ပြောမိကြသည်။

ဗညားနွဲ့သည် သူတို့နှစ်ယောက်၏ မျက်နှာများတို့ ရင်းနှီးစွာ ငုံကြည့်လေသည်။

"ငါ ယုံပါတယ်ကွာ၊ မင်းပို့ကိုတော့ ငါယုံပါတယ်"

မင်းသား၏ လှိုက်လှဲသော အသံသည် စောသံမုန့် တစ်ကိုယ်လုံးသို့ နွေးထွေးစွာ ကူးပျံ့သွားလေသည်။

"ဒါပေမဲ့ မင်းတို့ကို ပေးစရာ ငါ့မှာ အခု ဘာမှ မရှိသေးဘူး၊ မင်းတို့အပေါ် ငါယုံကြည်လေးမြတ်မှုဆိုတာပဲ ပေးနိုင်သေးတယ်၊ မင်းသားဆိုပေမယ့် ငါ့မှာက အခု ဘာမှ မရှိသေးဘူး မင်းတို့ အပေါ် ငါ ယုံကြည်လေးမြတ်မှုဆိုတာပဲ ပေးနိုင်သေးတယ်၊ မင်းသားဆိုပေမဲ့ ငါ့မှာက နန်းတော်တစ်ခုလုံးက မျက်စောင်းထိုး ခံရတဲ့ မင်းသားကွ၊ ငါ့မှာ တိုက်ဆင်တောင်မှ ပြည့်ပြည့်စုံစုံ ကိုယ်ပိုင်မရှိသေးဘူး၊ စောစောကဆင်ကို ငါကိုယ်တိုင် အရှေ့တောထဲက ကြော့ဖမ်းခဲ့ရတာ၊ ဒီကောင်ကြီးနဲ့ပဲ နှမတော် တလမေဒေါကို ခိုးပြေးရမှာပဲ"

"အရှင့်သားရဲ့ ယုံကြည်လေးမြတ်မှုကို ရရှိခြင်းကပဲ ကျွန်တော်တို့အတွက် ကျေနပ်အားရလှပါသည် အရှင့်သား"

"ဒါဆိုရင် မင်းစောစောကလို သစ္စာရေ ထပ်သောက်ဦးမလား စောသံမုန်၊ ဟား ဟား ဟား ဟား"

ဗညားနွဲ့က ရွှေရေတကောင်းကို ညွှန်ပြရင်း တဟားဟား ရယ်ပြန်သည်။ စောသံမုန်က တရင်းတနှီး ပြုံးလျက် ဗညားနွဲ့ကို ကြည့်လိုက်သည်။

"ကျွန်တော် သေမသောက်တတ်ဘူး အရှင့်သား၊ စောစောက

www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်နဲ့တင် အခု ယစ်နေပါပြီ"

"ဟား ဟား ဟား ဟား"

မင်းသားနှင့် ပထမဆုံး တွေ့ခဲ့ရသော အတွေ့အကြုံသည် ထိုသို့ပင် တက်ကြွရွှင်နိုးနွေးထွေးစွာ ပြီးဆုံးခဲ့ပေသည်။

ထိုနောက် စောသံမုန်လည်း မိမိတပ်သို့ မိမိပြန်၍ အမှုထမ်းခဲ့သည်။ မင်းယောဇာမှ တစ်ဆင့် ဆက်သွယ် အမိန့်ပေးသည့်အတိုင်း ဆင်စီး မြင်းစီးကို ပို၍ ဖိဖိစီးစီး လေ့ကျင့်ခဲ့ရသည်။ သို့ဖြင့် စောသံမုန်သည် ယခင်ကထက်ပို၍ ကြံ့ခိုင်သန်စွမ်းလာသည်။ လက်ရုံးရည်တွင် ပို၍ ကုံလုံ ကျွမ်းကျင်လာသည်။

သို့သော် နောက်ထပ် ရက်သတ္တပတ် အနည်းငယ်ကြာအထိ မင်းသားထံမှ အရေးတော်အတွက် တစ်စုံတစ်ရာ အမိန့်မရသေး၊ စောသံမုန် စောင့်နေသည်ကိုပင် စိတ်မရှည်နိုင် ဖြစ်လာသည်။ မင်းသားအတွက် တစ်စုံတစ်ရာ မလှုပ်ရှားရသေးသော်လည်း မင်းသားအပေါ် ငြူစူနိုပ်နင်းသည့် သတင်းစကားများက တစ်နေ့ထက်တစ်နေ့ ပို၍ များပြားလာ
သည်။

စောသံမုန် စောင့်စားခဲ့ရသော 'တစ်နေ့'သို့ရောက်လာသည်။ စောသံမုန် တာဝန်ကျသည့် တောင်မုခ်မြို့ရိုးပေါက်သို့ ညဦးအချိန်တွင် မင်းယောဇာ ရောက်လာသည်။ မျက်ရိပ်မျက်ခြည်ပြ၍ မြို့ရိုးပေါ်က သူ့ရဲခိုတစ်ခုသို့ တက်ခဲ့ကြသည်။

"အရေးတော့ပေါ်လာပြီး စောသံမုန်"

"ဆိုစမ်း"

"မနက်ဖြန်ည တစ်မောင်းတီးမှာ အရှင့်သား တလမေဒေါ်ကို ခိုးပြေးလိမ့်မယ်"

"ကောင်းတာပေါ့"

"အဇမ္ဗူတင်ပြေးလိမ့်မယ်၊ ဆင်ကို မြို့တံခါးဆီ အရင်ပို့ထားမယ်၊ မင်းသားနဲ့ တလမေဒေါ်တို့က မြို့တံခါးထိ မြင်းနဲ့လာမယ်၊ ငါဘာလုပ်ရမလဲ"

"မင်းအခု တာဝန်ကျတဲ့ တောင်တံခါးအထွက်မှာ အဇမ္ဗူဆင်ကို မြို့ရိုးအပြင်မှာထားမယ်၊ မင်းက တံခါးမှာ စောင့်နေရမယ်၊ မင်းသားတို့ မြင်းနဲ့ရောက်လာတာနဲ့ မြို့တံခါးကိုဖွင့်ပေး ဆင်



ရှိရာ ခေါ်သွား၊ ဆင်ပေါ်တင်ပေး၊ ဒါပဲ"

"ဆက်လိုက်သွားရဦးမလား"

"မလိုဘူး တခြားသွေးသောက်နှစ်ယောက်ကို တာဝန်ပေးထားတယ်၊ အခု ငါပြောတာတွေ မှတ်မိပြီလား စောသံမုန်၊ ပြီးရင် အချိန်းအချက် စကားဝှက်ပြောမယ်"

"မှတ်မိပါတယ်"

"မင်းသားတော့ မိန်းမခိုးပြီဟေ့၊ သူများတကာ မိန်းမခိုးတာနဲ့ မတူဘူး မင်းသားပြောခဲ့သလို ဒီကိစ္စ နောက်ပိုင်းမှာတော့ နန်းတွင်းရေးတွေ ထပ်ဖြစ်ဦးမယ်ထင်တာပဲ"

"ဘာတွေ ဖြစ်လာ ဖြစ်လာပေါ့ မင်းယောဇာရယ်၊ ဖြစ်သမျှ ရင်ဆိုင်လိုက်ကြရုံပ"

"အေးကောင်းပြီ၊ ငါသွားမယ်၊ ပိပိရိရိ ဖြစ်ပါစေ၊ မနက်ဖြန်ည တစ်မောင်းတီးနော်"

"စိတ်ချ . . ."

အချိန်းအချက် စကားဝှက်နှင့် အသေးစိတ် အစီအစဉ်ကို ပြောပြီး မင်းယောဇာ လျှို့ဝှက်စွာ ပြန်သွားသည်။

* * *

ပဟိုရ်စည်မှ တမောင်းတီးသည်နှင့် မရှေးမနှောင်းပင် စောသံမုန်ရှိရာ တောင်တံခါးသို့ မြင်းနှစ်စီးရောက်လာသည်။

တောင်တံခါးမှူး အကြပ်က လုံ့ရှည်ဖြင့် တားလျက် မေးလေသည်။

"ဟေ့ အချိန်မတော် ဘယ်ကဟာတွေလဲ"

စောသံမုန်က တံခါးမှူးအကြပ်၏ လုံ့ရှည်ကို ဆွဲဖယ်လိုက်သည်။

"အကြပ်မှူး နေပါ၊ ဘာတွေမှန်းမသိ၊ ကျွန်တော်ကြည့်ရှင်းလိုက်မယ်၊ တံစိုးလာဘ်လေးဘာလေးရလည်း ခွဲဝေယူကြရတာပေါ့"

တံစိုးလာဘ်ဟူသော အသံကြောင့် တံခါးမှူး နောက်ဆုတ်လေသည်။

စောသံမုန်က အဝတ်ခြုံထားသော သဏ္ဍာန်နှစ်ခုအနက်မှ အရပ်ရှည်ရှည် သဏ္ဍာန်အနီးသို့ ချဉ်းကပ်သွားသည်။

"ဟေ့ မင်းတို့ ဘာတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



အရပ်ပုပုသဏ္ဌာန်က အဖြေပေးသည်။

"ရဲမက်ကြီးရယ်၊ ကျွန်မအဘိုးပါ၊ မြို့ရိုးထဲ ညနေစောင်းက ဝင်ပြီး ထင်းရောင်းရင်း မျက်စိလည်ပြီး ကျွန်မတို့ မြေအဘိုး နှစ်ယောက် မပြန်တတ်လို့ အခုမှ မြို့ထဲက ရဲမက်တစ်ယောက် က လမ်းညွှန်လိုက်လို့ပါ"

"အံမယ် မင်းတို့က မြင်းတွေဘာတွေနဲ့"

"ရဲမက်က ငှားလိုက်တဲ့ မြင်းတွေပါ၊ ဒီတံခါးရောက်ရင် စောသံမှန်ဆိုတဲ့ ရဲမက်တစ်ယောက် တွေ့လိမ့်မယ်တဲ့၊ မြင်းငှားခ အတွက် အသပြာ သုံးဆယ် အဲဒီ စောသံမှန်ကို ပေးခဲ့တဲ့၊ စောသံမှန်ဆိုတာ ရဲမက်ကြီးလား"

တလမေဒေါ၏ အသံသည် ပကတိ ကျေးတောသူ အသွင် ပေါက်နေ၍ စောသံမှန် ပြုံးမိနေသည်။

"အေး ငါပဲ၊ ဘယ်မလဲ အသပြာသုံးဆယ်"

"ဒီမှာပါရှင်"

"ငါတို့ဖို့လဲ ပေးခဲ့ဦးလေ"

"မရှိဆင်းရဲသား တောင်သူလယ်လုပ် ဓားမခုတ်မို့ ချမ်းသာပေး"

"တိတ်၊ မရှည်နဲ့၊ ငါနဲ့ ဟိုကတံခါးမှူး အကြပ်ဗိုလ်မင်း နှစ် ယောက်အတွက် အသပြာနှစ်ဆယ် ထပ်ပေး"

"ကြောက်ပါတယ်ရှင်၊ ရော့- ရော့- ယူပါ"

စောသံမှန်သည် အသပြာထုပ်ကို တံခါးမှူးအကြပ်ဗိုလ်ထံသို့ ပစ်ပေးလိုက်သည်။ အသပြာထုပ်ကို ဖမ်းယူရင်း တံခါးမှူးသည် ကျေနပ် စွာ ပြုံးနေသည်။ အသပြာထုပ်ကို တံခါးမှူး ဖွင့်ကြည့်နေစဉ်မှာပင် စောသံမှန်က ငေါက်ငမ်းလိုက်သည်။

"ကဲ- သွား- သွား- သွားကြစမ်း၊ ရုပ်တဲ့ဟာတွေပဲ အလကား ကျေးတောသားတွေ၊ ဟော့ နေဦး၊ မင်းတို့ကို ငါ မယုံဘူး၊ မြို့ တံခါးအပြင်ထိ ငါလိုက်ကြည့်မယ်၊ အခြေမလှရင်တော့ နင်တို့ ဇက်ပြုတ်ပြီမှတ်၊ အကြပ်မှူး ကျွန်တော် လိုက်ကြည့်ဦးမယ်၊ သိပ်ယုံ ရတာ မဟုတ်ဘူး"

"အေးအေး သေသေချာချာ ကြည့် စောသံမှန်၊ ငါဒီက စောင့်နေ မယ်"

မြို့တံခါးကို စောသံမှန် ဖွင့်လိုက်သည်။



အဝတ်ခြုံ လူနှစ်ယောက်နောက်မှ စောသံမှန် လိုက်ခဲ့သည်။

အဇမ္ဗူဆင်သည် တိတ်ဆိတ်စွာဖြင့် မှောင်ရိပ်တွင် စောင့်နေသည်။

"အရှင့်သားနဲ့ သခင်မ ဆင်ပေါ်တက်ကြပါ"

ဗညားနွဲ့က ဆင်ပုခက်နံရံကို လှမ်းကိုင်ရင်း စောသံမှန် ပခုံးကို ပုတ်လိုက်သည်။

"တယ်ဟုတ်ပါလားဟေ့ ဒါပေမဲ့၊ တံစိုးအသပြာ လေးဆယ်ကို ငါပြန်ပေးရမယ်နော်၊ ငါက ဆင်းရဲတဲ့ မင်းသားကွ"

အကျဉ်းအကျပ်လျှို့ဝှက်သော ကိစ္စထဲမှာပင် မတုန်မလှုပ် ရယ် သွမ်း သွေးနိုင်တတ်သေးသည့် မင်းသားကို စောသံမှန် ချစ်ခင်သွား သည်။

"ဟော့ စောသံမှန် ကြာလှချေလား၊ မင်း တံစိုးထပ်တောင်းနေတာ လား"

မြို့တံခါးအတွင်းဘက်မှ တံခါးမှူး၏ အော်သံ ပေါ်လာသည်။

"မဟုတ်ပါဘူ အကြပ်မင်း၊ ကောင်မလေးက လှလို့ကြည့်နေတာ"

"အာ အာ ဒါတော့ မလုပ်နဲ့ကွာ၊ တော်ကြာ အဲဒီမြေအဘိုးက ဗညားနွဲ့မင်းသား သွားတိုင်နေမှ ငါတို့ ဒုက္ခရောက်ကုန်မယ်၊ ဗညားနွဲ့အကြောင်းလည်း မင်းသိရဲ့သားနဲ့၊ လူ မင်းသားမှ မဟုတ် ဘဲ နတ်ဘီလူးကွ"

"မလုပ်ပါဘူးဗျာ၊ ကျွန်တော်လာပါပြီ"

စောသံမှန် ပြန်ဝင်ပြီး မြို့တံခါးကို ပိတ်လိုက်သည်။

အဇမ္ဗူဆင်ကို ဗညားနွဲ့ကိုယ်တိုင် ကျူးသွင်း လေ့ကျင့်ပေးထား သည် ဖြစ်၍ ခြေသံလုံမည်ဖြစ်ကြောင်း စောသံမှန်သိသည်။ သို့သော် ... စိတ်ချနိုင်ရန် ဆင်ခြေသံကို တံခါးမှူး မကြားစေရအောင် စောသံမှန် ... ယ်ကျယ်လောင်လောင် အသံပြုရသည်။

"ဟား ဟား ဟား ဟား၊ စားရက်ကြိုတော့ မုတ်ဆိတ် ပျားစွဲရုံတင် မကဘူး၊ ပျားအုံကြီး တစ်အုံလုံး လာချိတ်တာပဲ။ အသပြာ လေးဆယ်ထဲက အကြပ်မှူးက အသပြာနှစ်ဆယ်၊ ကျွန်တော်က နှစ်ဆယ် ခွဲယူ။ မြင်းငှားလိုက်တဲ့ကောင်တော့ ပေးမနေနဲ့တော့၊ ကျွန်တော်တို့ဆီ အဲဒီမြေအဘိုး မရောက်လာဘူးလို့ ပြောလိုက်ရုံပဲ မဟုတ်ဘူးလား"

"တော်သဟေ့၊ မင်းတော်သဟေ့ စောသံမှန် မင်းသည်အကောင်းဆို

www.burmeseclassic.com

www.burmeseclassic.com



ငါ့လို တံခါးမှူး မကြာခင်ဖြစ်ဦးမယ်၊ ဟား ဟား ဟား ဟား"

* * *

သို့သော် အစီအစဉ်သည် ချောချောမောမော ဖြစ်မလာခဲ့ပေ။

ထိုနေ့ညသန်းခေါင်ကျော်မှာပင် ဗညားနွဲ့ မင်းသားသည် တလမေဒေါ်ကို အဇမ္ဗူဆင်နှင့် ခိုးပြေးပြီး ဒဂုန်ဘက်သို့ စုန်သွားကြောင်း ရွှေနန်းတော်အတွင်း သတင်းပေါက်ကြားသွားသည်။ မြို့တံခါးလေးခု ကို ညတွင်းချင်းပင် ကြပ်ကြပ်မတ်မတ် စစ်ဆေးစုံစမ်းသည်။ စောသံ မုန် တာဝန်ကျရာ တောင်တံခါး၏ တံခါးမှူးသည် တံစိုးလာဘ် ပေးသွား သော 'မြေးအဘိုး'နှစ်ယောက်ကို မသင်္ကာဖြစ်လာသည်။

သို့သော် အသပြာလေးဆယ်ကို လက်ခံထားမိသောကြောင့် တံခါးမှူးသည်လည်း သူ မသင်္ကာမိသည်ကို ဗိုလ်မင်းတို့အား ဖွင့်မပြော ရဲ။ စောသံမုန်ကလည်း ဘာမျှမသိချင်ဟန် ဆောင်နေလိုက်သည်။

နံနက်လင်းအားကြီးတွင် ဆင်ဖြူရှင် ဗညားဦး၏ တပ်များသည် ဗညားနွဲ့နောက်သို့ အလုံးအရင်းဖြင့် လိုက်ကြသည်။ ဤသတင်းကို ကြိုတင်သိလိုက်ရသော စောသံမုန်သည် မြင်းတစ်စီးနှင့် ဗညားနွဲ့မင်း သားထံ လိုက်ခဲ့သည်။ မင်းသားအား အချိန်မီ တိမ်းရှောင်နိုင်စေရန်။

သို့သော် 'မုညက်ရွာ'သို့ အဝင်တွင် စောသံမုန် အကြံပျက်ခဲ့ရ သည်။

မုညက်ရွာ ခြံစည်းရိုးကို အဝေးမှ တွေ့လိုက်ရလျှင်ပင် သူနောက် ကျခဲ့ပြီဖြစ်ကြောင်း စောသံမုန်သိသွားသည်။ ဆင်ဖြူရှင်၏ တပ်များ သည် ရွာစည်းရိုး ပတ်ပတ်လည်တွင် တပ်စွဲနေကြသည်။ ရွာထဲမှ ဆင် အော်သံများကြားရသည်။ အဇမ္ဗူဆင်၏ အော်သံဖြစ်ကြောင်း စောသံမုန် ကောင်းစွာမှတ်မိသည်။ မင်းသားက ပြန်လှန် တိုက်ခိုက်နေပြီဖြစ် ကြောင်း စောသံမုန် သိလိုက်သည်။

အရှင်သခင်အတွက် စိုးရိမ်ပူပန်ကြီးစွာဖြင့် ရွာစည်းရိုးတံခါးဝ သို့ စောသံမုန် မြင်းကိုနှင်ခဲ့သည်။ သို့သော် သူရွာထဲသို့ မဝင်နိုင်ခဲ့။

အပြင်တပ်တွင် တပ်ချထားသည့် နန်းတော်ရဲမက်အစုနှင့် ရင်ဆိုင် တွေ့သည်။

တိုက်ပွဲတစ်ခုဖြစ်ပွားသည်၊ ဗညားနွဲ့၏ လူယုံသွေးသောက်ဖြစ် လာပြီး အချိန်မှစ၍ မြင်းစီး၊ ဓားရေး ကျွမ်းကျင်လာသော စောသံမုန်



...ခံမက်တို့ နိုင်အောင် မတိုက်နိုင်ကြ။ ရွာထဲသို့ မဝင်နိုင်အောင်သာ ...တ်ဆို့ထားနိုင်ကြသည်။

အခြေအနေကို စောသံမုန် တွက်ဆနားလည်နိုင်စွမ်း မရှိတော့ ...၊ ဗညားနွဲ့သည် ဤနန်းတော်တပ်များကို ချေမှုန်းထိုးဖောက်၍ ...န်သို့ ဆက်လက်ပြေးရန် အခွင့်မသာတော့ကြောင်း စောသံမုန်မသိ ... မင်းသားနှင့် တလမေဒေါ်ကို့ ဒဂုန်ဘက်သို့ ဆက်ပြေးနိုင်ရန် သူ ... ရန်သူများကို ဖြိုခွင်းပေးနိုင်လိမ့်မည်ဟုသာ ယုံကြည်နေသည်။

မြင်းဇက်ကို ရှေးတိုးနောက်သိမ်း ထိန်းကိုင်ရင်း ပတ်ပတ်လည်မှ ရဲမက်များကို ထိုးခုတ်နေရင်းမှာပင် အဇမ္ဗူဆင်၏ နာနာကျင်ကျင် အော်ဟစ်သံကို စောသံမုန် ကြားလိုက်ရသည်။ စောသံမုန် မဆိုစလောက် သတိချွတ်ယွင်းသွားသည်။ ဆင်အော်သံကြောင့် ရွာလယ်ဆီသို့ လှမ်း ကြည့်လိုက်သည့် အချိန်မှာပင် ရဲမက်တစ်ဦး၏ ဓားသွားသည် သူ့နား ဆင်စကို ရှပ်၍ ထိသွားသည်။

မူးမိုက်၍ မြင်းပေါ်မှ ကျလုဆဲဆဲတွင် ရွာလယ်မှ အော်သံများ ကြားလိုက်ရသဖြင့် မြင်းပေါ်သို့ တည်မတ်စွာ ပြန်ထိန်းနေလိုက်ရသည် ...စဉ်မှပင်

"မိပြီဟေ့၊ မင်းသားကို မိပြီ"

"အဇမ္ဗူဆင်ကိုလာပြီး ထုးခတ်ကြပါ"

"မင်းသားကို ဝိုင်းချုပ်ကြဟေ့"

စောသံမုန်ကို ဝိုင်းရံ တိုက်ခိုက်နေသော ရဲမက်များသည် အော် သံရှိရာသို့ တစ်စုတစ်ရုံးတည်း ပြေးသွားကြသည်။ အရေးမလှတော့ ကြောင့် သဘောပေါက်သွားပြီးနောက် စောသံမုန်သည် နားထင်စပ်မှ ...ကျရာကို မေ့ပျောက်လျက် မြင်းဇက်ကို ပြန်လှည့်ခဲ့ရသည်။ သူ့မြင်း ...သည်း ပင်ပန်းလှပြီ။ ဒဏ်ရာမှလည်း သွေးတို့ အထွက်လွန်နေပြီ။ ...ဆယ်မိုင်ကျော်လျက်ကပင် အဝေးဆီသို့ မျှော်ကြည့်သည်။ အနောက် ...ဘက် တောင်းကင်ကို နောက်ခံပြုလျက် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ် ...သော မော်ဓောဆံတော်ရှင်၏ စိန်ဖူးတော်ကို တွေ့လိုက်ရသည်။ ...အချိန်တွင် ကိုယ်လွတ်ရန်းပြီး ခြေရာဖျောက်လိုက်ခြင်းသာ အမှန် ...ဟု စောသံမုန် ဆုံးဖြတ်သည်။

ချုပ်ညရီတွင် မော်ဓောဆံတော်ရှင် ကုန်းတော်အောက်ခြေသို့ ...သံမုန်ရောက်ခဲ့သည်။ မြင်းပေါ်မှ ခဲယဉ်းစွာ ဆင်းပြီးနောက် ...င် ကြီးကို အဝေးသို့နှင်လိုက်သည်။ သတိလက်လွတ်မဖြစ်စေရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားအားတင်းလျက် အမောင်ရိပ် လေ့ကားထစ်များအတိုင်း တက်ခဲ့သည်။

မော်ဓာဆံတော်ရှင်၏ ဘုရားရိပ် တရားရိပ်သည် သူ့အတွက် ချမ်းသာရာ လွတ်ကင်းရာ ခိုလှုံမှုကို ပေးနိုင်ကောင်းမည်ဟူသော မျှော်လင့်ချက်ဖြင့်–

* * *

အမောင် စောသံမှုန် ယောဂီျားကောင်း ပီသခဲ့သည်။

မွေ့ကေသာကလည်း ထိန်းသိမ်းနိုင်ခဲ့သည်။ မွေ့ကေသာ၏ ခြံဝိုင်းလေးထဲမှ ဖူးငုံပွင့်အာဆဲ ပန်းကလေးများလို မွေ့ကေသာ၏ ကညာစင်ဘဝသည်လည်း ပကတိ သန့်စင်ခဲ့သည်။ ထိုအခါ အမောင့် အချစ်ကို မွေ့ကေသာ ပို၍ လေးစားမြတ်နိုးခဲ့ရလေသည်။

မွေ့ကေသာတို့ ကံကုသိုလ်ဖေးမသည်ဟုလည်း ဆိုနိုင်မည်။ မော်ဓာဆံတော်ရှင်စေတီ ကုန်းတစ်ဝိုက်ကို အုပ်ချုပ်ရသော ရွာကြီးစိုးသည်လည်း ဗညားနွဲ့မင်းသားကို လိုလားသူဖြစ်နေသည်။ ထို့ကြောင့် ဗညားနွဲ့၏လူ စောသံမှုန်တစ်ယောက် ဆံတော်ရှင်တွင် သင်ပုတ်ဆွမ်းကြွင်း ဟင်းကျန်ရှင်းသည့် အမှုထမ်းအဖြစ် ရုပ်ဖျက် ပုန်းခိုနေကြောင်းကို မပေါက်မကြား ထိန်းသိမ်း လျှို့ဝှက်ထားသည်။

အမောင် စောသံမှုန် နားထင်စပ်မှ ဒဏ်ရာသည်လည်း တဖြည်းဖြည်း အနာကျက်လာသည်။ သို့သော် လက်တစ်ဆစ်ခန့် အမာရွတ်ကိုမူ ဖယ်ရှား၍ မရနိုင်တော့။ မည်သို့ဖြစ်စေ ဤကာလများဝယ် မွေ့ကေသာ ဘဝလေး အေးချမ်းခဲ့သည်။ ချစ်သူက ရေလောင်းပေါင်းသင်ပေးသော ပန်းများကို ခူး၍ ပျော်ရွှင်စွာ ပန်းရောင်းနိုင်ခဲ့သည်။ တဲအိမ်လေးတွင် နားနေပန်းဖြေချိန်များ၌ အမောင်တို့ ရွှေနန်းတော်တွင်းမှ ရဲမက်အစုများ စစ်ရေးလေ့ကျင့်ပုံများကို တမေ့တမော နားဆင်ခဲ့ရသည်။ ပြီးတော့ ဗညားနွဲ့မင်းသားကိုလည်း မမြင်မတွေ့ဖူးပါလျက်အမောင်ရည်ညွှန်းချက်များဖြင့်ပင် မွေ့ကေသာ အဝေးမှ လေးစားရင်းနှီးခဲ့ရသည်။

ပြီးတော့ သမိန်မရှုအကြောင်း၊ မဟာဒေဝီအကြောင်း။

ဗညားနွဲ့၏ လက်ရွေးစင် သွေးသောက်သုံးကျိပ်တို့အကြောင်း မော်ဓာစေတီရင်ပြင်ပေါ်တွင်သာ ကြီးပြင်းကျက်စားခဲ့ရသော ပန်းသည်မ မွေ့ကေသာသည် နေပြည်တော် မြို့ဟံသာဝတီသို့ပင် မရောက်ဖူး



ခံ၊ သို့စင်လျက် ရွှေနန်းတော်မှ အဖြစ်သနစ် အလုံးစုံကို နန်းတော်သူတစ်ယောက်နှင့်မခြား သိနားလည်လာတော့သည်။

ထိုထက်မှ ချစ်သော အမောင် စောသံမှုန်ကြောင့်ဟုပင် ဆိုရသော့မည်။ ချစ်သူတို့၏ စိတ်သန္တာန် သဘောထားသည် ကူးစက်တတ်လေသည်လားမသိ။ အမောင့်ကို ချစ်သဖြင့် အမောင့်ကို လေးစားမြတ်နိုးရသဖြင့် အမောင့်စိတ်ဓာတ်များ မွေ့ကေသာ နှလုံးအိမ်အတွင်းသို့ ကူးစက်ပျံ့နှံ့လာသည်။

ဆင်ဖြူရှင် ဗညားဦးကို မွေ့ကေသာ အားမလို အားမရ ဖြစ်မိသည်။

သမိန်မရုကို ရွံ့ကြောက်ကြီး ဖြစ်လာသည်။

အရိုးတော် မဟာဒေဝီကိုလည်း ရွံ့ကြောက်ကြီး ဖြစ်လာသည်။

အရှင့်သား ဗညားနွဲ့ကို လေးစားမိသည်။

တလမေဒေါ်ကိုလည်း သနားမိသည်။

ဗညားနွဲ့မင်းသား ဟံသာဝတီထီးနန်းကို ဆက်ခံစေချင်သည်။

ပြီးမှ . . .

အမောင်နှင့် တင့်တင့်တယ်တယ်ကြီး မဟုတ်သော်မှ လူသိရှင်ကြား လက်ထပ်ရမည့် နေ့ရက်တို့ကို လက်ရေချိုး စောင့်မျှော်နေမိသည်မှာ အမော။

* * *

ရွှေနန်းတော်မှ သတင်းများ တစ်ခုပြီးတစ်ခု ရောက်လာသည်။ အမောင် ဘယ်သို့ဘယ်ပုံ ဤသတင်းများကို ရလာသည်တော့ မွေ့ကေသာ မသိ။

"ဗညားနွဲ့မင်းသားကို ခမည်းတော် ဆင်ဖြူရှင်က အကျဉ်းချလိုက်သတဲ့၊ ဒါပေမဲ့ မဟာဒေဝီက တောင်းပန်ပြီး မင်းသားကို ပြန်နုတ်သတဲ့"

"ဗညားနွဲ့နဲ့ တလမေဒေါ်တို့ကို မဟာဒေဝီကပဲ ကြီးမှူးပြီး လက်ထပ် ပေးလိုက်ပြီ၊ ပြီးတော့ သူ့စံအိမ်ဝင်းထဲမှာပဲ စံအိမ်ဆောင် ဆောက်ပြီး နေရာပေးထားတယ်"

"ဆင်ဖြူရှင် ဗညားဦး မကျန်းမာဘူး အနာသည်းသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မဟာဒေဝီနဲ့ သမိန်မရူ တူဝရီးနှစ်ယောက် မအပ်မရာ ချောင်းနေကြတာကို နန်းတော်တစ်ခုလုံးလိုလို သိနေကြတယ်၊ ဒါပေမဲ့ မဟာဒေဝီက ဓားထက်တော့ ဘယ်သူမှ မပြောဝံ့ကြဘူး၊ ဆင်ဖြူရှင်ကလည်း စက်ရာတော်က မထွက်နိုင်တော့"

"ဗညားနွဲ့မင်းသားနဲ့ သမိန်မရူတို့ သိပ်အဆင်မပြေကြဘူး၊ ဗညားနွဲ့မင်းသားက သိပ်ရှက်နေတယ်၊ အရီးတော် မဟာဒေဝီ ကြားခံနေတော့လည်း မပြောသာဘူး၊ သမိန်မရူရဲ့အကဲကြည့်ရတာ ဟံသာဝတီ ထီးနန်းကို အပြီးတိုင် သိမ်းချင်ပုံရတယ်"

ရွှေနန်းတော်မှ ရလာသော သတင်းများကို စုရုံးပေါင်းခြုံ၍ စောသံမှန်က ကောက်ချက်ဆွဲယူသည်။ မွေ့ကေသာသည် ခါတိုင်းနှင့်မတူ လေးနက်တင်းမာနေသော အမောင့်မျက်နှာထားကိုကြည့်ကာ တိတ်ဆိတ်စွာ နားထောင်မိလေသည်။

"ကေသာရေ တစ်ခုခုတော့ ဖြစ်တော့မယ်ထင်တယ်၊ အမောင်ဓား ပြန်ကိုင်ရလိမ့်မယ်"

ယခင်ကထက်ပို၍ မော်ဓောဆံကော်ရှင်တွင် မွေ့ကေသာ ပန်းများကပ်လှူပူဇော် ဆုတောင်းမိတော့သည်။

"ဗညားနွဲ့မင်းသား ထီးနန်းရပါစေဘုရား၊ အမောင်စောသံမှန် ဘေးကင်းပါစေဘုရား၊ အမောင်နှင့်အတူတကွ အိုမင်းအောင် ပေါင်းသင်းရပါလို၏ အရှင်ဘုရား"

* * *

ချစ်သူတို့၏ ကမ္ဘာလောကသည် ချစ်သူနှစ်ဦးမှ တစ်ပါး အခြားမသက်ဆိုင်သူများအဖို့ ဝင်ပေါက်မရှိသော လောကကျဉ်းကျဉ်းကလေးဖြစ်သည်ဟု ပန်းသည်တို့က မွေ့ကေသာကို ပြောဖူးသည်။ မောင်နှင့်မယ် တူယှဉ်တွဲနေသော လောကငယ်လေးသည် မောင်နှင့်မယ်တို့အတွက်သာ ဖြစ်သည်။ ဤလောကငယ်လေးဝယ် မောင်နှင့်မယ်မှအပ အခြားသူတစ်ပါးတို့ မရှိ။ အချစ်လောကသည် ရှိရှိသမျှသော လောကတစ်ခုလုံးနှင့် ကင်းကွာ ပြတ်တောက်နေတတ်သည်။ ဤလောကကျဉ်းကျဉ်းကလေးသည်ပင် မောင်မယ်တို့အဖို့ ပကတိ ပြည့်စုံအင်ပြီဟုလည်း သိကြသည်။



ပန်းသည်တို့စကား စောစောပိုင်းကတော့ မှန်သည်။

ရွှေနန်းတော်မှ အရေးအရာများကို တစ်ဆင့်စကားဖြင့် အမောင်စောသံမှန် နှုတ်မှ ကြားနေစေကာမူလည်း မွေ့ကေသာ ကြားရုံတစ်ခဏသာ စိတ်ဝင်စားမိပြီး စိတ်ထဲတွင် အစွဲအမြဲ မရှိလှ။ ခြံဝိုင်းကလေး စံနန်းကလေးနှင့် တဲကုပ်လေးအတွင်း ချစ်သော စောသံမှန်နှင့်အတူတကွ လောက ကျဉ်းကျဉ်းလေးတစ်ခု တည်ဆောက်နေရသည်မှာ မွေ့ကေသာအဖို့ ပီတိနှလုံး စိတ်ဝမ်းချမ်းမြေ့ဖွယ်ကာလများ ဖြစ်ခဲ့သည်။

သို့သော် ပန်းသည်တို့စကား မှားပြီထင်သည်။

မွေ့ကေသာ၏ ကမ္ဘာလောကသည် ကျဉ်းကျဉ်းကလေး မဟုတ်တော့။

ကျယ်ပြန့်လာခဲ့သည်။ ကျယ်ပြန့်လာလိုက်ပုံများကလည်း မွေ့ကေသာကိုယ်တိုင်ပင် မယုံနိုင်စရာ ဖြစ်လာသည်။ ယောင်၍မျှပင် မတွေးဖူးသောအဖြစ်။ အိပ်မက်ထဲမှာပင် ထည့်မက်ရကောင်းမှန်း မသိခဲ့ဖူးသော အဖြစ်သနစ်များကို မွေ့ကေသာ ရင်ဆိုင်လာခဲ့ရသည်။

အို ဒါကလည်း အမောင့်ကို ချစ်သောကြောင့်သာ ဖြစ်မည်။

ချစ်ရပြီဆိုတော့လည်း ချစ်သူ၏ဘဝသည် ကိုယ့်ဘဝ၊ ချစ်သူ၏လောကသည် ကိုယ့်လောက ဖြစ်လာသည်။ ကိုယ့်ကိုယ်ပိုင် သီးခြားလောကဟူ၍ သေးငယ်ကျဉ်းမြောင်း ရိုးစင်းသော ကိုယ့်လောကငယ်လေးကို ချစ်သူ၏ လောကထဲသို့ မြုပ်နှံရောစပ်လိုက်သည့် ထိုအခါဝယ်...

ထိုအခါဝယ် မွေ့ကေသာ မယုံနိုင်စရာ ဖြစ်ရပ်များကို တွေ့လာရတော့သည်။

ပထမဆုံး မိမိကိုယ်မိမိ အံ့သြရသည်မှာ မိမိကိုယ်ပေါ်မှ ဝတ်စားတန်ဆာများဖြစ်သည်။

ဆံပင်သည် ခါတိုင်းလို ကပိုကရို တစ်ပတ်လျှို မဟုတ်တော့။ ဟံသာဝတီ နန်းတွင်းသူတို့ ထုံးဖွဲ့တတ်သည့် မြိတ်စို့ဆံထုံး။

နားပေါက်တွင်လည်း ခါတိုင်းလို ဖက်ဖြူလိပ် နားတောင်းမဟုတ်တော့။ နန်းတွင်းသူတို့လို ရွှေကွပ် မြနားတောင်း။

ကိုယ်ဝတ်သည် ခါတိုင်းကမူ ဝါချည်ပိတ်ဖြူစ။ ယခု ခါသာပိတ်။

ပခုံးမှ တဘက်သည် ခါတိုင်းကမူ သစ်ခေါက်ဆိုးဆောင် ယခု

www.burmeseclassic.com

www.burmeseclassic.com



နက်ပြာကတ္တီပါ။

ထဘီသည် ခါတိုင်းကမူ နီညိုပတ်လည်စင်း။ ယခု ပန်းပြောက် ဖက်မှုး။

အို လက်ကောက်ဝတ်၊ ခြေချင်းဝတ်များလည်း ရွှေလက်ကောက် ရွှေခြေချင်းစွပ်။ ရွှေလက်စွပ်၊ ပြီးတော့ ယခင်က ပလာဟင်းလင်း ဖြစ်ခဲ့သော လည်တိုင်တွင် ယခု သုံးလေးဆင့်သော ပုလဲသွယ်များ။

ညှိမှုသော တစ်ကိုယ်ပြည့် ဝတ်စုံတို့ကို စောသံမှန် အဘယ်က ရှာဖွေ ဆောင်းလာသည် မသိ။ မွေ့ကေသာ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ သို့သော် အမောင်ကမူ မွေ့ကေသာလည်တွင် နောက်ဆုံး ပုလဲသွယ်တို့ကို ဆင်ပေးပြီးသည့်အခါ မွေ့ကေသာ၏ ရှက်သွေးဖြာသော မျက်နှာကို ငေးကြည့်ရင်း လှိုက်လှဲစွာ ဆိုနေလေသည်။

"ကေသာရယ် ဘုရင့် သမီးတော်လား၊ မြို့စား သမီးလား အောက်မေ့ရတယ်၊ အမောင့်ကေသာ လှလိုက်တာပါလား၊ အို နန်းတော်ထဲက မောင်းမ မိဿံတွေထက်တောင် ပိုလှနေပါရောလား၊ အမောင်ကိုယ်တိုင်တောင် မမှတ်မိနိုင်အောင်ပါပဲလား"

"အို..."

ရှက်သည် ဆိုပေမင့် ဖိတ်ဖိတ်လက်လက် ဝတ်စားတန်ဆာများကို ဝတ်ဆင်ထားရသည်မို့ မိန်းကလေးပီပီ မွေ့ကေသာ ရင်တဖိုဖိုဖြင့် ကြည်နူးနေမိသည်။ အမောင် ရှေ့မှ ကိုင်ပေးထားသော ကြေးမုံပြင်ထဲက ကိုယ့်အသွင် ကိုယ်ကြည့်ရင်း ကိုယ့်အလှကိုယ် တိတ်တခိုးလေး ကျေနပ်နေမိသည်။

"မှတ်ထားနော် ကေသာ၊ ကေသာ့နာမည်က မွေ့နှင်း၊ ဒုန်ဝန်းမြို့စား သံလှစ်ရဲ့သမီးတော်၊ ဖခင် ဒုန်ဝန်းမြို့စား သံလှစ်နဲ့ တိုင်းရေးပြည်ရေး သဘောကွဲလွဲလို့ ဖခင်ကို တော်လှန်ပြီး ဆင်ဖြူရှင်လက်အောက် ခိုလှုံလာတာ။ ပြီးတော့ သမီးတော် တလမေဒေါ်ဆီ ရောက်သွားပြီး တလမေဒေါ်က တစ်ဆင့် မဟာဒေဝီဆီ ပို့ပေးလိုက်တာ"

အမောင်အသံသည် စစ်ထွက်မည့် တပ်မှူးကို တပ်မင်းကြီးက မှာသည့် စစ်အမိန့်သံနှင့် တူနေသည်။

"မှတ်မိပါတယ် အမောင်ရယ်၊ စိတ်ချပါ"

"ပြီးတော့ ကေသာလုပ်ရမယ့် အလုပ်တွေကော..."



"မှတ်မိပါတယ် အမောင်ရယ်..."

ပြောင်းလဲသွားသော ဝတ်စားတန်ဆာများကြောင့်လား ရင်ဆိုင်ရမည့်အတွေ့အကြုံကြောင့်လားတော့မသိ။ မွေ့ကေသာ မျက်နှာပြင်ဝယ် တက်ကြွသောအသွင်များ သိသိသာသာ ပေါ်လွင်နေသည်။ နံ့သာမှုန်းထားသော မျက်နှာ၊ ဒန်းနီဆိုထားသည့် နှုတ်ခမ်းမြွှာ၊ ဆေးမည်းနှင့် ကြပ်ခိုးရေးထားသော အဆီခြယ်ထားသည့် မျက်လုံးအစုံတို့သည် ထက်မြက်သောအလှ ဖြစ်နေသည်။

"ပိပိရိရိ ရှိပါစေနော်"

"စိတ်ချပါ အမောင်ရယ်"

"အနေအထိုင် အပြောအဆို၊ အစစ လိမ္မာပေ့စေ"

"အင်းပါ"

"ဘာမှ အားမငယ်နဲ့နော်၊ အမောင်တို့ အမြဲစောင့်ကြည့်နေတယ်"

"ဩော် အမောင်ကလည်း ကေသာဟာ အမောင့်ချစ်သူပါ၊ စောသံမှန် ရဲရင့်သည်နှင့်အမျှ မွေ့ကေသာလည်း သတ္တိရှိရမှာ ပေါ့လို့"

စိတ်မရှည်သံ ပါသွားသည် ထင်သည်။ အမောင်သည် ပြုံးရယ်လျက် ကေသာ့လက်ကို ဖွဖွ ဆုပ်ကိုင်လေသည်။

"တကယ်လွှတ်ရတော့မယ်ဆိုတော့လည်း စိတ်မချနိုင်တော့ဘူး ကေသာရယ်၊ အစီအမံတွေက အားလုံးအဆင်သင့် ဖြစ်နေလို့သာ"

"အို ဗညားနွဲ့အရှင့်သား အကျိုးကို အမောင်နဲ့အတူ တစ်ထမ်းတရွက် ကေသာ ကူညီတဲ့ကိစ္စ မဟုတ်လား၊ ကေသာအတွက် ဘာမှ ဝန်မကြီးပါဘူး အမောင်ရယ်"

ထိုအခိုက်

"စောသံမှန်"

တဲအပြင်မှ အသံဝါကြီးဖြင့် ခပ်အုပ်အုပ် ခေါ်သံတစ်ခု ပေါ်လာသည်။

"ဟော သူလာပြီ"

စောသံမှန် တဲတံခါးကိုဖွင့်ပေးသည်။ ကြီးမားသော ခန္ဓာကိုယ်ရှိသည့် လူတစ်ယောက်ဝင်လာသည်။ နန်းတွင်းသားတို့ ဝတ်ဆင်လေ့ရှိသည့် အဖိုးထိုက် အဖိုးတန် အဝတ်အစားများ အပေါ်မှ အနက်ရောင် ဘိုယ်ရုံကြီးတစ်ထည် ခြုံထားသည်။

"အဆင်သင့်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"အဆင်သင့်ပဲ"

မွေ့ကေသာ ထိုလူကြီးကို ရုတ်တရက် ကြောက်သွားသည်။ သူ့အဝတ်အစားများက အရောင်အသွေးစုံ အဖိုးထိုက် အဖိုးတန်များ ဖြစ်စေကာမူ သူ့အသွင်မှာ ကြမ်းတမ်းလှသည်။ ခါးအနည်းငယ် ကုန်း နေသော်လည်း ကိုယ်ခန္ဓာ ခိုင်ဖြိုးလှသည်။

"ကေသာ ဟောဒါ အရှင့်သာ ဗညားနွဲ့ရဲ့ စိတ်အချရဆုံး လူယုံကြီး အဒေါ်ကုန်းပဲ၊ သွေးသောက်ကြီး ဒါ...ကေသာ"

'အဒေါ်ကုန်း'ဆိုသူက ဖြူဖွေးသော သွားများကို လှစ်ပြသည်။ ရယ်လိုက်သောအခါတွင်မှ သူ၏ ကြီးမားသော မျက်နှာကြီးသည် ခင်မင်ဖွယ်ဖြစ်ကြောင်း မွေ့ကေသာ တွေ့ရသည်။ သို့သော် ကြောက်စိတ်ကားမပြေတတ်သေး။

"ဘယ်က ကေသာရမှာလဲ စောသံမုန်ရဲ့ မွေ့နှင်းပါ၊ ဟား ဟား ဟား"

ရင်းနှီးရဲတင်းသော အမူအရာဖြင့် ရယ်သံကို ကြားရသောအခါ တွင်မူ မွေ့ကေသာ မကြောက်တော့။ အဒေါ်ကုန်းကို ချက်ချင်းပင် ခင်မင်သွားသည်။

"ဟိုကျရင် ယောင်ပြီး ကေသာက ကေသာက လုပ်မနေနဲ့ဦး နော်၊ ကလေးမ၊ နှင်းကလေ နှင်းကလေ သည်လိုပြောရမယ် သိလား"

မွေ့ကေသာပါ ရယ်မိတော့သည်။ အဆင်းသဏ္ဌာန်နှင့် မလိုက် အောင် နူးညံ့ချိုသာသော အဒေါ်ကုန်းသည် ဗညားနွဲ့ယုံကြည် စိတ်ချ ရသော လူယုံဖြစ်ထိုက်သည်ဟုလည်း မွေ့ကေသာ ထင်မိသည်။

"ကဲ သွားစို့၊ အချိန်မရှိဘူး၊ မဟာဒေဝီစောင့်နေတယ်"

"ဟုတ်ကဲ့"

စောသံမုန်က မွေ့ကေသာ၏ ပခုံးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။

"ကဲ ကဲ နှုတ်ဆက်စရာရှိတာ နှုတ်ဆက်ကြပေတော့၊ ငါ တံပြင်က စောင့်နေမယ်၊ မကြာစေနဲ့နော်၊ ဟား ဟား ဟား"

အဒေါ်ကုန်း တံအပြင်ထွက်သွားလျှင် အမောင်က ပို၍ တင်း ကျပ်စွာ ပွေ့ဖက်လာသည်။ အမောင် သက်ငွေ့ထုတ်သံ လေးနွေးနွေး သည် မွေ့ကေသာ ပါးပြင်ထက်တွင် ရင်ဖို မောလှိုက်ဖွယ် ကျရောက်လာ



သည်။ဖြိုးပြက်သော မျက်ဝန်းနှစ်စုံတို့ တစ်ခုနှင့်တစ်ခု ထွင်းဖောက် ကာတတ် ဆုံနေကြသည်။

"ကေသာရယ်... အချစ်ရယ်..."

* * *

ပါးပြင်ကို အသာအယာ စမ်းမိရင်း မွေ့ကေသာ အမောင်၏ နူးညံ့သော နှုတ်ဆက်ခြင်းကို ရင်ဖိုစွာ သတိရနေသည်။

မွေ့ကေသာ ယခုထိ ရှက်တတ်စမြဲ။ သို့သော် မွေ့ကေသာ ရှက်မိနေသည်မှာ အမောင်၏ နူးညံ့သော နှုတ်ဆက်ခြင်းကို သတိရစဉ် အခိုက်အတန့်တွင်သာ ဖြစ်ပေသည်။ အခြား တစ်ပါးသော အမှုကိစ္စ များတွင် မွေ့ကေသာ မရှက်တတ်တော့။ ယခင်လို ရှက်ရွံ့ရွံ့ ကြောက် ရွံ့ရွံ့ ပန်းသည်မလေး အသွင်မျိုး မရှိတော့။

အဘယ်က ရောက်လာမှန်းမသိသော အားမာန်တို့ဖြင့် မွေ့ကေ သာသည် ပြောင်မြောက်ကျွမ်းကျင်သော ဇာတ်ကောင်ဖြစ်လာသည်။ မဟာဒေဝီကိုလည်း မကြောက်တော့။ ဖြိုးပြက်သော ရွှေနန်းတော်ကြီးကို လည်း မကြောက်တော့။ မွေ့ကေသာသည် ရွှေနန်းတော်ထဲတွင် ရွှေလင် ပန်းနှင့် အချင်းဆေး မင်းမွေးခဲ့သော တကယ့် ဘုရင့်သမီးတော်လို ဖြစ်လာသည်။

အမောင်နှင့် အဒေါ်ကုန်းတို့ အစီအစဉ်ဖြင့် မွေ့ကေသာသည် ဒုန်ဝန်းမြို့စား သံလုစ်၏သမီး 'မွေ့နှင်း'ဘဝဖြင့် မဟာဒေဝီ၏ ကိုယ် လုပ်တော် အကြီးအမှူးဖြစ်လာသည်။ 'မွေ့နှင်း'ဘဝကို မွေ့ကေသာ အပ် မပြတ် ဝင်စားထားသည်။

မိမိသကို မွေ့ကေသာ မဟုတ် မွေ့နှင်း။

ဒုန်ဝန်းမြို့စားသမီးတော်၊ သို့သော် ဖခင်မြို့စားက ဆင်ဖြူရှင် မင်းစားသူ ဗညားနွဲ့ကို အထင်သေးသူ၊ မိမိမှာကား ဆင်ဖြူရှင်မင်းတရား ခြေဖဝါးတော်အောက်တွင်သာ ခိုလှုံလိုသူ၊ သို့ဖြင့် ဖခင်နှင့်စိတ်ဝမ်းကွဲပြီး ဟံသာဝတီနေပြည်သို့ ဝင်ရောက်ခိုအောင်းလာသူ။

ပြီးတော့ ဗညားနွဲ့ အရှင့်သား၏ မိဖုရား၊ တလမေဒေါ်ပိ အကြောင်းပြု၍ မဟာဒေဝီထံသို့ ရောက်လာသည်။ တစ်နည်းမှာ တလ မေဒေါ်က မဟာဒေဝီသို့ ဆက်သော လက်ဆောင်ပဏ္ဏာ။

www.burmeseclassic.com

www.burmeseclassic.com



ရောက်စကမူ မဟာဒေဝီသည် မွေ့ကေသာကို ချေချေငံငံ ဆက်ဆံသည်။ ဒုန်ဝန်းမြို့စား၏ သမီးတော်အဖြစ် နေရာပေးသည်။ မွေ့ကေသာကလည်း မြို့စားသမီးဟူသောအနေဖြင့် ဝင့်ဝင့်ကြွားကြွား မနေ။ ဗညားနွဲ့မင်းသားနှင့် အမောင်စောသံမုန်တို့ စီစဉ်သွန်သင်သည့်အတိုင်း မဟာဒေဝီ ယုံကြည်သက်ဝင်လာအောင် ကျိုးကျိုးနွံနွံ သိမ်သိမ်မွေ့မွေ့နေသည်။ ကိုယ်လုပ်တော် အကြီးအမှူးအဖြစ် တာဝန်ကျေစွာ အမှုတော် ထမ်းသည်။

သို့သော် ရက်သတ္တပတ် အနည်းငယ်ကြာပြီးသည်တွင် မဟာဒေဝီ၏ ပင်ကို မူလစရိုက်ကို မွေ့ကေသာ တွေ့ရတော့သည်။ မွေ့ကေသာ ကျိုးနွံပျပ်ဝပ်စွာ နေထိုင်ကျင့်သုံးသည့်အပေါ်တွင် အနိုင့်အထက်ပြုလာသည်။

"ဟဲ့ မွေ့နှင်း"

"ဟဲ့ သံလှစ်သမီး"

"ဟဲ့ ဒုန်ဝန်းစားရဲ့သမီး"

အသုံးအနှုန်းများကအစ ခက်ထန်မောက်မာလာသည်။ ကိုယ်လုပ်တော် အကြီးအမှူးတစ်ယောက်အဖြစ် မဆက်ဆံတော့ဘဲ အိမ်တော်ကျွန်တစ်ယောက်လို ဆက်ဆံလာသည်။ သို့သော် ကေသာ သည်းခံသည်။ အမောင်စောသံမုန် အထပ်ထပ်မှာသောစကားကို ရင်အုပ်မကွာ အောက်မေ့ နှလုံးသွင်းထားသည်။ မဟာဒေဝီ၏ အပါးတွင် ခစားကြရသူများ အနက် အနီးကပ်ဆုံးနေရာကို ရအောင်ယူနိုင်ရန်၊ ပြီးတော့ မဟာဒေဝီနှင့် သမိန်မရူတို့၏ လှုပ်ရှားမှုများကို မပြတ်မလပ် စောင့်ကြည့်ရန်၊ ထို့နောက်မှ–

မော်ခောစေတီ ရင်ပြင်တော်ထက်တွင် ပန်းသည်လုပ်ခဲ့ခြင်းသည် ဤမျှသော နန်းတော်တွင်း အရေးတော်ကြီးတစ်ခုဖြစ်လာ၍ အသုံးတည့်နေခြင်းကိုတော့ မွေ့ကေသာ အံ့သြနေမိသည်။ အဘရော အမိပါ ကွယ်လွန်ပြီးနောက် ခြံဝိုင်းထဲမှ ပန်းခင်းကို ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ပျိုး၊ ကိုယ်တိုင်ရေလောင်း၊ ပေါင်းမြက်သင်၊ ကိုယ်တိုင်ခူး၊ ကိုယ်တိုင်ရောင်း နှစ်ကာလရှည်ခဲ့သော ထိုအတွေ့အကြုံများက မွေ့ကေသာအား မဟာဒေဝီ၏ စံအိမ်တွင် နေရာကောင်းရစေခဲ့သည်။

မဟာဒေဝီသည် အမွှေးနံ့သာကို ထူးထူးကဲကဲ နှစ်သက်တပ်မက်သူ။ ထိုအခါ ပန်းလောကမှ ကြီးပြင်းပေါက်ဖွားလာပေသော မွေ့ကေသာသည် မဟာဒေဝီ၏ အနီးသို့ အကပ်နိုင်ဆုံးသူ ဖြစ်လာသည်။



မွေ့ကေသာကလည်း တတ်မှတ်သမျှ အရည်အသွေးကို အကောင်းဆုံးထုတ် ဖော်ပြလိုက်သည်။ မွေ့ကေသာ ရောက်လာသည့်အချိန်မှစ၍ မဟာဒေဝီသည် အခြားပန်း၊ အခြားနံ့သာရည်တို့ကို မသုံးတော့။ မွေ့ကေသာ စိုက်သောပန်း၊ မွေ့ကေသာ ခူးသောပန်း၊ မွေ့ကေသာ စပ်ဖျော်သော နံ့သာပေါင်းအဆီရည်။

"မွေ့နှင်းဟာ မထုံတက်သေး ငေးငိုင်ငိုင်ဖြစ်ပေမဲ့ သူ့ပန်းတွေကျတော့ တယ်မွှေးတာပဲ၊ သူစပ်တဲ့ နံ့သာပေါင်းအဆီကလည်း တယ်ကောင်းတာပဲ"ဟု မဟာဒေဝီက အခြားမောင်းမများကို ပြောနေတတ်သည်။ သို့သော်လည်း "ဒုန်ဝန်းစား သံလှစ်သမီးဟာ နံ့သာပေါင်းအဆီတော့ ကောင်းကောင်းစပ်တတ်ပါရဲ့၊ ဒါပေမဲ့ လူပုံလေး လှလှပပနဲ့ အံ့ပုန်းမာန ထားတတ်တဲ့ပုံမျိုး"ဟုလည်း တစ်ဖက်က နှိပ်နှိပ်နင်းနင်း ပြောတတ်ပြန်သည်။

သို့ဖြင့်ပင် မွေ့ကေသာတဲဖြင့်လဲ မွေ့နှင်းသည် မဟာဒေဝီ၏ လက်ပွန်းတတီးအကျဆုံး၊ သို့သော် အဆူအငေါက်အခံရဆုံး၊ ကိုယ်လုပ်တော် အကြီးအမှူးဖြစ်လာခဲ့သည်။

မဟာဒေဝီ၏ ကိုယ်လုပ်တော် အကြီးအမှူးအဖြစ် မွေ့ကေသာ ထေမဆုံး လှုပ်ရှားရသည့် စွန့်စားခန်းသို့ ရောက်လာသည်။

ထိုနေ့ညက မဟာဒေဝီသည် စံအိမ်တော်ခန်းမကို အလှဆုံး၊ အမွှေးကြိုင်ဆုံး ပြင်ဆင်ထားသည်။ မွေ့ကေသာ တစ်နေကုန် မအားမလပ် ရှိရသည်။ ညနေ နေစောင်းချိန်တွင် ဗညားနွဲ့အရှင့်သား ဗဟာဒေဝီထံသို့ ရောက်လာမည်။ မဟာဒေဝီ၏ စံအိမ်တွင် ဘုရင့်သမက်တော် သမိန်မရူနှင့်အတူ ညစာ စားသောက်ကြမည်။ တရင်းတနှီး တွေ့ဆုံကြမည်။

ထို့နောက် . . .

ရန်ဘက်ကြီးများဟုဆိုသော ဗညားနွဲ့မင်းသားနှင့် သမိန်မရူတို့သည် လက်မောင်းသွေးကိုဖောက်လျက် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် သစ္စာပြုကြမည်။ သွေးသောက် ရဲဘော်များအဖြစ် ခံယူကြမည့် သွေးသောက်ပွဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝေါယာဉ်ပေါ်မှ ဗညားနွဲ့မင်းသား ဆင်းလာလာချင်းပင် သမိန်မရူးနှင့် မဟာဒေဝီတို့က စံအိမ်တော် လှေကားရင်းအထိ ဆင်းကြိုကြသည်။

မင်းသား၏ နောက်ပါးတွင်ကား ကြီးမားသော ခန္ဓာကိုယ်ဖြင့် 'အဒေါ်ကုန်း'။

မဟာဒေဝီ၏ နောက်ပါးတွင်ကား နုံ့သာဖျန်းထားသည့် ငှက်မွေးယပ်တောင် ရောင်စုံတို့တင်ထားသည့် ရွှေကလပ်ကိုင် မွေ့ကေသာ။

မင်းသားသည် မွေ့ကေသာကို မသိမသာ တစ်ချက် ဝေ့ကြည့်ပြီးနောက် မဟာဒေဝီနှင့် သမိန်မရူးတို့ကို ရယ်ရယ်မောမော နှုတ်ဆက်သည်။ မဟာဒေဝီနှင့် သမိန်မရူးတို့ကလည်း မင်းသားကို တလေးတမြတ် နှုတ်ဆက်ကြသည်။ စကားတပြောပြော တရယ်မောမောဖြင့် စံအိမ်တော် ဧည့်ခန်းဆောင်သို့ တက်ခဲ့ကြသည်။

"အရိုးတော် စံအိမ်တော်ကို ဘာသားနဲ့ ဆောက်လုပ်ထားသလဲ"

"ကျွန်းနဲ့ပါပဲ ဗညားနွဲ့၊ ဘာဖြစ်လို့လဲ"

"အား...စန္ဒကူးနှစ်တွေနဲ့ချည်း ဆောက်ထားသလားလို့၊ တယ်မွှေး သကိုး"

မဟာဒေဝီသည် ဂုဏ်ယူဝင့်ကြွားစွာ ပြောလေသည်။

"ဟောဒီ ဒုန်ဝန်းစား မွေ့နှင်းရဲ့ လက်ရာလေ ဗညားနွဲ့၊ အရိုးတော်လည်း စစ်စစ်စီစီ အမိန့်ပေးတာပဲ၊ မွေ့နှင်းကလည်း ဒါတော့ တော်ရှာပေတယ်၊ စံအိမ်တော်မှာ သူ့လောက် နံ့သာပေါင်းအဆီကောင်းလုပ်တတ်တဲ့သူ မရှိလေဘူး၊ အရိုးတော်လိုချင်တဲ့ ရနံ့ကို သူ ရအောင် ဖော်စပ်တတ်ပေတာကလား"

မွေ့ကေသာ ခေါင်းငုံ့ထားသည်။ မော်မကြည့်ရဲ။ မင်းသားလာလျှင် ဘယ်သူ့ကိုမှ မော့်မကြည့်ရဟု မဟာဒေဝီက တင်းတင်းကြပ်ကြပ် အမိန့်ပေးထားသည်။

"သည်လောက် တော်နေမှဖြင့် ရွှေနန်းတော်ခေါ်ရ ကောင်းမယ် ထင်တယ်"

"အောင်မယ်၊ ပေးနိုင်ပါဘူးမောင်၊ မောင့်ခမည်းတော်က ဒီမွှေးနံ့သာတွေလည်း မကြိုက်တတ်ပါဘူး၊ အမွှေးနံ့ရရင် ခေါင်းခဲတတ်သတဲ့၊ အရိုးတော်ကလည်း သံလှစ်သမီးကို သူတစ်ပါးလက်ထဲ လွှဲမပေးနိုင်ပေါင်"



ဗညားနွဲ့က အခိပ္ပာယ်ပြည့်စွာဖြင့် ပြုံးရယ်ဟန် ပြုသည်။ ထိုအပြုံးအရယ်ကို မွေ့ကေသာ သဘောပေါက်မိသည်။

"ဆင်ဖြူရှင် အနာသည်းတုန်းပဲလား မင်းသား"

"မသက်သာဘူး မရူရဲ့၊ ညီလာခံ မခေါ်တာတောင် ရက်အတန်ကြာရှိပြီ"

"အင်းဗျာ၊ ကျေးဇူးရှင်ဘုရား ကျန်းမာတော်မူပါစေကြောင်း ကျုပ်တို့ဖြင့် နေ့စဉ် ညစဉ် ဆုတောင်းနေကြရတာပဲ၊ အရွယ်တော်လည်း ကြီးမှကိုး"

"အင်းလေ...၊ မရူတို့ရဲ့ မေတ္တာကြောင့် ခမည်းတော်ဘုရား အမြန်သက်သာလိမ့်မယ်လို့ မျှော်လင့်ရပေတာပဲ"

မင်းသား၏ စကားသည် နှစ်လိုဖွယ်ရာ ယဉ်ကျေးသော စကားဖြစ်စေကာမူ ယင်းသည်ပင်လျှင် အခြားသော အဓိပ္ပာယ်တစ်ခုကို ဆောင်နေကြောင်း အားလုံးက သိနေကြသည်။ နေပြည်တော်အလုံးတွင် ဆင်ဖြူရှင် ဗညားဦး အနာသည်းသည့်အတွက် သမိန်မရူလောက် ဝမ်းသာမည့်သူ မရှိဆိုခြင်းကို အားလုံးက သိထားကြသောကြောင့် ပြောသမျှစကားချိုသာများသည် အခြားတစ်ဖက်မှ အနက်အဓိပ္ပာယ်ကို ဆောင်နေကြောင်း သိနေသော မွေ့ကေသာမှာ စကားဝိုင်းအနီးတွင် နေရင်းရင်တထိတ်ထိတ် ခုန်နေသည်။ မင်းညီမင်းသားတို့၏ ရှုပ်ထွေးနက်နဲသော ကမ္ဘာလောကကို ကြောက်နေမိသည်။

"ထိပ်ထားလေး တလမေဒေါ်ကော ကျန်းခန့်သာရဲ့လား မင်းသား"

"ကျန်းခန့်သာပါရဲ့၊ ဒါပေမဲ့ အခုတလော ဘာစိတ်ကူးရနေသလဲ မသိဘူး၊ သူ့ရဲ့ ဝတ်လဲတော်တွေကို တခြားအရောင်တွေ မသုံးတော့ဘဲ ဗျိုင်းရဲ့ အရောင်လို ဆွတ်ဆွတ်ဖြူတဲ့ အရောင်တွေပဲ ဝတ်ချင်တယ်ဆိုပြီး ဝါချည်တွေကို ကိုယ်တိုင်ငင်နေလေရဲ့"

မဟာဒေဝီရော သမိန်မရူပါ သိသိသာသာ မျက်နှာပျက်သွားကြသည်။

မွေ့ကေသာပင် မင်းသား၏ အနှောင့်မလွှတ်သောစကားကြောင့် အနေရ အထိုင်ရ ခက်သွားမိသည်။ မဟာဒေဝီအား စောင်းမြောင်းညွှန်းဆိုလျက် 'ဗျိုင်းမအိုလျက်၊ သစ်ပင်ထက်သို့ တက်၍ကာ' ဘာသောင်စနည်းကို နေပြည်တော်အလုံး ရွတ်ဆိုနေကြသည်။ ဤမဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီကြီး၏ ရှေ့တွင် မဟာဒေဝီမျက်နှာကို စေ့စေ့ကြည့်ရင်း 'ဗျိုင်း'ဟူသော စကားလုံးကို သုံးစွဲရဲသည့် မင်းသားကိုလည်း မွေ့ဂေသာလန့်သွားသည်။

ဗညားနွဲ့ကမူ တစ်ချက်တလေမှပင် မှုမပျက်ဘဲ ရယ်ရယ်မောမောဖြင့် စကားအမျှင်မပြတ် ပြောနေသည်။ နေပြည်တော်မြောက်ဘက်တောအုပ်ထဲတွင် ဆင်ကြော့သည့်အကြောင်း၊ ယခင်အပတ် ဖမ်းရလာသော စွယ်စုံဆင်ရိုင်းကြီးကို ကျုံးသွင်းလေ့ကျင့်ပေးပုံအကြောင်း၊ မိမိ၏ ဉာလက်ရုံးဖြစ်သော မင်းကန်စီအမတ်သည် လောကီ လောကုတ္တရာ နှစ်ဖြာတို့၌ လိမ္မာနံ့စပ်လှကြောင်း စသည်ဖြင့်-

မင်းသား၏ နောက်လိုက်လှူယုံ အဒေါကုန်းကား မွေ့ကေသာကို တစ်ချက်ကလေးမျှပင် မော့မကြည့်။ ခေါင်းငုံ့မျက်နှာချလျက် တစ်ချိန်လုံး မလှုပ်မချောက် ထိုင်နေသည်။

ညနေဆည်းဆာ ကုန်ဆုံးသွားသည်။ စံအိမ်တော်ခန်းမ အနည်းငယ် မှောင်လာသည်။

"ကဲ မရှုရေ၊ ဗညားနွဲ့အတွက် မင်းကိုယ်ကိုင် အထူးစီမံထားတယ်ဆိုတာ ပြင်တော့လေ၊ အရီးတော် ဆီမီးတွေထွန်းဖို့ စီစဥ်လိုက်ဦးမယ်၊ နည်းနည်းမှောင်လာပြီ၊ ဟဲ့ မွေ့နှင်း လိုက်ခဲ့စမ်း"

မဟာဒေဝီ နေရာမှထ၍ ခန်းမဆောင်အတွင်း ဝင်သွားသည်။ မွေ့ကေသာ နောက်မှလိုက်သွားရသည်။ သမိန်မရှုသည် အနီးရှိ ရွှေရေးချ သုံးချောင်းထောက်တစ်ခုပေါ်မှ ရွှေရေတကောင်းကို လှမ်းယူလိုက်သည်။ သမိန်မရှု၏အသံကို မွေ့ကေသာ ခန်းမဆောင် စကြံလမ်းအရောက်တွင် ကြားလိုက်ရသည်။

"မင်းသားနှင့်အတူ တရင်းတနှီး သုံးဆောင်ကြရအောင် ကျုပ်သိမ်းထားတာလေ၊ ဒီသေရည်ဟာ တစ်နှစ်ရှိပြီ၊ အကောင်းဆုံးသစ်မြစ် သစ်ဥတွေနဲ့ရောပြီး စိမ်ထားတာ၊ ကျုပ် မဖွင့်ဘဲ ထားတာ၊ အခု မင်းသာလာမှ ဖွင့်မလို့ဆိုပြီး..."

"ကောင်းတာပေါ့ မရှု၊ ကျုပ်က အဲသလို ပြင်းပြင်းထန်ထန်ရူးရူးရှရှဆိုရင် ဘာမဆို အကုန် သဘောကျတာချည်းပဲ၊ ဟားဟား ဟား"

မွေ့ကေသာနှင့် မဟာဒေဝီတို့ ခန်းဆောင်အတွင်းမှ ပြန်ရောက်လာသောအခါ မင်းသားနှင့် သမိန်မရှုတို့ တစ်ခွက်စီ သောက်ပြီးနေ



ကြပြီဖြစ်သည်။ မဟာဒေဝီ၏ အမိန့်ဖြင့် ခန်းမဆောင်၏ နံရံမှ စင်များတွင် ဆီမီးအစီအရီ ထွန်းညှိထားသည်။ သို့သော် ခန်းမဆောင်တွင် လုံလောက်သော အလင်းရောင်ဟု မဆိုနိုင်ချေ။ ထို့ထက်မူကား ဆီမီးများ၏ ဝါထိန်သော အလင်းရောင်ကို ပကတိအားဖြင့် မဖြစ်ပေါ်စေဘဲ အစိမ်းရောင်၊ အပြာရောင် ဖနကလပ်အုပ်ဆောင်းများနှင့် အုပ်မိုးဆီးကာထားသည်။ ထို့ကြောင့် ခန်းမဆောင်အတွင်းမှ အလင်းရောင်သည် စိမ်းညို့ညို့ ပြာလဲ့လဲ့ ဖြစ်နေသည်။ မဆိုစလောက် မှိုင်းပြပြ ဖြစ်နေသည်။

သစ်ဆေးသုတ်၊ ရွှေရေးချ ခြေသုံးချောင်းထောက် စားပွဲအပုကို ဝိုင်းရံလျက် ကောဇောများ ခင်းထားသည်။ မဟာဒေဝီ၊ သမိန်မရှုနှင့် ဗညားနွဲ့မင်းသားတို့ စားပွဲကို ဝိုင်း၍ ထိုင်ကြသည်။

စားပွဲအလယ်တွင် ကြီးမားသော ဖယောင်းတိုင်ကြီးတစ်တိုင်ကို ပန်းကနုတ်ဖော်ထားသော ငွေတိုင်ဖြင့် စိုက်ထူထားသည်။ ဖယောင်းတိုင်မီးရောင်ကား စားပွဲတစ်ခုလုံးပေါ်သို့ လင်းဖြာနေသည်။

ခန်းမဆောင်ထဲတွင် မဟာဒေဝီ၊ သမိန်မရှုနှင့် ဗညားနွဲ့တို့ သုံးဦးအပြင် မဟာဒေဝီနောက်ပါးမှ မွေ့ကေသာ၊ ဗညားနွဲ့နောက်ပါးမှ အဒေါကုန်းတို့သာ ရှိသည်။ စံအိမ်တော်မှ ကိုယ်လုပ်တော်များ ဘျူးကျွန်များ ခန်းမထဲသို့ မဝင်ရဟု မဟာဒေဝီက အမိန့်ထုတ်ထားသည်။

မင်းသားသည် စလွယ်သိုင်းလွယ်ထားသော ဓားအိမ်ကို ဘေးသို့ချထားလိုက်သည်။ အဒေါကုန်းက ဓားအိမ်ကို ယူထားသည်။ အဒေါကုန်းတွင် လက်နက်ယူမလာခဲ့။ သမိန်မရှုကိုယ်ပေါ်တွင်လည်း လက်နက် မရှိ။

မင်းသားနှင့် သမိန်မရှုတို့သည် တကယ့်ညီရင်း နောင်ဝယ်များသို့ တရင်းတနှီး စကားပြောလိုက်ကြ၊ ရွှေရေတကောင်းထဲမှ သေငှဲ့သောက်လိုက်ကြနှင့် စကားဝိုင်းသည် စိုပြည်လျက်ရှိကြသည်။

မဟာဒေဝီမူကား မွေ့ကေသာ အသင့်ကိုင်ဆောင်ထားသည့် ရွှေကလပ်ပေါ်မှ ရောင်စုံငှက်မွေး ယပ်တောင်များကို တစ်ချောင်းပြီးတစ်ချောင်းယူ၍ အသာအယာ ယပ်ခပ်နေသည်။

မွေ့ကေသာ မဟာဒေဝီထံမှ နံ့သာပေါင်း အဆီနံ့နှင့် သမိန်မရှုတို့ထံမှ အရက်နံ့များကြောင့် မအီမသာဖြစ်လာရသည်။ အဒေါကုန်း

www.burmeseclassic.com

www.burmeseclassic.com



မှာကား ဗညားနွဲ့နောက်တွင် ပုဆစ်တုတ်လျက်၊ လက်ထောက်လျက်၊ ခေါင်းငိုက်စိုက်ကျလျက် ပီတိ မတုန်မလှုပ် ကျောက်ဆစ်ရုပ်။

"ကိုင်း ရွှေရေတကောင်းတစ်ခုတော့ ကုန်ပြီ၊ ကျုပ် နည်းနည်း ယစ်လာပြီ၊ အရီးတော် ခွင့်လွှတ်ပါနော်"

ဗညားနွဲ့က မသိမသာလေးတွဲ့နေသော သေရည်မူးသံဖြင့် ဆိုလိုက်သည်။

"ရှိသေးတယ် မင်းသားရဲ့၊ နောက်ရေတကောင်းတစ်ခု"

"နေပါဦးလေ၊ ဖြည်းဖြည်းပေါ့ မရှုရဲ့၊ အင်း မရှုရဲ့အရက် တယ်ကောင်းတာပဲ၊ ဒါပေမဲ့ နောက်ရေတကောင်း မဆက်ခင် လုပ်စရာရှိတာလေး လုပ်လိုက်ကြရအောင်"

သမိန်မရှုက မဟာဒေဝီထံ တစ်ချက်လှမ်းကြည့်လိုက်သည်ကို မွေ့ကေသာ တွေ့လိုက်ရသည်။ မဟာဒေဝီကလည်း တစ်စုံတစ်ရာ အဓိပ္ပာယ်ဆောင်သော မျက်ရိပ်မျက်ခြည်ပြလိုက်သည်။

"အရှင့်သား သဘောတော်အတိုင်းပါ"

မရှုက ရင်းနှီး ချစ်ကြည်စွာ ကျီစယ်နေသည်။

ဗညားနွဲ့မင်းသား တဟားဟား ရယ်လေသည်။ ရယ်ရင်းမှပင်–

"ကဲ ဟောဒီ..."

ဗညားနွဲ့မင်းသားက ခါးကြားမှ ဓားမြှောင်တစ်ချောင်းထုတ်ယူပြီး ဝှန်းခနဲ စိုက်ချသည်။ ဆတ်ဆတ်ခါနေသော ဓားမြှောင်ရိုးကိုကြည့်ပြီး မွေ့ကေသာ တုန်လှုပ်သွားသည်။

"ရွှေခွက်သန့်သန့် နှစ်လုံးပေး"

မဟာဒေဝီက အမိန့်ပေးသဖြင့် မွေ့ကေသာ ရွှေခွက်နှစ်ခု ကမ်းလိုက်ရသည်။

တစ်လုံးကို ဗညားနွဲ့ရှေ့၊ တစ်လုံးကို သမိန်မရှုရှေ့သို့ မဟာဒေဝီ ချပေးသည်။ ဤအခိုက်ဝယ် မဟာဒေဝီ၏ မျက်လုံးများ ထူးထူးခြားခြား တောက်ပနေသည်ကို မွေ့ကေသာ သတိထားမိလေသည်။

"ကိုင်း နောင်တော် မရှု၊ ကျုပ်က စမယ်၊ ဟောဒီမှာကြည့်"

မင်းသားသည် ညာလက်ဖြင့် ဓားမြှောင်ကို ဆွဲနုတ်ပြီး ဘယ်ဘက် လက်သန်းအောက်ခြေနေရာသို့ ချွန်မြသော ဓားမြှောင်ဖြင့် ထိုးစိုက်လိုက်သည်။ မွေ့ကေသာ ရင်ထဲတွင် တုန်သွားသည်။



သွေးများ တပေါက်ပေါက် ကျလာလေသည်။ သွေးစက်များကို ရွှေခွက်ထဲသို့ ချသည်။ ရွှေရေတကောင်းထဲမှ သေရည်များ လောင်းထည့်လိုက်သည်။

"နောင်တော် မရှုရေ၊ နောင်တော့်အလှည့်၊ ရော့ ဓားမြှောင်"

သမိန်မရှုက တည်ကြည်သောမျက်နှာဖြင့် ဓားမြှောင်ကို လှမ်းယူသည်။ မရှု၏လက်တို့ မသိမသာ တုန်ယင်နေသည်ကို မွေ့ကေသာ ကောင်းစွာ သတိပြုမိလေသည်။

သမိန်မရှုသည် ဗညားနွဲ့ကဲ့သို့ ပြုလုပ်သည်။

ထို့နောက် ခွက်ချင်း လဲလှယ်သည်။ ဗညားနွဲ့ထံတွင် သမိန်မရှုသွေးထည့်ထားသောခွက်၊ သမိန်မရှုထံတွင် ဗညားနွဲ့သွေးထည့်ထားသောခွက်။

လက်ဝါးသွေးတို့ဖြင့် ရောစပ်ထားသော သေရည်ခွက်နှစ်ခုကို အားလုံး တိတ်ဆိတ်စွာ စူးစိုက်ကြည့်နေမိကြသည်။ အနီရင့် ညိုညစ်ညစ် သေရည်များသည် ဖယောင်းတိုင် မီးရောင်အောက်တွင် ကြောက်စရာ ကောင်းလေသည်ဟု မွေ့ကေသာ တွေးမိသည်။

ဗညားနွဲ့က အေးစက်သောအသံဖြင့် ထိုတိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

"အရီးတော် ရှေ့မှောက်မှာ ကျုပ် သစ္စာစကားဆိုပြီး သွေး သောက်တော့မယ်၊ ဟောဒီ ခွက်ထဲကသေရည်မှာ နောင်တော်မရှုရဲ့ လက်ဝါးသွေးတွေ ရောယှက်ထားတယ်၊ လက်မောင်းသွေးသောက်ကြတဲ့ သွေးသောက်ထက် လက်ဝါးသွေးသောက်တဲ့ သွေးသောက်က ပို၍နက်ရှိုင်းတယ်ဆိုတာ အားလုံးသိကြပြီး ဖြစ်တယ်၊ သည်တော့"

ဗညားနွဲ့သည် သေခွက်ကို ယူ၍ နှုတ်ခမ်းဖြင့် တေ့လိုက်သည်။

"ကျုပ် ဗညားနွဲ့မင်းသားသည် နောင်တော် သမိန်မရှု၏ လက်ဝါးသွေးကို သောက်ပါတော့မည်။ ဤသွေးသည် ကျွန်ုပ်၏ သွေးတို့ဖြင့် ရောနှော စီးဝင်ကြတော့မည်၊ သွေးသောက်ချင်း ဖြစ်သည့်အလျောက် ကျွန်ုပ် ဗညားနွဲ့သည် နောင်တော် သမိန်မရှု၏ အကျိုးစီးပွားကို ထိပါးစေမည့် ကာယကံ၊ ဝစီကံ မနောကံ အမှုတို့ကို လုံးဝဥဿုံရှောင်ကြဉ်ပါအံ့၊ နောင်တော် သမိန်မရှု၏ ကောင်းကျိုး စီးပွားချမ်းသာကိုသာ ဆောင်ကြဉ်းပါအံ့၊ အကယ်၍

www.burmeseclassic.com

www.burmeseclassic.com



ဤသစ္စာစကားမှ တစ်ဆံခြည်၊ တစ်ရွေးစေ့ ချော်ယွင်း ဖောက်ပြားခဲ့ပါမူ ကျွန်ုပ် ဗညားနွဲ့အား ရောဂန္တရဘေး၊ သတ္ထန္တရဘေး၊ ဒုဗ္ဘိက္ခန္တရဘေးတို့ မနှေးလျင်စွာ ကျရောက်ပါစေသား"

ဗညားနွဲ့ သေခွက်ကို အကုန်အစင် မော့ချလိုက်ပြီးနောက် စားပွဲပေါ်သို့ ခွက်ကို မှောက်တင်လိုက်သည်။ ရွှေခွက်နှုတ်ခမ်းနှင့် စားပွဲတို့ ထိလိုက်သံသည် မွေ့ကေသာ နားတွင်းသို့ လျှပ်စီးမိုးကြိုး ထစ်ချုန်းသံ တစ်ခုလို ဝင်ရောက်သွားသည်။

"ဒီညမှာမှ အိုက်လိုက်တာကွယ်"မဟာဒေဝီက တိုးတိတ်စွာဆိုရင်း ငှက်မွေးယပ်တောင်ကို တဖျပ်ဖျပ် ခတ်လေသည်။

"ဟဲ့ အိုအို"

မဟာဒေဝီ၏ ယပ်မှ လေကြောင့် စားပွဲအလယ်မှ ဖယောင်းတိုင် မီးငြိမ်းသွားသည်။

"ဟဲ့...မွေ့နှင်း၊ မီးပြန်ညှိစမ်း၊ မြန်မြန်လုပ်ပါဟဲ့၊ ဟိုနံရံက ဆီမီးနဲ့ညှိ၊ လုပ်ပါဟဲ့ မြန်မြန်"

မဟာဒေဝီ၏အသံများ တုန်နေသည်။

တစ်ခုခုကို မွေ့ကေသာ စိုးရိမ်မကင်း ဖြစ်သွားသည်။

ထို့ကြောင့် ဖယောင်းတိုင်ကို ယူ၍ ဆီမီးနှင့်ညှိရင်း မဟာဒေဝီရှိရာသို့ အကဲခတ်သည်။ စိမ်းညိုပြာလဲ့သော ဆီမီးရောင် မှိန်မှိန်တွင် မဟာဒေဝီ၏ လျင်မြန်သော လှုပ်ရှားမှုကို မွေ့ကေသာ အံ့သြစွာ တွေ့လိုက်ရလေသည်။ သမိန်မရူရှေ့ရှိ ခွက်ကိုအခြားခွက်တစ်ခုနှင့် လဲလိုက်ခြင်း၊ သို့သော် မွေ့ကေသာ ဟန်မပျက် ဖယောင်းတိုင်ကို စားပွဲအလယ်သို့ လဲပေးလိုက်သည်။

"မြန်မြန်လုပ်ပါဆိုလေမှ၊ သံလုစ်သမီးတို့များ တယ်နှေးတာကိုး၊ ရုတ်တရက်မှောင်သွားတော့ ဒီမှာ ဘယ်လောက်ကြောက်သွားတယ် မှတ်သလဲ၊ ဗညားနွဲ့ အရှင်တော်ကို ခွင့်လွှတ်ကွယ်၊ အိုက်လွန်းလို့ ယပ်နည်းနည်း ပြင်းသွားတယ်"

"ကိစ္စမရှိပါဘူး အရှင်တော်"

"အင်း မွေ့နှင်း ယပ်တွေ သိမ်းလိုက်တော့ ထပ်ခပ်ရင် ထိပ်ညိမ်းနေမယ်"

မဟာဒေဝီ အသုံးပြုထားသော ငှက်မွေးယပ်တောင်များကို မွေ့ကေသာ လိုက်သိမ်းသည်။ မွေ့ကေသာ ရင်ထဲတွင်ကား တထိတ်ထိတ် ခုန်နေလေသည်။ စောစောက မဟာဒေဝီ၏ ထူးခြားသော လှုပ်ရှားမှုကို မြင်ယောင်နေလေသည်။ မွေ့ကေသာ လျင်မြန်စွာ စဉ်းစားသည်။



မဟာဒေဝီဟာ ယပ်ကို တမင် ပြင်းပြင်းခပ်ပြီး မီးကို ငြိမ်းလိုက်တာလား။

ဘာကြောင့် ဒီလိုလုပ်ရသလဲ။

ပြီးတော့ သမိန်မရူ သွေးသောက်ရမယ့် အလှည့် မရောက်မီ။

အဆိပ်ခတ်ခြင်းတော့ မဟုတ်တန်ရာ။

ဘာကြောင့် ခွက်ချင်း လဲရသလဲ။

ဘာကြောင့် ဗညားနွဲ့ မင်းသား၏ သွေးများ ထည့်ထားသော ခွက်ကို အခြားခွက်တစ်ခုနှင့် လဲလိုက်ရသလဲ။ လဲလိုက်သော ခွက်က ဘာခွက်လဲ။

ယပ်တောင်များကို သိမ်းရင်း မွေ့ကေသာ အလျဉ်မပြတ် တွေးသည်။ ထိုစဉ်–

မဟာဒေဝီ၏ နောက်ဘက်နား ကော်ဇောပေါ်တွင် တစ်စုံတစ်ခုကို မွေ့ကေသာ စမ်းမိသည်။ လက်၏အထိအတွေ့တွင် အေးမြနေသည် အရည်အစက် တစ်ခုခု။

စမ်းမိသော လက်ကို မွေ့ကေသာ အနံ့ခံကြည့်လိုက်သည်။

ထူးခြားသော အနံ့တစ်ခု ရလိုက်သည်။

သွေးသောက် သစ္စာပြုပွဲ ခန်းမဆောင်နှင့် မည်သို့မျှ မဆိုင်သော အနံ့။

"နံ့နှင်းနံ့"

လက်ကို မီးရောင်တွင် မသိမသာ ဖြန့်ကြည့်သည်။

အဆင်းကား နီရဲနေသည်။ ပကတိ သွေးနှင့်မခြား။

"ဒါ ဒါဟာ"

မွေ့ကေသာ၏ အသိထဲသို့ အလင်းရောင်တစ်ခု ထွင်းဖောက်ဝင်ရောက်လာသည်။

အလုံးစုံကို မွေ့ကေသာ သိလိုက်ပြီ။

ဤကိစ္စကို ဗညားနွဲ့မင်းသား သိစေရမည်။ မဆိုင်းမတွ အသိပေးရမည်။ ယခုချက်ချင်း အသိပေးရမည်။

ထိုစဉ်မှာပင် သမိန်မရူသည် သူ့ရှေ့မှ ခွက်ကို ကောက်ယူပြီး နှုတ်ခမ်း၌ တေ့လိုက်သည်။ ပြုံးရယ်နေသော မျက်နှာဖြင့် ဗညားနွဲ့မင်းသား ဆိုသလို သစ္စာစကားဆိုသည်။"

"ကျွန်ုပ်သမိန်မရူသည် ယခု အရှင်တော် မဟာဒေဝီ၏ရှေ့မှောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဗညားနွဲ့အရှင့်သား၏ သွေးကို သောက်ပါတော့မည်။

ဤသွေးတို့သည်"

သမိန်မရူ၏ သစ္စာဆိုသံကို အားလုံးက စူးစိုက်နားထောင်နေကြစဉ်ဝယ် မွေ့ကေသာသည် တလှပ်လှပ်ခုန်နေသော ရင်ဖြင့် စွန့်စားမှုတစ်ခုကို လျှို့ဝှက်စွာ ပြုလုပ်လိုက်လေသည်။

ဝတ်ထားသော အနို့တပ်အင်္ကျီ၏ အောက်နားစကို ကြိတ်ခြေဆွဲဆုတ်လိုက်သည်။ ထို့နောက် ခေါင်းမှ ဆံထိုးကို မည်သူမျှ မမြင်အောင် ဖြုတ်ယူလျက် စောစောက ကော်ဇောပေါ်တွင် စမ်းမိသော 'အရည်'သို့ တို့နှစ်လိုက်သည်။ ထို့နောက် ဆုတ်ထားသော အင်္ကျီအောက်နား မြိတ်စပေါ်သို့ ဆံထိုးဖြင့် တစ်စုံတစ်ခုကို ရေးခြစ်သည်။

သမိန်မရူ သစ္စာဆိုပြီး သွေးခွက်ကို မော့ချပြီးချိန်တွင် မွေ့ကေသာ၏ အမှုကိစ္စလည်း ပြီးစီးသွားသည်။

ဤအင်္ကျီအနားစကို ဗညားနွဲ့ထံ ပေးရမည်။ သို့သော် အခွင့်မသာ။

သစ္စာဆိုပြီးသောအခါ သေရည်ဆက်သောက်ကြရင်း တဝါးဝါးစကားပြော ရယ်မောနေကြသည်။

သို့သော် မွေ့ကေသာ အကြံတစ်ခု ရသွားသည်။

"ဗိုလ်မင်းကြီး သစ်သီး သုံးဆောင်ပါရှင်"

အဒေါကုန်းထံသို့ သစ်သီး လင်ပန်း လှမ်းပေးလိုက်သည်။ အဒေါကုန်းက အံ့အားသင့်စွာဖြင့် မော့ကြည့်ပြီးမှ လင်ပန်းကို လှမ်းယူသည်။ မဟာဒေဝီက မွေ့ကေသာကို လှမ်းကြည့်လိုက်သော်လည်း ဗညားနွဲ့စကားကို နားထောင်နေရသဖြင့် တစ်စုံတစ်ရာ တားဆီးခြင်း မပြုနိုင်တော့။

မွေ့ကေသာ လေးပင်စွာ သက်ပြင်းချလိုက်တော့သည်။

သစ်သီးလင်ပန်းအောက်တွင် အင်္ကျီမြိတ်အနားစ ပါသွားခဲ့ပေပြီ။

ပါးနပ်သော အဒေါကုန်းကလည်း လင်ပန်းနှင့်အတူ အင်္ကျီမြိတ်အနားစကို ရယူသွားနိုင်ခဲ့ပေပြီ။

မွေ့ကေသာဆံထိုးဖြင့် ရေးလိုက်သောစာကို အဒေါကုန်း ဖတ်နိုင်ပြီ။

"မိုးငြိမ်းစဉ် မရူ၏ခွက်ကို ထုံးနန္ဒင်း ဖျော်ထားသော ခွက်နှင့်လဲသည်" ဟူသော စာလုံးများ။

အဒေါကုန်း အသေအချာ ဖတ်သွားမိပြီကို မွေ့ကေသာ တိတ်



... သိရသည်။

အကြောင်းမှု

"ကဲ အချိန်လင့်ပြီ၊ ကျုပ်ပြန်မယ် အရီးတော်၊ မရူ"

ဗညားနွဲ့က ကောက်ကာငင်ကာ နေရာမှ ထသည်။

"ဟင် ပွဲတော်စာ သုံးဆောင်ဦးလေ၊ အဆင်သင့် ပြင်ထားတယ် ...နွဲ့ရဲ့"

မဟာဒေဝီက အံ့အားတသင့်ဖြင့် ပြောလေသည်။

"တော်ပြီ အရီးတော် မစားတော့ဘူး၊ နောင်တော်မရူရဲ့ သွေး...က ချိုပြုံးအီနေတယ်နဲ့တူရဲ့၊ ကျုပ်ရင်ပြည့်နေပြီ ဟား ဟား ဟား"

ဗညားနွဲ့က ရယ်ရယ်မောမော ပြောရင်း ချထားသော ဓားအိမ်ကို ...ကောက်လွယ်လိုက်လေသည်။ အဒေါကုန်းလည်း ထိုင်ရာမှ ထလေ...သည်။

"လေသာဆောင်က တလမေဒေါ မျှော်နေမှာစိုးလို့လား မင်းသားဟဲ ဟဲ အရီးကော်ရယ် မင်းသားတို့က ချစ်စမြတ်နိုးစ မဟုတ်လား ညဥ့်နက်အောင် မနေချင်တော့ဘူးနဲ့တူတယ်"

သမိန်မရူက မူးယစ်သောအသံဖြင့် ဝင်ပြောသည်။

"ဟုတ်တာပ နောင်တော်မရူရဲ့၊ ချစ်သောသူနဲ့ တဒင်္ဂကွေကွင်းရတာကိုက ဆင်းရဲခြင်းမဟုတ်လား၊ မချစ်မနှစ်သက်သူနဲ့ တဒင်္ဂနေရခြင်းဟာလည်း ဆင်းရဲခြင်း မဟုတ်လား၊ ဟား ဟား ဟားကဲ သွားပြီးသွေးသောက်ကြီး နောင်တော်မရူရေ၊ နောက်မှ နောက်မှ"

ဗညားနွဲ့၏အသံမှာ နွေးထွေးသော နှုတ်ဆက်သံမဟုတ်။ စစ်မြေ...ပြင်တွင် ပွဲတောင်းသော စိန်ခေါ်သံဖြစ်သည်ဟု မွေ့ကေသာ နားလည်မိ...သည်။ မိမိ၏ အမှုတော်တစ်ခုကို ကျေပွန်စွာ ထမ်းရွက်လိုက် ရသည့်အတွက် ဝမ်းသာနေမိသည်။

မိမိအခန်းဆောင်တွင်း စက်ရာပေါ်သို့ ရောက်သည်အထိ မွေ့ကေသာ ယိုအကြောင်းကို တွေးရင်း ကြည်နူးနေမိသည်။ ထိုည... ...မိန်မရူသည် သူ့စံအိမ်သို့မပြန်ဘဲ မဟာဒေဝီ၏ စံအိမ်တွင်သာ ... ...ကျ်သည်ကိုပင် မွေ့ကေသာ မသိတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေ့လက်တစ်နေ့တွင် ရွှေနန်းတော်၏ အရှေ့မြောက်ဘက်က ဗညားနွဲ့မင်းသား၏ ကိုယ်ပိုင် သင်ကျုံးဝင်းခြံထောင့်၌ မွေ့ကေသာနှင့် အဒေါ်ကုန်းတို့ ဆုံကြသည်။

"ငါက စံအိမ်တော်ထဲ စဝင်ကတည်းက မဟာဒေဝီရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေတာ၊ သမိန်မရူရဲ့ အရိပ်အခြည်ကိုလည်း ကြည့်နေတာ၊ မင်းသားတို့ သေသေချာချာအချိန်ကစပြီး သင်းတို့ အကဲမလှဘူးဆိုတာ ငါ ရိပ်မိနေခဲ့တာ ကေသာရဲ့၊ ပြီးတော့ မရူရဲ့သွေးကို မင်းသာ သောက်အပြီး မင်းသားသွေးကို မရူမသောက်ခင်အချိန်မှာ ဖယောင်းတိုင်မီး ငြိမ်းသွားကတည်းက ငါ့သံသယမကင်းတာ၊ နင့်စာကိုလည်း ဖတ်ရရော၊ ငါ မင်းသားခြေကောက်ကို နောက်ကနေ အသာလှမ်းတို့လိုက်တယ်၊ မင်းသားက သိတယ် ချက်ချင်းထပြန်တာပဲ"

"ကေသာဖြင့် စာရဲ့အဓိပ္ပာယ်ကို အဒေါ်ကုန်း နားမှလည်ပါ့မလားလို့ စိုးရိမ်လိုက်ရတာ"

"ဒီလောက်တော့ သိတာပေါ့ဟ၊ ထုံးနဲ့နနွင်းဖျော်လိုက်ရင် သွေးရောင် ဖြစ်လာတယ်ဆိုတာလောက်တော့ ငါသိပါတယ်၊ ငါတို့ပြန်သွားပြီး နောက်ပိုင်း ဘာထူးခြားသေးသလဲ ကေသာ"

"ဟင့်အင် ဘာမှမထူးခြားပါဘူး၊ သူတို့ အကြံအစည် အထမြောက်တယ်လို့ပဲ ထင်နေကြတယ် အဒေါ်ကုန်းရဲ့"

"အင်း နောက်တစ်ခါ အကြံအစည်တစ်ခု လုပ်ဦးမယ်၊ သတိထားနေနော် ကေသာ၊ သိလား"

"ဟုတ်ကဲ့"

"အေး ငါသွားမယ် အစစအရာရာ သတိမပြတ်စေနဲ့ ကြားလား"

အဒေါ်ကုန်း လှည့်ထွက်သွားရန်ပြင်သည်။ မွေ့ကေသာက အဒေါ်ကုန်း၏ ခါးစည်းပိုးစကို ဆွဲထားလိုက်သည်။

"အဒေါ်ကုန်း နေပါဦး"

"ဘာလဲ ကေသာ၊ ဘာပြောချင်လဲ"

"ဟို"

"ဟား ဟား ဟား၊ ငါသိပါတယ် စောသံမှန် မဟုတ်လား။ နင့် သူရဲကောင်းကြီး ကျန်းကျန်းမာမာရှိပါ့ဗျာ၊ အခုဆို ပိုပြီးတောင် မှကြံ့ခိုင်လာသေး၊ သူတို့လက်ရုံးသွေးသောက် သုံးကျိပ်သုံးယောက်

www.burmeseclassic.com



ညစဉ် မော်ခေါတောင်ဘက်က 'တယော်လင်'ကျောင်းမှာ ဆုံကြတယ်၊ အစီအစဉ်တွေ ချမှတ်နေကြတယ်"

"တယော်လင်ကျောင်း၊ ဟုတ်လား၊ အဒေါ်ကုန်း"

"အင်း ဘုန်းကြီး ကျောင်းပျက်ကြီးလေ၊ ဘာမှ မစိုးရိမ်နဲ့၊ ဟိုကလည်း တွေ့တိုင်း နင့်ကိုမေးပါသဗျား၊ ငါကလည်း ပြောပြလိုက်ပါသဗျာ၊ ပိုပြီး ချောလှနေလျက်ပါပဲလို့ ဟားဟား"

"အို အဒေါ်ကုန်းကလဲ"

အဒေါ်ကုန်း ရယ်ရယ်မောမောဖြင့် ထွက်သွားသည်။

မဟာဒေဝီထံတွင် မွေ့ကေသာ ရောက်နေသည်မှာ တစ်လကျော်သွားခဲ့ပေပြီ။ ဤတစ်လအတွင်း အမောင်စောသံမှန်နှင့် တစ်ခါမှ မတွေ့ရ။ တွေ့ဖို့လည်း မဖြစ်နိုင်။ အမောင်နှင့် မွေ့ကေသာတို့မှာ တစ်ယောက်က ရွှေနန်းတော်အတွင်း၊ တစ်ယောက်က မြို့ရိုးအပြင်ဘက်တွင် အသီးသီး အသကသော တာဝန်ကိုယ်စီနှင့် ဖြစ်နေကြသည်။ သို့သော် သူတို့ ခွဲခွာနေရကျိုး နပ်သည်ဟု ဆိုနိုင်မည်။

ဗညားနွဲ့မင်းသား၏ အရှိန်အဝါ တဖြည်းဖြည်း ကြီးမားလာသည်။ မဟာဒေဝီနှင့် သမိန်မရူတို့ကို မလိုသူပို၍ များလာသည်။ သို့သော် သမိန်မရူသည် ဟံသာဝတီ နေပြည်တော်၏ အရပ်လေးမျက်နှာရှိ ဝေးလံသော ဒေသမှ မြို့စားများနှင့် တိတ်တဆိတ် အဆက်အသွယ်ပြုထားသည်ဟုလည်း ကြားသိရသည်။ သို့ရာတွင် သမိန်မရူသည် ဗညားနွဲ့မင်းသားအပေါ်တွင်ကား မကောင်းကြံစည်မှု တစ်ခုခုကို တစ်ဆင့်တက်၍ ပြုလုပ်ခွင့် မရနိုင်သေးချေ။

မွေ့ကေသာ မဟာဒေဝီ စံအိမ်သို့ရောက်ပြီး နောက်ပိုင်းကာလများတွင် ထူးခြားသော ဖြစ်ရပ်မှာ ဆင်ဖြူရှင်မင်းတရား အနာသည်းလာခြင်းပင် ဖြစ်သည်။ သီဟာသန ပလ္လင်တော်ထက်တွင် ဟံသာဝတီဘုရင်မင်းမြတ် မထိုင်နိုင်သည်မှာ ရက်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်၍ ရွှေနန်းတော်၏ အုပ်ချုပ်ရေးမှာ လျော့ရဲရဲဖြစ်နေသည်။ ဆင်ဖြူရှင် သက်တော်ထင်ရှား ရှိနေဆဲကြောင့် မည်သည့်မင်းသားမှလည်း အစွမ်းအစထွက်အောင် ကြံစည်ရန် အခွင့်မသာကြ။

သို့သော် အားလုံးက သိနေလျက်နှင့် မသိဟန်ဆောင်နေရသည့် ကိစ္စကား ဗညားနွဲ့မင်းသားနှင့် မဟာဒေဝီ၏အုပ်စုတို့သည် အတွင်းကျိတ် တင်းမာနေကြပြီဟူသော အချက်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်ကို ထင်ရှားစေသော အခြင်းအရာကား ဆင်ဖြူရှ
ဗညားဦးအတွက် ရည်စူးကျင်းပသော နတ်ပွဲသဘင်များက ဖြစ်ရပ်

မဏ္ဍပ်ကနားး ဆောက်လုပ်၍ တစ်နေ့နှင့်တစ်ည နတ်ပွဲသဘင်
ကျင်းပရန် ဆင်ဖြူရှင်က အမတ်ကြီး သမိန်ဗိပ်ဗြဲအား အမိန့်ပေးသည်
ဤနတ်ပွဲသဘင်သို့ မဟာဒေဝီနှင့်တကွ သားတော်၊ သမီးတော်များ
မင်းသား၊ မင်းသမီး၊ သမက်တော်၊ ချွေးမတော်၊ ဆွေတော် မျိုးတော်
အမှူးအမတ်၊ ဗိုလ်မင်း၊ ကတော်စိုးများ အားလုံး ကက်ရောက်ကြ
သည်။

နတ်ပွဲသဘင်ကို ဆင်ဖြူရှင်၏ စက်ရာနန်းကော်ရှေ့ မြက်ခင်
ပြင်တွင် ကျင်းပသည်။ မဏ္ဍပ်ကနားအနီးသို့ စုရုံးရောက်ရှိလာသော
မင်းညီမင်းသားများအား အမတ်ကြီးသမိန်ဗိပ်ဗြဲက မဏ္ဍပ်တွင်း မဝင်
မီ ကြိုတင်စကားပြောနေသည်။

"ဆင်ဖြူမင်းကရား တာဝန်ပေးချက်အရ ကျွန်ုပ် အကြီးအမှူး
လုပ်ပြီး ဒီနတ်ပွဲသဘင်ကို ကျင်းပခြင်းဖြစ်ပါတယ်။ ဆွေတော်မျိုး
တော်တို့ ဒီပွဲသဘင်ကို မင်းပေါင်းစုံညီ တက်ရောက်လာတာဖြစ်
အလျောက် ညသအင်ကာလမှာ သောက်စားမူးယစ်ပြီး အချင်းချင်
ခိုက်ရန် သတ္တာရ မပြုကြဖို့ လွတ်လပ်အေးချမ်းစွာ သာယာပျော်ရွှ
ကြဖို့ ကျွန်ုပ် တောင်းပန်ပါရစေ၊ ယခုလည်း ဆင်ဖြူရှင်ရဲ
အမိန့်တော်အရ တက်ရောက်လာသူ မင်းပရိသတ်တို့ထံက လက်
နက်များကို မုခ်ဝမှာပဲ သိမ်းဆည်းထားခွင့်ပြုပါ၊ ပြီးတော့ မတော်
တဆ မေသေသောက်လွန်ကျူးလို့ အချင်းများကြမယ်ဆိုရင် မလျော်
ကန်တာတွေ မဖြစ်ရအောင် ကျွန်ုပ်ရဲ့ ရဲမက်တွေက လက်နက်
အစုံအညီနဲ့ မဏ္ဍပ်ပတ်လည်မှာ စောင့်ကြပ်နေကြပါတယ်၊ အ
မဏ္ဍပ်တွင်းပင်ပြီး နှစ်သက်ရာ စားသောက်လို့ နှစ်သက်ရာ တူ
ယာများ၊ တေးလင်္ကာများနဲ့ သီဆိုကခုန်လို့ ပျော်ပျော်ကြီး နတ်
သဘင် ဆီရင်နိုင်ကြပါပြီ အရှင့်သား၊ အရှင့်သမီးတို့"

မဟာဒေဝီ၏ ကိုယ်မှ ပန်းပေါင်းနံ့သာ မွှေးရနံ့မှာ မဏ္ဍပ်တစ်
လုံးကိုပင် လွှမ်းခြုံယစ်နေစေလေသည်ဟု မွေ့ကေသာ ထင်မိသည်
မဟာဒေဝီသည် မဏ္ဍပ်အလယ်သို့ မဝင်ဘဲ မုခ်ဝနှင့်နီးသော ဆင်မြ
ပေါ်တွင် ထိုင်ရင်း ရောင်စုံငှက်မွေးယပ်တောင်များကို တစ်ခုပြီးတစ်ခု
ယူပြီး ခတ်နေသည်။ မင်းသမီးများနှင့် အခြားကတော်စိုးတို့က မဟာ
ဒေဝီအား ရှိခိုးနှုတ်ဆက်ကြသည်။



သို့သော် နတ်သဘင်တွင် အားလုံးက အာရုံစိုက်မိနေသူမှာ ဗညားနွဲ့မင်းသား ဖြစ်သည်။ မင်းသား၏ ထွားကျိုင်းသော ခန္ဓာကိုယ်သည် အခြားမင်းညီ မင်းသားများ အလယ်တွင် ကဲမိုးနေသည်။ 'အရှင့်သား၊ အရှင့်သား'ဟု အော်ဟစ်နှုတ်ဆက်ရင်း ကမ်းပေးလာသော ခေးခွက်များကိုလည်း ဗညားနွဲ့ မငြင်းမဆန်ယူ၍ သောက်လိုက်သည်ချည်း ဖြစ်သည်။ ထို့ပြင် မင်းသားသည် အတွင်းတော်တီး ဘုရင့်ဆိုင်းဟော်အဖွဲ့ အကြီးအမှူးအား ဆုလာဘ်အများဆုံးချသူလည်း ဖြစ်နေသည်။ ဗညားနွဲ့၏ ရဲတင်းပွင့်လင်းခြင်း၊ ရင်းနှီးဖော်ရွေခြင်းကို အားလုံး ၈ နှစ်သက်နေသည်။ အချို့ ဆွေတော်မျိုးတော်များမှာ ဗညားနွဲ့ကို အဝေးမှပင် ကြားဖူးသော်လည်း လက်ပွန်းတတီး မတွေ့ဖူးကြ။ မင်းသားသည် စိတ်ကြီးသည်၊ မောက်မာခက်ထန်သည်ဟုသာ တစ်ဆင့်စကား သိထားသူများသည် ယခုလို မဏ္ဍပ်အတွင်း တရင်းတနှီး နီးကပ်စွာ တွေ့ကြရသောအခါ အကြားနှင့် အမြင် မတူကြောင်း သိသွားကြသည်။

ညဉ့်တဖြည်းဖြည်း နက်လာသည်နှင့်အမျှ နတ်ပွဲသဘင်လည်း ပို၍ ဟက်ကြွလာလေသည်။ မင်းသားကို မျက်ခြည်မပြတ် ကြည့်နေသော မွေ့ကေသာပင် မင်းသား သောဘယ်နှခွက် သောက်ပြီးပြီကို မရေတွက်၊ မမှတ်သားနိုင်တော့။ သို့သော် ဗညားနွဲ့ကား နတ်ပွဲသဘင်စတင် ကျင်းပသည့် ကာလနှင့်မခြား တက်ကြွရွှင်လန်းဆဲ၊ ရယ်မောနှုတ်ဆက်ဆဲ၊ သေယစ်မူးဟန် လုံးဝမရှိ။

စောင်း၊ ငြင်း၊ မိကျောင်းသံ၊ လခြမ်း၊ ကြေးနှောင်သံ၊ ပတ်မသံများ အချက်ကျ၊ နရည်ကျ ထွက်ပေါ်နေသော နတ်ချင်းတေးသံတွင် ရုတ်တရက် ကျယ်လောင်သော လင်းကွင်းသံ တချမ်းချမ်း ပေါ်လာသည်။

အသံထွက်ပေါ်လာရာသို့ အားလုံး လှည့်ကြည့်လိုက်ကြသည်။

ဗညားနွဲ့မင်းသားသည် ဆိုင်းဝိုင်းတော်အလယ်တွင် ရပ်လျက် ကြီးမားသော လင်းကွင်းအစုံကို ကိုင်ထားသည်။ ကခုန်နေသူများလည်း ရပ်သွားသည်။

"ညီရင်း နောင်တော်၊ နှမတော်၊ အစ်မတော်တို့၊ ပဋ္ဌင်တု ... သာယာပါလျက် လင်းကွင်းဖျက်တယ်လို့ မထင်ကြ ... နဲ့ အခု ကျွန်ုပ် ဟောဒီလင်းကွင်းကို ကိုင်ရတာ အခြားမဟုတ်ပါ အမတ်ကြီး သမိန်ဗိပ်ဗြဲရဲ့ သမီးတော်တွေဖြစ်ကြတဲ့ ... နှမတော်ကြီးများ မိမွတ်နဲ့ မိကြို့တို့က အခု အထူးသဖြင့် ... နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကခုန်ကြပါလိမ့်မယ်၊ နမတော်ကြီးများ ဘယ်လောက် အကအခုန် ကောင်းတယ်ဆိုတာ အချို့ရွှေနန်းတော်သူ ရွှေနန်းတော်သားများ သိကြပြီးဖြစ်ပေမဲ့ အချို့က မသိကြသေးပါဘူး၊ အခု နမတော်ကြီးများရဲ့ ဝါဒိတပညာကို ကျွန်ုပ် ဗညားနွဲ့က အားပေးချင်လွန်းလို့ တူရိယာကို ကိုင်စွဲလိုက်ရခြင်းပါပဲ"

မဏ္ဍပ်အတွင်းမှ လူများအားလုံး မင်းသားလက်ထဲမှ လင်းကွင်းကို ကြည့်လျက် တဝေါဝေါ ရယ်မောလိုက်ကြသည်။ မင်းသားက ပြုံးရယ်လျက် ကနားစင်မြင့်ရှေ့သို့ တက်လိုက်သည်။

ဆိုင်းတော်ကြီးက ပတ်မနေရာ ဝင်ယူသည်။

ဗညားနွဲ့သည် လင်းကွင်းကို လှပစွာ မြှောက်ချီလိုက်သည်။ နှစ်လံခန့်ရှည်သော ပန်းနုရောင် ပန်းပွားများမှာ မင်းသား၏ ဝဲယာတွင် တင့်တယ်စွာ လူးလွန့်နေကြလေသည်။

ပတ်မသံနှင့် လင်းကွင်းသံတို့ စတင်ထွက်ပေါ်သည်။

ပရိသတ်က မျှော်လင့်ထားသည်မှာ ဗညားနွဲ့သည် သေရည်ယစ်မူးလျက် လင်းကွင်းကြီးကို နားမခံသာအောင် တီးရိုက်တော့မည်ဟု။

သို့သော် ဖိဖိအုပ်အုပ်တီးလိုက်သော ပတ်မသံနှင့်အတူ ရော်ရွက်တို့ တဖျောဖျော ကြွေကျသံ၊ သို့မဟုတ် ရွက်ခြောက်ပင်များအကြားသို့ သဲမုန်တိုင်းတစ်ခု ဝင်ရောက် တိုက်ခတ်သွားသံကဲ့သို့ ထူးခြားသည့် 'လင်းကွင်းရဲ့သံ'သည် သာယာနာပျော်ဖွယ် ထွက်ပေါ်လာသည်။

မဏ္ဍပ်တစ်ခုလုံး ဂီတ၏ အဦးအစ ပဏာမအသံမှာပင် နစ်မြုပ်ငြိမ်သက်သွားလေသည်။ ငြိမ်သက်တိတ်ဆိတ်မှုထဲတွင် ဗညားနွဲ့၏အသံဝါကြီးက ဟိန်းထွက်လာသည်။

"လေး... မွန်တိ၊ မွန်စ မွန်ည မည်တွင် X ရာမညနယ် သမိုင်း၊ တိုင်းသုံးရပ် ခွင်တည့် စဉ်ရှည်ထာဝရ ခလုပ္ပတ္တာ ခေတ္တာ သိဂံ ဥတရာ အမြဲ စောင့်စဉ်စွာ ဟံသာပြည်ဝရ သံဆယ့်နှစ် ဌာန"

အခြားတူရိယာများကို မတီးမှုတ်ကြ၊ မင်းသား၏လင်းကွင်း ဆိုင်းတော်တီး၏ ပတ်မသံနှစ်ခုသာ ခုံခုံညားညား ထွက်ပေါ်လာ သည်။

သမိန်ဗိပ်ဖြူ၏ သမီးတော်များဖြစ်သည့် မိမွတ်နှင့် မိကြို့တို့ စတင်လှုပ်ရှားသည်။ ညောင်ပင်ထက်သို့ နွယ်ရှင်များ လူးလွန့်တက်ခွေသည့် အကဟန်မျိုး။



"ဓိုးရနယ်တစ်ခွင်...ကလွတ်မော်ပိရှင်...သန်လျှင်ဣန္ဒာနတ် X ကလွတ်ကမန္တာတ်...မပြတ်စဉ်မကွာ ဒဂုံ ဆံကေသာ၊ လေးဖြာစောင့်နေရ...နတ်မှူးရယ် မိုယ်းမာဃံ"

လင်းကွင်း၏ တရှဲရှဲမြည်သံနှင့် ပတ်မ၏ တဟည်းဟည်း မြည်သံတို့သည် လုံးဝ သာယာနာပျော်ဖွယ် ဂီတ ဖြစ်နေသည်။ ထို့ထက် ပိုင်းကဲ့သို့ လှုပ်ခါနေသော ပန်းပွားကြိုးများအလယ်မှ ဗညားနွဲ့၏ လင်းကွင်းတီးသံသည် ဟူးဆန်းလှပသော မြင်ကွင်းဖြစ်နေသည်။ ဆောက်ပြောင်သော ကြေးဝါလင်းကွင်းကြီးများဆီသို့ မီးရောင်ထိုးကျရောက် သွားသောအခါတွင်မူ ပြိုးပြက်ဝင်းထိန်သော အလင်းရောင်များ လက်ဖြာ သွားတော့သည်။

မိမွတ်နှင့် မိကြို့တို့သည်လည်း ကျွမ်းကျင် လိမ္မာသော ပန်တျာသည်များနှင့်မခြား ကကြိုးမျိုးစုံတို့ကို တညီတညွတ် လှုပ်ရှား ကပြနေကြသည်။ ဗညားနွဲ့၏ သားချင်းသံသည် နရည်ချပ်ပြောင်းသွား သည်။

လေးတွဲ့ရာမှ မြန်ဆန်ပြောင်းလဲလာသည်။

ပတ်မသံ ပို၍စိပ်လာသည်။ လင်းကွင်းသံ ပို၍ သွက်လာသည်။

ဆိုင်းတော်တီး အမှုထမ်းများပင် မင်းသား၏ ဂီတပညာကို တအံ့တသြ ဖြစ်နေကြသည်။ သံစဉ်ပေါက် မရှိသော ဆူညံစူးရှသော သင်းကွင်းကို တော်ရုံတန်ရုံ ပန်တျာသည်များ မတီးတတ်ကြ။ မင်းသားကားလင်းကွင်း၏အနား၊ လင်းကွင်း၏ နှုတ်ခမ်းသား၊ လင်းကွင်း၏ ချိုင့်ခွက်တို့ကို အမျိုးစုံ တီးခတ်ပြနေသည်။ လင်းကွင်း နှစ်ချပ်ကို ပွတ်သပ်လျက် တစ်ချပ်၏ မျက်နှာပြင်ကို တစ်ချပ်၏ အနားစွန်းဖြင့် တီးခတ်လျက် ထူးထူးသော အသံကို ဖြစ်ပေါ်စေသည်။

မွေ့ကေသာသည် ဗညားနွဲ့မင်းသားကို ဆထက်ထမ်းပိုး လေးစား မြတ်နိုးမိသွားသည်။

နှုတ်ရဲ လက်ရဲ ကြမ်းတမ်းသောမင်းသား၏ သိမ်မွေ့နက်ရှိုင်းသော အနုပညာကို တအံ့တသြ ဖြစ်ရနေမိသည်။

သို့သော် သတိအာရုံ မလစ်လပ်သော မွေ့ကေသာ၏ နားထဲသို့ မဏ္ဍပ်မုခ်ဝ မှောင်ရိပ်တစ်ဖက်မှ ခပ်အုပ်အုပ် ဆူဆူညံညံအသံများ ဝင်ရောက်လာလေသည်။

စကားပြောသံများနှင့်အတူ ဓားအိမ်ချင်း ထိခတ်သံများ။

မွေ့ကေသာ နားစွင့်သည်။ အသံများသည် ဗညားဓမ္မေ။ သို့သော် အမတ်ကြီး သမိန်ဗိပ်ဖြူအသံကိုလည်း ကြားရသည် ထင်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မဟာဒေဝီကို လှမ်းကြည့်လိုက်သည်။ မဟာဒေဝီသည် ဗညားနွဲ့၏ လင်းကွင်းသံတွင် နစ်မြောသည်။

အားလုံးက ဗညားနွဲ့နှင့် မိမွတ်၊ မိကြို့တို့ထံသို့ အာရုံရောက်နေစဉ် မွေ့ကေသာ မဟာဒေဝီအနီးမှ တိတ်တဆိတ် ဖယ်ခွာခဲ့သည်။ မှောင်ရိပ်ကို အကာအကွယ်ပြုလျက် မဏ္ဍပ်မုခ်ဝ ပန်းရုံများဆီသို့ ချဉ်းကပ်သွားသည်။

အသံများ ပီပီသသ ကြားလာရသည်။

"ကျုပ်တို့ သခင်ကြီး သမိန်မရုရဲ့ ကိုယ်ရံတော် ဗိုလ်မင်းတွေပဲ" လူစိမ်းအသံ"

"ဟုတ်ပါတယ်၊ အမောင်တို့ကို မဟုတ်ပါလို့ ကျုပ် မငြင်းပါဘူး၊ သို့သော် ဓားများကိုတော့ ဒီမှာပဲ ထားခဲ့ပါ၊ ဘယ်သူမှ မဏ္ဍပ်အတွင်း လက်နက်ယူခွင့်မရှိပါဘူး"

ဤအသံကား အမတ်ကြီး သမိန်ဇိပ်ဖြဲ၏ အသံဖြစ်သည်။

"သခင်ကြီး သမိန်မရုကို စောင့်ရှောက်နေရတဲ့၊ ကျုပ်တို့သည် သခင်ကြီးအမိန့်မရဘဲ လက်နက်ကို ကိုယ်နဲ့ မခွာရဘူးဗျ၊ ကျုပ်တို့ဓားတွေကို မအပ်နိုင်ဘူး၊ သခင်ကြီးအတွက် ကျုပ်တို့မှာ ကြီးလေးတဲ့ အမှုတော်ကို ထမ်းရွက်နေရသူများ ဖြစ်တယ်"

"ဒီနေရာမှာတော့ သမိန်မရုရဲ့ အမိန့်ထက် ကျုပ်အမိန့်ကို လိုက်နာရမယ်"

"အို ကျုပ်တို့မှာ သခင်နှစ်ပါးမရှိဘူး၊ အမိန့်နှစ်ခုမရှိဘူး"

"ဟေ့ စကားသိပ်မရှည်နဲ့၊ ဒါ ကျုပ် သမိန်ဇိပ်ဖြဲ အမိန့်၊ ဆင်ဖြူရှင် မင်းတရားရဲ့ အမှုတော်ကုန် အပ်နှင်းထားခြင်းခံရတဲ့ အမတ်ကြီး အမိန့်ပဲ၊ ကဲ ငါ့လူများ ဒီလူသုံးယောက်ရဲ့ ဓားတွေသိမ်းဖမ်းချုပ်"

ထိုးကြိတ်သတ်ပုတ်သံ၊ ဓားအိမ်ချင်း ထိရိုက်သံများ ကြားရသည်။

မှောင်ရိပ်ကျနေသဖြင့် မွေ့ကေသာ မမြင်ရ။

လှုပ်ရှားသံများ ငြိမ်သက်သွားသည်။ အမတ်ကြီး သမိန်ဇိပ်ဖြဲ မဏ္ဍပ်ထဲသို့ ပြန်ဝင်လာသည်ကို မွေ့ကေသာ တွေ့ရသည်။ အမတ်ကြီး၏ ရင့်ကျက်သော မျက်နှာမှာ ဒေါသဖြင့် တင်းမာနေလေသည်။

မွေ့ကေသာ ဟန်မပျက် မဏ္ဍပ်အတွင်းသို့ ပြန်ဝင်ခဲ့ပြီး မဟာဒေဝီနောက်တွင် နေရာပြန်ယူသည်။ မဟာဒေဝီကား မွေ့ကေသာကို သတိမထားမိ။



မင်းသားသည် လင်းကွင်းကို သွက်လက်မြန်ဆန်စွာ တီးနေသည်။ ပတ်မသံသည် ပို၍မြန်နေသည်။ မိမွတ်နှင့် မိကြို့တို့လည်း မရပ်မနား ကနေကြသည်။

လင်းကွင်းသံ၊ ပတ်မသံနှင့် အကဟန်တို့သည် အမြန်ဆုံး အသွက်အလက်ဆုံးသို့ တစ်ဟုန်ထိုး ရောက်ရှိသွားကြပြီးနောက် ငှက်ဆပ်ပင်ကို ဓားဖြင့် ဖြတ်ချလိုက်သလို တီခနဲ ရုတ်ခြည်း တိတ်ဆိတ်သွားသည်။

အတန်ကြာမျှ ငြိမ်သက်နေသည်။

ဗညားနွဲ့မင်းသားက ပရိသတ်ကို ဦးညွှတ်လိုက်သည်။ ဤတွင်မှ တစ်ခဲနက်သော ကောင်းချီးသြဘာသံများ လျှံ၍ထွက်လာသည်။

ပစ်မြှောက်လိုက်သော ဦးရစ်ခေါင်းပေါင်းများ၊ ပဝါစများ၊ ရွှေခွက်များ မဏ္ဍပ်တွင် ရှုပ်ထွေး ဝဲပျံသွားသည်။

"အားလုံး၊ အားလုံး၊ ခဏလေး"

ဗညားနွဲ့က လက်မြှောက်ပြသဖြင့် အသံများ တဖြည်းဖြည်း ဘိုးတိတ်သွားပြန်သည်။

"ကျွန်ုပ်ကတော်မှတ်သမျှ ဂီတပညာ ပိုပြီး အသက်ဝင်လှုပ်ရှားအောင် ပတ်မချက်သံနဲ့ ဖွမ်းဆောင်ပေးနိုင်တဲ့ ဆိုင်းတော်တီး ဆရာကြီး နဲမွန်သကို ကျွန်ုပ်ရဲ့ လက်ဝတ်တော်နဲ့ ပူဇော်ချီးမြှင့်ပါတယ်" သြဘာသံများ ဆူညံသွားပြန်သည်။

"ပြီးတော့ ဒီည ပွဲသဘင်မှာ အံ့မခန်း ကပြသွားတဲ့ နမတော်ကြီးများ မိမွတ်နှင့် မိကြို့တို့ကိုလည်း ပန်းနွယ်ဖောက် ထဘီတစ်ထည်စီ၊ ရင်လွှမ်းတန်ဆာ တစ်ခုစီနဲ့ လက်စွပ်တစ်ကွင်းစီ လက်ဆောင် ပဏ္ဏာပေးပါရစေ"

တဟေးဟေး အော်သံများ လျှံထွက်သွားပြန်သည်။

မွေ့ကေသာမှုကား စောစောက မဏ္ဍပ်မုခ်ဝတွင် ပေါ်ပေါက်ခဲ့သည့် အရေးကိုသာ မင်းသားသိအောင် တင်လျှောက်ချင်နေသည်။ သို့သော် ဤမျှ ပရိသတ် များပြားသော မဏ္ဍပ်တွင် မင်းသားအနီး ချဉ်းကပ်ရန် မလွယ်ကူ။ မဟာဒေဝီကလည်း ရှိနေသည်။ ကပွဲသဘင် ပြီးသွားသောအခါ ဆိုင်းတော်က နတ်ချင်းများ ဆက်လက်တီးသည်။ နတ်ထိန်းသည်များ ကခုန်နေသည့်အချိန်တွင် မင်းညီမင်းသား တို့ သဘင် သည့်သောက်ကြပြန်သည်။ ဗညားနွဲ့ကား ကမ်းပေးလာသမျှသော

www.burmeseclassic.com

www.burmeseclassic.com



သေနွက် တို့ကို မငြင်းမဆန်ယူ၍ သောက်နေဆဲပင်။

ရှုပ်ထွေးနေသော လူအုပ်ထဲတွင် သမိန်မရုကို မွေ့ကေသာ ရှာသည်။ မဏ္ဍပ်ထောင့်တစ်နေရာတွင် သုန်မှုန်သော မျက်နှာထားဖြင့် သမိန်မရုကို တွေ့လိုက်ရသည်။ မရု၏ အနီးတွင် ဗိုလ်မင်းဝတ်စုံနှင့် လုသုံးယောက် ရောက်နေပြီး မရုအား ဟာစ်စုံတစ်ခု ပြောနေသည်ကို လည်း တွေ့ရလေသည်။ ထိုဗိုလ်မင်းသုံးယောက်သည် စောစောက မဏ္ဍပ်မုခ်ဝ မှောင်ရိပ်တွင် အမတ်ကြီး သမိန်ဒိပ်ပြိနှင့်အချင်းများခဲ့သူများ ဖြစ်နိုင်သည်ဟု မွေ့ကေသာ တွက်မိသည်။ သမိန်မရု၏မျက်နှာ ဟာစ်စ ထက်တစ်စ တင်းမာလာနေသည်ကိုလည်း မွေ့ကေသာ တွေ့ရသည်။

ထိုစဉ်မှာပင် သမိန်မရုတို့ ထိုင်နေရာသို့ ဗညားနွဲ့ ရောက်သွားသည်။

မွေ့ကေသာ သတိကြီးစွာဖြင့် ကြည့်လိုက်သည်။

မင်းသားသည် မရု၏ရှေ့ အရောက်တွင် ရှေ့သို့ လဲကျလုနီးပါး ယိမ်းယိုင်သွားသည်။

အနည်းငယ် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

လဲကျလုနီး ဗညားနွဲ့ကို ဆင်ဖြူရှင်၏ သားတော်ငယ်၊ ဗညားနွဲ့၏ ညီတော်ဖြစ်သော 'မညီကံကောင်'မင်းသားက လှမ်း၍ ပွေ့ထားလိုက်သည်။

ဗညားနွဲ့မင်းသားသည် သေယစ်မူးသွားခြင်းမဟုတ်ဟု မွေ့ကေသာ အသေအချာသိသည်။

မဟာဒေဝီသည် ထိုင်ရာမှ ထလျက် ထိုနေရာသို့ သွားသဖြင့် မွေ့ကေသာပါ လိုက်ခဲ့သည်။

"မင်းသားလာတာကို ကျုပ်မသိလို့ ခြေဆန့်လိုက်မိတာပါ၊ ကျုပ်ကို ခွင့်လွှတ်ပါ"

မရုက ဗညားနွဲ့ကို တောင်းပန်နေသည်။ သို့သော် သူ့မျက်နှာကား တောင်းပန်ဝန်ချသော မျက်နှာမျိုးမဟုတ်။ ဗညားနွဲ့သည် ညီတော် မညီကံကောင် ပွေ့ဖက်ထားသည်ကို ဖယ်ရှားလျက် သမိန်မရုကို မမိုတ်မသုန် စေ့စေ့ကြည့်သည်။

"ကျုပ် မတော်တဆ ဖြစ်သွားတာပါလို့ ပြောနေပါတယ် မင်းသား"

ဗညားနွဲ့သည် ရုးရှစွာ ကြည့်ပြီးမှ ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။



"အင်းလေ မတော်တဆပဲဖြစ်ဖြစ်၊ တမင်ပဲဖြစ်ဖြစ် ကျုပ် သည်းခံရမှာပေါ့၊ နောင်တော် သမိန်မရုက ကျုပ်ထက် အသက်လည်းကြီး၊ ဟဲ့၊ ဟဲ့၊ ဝါစဉ်လည်း ကြီးပေတာကိုး"

သမိန်မရု၏ မျက်နှာကြီး နီရဲသွားသည်။ မဟာဒေဝီလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကဲ- ကဲ- သောက်ကြပါ သောက်ကြပါ၊ ဘာမှ မဖြစ်ပါဘူး၊ ကျုပ်က သမိန်မရု ဆန့်ထားတဲ့ ခြေထောက်ကို မမြင်လို့ ဝင်တိုက်မိတာပါ၊ဘာမှမဟုတ်ပါဘူး"

ဗညားနွဲ့က ရယ်သွမ်းသွေးလျက် ရှေ့ဆက်သွားရန် ဟန်ပြင်သည်။ သို့သော် ညီတော် မညီကံကောင်မင်းသားက ဗညားနွဲ့၏ လက်ကို ဖမ်းဆွဲသည်။

"နောင်တော် ဗညားနွဲ့၊ နောင်တော်မို့ သည်းခံတာ၊ မရုဟာ နောင်တော်လာတာကို သိရက်နဲ့ တမင် ခြေဆန့်ထုတ်လိုက်တာ ကျုပ်တွေ့တယ်၊ ကျုပ်သာ ဆိုရင်တော့..."

မညီကံကောင် မင်းသားသည် ငယ်ရွယ်နုပျိုသူဖြစ်သည်။

အခြေအနေသည် ရုတ်တရက် ပြောင်းလဲသွားလေသည်။

သမိန်မရုက မညီကံကောင် မင်းသားကို မျက်နှာချင်း ဆိုင်လိုက်သည်။ မညီကံကောင်သည် သမိန်မရုရှေ့တွင် လက်ပိုက်၍ ရပ်လိုက်လေသည်။

အားလုံး ငေးငိုင် မှင်တက်နေကြခိုက် မဟာဒေဝီ၏ တင်းမာသောအသံ ထွက်ပေါ်လာသည်။

"ဟေ့ မညီကံကောင်၊ နင်ဟာ နို့အပ်စော်တောင် မပျောက်သေးတဲ့အရွယ်၊ ဘောက်မဲ့ကြောင့် ယောကျ်ားကြီးတွေကြားမှာ ဝင်ရှုပ်တာလဲ၊ နင်နဲ့ ဘာဆိုင်သလဲ"

"နောင်တော် ဗညားနွဲ့လာတော့မှ မရုက ခြေဆန့်လိုက်တာ ကျုပ် ကောင်းကောင်းတွေ့လိုက်တယ် အရီးတော်၊ မဖွယ်ရာတဲ့ အမှုကို ကျုပ် ငြိမ်မခံနိုင်ဘူး၊ မတရားမှု မတရားမှုဆိုတာ အသက်အရွယ်နဲ့ ဘာမှမဆိုင်ဘူး"

မဏ္ဍပ်အတွင်းရှိ ပရိသတ်အားလုံး ဝိုင်းအုံ့လာသည်။ ခေါ်ဒေါ က ပျော်ရွှင် မြူးတူးဖွယ်ကာလ ကုန်ဆုံးသွားလေသည်။ အဘောကြီး သမိန်ဒိပ်ပြိသည် လူအုပ်ကို တွန်းတိုးဖယ်ရှားရင်း သမိန်မရုနှင့် ညီ

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်တို့ အကြားသို့ ဝင်လာသည်။

“သည်းခံကြပါ မင်းသားတို့၊ ကျွန်ုပ်သဘင်မစမီ ကတည်းက တောင်းပန်ထားခဲ့ပါတယ်၊ သည်းခံကြပါ၊ သည်းခံကြပါ”

ဗညားနွဲ့မင်းသားသည် မိမိနှင့် ဘာမျှမဆိုင်သလို ဘေးမှ ရပ်ကြည့်နေလေသည်။

“သည်းခံပါတယ် အမတ်ကြီး၊ နောင်တော်ဗညားနွဲ့က သဘောထား ပြည့်ဝစွာနဲ့ သည်းခံပါတယ်၊ ဒါပေမဲ့ အဖြစ်အပျက်ကို သေသေချာချာသိတဲ့ ကျုပ်ကတော့ သည်းမခံဘူး၊ ခမည်းတော်ဘုရားရဲ့ သွေးရင်းသားရင်း မင်းသားတစ်ပါးကို ဒီလိုစော်ကားတာမျိုး ကျုပ်ကတော့ သည်းမခံဘူး”

“ဟော့ မညီ၊ ပွဲတောင်းသလား ...”

မရူက ရှေ့သို့ တိုးထွက်ရင်းမေးသည်။

“ကြိုက်ရာ လက်နက်၊ ကြိုက်ရာအချိန်၊ ကြိုက်ရာဒေသ”

မညီကံကောင်သည် မီးထွက်မတတ် မျက်လုံးများဖြင့် သမိန်မရူကို စေ့စေ့ကြည့်သည်။ အခြေအနေ အတင်းမာဆုံးသို့ မမျှော်လင့်ဘဲ ရောက်ရှိသွားကြသဖြင့် ရင်ဆိုင်ရပ်နေကြသည့်သူ နှစ်ဦးအကြားသို့ မည်သူမျှ မဝင်ရဲကြ။ ပြေရာပြေကြောင်း စကားကိုလည်း မပြောရဲကြတော့။ တစ်ဦးမှာ ဘုရင့်သားတော်ငယ်၊ တစ်ဦးမှာ ဘုရင့်အစ်မတော် မဟာဒေဝီကိုယ်တိုင် ချီးမြှောက်ထားသော သမိန်မရူ။

ဗညားနွဲ့သည် သမိန်မရူနှင့် မညီကံကောင်တို့၏ ရင်အုပ်ကို တွန်းဖယ်လျက် ကြားသို့ ဝင်လိုက်သည်။

“ကဲ- မညီ၊ ငါ့စကားကို နားထောင်စမ်း ညီတော်၊ သမိန်မရူကလည်း နားထောင်စမ်းပါ၊ အခုနေ ပွဲတောင်းတာတွေ အချိန်းအချက်တွေ လုပ်မနေကြနဲ့၊ မင်းတို့ ယောကျ်ားကောင်းမှန်ရင် ပြီးမှ ပြောကြဆိုကြ၊ အခု နတ်ပွဲသဘင်မှာတော့ အမတ်ကြီး သမိန်ဗိပ်ဖြူစကားကို နားထောင်ရမယ်၊ ပြီးတော့ ကိုယ့်အားလုံး သေမူးနေကြတယ်၊ ဒီအချိန်မှာ တစ်ခုခု ဖြစ်ရင် အားလုံးအမှား၊ မင်းတို့နှစ်ယောက်စလုံးအမှား”

သမိန်မရူသည် ရှုံ့ရှုံ့ရှားရှားဖြင့် နေရာမှ ထွက်သွားသည်။

ဗညားနွဲ့က မညီကံကောင်၏ ပခုံးကိုဖက်လျက် မဏ္ဍပ်ထောင့်တစ်နေရာသို့ ခေါ်သွားသည်။ မဟာဒေဝီလည်း မျက်စိပျက် မျက်နှာပျက်လျက် စံအိမ်သို့ပြန်ရန် ပြင်ဆင်သည်။ မွေ့ကေသာမှာ ဓောမောက



ပြင်ပုံကို မင်းသားအား အသိပေးရန် အချိန်မရတော့။ သို့သော် မဏ္ဍပ်မှခဲ့ရာအရောက်တွင် အဒေါကုန်းကို အဆင်သင့်တွေ့ရသဖြင့် မဟာဒေဝီမကြားအောင် တိုးတိုးတိတ်တိတ် မှာလိုက်ရသည်။

“အဒေါကုန်း၊ အမတ်ကြီးသမိန်ဗိပ်ဖြူမှာ အရှင့်သားကို ပြောစရာ အထူးကိစ္စရှိနေမယ်၊ ဒီညသိနိုင်အောင် အမတ်ကြီးကို မေးပါ၊ သမိန်မရူရဲ့လူတွေ မဏ္ဍပ်ထဲ လက်နက်ယူတဲ့ ကိစ္စလို့ ပြောပြီး မေးပါ”

“အေး... အေး... ကောင်းပြီ၊ စိတ်ချ”

အဒေါကုန်းကို ဤမျှသတင်းပေးလိုက်ရလျှင် မွေ့ကေသာ စိတ်ချသွားသည်။ မွေ့ကေသာ စိတ်ချသည့်အတိုင်း ကိုညမှာပင် အမတ်ကြီး သမိန်ဗိပ်ဖြူသည် ဗညားနွဲ့အား ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြခဲ့လေသည်။

နောက်တစ်နေ့တွင် မွေ့ကေသာသည် မဟာဒေဝီ၊ သမိန်မရူတို့နှင့်အတူ ဗညားနွဲ့မင်းသားစံအိမ်သို့ လိုက်လာရပြန်သည်။ ဒီတစ်ခါတွင် သမိန်မရူ၏ကြင်ယာ ဆင်ဖြူရှင် သမီးတော် တလမေသီရိလည်း လိုက်လာသည်။

ဗညားနွဲ့မင်းသားသည် မင်းကန်စီ၊ အဒေါကုန်း၊ ဘောမွန် စသည့် ယက်ရုံးများနှင့် စကားပြောနေစဉ် မွေ့ကေသာတို့ ရောက်သွားကြသည်။ ယမန်နေ့ညက ဘာမျှ မဖြစ်ခဲ့သလိုပင် ဗညားနွဲ့မင်းသားက ပျူငှာစွာ ဆီးကြိုလေသည်။

ဗညားနွဲ့နှင့် သမိန်မရူကိုမှာ အသက်အရွယ် အတူတူခန့်ပင် ရှိသည်။ မဟာဒေဝီက ညက အဖြစ်အပျက်အတွက် ဝမ်းနည်းမိကြောင်း စကားစပျိုးပြီးနောက် ဗညားနွဲ့အတန်ကြာ ငြင်းဆန်နေသည့် ကြားထဲကပင် သမိန်မရူနှင့် တလမေသီရိတို့သည် ရွှေဖလားဆယ်ခွက် ခါသာ နှစ်အုပ်၊ မွေ့တန်ဆောင်တိုင် ပန်းပေါက်ပေါက်တို့ဖြင့် ဗညားနွဲ့အား ဆိုင်ကန်တော့ကြသည်။

သမိန်မရူ၏ ကြေကွဲ ဝမ်းနည်း နေဟန်နှင့် နောင်တ တရား နေဟန် မျက်နှာကို ကြည့်ရင်း မွေ့ကေသာ မရူကို ပြင်းစွာ စက်ဆုပ်မိတော့သည်။ ‘ကျုပ်ညက သေရည်လွန်သွားလို့ပါ မင်းသားရယ်’ ဟု ဘာမှုမှုပြောနေသည်ကို ကြားဖြတ်လျက်-

‘တော်ကြီးဟာ ကောက်ကျစ်စဉ်းလဲတဲ့ မြွေဆိုးကြီး’ ဟု မွေ့ကေသာ အော်ဟစ်လိုက်ချင်သည်။ သို့သော် ဗညားနွဲ့၏ တည်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သော အမှုအရာကိုကြည့်ရင်း မွေ့ကေသာစိတ်တို့ ပြန်၍ ငြိမ်
သွားရလေသည်။

ပရိယာယ် ဝေဝုစ်များလွန်းသော မဟာဒေဝီနှင့် သမိန်မရူတို့
ထဲတွင် လူရုံအဖြစ် ဟန်ဆောင်နေရသော မိမိအဖြစ်ကို မွေ့ကေသာ
ပထမဆုံး စက်ဆုတ်ညည်းငွေ့မိသည်။ ထိုအခါ ရက်သတ္တပတ်ပေါင်းစွာ
မတွေ့မဆုံရသော ချစ်သူဓားသံမှန်ကိုလည်း ထိုနေ့က ထူးထူးခြားခြား
လွမ်းလာမိသည်။

သို့သော် ဗညားနွဲ့မင်းသား၏ စကားကြောင့် မွေ့ကေသာ
မျက်ရည်လည်မတတ် ပမ်းမြောက်သွားရလေသည်။

"အရှင်တော်ကို ပြောရဦးမယ်၊ ကျုပ်နှမတော် တလမေဒေါ
သူအခု ပဋ္ဌမြားနှုတ်ငုံရှိနေတယ်၊ ထူးထူးခြားခြား ချင်ခြင်းတပ်
နေတယ်၊ အရှင်တော် ကူညီမစနိုင်မယ်ဆိုရင်"

"အို ဟုတ်လား၊ တလမေဒေါလား၊ အို ကူညီရမှာပေါ့၊ အရှင်တော်
ကူညီရမှာပေါ့လေ၊ ဗညားနွဲ့ ဘာလိုချင်လဲ"

"သူ့ကို..."

ဗညားနွဲ့ မွေ့ကေသာကို တည့်တည့်မတ်မတ် လက်ညှိုးညွှန်ပြ
ရင်း ပြတ်သားစွာဆိုသည်။

"ဟင် မွေ့နှင်းကို ဟုတ်လား၊ ဘာလုပ်ဖို့လဲ"

"အရှင်တော်ရယ် သူဟိုမိန်းမသူတွေဟာ အဆန်းပဲ၊ အခု နှုတ်လ
တော် ရှိလာလို့ စံအိမ်တော်က ကိုယ်လုပ်တော်တွေ လုပ်တာကို
တာကို မသဒ္ဓါသလို ဖြစ်နေသတဲ့၊ ကိုယ်လုပ်တော်တွေဆီက
မကောင်းတဲ့အနံ့အသက်တွေ ရနေသလိုပဲတဲ့၊ အဲဒီတော့ သူက
အရှင်တော်ဆီ ပဏ္ဏာဆက်ထားတဲ့ ဒီ အဲ မွေ့နှင်းကို သွားသတိ
ရတယ်လေ၊ မွေ့နှင်းဖျော်စပ်တဲ့ ပန်းပေါင်းဆီကို မွေ့နှင်းကိုယ်
တိုင် နံ့သာရည်သွေးပြီး လိမ်းကျံပေးတာမျိုး ခံချင်သတဲ့ အရှင်
တော်ရယ်"

"အို ဟုတ်လား"

"သုံးလေးရက်ပေါ့ အရှင်တော်ရယ်၊ နှမတော်က ဒီချင်ခြင်းပျောက်
သွားရင် ကောင်းကောင်းနေကောင်းသွားမှာပါ၊ ပြီးတော့ ပြန်ခေါ်
လိုက်ပေါ့"

"ခေါ်လိုက် ဗညားနွဲ့၊ သုံးလေးရက်လောက်တော့ဖြစ်ပါကယ်
မွေ့နှင်းကို ခေါ်ထားလိုက်"



မွေ့ကေသာသည် ရင်ထဲတွင် တထိတ်ထိတ် ခုန်နေသည်။

ဗညားနွဲ့က မွေ့ကေသာကို လှမ်းကြည့်ရင်းမေးပြန်သည်။

"ဘယ်နှယ်လဲဟေ့ ဒုန်ဝန်းစား သံလုစ်သမီး၊ နင့်သခင်မကြီးက
ခွင့်ပေးပြီ နင်ကကော ငါ့နှမတော်ကို ကူညီချင်ရဲ့လား"

မွေ့ကေသာ ဘာပြန်ပြောရမည်မသိ ဖြစ်နေသည်။

"အို သူ့ဘာမှ မေးမနေနဲ့၊ အုံ့ပုန်း မထုံတက်တေး၊ မင်း ခေါ်ချင်
သလောက်သာ ခေါ်ထား ဗညားနွဲ့၊ ဟဲ့ မွေ့နှင်း ငါ့ တူမတော်
တလမေဒေါကို ကောင်းကောင်းပြုစုကြားလား၊ အခု တို့ပြန်ရင်
နင်မလိုက်နဲ့ နေရစ်ခဲ့တော့ ကြားလား"

"မှန်ပါ- မှန်ပါ"

မဟာဒေဝီကို ပြန်သွားကြသောအခါ မွေ့ကေသာ အဒေါ်ကုန်း
အနီးသို့ ချဉ်းကပ်၍ မေးမိသည်။

"အဒေါ်ကုန်း၊ သခင်မ ချင်ခြင်းတပ်တယ်ဆိုတာ တကယ်လား"

အဒေါ်ကုန်းက တဟားဟား ရယ်လေသည်။

"ရိုးပါ့ မွေ့ကေသာရယ်၊ ဘယ်က သခင်မမှ ချင်ခြင်းမတပ်ဘူး
နင့်ကို အရှင့်သားကိုယ်တိုင် ချီးမြှောက်ချင်လို့၊ ပြီးတော့ ရှေ့ဆက်
လုပ်ရမယ့် အမှုကိစ္စတွေကို မှာချင်လို့ ခေါ်ထားလိုက်တာ၊ အဲ
ချင်ခြင်းတပ်တာက သခင်မ တလမေဒေါတော့ မဟုတ်ဘူး၊
နင့်ရဲ့အမောင်ပါ၊ အမောင်ဓားသံမှန် ဟား ဟား ဟား"

"အို..."

"ဟား ဟား ဟား ဟား"

ဘယ်အချိန်က ရောက်နေမှန်းမသိသော ဓားသံမှန်သည် မွေ့ကေ
သာ နောက်မှ တဟားဟား ရယ်နေသည်။ ဓားသံမှန်၏ ရင်ခွင်ထဲ
သို့ ပြေးဝင်၍ မျက်နှာကို နှစ်မြှုပ်ရင်း အမောင့်ရင်အုံကို မွေ့ကေသာ
တဝုန်းဝုန်း ထုနက်မိတော့သည်။

* * *

ချစ်သူနှင့် ကင်းကွာရသော အချိန်တို့သည် မကုန်နိုင်အောင်
ကြာလှ၍ ချစ်သူနှင့်အတူ ရှိရသော အချိန်တို့ကား မြားတစ်စင်း
ပြဲ ပျောင်မြန်လွန်းလှသည်ဟု မွေ့ကေသာ သဘောပေါက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမောင်စောသံမှန် ပို၍ကြံ့ခိုင်သန်စွမ်းလာသည်။ မော်မောစေတီ ရင်ပြင်ပေါ်သို့ ဒဏ်ရာနှင့်ရောက်လာစဉ် ပန်းခင်း ဟဲအိမ်တွင် ခိုအောင်း နေစဉ်ကလို မဟုတ်တော့။ ဗိဘိ မင်းယောက်ျား။ အမောင့်ရင်ခွင်ကျယ် ကြီးသည် ယခင်ကထက်ပို၍ မွေ့ကေသာကို လုံခြုံစေသည်ဟု ထင်ရ သည်။

ဗညားနွဲ့အရှင့်သားကလည်း မွေ့ကေသာကို ချီးမြှောက်သည်။ 'အရေးတော်'ပြီးလျှင် မြို့စားကြီးကတော် အဆောင်အယောင်ဖြင့် စောသံ မှန်နှင့် တွဲဖက်မြှောက်စားမည်ဟု ကတိပေးသည်။ 'အရေးတော်'မြန်မြန် ပြီးပါစေဟု မွေ့ကေသာ ဆုတောင်းရသည်။ မြို့စားကြီး စောသံမှန် ကတော် ဖြစ်လို၍ကား မဟုတ်။ လုံးဝ မဟုတ်။ ချစ်သူနှင့်အတူတကွ နေလိုလှပြီ ဖြစ်သောကြောင့်။

မွေ့ကေသာ ပို၍ တက်ကြွ ဖျတ်လတ်လာသည်။ ဗညားနွဲ့နှင့် သမိန်မရူဟို့ လက်ဝါးသွေးသောက် သစ္စာဆိုပွဲတွင် 'ထုံးနန္ဒင်း'ကိစ္စကို ဖော်ထုတ် အသိပေးနိုင်ခဲ့ခြင်း။ နတ်ပွဲသဘင်ညက မရှူ၏ ကိုယ်ရံတော် ဗိုလ်မင်းသုံးဦးနှင့် သမိန်ဓိပ်ဗြိတို့ အချင်းများခဲ့သည့် ဖြစ်ရပ်ကို အသိ ပေးနိုင်ခဲ့ခြင်းအတွက် မင်းသားကိုယ်တိုင် မွေ့ကေသာကို တလေးတစား ချီးကျူးသည်။ ထိုအခါ ချစ်ခင်မြတ်နိုးလေးစားသော အရှင်သား၏ အရေးတော်အယမြောက်ရေး ချစ်သူစောသံမှန်နှင့် အတူတကွ နေ့ထိုင် ရေးတို့အတွက် မွေ့ကေသာ အနာဂတ်ကာလကို ပို၍ တက်ကြွစွာ ရင်ဆိုင်ရန် အသင့်ပြင်ထားမိတော့သည်။

ဗညားနွဲ့မင်းသား၏ အနာဂတ်သည် လှပအောင်မြင်ရမည်ဟု မင်းသား၏ ပညာရှိအမတ် မင်းကန်စီက တစ်ထစ်ချဆိုထားသည်။ ဗေဒင်လက္ခဏာနှင့် နက္ခတ္တဗေဒ၌ ကျွမ်းကျင် နှံ့စပ်သော မင်းကန်စီ ကို မင်းသား အလွန်အားကိုးအားထားရှိကြောင်း မွေ့ကေသာ သိရသည်။ ထိုအခါ မိမိတို့၏ အနာဂတ်အတွက်လည်း မွေ့ကေသာ သိလိုလာ သည်။ မင်းကန်စီကို ကရိုတသေ ချဉ်းကပ်လျက် မေးမိသည်။

ထိုနေ့က စောသံမှန် ဆင်ကျုံးသို့ သွားနေသဖြင့် စံအိမ်တွင်မရှိ။

မင်းကန်စီ၏ ဘွဲ့မည်ကို မွေ့ကေသာ လေးစားစွာ ခေါ်လေ သည်။

"အရှင် ရာဇမနုရယ်၊ မွေ့ကေသာရဲ့အနာဂတ်ကို တွက်ချက်ပေး ပါလား ဟင်"

မင်းကန်စီက ကြင်နာစွာကြည့်ရင်း ခေါင်းညိတ်သည်။



"မွေ့ကေသာ မင်းဟာ နောက်ထပ် ငါးနှစ်အတွင်း မြို့စား ကတော်ဖြစ်မယ်၊ ရာဇာဘုရင်များ၊ သူရဲကောင်းများနဲ့ တကယ့်ကို အကျိုးပေးတဲ့သူဖြစ်တယ်၊ အရှင့်သား ထီးနန်းရပြီးရင် အရှင့်သား ရဲ့ မြှောက်စားမှုကို မင်း ကြီးကြီးကျယ်ကျယ် ခံယူရလိမ့်မယ်၊ ဘုရင်မင်းမြတ်ပေးမယ့် ဘွဲ့မည် တစ်ခုခုကိုလည်း ရလိမ့်မယ်"

"အို ဟုတ်လား"

"မြို့စားကတော် ဖြစ်လိမ့်မယ်" ဟူသော စကားကို ကြားရသည် မှာပင် မွေ့ကေသာ တလှိုက်လှိုက် ကြည်နူးမိသည်။ အမောင် စောသံ မှန်သည် မြို့စား၊ မိမိသည် . . . ။

"ဒါ ဒါဖြင့် မွေ့ကေသာ ချစ်သူက မြို့စားပေါ့ . . . နော်"

မင်းကန်စီက မွေ့ကေသာ၏ ပန်းနုရောင်လွှမ်းသော မျက်နှာပြင် ကို ကြည့်ရင်း တစ်စုံတစ်ရာ စဉ်းစားဟန်ဖြင့် မျက်စိများ မှိတ်လိုက် သည်။ အသံမထွက်လာသေး။ မွေ့ကေသာ ရင်တထိတ်ထိတ်ခုန်နေ သည်။ အတန်ကြာမှပင် မင်းကန်စီ၏အသံ ထွက်ပေါ်လာသည်။

"အေး ဒါပေါ့ကွယ်၊ မင်းချစ်တဲ့သူ မြို့စားဖြစ်လာလို့လည်း မင်းမြို့စားကတော် ဖြစ်လာတာပေါ့"

"အို ဝမ်းသာလိုက်တာ အရှင် ရာဇမနုရယ်၊ ကေသာ ဝမ်းသာ လိုက်တာ"

မင်းကန်စီကမူ တည်ငြိမ်လွန်းသော မျက်နှာနှင့်ပင်။

သို့ဖြင့်ပင် လှပသော အနာဂတ်ကို တက်ကြွစွာ ကြိုဆိုရင်း ညောင်ရေသွန်း ပွဲသဘင်လသို့ ရောက်ခဲ့ကြသည်။ သို့သော် မွေ့ကေသာ ညောင်ရေသွန်း ပွဲသဘင်သို့ မတက်ရောက်နိုင်ခဲ့။

"ကဆုန်လဆုတ်ခြောက်ရက်နေ့သဘင်"အတွက် မွေ့ကေသာ နေ့မအား ညမအား။

"ခြောက်ရက်နေ့ သဘင်"သည် နေပြည်တော်နှင့်လည်း မသက် ဆိုင်။ ရွှေနန်းတော်နှင့်လည်း မသက်ဆိုင်။ ဗညားနွဲ့ အရှင့်သားနှင့် တကွသော 'လယ်ပြင်သား ရဲမက် သုံးကျိပ် သုံးယောက်'တို့နှင့်သာ သက်ဆိုင်သည့် သဘင်ဖြစ်သည်။

မော်မောစေတီတော်၏ အရှေ့မြောက်ဘက် တောအုပ်တစ်ခု အလယ်မှ 'တယော်လင် ဘုန်းကြီးကျောင်းပျက်ကြီး'ထဲတွင် အရှင့်သား

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရဲမက် လူစွမ်းကောင်း သုံးကျိပ်သုံးယောက်တို့သွေးသောက် သစ္စာဆိုကြမည်။ တစ်နည်းအားဖြင့် လူစွမ်းကောင်း သုံးကျိပ်သုံးယောက်တို့သည် ဗညားနွဲ့ အရှင့်သားတိုက်သော သစ္စာရေကို သောက်ကြမည်။

ထို့နောက် 'အရေးတော်'အတွက် ထိထိရောက်ရောက် စတင်လှုပ်ရှားကြတော့မည်။

"ခြောက်ရက်နေ့သဘင်'ကို အမောင်စောသံမုန်လည်း တက်ရောက်မည်။

* * *

တယော်လင်ကျောင်း သစ္စာဆိုပွဲ၊ သွေးသောက်ပွဲသို့ မွေ့ကေသာ လိုက်မသွားရ၍ အဖြစ်သနစ် အစုံအလင် မသိရ။ အောင်မြင်အထမြောက်ခဲ့သည်ဟုသာ သိရသည်။

သို့သော် ကြီးမားသော အဆုံးအဖြတ်တစ်ခုကိုမူ မွေ့ကေသာ သိရတော့သည်။

ခြောက်ရက်နေ့သဘင်၏ သွေးသောက်ပွဲမှ စီရင်ချမှတ်လိုက်သည့် အဆုံးအဖြတ်။

"ကဆုန်လကွယ်နေ့ ညတွင် ဗညားနွဲ့ အရှင့်သားသည် ဟံသာဝတီ နေပြည်တော်မှ ဒဂုန်သို့ ခွာတော့မည်"

ဤရက်များ အတွင်းဝယ် အခြေအနေတို့သည် အရှုပ်ထွေးဆုံးဟု ဆိုရတော့မည်ဖြစ်သည်။ မဟာဒေဝီနှင့် သမိန်မရုတို့က ဗညားနွဲ့ကို ဖမ်းဆီးလုပ်ကြံတော့မည်ဟုလည်း သတင်းထွက်လာသည်။ တစ်ဖက်နှင့် တစ်ဖက်သူလျှို အထောက်အတော်များလည်း ခြေချင်းလိမ်နေသည်။ ဆင်ဖြူရှင် ဗညားဦးလည်း အနာပိုသည်းလာသည်။ ဗညားနွဲ့မင်းသားကား တစ်ရက်ခြားမျှ တောကစားထွက်နေသည်။ သမင်လိုက်ရန်၊ ဆင်ကျော့ရန်၊ တောဝက်စွယ်ရှာရန် အကြောင်းအမျိုးမျိုးဖြင့် နေပြည်တော်အစွန် တောများသို့ ထွက်သည်။ အမောင် စောသံမုန်တို့လည်း စံအိမ်တွင် နေရာသည် မရှိတော့။ အဒေါ်ကုန်းနှင့်ပင် မွေ့ကေသာ စကားစမြည်ပြောရန် အချိန်မရ။



သို့ဖြင့်ပင်–

မွေ့ကေသာ တက်ကြွစွာ စောင့်ဆိုင်းခဲ့ရသော ညသို့ ရောက်ရှိခဲ့လေသည်။

ကဆုန် လကွယ် ည။

ညောင်ရေသွန်းပွဲသဘင်နေ့က ရွာခဲ့သော မိုးသည် လကွယ်နေ့ ညတွင်လည်း တစ်ဖန်ပြန်ကျော့လာသည်။ သို့သော် မည်ကာမတ္တမိုး။

ကြီးကျယ်သော အရေး အမှု ဖြစ်သည့်အတွက် မွေ့ကေသာ ခါတိုင်းလို မင်းယောက်ျားကြီးများအကြား မဝင်သာတော့။ စံအိမ်တော်တွင် သခင်မ တလမေဒေါ်အနီး ခါတိုင်းကဲ့သို့ ပြုစု လုပ်ကျွေးနေရသည်သာ။ အများမြင်သာအောင် အရောင်ပြနေရသည်။ မွေ့ကေသာ၏ ဘာဝန်မှာ ထိုမျှသာ။ သို့သော် ထိုသို့ မှုဟန်မပျက် အရောင်ပြနေခြင်းသည်ပင်လျှင် အရေးတော်၏ ဗျူဟာတစ်ခုဖြစ်ကြောင်း အဒေါ်ကုန်းက မွေ့ကေသာကို ပြောထားသည်။

လကွယ်နေ့ နံနက်စောစောကပင် ဗညားနွဲ့မင်းသား တောကစားထွက်သည်ဟု အများသိစေသည်။ ယခုတလော မင်းသား တောကစားထွက်နေကျဖြစ်သဖြင့် မည်သူမျှ အရေးတယူ မမေးကြချေ။ သို့သော် မင်းသားစီးသွားသော ဆင်ပေါ်တွင် လက်ဝတ်ရတနာများ၊ ရွှေ၊ ငွေ၊ ဘဏ္ဍာများနှင့် စားနပ်ရိက္ခာ လက်နက်များ အများအပြား ပါသွားသည်ကိုမူ စားနပ်ရိက္ခာများကို ကိုယ်တိုင် ပြင်ဆင်စီမံပေးလိုက် ရသော မွေ့ကေသာ ကောင်းစွာ သိထားပေသည်။

ခါတိုင်း တောကစားထွက်သော ဗညားနွဲ့သည် ညနေနွားရိုင်းသွင်းချိန်တွင် ပြန်လာတတ်သည်။ သည်တစ်ခါ ပြန်လာမည် မဟုတ်တော့။

ထိုအခါ တောကစားသည့်အရှင့်သား အန္တရာယ်ကို တစ်ခုခုတွေ့နေပြီလားဟူ၍ ဆင်ကျုံးအမှုထမ်းများ တောကစားနောက်လိုက်ရဲမက်များက မင်းသားနောက် လိုက်သွားကြမည်။ သို့သော် ထိုဆင်ကျုံးအမှုထမ်း ရဲမက်ဆိုသူကား စင်စစ် 'ထယော်လင် သွေးသောက်များ' ဖြစ်သည်။

ဖွဲဖွဲစွေသော မိုးစက်များကို ငေးမျှော်ရင်း မွေ့ကေသာ စံအိမ်

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းဝတွင် ရပ်နေသည်။ ညနေဆည်းဆာနှင့် မိုးစက်တို့သည် လိုက်ဖက် အပ်စပ်ခြင်း မရှိကြ။

အမောင် စောသံမှန်သည် မင်းသားနောက်သို့ နောက်ဆုံး အသုတ် အဖြစ် လိုက်မည့် ရဲမက်သုံးဦးအစုတွင် ပါဝင်လျက် ထွက်ခွာသွားခဲ့ပြီ။ စံအိမ်တော် ခြံဝိုင်းအတွင်းရှိ မြင်းဇောင်းထဲမှ မြင်းများကို ကုန်းနှီးဆင်နေသည့် သူများအား မွေ့ကေသာ ကြည့်နေမိသည်။

မင်းကန်စီသည် မွေ့ကေသာ နောက်တွင် လာရပ်လေသည်။

"မွေ့ကေသာ"

လှည့်ကြည့်လိုက်သောအခါ တည်ကြည်သော မင်းကန်စီကို တွေ့လိုက်ရသည်။

"အရှင် ရာဇမနု"

သူတို့အသံများ ထူးခြားစွာ လေးနက်နေကြသည်။ ကြီးမားသော အရေးတော်ကြီးကို အသီးသီးအသက ရင်ထဲတွင် သတိရနေမိကြသည်။

"ရော့ အဲဒါ စောသံမှန်ရဲ့ သဝဏ်"

မင်းကန်စီ လှမ်းပေးသော ပေရွက်ကို ကမန်းကတန်း ဖွင့်ကြည့်သည်။

"အချစ်ကေသာ၊ အချိန်မရ၍ အမောင် လာမတွေ့နိုင်တော့ပါ၊ လဆုတ် သုံးရက်နေ့ ထွက်ခွာမည့်အစုတွင် မွေ့ကေသာ လိုက်ပါရလိမ့်မည်။ ကေသာ့ကို အမောင် ဒဂုန်က စောင့်နေမည်။ ဒဂုန်ဆံတော်ရှင်မှာ ကေသာနှင့်အတူ သစ္စာ ဆိုမည်"

"အို လဆုတ် သုံးရက်နေ့ကျတော့ ကေသာပါ လိုက်ရမယ်၊ ဟုတ်လား အရှင် ရာဇမနု"

"အေး၊ အဲဒီကျတော့ ငါတို့အားလုံး သွားကြမယ်။ အခုတော့ အရှင့်သားနဲ့ သွေးသောက် သုံးကျိပ်သုံးယောက်"

"အခု အခု အမောင်တို့ နောက်ဆုံးအစု လိုက်သွားပြီပေါ့နော် အရှင် ရာဇမနု"

"အေး"

"အဒေါ်ကုန်းရော"

"လဆုတ် သုံးရက်နေ့ အစုပဲ"

"ဝမ်းသာလိုက်တာ အရှင် ရာဇမနုရယ်"



အမောင် စောသံမှန်၏ သဝဏ်ကို နောက်တစ်ကြိမ် ပြန်လည် ဖတ်မိပြန်သည်။ အမောင်တို့အားလုံး ဘေးမသီ ရန်မခ ရွှေနန်းတော်က ထွက်ခွာသွားနိုင်သည့်အတွက် ဝမ်းသာမိသည်။ ဒဂုန်သို့ အရောက် ခရီးတစ်လျှောက်လုံးမှာလည်း ဘေးမသီ ရန်မခစေကြောင်း ဆုတောင်း နေမိသည်။ ကတိုက်ကရိုက် ရေးသွားရသော အမောင့်လက်ရေးများ သည်ပင်လျှင် လှပသော အနာဂတ်အတွက် ရင်ဖိုစရာ။

"ဒဂုန်ဆံတော်ရှင်မှာ ကေသာနှင့်အတူ သစ္စာဆိုမည်'တဲ့။

ဒဂုံဆံတော်ရှင် စေတီရင်ပြင်ထက်တွင် ချစ်သူနှင့်အတူ ရွှေလ လက်တွဲကာ ဘဝ အဆက်ဆက်အတွက် သစ္စာစကားများဆိုကာ အို ဒဂုန်ဆံတော်ရှင်၏ ဆည်းလည်းသံများကိုပင် ကြိုတင် ကြားယောင် မိတော့သည်။ ဆွတ်ပျံ့ဖွယ်သော ဆည်းလည်းသံ။

"ဗညားနွဲ့ ပြန်ရောက်ပလားဟေ့၊ ဟောဒီမှာ မသာအလောင်း တစ်ခု ရလာလို့"

တကယ်တမ်းကား စိတ်ကူးထဲမှ ဆည်းလည်းသံပင် မကြာရှည် လူ၊ ရှုးနစ်မာကြောသော အသံနက်ကြီးတစ်ခုက မွေ့ကေသာ၏ အိပ်မက်ကို ကြမ်းတမ်းစွာ ပုတ်နှိုးသည်။

စံအိမ် အောက်ထပ်ဆီမှ ဖြစ်သည်။

မင်းကန်စီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မွေ့ကေသာ တုန်လှုပ်သွားသည်။

စံအိမ်အောက်ထပ် ခြံဝိုင်း မြေပြင်ကွက်လပ်တွင် မီးတုတ်များဖြင့် ရှည်နေသော လူစုလူဝေးများကို တွေ့လိုက်ရသည်။

"မွေ့ကေသာ၊ မင်း မလိုက်ခဲ့နဲ့၊ ငါ အောက်ဆင်းမယ်၊ အဒေါ် ကုန်းကို ခေါ်ထား"

မင်းကန်စီက ပြောပြောဆိုဆို စံအိမ်အောက်သို့ ဆင်းသွားသည်။ မွေ့ကေသာ မနေရစ်နိုင်ခဲ့။ ပြတင်းပေါက်မှ ကညင်ဆီမီးတိုင်ကို ဖြုတ် ယူ၍ အောက်သို့ ဆင်းလိုက်သွားသည်။ မွေ့ကေသာ လှေကားခြေရင်း အရောက်မှာပင် စံအိမ်တံခါးဆီမှ မြင်းခွာသံများ ကြားလိုက်ရလေသည်။

"ဟေ့ ငါ့စံအိမ်တော်ထဲမှာ ဘာဖြစ်နေကြတာလဲ"

ဗညားနွဲ့မင်းသား၏ အသံ။

ဒဂုန်သို့ ထွက်ခွာသွားပြီဆိုသော ဗညားနွဲ့မင်းသား ဘာကြောင့် ပြန်ရောက်လာသလဲ။ ပြီးတော့ ဆင်နှင့်မဟုတ်၊ မြင်းနှင့်။ ဘေးသွားရာယ်

www.burmeseclassic.com

www.burmeseclassic.com



ဘစ်စုံတစ်ခု ဖြစ်ပေါ်ပြီဟု မွေ့ကေသာ နားလည်လိုက်သည်။ လူများ စုဝေးနေရာသို့ အပြေးသွားမိသည်။

“မွေ့ကေသာ မလာနဲ့၊ ဒီကိုမလာနဲ့”

မင်းကန်စီက လူအုပ်ထဲမှ အော်ပြောနေသည်။ မွေ့ကေသာ ပို၍ စိုးရိမ်သွားသည်။ လူအုပ်ဆီသို့ ပြေးဝင်သည်။

“မလာနဲ့ မွေ့ကေသာ၊ ပြန်-ပြန်၊ အပေါ်တက်”

“ဘုရား–ဘုရား–အမောင် ဘေးကင်းရန်ကင်း ဖြစ်ပါစေဘုရား”

မွေ့ကေသာ လူအုပ်အလယ်သို့ တိုးဝင်သည်။ ဝိုင်းအုံကြည့်နေသော နေရာသို့ ကြည့်လိုက်သည်။ မီးတုတ်များ၏ အလင်းရောင်တွင်–

“ဟင်…”

မင်းကန်စီက မွေ့ကေသာ အတင်းချုပ်၍ လူအုပ်ထဲမှ တိုးထွက်သည်။ မွေ့ကေသာ၏ ပါးစပ်ကို တင်းကျပ်စွာ ပိတ်ထားသည်။ အဒေါ်ကုန်းပါရောက်လာပြီး မင်းကန်စီကို ကူညီသည်။ မွေ့ကေသာ မအော်နိုင်တော့။ မင်းကန်စီနှင့် အဒေါ်ကုန်းတို့က မကြုံစဖူး သန်စွမ်းနေသည့် မွေ့ကေသာအား ကြိုးစားချုပ်နှောင်၍ စံအိမ်ပေါ်သို့ ခေါ်ခဲ့ကြသည်။

စံအိမ်တော် အခန်းတစ်ခုထဲသို့ ဆွဲခေါ်ပြီး တံခါးကို ပိတ်သည်၊ ထိုအခါမှပင် မွေ့ကေသာကို လွှတ်လိုက်ကြသည်။

ထို့နောက် မင်းကန်စီနှင့် အဒေါ်ကုန်းတို့ထံမှ ကြေကွဲနာကျင်သော ကရုဏာသံများ ဆို့နစ်စွာ ထွက်ပေါ်လာလေသည်။

“မွေ့ကေသာ မင်းငိုနိုင်ပါပြီကွယ်၊ ငိုနိုင်ပါပြီ”

“သမီးကေသာလေးရယ် ငိုတော့လေ၊ ငိုလို့ရပြီ၊ ငိုတော့လေ”

သို့သော် မွေ့ကေသာ မငို။ ပြူးကြောင်ဝိုင်းစက်သော မျက်လုံးများသည် မမြင်တတ်သော ကြည့်ခြင်းမျိုးဖြင့် ရှေ့တူရူသို့ ကြည့်နေသည်။ မျက်ရည်တို့ မကျလာ၊ ရှိုက်သံတို့ မပေါ်လာ၊ မျက်နက်ဝန်းတို့မှာ ပတ်ချာလည်နေသည့်အလား။

အလုံးစုံသော အာရုံတို့ မွေ့ကေသာထံတွင် ဆိတ်သုဉ်းသွားသည်။ စက္ခုအာရုံမှတစ်ပါး။

စက္ခုအာရုံ။ ထိုအာရုံ၏ အမြင်တွင်လည်း စောစောက လူအုပ်အလယ် နီကြန့်သော မီးတုတ်အလင်းရောင်တို့အောက်တွင် တွေ့ခဲ့ရသော သွေးသံရဲရဲနှင့် မြင်မကောင်းသည့် အမောင် စောသံမုန်၏ အလောင်း။



“သမီးကလေး ကေသာ၊ ငိုလေ– ငို”

အဒေါ်ကုန်းက ပခုံးကို လှုပ်ယမ်းသည်။

မငို။ မွေ့ကေသာ မငို။

တစ်စုံတစ်ခုကိုသာ မသဲမကွဲ နာကျင်စွာ ရေရွတ်ရင်း မွေ့ကေသာ လဲကျသွားသည်။

အသံသည် တုန်ရင်အက်ကွဲ မှေးမှိန်လှသော်လည်း မင်းကန်စီနှင့် အဒေါ်ကုန်းတို့ ကောင်းစွာ ကြားလိုက်ရသည်။

“ဒဂုန်–ဆံ -တော်–ရှင်–မှာ–သစ္စာ–ဆို–ကြ–မယ်တဲ့”

* * *

ညဉ့်သန်းခေါင်တွင် ပြန်လည်သတိရလာသော မွေ့ကေသာသည် လဲကျ မေ့မြောမသွားခင်က မွေ့ကေသာနှင့် လုံးဝ ခြားနားသွားသည်။ တင်းမာခက်ထန်ခြင်းသည် နူးညံ့သိမ်မွေ့ခြင်းကို အစားဝင်ယူလိုက်သည်။ မွေ့ကေသာ စကားမပြောတော့၊ ငိုလည်းမငို။

ဗညားနွဲ့မင်းသားသည် ဆို့ဆို့နစ်နစ် ကြေကွဲစွာဖြင့် မွေ့ကေသာ၏ ဦးခေါင်းထက်သို့ လက်တင်ရင်း ပြောလေသည်။

“ကေသာ၊ စောသံမုန်ဟာ အခြားသွေးသောက်နှစ်ယောက်နှင့်အတူ အရေးတော်အတွက် အသက်ပေးသွားတယ်၊ ငါထွက်ပြေးတာကို သင်းတို့ မဆိုသလောက် အချိန်မီ သိသွားတယ်လေ၊ နောက်ဆုံး ထွက်ခွာတဲ့ စောသံမုန်တို့အစုနဲ့ သင်းတို့ တိုက်ပွဲဖြစ်တယ်၊ စောသံမုန်ဟာ ရန်သူခြောက်ယောက်ကို သုတ်သင်နိုင်ခဲ့တယ်၊ ရန်သူတွေကို ဟန့်တားနိုင်ခဲ့တယ်။ တစ်ယောက်ကတော့ ဒဏ်ရာကြီးစွာနဲ့ ငါ့နောက်အမီလိုက်ရင်း သတင်းပေးနိုင်ခဲ့တယ်၊ နေပြည်တော် တပ်မအားလုံး ငါ့နောက်လိုက်ဖို့ မြို့စွန်တွေကနေ ပိတ်ဆို့ဖို့ သင်းတို့ စီစဉ်လိုက်ကြတယ်၊ ဒါကြောင့် ငါ ဟန်မပျက် တောကစားက ပြန်လာသလို ပြန်လာခဲ့တာ၊ သင်းတို့က စောသံမုန် အလောင်းကို ငါ့စံအိမ်တော်ထဲ ယူလာပြီး ငါ့ကို ထင်ထင်ရှားရှား ရန်ပြုကြတော့တယ်၊ အဲဒါဟာ စောသံမုန်ပါဆိုတာ ဒီစံအိမ်တော် ထဲက တစ်ယောက်ယောက်က ပြောလိုက်ရင် အားလုံး လျှို့ဝှက်ချက်တွေ ပေါ်တော့မယ်၊ ဒါကြောင့် မင်းကန်စီတို့၊ အဒေါ်ကုန်း တို့က မင်းကို တစ်စုံတစ်ရာ နှုတ်မလွန်ခင် အတင်းချုပ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



မွေ့ခေါ်ခဲ့ကြတာပါ၊ အခုတော့ စောသံမွန်ဟာ ငါလူလို့ ဘယ်သူမှ မသိကြတော့ဘူးလေ၊ ဘယ်သူမှ ငါ ဒဂုန်ကိုပြေးတာ အထောက်အထား မပြနိုင်ကြတော့ဘူး၊ စောသံမွန်ဟာ အင်မတန် ရဲရင့်ပြီး သစ္စာရှိသူပါ၊ သူ့အတွက် ငါ ကြေကွဲရပါတယ် ကေသာ၊ ငါ လည်း ထိခိုက်ရပါတယ်"

မွေ့ကေသာက စကား ပြန်မဆို။

ရှေ့တူရူသို့သာ မမှိတ်မသုန် ကြည့်နေသည်။

"အခု သွေးသောက်စောသံမွန်အစား မင်းကိုပဲ ငါ့သွေးသောက်အဖြစ် အရာထားလိုက်ပါတယ် ကေသာ၊ ငါတို့ အခု ဘာပဲဖြစ်ဖြစ် လဆုတ် သုံးရက်နေ့ကို ရွှေ့ပြောင်းလိုက်တယ်၊ သုံးရက်နေ့မှာတော့ မရ ရအောင်ဖောက်ထွက်ပြီး ဒဂုန်ကို သွားမယ်၊ သွေးသောက် ရဲမက်လည်း သုံးကျိပ်ပဲ ရှိတော့တယ်၊ မင်းလိုက်မလား ကေသာ"

ကျားသစ်မ၏ မျက်လုံးမျိုးဖြင့် ဗညားနွဲ့ကို မွေ့ကေသာ ရဲဝံ့စွာ မော်ကြည့်သည်။

ထို့နောက် ငယ်ရွယ်နုပျိုလွန်းသော အလှနှင့်မလိုက်အောင်ပင် လေးနက်စွာ ပြောလေသည်။

"အမောင့်နေရာမှာ သွေးသောက်အရာ ထားမယ်ဆိုလို့ ဝမ်းသာလှပါတယ် အရှင့်သား၊ ဒါပေမဲ့ စစ်မြေပြင်မှာ မိန်းမသားဟာ အပိုသက်သက် ဖြစ်နေပါမယ်၊ မွေ့ကေသာ အရှင့်သားရဲ့ အရေးတော်ကို အမောင့်အတွက်ရောပြီး ပူးတွဲထမ်းပါ့မယ်၊ မွေ့ကေသာ ဒဂုန်ကိုတော့ မလိုက်လိုပါ၊ အမောင် ခေါင်းချခဲ့တဲ့ ဟောဒီ ဟံသာဝတီ မြေပေါ်မှာပဲ နေရစ်ခဲ့ပါရစေ၊ မဟာဒေဝီရဲ့ စံအိမ်ကို မွေ့ကေသာ ပြန်နေပါ့မယ်၊ သင်းတို့အားလုံးကို လက်စားချေမယ်၊ မဟာဒေဝီကို လက်စားချေမယ့် အမှုတော်ကို မွေ့ကေသာ ထမ်းရွက်ပါ့မယ်၊ အရှင့်သား နေပြည်တော် ပြန်လာသည်အထိ အရေးတော် အောင်မြင်သည်အထိ မဟာဒေဝီရဲ့ အနီးကပ်ဆုံး သူလျှိုအဖြစ် မွေ့ကေသာ အမှုတော်ထမ်းပါ့မယ်"

လဆုတ် သုံးရက်နေ့ညတွင် ဗညားနွဲ့မင်းသား ဒဂုန်သို့ အောင်မြင်စွာ တိမ်းရှောင်သွားခဲ့သည်။ အရေးတော်ပုံ အတိအလင်း ပေါ်ပေါက်သည်။

မွေ့ကေသာမှုကား...

မဟာဒေဝီ၏ စံအိမ်တော်သို့ ပြန်သည်။ မည်သူမျှ သက်သေမကင်းရှိကြ။

မဟာဒေဝီအတွက် နံ့သာပေါင်းအဆီ ရောစပ်ပေးရသော ကိုယ်လုပ်တော်အကြီးအမှူး မွေ့နှင်းအဖြစ်သို့ မွေ့ကေသာ ပြန်၍ခံယူသည်။

သို့သော် အတိတ်ကာလက မွေ့ကေသာ မဟုတ်တော့ကြောင်း မည်သူမျှ မသိကြ။ ဟန်ဆောင်ကောင်းသော မွေ့ကေသာသည် ယခင်ကအတိုင်း မထုံတတ်သေးနိုင်သည့် မွေ့နှင်း၊ အမွှေးနံ့သာ ရောစပ်ရာတွင် ကျွမ်းကျင်သည့် မွေ့နှင့်ဟုသာ သိကြသည်။

မွေ့ကေသာ မည်မျှ ပြောင်းလဲသွားသည်ဆိုခြင်းကို သိသူနှစ်ဦးသာ ရှိသည်။

ထိုသူကား အဒေါ်ကုန်း။

ကိုထက်ပို၍ သိသူကား မင်းကန်စီ၊ ထိုသူကိုထက်ပို၍ သိသူကား မွေ့ကေသာကိုယ်တိုင်။

'စောသံမွန်ကို ချစ်တယ်၊ မဟာဒေဝီကို မုန်းတယ်'ဟု နှလုံးသွေးနှင့်အမျှ ရွတ်ဆိုအပ်သော မွေ့ကေသာခေါ်၊ မွေ့နှင်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## မတ်သံလုံ မွေ့ကောသာ

"ဟော့ အထဲက ဘယ်သူလဲ"

လဝွန်းဗျည်းမြို့တွင်းရှိ တပ်စခန်းအစွန်တွင် မတ်သံလုံ၏ ကနားတဲရှိသည်။ ကနားတဲရှိရာသို့ မတ်သံလုံ ပြန်ရောက်လာချိန်မှာ ညဥ့်အတော် နက်နေသည်။ တဲ၏ ရွက်ဖျင် ကန့်လန်ကာအစကို ဖယ်ရှား၍ အတွင်း သို့ ဝင်မည်အပြုတွင် တဲထဲမှ တစ်စုံတစ်ယောက်ကို ရိပ်ခနဲ တွေ့လိုက်ရသဖြင့် မတ်သံလုံ ဒေါက်ငမ်းလိုက်သည်။

သူ့လက်သည်လည်း ဓားရိုးပေါ်သို့ အလိုလို ရောက်သွားပြီး ဓားအိမ်မှ ဓားကို ဆွဲချွတ်ပြီးသား ဖြစ်သွားသည်။

တဲအလယ်ရှိ မီးဖိုမှ မီးတောက် အကြွင်းအကျန်များကြောင့် တဲထဲက လူ့ရိပ်သဏ္ဌာန်သည် မသဲမကွဲ ဖြစ်နေသည်။ မတ်သံလုံ၏ ခက်ထန်သောအသံကြောင့် ထိုသဏ္ဌာန်သည် မှောင်ရိပ်ကျသောထောင့်သို့ တိုးကပ်သွားပြန်သည်။ အသံမပြု၊ လှုပ်ရှားမှု မပြု။



"ဟော့ ဘယ်သူလဲ၊ ငါ့တဲထဲမှာ ဘာလာလုပ်သလဲ ဇက်ပြတ်သွားချင်သလား"

မှောင်ရိပ်ထဲမှ သဏ္ဌာန်သည် လုံးဝ မလှုပ်၊ မရွေ့မလျား။

"ကဲ မေးတာ မဖြေရင်တော့..."

မတ်သံလုံက ဓားကိုလွှဲ၍ မီးဖိုအနီးသို့ ခုန်ဝင်သည်။

ထိုအခါမှပင် မှောင်ရိပ်ထဲမှ သဏ္ဌာန်သည် မီးရောင်ရှိရာ ရှေ့သို့ ထွက်လာသည်။ ပိုင်းလုဆဲဆဲဖြစ်သော မတ်သံလုံလက်ထဲမှ ဓားသည် လေထဲတွင် ရပ်တန့်သွားသည်။

ငြိမ်းသေခါနီး မီးဖိုမှ မီးတောက်တို့သည် ထိုသဏ္ဌာန်ပေါ်သို့ ချောတော့စွာ လင်းဖြာနေသည်။ လူ့ရုပ်သဏ္ဌာန် မပီမသ။ ထို့ထက် မှကား ညဥ့်ဦးပိုင်း အောင်ပွဲသဘင်တွင်လည်း လဝွန်းဗျည်းတိုက်ပွဲကို အောင်မြင်စွာ 'စစ်လှန့်'ပေးနိုင်သော သူ့ရဲကောင်းဟု ဂုဏ်ပြုရင်း သူ့ကို သေရည်ဝိုင်းတိုက်ကြသဖြင့် မတ်သံလုံ သေရည်အနည်းငယ် လွန်ကဲသွားခဲ့သည်။ ထို့ကြောင့် သူ့မျက်လုံးများ ဝေဝါးနေသည်။ မတ်သံလုံ မျက်လုံးများပွတ်၍ ကြည့်ရသည်။

"ဟော့ မင်း မင်း..."

"ဟုတ် ဟုတ်ကဲ့ရှင့်၊ ကျွန်မ- ကျွန်မ မိနော်ဇာပါ"

"မိနော်ဇာ..."

"ဟုတ်ကဲ့ရှင့်"

မိန်းမငယ်သည် မတ်သံလုံ၏ ခြေရင်းတွင် ဒူးတုပ်လျက် မတ်သံလုံကို ထိတ်လန့်စွာ မော်ကြည့်နေသည်။ ဖျော့တော့သော မီးရောင်မှာပင် သူ့မျက်လုံးတို့ ဝင်းလက်နေသည်။

မတ်သံလုံသည် ဓားကို ဓားအိမ်တွင်းသို့ ပြန်မသွင်းသေးဘဲ ဓားသွားကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ရင်း မိန်းမငယ်၏အနီး သူ့ခုတင်ပေါ်သို့ ထိုင်လိုက်သည်။ မိန်းမငယ်သည် မတ်သံလုံခြေရင်းတွင် ဒူးတုပ်လျက် အနေအထားမှ မရွေ့။

"မင်း ဘယ်ကလဲ၊ ဘာကြောင့် ငါ့တဲထဲ ရောက်နေတာလဲ"

"အရှင် ရာဇမနုရဲ့ အမိန့်တော်နဲ့ပါ"

"အရှင် ရာဇမနု၊ မင်းကန်စီလား"

"ဟုတ်ကဲ့ရှင်"

www.burmeseclassic.com

www.burmeseclassic.com


“မင်းကန်စီက ဘာအမိန့်ပေးထားလို့လဲ”

“......”

“ပြောလေ မင်းကန်စီက မင်းကို ငါ့ဆီလွှတ်ပြီး ဘာ အယူခိုင်းသလဲ၊ ဘာသတင်းပို့ခိုင်းသလဲ၊ အခေါ်ခိုင်းသလား”

“ကျွန်မ ကျွန်မ...”

မိန်းမငယ်၏ မျက်လုံးများ ပို၍ ဝိုင်းစက် ပြူးကြောင်လာနေသည်။ လည်တိုင်ကြော့မှ ပုလဲသွယ်ကို လက်ဖြင့် ပွတ်သပ်ဆုပ်ကိုင်ထားသည်။ ထိုလက်တို့သည်လည်း တဆတ်ဆတ် တုန်နေကြပြန်သည်။

“ခက်တော့နေပါပြီ၊ မင်းကန်စီကလည်း ဒီလောက် ကြောက်တတ်ပြီး၊ ဒီလောက် ငယ်ရွယ်နုပျိုတဲ့ မိန်းမသူမျိုးကိုမှ ငါ့ဆီ လွှတ်တယ်။ ဘာမှ မေးလို့လဲ မရ”

ဓားကို ဓားအိမ်ထဲသို့ပြန်သွင်းပြီး ကိုယ်မှ ဖြုတ်လျက် တဲ၏ တိုင်လုံးသို့ ချိတ်ထားလိုက်သည်။ ရီဝေနေသော သေရည်ငွေ့တို့မှ သက်သာစေခြင်းငှာ ချပ်မိန်ညို ခါးစည်းကြိုးကိုဖြုတ်၍ ခြေရင်းသို့ လွှတ်ပစ်လိုက်သည်။ ခေါင်းပေါင်းပဝါကိုလည်း ဆွဲဖြုတ်၍ ခုတင်ပေါ် တင်လိုက်သည်။

“ဗိုလ်မင်းဆီကို သွားကဲ့၊ ပြီးတော့ ဟို ...”

“အင်း ဟုတ်ပြီ ပြော”

“ဟို ဗိုလ်မင်းခိုင်းတာ အကုန်လုပ်ပေးတဲ့”

“အင်း...”

“ဗိုလ်မင်းကို ဝတ်ကြီး ဝတ်ငယ် ပြုစုရမယ်တဲ့ ပြီးတော့...”

“တစ်ခါတည်းဆက်ပြောစမ်းပါ ငါ့ကို ကြောက်မနေပါနဲ့”

“ဗိုလ်မင်းက သိမ်းပိုက်ရင်လည်း...”

“ဘာ...”

မတ်သံလုံ ထိုင်ရာမှ ဝုန်းခနဲထသည်။ ရီဝေနေသော သေရည်ငွေ့တို့လည်း အခိုက်အတန့်အားဖြင့် ကင်းစင် လွင့်ပျောက်သွားသည်။ ခုတင်ပေါ်တွင် ခြေတွဲလောင်း ချထိုင်ရင်း မိန်းမငယ်ကို စေ့စေ့ကြည့် ပြန်သည်။ ခေါင်းငုံ့ထားသောကြောင့် မိန်းမငယ်၏ မျက်နှာကို မတွေ့ရ။ သို့သော် ထွေးထွေးအိအိရှိသော ဆံပင်များ၊ ပြေပြစ်သော လည်တိုင်၊ ပြည့်ဖြိုးသော ပခုံးတို့ကို အပေါ်စီးမှ မြင်နေရသည်။ ထို့နောက် ရော ရဲသော ရင်ဝတ်လွှမ်းတန်ဆာအထက်တွင် ပုလဲသွယ်တစ်ကုံးမှအ

အခြား လည်ဆွဲရတနာများ ဆင်သမထား။ ဝင်းဝါ နူးညံ့သော လည်တိုင်အောက်ခြေ နေရာများကို မတ်သံလုံ တွေ့နေရသည်။

“သြော် သြော်၊ မင်းကို မင်းကန်စီက လွှတ်လိုက်တာပေါ့၊ ဟုတ်လား”

“ဟုတ်ကဲ့ရှင့်”

“မိနော်ဇာတဲ့၊ ဟုတ်လား မင်းနာမည်”

“ဟုတ်ကဲ့ ဗိုလ်မင်း”

“မင်းက ဘယ်ကလဲ”

“ကျွန်မ လဝွန်းဗျည်းမြို့စားရဲ့ တူမတော်တစ်ယောက်ပါ”

“အင်း ဒါဖြင့် မင်းဟာ အခု သူ့ရှင် ရာဇာဓိရာဇ်ရဲ့ သုံ့ပန်းပေါ့”

“ဟုတ်ကဲ့ရှင့်”

မတ်သံလုံသည် ကျင်စွယ်မုတ်ဆိတ်မွေးစများကို လက်ဖဝါးဖြင့် ပွတ်သတ်ရင်း ခုတင်ပေါ်မှ ဆင်းကာ မိန်းမငယ်နှင့် မျက်နှာချင်းဆိုင် ဒူးထောက်ထိုင်လိုက်သည်။ မိနော်ဇာ စောစောကလောက် မတုန်လှုပ် တော့သော်လည်း မတ်သံလုံကို စူးစူးစိုက်စိုက် မကြည့်ဝံ့သေး။

ချပ်မိန်ညိုအပေါ်ဝတ်ကို မတ်သံလုံ ချွတ်ပစ်လိုက်သည်။ စစ်ခြေပြင်တွင်ဆိုလျှင်မူ ချပ်မိန်ညိုအောက်၌ သားရေပျော့ဖြင့် ချုပ်ထားသော ကိုယ်ကျပ်ကို မတ်သံလုံ ဝတ်လေ့ရှိသည်။ သို့သော် ယခုမူ ချပ်မိန်ညို အောက်တွင် ဘာကိုမှ ဝတ်မထားချေ။

လက်ကောက်ဝတ်မှ သားရေပြားကိုလည်း မတ်သံလုံ ချွတ်လိုက်သည်။

“မိနော်ဇာ မီးဖိုမှာ ထင်းထပ်ထည့်စမ်း”

မိနော်ဇာက ငြိမ်းသေစ ပြုနေပြီဖြစ်သည့် မီးဖိုသို့ ထင်းစများ ထပ်ထည့်သည်။ မီးခိုးများ အူလာသည်။ ယပ်တောင်သို့မဟုတ် ခတ်စရာ တစ်ခုခု ရှာသည်။

“ဟောဟိုနေရာမှာ လွှားတစ်ခု ချိတ်ထားတယ် ယပ်မရှိဘူး၊ အဲဒါနဲ့ပဲ မီးတောက်အောင်လုပ်”

တဲတိုင်တစ်တိုင်အထက်တွင် ချိတ်ထားသော လွှားကို မိနော်ဇာ ခက်ခက်ခဲခဲ ဖြုတ်ယူ၍ မီးတောက်ဖြစ်လာအောင် ယပ်ခတ်သည်။ ခဏအကြာတွင် မီးတောက်များထွက်လာသည်။ တဲအတွင်းတွင် အနွေးဓာတ်နှင့် အလင်းရောင် ရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်းတော်လောက်ပြီး၊ ဒီနားလာတော့"

**မိနော်ဇာ လှည့်ပြန်ချိတ်ပြီး မတ်သံလုံရှေ့ပြန်ထိုင်ရသည်။**

**မီးတောက်မှ အလင်းရောင်သည် မတ်သံလုံ၏ ကိုယ်ပေါ်သို့ ကောင်းစွာ** ကျရောက်နေသည်။ ကိုယ်ကျပ်အတွင်းခံ ဝတ်မထားသော **မတ်သံလုံ၏** ကိုယ်အထက်ပိုင်းမှ ကြွက်သားများသည် မီးတောက်ရောင်ကြောင့် အလိပ်လိပ်ထနေသည်သို့ ထင်ရသည်။ သို့သော် ရင်အုပ်၊ ဝမ်းဗိုက်၊ လက်မောင်း၊ ပခုံးနေရာများသည် သန့်စင်ချောမွတ်စွာဖြင့် ဖုထစ်နေကြသည်ကား မဟုတ်ချေ။

နေရာတိုင်းလိုလိုတွင် အမာရွတ်များရှိနေသည်။ မြားဒဏ်စိုက်ဝင်သဖြင့် မည်းညိုနေသော ဒဏ်ရာအကွက်၊ လှံအသွား ထိရှသဖြင့် နီရဲနေသော ဒဏ်ရာအစင်း၊ ဓားသွားတို့ ပွတ်ခြစ်သဖြင့် အဖုအထစ်ဖြစ်နေသော ဒဏ်ရာအနက်။ သို့သော် ရင်အုပ်ပေါ်ရှိ အင်းကွက်များသည် ဒဏ်ရာများအကြားမှာပင် ထင်ထင်ရှားရှား ပေါ်နေသည်။ ဆေးနီအင်းကွက်များ၏ ဘေး၊ လက်ရုံးကြွက်သွားနေရာတွင်မူ ဆေးနက်ဖြင့် ထိုးထားသော အရုပ်များ၊ စာလုံးများ၊ အနီရောင်များ၊ အနက်ရောင်များ။

မိနော်ဇာသည် မတ်သံလုံကိုကြည့်ရင်း ရင်ဖိုထိတ်လန့်လာဟန်ဖြင့် မျက်နှာကို လွှဲဖယ်လိုက်သည်။ မတ်သံလုံကိုမူ မုဆိုးဒူးထောက်အနေအထားမှ မရွေ့ပြောင်းသေး။

"ဒီမှာ မိနော်ဇာ ကြည့်စမ်း"

မတ်သံလုံက သူရင်အုံပေါ်မှ ထွာဝက်ခန့်အမာရွတ်ကိုပြသည်။

"ဒါက တရည်းတိုက်ပွဲတုန်းက ရန်သူလှံနဲ့ ထိုးမိတဲ့ ဒဏ်ရာပဲ ဒါကတော့ မြို့ပြင်တောစပ်တိုက်ပွဲမှာ မြင်းခွာနဲ့ နင်းမိတဲ့ဒဏ်ရာ ဟောဒီ လက်မောင်းပေါ်ကဟာက မြို့ထိပ်ကိုရောက်လာတဲ့ မြားတံက ဝင်စိုက်တာ၊ ဒီနေရာက မွမွကြေနေတဲ့အဆင်းတွေ တွေ့လား၊ မင်းတို့ လဝွန်းဗျည်း မြို့စောင့်တပ်ကို မီးနဲ့တိုက်ဖို့ ကျုံးတစ်ဖက်မှာ ငါတစ်ယောက်တည်း စစ်းလုန်ခဲ့စဉ်က ခရာစူးတွေ ထိမိတဲ့ ဒဏ်ရာ ဝါးစတွေ တိုးမိတဲ့ ဒဏ်ရာ၊ တစ်နေ့ကမှ ရလိုက်တဲ့ ဒဏ်ရာတွေ တွေ့ရဲ့လား"

"ဟုတ် ဟုတ်ကဲ့ရှင့်"

"ငါဟာ စစ်သည်ရဲမက်တစ်ယောက်၊ စစ်ပွဲထဲမှာ ကြီးပြင်းလာသူတစ်ယောက်၊ ဒဏ်ရာအနာတရ အမာရွတ်တွေ အထပ်ထပ် ဖြစ်နေတဲ့ ငါ့ကို မင်းမကြောက်ဘူးလား"



"ရှင်"

"ငါ့ရုပ်သွင် ဘယ်လောက် ကြမ်းတမ်းသလဲ ဘယ်လောက် ရုပ်ဆိုးသလဲ၊ မင်းမကြောက်ဘူးလား"

"ကျွန်မ ကျွန်မ ဗိုလ်မင်းတို့အားလုံးကို ကြောက်ပါတယ်ရှင့်"

"ဟား ဟား ဟား ဟား"

မီးဖိုမှ မီးတောက်များပင် လူးလွန့်သွားတော့သည်ဟု မိနော်ဇာက ထင်မိသည်။ မတ်သံလုံ၏ ရယ်သံသည် သူ့ကိုယ်ပေါ်က အမာရွတ်ဒဏ်ရာများနှင့် လိုက်ဖက်လှပေသည်ဟုလည်း တွေးနေသည်။

"ကြောက်ရင် ဘာကြောင့် မင်းကန်စီလွှတ်လိုက်တဲ့အတိုင်း ငါ့ဆီလာသလဲ၊ မင်းထွက်ပြေးပါလား၊ အခုဆိုရင် ညဥ့်ဦးက အောင်ပွဲသဘင်ကြောင့် ငါတို့ရဲမက်တွေ သေမူးမူးနဲ့ အိပ်ပျော်ကုန်ကြပြီ၊ မင်းထွက်ပြေးပါတော့လား၊ ဘာကြောင့် မင်းကန်စီစကား နားထောင်နေရတာတုံး"

"သူ့ရှင်ရဲ့ ဘုန်းအာဏာစက်အောက်က ထွက်ပြေးလို့ မရနိုင်တော့ဘူးဆိုတာ ကျွန်မသိလို့ပါ ဗိုလ်မင်း၊ ထွက်ပြေးလို့ မဖြစ်နိုင်ပါဘူး"

မတ်သံလုံသည် တဲ့ထောင်ခုတင်၏ ခေါင်းရင်းဘက်တွင် ထောင်ထားသော လှံရှည်တစ်ချောင်းကို လှမ်းယူပြီး မီးတောက်များလျော့သွားသည့် မီးဖိုကို ထိုးဆွလိုက်သည်။ မီးရောင်တွင် မြင်နေရသော မတ်သံလုံ၏ မျက်နှာသည် အနီရင့်တစ်ဝက် အမှောင်တစ်ဝက်ဖြင့် ကြေးနီရောင် ရုပ်တုတစ်ခုလို ဖြစ်နေသည်။

မီးတောက်များ ကြီးမားလာပြီဖြစ်သော်လည်း မတ်သံလုံ လှံဖြင့် ထိုးဆွမြဲ ထိုးဆွနေသည်။ မိနော်ဇာကိုလည်း မကြည့်။ စကားလည်း မပြော။ မိနော်ဇာလည်း နေရာမှ မရွေ့ရဲ။

အတန်ကြာမှ တိတ်ဆိတ်နေသည်။

"ဟေ့ ဒီမှာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသည့်အတွက် မိနော်ဇာ လန့်ဖျပ်သွားပြန်သည်။

"ဟုတ်ကဲ့ ဗိုလ်မင်းရှင်"

"မင်း ခုနက ငါပြတဲ့ ကိုယ်ပေါ်က အမာရွတ်တွေကို မြင်ရဲ့လား"

"မြင်ပါတယ် ဗိုလ်မင်းရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒဏ်ရာတွေ မြင်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"မင်း မမြင်ပါဘူး မိနော်ဇာ၊ မင်း မမြင်ပါဘူး"

"ရှင်..."

လုံကို တဲထောင့်ဆီသို့ ဝုန်းခနဲ ပစ်လိုက်ပြန်သည်။ ထို့နောက် ရုတ်တရက် မိနော်ဇာ၏ ပခုံးစွန်းနှစ်ဖက်ကို မတ်သံလုံ ဖျစ်ညှစ်ဆုပ်ကိုင်ရင်း လှုပ်ယမ်းသည်။ သေရည်နံ့တထောင်းထောင်းကို မိနော်ဇာ ခဲယဉ်းပင်ပန်းစွာ ရှူရှိုက်နေရသည်။ ပခုံးကို ဆုပ်ကိုင် ခါယမ်းရင်းဖြင့်

"အဲဒီ ဒဏ်ရာတွေဟာ အသေးအမွှားတွေ၊ မင်းသိရဲ့လား၊ အဲဒီ ဒဏ်ရာ အထပ်ထပ်စွဲနေတဲ့ ဟောဒီရင်ဘတ်ထဲက အသည်းထဲက ဒဏ်ရာကမှ တကယ့်ဒဏ်ရာ၊ ကဲ ဒါကို မင်းသိလို့လား မင်း မြင်လို့လား"

ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့် နားမလည်နိုင်ခြင်းတို့ အဆုံးဝယ် မိနော်ဇာ မျက်လုံးအတွင်းမှ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလေသည်။

ထိုအခါမှလည်း မတ်သံလုံသည် မိနော်ဇာ၏ ပခုံးကို လွှတ်လိုက်တော့သည်။

"မင်းကို ငါ ငိုအောင်လုပ်မိပြီ၊ မင်း ငါ့ကြောင့် ငိုရပြီ၊ ငါ မကောင်းဘူး၊ ငါဟာ မိန်းမသူတွေအတွက် မကောင်းဆိုးဝါး တစ်ကောင်ပဲ၊ မိန်းမသူတွေအတွက် ဒုက္ခနဲ့ အန္တရာယ်ကို သယ်ဆောင်လာတဲ့ အကောင်ပဲ"

မတ်သံလုံ၏ စကားပြောသံများ တဖြည်းဖြည်းလေးတွဲ့လာနေသည်ကို မိနော်ဇာ သတိထားမိသည်။ မတ်သံလုံ၏ မျက်လုံးများလည်း စောစောကထက် ရီဝေလာသည်။ မူးယစ်နေသော ကြမ်းတမ်းသည့် ယောကျာ်းကြီးတစ်ယောက်ရှေ့တွင် ရောက်နေရသည့် မိနော်ဇာ ဖော်မပြတတ်အောင် ကြောက်လန့်မိတော့သည်။ ထို့ပြင် မတ်သံလုံသည် သူ့ကိုယ်ပေါ်မှ အရုပ်ဆိုးစွာသော ဒဏ်ရာအမာရွတ်များကို စေ့စေ့စပ်စပ် ပြခဲ့သေးသည်။

မတ်သံလုံ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်တော့သည်။ မျက်လုံးအစုံကို မှိတ်လျက် တတွတ်တွတ် ရေရွတ်နေသည်။ သေရည်အမူးလွန်နေပြီဟု မိနော်ဇာ သိလိုက်သောအခါ ကြောက်ရွံ့စိတ်များ လျော့ပါးသွားပြီး ခုတင်အနီးသို့ တိုးကပ်ကြည့်မိလေသည်။



ထိုအခါမှပင် ကြမ်းတမ်းခက်ထန်စွာ ပြောဆိုခဲ့သူ၏ မျက်နှာသည် ငယ်ရွယ်နုပျိုသော သဏ္ဌာန်ရှိနေသေးကြောင်း တွေ့လိုက်ရသည်။ ကျင်စွယ် နှုတ်ခမ်းမွေး စသည်ပင် ရင့်ရော်မည်းနက် ထူထပ်ကြသည် မဟုတ်၊ ရှိန်းမြသော အမွေးနုများဖြစ်နေသည်ကို မိနော်ဇာ မြင်တွေ့ရသည်။

သို့သော် နုပျိုဟန်ရှိသော မျက်နှာမှာ ဝဲဘက်ပါးပြင်မှ လက်တစ်ဆစ်ခန့်အမာရွတ်ကြောင့် ရင့်ရော်ကြမ်းတမ်းဟန် ရှိနေပြန်သည်။ မိနော်ဇာသည် မတ်သံလုံ၏ မျက်နှာသွင်ပြင် ဗဟိဒ္ဓနှင့် အတွင်းသန္တာန် အဇ္ဈတ္တတို့ကို မည်သို့ နားလည်ရမှန်း မသိတော့။

မတ်သံလုံ လူးလွန့်လာသည်။

"ရေ ရေ၊ ရေပေးစမ်း၊ ရေတကောင်း"

ခုတင်ခေါင်းရင်းဘက်မှ မြေရေတကောင်းတစ်ခုကို မိနော်ဇာ ယူ၍ မတ်သံလုံ၏ တွဲရရွဲချထားသော လက်ဒွိ ထိကပ်ပေးလိုက်သည်။

မတ်သံလုံ၏ လက်သည် ရေဟကောင်းကို ဆုပ်ကိုင်မြှောက်ချီလျက် အထဲက ရေများကို မျက်နှာပေါ်သို့ လောင်းချလိုက်လေသည်။ ထို့နောက် လူးလွန့်ညည်းတွားရင်း အိပ်ရာမှ ထသည်။ မိနော်ဇာက ကျောဘက်မှ သိုင်းဖက်ပေးသည်။

"အင်း ရပြီ ရပြီ၊ သွား သွား မင်းနေရာ မင်း ပြန်ထိုင်တော့"

မိနော်ဇာ လိုက်နာရပြန်သည်။

မတ်သံလုံသည် နောက်ထပ်ရေတကောင်း တစ်ခုကိုယူ၍ အငမ်းမရ သောက်သည်။ အထဲမှရေကို မျက်နှာပေါ်သို့ လောင်းချပြီး မျက်နှာတစ်ပြင်လုံးကို လက်ဖြင့် ဖျတ်ဖျတ်မြည်အောင် ရိုက်ပုတ်လိုက်သည်။

"အင်း ရပြီ၊ စောစောကတော့ အတော်မူးတာပဲ၊ ငါသေခွက်ပေါင်း ဘယ်လောက်ထိ သောက်ခဲ့မိသလဲ မသိဘူး၊ အင်း မင်း နာမည်က မိနော်ဇာနော်"

"ဟုတ်ကဲ"

"အေးအေး မင်းစိတ်ချမ်းသာသလို လွတ်လွတ်လပ်လပ်နေ၊ ငါ့ကို ဘာမှ မကြောက်နဲ့ မင်းကို ငါ လက်ဖျားနဲ့မှ မတို့ဘူး သိလား"

"ဟုတ်ကဲ့"

မတ်သံလုံ၏ အမူအရာမှာ စောစောကနှင့် လုံးဝခြားနားသွားပြီး နုးညံ့သွားပြန်သဖြင့် မိနော်ဇာ အံ့သြရပြန်သည်။ သို့သော် ထိတ်လန့်ဘုန်လှုပ်မိခြင်းများကား သိသိသာသာ လျော့ပါးသွားကြပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိနော်ဇာ"

"ဟုတ်ကဲ့ ဗိုလ်မင်းကြီး"

"ခုနင်က မင်းကို ငါ့ကိုယ်ပေါ်က ဒဏ်ရာ အမာရွတ်တွေ ပြခဲ့ တယ် မဟုတ်လား"

"ဟုတ်ကဲ ဗိုလ်မင်းကြီး"

"ခုနင်က မင်းကို ငါ့ကိုယ်ပေါ်က ဒဏ်ရာ အမာရွတ်တွေ ပြခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"မျက်နှာပေါ်ကကော"

"ရှင်"

မတ်သံလုံသည် စောစောကလို သေရည်မူးယစ်သော အသွင် မဟုတ်တော့သည့် တည်ငြိမ်ခြင်းဖြင့် ခုတင်ထက်မှ ဆင်းလိုက်သည်။ ရေစိုနေသော မျက်နှာကို ခေါင်းပေါင်း ပဝါစဖြင့် သုတ်သည်။ မတ်သံလုံမျက်နှာကို ထိုအခါမှပင် မီးရောင်၌ သေသေချာချာ မြင်ရလေတော့သည်။ ကျင်စွယ်နှုတ်ခမ်းမွေးစစ ဝဲဘက်ပါးပြင်မှ အမာရွတ်တို့ကြောင့် ရင့်ရောင်ခက်ထန်ဟန်ရှိသော်လည်း မတ်သံလုံ၏ မျက်လုံးများသည် ရှုးရှရဲဝံ့ခြင်းကို ဆောင်နေသည်မှအပ ရက်စက် ကြမ်းကြုတ်ခြင်းကို လုံး၀မဆောင်ကြောင်း မိနော်ဇာ တွေ့လိုက်ရသည်။

"ဒီ အမာရွတ်ကိုကော မင်းတွေ့ရဲ့လား မိနော်ဇာ"

စောစောက အမှတ်မထင် တွေ့ခဲ့သော်လည်း မိနော်ဇာ ယခုမှပင် တွေ့ချင်ဟန်ဆောင်၍ မတ်သံလုံပြသော ဝဲဘက်ပါးပြင်မှ အမာရွတ်ကို ကြည့်ရလေသည်။

"ဟုတ်ကဲ့ တွေ့ပါတယ် ဗိုလ်မင်းကြီး"

"အဲဒါ မြားတံထိတာ၊ တရည်းတိုက်ပွဲတုန်းက ရခဲ့တဲ့ ဒဏ်ရာ ငါ့တစ်ကိုယ်လုံးက ဒဏ်ရာတွေထက် အဲဒီဒဏ်ရာက ပိုပြီး ကြီးကျယ်လေးနက်တဲ့ အဓိပ္ပာယ်ဆောင်နေတယ်။ မင်းအိပ်ချင်ပြီလား မိနော်ဇာ၊ မအိပ်ချင်သေးရင် ငါ ပြောပြတဲ့ စကားတွေ နားထောင်မလား"

"အို ကျွန်မ မအိပ်ချင်သေးပါဘူး ဗိုလ်မင်းရယ်၊ နားထောင်ပါ့မယ်"

"မင်း အရွယ်လောက်ပဲရှိဦးမယ်၊ သူ့နာမည်က နှင်းပန်းခိုင်တဲ့ မင်းကြီး သမိန်သံဗြတ်ရဲ့ သမီးတော်"



မတ်သံလုံ၏ မျက်လုံးများ ပြန်၍ ရီဝေလာကြပြန်သည်၊ သို့သော် သေရည်ငွေ့တို့ ရိုက်ခတ်သောကြောင့် မဟုတ်။ စစ်ပွဲဒဏ်ရာ အမာရွတ်တို့ အထပ်ထပ်ပြည့်နေသော ခက်ထန်သည့် သူရဲကောင်း တပ်မှူးကြီး တစ်ဦးဖြစ်သည်ဆိုခြင်းကိုပင် မယုံနိုင်စရာ ကောင်းလောက်အောင် မတ်သံလုံ၏ လေသံတို့က အက်ကွဲဆို့နစ်နေသည်။

လှုးလွန့်တောက်လောင်နေသော မီလျှံတို့သည် မတ်သံလုံ၏ မျက်နှာပြင်ပေါ်သို့ ထူးခြားသော အလင်းရောင်တို့ဖြင့် ပက်ဖျန်းပေးနေသည်။ မတ်သံလုံအား လောင်မြိုက်နေသည့် မီးလျှံကိုလည်း မိနော်ဇာ တွေ့မြင် နားလည်နေမိသည်။

"နှင်းပန်းခိုင်ဆိုတဲ့ အမည်နဲ့လိုက်အောင် နှင်းပန်းလိုလှတဲ့ မိန်းကလေး"

* * *

လဂွန်းဗျည်း မြို့ရိုးအတွင်းရှိ တပ်ဖွဲ့စခန်းအားလုံးကို တံပိုးခရာသံ လွှမ်းခြုံသွားသည်။

ဆင်တပ်နှင့် မြင်းတပ် အသီးသီးတို့ နေရာယူလိုက်ကြသည်။

အရုဏ်ပျို့စ နံနက်ခင်းသည် သူ့ရှင် ရာဇာဓိရာဇ်၏ အစိမ်းရောင် ဝတ်၊ ကြက်သွေးရောင်ဝတ် ဆင်စီးမြင်းစီး တပ်မများဖြင့် အရောင်စုံသော နံနက်ခင်းဖြစ်သွားသည်။ အချက်ကျ ထွက်ပေါ်နေသော တံပိုးခရာသံအတိုင်း ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တို့သည် အလှည့်ကျ လှုပ်ရှားနေရာယူကြသည်။

ရာဇာဓိရာဇ်သည် လဂွန်းဗျည်း၏ ဗဟိုနန်းရင်ပြင် လှေကားထိပ်တွင် ရပ်ရင်၊ တပ်မတို့ လှုပ်ရှားနေရာယူကြပုံကို ကြည့်နေလေသည်။ ရာဇာဓိရာဇ်၏ လက်ဝဲဘက်တွင် မင်းကြီး သမိန်သံဗြတ်၊ အမတ်ဒိန်၊ သိရိမနုဘွဲ့ခံ ဘောမွန်တို့ ရပ်နေကြသည်။ လက်ယာဘက်တွင်မူ ရာဇမနုဘွဲ့ခံ မင်းကန်စီရှိနေသည်။ ရာဇာဓိရာဇ်နှင့်တကွ အားလုံး စစ်ဝတ်နှပ်မိန် ကိုယ်စီရှိကြသော်လည်း မင်းကန်စီသည် သာမန်မြို့စား တစ်ဦးကဲ့သို့သာ ဝတ်ဆင်ထားလေသည်။

တပ်မများသည် မိမိတို့၏ အထိမ်းအမှတ် တံခွန်များတပ်ဆင်ထားသည့် လှံရှည်များကို မြင့်မားစွာ ထောင်ထားကြသည်။ တံခွန်ကိုင် မြင်းစီးတို့သည် တပ်ဦးထိပ်တွင် အသားကျနေရာယူကြသည်။

www.burmeseclassic.com

ရာဇာဓိရာဇာသည် လွင့်ဝဲနေသည့် တံခွန်တို့ကို စေ့စေ့စပ်စပ် ကြည့်နေရင်းမှ တစ်နေရာသို့ အရောက်တွင် မျက်မှောင်ကုတ်လိုက်သည်။ သူရင်၏ မျက်နှာကို အမြဲစောင့်ကြည့်နေသော အမတ်ဒီန်လည်း ထိုနေရာသို့ လှမ်းကြည့်သည်။ မင်းကြီးသံဖြတ်လည်း အမတ်ဒီန်ကြည့်ရာသို့ လှမ်းကြည့်သည်။ အခြင်းအရာ အလုံးစုံကို နားလည်သွားသည်။

မင်းကြီး သံဖြတ်၏ မျက်နှာ တင်းမာသွားသည်။

သူ့ရှင်၏ မျက်နှာထား မည်မျှတင်းမာနေသည်ကိုကား မင်းကြီး သံဖြတ် မတွေးရဲတော့။

"တွေ့ရဲလား မင်းကြီး သံဖြတ်"

ရာဇာဓိရာဇ်၏ အသံ မာကျောနေသည်။

"တွေ့ပါတယ် သူ့ရှင်၊ ကျွန်ုပ် အခုပဲ သွားစစ်ဆေးပါ့မယ်"

မင်းကြီး သမိန်သံဖြတ်သည် ရင်ပြင်လှေကားထစ်များအတိုင်း ဆင်းလာခဲ့လေသည်။

"မင်းကြီး သမိန်သံဖြတ် နေဦး ကျွန်ုပ်လိုက်ခဲ့မယ်"

မင်းကန်စီသည် သူ့ရှင်အနီးမှ ခွာလျက် မင်းကြီးသံဖြတ်ဆီသို့ ပြေးဆင်းလာသည်။ မင်းကြီးကား မင်းကန်စီကို လှည့်မကြည့်မိ။ တင်းမာသွားသော သူ့ရှင်ကို ကြောက်ရွံ့ခြင်းထက် မိမိဘာသာ အရှက်ရခြင်းကို ပိုခံစားနေမိသည်။

မင်းကန်စီက မင်းကြီး၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"မင်းကြီး သမိန်သံဖြတ် ဘာမှ မပြောပါနဲ့၊ အားလုံး ကျွန်ုပ် အရေးအရာထားပါ"

"ဘယ်ထားလို့ ဖြစ်မလဲ မင်းကန်စီ၊ ဒါဟာ ကျုပ်အပေါ် လုံးလုံးလျားလျား တာဝန်ရှိတဲ့ ကိစ္စပဲ။ ဘယ်လောက်ရှက်စရာ ကောင်းသလဲ၊ ပြီးတော့ ကျုပ်တပ်မှာ ဖြစ်တဲ့ကိစ္စ၊ သူ့ရှင် ဘယ်လောက် အမျက်ထွက်သွားသလဲ၊ မင်းကန်စီ သိရဲလား"

"ကျွန်ုပ် ကောင်းကောင်းသိပါတယ်၊ ဒီကိစ္စဟာ သူ့ရှင်အဖို့ အမျက် ထွက်စရာဆိုတာလည်း သိပါတယ်၊ မင်းကြီး သံဖြတ်မှာ တာဝန်ရှိတယ်ဆိုတာလဲ သိပါတယ်၊ သို့ပေမယ့် ကျွန်ုပ် အရေးအရာသာ ရှိပါစေမင်းကြီး၊ ဒီကိစ္စကို ကျွန်ုပ်နားလည်ပါတယ်၊ အကယ်၍ သူ့ရှင်က အပြစ်ပေးခဲ့ရင် အဲဒီအပြစ်ကို ကျွန်ုပ်ပဲ ခံယူပါ့မယ်၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်ုပ်စီစဉ်လိုက်တဲ့ ကိစ္စကိုး"



မင်းကန်စီ၏ စကားများကို သမိန်သံဖြတ် နားမဝင်ချေ။ **တပ်ဖွဲ့များကို ကျော်ဖြတ်လျက် မြို့ရိုးထောင့်ဆီသို့သာ တရှူးရှူးတရှဲရှဲဖြင့်** ခင်သွက်သွက် လျှောက်ခဲ့သည်။ မင်းကန်စီလည်း ကပ်လျက် လိုက်ပါခဲ့သည်။ မင်းကန်စီကို လှည့်၍ စကားမပြောမိတော့။ မင်းကြီး သမိန်သံဖြတ်သည် ယခုအချိန်တွင် သူ့ရှင်နှင့် ရင်းနှီးလှသော မင်းကန်စီကိုသည်း မတိုင်ပင်လိုတော့။

သို့သော် တစ်ယောက်တည်း ရေရွတ်နေမိသည်။

"သိပ်ရှက်စရာကောင်းတဲ့ ကိစ္စ၊ သိပ်ကြီးလေးတဲ့အမှု ဒီနေရာဟာ ဟံသာဝတီနေပြည်တော်မဟုတ်ဘူး၊ မနေ့ကမှ သိမ်းပိုက်ထားနိုင်လိုက်တဲ့ ရန်သူလဝွန်းဗျည်းမြို့၊ ဒါဟာ စစ်မြေပြင် စစ်တလင်းပဲ၊ ဒီအချိန်မျိုးမှာ ခါတိုင်းထက်ပိုပြီး တက်ကြွနိုးကြားနေရမယ်၊ ကြည့်စမ်း ဘယ်လောက်ရှက်စရာ ကောင်းသလဲ၊ တံပိုးခရာသံတွေ အဆင့်ဆင့် အချက်ကျမှုတ်နေပါရက်နဲ့ သင်းဟာ သင်းရှိရမယ့်နေရာမှာ မရှိဘူး၊ တခြားတပ်မတွေရဲ့ တပ်တော်ဦးမှာ ဆိုင်ရာဆိုင်ရာ တပ်မှူးတွေက တံခွန်တွေ ကိုယ်စီ ကိုင်လို့ နေရာယူထားကြတယ်"

"အကြောင်းတစ်ခုခုရှိနေလို့ ဖြစ်မှာပါ မင်းကြီးသံဖြတ်"

"ဘာအကြောင်းမှ မရှိဘူး၊ ကျုပ်ကတော့ သူ့ရှင် ရွှေနားတော်ရောက်အောင် သင်းအကြောင်း ပြောဆိုထားရတယ်၊ လက်ရုံးရည် ထက်မြက်တယ်၊ အမိန့်တော်ကို ကျိုးနွံတယ်၊ လူစွမ်းလူစကောင်းတယ်၊ သွေးကောင်းတယ် ဘာညာနဲ့ ပြီးတော့ သင်းရဲ့အစွမ်း ပေါ်လွင်အောင် မင်းကန်စီ ကိုယ်တိုင်ပဲ မနေ့က လဝွန်းဗျည်း တိုက်ပွဲရဲ့ စစ်လှန့်ပရိယယ်မှာ သင်းကို သုံးခဲ့သေးသကော၊ အခုတော့ သင်းကို သူ့ရှင်တပ်တွေ အားလုံးက သူရဲကောင်း သူရဲကောင်းလို့ ဂုဏ်ပြုလို့မှ အသံမစဲသေးဘူး၊ သင်းလုပ်ပုံက ထွီ"

မင်းကြီးသမိန်သံဖြတ် တင်းမာလွန်းနေသဖြင့် မင်းကန်စီ ဝင်မပြောသာတော့။ မင်းကြီး၏ ခြေလှမ်းများကိုသာ မီအောင် လိုက်ရတော့သည်။

"မင်းကန်စီ စဉ်းစားကြည့်လေ၊ အားလုံးတပ်မှူးတွေက တံခွန်ကိုယ်စီနဲ့ တပ်တော်ဦးမှာ ရောက်နေပြီ၊ အခု ဘယ်မှာလဲ ကြက်သွေးရောင်တံခွန်၊ ဘယ်မလဲ မတ်သံလုံ သင်း တပ်မတပ်မှူးတွေရဲ့

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရဲ့မက်တွေက တံခွန်ကင်းမဲ့တဲ့ တပ်ဦးနောက်မှာ လှုပ်လှုပ်ရှရှ
သိန်းငှက်ထက် မျက်စိလျှင်တဲ့သူ့ရှင်က ဒါကို ချက်ချင်းမြင်တယ်
ကျုပ်ကို မေးလိုက်တာ ကြည့်စမ်း၊ တွေ့ရဲ့လား မင်းကြီးသံဖြတ်
တဲ့၊ ဘယ်လောက် ရှက်စရာကောင်းသလဲ"

မတ်သံလုံ၏ တဲရှေ့သို့ ရောက်လာကြသည်။

မီးခိုများ အနည်းငယ် လိုက်အူနေသည့် တဲထဲသို့ မင်းကြီးသံဖြတ်နှင့် မင်းကန်စီတို့ ဝင်သွားကြသည်။

ငြိမ်းသေစ မီးလင်းဖိုဘေးတွင် လှဲခွေလျက် အိပ်ပျော်နေသော မိနော်ဇာ။

ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် အိပ်မောကျနေသော မတ်သံလုံ

တဲအတွင်း၌ သေရည်နံ့များ လှိုင်နေသည်။ မတ်သံလုံ၏ ခေါင်းရင်းတွင် လဲကျနေသော သေရည်တကောင်းနှစ်လုံးကို တွေ့ရသည် ခုတင်ပေါ်တွင်လည်း သေတကောင်း တစ်လုံး။ တကောင်းထဲ သေရည်များသည် အောက်သို့ ဖိတ်ကျနေသည်။

"ထွီ..."

မင်းကြီးသံဖြတ်က သေတကောင်းကို ခြေဖြင့်ကန်လိုက်သည်

မတ်သံလုံသည် ခုတင်ပေါ်မှ တစ်ဟုန်ထိုးထ၍ ထောင်ထားသော လှံတံကို လှမ်းယူလိုက်သည်။ သမိန်သံဖြတ်နှင့် မင်းကန်စီကို တွေ့သော အခါ လှံကိုလွှတ်၍ ဒူးထောက်ထိုင်လိုက်သည်။ မီးလင်းဖိုဘေး မိနော်ဇာလည်း အလန့်တကြား နိုးသွားရပြီး မင်းကြီးသံဖြတ်ရှေ့တွင် အယောင်ယောင် အမှားမှားဖြင့် ဒူးတုပ်လိုက်လေသည်။

မတ်သံလုံက တပ်မင်းကြီး စစ်ဝတ်တန်ဆာ အပြည့်အ ဆင်ယင်ထားသော မင်းကြီးကို မော့ကြည့်သည်တွင်–

"မင်းကြီးသံဖြတ် မလုပ်နဲ့"

"အံမယ်လေး"

မင်းကန်စီ၏ စိုးရိမ်တကြီးအသံနှင့် မိနော်ဇာ၏ ထိတ်လ တကြား အော်သံတို့ တစ်ပြိုင်တည်း ပေါ်လာသည်။

မတ်သံလုံကား ဘေးသို့ ယိုင်လဲသွားသည်။ ပြန်ထလာသော အခါ သူ့နှုတ်ခမ်းထောင့်မှ သွေးတို့စီးကျလာသည်။ သို့သော် သွေး မသုတ်။

"မင်း... မင်း အလကား သိမ်ဖျင်းတဲ့ အကောင်"



တဖြန်းဖြန်း မြည်သံများ ပေါ်လာပြန်သည်။ မင်းကြီးသံဖြတ်၏ ကြီးမားကျယ်ပြန့်သော လက်ဝါးကြီးများ ဝဲယာ လှုပ်ရှားသည်နှင့်အမျှ မတ်သံလုံ၏ မျက်နှာလည်း ဟိုဘက် သည်ဘက် ငဲ့စောင်း ယိမ်းယိုင်သွားသည်။

သွေးတို့သည် မတ်သံလုံ၏ နှုတ်ခမ်းမှ၊ နှာခေါင်းထဲမှ...။

"ထွီ... အောင်ပွဲအသိန်းအသောင်း ခံနိုင်ပေစေ၊ ဆင်စီး၊ မြင်းစီးမှာ နတ်ဘီလူးထက် အဆတစ်ရာ သာပေစေ၊ လုံ့လဝီရိယနဲ့ တက်ကြွနိုးကြားခြင်းမရှိသူဟာ ဘယ်တော့မှ သူရဲကောင်းမဟုတ်ဘူး၊ နားလည်လားဟေ့ မတ်သံလုံ"

မတ်သံလုံ ခေါင်းငိုက်စိုက်ချသည်။

"ဟေ့ကောင်၊ ငါ့ကိုကြည့်စမ်း၊ မော့ကြည့်စမ်း၊ သူတကာ တပ်မှူးတွေက တပ်တော်ဦးမှာ တံခွန်ကိုယ်စီနဲ့၊ တံပိုးခရာသံကို လိုက်နာလို့၊ သူ့ရှင်ရဲ့ရှေ့မှာ စစ်အင်္ဂါခင်းကျင်းလို့၊ မင်းကြီးသမိန်သံဖြတ်ဆိုတဲ့ ငါ့ရဲ့ တပ်မထိပ်မှာတော့ မတ်သံလုံဆိုတဲ့ မင်းက ပျောက်ကွယ်နေတယ်၊ တံခွန်ကင်းမဲ့တဲ့ တပ်တော်ဦးဟာ သူ့ရှင်ရှေ့မှောက်မှာ ကျက်သရေကောင်းမဲ့စွာနဲ့ ဗလာဟင်းလင်းဖြစ်နေတယ်၊ ဘယ်လောက် ရှက်စရာကောင်းသလဲ၊ ဒါ သူရဲကောင်းလားကွ၊ ဒါ သမိန်သံဖြတ်ရဲ့ တပ်မှူးတဲ့လားကွ၊ ဟင်..."

မင်းကန်စီကလှမ်းဆွဲရန် ကြိုးစားသော်လည်း နောက်ကျသွားသည်။

မင်းကြီးသံဖြတ်သည် လက်သီးဆုပ်ထားသော လက်ဖမိုးဖြင့် မော့ကြည့်နေသော မတ်သံလုံ၏ မျက်နှာကို ပြင်းထန်စွာ ထိုးရိုက်လိုက်လေသည်။

မတ်သံလုံလဲကျသည်။ သူ့နှုတ်ခမ်းချက်ချင်း ဖူးရောင်လာသည်။ ပြန်ထသော်လည်း သွေးစတို့ကို မသုတ်ရဲ့ မိနော်ဇာကား တဲထောင့်သို့ ကြောက်ဒုန်ကရင် တိုးကပ်သွားလေသည်။

မင်းကန်စီသည် မတ်သံလုံရှေ့သို့ ဝင်ရပ်လိုက်လေသည်။

"မင်းကြီး... ဒီလောက် အပြစ်ပေးရရင် ကျေနပ်လောက်ပါပြီ၊ ကျုပ်ပြောပါရစေ၊ မင်းကြီး ပြောတာတွေအားလုံး မှန်ပါတယ်၊ ဒီအပြစ်အတွက် သူ့ရှင်ကိုယ်တိုင် စီရင်မယ်ဆိုရင် ကျုပ်လည်း အပြစ်ဒဏ် ကျခံထိုက်တဲ့သူပဲ၊ ဒီလိုဖြစ်ရတာ ကျုပ်ကြောင့်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ပါတယ်"

မင်းကြီးသံဖြတ်သည် မင်းကန်စီကို တွေဝေစွာ ကြည့်လိုက်သည်။

"ကျုပ် ရှင်းပြပါ့မယ်၊ သူ့ရှင်ကိုလည်း ကျုပ်ရှင်းပြပါ့မယ်၊ ဟော ဟိုက မိနော်ဇာကိုလည်း ကျုပ် မေးပါဦးမယ်၊ အားလုံး ကျုပ် အရေးအရာထားပါ မင်းကြီး"

"ကျုပ် ဘာမှ မပြောချင်တော့ဘူး၊ ဒီကောင့်ကိုလည်း မကြည့်ချင် ဘူး"

မင်းကြီးသံဖြတ်သည် တင်းမာပြတ်သားစွာ ပြောပြီးနောက် တဲတွင်းမှ ထွက်သွားလေသည်။ မင်းကန်စီက သက်ပြင်းချလေသည်။

"ကဲ မိနော်ဇာ ဒီလာစမ်း၊ မတ်သံလုံလည်း သွေးတွေကို ဆေး ကြောပြီး ဒီမှာ လာထိုင်စမ်းပါ"

တဖြည်းဖြည်း ဝေးသွားသော မင်းကြီး သမိန်သံဖြတ်၊ ထိုမှ တစ်ဆင့် အဝေးဆီတွင် တလူလူလွင့်နေသော တံခွန်ရောင်စုံတို့ကို ငေးမျှော်ရင်း မတ်သံလုံ၏ မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲလာလေ သည်။

* * *

လဂွန်းဗျည်းမြို့တွင်းရှိ တပ်များကို ခွဲစေလျက် ဟံသာဝတီ နေပြည်တော်သို့ ပြန်ပို့ခြင်း၊ တရည်းမြို့စောင့်တပ်သို့ အားဖြည်းကူပို့ ခြင်းတို့ဖြင့် မအားမလပ်အောင် ရှိနေသည့်အတွက် ထိုနေ့တစ်နေ့လုံး မင်းကန်စီသည် ရာဇာဓိရာဇ်ကို တသီးတသန့် စကားပြောခွင့် မရပေ။

မွန်းလွဲချိန်မှပင် သူ့ရှင် ရာဇာဓိရာဇ် ပွဲတော်စာယူသည်။ သို့တိုင် အောင်ပင် စားသောက်နေရင်းဖြင့် လဂွန်းဗျည်း မြို့ပြင်စောင့်တပ်များ ချထားရန် အမိန့်ပေးစီမံနေသဖြင့် မင်းကန်စီ စကားပြောရန် အရေး မသာခဲ့။

တပ်မင်းများ၊ တပ်မှူးများ အသီးသီး အမှုတော်ကျရာသို့ တပ် တပ်ဖွဲ့များနှင့် ထွက်ခွာသွားချိန် ညနေစောင်းမှပင် မင်းကန်စီ အခွင့် လေသည်။ မင်းကြီး သမိန်သံဖြတ်ကား ထိုနေ့တစ်နေ့လုံးပင် နံနက် ဖြစ်ရပ်ကြောင့် သူ့ရှင်အနီးတွင် သုန်မှုန်စွာ ထိုင်နေသည်။ ခါတိုင်းလို အကြံပေးခြင်းပင် မပြုတော့။



ဗဟိုနန်းဆောင် အပြင်ခန်းတွင် အနားယူနေသော ရာဇာဓိရာဇ် ထံသို့ မင်းကန်စီ ရောက်သွားချိန်တွင် မင်းကြီးသံဖြတ်လည်း ရှိနေ သည်။

"သူ့ရှင် တော်တော်ပင်ပန်းသွားပြီလား"

ခါတိုင်းလိုပင် မင်းကန်စီက ရာဇာဓိရာဇ်ကို ရင်းနှီးစွာ နှုတ်ဆက် သည်။

"ကိုရင်က နိပါတ်တော်လာ ပုံပြင်ပြောမလို့လား"

ရာဇာဓိရာဇ်က ပြုံးရွှင်စွာဖြင့် ပြန်မေးသည်။ ရာဇာဓိရာဇ် ဟံသာ ဝတီ ထီးနန်းကို မသိမ်းပိုက်မီ ဗညားနွဲ့မင်းသားဘဝကပင် မင်းကန်စီ နှင့် ရင်းနှီးခဲ့သဖြင့် ထိုစဉ်က ရှင်မွေ့ညာဏဘွဲ့ခံ ကိုရင် မင်းကန်စီ အား 'ကိုရင်'ဟုပင် ခေါ်ခဲ့သည်။ စိတ်လက်ပေါ့ပါးနေချိန်ဆိုလျှင် ရာဇာဓိရာဇ်လည်း ထိုစဉ် ခေါ်သည့်အတိုင်း မင်းကန်စီကို 'ကိုရင်'ဟု ကဲ့စယ် ခေါ်ဝေါတတ်သည်။

'ကိုရင်'ဟု သုံးနှုန်းလိုက်သည့်အတွက် ရာဇာဓိရာဇ်သည် စိတ် လက် ကြည်သာနေပြီဟု မင်းကန်စီ သိလိုက်သည်။

"နိပါတ်တော်လာ ပုံပြင်မဟုတ်ဘူး၊ တရည်းမြို့ပုံပြင်၊ တရည်း တိုက်ပွဲ ပုံပြင်တစ်ခုကို ပြောပြချင်လို့၊ နိပါတ်တော်လာ ပုံပြင်လိုပဲ စိတ်ဝင်စားစရာကောင်းတယ်၊ သူ့ရှင် အခွင့်ပေးမယ်ဆိုရင် တော့..."

"ပြောပါလေ၊ ကိုရင်ပြောတဲ့ ပုံပြင်ဆိုရင် စိတ်ဝင်စားစရာ ကောင်း မှာပါပဲ၊ ရှင်လူထွက်များ တယ်...စကားကြွယ်သကိုး"

ရာဇာဓိရာဇ်က ရယ်ရယ်မောမောပင် ပြန်ပြောသည်။

"မကြွယ်ဘူး၊ တကယ်ဖြစ်ခဲ့တဲ့အတိုင်း ပြောပြမှာ၊ အင်း... မင်းကြီး သမိန်သံဖြတ်ရှေ့မှာပဲ ပြောရမှာပဲ၊ မင်းကြီးတော့ နားနဲ့ မနာ ဖဝါးနဲ့နာလို့ တောင်းပန်ထားရဦးမယ်၊ ဘယ့်နှယ်လဲ"

ရာဇာဓိရာဇ်က ခွင့်ပြုဟန်ဖြင့် ခေါင်းညိတ်ပြသည်။ မင်းကြီး သံဖြတ်မှာမူ မတုန်မလှုပ်။ မင်းကန်စီက နှစ်လိုဖွယ်သောအသံဖြင့် ပြောသည်။

"တရည်းတိုက်ပွဲ ပုံပြင်တဲ့၊ ပုံပြင်ထဲက အဓိက ကာယကံရှင်က တော့ ဒီမနက် စစ်အင်္ဂါခင်းကျင်းစဉ်က တပ်တော်ခြံဆီမှာ တံခွန်ကိုင်ဆောင်ဖို့ ပျက်ကွက်ခဲ့တဲ့ မတ်သံလုံပဲ"

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးသံဖြတ် ဆတ်ခနဲ လှုပ်ရှားသွားသည်။

ရာဇာမိရာဇ်မှာမူ မင်းကန်စီဘက်သို့ လှည့်လိုက်သည်။

"မတ်သံလုံ ဘာဖြစ်တာလဲ"

"မတ်သံလုံ အမည်က တရည်းတိုက်ပွဲက စပြီး ထင်ရှားခဲ့တယ်၊ သူ့ရဲ့ကောင်း မတ်သံလုံဆိုပြီး သိလာကြတယ်၊ ဒါပေမဲ့ သူအောင်ပွဲရခဲ့တဲ့ အဲဒီ တရည်းတိုက်ပွဲမှာပဲ အင်မတန် ပြင်းထန်တဲ့ စစ်ပွဲကြီးတစ်ပွဲကို သူလုံးဝ ရှုံးနိမ့်ခဲ့ရပြီး ဒီရှုံးပွဲကို သူ့တစ်သက်လုံး ဘယ်တော့မှ၊ ဘယ်လိုပွဲမျိုးနဲ့မှ ပြန်ပြီး ရင်းစားမရတော့ဘူးလို့ မတ်သံလုံ စွဲမှတ်သွားတယ်"

"ကိုရင် ဘာတွေ ပြောနေတာလဲ"

"အရှုံးနဲ့အနိုင် အကြောင်းလေ၊ တစ်နည်းအားဖြင့် ထူးဆန်းတဲ့ အရှုံးအနိုင် ကိစ္စတို့ဖြစ်ပေါ်တတ်လေ့ရှိတဲ့ ချစ်ခြင်းမေတ္တာဆိုတဲ့ ကိစ္စအကြောင်း၊ သူ့ရှင်သိပါတယ်လေ"

ရာဇာမိရာဇ် ရုတ်တရက် ငေးငိုင်သွားသည်။ ဟံသာဝတီထီးနန်းကို မရမီ ဗညားနွဲ့မင်းသားဘဝ၊ ဒဂုန်သို့ ရှောင်တိမ်း၍ အင်အားစုစဉ်ကာလက ဒဂုန်သူ 'ဆိသည်မ မွေ့မနိတ်' ကို စွဲစွဲလမ်းလမ်း ချစ်ကြိုက်ခဲ့ခြင်း၊ ပိယရာဇာဘွဲ့ဖြင့် မိဖုရားပြု ကောက်ယူခဲ့ခြင်းကို ပြန်၍ သတိရသွားသည်။ 'သူ့ရှင် သိပါတယ်လေ' ဟူသော မင်းကန်စီ၏ အသုံးအနှုန်းနှင့် လေသံသည် အင်အားတစ်ခုခုကို ဆောင်လျက် ရာဇာမိရာဇ်၏ တစ်ခါက အဖြစ်အပျက်ကို နွေးထွေးစွာ သတိရမိစေသည်။

"မတ်သံလုံဟာ သူ့ကိုယ်သူ အမြဲတမ်း ရှုံးနိမ့်သူ၊ အပြစ်ရှိသူ၊ အရှုံးရဲ့ဒဏ်ကို ခံရသူလို့ သတ်မှတ်ထားတယ် သူ့ရှင်၊ ဘာကြောင့်လဲဆိုတော့... အဲ...မင်းကြီးသံဖြတ်၊ ကျွန်ုပ်ပြောပါရစေနော်"

မင်းကြီးသံဖြတ်က ခေါင်းညိတ်ပြသည်။

လှပ ကြွယ်ဝသော လက်ာရှည်တစ်ပုဒ်ကို နာပျော်ဖွယ်အသံဖြင့် ရွတ်ဆိုသည့်အလား မင်းကန်စီသည် မတ်သံလုံနှင့် နှင်းပန်းခိုင်အကြောင်းကို စတင်ပြောဆိုလေသည်။ မင်းကန်စီ၏ ကြွယ်ဝသော နှုတ်ရေးနှုတ်စ၊ ဆွေးမြေ့ဖွယ်သော အသံတို့ကြောင့် ရာဇာမိရာဇ်သည် ငေးငေးငိုင်ငိုင် နားစိုက်ထောင်နေမိလေသည်။

မင်းကြီးသမိန်သံဖြတ်၏ သမီးတော် နှင်းပန်းခိုင်နှင့် မတ်သံလုံတို့ ဘယ်လောက် တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးကြကြောင်း၊



တရည်း တိုက်ပွဲပြီးလျှင် မင်းကြီးသံဖြတ်ကိုယ်တိုင်ကလည်း လက်ဆက်ပေးရန် ရည်ရွယ်ထားကြောင်း၊ တရည်းတိုက်ပွဲတွင် မတ်သံလုံနှင့် မလှမ်းမကမ်း သူ့ရဲ့ခိုပေါ်၌ ရှိနေသော နှင်းပန်းခိုင်ကို ရန်သူ၏ မြားတစ်စင်း စိုက်ဝင်ခဲ့ကြောင်း၊ ချစ်သူသေဆုံးရခြင်းသည် မိမိကြောင့်ဟု မတ်သံလုံ စွဲမြဲယုံကြည်သွားခဲ့ကြောင်း...။

အသက်သုံးဆယ် မပြည့်တတ်သေးသော ငယ်ရွယ်နုပျိုသူ မတ်သံလုံ၏ တက်ကြွသော စိတ်နှလုံးသားသည် ယင်းအဖြစ်အပျက်ကြောင့် အချိန်တိုင်းမှာပင် ကြေကွဲနေခဲ့ကြောင်း။

မတ်သံလုံသည် ချစ်သူကို ဆုံးရှုံးရပြီးသည်၏ အခြားမဲ့၌ သူ့ဘဝ တစ်ခုလုံးကို စစ်ပွဲနှင့် စစ်မြေပြင်တွင်သာ အကြွင်းမဲ့ မြှုပ်နှံခဲ့ကြောင်း၊ ထိခိုက်ကြေကွဲသော ထိုဝေဒနာဖြင့် မတ်သံလုံသည် အထီးကျန်ခံစားမှုကို အမြဲခံစားနေခဲ့ရကြောင်း။

"မတ်သံလုံရဲ့ အဲဒီဝေဒနာကို အမတ်ဒိန်လည်း သိတယ်၊ အမတ်ဒိန်လည်း သူတတ်နိုင်သမျှ နှစ်သိမ့်တရားချခဲ့သေးတယ်၊ ဒါပေမဲ့ မတ်သံလုံ နားမဝင်ဘူး၊ 'စောအဲဗညားကို ကျွန်တော်မုန်းတယ်' လို့သာ တဖွဖွ ရေရွတ်နေတယ်၊ စောအဲဗညားကြောင့် တရည်းတိုက်ပွဲ ဖြစ်ရတယ်လို့ မတ်သံလုံ နားလည်ထားတာကိုး၊ သူ့ရှင်လက်ထက်မှာ ရာမညတိုင်းထဲက မြို့စား၊ နယ်စားတွေ ပုန်စားနေကြတဲ့ တိုင်းပြည်ရေးရာကို မတ်သံလုံမသိဘူး၊ နားမလည်ဘူး၊ ပြီးတော့ အင်းဝဘုရင်နဲ့ စစ်ကစားနေရတယ်ဆိုတာကိုလည်း သူ မသိဘူး၊ သူသိတာ တိုက်ပွဲနဲ့ လက်နက်ပဲ"

"သူ့ကိုယ်သူ ဓားမြှောင်နဲ့ ထိုးသတ်ဖို့ တစ်ခါက ကြိုးစားခဲ့ဖူးတယ်၊ ကျုပ် အချိန်မီ တားလိုက်ရတယ်၊ ကျုပ် သမီးတော်သေဆုံးပြီးကတည်းက မတ်သံလုံဟာ တိုက်ပွဲတွေမှာ မိုက်မိုက်ကန်းကန်း တိုက်တယ်၊ ဒါပေမဲ့ တစ်ခုထူးခြားတာက သူ့ကိုယ်သူ သေလူ သဘောထားပြီး ရှုပ်ရှုပ်ချွံချွံတိုက်တဲ့ မတ်သံလုံဟာ တစ်ခါမှ ရန်သူ့လက်နက်နဲ့ ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရခဲ့ဘူး"

မင်းကြီး သံဖြတ်က စိတ်အားထက်သန်စွာ ဝင်ပြောသည်။

ရာဇာမိရာဇ်ကမူ တစ်စုံတစ်ရာ ဝင်မပြော။

မင်းကန်စီက အနီးရှိ ရာဇာမိရာဇ်၏ ရွှေကွမ်းအစ်ထဲမှ ကွမ်းတစ်ယာယူ၍ ဝါးလိုက်သည်။ သူ့ရှင် ရာဇာမိရာဇ်၏ ကွမ်းအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုခွင့်ရသူမှာ မင်းကန်စီတစ်ဦးတည်း ဖြစ်သည်။ မင်းကန်စီသည် ကွမ်းသွေးထွေးလိုက်ပြီး ဆက်ပြောလေသည်။

"မတ်သံလုံဟာ သာမန်ကုန်သည် လယ်လုပ်ဆိုရင်တော့ တစ်မျိုးဖြစ်မှာပဲ၊ အခု သူဟာ စစ်မှုထမ်းဆိုတော့ ချစ်သူ သေဆုံးလို့ ထိခိုက်ကြေကွဲနေတဲ့ ဝေဒနာဟာ တစ်ဖက်မှာ အားမာန်အဖြစ် ကူးပြောင်းသွားတယ်၊ မင်းကြီးပြောတာ ဟုတ်ပါတယ်၊ သူ့ကိုယ်သူ သေလူသဘောထားပေမဲ့ သူက တိုက်ရည်ခိုက်ရည် ထက်မြက် ကျွမ်းကျင်သူဆိုတော့ မသေဘူး၊ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ ဆိုတာလည်း မင်းကြီးသံဖြတ် ပြောပြီးကတည်းက သူမကြိုးစားတော့ဘူး၊ သည်တော့ စစ်ပွဲမှာ သေသေကျေကျေ လုပ်တော့တယ်၊ ဒါပေမဲ့ သူ့ရှင်ရဲ့ ဘုန်းကန်စီးကြောင့်လား၊ သူ့ကိုယ်နှိုက်ကပဲ သေဖို့ဇာတာ မပါသေးရော့လားမသိ၊ အောင်ပွဲတွေသာ တစ်ပွဲပြီး တစ်ပွဲ ရခဲ့တယ်၊ အသက်ရှင်ရက်ပဲ၊ မတ်သံလုံအဖို့တော့ အဲဒီလို အသက်ရှင်နေရတာကိုက သက်ဆိုးရှည်သလို ခံစားနေရတယ်လေ"

ရာဇာမိရာဇ်က ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကဲ ဒီနေ့မနက် စစ်အင်္ဂါ ခင်းကျင်းတုန်းက တပ်တော်ဦးမှာ တံခွန်တိုင်ကိုင်ဖို့ ပျက်ကွက်ခဲ့တဲ့ ပြဿနာအကြောင်း ပြောပြပါမယ်၊ သူ့ရှင် စိတ်ဝင်စားမယ်ဆိုရင်..."

"ကိုရင်၊ စကားပရိယာယ် ကြွယ်မနေစမ်းပါနဲ့၊ ကိုရင့် တရည်းပုံပြင်မှာ ဒီအပိုင်းက အဓိကမဟုတ်လား၊ ပြောမှာသာ ပြောစမ်း"

ရာဇာမိရာဇ်က ခပ်ငေါက်ငေါက် ပြောသည့်တွင် မင်းကန်စီသည် ပြုံးလိုက်လေသည်။

"ဒီနေ့မနက် ပြဿနာဟာ စင်စစ်တော့ မနေ့ညကကိစ္စကြောင့်"

မင်းကြီးသံဖြတ်၏ မျက်နှာပေါ်တွင် ဒေါသ အရိပ်ငွေ့တို့ သန်းလာသည်။

"မင်းကန်စီ၊ သင်း မနေ့ညက သေရည် အလွန်အကျွံသောက်။ ပြီးတော့ မိန်းကလေးတစ်ယောက်ကို ဒင်းရဲ့တဲမှာ ခေါ်ထား။ မနေ့ညက ကိစ္စဟာ ဒါပဲမဟုတ်လား"

"မင်းကြီးသံဖြတ်၊ စိတ်အေးအေးထားပါ၊ မတ်သံလုံ မနေ့ညက သေရည်အလွန်အကျွံသောက်တယ်ဆိုတာတော့ မှန်ပါတယ်၊



ဒါပေမဲ့ မိန်းမသူကို တဲထဲခေါ်ထားတာက သူမဟုတ်ဘူး၊ ကျုပ်က ပို့လိုက်တာ"

"ဟင်..."

"ဟုတ်တယ်၊ အဲဒါ ကျုပ်ရဲ့ အစီအမံပဲ၊ မိန်းမသူရဲ့ အမည်က မိနော်ဇာတဲ့၊ ဒီလဝွန်းဗျည်းမြို့စားရဲ့ သမီးတော်တစ်ယောက်၊ ကျုပ်က မိနော်ဇာကို အမိန့်ပေးလိုက်တာ၊ အင်း... ဒါပေမဲ့ ကျုပ်လည်း မှားသွားတယ်၊ ကျုပ် စေတနာ ဝေဒနာဖြစ်သွားရတယ်၊ ကျုပ်ထင်တာက ဒီလိုနှလုံးကြေကွဲထိခိုက်နေတဲ့ မတ်သံလုံအတွက် ဖြေသိမ့်နားခိုရာ ရစေချင်လို့ မိနော်ဇာဟာလည်း လှပတဲ့ မိန်းမ သူ တစ်ယောက်ပဲ၊ မတ်သံလုံအနေနဲ့ သူ့ကိုနှစ်သက်ရင်လည်း တစ်ခါတည်း သိမ်းပိုက်နိုင်စေအောင် ကျုပ်က စီစဉ်တာ၊ ဒါပေမဲ့..."

မင်းကြီးသံဖြတ်သည် စိတ်ပါဝင်စားလာဟန်ဖြင့် ရှေ့သို့ တိုးထိုင်သည်။

"ဒါပေမဲ့ ကျုပ်တို့လူက မိနော်ဇာကို တွေ့ရတော့မှ ဝေဒနာပိုပြီး ဆိုးသွားတယ်လေ၊ သေရည်မူးမူးနဲ့ မိနော်ဇာကို သူနဲ့ နှင်းပန်းခိုင်အကြောင်း ပြောပြတယ်၊ သူ့ပါးပြင်ပေါ်က အမာရွတ်ကိုပြပြီး ဇာတ်စုံခင်းတော့တာကိုး၊ သူ့ချစ်သူကို သူဘယ်လောက်ချစ်မြတ်နိုးကြောင်း၊ ချစ်သူသေဆုံးရတဲ့အတွက် သူ့ကိုယ်သူ ဘယ်လောက် မုန်းတီးစိတ်ဆုပ်နေကြောင်း၊ ဘာညာနဲ့ ပြောသတဲ့"

"အင်း..."

"ပြောလိုက်၊ သေတကောင်းတစ်လုံး ယူမော့လိုက်၊ ပြောလိုက် သောက်လိုက်နဲ့ တစ်ညလုံး မိနော်ဇာလည်း မီးဖိုဘေးမှာ ငုတ်တုတ်၊ အဲ မတ်သံလုံဟာ မိနော်ဇာကို ကျုပ်တွက်သလို နှစ်သက်သိမ်းပိုက်ဖို့ဝေးစွ၊ မိနော်ဇာရဲ့ အလှကိုတောင် အသိအမှတ်မပြုဘူးလေ၊ အဲဒီလိုနဲ့ပဲ မိုးသာစင်စင်လင်းရော၊ နောက်ဆုံး သေရည်လည်း အလွန်အကျွံ၊ ခံစားမှုကလည်း အလွန်အကျွံနဲ့ မတ်သံလုံ ခုတင်ပေါ် လဲကျသွားတာပဲတဲ့၊ မိနော်ဇာလည်း အဲဒီတော့မှ မီးဖိုဘေးမှာ အိပ်ရတော့သတဲ့၊ အဲဒါ မင်းကြီးနဲ့ ကျုပ်တို့ တဲ ရောက်တဲ့အချိန်မှာ မိနော်ဇာ အိပ်မယ်လို့ လှဲခါစပဲ ရှိသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီမနက် ပြဿနာမှာ မတ်သံလုံအပြစ်ရှိတာကတော့ မှန်ပါတယ်၊ သို့သော် တကယ်တမ်း အပြစ်ရှိသူက စေတနာ ဝေဒနာဖြစ်ခဲ့ရတဲ့ ကျုပ်၊ သူ့ရှင် အပြစ်ပေးမယ်ဆိုရင်လည်း ကျုပ်ကိုပါ အပြစ်ပေးပါ၊ မတ်သံလုံဟာ အမှန်တော့ အမိန့်တော်ကို ဦးထိပ်ရွက် ပန်ဆင်တတ်သူပါ၊ အခုကိစ္စကတော့..."

"အင်း ဒီလိုဆိုတော့လည်း စိတ်မကောင်းစရာပဲ"

ရာဇာဓိရာဇ်ထံတွင် ဟံသာဝတီပြည့်ရှင်ဟူသော ခက်ထန်သည့် စစ်ဘုရင်အသွင်တို့ ပျောက်ကွယ်နေသည်။ မင်းကန်စီ၏ စကားအဆုံးတွင် သုံးယောက်စလုံး အတန်ကြာမျှ တိတ်ဆိတ်သွားကြသည်။

သို့သော် ငေးငိုင်တွေဝေခြင်း ကင်းလှသော ရာဇာဓိရာဇ်က ပြတ်သားသော လေသံဖြင့် စ,ပြောလေသည်။

"ကိုရင့် အပြစ်ပဲ၊ အဲသည်တော့ ကိုရင့်ကို အပြစ်ပေးရမယ်"

"သူ့ရှင် ကျွန်ုပ် ဝန်ခံခဲ့ပြီးပါပြီ၊ နာခံပါ့မယ်"

"ကျွန်ုပ်ဟာ သူရဲကောင်းကို ဘယ်လောက် ချစ်မြတ်နိုးသလဲဆိုတာ ကိုရင်သိတယ် မဟုတ်လား၊ သည်တော့ သံလုံငယ် ဒီလို စိတ်ဝေဒနာ ခံစားနေရတာကို ကျွန်ုပ်မကြည့်ရက်ဘူး၊ သူ့ဝေဒနာသက်သာ ပျောက်ကင်းအောင် ကိုရင် အခုကစပြီး တာဝန်ယူရမယ်၊ ဘယ်ဂိုနည်းနဲ့ပဲဖြစ်ဖြစ် ကိုရင် အစွမ်းရှိသမျှ လုပ်ပါ၊ ကဲ တစ်ခုတော့ရှိတယ်၊ သံလုံငယ်သေရည်ကိုတော့ အလွန်အကျွံ မသောက်စေနဲ့၊ သူ့င်းရဲ့ လူစွမ်းလူစကို အများကြီး အသုံးချစရာ ရှိသေးတယ်"

"ကောင်းပါပြီ သူ့ရှင်၊ မတ်သံလုံရဲ့ ဝေဒနာဟာ ကုစားဖို့ ခက်လှတဲ့ ဝေဒနာဖြစ်ပေမယ့် ကျွန်ုပ်အစွမ်းကုန် ကြိုးစားပါ့မယ်၊ သူ့ရှင်ရဲ့ သူရဲကောင်းတစ်ယောက် အကျိုးမဲ့ အချည်းနှီး မဖြစ်စေအောင် ကျွန်ုပ်ကြိုးစားပါ့မယ်"

မင်းကန်စီသည် ရာဇာဓိရာဇ်၏ ရှေ့တွင် ဒူးထောက်လျက် လေးနက်စွာ ပြောလေသည်။ မင်းကြီး သံဖြတ်မှုကား မင်းကန်စီ၏ ခိုင်မာလှသော ကတိပေးမှုကို အံ့သြနေဟန်ရှိသည်။

"ကဲ ဒီကိစ္စပြီးပြီ၊ မင်းကြီးသံဖြတ်"

"နာခံပါတယ် သူ့ရှင်"

"တပ်တွေ အားလုံး ဖြန့်ခွဲပြီးပြီ မဟုတ်လား"



"အားလုံး သူ့နေရာနဲ့သူ အသီးသီး ဖြန့်ခွဲပြီးပါပြီ သူ့ရှင်၊ လဂွန်းဗျည်းမြို့ပြင်စောင့်တပ်လည်း ကျုံးဘက်မှာ တပ်စွဲနေပါပြီ"

"အင်း အခု ဒုန်ဝန်း၊ လဂွန်းဗျည်း၊ တရည်းနဲ့ သံမောင်မြို့တွေကို ရပြီ၊ မုတ္တမနဲ့ မော်လမြိုင်ကို စစ်ချီဖို့ သေနင်္ဂ စီရင်ရမယ် ၊ ညဉ့်လယ် တစ်ပဟိုရ်မှာ တပ်မင်းတွေအားလုံး စုံညီရောက်ကြစေ၊ ကြားလား မင်းကြီး သံဖြတ်"

"အမိန့်တော် အတိုင်းပါ သူ့ရှင်"

နန်းဆောင်ပြတင်းမှ လရောင် စီးဝင်ချိန်တွင် လူစုခွဲလိုက်ကြသည်။

မင်းကန်စီနှင့် မင်းကြီး သံဖြတ်တို့ သူ့ရှင်ကို ဦးညွတ်နှုတ်ဆက်၍ ပြန်ကြသည်။ ရာဇာဓိရာဇ်သည် လဂွန်းဗျည်းမြို့၏ မှိုင်းဝေသော ညချမ်းကို ငေးမောရင်း ထိတ်ဆိတ်စွာ ကျန်ရစ်ခဲ့လေသည်။

* * *

လဂွန်းဗျည်းကို အောင်မြင်ပြီးနောက်တွင် မုတ္တမ၊ မော်လမြိုင်သို့ ချီရန် ဖြစ်သော်လည်း ထိုသေနင်္ဂ အစီအရင် အထမမြောက်ခဲ့။

ညလယ် သန်းခေါင်ယံတွင် ရာဇာဓိရာဇ်နှင့်တကွ တပ်မင်းများ အားလုံး စစ်ချီရန် ဆွေးနွေးတိုင်ပင်နေကြစဉ် လဂွန်းဗျည်း မြို့ရိုးအပြင်အက်မှ တဝုန်းဝုန်းမြည်သံများနှင့်အတူ မီးတောက်ကြီးများပေါ်လာသည်။

တပ်မင်းများ အားလုံး နန်းဆောင်၏ နန်းမြင့်ထက်သို့ တက်၍ အဝေးမှ မီးရောင်များကို ကြည့်နေကြစဉ်မှာပင် မြို့ပြင်စောင့် တပ်မှူး ဆစ်ဦး ရောက်လာလေသည်။

လဂွန်းဗျည်း မြို့ပြင်စောင့် တပ်မှူးသည် ရာဇာဓိရာဇ်ရှေ့သို့ အောက်လျှောက်ဝင်လာပြီး မောဟိုက်ပင်ပန်းစွာ သံတော်ဦးတင်သည်။

"သံမောင်မြို့စား မဂြိုင်း သစ္စာဖောက်ပါတယ် သူ့ရှင်၊ အခု ကျွန်တော်မျိုးတို့ မြို့ပြင်စောင့်တပ်တွေကို သူရဲငါးရာအင်အားနဲ့ ဝင်တိုက်ပါတယ်၊ မြို့ပြင်တပ် ပျက်ပါတယ်"

"ဘာ"

ရာဇာဓိရာဇ် သလွန်ထက်မှ ကြောက်မက်ဖွယ်ရာ ထသည်။

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာဖောက် မဂြိုင်း"

မုတ္တမ၊ မော်လမြိုင် စစ်ချီရန်အရေးသကို ဘေးဖယ်လျက် သံမောင်မြို့စား မဂြိုင်း၏ရန်ကို ဖြိုခွင်းရန် ဆွေးနွေးကြရသည်။ ရာဇာဓိရာဇ်ကိုယ်တိုင် ထွက်၍ တိုက်မည်ရှိသည်ကို တပ်မင်းများက မသင့်လျော်ကြောင်း တောင်းပန်ကြသည်။

"ဒါဖြင့် ငါဒီသစ္စာဖောက်ရဲ့ခေါင်းကို လိုချင်တယ်၊ သင်းက အင်အားငါးရာနဲ့ ဘာမှ အင်အားမရှိတဲ့ မြို့ပြင်တပ်ကို ဝင်ဖျက်တယ် မဂြိုင်းခေါင်းကို ဘယ်သူ ယူပေးမလဲ"

ရုတ်တရက် မေးခွန်းဖြစ်၍ တပ်မင်းများအားလုံး ချက်ချင်း မဖြေမိကြ။ ရာဇာဓိရာဇ်၏ မေးခွန်းမှာ မဂြိုင်းကို ထွက်၍ တိုက်မည့် တပ်မကို မေးသည်မဟုတ်။ ရန်သူ့ ဦးခေါင်းကို ရယူပေးရန် အမိန့်ဖြစ်သည်။

အားလုံး တိတ်ဆိတ်နေကြသည်။

"အင်းအားနဲ့ ထွက်တိုက်ဖို့ မဟုတ်ဘူး၊ ဒီသစ္စာဖောက်ရဲ့ခေါင်းကို ဘယ်သူယူပေးမလဲ၊ ဒါပဲ ငါလိုချင်တယ်"

ရာဇာဓိရာဇ်၏ အသံ ခက်ထန် မာကြောလှသည်။

"ကျွန်တော်မျိုး ရအောင်ယူပြီး ဘုရင်မင်းမြတ်ကို ဆက်သပါ့မယ်"

တပ်မင်းများ နောက်ဆုံးအစွန်မှ အသံတစ်သံပေါ်လာသည်။

အားလုံး အသံလာရာသို့ လှည့်ကြည့်ကြသည်။

နန်းဆောင်တံခါးတိုင်လုံး အနီးတွင် ဒူးတုပ်ထိုင်နေသည့် မတ်သံလုံ။

မင်းကန်စီနှင့် မင်းကြီးသံဖြတ်တို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိကြလေသည်။

* * *

"ဟေ့- ရပ်လိုက်စမ်း၊ ဘယ်သူလဲ"

"ကျုပ် မတ်သံလုံ"

"ဘယ်က မတ်သံလုံလဲ"

"မြို့စားရဲ့လက်ရုံး မတ်သံလုံပေါ့ဟ၊ အခု ဘုရင့်ခေါင်းကိုဖြတ်ပြီး မြို့စားဆီ လာဆက်တာ၊ ကျုပ်ရာဇာဓိရာဇ်ကိုလုပ်ကြံခဲ့ပြီ၊ မြန်မြန်ဖွင့်ပါ၊ နောက်က သင်းတို့လိုက်လာတယ်၊ ကျုပ်ကို မြို့စား



ရှေ့ပို့ပေးပါ၊ အချိန် မရဘူး"

"ဘယ်မှာလဲ ရာဇာဓိရာဇ်ရဲ့ခေါင်း"

"ဟောဒီမြေအိုးထဲမှာ မြန်မြန်ဖွင့်ပါ၊ မြို့စားရှေ့ ရောက်ချင်လှပြီ"

"ဖွင့်ပေးလိုက်ဟေ့"

တံခါးစောင့်တစ်ဦးက သစ်သားတံခါးကို ဖွင့်ပေးလိုက်သည်။

မတ်သံလုံသည် တံခါးပွင့်လျှင်ပွင့်ချင်း အတွင်းသို့ တစ်ဟုန်ထိုး [illegible]င်သည်။ ထို့နောက် မဂြိုင်းရှိနေမည့် အကြီးဆုံး သစ်ခက်တဲနန်း [illegible]သို့ ပြေးသွားသည်။

"ဟေ့ နေဦး၊ မင်းကို စစ်ဆေးစရာရှိ"

မတ်သံလုံက နောက်လှည့်မကြည့်ဘဲ အော်ပြောလိုက်သည်။

"ပြီးမှ စစ်ဆေး၊ ဒီအိုးထဲက ဘုရင့်ခေါင်းပြတ်ကြီးကို မြို့စားဆီ ပြရဦးမယ်ဟေ့"

တပ်မှူးများ ဝဲယာခြံရံလျက် ညောင်စောင်းတစ်ခုပေါ်တွင် ထိုင်နေ[illegible] သံမောင်မြို့စား မဂြိုင်းသည် တစ်ကိုယ်လုံး ရွှံ့များသွေးများ [illegible]နေသည့် မတ်သံလုံကို မြင်လိုက်ရသောအခါ အထိတ်တလန့် [illegible]သွားသည်။ မတ်သံလုံသည် တပ်မှူးများအလယ်မှ ပြေးဝင်ပြီး [illegible]းရှေ့သို့ အရောက်သွားလေသည်။

"ဟေ့၊ ဟေ့၊ ဘယ်သူလဲ မင်း..."

"အရှင်မြို့စား၊ ကျွန်တော် မတ်သံလုံပါ၊ ကျွန်တော် အခု ရာဇာဓိရာဇ်ကို လုပ်ကြံပြီး ခေါင်းဖြတ်ယူခဲ့ပါတယ်၊ အရှင့်ထံ ခိုဝင်ပါရစေ"

"ရာဇာဓိရာဇ်ရဲ့ခေါင်း၊ ဟုတ်လား၊ ဘယ်မှာလဲ"

"ဟောဒီမှာ မြို့စား"

မတ်သံလုံက မဂြိုင်းရှေ့တွင် မြေအိုးကို ချပြသည်။

ရာဇာဓိရာဇ်၏ ခေါင်းကို တွေ့လိုလှသည့် မဂြိုင်းလည်း ညောင်စောင်းထက်မှ ထ၍ မြေအိုးကို ငုံ့ကြည့်သည်။

မြေအိုးထဲတွင် ဘာမှ မရှိ။

"ဟင် မင်း"

မဂြိုင်း၏လက် ဓားရိုးပေါ်သို့ ရောက်သွားသည်။ သို့သော် မတ်သံလုံ့ပ်ရှားမှု လျှပ်စီးလက်သလို လျင်မြန်လှသည်။

ဘာမှ မရှိသော မြေအိုးထဲသို့ မဂြိုင်း၏ ခေါင်း ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခေါင်းမရှိတော့သော မဂြိုင်၏လည်မှ သွေးတို့ ပန်းထွက်လာ
သည်။ တပ်မှူးများ ထိတ်လန့်အံ့သြစွာဖြင့် ငြိုင်ငြိုင်ထကြသည်
မတ်သံလုံကား မြေအိုးကိုဝဲဘက်တွင် ပိုက်လျက် ညာလက်တွင် ဓားရှည်
ကို ဝင့်လျက် ရန်းရင်းဆန်ခတ် ဖြစ်သွားသော သံမောင် တပ်မှူးများ
အကြားမှ ကြောက်မက်ဖွယ်ရာ ထိုးဖောက်လေသည်။

"မြို့စား ခေါင်းကို ဖြတ်သွားပြီ"

"သတ်၊ ဒီကောင်ကို သတ်ကြ"

အချို့တပ်မှူးများမှာ သွေးအိုင်ထွန်းနေသည့် မြို့စားမဂြိုင်း၏
ကိုယ်ကြီးကို ပွေ့ထူလိုက်၊ အော်ဟစ်လိုက်ဖြင့် သွေးရူးသွေးတန်းဖြ
နေကြသည်။

မဂြိုင်း၏ လည်မှ ဖြာထွက်သော သွေးတို့ အလိမ်းလိမ်းဖြစ်နေ
သည့် မတ်သံလုံသည် လူစိတ် ကင်းမဲ့နေဟန်ဖြင့် ကြမ်းတမ်းစွာ
ထိုးခုတ်နေသည်။ သူ့ကိုယ်ပေါ်သို့ ထိသော ဓားချက်များကိုလည်း
သိဟန်မတူ။ အသံနက်ကြီးဖြင့် မပီမသ ဟစ်အော်ရင်း ပိတ်ဆို့ လာသူ
များကို ဓားရှည်ဖြင့် လွှဲခုတ်သည်။

တပ်မှူးများ မတ်သံလုံအနီး မကပ်နိုင်ကြ။ နောက်ကျောဘက်
မှလည်း မဝင်နိုင်ကြ။ မတ်သံလုံသည် တစ်ကိုယ်လုံးကို ရှေ့နောက်
ယာ အဆက်မပြတ် လှည့်ပတ်လျက် ဓားကို လွှဲခုတ်နေသည်ဖြစ်၍
သူ့ဓားသည် စက်ဝိုင်းဖြစ်နေသည်။

ရန်သူကို ခုတ်ရင်းဖြင့် မတ်သံလုံသည် လမ်းတစ်လျှော
တွေ့သမျှ ဝါးတိုင် မီးအိမ်များကိုလည်း ခုတ်သွားသဖြင့် ထွန်းညှိထာ
သော မီးများ ငြိမ်းကုန်သည်။ သံမောင် တပ်စခန်းအတွင်း တစ်ခဲနက်
ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး အော်ဟစ်သံများ ဆူညံသွားသည်။ အမှော
မည်းမည်းတွင် ဘယ်နေရာ ရောက်နေသည် မသိရသော ရန်သူတ
ယောက်ကို သံမောင်ရဲမက်တို့ ရှာမတွေ့ကြ။ သို့သော် မတ်သံ
ရောက်သွားရာ နေရာတိုင်းတွင်မူ အသံများ ဆူညံသွားပြီး ခုတ်ထစ်
များ ပေါ်လာသည်။

"လိုက်ဟေ့၊ လိုက်ကြ..."

"မြေအိုးတစ်လုံး ပိုက်ထားတယ်၊ အဲဒါ ရန်သူ"

"တွေ့တဲ့နေရာမှာ အသေသတ်..."

ရုပ်ထွေးဆူညံမှုများကို အကာအကွယ်ပြုလျက် မတ်သံလုံတ



င်း တံခါး ခြံစည်းရိုးကို ခုန်ကျော်လိုက်သည်။ မီးရောင်တွင် ဖျတ်ခနဲ
ဆင်ရှားသွားသော သူ့ကို သံမောင် ရဲမက်တစ်ဦးက လှမ်းမြင်လိုက်သည်။

"ဟော့ ဟိုမှာ ပြေးပြီ"

ရဲမက် လွှတ်လိုက်သော လှံတိုတစ်ချောင်း မတ်သံလုံ၏ ရင်သို့
တည့်မတ်စွာ ပျံသန်းလာသည်။ ခြံစည်းရိုးကို ခုန်နေစဉ်ဖြစ်၍ မတ်သံလုံ
ရှောင်ချိန်မရ။ သို့သော် ဘယ်လက်တွင် ပိုက်ထားသော မြေအိုးကို
ရင်အုပ်ရှေ့တွင် ကာလိုက်သည်။ ပစ်လွှတ်ချက်ကောင်းလှသော လှံတို
သည် မြေအိုးကိုမခွဲ၊ အထဲသို့ စိုက်ဝင်သွားသည်။

စည်းရိုး တစ်ဖက်သို့ မတ်သံလုံရောက်သွားချိန်တွင် သံမောင်
ရဲမက်များအားလုံး အုန်းအုန်းကျွတ်ကျွတ် လိုက်လာကြလေသည်။

သို့သော် ရေကျိုးထဲသို့ ဆင်းသွားပြီး မဂြိုင်း၏ ဦးခေါင်းထည့်
ထားသော မြေအိုး၏ အကူအညီဖြင့် တိတ်ဆိတ်ညင်သာစွာ ကူးခတ်
သွားသည် မတ်သံလုံကို သူတို့ရှာမတွေ့ကြတော့။

* * *

နံနက်လင်းအားကြီးအချိန် ဖြစ်သော်လည်း ရာဇာဓိရာဇ်၏ နန်း
ဆောင် ရင်ပြင်တွင် တပ်မင်းများ အစုံအညီ ရှိနေကြလေသည်။ သို့သော်
ည်သူမျှ စကားမဆိုကြ။

ရာဇာဓိရာဇ်သည် ရွှေကွမ်းအစ်ကို ငုံ့ယူလိုက်သည်။

ထိုအခိုက်မှာပင် ထိုင်နေကြသည့် တပ်မင်းများထံမှ အသံ တဝေါ
ဝေါ် သဲ့သဲ့ ထွက်လာသဖြင့် ကွမ်းအစ်ကိုမယူသေးဘဲ ပြန်ကြည့်လိုက်
သည်။

သွေးတို့ဖြင့်ခြင်းခြင်းနီနေသည့် မတ်သံလုံသည် နန်းဆောင်တံခါး
မ တိုင်လုံးနှစ်ခုအကြားမှနေ၍ တပ်မင်းများကို ဖြတ်လျက် အတွင်း
သို့ ဝင်လာသည်။

သူ့ လက်ထဲတွင် လှံတိုတစ်ချောင်း စွဲဝင်နေသည့် မြေအိုးတစ်
လုံး။

"မဂြိုင်းရဲ့ ခေါင်းပါ ဘုရင်မင်းမြတ်"

ရာဇာဓိရာဇ်နှင့် မလှမ်းမကမ်းတွင်ရပ်၍ လက်ထဲက အိုးကို
နန်းဆောင်ပြင်သို့ မှောက်ချလိုက်သည်။ နီရဲသော သွေးများ စွန်းထင်းနေသည့်
မဂြိုင်း၏ ခေါင်းပြတ်သည် အိုးထဲမှ လိမ့်ဆင်းလာပြီး ရာဇာဓိရာဇ်

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နားတွင် ရပ်သွားသည်။

ထိတ်လန့်အံ့သြနေသော မဂိုြင်း၏မျက်လုံးတို့သည် ပွင့်လျက်သား။

ဦးခေါင်းပြတ် လိမ့်လာရာ လမ်းတစ်လျှောက်တွင် သွေးစီးကြောင်းများ စွန်းပေလျက် ကျန်ရစ်ခဲ့သည်။ ရာဇာဓိရာဇ်၏ ခြေရင်းရှိ မဂိုြင်း၏ခေါင်းမှ သွေးများသည် နန်းရင်ပြင်ပေါ်တွင် အိုင်ထွန်းနေသည်။ ညှိစို့သောအနံ့ဆိုးသည် တထောင်းထောင်း။ ဆီမီးရောင်တွင် ဦးခေါင်းပြတ်မှ မျက်လုံးအစုံတို့သည် ရာဇာဓိရာဇ်ကို ပြူးကြောင်စွာ စိုက်ကြည့်နေကြသည်။

ရာဇာဓိရာဇ်သည် ရွံရှာ စက်ဆုပ်စွာဖြင့် ခေါင်းပြတ်အနီးမှ ခြေထောက်ကို နောက်သို့ ရပ်လိုက်လေသည်။

အမတ်ဒိန်နှင့် မင်းကြီးသံဗြတ်တို့က ရှေ့သို့တိုး၍ ကြည့်ကြသည်။ ရာဇာဓိရာဇ်က မတ်သံလုံကို စေ့စေ့ကြည့်လျက်–

"သစ္စာဖောက်သူတို့ ကျခံရမယ့် အပြစ်ဒဏ်ကို အများဗိုလ်ပါ မြင်စေအောင် ဒီခေါင်းပြတ်ကို တိုင်မှာဆွဲချိတ်ထား၊ သံလုံငယ် ယောကျ်ားကောင်း ပီသပေတယ်"

ဤမျှသာပြော၍ ရာဇာဓိရာဇ် နန်းဆောင်အတွင်းခန်းထဲသို့ ပြန်ဝင်သွားသည်။

ဤမျှလောက်သော အမှုတော်ကြီးကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ပါလျက် ဆုလာဘ် တစ်စုံတစ်ရာ မချီးမြှင့်၊ အမှုတော်ထမ်းအရာ တစ်စုံတစ်ရာ မတိုးမြှင့်ဘဲ 'သံလုံငယ် ယောကျ်ားကောင်းပီသပေတယ်' ဟုသာ ပြောသွားသော ရာဇာဓိရာဇ်စကားကြောင့် အမတ်ဒိန်၊ မင်းကြီးသံဗြတ်နှင့်တကွ တပ်မင်းများအားလုံး အံ့အားသင့်လျက် ကျန်ရစ်ခဲ့ကြသည်။

မတ်သံလုံလည်း ဒူးတုပ်လျက် မလှုပ်မရှား။

လေးနက်စွာ ပြုံးနေသည့်သူ တစ်ဦးသာရှိသည်။ သူကား မင်းကန်စီ။

* * *

မိုးသက်လေသည် အေးစိမ့်ခြင်းကို ဆောင်ကြဉ်းလာသည်၊ ရာဇာဓိရာဇ်၏ ဟံသာဝတီတပ်တော်များ ဗဂိုးနေပြည်တော်သို့ မပြန်ကြရသေး။ အင်အားခိုင်ခံ့သော မုတ္တမနှင့် မော်လမြိုင်တို့ကို သိမ်းပိုက်ရန် စစ်ကြောင်းများ ဖြန့်၍ချီကြသည်။



သူ့ရှင် ရာဇာဓိရာဇ်ကိုယ်တိုင်မှ လဂွန်ဗျည်းတွင်သာ အခိုင်အမာ တပ်စွဲ နေရစ်ခဲ့ပြီး ကျန်တပ်မင်းများကို စစ်မျက်နှာဖြန့်၍ လွှတ်သည်။ မင်းကြီးသမိန်သံဗြတ် တစ်တပ်၊ အမတ်ဒိန်တစ်တပ်၊ ရဲသင်ရံ တစ်တပ်၊ ဗြထဗိုက် တစ်တပ်၊ အဲကောင်ဗိန်တစ်တပ်၊ အဲနရဲတစ်တပ်၊ ဗိုက်ပဲတစ်တပ်၊ တပ်မင်းကြီးခုနစ်ဦး၏ တပ်မ ခုနစ်တပ်တို့ ဆင်မြင်းဗိုလ်ပါ စစ်အင်္ဂါ အစုံအညီဖြင့် အရှေ့ဘက်သို့ ချီကြသည်။ ကော့ဒုန်နှင့် ကော့စိန်ကျွန်းဘက်သို့ ကူး၍ တပ်ချပြီးမှ တဖြည်းဖြည်းချဉ်း၍ ဝိုင်းရံ ပိတ်ဆို့ လုပ်ကြံမည့် သေနင်္ဂဗျူဟာ။

သို့သော်...

မုတ္တမစား ဗြတ္တဗနှင့် မော်လမြိုင်စား သမိန်ဥလိုတို့သည်လည်း စစ်ရေး ထက်မြက်သော သေနာပတိကျော်များ ဖြစ်သည့်အလျောက် အလုံးအရင်း ကြီးစွာနှင့် အရှေ့ဘက် စစ်မျက်နှာမှ ဆီးကြိုတိုက်ခိုက်ကြသည်။ 'ခရုံဗြဒါ ချောင်းရိုးကျယ်အတိုင်း စုန်လာသည့် ရာဇာဓိရာဇ်၏ တပ်များသည် ကြည်းကြောင်းမှ မုတ္တမ၊ မော်လမြိုင်တပ်များနှင့် ရင်ဆိုင်တွေ့သည်။

သေနာပတိ ခုနစ်ဦး၏ တပ်ခုနစ်ခုအနက်မှ ရဲသင်ရံတပ်၊ ဗြထဗိုက် တပ်၊ အဲကောင်ဗိန်တပ်၊ အဲနရဲတပ်နှင့် ဗိုက်ပဲတပ် ငါးတပ်စလုံး ပျက်လေသည်။

ခရုံဗြဒါချောင်းရိုးသည် သာမန်အားဖြင့် ချောင်းရိုးကျယ်ဖြစ်သော်လည်း တပ်မငါးတပ်၏ မိကျောင်းရဲလှေများ စုန်ဆင်းလူးလာ တိုက်ခိုက်မှု အတွက်မူ ခဲယဉ်းလှပေသည်။ ဟံသာဝတီ ရေကြောင်းတပ်များမှ ရဲမက်အပြည့်ပါသော တိုက်လှေများသည် ချောင်းအတွင်း စိတ်ရှိသလောက် မလှုပ်ရှားနိုင်ကြ။ တိုက်လှေတစ်စင်းနှင့်တစ်စင်း ပူးကပ်ပြည့်ကျပ်နေသည်ကို အခွင့်ကောင်းယူ၍ ချောင်းကမ်းပါးပေါ်မှ မုတ္တမစားနှင့် မော်လမြိုင်စားတို့သည် ကြည်းကြောင်းဖြင့် အပြင်းလိုက်သည်ဖြစ်ရာ...

ဟံသာဝတီ ခုနစ်တပ်အနက်၊ ငါးတပ် ပျက်လေသည်။

မင်းကြီး သမိန်သံဗြတ်နှင့် အမတ်ဒိန်တို့နှစ်တပ်သာ မပျက်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

ခိုင်ခံ့စွာ ခံနေသည်။ မတ်သံလုံကား ရဲရဲနီသော မျက်နှာဖြင့် ချောင်းကမ်းပါးသို့ တက်၍ တိုက်ပါရစေဟု မင်းကြီးသံဖြတ်ကို အခွင့်တောင်းနေသည်။ မင်းကြီးသံဖြတ်က မတ်သံလုံကို အခွင့်မပေး။

မင်းကြီးသံဖြတ်နှင့် အမတ်ဒိန်တို့ မိကျောင်းရဲလှေ၏ လှေဝမ်းထဲတွင် တစ်ညလုံး ဆွေးနွေးကြသည်။ နံနက်လင်းခါနီးတွင် အစီအစဉ်များ ချမှတ်ပြီးသွားသည်။

နံနက်လင်းစ ခရုံဖြူဒါချောင်း။

ရဲလှေ အပျက်အစီး အပိုင်းအစများ၊ ဓားကျိုး၊ လှံကျိုးများဖြင့် ပြည့်နေသော ချောင်းရိုးမျက်နှာပြင်သည် အခိုးတထောင်းထောင်း ထနေသည်။ ချောင်းကမ်းထက် တောအုပ်အစပ်ရှိ မုတ္တမစားနှင့် မော်လမြိုင်စားတို့၏ တပ်များသည် ရေငွေ့ထောင်းထောင်းထနေသော ချောင်းထဲမှ မြင်ကွင်းကို ကြည့်ပြီး တဟားဟား ဟစ်အော် ရယ်မောနေကြသည်။

နှစ်တပ်တည်းသာ ကျန်တော့သည့် သမိန်သံဖြတ်၊ အမတ်ဒိန် တပ်မှ ရဲမက်များသည် ရိက္ခာများ၊ ဒဏ်ရာရ ရဲမက်များကို မိကျောင်းရဲလှေပေါ်မှတစ်ဆင့် လှေငယ်များပေါ်သို့ ချနေကြသည်။ ခိုးကြောင်ခိုးဝှက်။

မုတ္တမတပ်နှင့် မော်လမြိုင်တပ်တို့က ရယ်မော လှောင်ပြောင်ကြလေသည်။

"ဟား ဟား ဟား၊ ဟိုမှာဟေ့ ရေမွန်းနေတဲ့ ကြွက်စုတ်ကလေးတွေလိုပဲ"

"သင်းတို့ ခိုးကြောင်ခိုးဝှက်နဲ့ ပြေးတော့မလို့၊ ပစ္စည်းတွေ ချနေကြတယ်ဟေ့"

"အသာ ကြည့်နေကြစမ်း၊ ဗညားနွဲ့ရဲ့ သေနာပတိတွေ သူခိုးလိုထွက်ပြေးကြတာ ဘယ်လောက်ကြည့်ကောင်းသလဲ"

"ဟား ဟား ဟား ဟား၊ သနားစရာတောင် ကောင်းနေပါလားဟရို့"

တဟေးဟေး တဟားဟား ဟစ်အော် ရယ်မောလျက် မုတ္တမ၊ မော်လမြိုင် တပ်များ တောအုပ်ထဲမှ ထွက်လာကြသည်။ အချို့ရဲမက်များ ချောင်းကမ်းစပ် သောင်ပြင်သို့ထိ ဆင်းလာကာ လက်ခုပ် လက်ဝါးတီး၍ လှောင်ပြောင်ကြသည်။



ဟံသာဝတီတပ်များကား ရိက္ခာနှင့် လူနာများကို လှေငယ်များပေါ်သို့ အဆက်မပြတ်ချ၍ ချောင်းရိုးကို စုန်ဆင်းရန် ပြင်ဆင်နေကြသည်။

"လွှတ်ထားလိုက်စမ်း၊ ချောင်းရိုးဆုံးတဲ့နေရာမှာ သမိန်ဥလိုရဲ့ တပ်တွေရှိတယ်၊ အဲဒီတော့မှ သင်းတို့ ရေမွန်းကြွက်စုတ် ပြန်ဖြစ်ဦးမယ်၊ ဟား ဟား ဟား"

ဒဏ်ရာအထပ်ထပ်ဖြင့် နွမ်းနယ်ပင်ပန်း နေကြဟန်ရှိသည့် ဟံသာဝတီတပ်များသည် ချောင်းကမ်းပါးထက်မှ မုတ္တမတပ်တို့၏ လှောင်ပြောင်ချက်ကို မတုံ့ပြန်ကြ။ ရိက္ခာထုပ်များနှင့် လူနာများကိုသာ တွင် တွင်ချ၍ လှေငယ်များကို ပြင်ဆင်နေကြသည်။ စစ်မြေပြင်နှင့် မတူတော့။ ဝံပုလွေတို့အလယ်မှ ယုန်ငယ်များ ကတုန်ကယင် ထွက်ပြေးရန် ကြိုးစားနေသည့်နှယ် ဖြစ်သည်။

တဖြည်းဖြည်းနှင့် ချောင်းစပ်တွင် ရဲမက်များ ပြည့်လာသည်။ လက်ညှိုးညွှန်ကြ၊ ရယ်မော လှောင်ပြောင်ကြနှင့်။

ထို တဟေးဟေး တဝါးဝါး ရယ်သံများကို ရုတ်တရက် တစ်ခဲနက် မြည်ဟည်းလိုက်သော စစ်မောင်းသံများက ထိုးဖောက်လိုက်သည်။ မုတ္တမနှင့် မော်လမြိုင်တပ်တို့သည် တစ်ခဲနက်သော စစ်မောင်းသံများ ပေါ်ထွက်လာရာသို့ လှမ်းကြည့်ကြသည်။

သို့သော် နောက်ကျသွားခဲ့ပေပြီ။

ချောင်းရိုးအစွယ် ချောင်းလက်တက်များထဲမှ ကြက်သွေးရောင် တံခွန်များ တလူလူ လွင့်လာသည့် မိကျောင်းရဲ လှေအစုံတို့သည် တစ်ဟုန်ထိုး ထွက်လာသည်။ ရဲလှေဆိပ်မှ စစ်မောင်းသံသည် အဆက်မပြတ်။ ကြက်သွေးရောင် တံခွန်များ . . . ။

ရှေ့ဆုံး အကြီးဆုံးသော ရဲလှေဆိပ်ဆီမှ အသံနက်ကြီးဖြင့် ကြုံးဝါးသံ ပေါ်လာသည်။

"သမိန်သံဖြတ်ရဲ့ တပ်မှူး မတ်သံလုံဆိုတာ ငါပဲဟေ့"

မတ်သံလုံ၏ ကြုံးဝါး အော်ဟစ်သံအဆုံးတွင် ဟံသာဝတီ ရဲမက်တို့၏ ကြွေးကြော်သံများ သဲသဲညံသွားပြီး ရဲလှေအစုများ တစ်ပြိုင်နက် တစ်စု ထွက်လာသည်။ သောင်ပြင်ပေါ်သို့ ခုန်ဆင်းသည်။ မြားလွှတ်များ၊ လှံရှည် အဲမောင်းများ ကိုင်စွဲလျက်။

www.burmeseclassic.com

www.burmeseclassic.com



ပရမ်းပတာ အစီအစဉ်မဲ့ နေနေကြသော မုတ္တမ၊ မော်လမြိုင် တပ်များ တောအုပ်ဆီပြန်ပြေးရန် ကြိုးစားကြသည်။ သို့သော် သဲပြင် ကုန်းစပ် အဆုံးဆီသို့ပင် မရောက်နိုင်ကြတော့။

မြင်ကွင်းသည် ရုတ်တရက် ပြောင်းလဲသွားသည်။

ခရုံဖြဒါချောင်းစပ် သောင်ပြင်တွင် သွေးကွက်များ တစ်ကွက်ပြီး တစ်ကွက်။

အော်ဟစ်သံ၊ ကြွေးဝါးသံတို့ ဘဝင်လျှံမှု။

အချို့ သွေးရူးသွေးတန်းဖြင့် ချောင်းထဲသို့ ခုန်ချရန် ကြိုးစားကြ သည်။ ထိုသူများသည်လည်း စောစောက ချည့်နဲ့ တုန်ယင်စွာဖြင့် လှေငယ်ဝမ်းထဲတွင် လိုက်ပါလာကြသော ဟံသာဝတီရဲမက်များ၏ ဓားသွားတွင် အသက်ပါသွားသည်။ တောအုပ်ထဲမှ မုတ္တမတပ်များ စစ်ကူပေးရန် သောင်ပြင်သို့ ဆင်းလာကြသည်။

သို့သော်...

ချောင်းစွယ်ခရာဆူးတောများ နောက်ကွယ်ရှိ တိုက်လှေကြီး နှစ်စင်းမှ မြားတံများသည် မိုးသီးမိုးပေါက်များပမာ ဖြိုင်ဖြိုင် ကျလာကြ ပြန်သည်။

ထိုတိုက်လှေကြီးနှစ်စင်းကား မင်းကြီးသံဖြတ်နှင့် အမတ်ဒိန်တို့ ကိုယ်တိုင် လိုက်ပါလာသော သေနာပတိ အဆောင်အယောင်အပြည့်ဖြင့် လှေကြီးများ ဖြစ်သည်။ သမိန်သံဖြတ်တပ်သည် မုတ္တမစား ဗြတ္တဗတပ် ကို ဖြတ်၍ တိုက်သည်။ အမတ်ဒိန်တပ်သည် မော်လမြိုင်စား သမိန်ဥလို တပ်ကို ဖြတ်၍ တိုက်သည်။

ဗြတ္တဗတပ်သည် ရိုက်ခွဲခြင်းခံရသော အိုးကဲ့သို့။

သမိန်ဥလိုတပ်သည် ပိုင်းချိုးခြင်းခံရသော ထင်းစည်းကဲ့သို့။

ခရုံဖြဒါချောင်းရေသည် ပတ္တမြားရည်အဖြစ်သို့ ပြောင်းလဲသွား သည်။

* * *

"ဘယ့်နှယ်လဲ ငါ့ညီ၊ ဒဏ်ရာ သက်သာသွားပြီ မဟုတ်လား"

မင်းကန်စီက မတ်သံလုံ၏ ပခုံးကို ကြင်နာစွာပုတ်၍ မေးနေ သည်။

မတ်သံလုံက မော့ကြည့်ရင်း ခပ်ယဲ့ယဲ့ပြုံးပြသည်။

"ဒဏ်ရာက ပြည့်နေတော့ ဘယ်နေရာက နာရမှန်းတောင် ကျွန်တော် မသိတော့ဘူး မင်းကန်စီ"

"ကိုင်း သေတစ်ခွက်စီ သောက်ကြရအောင်၊ ခရုံဖြဒါချောင်းရိုး တိုက်ပွဲအတွက် ငါ့ညီကို ဂုဏ်ပြုတဲ့အနေနဲ့"

"ဟုတ်ကဲ့"

သေတစ်ခွက်စီ မော့သောက်ကြသည်။ ထန်းလျက်ကို ချက်သော သေရည်ပြင်းဖြစ်၍ မတ်သံလုံ၏ မျက်နှာ နီရဲလာသည်။ ဝဲဘက်ပါးပြင် မှ အမာရွတ်တွင်လည်း ပန်းနုရောင် သန်းသွားသည်။ မင်းကန်စီသည် နှုတ်ခမ်းကို ပဝါဖြင့် သုတ်လိုက်လေသည်။

"ငါ့ညီရဲ့ ရင်ထဲက ဒဏ်ရာကော..."

သေခွက်ကို စားပွဲပေါ်သို့ ချအံ့ဆဲဆဲ မတ်သံလုံ၏ လက်တို့ ရပ်သွားသည်။

"တိုက်ခိုက်နေရချိန်မှာ မနာဘူး၊ တိုက်ပွဲပြီးပြီဆိုရင် ကိုယ်ပေါ် က ဒဏ်ရာတွေ နာရမှန်းမသိ၊ အဲဒီဒဏ်ရာက တစစ်စစ် နာနေ တုန်းပဲ မင်းကန်စီ"

"ဟား ဟား ဟား၊ သူရဲကောင်းက စာဆိုတော် ဖြစ်သွားပါရော လား"

မတ်သံလုံလည်း ရယ်မိသွားသည်။ သို့သော် ရီဝေသောမျက်လုံး များဖြင့်...။

မတ်သံလုံသည် မင်းကန်စီကို လဝွန်းဗျည်းတိုက်ပွဲမှစ၍ ခင်မင် ရင်းနှီးသွားခဲ့သည်။ မင်းကန်စီကလည်း နှင်းပန်းခိုင်အကြောင်းကို အခါ အခွင့်သင့်တိုင်း အထပ်ထပ် မေးသည်။ မေးစကမူ မတ်သံလုံသည် ငပန်းခဲယဉ်းစွာဖြင့် ဖြေခဲ့ရသည်။ သို့သော် အထပ်ထပ် အခါခါ မေးဖန်များ၍ ဖြေရဖန် များလာသောအခါ သူ့ရင်ထဲတွင် ထိခိုက်ဆို့နစ် ရမှုများသည် တဖြည်းဖြည်း သက်သာလာသည်ဟု မတ်သံလုံ ထင်မိ သည်။

ယခင်ကမူ မင်းကန်စီက နှင်းပန်းခိုင်အကြောင်း မေးလာသည် ကို မတ်သံလုံ ကြောက်ရွံ့ခဲ့သည်။ မေးလေတိုင်း၊ ဖြေလေတိုင်း အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

မသိ ဆွေးမြေ့နာကျင်ရသည်။ သို့သော် မင်းကန်စီ မေးဖန်များလာသောအခါ ဖြေရသည်မှာ စိတ်လက်ပေါ့ပါးသွားသည်။ စစ်နားချိန်များတွင် မင်းကန်စီနှင့် စကားလက်ဆုံ ကျရမည်ကို လိုလားလာသည်။

သို့သော် ဝဲဘက်ပါးပြင်မှ အမာရွတ်ကို စမ်းမိတိုင်း...

"ပခုံးပေါ်က အနာ မကျက်သေးဘူးလား"

မတ်သံလုံ၏ ယာဘက်ပခုံးပေါ်မှ ဆေးရွက်ကပ်ထားသော အနာကို ပြရင်း မေးသည်။

"မြားထိသွားတာ၊ အဆိပ်လူးမြားသွား မဟုတ်ပေမဲ့ နည်းနည်းနက်တယ်၊ အနာမကျက်သေးဘူး မင်းကန်စီရဲ့၊ ဒါပေမဲ့ ဆေးရွက်ကို အခုမနက် ခွာနိုင်ပြီလို့ သမားတော်က ပြောတယ်၊ တစစ်စစ် ကိုက်နေတာနဲ့ ကျွန်တော် မခွာဘဲထားတာ"

"ပြစမ်း"

မင်းကန်စီသည် မတ်သံလုံ၏ ပခုံးပေါ်မှ ဆေးရွက်ကို ကပ်ကြည့်ရင်း မပြောမဆို ဆွဲခွာလိုက်သည်။

"အား"

မတ်သံလုံ ရုတ်တရက် အော်မိသွားသည်။ ဒဏ်ရာမှ ညိုညစ်သော သွေးတို့ စိမ့်ထွက်လာလေသည်။ မတ်သံလုံ အံကြိတ်ထားသည်။

"တော်တော်နာသလား မတ်သံလုံ"

"ရုတ်တရက်ဆိုတော့ အသည်းခိုက်သွားတယ် ထင်ရတယ်"

"အေး အဲဒီသဘောပဲ"

"ဗျာ"

"တစစ်စစ်ကိုက်နေတဲ့အနာကို ဒီအတိုင်းမွေးထားရင် တစစ်စစ်ကိုက်နေမှာပဲ၊ အခုလို ဆတ်ခနဲ ဆွဲခွာလိုက်တော့ တစ်ချက်ပဲ အသည်းခိုက်အောင်နာပြီး နောက် ပြီးသွားရော၊ ဒီသဘောပဲ"

မတ်သံလုံ တွေဝေနေသည်။ တဖြည်းဖြည်းနှင့် အံကြိတ်ထားမျက်နှာ ပြေလျော့လာသည်။ ထို့နောက် ပြုံးသည်။

"ကျွန်တော် နားလည်ပါပြီ မင်းကန်စီ၊ ဒါပေမဲ့ သွေးတွေ ထွက်တုန်း၊ ပခုံးဒဏ်ရာက သွေးကတော့ မကြာခင် တိတ်သွားမှာ၊ နှလုံးသွေးဆိုတာက..."

"ငါ့ညီရဲ့ နှလုံးသွေးတိတ်သွားလို့ ဘယ်ဖြစ်မလဲ၊ နှလုံးသွေးဆိုတာ အမြဲလှည့်ပတ်နေရမှာပေါ့၊ နှလုံးသွေးရပ်ရင် ငါ့ညီ သေသွားရော့



ပေါ့ဟ"

စကားအဆုံးတွင် နှစ်ဦးစလုံး တဟားဟား ရယ်မိကြလေသည်။ မတ်သံလုံက အရယ်ရပ်ပြီး မင်းကန်စီကို လေးစားစွာ ကြည့်သည်။

"နေပါဦး မင်းကန်စီ၊ ကျွန်တော် မေးပါရစေ၊ မင်းကန်စီဟာ သူ့ရှင် မင်းသားဘဝတုန်းက ကိုရင်ဝတ်နဲ့နော်"

"အေးလေကွာ"

"ကိုရင်ဘဝကတည်းက မင်းကန်စီက ဗေဒင်၊ လက္ခဏာ၊ နက္ခတ္တဗေဒတွေကို အတော်ကျွမ်းကျင် နှံ့စပ်တယ်လို့ ကျွန်တော် သိရတယ်၊ သူ့ရှင်ကိုလည်း အခါတော်တွေပေးပြီး ကူညီခဲ့တယ်ဆို"

"အေးလေ သူ့ရှင်ရဲ့ဘုန်းကံ၊ ငါ့ကံကြောင့် အောင်မြင်ခဲ့တာချည်းပဲ"

"မင်းကန်စီက ဗေဒင်၊ နက္ခတ္တဗေဒတင်မကဘူး၊ တဘောင်စနည်းတွေ၊ ယတြာတွေကိုပါ ကျွမ်းကျင်တယ်တဲ့"

"အေး"

"ဒါတင် မကသေးဘူးထင်တာပဲ"

"ဘာများလဲ မတ်သံလုံ"

"မင်းကန်စီ သျှတ္တရလည်း ကျွမ်းကျင်ရမယ်"

"ဘယ်လို"

"သျှတ္တရလေ၊ က္ကတ္တိယ၊ ပုရိသနဲ့ဆိုင်တဲ့ သျှတ္တရ"

"ဘာကြောင့်..."

"နှလုံးအိမ်ထဲက မမြင်ရတဲ့ ဝေဒနာကို သက်သာစေအောင် ကုနိုင်တာက သျှတ္တရသဘောပဲ မဟုတ်လား"

"ဟား ဟား ဟား ဟား"

မင်းကန်စီသည် အားရပါးရ ရယ်မောလျက် သေတစ်ခွက်ကို ထပ်ငှဲ့သည်။

"မင်းက ငါ့ကို သိပ်ကျေးဇူးတင်ပြီး သိပ်အထင်ကြီးမနေနဲ့၊ မင်းကိုငါ့ညီငယ်တစ်ယောက်လိုလည်း သံယောဇဉ်ရှိတာ အမှန်ပဲ၊ ဒါပေမဲ့ မင်း စိတ်ဝေဒနာကြီး ပျောက်အောင်ကုဖို့က သူ့ရှင်ကိုယ်တိုင် ငါ့ကို တစ်ချက်လွှတ် အမိန့်ပေးထားတာ၊ သူ့ရှင်ကိုယ်သော မင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိခိုး"

"ဩော်..."

မတ်သံလုံ ပြန်၍ ငေးငိုင်သွားသည်။ တိတ်ဆိတ်သွားပြန်သည်။

"မတ်သံလုံ ဘာတွေ စဉ်းစားနေတာလဲ"

"သူ့ရှင် အခု ဘယ်မှာလဲ"

"ဒီမှာပဲ၊ မုတ္တမမှာ ရောက်နေတယ်လေ၊ ခရုံဖြဒါတိုက်ပွဲအတွက် တပ်မင်းတွေကို အရာချီးမြှင့်ပေးနေတယ်၊ မင်းကြီး သမိန်သံဖြတ်ဆိုရင် သမိန်ဖြန့္တဲ့နဲ့ ဒုန်ဝန်မြို့ကို စားစေလိုက်ပြီး၊ သမိန်တိသ ကုမ္မာကိုလည်း မုတ္တမမြို့စား ပေးလိုက်ပြီ၊ ညကပဲ အဲဒီ အရာချီးမြှင့်ပွဲ ပြီးသွားတယ်လေ"

မတ်သံလုံ သက်ပြင်းတစ်ချက်ချသည်။ နှုတ်ခမ်းကို ကိုက်ထားသည်။

လှုရိပ်လှုကဲ၌ ကျွမ်းကျင်လှသော မင်းကန်စီသည် မတ်သံလုံ၏ အမူအရာကို ကြည့်လျက် မတ်သံလုံ၏ အတွေးကို သိနေသည်။

သံမောင်မြို့စား မကြိုင်း၏ ဦးခေါင်းကို အရယူနိုင်ခဲ့စဉ်က ထိုမျှကြီးမားသော အမှုတော်ကို ရှုပ်ရှုပ်ချုံချုံ ထမ်းနိုင်ခဲ့ပါလျက် သူ့ရှင်၏ အချီးအမြှောက်ကို ထိုက်ထိုက်တန်တန် မခံခဲ့ရဘဲ 'သံလုံငယ် ယောကျ်ားကောင်း ပီသပေတယ်'ဟု ပြောရုံသာ ပြောခဲ့သောကြောင့် မတ်သံလုံ မကျေမနပ်ဖြစ်နေပေမည်ဟု။

မင်းကန်စီ ပြုံးလိုက်သည်။

သူ့အတွေး မှန်ကန်ကြောင်း တွေ့ရသည်။

မတ်သံလုံသည် စားပွဲပေါ်ရှိ ဆင်စွယ်ဖြင့် ထုလုပ်ထားသော မိချောင်းရဲ့လှေအရုပ်တင်ထားသည့် ခုံကို ရိုက်ပုတ်လိုက်လေသည်။

"ဘာဖြစ်သလဲ ငါ့ညီ"

တကယ့်မိချောင်းရဲ့လှေ ပုံစံအတိုင်း အတိအကျထုလုပ်ထားသော 'ဆင်စွယ်မိကျောင်းရဲလှေရုပ်'သည် မတ်သံလုံ ရိုက်ပုတ်မှုကြောင့် တဆတ်ဆတ် တုန်လှုပ်သွားသည်။

"ဘာတွေများ မကျေမနပ် ဖြစ်နေသလဲ မတ်သံလုံ"

မတ်သံလုံထံမှ အေးစက်သော အသံပေါ်လာသည်။

"ကျွန်တော် နှင်းပန်းခိုင်ကို မမေ့နိုင်ဘူးဗျာ"



* * *

"တိုင်းသံ နိုင်းစံပယ်ခွာ+သဘင်မှာ ယဉ်ရာ ထွင်ကာ+တေးလေ ထံတျာ ကြကာ+ ရေးလေ'ပဲခူး'စီလို့သာ + ဗဂိုး၊ ဒလ၊ မုတ္တမ နယ်ချဲ့ + နာမငယ်သညာ + + အို + အောက်ပြည်တိုင်းမှာလ + တို့တိုင်းရွာ + +"

'မိကျောင်းဆောင်း'၏ ကြိုးများပေါ်တွင် ဝဲယာပြေးလွှားနေသော လက်ချောင်းများကိုကြည့်ရင်း ပရိသတ်သည် မွေ့ကေသာ၏ တေးသံ၌ နစ်မျောနေကြသည်။ ကြားနေရသော အသံသည်သာမက မြင်နေရသော မြင်ကွင်းသည်လည်း တင့်တယ်ပြေပြစ်သော မြင်ကွင်းဖြစ်နေသည်။ ကြက်သွေးရောင် အနို့တပ်အင်္ကျီ၊ ကြက်သွေးရောင် တဘက်၊ ကြက်သွေးရောင် ရင်ဝ၊ ကြက်သွေးရောင် ထဘီတို့သည် မိသံကိုယ်လုပ်တော်များ အကြားတွင် ရှန်းကြွထင်ရှားသော အရောင်ဖြစ်နေသည်။ ကြက်သွေးနီရောင် ဝတ်စုံကို ဟံသာဝတီထီးနန်းကွင်းသူတို့ ဝတ်လေ့မရှိ။ ကြက်သွေးရောင်သည် ညိုမှောင်ထွားကျိုင်းသော ဘုရင့်စစ်သည်တော်များနှင့် လိုက်ဖက်သော်လည်း နုနယ်သော မိန်းမသူများနှင့် လိုက်ဖက်သည့်အရောင် မဟုတ်ဟု နန်းတွင်းသူတို့က ယူဆထားသည်။ ထို့ကြောင့် အမြင်ရိုင်းသော ဤအရောင်ကို သုံးလေ့မရှိကြ။

မွေ့ကေသာမူကား မဟာဒေဝီ၏ အမိန့်အရ ဤညသဘင်တွင် ကြက်သွေးရောင်ကို ဝတ်ခဲ့ရသည်။ စင်စစ် မဟာဒေဝီက မွေ့ကေသာကို နန်းတွင်းသူတို့အလယ်တွင် ထင်ရှားထူးခြားနေစေရန် ဝတ်ခိုင်းခြင်းပေတတ်။ လိမ္မာယဉ်ကျေးသော အဆင်နု အသွေးနုများကိုသာ ဝတ်ဆင်သော နန်းတွင်းသူများနှင့် မွေ့ကေသာကို ခွဲခြားနိုင်ရန် အမိန့်ပေးခိုင်းခဲ့ခြင်းသာ။

သို့သော် မွေ့ကေသာ၏ အသားရောင်သည် ကြက်သွေးနီရောင်စုံကြောင့် ပို၍ ဝင်းဝါသွားသည်။ နှင်းဆီဝါတစ်ပွင့်ကို မြိတ်စိုဆံထုံးဘေးတွင် ပန်လိုက်သောအခါ အနီရောင်၏ အမြင်ရိုင်းမှုသည် ပျော့ပျောင်းသွားသည်။

သို့သော်လည်း မိမိ ဘယ်လောက် တင့်တယ် ပြေပြစ်နေသည်ကို မွေ့ကေသာ ကိုယ့်ကိုယ်ကို သတိမထားမိ။ မိမိ၏ မိကျောင်းဆောင်းနှင့် 'တေးသီချင်းတွင်' သဘင်ခန်းမထဲရှိ ပရိသတ်အားလုံး ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



နစ်မျောနေကြသည်ကိုလည်း သတိမထားမိ။ ရှေ့မှောက်တွင် ချထားသော မိကျောင်းစောင်း၏ ပိုးကြိုးများကိုသာ စိတ်ဝင်စားနေမိသည်။

မိကျောင်းစောင်းကြိုးကို တီးခတ်သည့် ညာလက်ချောင်းပေါက် ရွှေလက်ခတ်အဖျားနှင့် စောင်းကြိုးတို့ကို ထိတွေ့နေသည်ကိုသာ သိသည်။ ဘယ်လက်ဖြင့် စောင်းကြိုးအသံပေါက်များကို ထိန်းညှိ ဖိရွှေ့ရင်း မိမိအလှည့် မြန်မြန်ပြီးသွားပါစေဟု ဆုတောင်းနေမိသည်။

"+++ ယဉ်ကျေးအောင်သာ ++ ပြည်ဟံသာ တိုင်းကြီးအလယ်
အလယ် + အို သဘင်ခန်းမှာတော့ + တစ်လမ်းစီ ကြဲကြတယ်
+ စီကာညီကာ နွဲ့လိုက်ပေတော့ + လေး လေပျိုမယ် +
ဧလေ ချိုလှတယ်+++"

တေးသည် အလွမ်းအဆွေးမဟုတ်။ အမြူးအကြွတေး ဖြစ်သည်။ အတွင်းတော် ဆိုင်းဝိုင်းမှ ပန်တျာသည်တို့ကလည်း မွေ့ကေသာ၏ တေးကို စည်းအမြန်လိုက်ပေး နေကြသဖြင့် ပို၍ မြူးကြွနေသည်။

"+++ရွှေလရယ်သာ၊ ခပ်ရွှာရွှာ ထိုင်ပါလေး ++ မပိုင်တော့သေး
+ အို သူ့နှယ် ရဲရန့်ကော၊ ဆွဲတော့မလို + အို ---- ကျွန်မကို
ကြိုက်ပါလေး-----"

ပရိသတ်ထဲမှ ခပ်အုပ်အုပ် ရယ်သံထွက်ပေါ်လာသည်။

မွေ့ကေသာ ခေါင်းမဖော်ရဲ။ ဤတေးကို ယဉ်ကျေးသောနန်းတွင်းသူတို့က တေးဆိုရန် ရှောင်လေ့ရှိသည်။ ဤတေးကိုဆိုလျှင် လူပျိုတော်သားတို့က အအုပ်ပိုဒ်ကို ညာသံပေး၍ ဝိုင်းအော်လေ့ရှိကြသည်။ သို့သော် ဤ 'တိုင်းသံ နှိုင်းစံ ပယ်ချွာ'ကိုမှ မွေ့ကေသာ ဆိုရသည်။ မဟာဒေဝီ၏ အမိန့်။

နာကျင်သော နှလုံးတို့ဖြင့် စောင်းကြိုးကို ခပ်ပြင်းပြင်း တီးမိသည်။

မိကျောင်းရုပ်သည် မွေ့ကေသာ၏ အားစိုက်တီးခတ်မှုကြောင့် လှုပ်ရှားနေလေသည်။ အထက်သို့ ကော့ပျံနေသော မိကျောင်းအမြီးဖျားသည်လည်း တဆတ်ဆတ် တုန်လာသည်။

++အို --- + ကျွန်မကို ကြိုက်ပါလေး+---"

ညည်းကလည်း ပျိုသေး- ငါကလည်း အိုသေး- စိတ်စက်ကယ် လေးတယ်နှင့်- တွေးရဦးမယ်- ဟော့- တွေးရဦးမယ် ဝါး--"

ဆိုင်းသမားများက မွေ့ကေသာ၏ အခံပိုဒ် အဆုံးတွင် ညာသံပေး၍ အော်လိုက်ကြသည်။ သဘင်သည် ပို၍ မြူးကြွလာသည်။



ခေါင်းညီမင်းသားများ ထိုင်နေသည့် စင်ဆီမှ စည်းချက်လိုက်သော လက်ခုပ်သံများ ပေါ်လာသည်။

မွေ့ကေသာ မျက်နှာပြင်သည် ကြက်သွေးရောင်တဘက်နှင့် အရောင်ချင်းပြိုင်နေပြီ ထင်ရသည်။ ရွှေလက်ခတ် စွပ်ထားသော လက်ချောင်းတို့သည် ခပ်ဖိဖိ တီးဖန်များသောကြောင့် အဆစ်များ နာကျင်လာသည်။

သို့သော် တေးက မဆုံးသေး။ အသံမတုန်စေရအောင် သတိထားရင်း မွေ့ကေသာ အခံပိုဒ်ကို ဆက်ဆိုရပြန်သည်။

"အို- ငွေတစ်မူးရယ်နဲ့- သိုက်တူးလေ လိုက်ဦးမယ်- သိုက်တူးက ပြန်-- ပွဲရုံနှင့် ကျွေးမယ်လို့- အိုလေ ချဉ်ပေါင်ဟင်းရယ်နဲ့ အပင်းလေး ရှိလှည့်ကွယ်"

အခံပိုဒ်ဆိုပြီးသောအခါ ဝိုင်းတော်ထဲမှ ပတ်မနှင့်လင်းကွင်းသံတို့ တဟည်းဟည်း မြည်လာသည်။ မွေ့ကေသာ မျက်စိ စုံမှိတ်လိုက်သည်။ ဖြစ်နိုင်လျှင်တော့ နားကိုပါ တင်းတင်းကျပ်ကျပ် ပိတ်လိုက်ချင်သည်။ တကယ်တမ်း ဖြစ်နိုင်သေးလျှင်လည်း ဤသဘင်ခန်းမထဲမှ တစ်ပါးတည်း ထွက်ပြေးသွားချင်သည်။

သို့သော် မွေ့ကေသာ ထွက်မပြေးနိုင်။ မွေ့ကေသာ နားကို မပိတ်နိုင်။

ထိုအခါ သေယစ်နေသော မင်းသားများပါဝိုင်း၍ အော်ဟစ်ကြသော ညာသံအအုပ်ပိုဒ်ကို မွေ့ကေသာ မကြားချင်အဆုံး။

"--ဆံမြိတ်ကယ် တိုး-ဟော့ ဆံမြိတ်ကယ်တို--အပျိုလေလား လို့ မိရယ်၊ မင်း အပျိုလေလားလို့ မိရယ်- နောင်ခါကျကာမှ အိုမှန်းကို မောင်သိတယ်"

ရက်ကြောက်ခြင်း ပြင်းစွာဖြင့် မျက်စိကို မှိတ်လိုက်မိသည်တွင် မိကျောင်းစောင်းကြိုးပေါ်သို့ မျက်ရည်တစ်ပေါက်ကျသွားသည်။ လက်ခတ်စွပ် ညာလက်ကို စောင်းကြိုးပေါ်သို့ မတင်နိုင်တော့။ ဘယ်လက်ကိုလည်း မိကျောင်းစောင်း၏ ခေါင်းပိုင်းပေါ်သို့ အသံထိန်းညှိရန် မလှုပ်ရှားနိုင်တော့။

သဘင်သည် အမြူးဆုံးအဆင့်သို့ ရောက်ရှိသွားလေသည်။

မွေ့ကေသာအဖို့ သက်သာရာ ရသွားသည်။ တေး၏ ကျန်ပိုဒ်များကို မွေ့ကေသာ မဆိုရတော့။ ဝိုင်းတော်သားများက ညာသံဖြင့် အော်ကြသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"+++ အို… ရောင်ကြီးဖွေ+ အဖေလိုကောင်းမှ ပေါင်းမယ်
ပေါင်းမယ်+ လှူပုံလှပေတဲ့ စာဂကို ကြောက်လှပါတယ်၊ ဆိုးလဲမယ်
ကံ+ ကောင်းလည်းမယ့်ကံ+ အို တက္ကစီးဟာမို့+လူကြီးကို ယူမယ့်ကြ
သမီးမလှ၊ လင်မရ၊ အဖမှာ လင်ဝယ်လင်ဝယ်+သွားရဦးမယ်+စဖိုထော
မှာလ၊ ယောက်မကို ကိုင်လို့ မှိုင်မိသလေး++ ဝေး+ မှိုင်မိပါသလေး

ပန်တျာသည်တို့ ကခုန်ရန် သတ်မှတ်ထားသည့် စက်ဝိုင်းနေရာ
သို့ စင်ပေါ်မှ မင်းညီမင်းသားများ ဆင်းလာပြီး ဝင်ကကြသည်
ပတ်မနှင့် လင်းကွင်းသံတို့သည် လခြမ်းကြေးနောင်သံနှင့် နှဲကြီးသံ
လွှမ်းသွားသည်။ ရုတ်ရုတ်သဲသဲနှင့် ဆူညံစွာအော်ဟစ် ကခုန်နေကြ
ဖြင့် မွေ့ကေသာကို မေ့သွားကြလေသည်။

မိကျောင်းစောင်းကို ပိုက်လျက် မွေ့ကေသာ ခန်းမထောင့်တ
နေရာသို့ ထွက်လာခဲ့သည်။ ကခုန်နေသူများကိုတော့ မကြည့်ရဲ
ခေါင်းမော့ကြည့်လိုက်လျှင် ပါးပြင်ပေါ်က မျက်ရည်များကို တွေ့သွာ
ကြမည်။ အခြား တစ်ပါးသူများထက် မဟာဒေဝီ တွေ့သွားလျှင်
"စံအိမ်တော်ရဲ့ ကျက်သရေမင်္ဂလာကို နင်က ယုတ်ညံ့အောင်လုပ်သလာ
မွေ့နှင်း"ဟု ကြိမ်းမောင်းဦးမည်။

ကပွဲသဘင်ခန်းမထဲ လှုပုံအလယ်မှာ သည်တစ်ခါကြိမ်းမောင်
လာလျှင် သည်တစ်ခါတော့ မွေ့ကေသာ ခါတိုင်းလို ခေါင်းငုံ့လည်စင်
ငုတ်တုတ်မခံ၊ ပြန်၍ တစ်ခုခု ပြောမိလိမ့်မည်ဟု ထင်သည်။ မျက်ရည်
များ ပြည့်နေသော မျက်လုံးတို့ဖြင့် မဟာဒေဝီလကို စေ့စေ့ကြည့်လျှက်
အော်မိကောင်း အော်မိမည်။

"ဒီမှာ တော်ကြီးရဲ့၊ ကျုပ်ဟာ တော်ကြီးထင်သလို ဒုန်ဝန်းစာ
သံလှစ်ရဲ့ သမီး မွေ့နှင်းမဟုတ်ဘူး၊ မြို့စားသမီးဆိုပြီး မဟာဒေဝီ
အဖြစ်နဲ့ တော်ကြီးက လက်အောက်ခံကျွန်လို ကျုပ်ကိုမဆက်
ဆံနဲ့။ ကျုပ်နာမည်က မွေ့နှင်းမဟုတ်ဘူး၊ မွေ့ကေသာ၊ မွေ့ကေ
သာတဲ့၊ သိရဲ့လား၊ မော်ခေါစေတီမှာ ပန်းရောင်းတဲ့ ပန်းသည်မ
မွေ့ကေသာ၊ တော်ကြီးကို ရွှေနန်းတော်ကို ကြောက်တတ်တဲ့
ရိုးရိုးသားသား လုပ်ကိုင်စားတဲ့ ပန်းသည်မ၊ ပြီးတော့ တော်ကြီး
သိရဲ့လား၊ ကျုပ်ချစ်သူ စောသံမုန်ဟာ တောင်ကြီးတို့ ဖိန့်ဖိန့်တုန်
ကြောက်နေတဲ့ မင်းသာ ဗညားနွဲ့ရဲ့ လက်ရွေးစင် သွေးသောက်ရှင်
ဒါပေမဲ့ ကျုပ်ချစ်သူဟာ တော်ကြီးကို မုန်းတယ်၊ မင်းသား
ဗညားနွဲ့ကိုလည်း လိုလားလို့ တော်ကြီးဆီမှာ ဒုန်ဝန်းစာသမီး



မွေ့နှင်း အယောင်ဆောင်ပြီး သူလျှိုသာလုပ်နေတာရှင့်"ဟု။

စောစောက"တိုင်းသံ နှိုင်းသံ ပယ်ချွာ"တေးကို လှုပုံအလယ်တွင် ဆိုခဲ့ရသောကြောင့် ရှက်စိတ်ဖြင့် နာကျင်နေသော နှလုံးသားသည် မွေ့ကေသာအား ထိုစကားများကို ပြောစေလိမ့်မည်ဖြစ်သည်။

"အို ကျွန်မကို ကြိုက်ပါလေး--"တေးသည် ပန်တျာသည် အစုဝင် ပွဲဦးထွက် သဘင်သည်မတို့သာ ဆိုလေ့ရှိသော တေးအတိုင် အဖောက် အခံအအုပ်နှင့် မြူးမြူးကြွကြွ ဆိုရသော တေး။ နန်းတွင်းသူ မိန်းမပျိုတို့က ရှက်စနိုးဖြင့် တေးဆိုရန် ငြင်းပယ်လေ့ရှိသော တေး။

အရှက်ဖြင့် အသက်ရှင်ရသည်ဆိုသော စကားကို မွေ့ကေသာ ကောင်းကောင်း သဘောပေါက်လာသည်။ အခံပိုဒ် အဆုံးတွင် ဝိုင်းတီး သမားများက ညာသံပေး၍ အအုပ်ပိုဒ်လိုက်အော်ကြသည်ကို ပြန်၍ ကြားယောင်နေမိသည်။

သို့သော် သူတို့တစ်တွေကမူ မွေ့ကေသာကို မေ့သွားကြပေပြီ။

သေယစ်နေကြသော မင်းညီမင်းသားတို့အကြိုက် ဆိုင်းဝိုင်းတော်ကလည်း ကျယ်လောင်စွာ တီးမှုတ်ပေးနေကြသည်။ ဝိုင်းအလယ်တွင် သောသောညံညံ ကခုန်နေကြပေပြီ။

မွေ့ကေသာကား မိကျောင်းစောင်းကို ရင်တွင် တင်းကျပ်စွာ ပိုက်လျက်။

မဟာဒေဝီပင်လျှင် သဘင်၏ မြူးကြွမှုကြောင့် မွေ့ကေသာကို မေ့နေသည်။ မြို့စားကတော်နှင့် ဝန်ကတော်များအလယ်တွင် ခေါင်းခါခါ လည်ခါခါဖြင့် ရယ်မောပြောဆိုနေလေသည်။

"ဟော ဒုန်ဝန်းစာသမီးက ဒီရောက်နေပါလားကွယ့်"

နောက်ကျောဘက်မှ ယောကျ်ားသံတစ်သံ ပေါ်ထွက်လာသဖြင့် မွေ့ကေသာ လှည့်ကြည့်လိုက်သည်။

သားမွေးသိုရင်း အဖြူရောင်ကို ဝတ်ဆင်ထားသည့် မင်းသား တစ်ယောက်။

သူ့ကို မွေ့ကေသာ မသိ။ ကျေးတစ်ရာခေါင်းပေါင်း၊ သားမွေး သိုရင်း လွန်းချိတ်ပုဆိုးတို့ဖြင့် ထည်ဝါစွာ ဝတ်ဆင်ထားသဖြင့်သာ မင်းညီ မင်းသား တစ်ယောက်ဟု မွေ့ကေသာ နားလည်လိုက်သည်။

"ဟဲ့- ဟဲ့ စောစောက မင်းတေးဆိုတာ တယ်ကောင်းတာပဲ"

ပြောပြောဆိုဆိုဖြင့် ရှေ့သို့ တိုးလာသည်။ သေရည်နံ့ကို မွေ့ကေသာ ချဉ်ချဉ်စူးစူးအနံ့ ရလိုက်သည်။ မိကျောင်းစောင်းကို ပိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com


နောက်သို့ တရွေ့ရွေ့ ဆုတ်ရတော့သည်။

"တေးဆိုကောင်းသလို ရုပ်ကလေးကလည်း တယ်လှ"

သေရွှေဖြင့် နီရဲနေသော မျက်လုံးတို့သည် မွေ့ကေသာ၏ ရင်ဝတ်အပေါ် နားဆီသို့ စူးစူးစိုက်စိုက် ကြည့်နေလေသည်။

"မကြောက်ပါနဲ့ မွေ့နှင်းရဲ့၊ ကျုပ်က ကိုယ်တော်ကြီး သမိန်မရွှေ ရဲ့ ရဲညီတော်တစ်ယောက်ပါ ဟဲ ဟဲ၊ မင်း ကျုပ်တစ်ယောက်တည်းကိုပဲ တေးတစ်ပုဒ် သီးသန့်ဆိုပြပါလား၊ အဲဒီ မင်းရင်ခွင်ထဲက မိကျောင်း စောင်း ကျုပ်ကိုပေးလေ၊ ဟဲ ဟဲ ဟဲ"

ကြီးမားသော လက်အစုံတို့သည် သားမွေးသိုရင်းအတွင်းမှ ထွက် လာပြီး မွေ့ကေသာ၏ ရင်ရှေ့တွင် ပျံ့ဝဲလာသည်။

"ပေးလေ ပေးပါ၊ မိကျောင်းစောင်း ကျုပ်ကို ပေးထားပါ"

ကနုန် ဆူညံနေသော ခန်းမအလယ်ဆီသို့ မွေ့ကေသာ လှမ်း ကြည့်မိသည်။ ခန်းမထောင့်ရှိ သူတို့နှစ်ဦးကို မည်သူမျှ သတိမထားကြ။ အော်ရမည်ကိုလည်း မွေ့ကေသာ မေ့နေသည်။ နောက်သို့ တရွေ့ရွေ့ ဆုတ်ခဲ့ရာတွင်လည်း ရွှေရေးချတိုင်လုံးနှင့် ကျောပြင်ထပ်မိနေပြီ။

အကယ်၍သာ ဒုန်ဝန်းစား သံလုစ်၏ သမီးရင်း မွေ့ကေသာ ဆိုပါကလည်း ဤနေရာတွင် မြို့စားသမီးတော်တစ်ယောက်ဟူသော ရာဇမာန်မျိုးဖြင့် မင်းသားကို ကြောက်လိမ့်မည် မဟုတ်။ မွေ့ကေသာ သည် မွေ့နှင်းဖြစ်သော်လည်း မွေ့နှင်း မဟုတ်သောကြောင့် အားငယ် ထိတ်လန့်လေသည်။

မွေ့ကေသာက တိုင်လုံးကို ကျောဖြင့် ဖိကပ်ရင်း လှည့်ပတ်နေ မိသည်။ သေမူးနေသည့် မင်းသားက မွေ့ကေသာ လှည့်ပတ်နေသည့် အတိုင်း လိုက်၍ လိုက်၍...။

"ဘာတဲ့ စောစောက မင်းဆိုခဲ့တဲ့တေး၊ 'ဆံမြိတ်ကယ် တိုရှည် အပျိုလေးလားလို့ အမိရယ်+ နှောင်ခါကျကာမှ+ အိုမှန်းကို မောင်သိ တယ်++'ဆိုတာလေ၊ ဟား ဟား ဟား"

ရက်ခြင်းနှင့် ကြောက်ခြင်းတို့ နှစ်ခုပေါင်းမိသောအခါ ကျောက် သားနှစ်ခု ဖိကပ် ကြိတ်ခြေခြင်း ခံရသော ပွင့်ချပ်ကဲ့သို့ မွေ့ ကေသာ၏ ပါးပြင်ပေါ်တွင် မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်း လာလေသည်။

"ပေးပါကွ၊ မိကျောင်းစောင်းကို ပေးထားစမ်းပါ"

မင်းသားသည် မွေ့ကေသာ ကြောက်နေမှန်း သိသောအခါ ပို၍ အတင့်ရဲလာပြီး မွေ့ကေသာ ရင်ခွင်ဇာမှ မိကျောင်းစောင်းကို အတင်း ဆွဲယူတော့သည်။ အယောင်ယောင် အမှားမှားနှင့် မိကျောင်း စောင်းကို မလွှတ်တမ်း ဆုပ်ကိုင်ထားမိသည်။ ထိုအခါ သေမူးနေသော မင်းသား၏ ကြီးမားသော လက်တို့သည်...

"လွှတ်...လွှတ်"

"မလွှတ်ပါဘူးကွ၊ မင်းက သိပ်လှနေတာပဲ၊ မိကျောင်းစောင်း ကြီးက ကွယ်နေတော့ မင်းရဲ့ အလှကို ထင်ထင်ရှားရှား မမြင်ရ ဘူး၊ ဒါကြီးကို ဖယ်ပစ်လိုက်မှ ပိုပြီး..."

"ဟော့ ဘာဖြစ်နေကြတာလဲ"

ကြားနေကျ ခက်ထန်မာကျောသော အမိန့်သံ။

ရုတ်တရက် ထိတ်လန့်သွားပြီး မိကျောင်းစောင်းကို လွှတ်လိုက် မိသည်။ သေရည်မူး မင်းသားလည်း အသံလာရာဆီသို့ လှမ်းကြည့် လိုက်ပြီး သူ့လက်တို့ကို ပြန်ရုပ်လိုက်သည်ဖြစ်ရာ–

မိကျောင်းစောင်းသည် ကြမ်းပြင်ပေါ်သို့ ကျသွားလေသည်။

ကျိုးပဲ့နေသော မိကျောင်းစောင်း ခေါင်းပိုင်း၏ အစအနများ ကို ကျော်လွှားလျက် မဟာဒေဝီသည် မွေ့ကေသာ ရှေ့သို့ ရုပ်လာသည်။

"ဘာဖြစ်နေကြတာလဲလို့ ငါမေးနေတယ်"

မွေ့ကေသာ ဘာပြန်ဖြေရမည်မသိ။ သူ့မျက်ရည်များကို မဟာ ဒေဝီ တွေ့သွားပေပြီ။

"အရှင်တော် ကျုပ်က သူ့ကို စောင်းတီးပြီး တေးတစ်ပုဒ်ဆိုပြ ပါလို့ တောင်းပန်တယ်၊ အဲဒါ သူက မတီးဘူးဆိုပြီး စောင်းကို ပစ်ချ လိုက်တယ်"

"သြော် သမိန်ခွန်လောပါလား၊ အင်း မင်းက တောင်းပန်တာကို သူက ငြင်းပြီး စောင်းကို ပစ်ချတယ်ဟုတ်လား"

"ဟုတ်ပါတယ် အရှင်တော်၊ ဟုတ်ပါတယ်"

"မွေ့နှင်း"

မီးထွက်မတတ်သော မဟာဒေဝီ၏ မျက်လုံးများကို မွေ့ကေသာ တွေ့လိုက်ရသည်။ ရုတ်တရက်အားဖြင့် ပြင်းစွာ တုန်လှုပ်သွားရသည်။ သို့သော် အကြောက်တို့သည် အဆုံးစွန်သို့ ရောက်ရှိသွားကြပြီ ဖြစ် သည်။ စောစောက အတွေးများ ခေါင်းထဲ ဝင်လာသည်။ ဆတ္တ ပြင်း ထန်နေမည်ဖြစ်သော မျက်လုံးများဖြင့် မဟာဒေဝီကို ပြန်ကြည့်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မွေ့နှင်း၊ ဒါ ဘယ်သူထင်သလဲ၊ သမိန်မရူရဲ့ ညီတော် **သမိန်ခွန်လော မင်းသား၊ နားလည်လား၊ နင့်ကိုယ်နင် မြို့စားသမီး** **ဆိုပြီး ရွှေနန်းတော်က မင်းသားတစ်ပါးကို မထီမဲ့မြင် မလုပ်ချင်** နဲ့၊ နင် မြို့စားသမီးက တစ်ပါးသူတွေလို အရှိန်အဝါကြီးတဲ့ မြို့စားသမီးမဟုတ်ဘူး၊ အစွန်အဖျား အသေးအမွှား မြို့စားသမီး နင့်ကိုယ်နင် ဘာများထင်နေသလဲ"

အစာတစ်ခုခုကို ပျို့အန်ချင်လာသလို စကားလုံးများသည် မွေ့ကေသာ ရင်ထဲမှ တလိပ်လိပ် တက်လာကြသည်။

"ရုပ်ကလေး သနားကမားနဲ့မို့ နင်က အလှမာန်တက်ချင်သလား၊ နင်စိတ်ကြီးဝင်ပြီး ငါ့ကိုတောင် မလှန်နိုင်လို့ ခံညားနေတာ ငါမသိဘူး မထင်နဲ့ ဒုန်ဝန်းစားသမီးရဲ့၊ နင့်လို မြို့စားကျ တစ်ယောက်ရဲ့သမီးမပြောနဲ့၊ ရွှေနန်းတော်ထဲက ဆင်ဖြူရှင်ရဲ သားတော်အရင်း ဘုရင့်သွေး ဘုရင့်သားတွေတောင်မှ ငါ့ကို စေ့စေ့ မကြည့်ရဲဘူး၊ ဟို ဘီလူးလိုအကောင် ဗညားနွဲ့တစ်ယောက်သာ ဒဂုန်ကို ထွက်ပြေးပြီး ပုန်စားဝံ့တာ၊ နားလည်ရဲ့လား"

အခါတိုင်းဆိုလျှင် မဟာဒေဝီ၏ အမျက်ဒေါသအောက်ဝယ် မွေ့ကေသာ ခေါင်းမဖော်ဘဲ ငုံ့ခံခဲ့သည်ချည်း။ ယခုမူ စေ့စေ့ပြန်ကြည့်နေသော မွေ့ကေသာ၏ အမူအရာကြောင့် မဟာဒေဝီ ပို၍ ခက်ထန်လာသည်။

"နင်က ငါ့ကို ဒီလိုမျက်လုံးမျိုးနဲ့ ကြည့်တယ်လား– ဟင်"

မဟာဒေဝီက လက်ကို လွှဲလိုက်သည်။

သို့သော် မွေ့ကေသာ ပါးပြင်ပေါ်သို့ လက်ရောက်မလာ။

မွေ့ကေသာ မဟာဒေဝီ၏ လက်ကို ပုတ်ခတ်လိုက်သဖြင့်။

စာမရိမ၏ အသွင်အပြင်မျိုး မွေ့ကေသာထံတွင် ပေါ်လာသည်။

"တော်ကြီး၊ တော်ကြီး ကျုပ်အသားကို မထိနဲ့၊ ကျုပ်..."

"ဘာ"

မဟာဒေဝီ အသံကျယ်လောင်လှသဖြင့် ခန်းမတစ်ခုလုံးမှ ပရိသတ်များ လှည့်ကြည့်ကြသည်။

"ကျွန်စုတ်မ"

မုန်ယိုသော ဆင်မ၏ စူးရှူးနစ်နစ်သော အော်သံမျိုး။

သို့သော်...



တိုက်ဆင်တစ်ကောင်၏ တိုက်ပွဲဝင် အော်သံမျိုးကို အသံနက်ကြီးတစ်ခုက ခန်းမထဲသို့ ထိုးဖောက် ဝင်ရောက်လာလေသည်။

"အားလုံး ဒူးထောက်လိုက်ကြစမ်း၊ ဗညားနွဲ့ကိုယ်တော်ကြီး ရွှေနန်းတော်ကို သိမ်းပိုက်လိုက်ပြီ၊ လက်နက် ဓား လှံ တုတ်သူ နေရာတွင် ကွပ်မျက်စေ၊ ဗညားနွဲ့ကိုယ်တော်ကြီး အမိန့်"

ဤအသံဝါကြီးကို ချက်ချင်း မှတ်မိလိုက်သည်။

ဝမ်းသာအားရ အော်ဟစ်လျက် ခန်းမတံခါးဆီသို့ ပြေးသွားမိသည်။

"အဒေါ်ကုန်း၊ အဒေါ်ကုန်း..."

* * *

ကမ္ဘာလောကသည် မွေ့ကေသာအတွက် ပျော်ရွှင်ချမ်းမြေ့ဖွယ် ဖြစ်ပြီဟု မဆိုနိုင်သေးသော်လည်း ဒုက္ခတို့ သိသိသာသာ ချုပ်ငြိမ်းပြီဟုကား မွေ့ကေသာ ခံစားမိလေသည်။

အရေးတော်ပုံ ကာလကြီး၏ အပြောင်းအလွဲ အဖြစ်သနစ်များကိုတော့ မွေ့ကေသာ သေသေချာချာ မသိ။ သို့သော် ဒဂုန်သို့ စုန်ပြေးပြီး ဗိုလ်ပါစုဆောင်းခဲ့သော ဗညားနွဲ့မင်းသားသည် ဟံသာဝတီသို့ပြန်လာကာ ထီးနန်းကို သိမ်းပိုက်လိုက်ပြီဟု သိရသောအခါ ဗညားနွဲ့ မင်းသားကို လေးစားကြည်ညိုနေခဲ့သည့် မွေ့ကေသာသည် အတိုင်းမသိ ဝမ်းသာအားရ ဖြစ်သွားသည်။

မင်းသား ဒဂုန်သို့မစုန်မီ ဗဂိုးနေပြည်တော်တွင် ရှိနေစဉ်က မင်းသား၏ အတွင်းရေး အမှုတော်ကို လျှို့ဝှက်စွာ ထမ်းရွက်ရကျိုးလည်း နပ်ပြီဟု ဝမ်းသာမိလေသည်။

တပို့တွဲလဆန်း ဆယ်ရက်နေ့က ဗညားနွဲ့မင်းသား 'ရာဇာဓိရာဇ်'ဘွဲ့ခံ၍ ဘိသေကသဘင် နန်းတက်သဘင် ဆင်ယင်ခဲ့သည်။ ထိုအခမ်းအနားကြီးကို မွေ့ကေသာ အသေးစိတ် မမှတ်မိတော့။

မွေ့ကေသာ သေသေချာချာ မှတ်မိနေသည်ကား...။

နန်းတက်သဘင် မဆင်ယင်မီ တစ်နေ့က အဖြစ်အပျက်။

ဗညားနွဲ့မင်းသားသည် မြင်းပေါ်တွင် ခံညားစွာ ထိုင်နေသည်။ သူ့ဘေးတွင် မင်းကန်စီ၊ အဒေါ်ကုန်း၊ သမိန်သံဖြတ်၊ ဘောဘွဲ့နှင့် ခေတ်

www.burmeseclassic.com

www.burmeseclassic.com



သောက်၊ မတ်သံကေား စသည့် တပ်မှူးများ ခြံရံနေသည်။

အဒေါကုန်းက ပြထားသဖြင့် မင်းသား၏ လက်ရွေးစင် သွေးသောက် တပ်မှူးများအမည်ကို မွေ့ကေသာ သိနေသည်။ အုန်းခွံရောင် စစ်မြင်းကြီးများပေါ်မှ သွေးသောက်တပ်မှူးကြီးများ၏ ခံ့ညားသော အသွင်ကို ကြည့်ရင်း မွေ့ကေသာ ရင်ထဲတွင် နာလာသည်။ မြင်ကွင်းတို့ ဝေဝါးလာသည်။

အဒေါကုန်း အနားသို့ ကပ်လာသည်ကိုပင် သတိမထားမိ။

"ကေသာ"

အသံကြားတော့မှပင် အဒေါကုန်းကို လှည့်ကြည့်မိသည်။

အဒေါကုန်း၏ ကြင်နာသောအသံ၊ ကြင်နာသော အကြည့်တို့ကို ခံစား ထိတွေ့လိုက်သောအခါ မွေ့ကေသာ ချုပ်တည်းနိုင်စွမ်းမရှိတော့။

ဖခင်၏ ရင်ခွင်တွင်းသို့ သမီးတစ်ယောက်၏ ပြေးဝင်ခြင်းမျိုးဖြင့် အဒေါကုန်းထံ ပြေးဝင် ဖက်တွယ်မိတော့သည်။

"ဂုဏ်ယူပါ သမီးရယ်၊ ဂုဏ်ယူပါ"

နှုတ်မှ ဖွင့်မပြောသေးဘဲလျက် အဒေါကုန်းသည် မွေ့ကေသာ၏ ခံစားနေရမှုကို သိသွားပေသည်။ သိမ့်သိမ့်ခါအောင် ငိုနေသည့် မွေ့ကေသာ၏ ပခုံးကို တယုတယ ပွတ်သပ်ချော့မော့သည်။

ရှိုက်သံ တနင့်တထွေးနှင့် မွေ့ကေသာ ပြောမိတော့သည်။

"အဒေါကုန်းရယ်၊ အမောင်သာရှိရင်လေ... အမောင်သာ ရှိနေသေးရင်လေ၊ အခု ကိုယ်တော်ကြီးရဲ့ဘေးမှာ ဟိုသွေးသောက် တပ်မှူးတွေလိုပဲ စစ်မြင်းကြီးပေါ်မှာ ခံ့ခံ့ညားညားထိုင်လို့ ကိုယ်တော်ကြီးရဲ့ နန်းသိမ်းပွဲမှာ အမောင်လည်း လိုက်ပါလို့၊ ပြီးတော့ ကေသာနဲ့ အတူလေ"

"တိတ်ပါ သမီးရယ်... တိတ်ပါ၊ စောသံမုန် မရှိတော့ပေမဲ့ စောသံမုန်ရဲ့ သူရဲကောင်းအဖြစ်ကို ကိုယ်တော်ကြီးရဲ့ နှလုံးသားက အမြဲ သိမ်းဆည်းထားပါတယ်၊ စောသံမုန်ကိုယ်စား သမီးကို ကိုယ်တော်ကြီးကိုယ်တိုင် ချီးမြှောက်ပါလိမ့်မယ်"

မျက်ရည်စတို့ ရွှန်းစိုဝင်းလက်နေသည့် မျက်လုံးများဖြင့် အဒေါကုန်းကို မော့ကြည့်မိပြန်သည်။

"ကိုယ်တော်ကြီးရဲ့ အချီးအမြှောက်ကို ကေသာ မမက်မောပါဘူး အဒေါကုန်းရယ်၊ အမောင် မရှိတော့တဲ့ဘဝမှာ ကေသာ ဘာကိုမှ မမက်မောတော့ပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သမီးရယ်၊ ဟော ကိုယ်တော်ကြီး ခေါ်နေတယ်၊ ကျုပ်သွားမယ်၊ ညဘက် နန်းသိမ်းသဘင်ကျမှ တွေ့ကြစို့ သမီး"

တပ်မှူးများ ခြံရံလျက် ယာယီနန်းတော်အဖြစ် ဆောက်ထားသော မဏ္ဍပ်ကနားဆီသို့ ထွက်ခွာသွားသည့် ဗညားနွဲ့ ကိုယ်တော်ကြီးကို မွေ့ကေသာ ငေးကြည့်မိသည်။ ကိုယ်တော်ကြီးသည် မြင်းဇက်ကို ဘစ်ဖက်သို့ လှည့်ကိုင်ရင်း မွေ့ကေသာကို ငဲ့စောင်းကြည့်၍ ပြုံးရယ် နှုတ်ဆက်သွားလေသည်။

ညဘက် နန်းသိမ်းပွဲသဘင်၌ အဒေါကုန်းနှင့် ထပ်တွေ့သည်။

အဒေါကုန်းက မွေ့ကေသာကို ဗညားနွဲ့ ထိုင်နေရာ ပလ္လင်အနီးထိ ခေါ်သွားသည်။ သံတော်ဆင့်နှင့် နာခံတော်ဝန်တို့က အရိုက်အရာ ချီးမြှင့်သည့် အခမ်းအနားကို ကြီးမှူး ကျင်းပနေကြသည်။

"ဘုန်းတော်ကြီးသော သူ့ရှင်မင်းတရား၏ အမိန့်တော်ဖြင့် အရေးတော်ပုံတွင် စွမ်းစွမ်းတမံ အမှုတော်ထမ်းရွက်သူများအား ရာထူးဌာနန္တရများ ချီးမြှင့် မြှောက်စားတော်မူခြင်း သဘင်အခါတော်"

သံတော်ဆင့်၏ အသံဝါကြီးက အောင်မြင်စွာ ထွက်ပေါ်လာသည်။

"သန်လျင်မြို့စား အမတ်ဒိန်အား မြို့ကို စားမြဲစားစေ၍ အမတ်ဒိန် မဏိရွတ်ဘွဲ့မည်ကို ဆင်ယင်စေ"

"လှုဝတ်ကြောင်အဖြစ် ရောက်ရှိပြီးဖြစ်သော မပိုင် ဆရာတော်အား စက်လွှန် ဘွဲ့အမည် ဆင်ယင်စေ"

"မင်းကန်စီအား ရာဇမနုဘွဲ့မည် ဆင်ယင်စေ"

"ဘောမွန်အား သိရိမနုဘွဲ့မည် ဆင်ယင်စေ"

"မတ်သိန်အား စောနုသိန်ဘွဲ့အမည် ဆင်ယင်စေ"

ကောင်းမြတ်သော အောင်ပွဲခံ အခါတော်သဘင်သည် မွေ့ကေသာအဖို့မှု နှလုံးသည်းပွက် ကြေကွဲစရာ အခမ်းအနား ဖြစ်လာရပြန်သည်။

တပ်မှူးများ၊ တပ်မင်းများကို တစ်ယောက်ပြီးတစ်ယောက် ဘွဲ့မည်များဖြင့် ချီးမြှင့်၍ မြို့စားနယ်စား ပေးနေသည့် သံတော်ဆင့်၏ ရွတ်ဖတ်ကြေညာသံသည် မွေ့ကေသာ၏ နားထဲသို့ ပူပြင်းသောင်မြိုက် စွာ တိုးဝင်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမောင်သာရှိခဲ့လျှင်..."

မတွေးချင်၍ မရ၊ မစဉ်းစားချင်၍ မရ။

"သူရဲကောင်း စောသံမုန်အား ဤမည်သောဘွဲ့မည် ဆင်ယင်စေ"

နားထဲတွင် ကြားယောင်လာသည်။ ခေါးအိမ်ကိုလွယ်လျက် အခြားတပ်မင်းများကြားတွင် ထိုင်နေမည့် အမောင့်ရုပ်သွင်ကို မြင်ယောင်လာသည်။

"ဒဂုန်ဆံတော်ရှင်မှာ ကေသာနဲ့အတူ သစ္စာဆိုမယ်"

အမောင် နောက်ဆုံး ရေးပေးသွားသည့် သဝဏ်လွှာပေါ်က စာလုံးများကို မြင်ယောင်လာသည်။ ထို့နောက်မှကား...

အမောင်စောသံမုန်နှင့် စတင်တွေ့ဆုံခဲ့ရပုံများ...။

မော်ဓော စေတီတော်ရင်ပြင် သင်ပုတ်ပလ္လင်ဘေးတွင် အမောင် ဒဏ်ရာဖြင့် လဲကျနေခဲ့ပုံ၊ မွေ့ကေသာ၏ ခြံဝိုင်းပန်းခင်းမှ ပန်းပင်များကို အမောင် ရေလောင်းပေးခဲ့ပုံ၊ အဒေါကုန်းလာခေါ်မည့်နေ့၊ နန်းတွင်းသူတစ်ယောက်လို ဝတ်စားဆင်ယင်ရသည့်နေ့က စူးစူးရဲရဲကြည့်ခဲ့သည့် အမောင်၏ ချစ်ရည်လျှမ်းသော မျက်လုံးကြီးများ၊ ပြီးတော့ 'ကေသာရယ်'ဟုဆိုကာ တင်းတင်းကျပ်ကျပ် မွေ့ဖက်ကာ နံ့သာမှုန် တင်ထားသော မျက်နှာပြင်ကို...

"သမီး ကေသာ၊ မျက်ရည်တွေသုတ်၊ သုတ်လိုက်၊ သံတော်ဆင့်က သမီးကို ဆင့်ခေါ်နေပြီ၊ ကိုယ်တော်ကြီးရှေ့မှောက်ကိုသွား"

အဒေါကုန်းက လာဆွဲခေါ်သဖြင့် မျက်ရည်စတို့ကို ကမန်းကတန်းသုတ်ပြီး ထလိုက်ခဲ့ရသည်။ မွေ့ကေသာ ဘာမျှမသိ။

"အမှုတော်ကို ငယ်ရွယ်နုပျိုသော မိန်းမသူနှင့်မမျှ ကျစ်လျစ်စွာ ထမ်းရွက်ခဲ့ပေသော မွေ့ကေသာအား 'မေနှင်းကေသရာ'ဟူသော ဘွဲ့မည် ဆင်ယင်စေ"

သံတော်ဆင့်၏ အသံကြောင့် မွေ့ကေသာ ငုံ့ထားသော ခေါင်းကို မော့လိုက်မိသည်။

ကြင်နာစွာ ပြုံးကြည့်နေသော ဗညားနွဲ့ ကိုယ်တော်ကြီးကို တွေ့လိုက်ရသည်။

"ဓမနှင်း ကေသရာ၊ စောသံမုန်အတွက် ငါဂုဏ်ယူတယ်၊ မင်းရဲ့



စွမ်းစွမ်းတမံ အမှုတော် ထမ်းရွက်မှုကိုလည်း ငါ ကျေနပ်တယ်၊ သံတော်ဆင့် ဆက်ဖတ်"

ကိုယ်တော်ကြီးက တစ်လုံးချင်း ပြတ်သားစွာ ပြောလျက် သံတော်ဆင့်ကို အမိန့်ပေးလိုက်သည်။

"မေနှင်း ကေသရာအား ဗညားနွဲ့ကိုယ်တော် ဘုရင်မင်းမြတ်က စံအိမ်တော်အဆောင်ရ ကိုယ်လုပ်တော်အဖြစ် ကောက်ယူတော်မူကြောင်း"

"ဟင်..."

အံ့သြ ထိတ်လန့်ခြင်းများဖြင့် ပလ္လင်ပေါ်မှ ဗညားနွဲ့ကိုယ်တော်ကြီးကို မော့ကြည့်လိုက်မိသည်။ သံတော်ဆင့်၏ ဖတ်ရွတ်ကြေညာသံသည် နန်းဆောင်၏ ရွှေပန်းချတိုင်လုံးများကို ရိုက်ခတ်လျက် နန်းဆောင်အတွင်း ပဲ့တင်ဟည်းနေပြီ ထင်ရတော့သည်။

"စံအိမ်တော် အဆောင်ရ ကိုယ်လုပ်တော်အဖြစ် ကောက်ယူတော်မူကြောင်း"

"စံအိမ်တော် အဆောင်ရ ကိုယ်လုပ်တော်အဖြစ် ကောက်ယူတော်မူကြောင်း"

"စံအိမ်တော် အဆောင်ရ ကိုယ်လုပ်တော်အဖြစ် ကောက်ယူတော်မူကြောင်း"

ပလ္လင်ပေါ်မှ ဗညားနွဲ့ ကိုယ်တော်ကြီးကား အပြုံးအရယ်မပျက်။

'သမီးကို ကိုယ်တော်ကြီးကိုယ်တိုင် ချီးမြှင့် မြှောက်စားပါလိမ့်မယ်'ဟု ပြောခဲ့သော အဒေါကုန်း၏ စကားသည် ဤအချက်ကို ရည်ညွှန်းခဲ့ခြင်းပေလား။

မွေ့ကေသာ နန်းဆောင်တွင်းမှ ထွက်ပြေးချင်သည်။ ကိုယ်တော်ကြီး ရှေ့မှောက်မှ၊ အဒေါကုန်းနှင့်တကွသော တပ်မှူးများရှေ့မှ၊ နန်းတက်သဘင်ထဲမှ၊ အလုံးစုံသောလူတွေနှင့် ကင်းဝေးရာသို့ တစ်ခါတည်း ထွက်ပြေးချင်သည်။ ပြီးတော့ မော်ဓောစေတီ ရင်ပြင်ပေါ်သို့ ထိုမှတစ်ဆင့် စေတီတော် အရှေ့ဘက်ရှိ မိမိ၏ အေးချမ်းငြိမ်သက်သော ကမ္ဘာလောကလေးဆီသို့၊ ပန်းခင်းလေးဆီသို့၊ ထို့နောက် ပန်းခင်းလေးအလယ်ရှိ တဲလေးထဲသို့၊ ထို့နောက် ယိုင်နဲ့နဲ့ ကွပ်ပျစ်ခုတင်လေးဆီသို့၊ ထို့နောက် ပန်းရနံ့တို့ သင်းနေသော အိပ်ရာပေါ်သို့။

ပြီးတော့ ရက်ပေါင်း လပေါင်း နှစ်ပေါင်းများစွာ မျှသိမ်းခဲ့ရသော သောက အစိုင်အခဲတို့ကို ထုခွဲဖွင့်ထုတ်ပြီး အိပ်ရာပေါ်တင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိလက်ရှိ လှူးလှိမ့်လျက် အားပါးတရ ငိုလိုက်ချင်သည်။ ငိုရင်းနှ
သည်း အမောင်စောသံမုန်ကို တိုင်တည်၍ ရှိုက်သံတထွေးတနင့်ဖြ
နှုတ်စမပြတ် ရေရွက်ချင်သည်။

"အမောင်ရယ်၊ အမောင်မရှိတော့တဲ့ နောက်ပိုင်းမှာ ကေသာ
မဟာဒေဝီရဲ့ စံအိမ်မှာ အဆူအပူအကြိမ်းအမောင်းတွေ အမျိုးမျိ
အရှက်ကို မငဲ့နိုင်အောင် အိမ်တော်ကျွန်လို အပင်ပန်းခံနဲ့ ဒုက္ခ
အမျိုးမျိုးရောက်ခဲ့ရပြီးတဲ့နောက် ကေသာချစ်တဲ့ အမောင့်အတွက်
အမောင်ခစားတဲ့ ဗညားနွဲ့ကိုယ်တော်ကြီးအတွက် လျှို့ဝှက်အ
တော်တွေထမ်း၊ နောက်ဆုံးတော့ အမောင်ရယ် ကျဆုံးသွား
သူရဲကောင်းကြီး အမောင့် အစား ကိုယ်တော်ကြီးက ကေသာ
ချီးမြှောက်တော်မူသတဲ့၊ စံအိမ်တော်အဆောင်ရ ကိုယ်လုပ်တော
အဖြစ် ကောက်ယူတော်မူမယ်တဲ့၊ ကေသာကိုလေ– အမောင်ချ
တဲ့ ကေသာကိုလေ၊ အမောင်ရယ် ကေသာ့ဘဝမှာ နားခိုစရ
မရှိတော့ဘူးတဲ့လား၊ အမောင်ကလည်း တမင်လွန်ကနေပြီးတော
ကေသာကို မစောင့်ရှောက်တော့ဘူးလားဟင်၊ အမောင့်အ
ချစ်တဲ့ ကေသာ့ အသည်းထဲမှာ အချစ်ဟာ အခုထိ ပူနွေးနေတယ
ဆိုတာ ဒီဟံသာဝတီနေပြည်တော်ကြီးက လူကြီးတွေ မသိ
တော့ဘူးတဲ့လား၊ ကိုယ်တော်ကြီးရဲ့ ကိုယ်လုပ်တော်ဘဝ
ကေသာက ... ကေသာက ဝမ်းပန်းတသာ လက်ခံရမယ်တဲ့လာ
ဟင်– ပြောကြစမ်းပါ၊ ပြောကြစမ်းပါ၊ ကေသာ့ ဘဝမှာ ဘယ်သ
ကို ကေသာ အားကိုးရမှာလဲ၊ ကေသာကို ဘယ်သူနားလည်ကြ
လဲ အဒေါ်ကုန်းလား၊ ဗညားနွဲ့ ကိုယ်တော်ကြီးလား၊ ကွဲကြေနေ
အသည်းနှလုံးကို ကိုယ်လုပ်တော် စည်းစိမ်နဲ့ ကုစားပေးကြမ
လား အမောင်၊ အမောင်ရယ် ...၊ ကေသာ ဘာလုပ်ရမလဲဟ
ကေသာ ဘယ်သွားရမလဲဟင်"

အသိတရားတို့ ပြန်လည်ဝင်ရောက်လာသောအခါမှပ
အဒေါ်ကုန်းက ပခုံးကို တယုတယဖက်လျက် အပြင်စမုတ်ဆောင်ဝ
ခေါ်လာကြောင်း သတိထားမိသည်။ အင်အားချည့်နဲ့နေသူပမာ အိပ်
တွင် နစ်မွန်းနေသည့်ပမာ အဒေါ်ကုန်းဆွဲခေါ်ရာသို့ မွေ့ကေသာ လို
ပါလာမိသည်။

"သမီး...ကေသာ"



အဒေါ်ကုန်းအသံသည် ခါတိုင်းလိုပင် နူးညံ့ ချိုသာနေလေသည်။
"သမီးကေသာ သမီးရဲ့ အသည်းနှလုံးကို ကိုယ်တော်ကြီး
နားလည်ထားပါတယ်၊ စောသံမုန်ကိုလည်း ကိုယ်တော်အဖြစ်
နားလည်ထားပါတယ်၊ အခု စံအိမ်တော်ရ ကိုယ်လုပ်တော်ကြီး
ကောက်ယူတဲ့ ကိစ္စကို သမီးဘာမှ စိတ်ထဲမှ စနောင့်စနင်းမရှိနဲ့"
"ကေသာ ဘာတတ်နိုင်ဦးမှာလဲ အဒေါ်ကုန်းရယ်"
မွေ့ကေသာ အသံမှာ တိုးတိတ် ဖျော့တော့လွန်းနေသည်။
အဒေါ်ကုန်းက လေးနက်စွာပြောလျက်–
"သမီးဟာ မဟာဒေဝီရဲ့ စံအိမ်မှာနေပြီး အရေးတော်ပုံအတွက်
စွမ်းစွမ်းတမံ စွမ်းဆောင်ခဲ့တယ်ဆိုတာ အခုဆိုရင် ဟံသာဝတီ
နန်းတော်တစ်ခုလုံး သိရှိနေကြပြီ၊ အခုအချိန်က ကိုယ်တော်ကြီး
နန်းတက်စအချိန်။ ဒီတော့ မဟာဒေဝီရဲ့ တခြား မင်းညီမင်းသား
မှူးမတ်နယ်စားတွေရဲ့ရန်က ချုပ်ငြိမ်းပြီး မဆိုနိုင်သေးဘူး၊ ရန်စွယ်
ရန်ငုတ်တွေ အများကြီးကျန်သေးတယ်၊ဒီအချိန်မှာ ကိုယ်တော်ကြီး
ရဲ့ ဘက်တော်သားတွေအတွက်လည်း အန္တရာယ်ရှိနေသေးတယ်၊
အဲ ကေသာမှာလည်း အန္တရာယ်ရှိနိုင်ဦးမှာပဲ"
"အန္တရာယ်"
"ဟုတ်တယ် သမီး၊ ကိုယ်တော်ကြီးရဲ့ ဘက်တော်သားဖြစ်တဲ့
ကေသာကကို မဟာဒေဝီတို့က တမျိုးပြန်ပြီး အန္တရာယ်မပြုဘူး
လို့ မပြောနိုင်ဘူး၊ သည်တော့ ကေသာရဲ့ လုံခြုံအေးကင်းဖို့အတွက်
ကိုယ်တော်ကြီးက ကောက်ယူတော်မူတာပဲ၊ စံအိမ်တော်ရ ဘုရင့်
ကိုယ်လုပ်တော်ဆိုတော့ တော်တော်တန်တန် ဘေးအန္တရာယ်က
အလိုလို ကင်းရှင်းလုံခြုံသွားပြီ၊ အဆောင်အယောင်တွေ၊ သက်
တော်စောင့်တွေ၊ အိပ်ဖန်မှူး၊ ဝင်းမှူးတွေနဲ့ဆိုတော့ ကေသာ လုံခြုံ
နိုင်တယ်၊ ဒီသဘောနဲ့ ကေသာ့ကို ကိုယ်တော်ကြီး ကောက်တော်
မူတာပါ၊ ဗညားနွဲ့မင်းသားဟာ သူ့သွေးသောက် သူရဲကောင်း
တစ်ယောက်ရဲ့ချစ်သူကို သူရဲကောင်း မရှိတဲ့နောက် သိမ်းပိုက်
လိုက်တယ်ဆိုတဲ့ မင်းသားမျိုး မဟုတ်ဘူး သမီး"
"ဟင် အဒေါ်ကုန်း၊ အဲဒါ တကယ်လား"
"တကယ်ပေါ့ သမီး၊ ဒီအရေးကို ကျုပ်ရယ်၊ မင်းကန်ဦးသီး
ကိုယ်တော်ကြီးရယ် သုံးယောက် တိုင်ပင်ဆွေးနွေးပြီး စီမံလိုက်
ကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဖြင့် ကေသာ..."

စကားနှုတ်ထွက် ခက်နေသောအဖြစ်ကို အဒေါ်ကုန်း နားလည်သွားသည်။

"အေးပါ ဟုတ်ပါတယ်၊ သမီးချမ်းသာစွာနေပါ၊ ဘာမှ မထိခိုက်စေရပါဘူး၊ ကိုယ်တော်ကြီးဟာ ရာဇပလ္လင်၊ မိဖုရားနဲ့ သေရည်တို့ အကြားမှာ ယစ်မူးတတ်တဲ့ဘုရင်မဟုတ်ပါဘူး၊ သူ့ရဲကောင်းကို ချစ်တဲ့ဘုရင်၊ အပရိဟာနိယတရားနဲ့ ပြည့်ဝတဲ့ဘုရင်ပါ"

"ဝမ်းသာလိုက်တာ အဒေါ်ကုန်းရယ်၊ ကေသာ ဝမ်းသာလိုက်တာ"

"အေး အေး၊ ဒါပေမဲ့ သမီးနာမည် မွေ့ကေသာမဟုတ်တော့ဘူးနော်၊ ခုတင်က သံတော်ဆင့် ရွတ်ဖတ်သွားတဲ့အတိုင်း မေနှင်းကေသရာ ဖြစ်သွားပြီ၊ ပြီးတော့ ဘုရင်မင်းမြတ်ရဲ့ ကိုယ်လုပ်တော် စစ်စစ်မဟုတ်တဲ့ ကိုယ်လုပ်တော် မေနှင်းကေသရာ"

'မေနှင်းကေသရာ၊ မေနှင်းကေသရာ'ဟု မွေ့ကေသာ တိုးတိုးလေး ရွတ်ဆိုနေမိသည်။ ဤအမည်သည် သူစိမ်းတစ်ရံဆံ ဆန်မနေဘဲ ရင်းနှီးကျွမ်းဝင်နေသည်ဟုလည်း ခံစားမိသည်။ သို့သော် တစ်စုံတစ်ခုကို သတိရမိသွားသဖြင့် အဒေါ်ကုန်း မျက်နှာကို မော့ကြည့်မိပြန်သည်။

"အဒေါ်ကုန်း၊ မဟာဒေဝီရောဟင်..."

"မဟာဒေဝီ ရှိပါတယ်၊ ကိုယ်တော်ကြီးက မဟာဒေဝီကို ကျေးဇူးရှိခဲ့ဖူးလို့ အရာမပျက် စည်းစိမ်မပျက် ဆက်လက် စံစားစေတယ်လေ၊ အင်း သမိန်မရုတော့ မရှိတော့ဘူး"

"ဟုတ်လား၊ သမိန်မရု ထွက်ပြေးပြီလား"

အဒေါ်ကုန်းက ပြုံး၍ ခေါင်းကို ခါသည်။

"သမိန်မရု ထွက်မပြေးနိုင်တော့ဘူး သမီး"

အရေးတော်ပုံ၏ နန်းတက်စခန်းဝင် ဖြစ်ရပ်များကို မွေ့ကေသာ ရင်တဖိုဖိုဖြင့် နားထောင်ရပြန်သည်။

ဆင်ဖြူရှင် ဗညားဦး၏ အလောင်းထားရာ မဏ္ဍပ်ကနားတဲ၏ 'ဆင်ကပ်'အောက် တိုင်လုံးတွင် သမိန်မရုအား ကြိုးဖြင့် တုပ်နှောင်ထားစေသည်။ ဗညားနွဲ့ ဟံသာဝတီနန်းတော်ကို သိမ်းပိုက်ပြီဟု ကြေညာလိုက်ပြီးနောက်တွင် မဟာဒေဝီသည် တူတော် ဗညားနွဲ့ရှိရာ ယာယီတဲနန်းသို့ အံခဲ၍ ထွက်တွေ့သည်။

"အဲဒီတုန်းက ဗညားနွဲ့ကိုယ်တော်ကြီးဟာ ခမည်းတော်အလောင်းကို ရှိခိုးနေတုန်း၊ မဟာဒေဝီလာတယ်ဆိုတာ သိရတော့ ကြည်ကြည်သာသာ အတွေ့ခံပါတယ်၊ မဟာဒေဝီက ကိုယ်တော်ကြီးကို ချက်ချင်း ထခုတ်တော့မယ့်အတိုင်း ဒေါနဲ့မောနဲ့ ခက်ခက်ထန်ထန် သူ့ဟန်အတိုင်း၊ ဒါပေမဲ့ မဏ္ဍပ်ကနားတဲရဲ့ 'ဆင်ကပ်'တိုင်လုံးမှာ ကြိုးနဲ့ချည်ထားတဲ့ သမိန်မရုကိုလည်းတွေ့ရော မဟာဒေဝီရဲ့ ခက်ထန်တဲ့ဟန်တွေ အားလုံးပျောက်ကုန်တယ်၊ အဲဒီနားမှာတင် မေ့မြောသွားတယ်၊ ကိုယ်တော်ကြီးက 'အရီးတော်ကို အေးအေးဆေးဆေး စံနေပါစေ'ဆိုပြီး တခြားခေါ်သွားစေတယ်၊ နောက်တော့..."



အဖြစ်သနစ်ကို မွေ့ကေသာ မြင်ယောင်နေမိသည်။

ဟံသာဝတီနန်းတော်တွင် ဗညားနွဲ့မင်းသား နေထိုင်စဉ်က ခမည်းတော် ဆင်ဖြူရှင်ဗညားဦး မလိုလားသော၊ အမြဲတစေ နှိမ့်ချခံရသော ဗညားနွဲ့ကို ပို၍ မေးမှိန်စေအောင် အတက်ကြွဆုံး ပြုလုပ်သူမှာ သမိန်မရု။

ဗညားနွဲ့၏ ရိုးသား ကြမ်းတမ်းသော စရိုက်ကို နန်းတော်သားများ မလိုမုန်းထားဖြစ်အောင် ကုန်းချောစကား မပြတ်သွင်းသူမှာလည်း သမိန်မရု။

ထို့နောက် အရီးတော် မဟာဒေဝီနှင့် ရည်ငံလျက် မင်းသားအား ဟံသာဝတီမှ လွင့်စဉ်သွားအောင် ပြုလုပ်သူ၊ ဩဇာအာဏာကြီးလှသော မဟာဒေဝီနှင့် ပူးပေါင်းလျက် မင်းသားကို လုပ်ကြံရန် အကြိမ်ကြိမ် ကြိုးစားသူမှာလည်း သမိန်မရု။

သမိန်မရုသည် ဗညားနွဲ့မင်းသား၏ တကယ့် ရန်ဘက်စစ်စစ်။

တပို့တွဲလဆန်း (၁၀)ရက်နေ့ နန်းတက်ဘိသေကသဘင်တော် ပြီးသည်အထိ စောင့်ဆိုင်းရန် မင်းကန်စီ၊ သမိန်ဗိပ်ဖြူ စသည့် မှူးကြီး ဝန်ကြီးများက အကြံပေးကြသည်ကိုပင် ဗညားနွဲ့မင်းသား လက်မခံတော့။

'ကျုပ် မျက်စိထဲမှာ ငြောင့်စူးဝင်နေတယ်'ဟုဆိုကာ ကြိုးချည်ထားသော သမိန်မရုကို လက်ညှိုးညွှန်ပြခဲ့သည်။ ထို့နောက် ဘုရင့်ပါးကွက် အာဏာသား မန္တန်ကို လှည့်ကြည့်ပြီး ခေါင်းညိတ်ပြခဲ့သည်။

"တစ်နေ့ညနေကပဲ မရုကို ကွပ်မျက်ပစ်လိုက်ပြီ"

အဒေါ်ကုန်းစကား အဆုံးတွင် မွေ့ကေသာ သက်ပြင်းချမိသည်။ ဗညားနွဲ့ ကိုယ်တော်ကြီးကိုလည်း လေးစားကြည်ညိုသည်နှင့် အမျှ ကြောက်ရွံ့ခဲ့ညားသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သမီးရယ်၊ သမီးဟာ မေနှင်းကေသရာဘွဲ့ခံ ဘုရင့်ကိုယ်လုပ်တော်ဖြစ်နေပေမယ့် ဒီနန်းတွင်း အရေးအရာတွေကို စိတ်ထဲ ဝင်စားမထားပါနဲ့၊ သမီးအတွက် ဒီကိစ္စတွေဟာ ကြီးမားလွန်းလှပါတယ်၊ ကဲ သွားမယ်၊ ညဥ့်လယ်ယံမှာ ညီလာခံတစ်ခုဆင့်ခေါ်ထားသေးတယ်၊ သမီးလည်း ကိုယ့်စံအိမ်တော် ကိုယ်ပြန်ပြီး အေးအေးဆေးဆေး နေပေတော့၊ သွားမယ် မေနှင်းကေသရာ"

အဒေါ်ကုန်းက လေးနက် တည်ကြည်သောဟန်ဖြင့် နှုတ်ဆက်ပြီး ထွက်သွားသည်။ အဒေါ်ကုန်း၏ နှုတ်ဆက်သံသည် မွေ့ကေသာ ဝန်းကျင် ဝေ့ဝိုက်ပျံ့လွင့်လျက် ကျန်ရစ်သည်။ နန်းဆောင်ဘက်ဆီမှ သဲ့သဲ့လွင့်ဝဲလာသော ပဋ္ဌင်တံမြှာ တူရိယာသံများကို နောက်ခံပြုလျက် မွေ့ကေသာ တိုးတိုးညင်ညင် ရွတ်ဆိုနေမိလေသည်။

"မေနှင်းကေသရာ၊ မေနှင်းကေသရာ"

* * *

'မေနှင်းကေသရာ'ဟူသော အမည်သစ်၊ သူရှင့်ရာဇာဓိရာဇ်၏ စံအိမ်တော်ရ ကိုယ်လုပ်တော်ဟူသော ဘဝသစ်ဖြင့် အချိန်ကာလသစ်များကို မွေ့ကေသာ ဖြတ်သန်းခဲ့သည်။ ရွှေနန်းတော် အရေးအရာများကို ယခင်ကလို ပန်းသည်မ မွေ့ကေသာ အဖြစ်နှင့် နားမလည်ချင်၍ မရတော့။ မသိကျိုးကျွံပြု၍ မရတော့။

စံအိမ်တော်ရ ကိုယ်လုပ်တော်ဟူသော အဆင့်သည်လည်း သာမန် မောင်းမမိဿံ ကိုယ်လုပ်တော်တို့ထက် ပို၍မြင့်သော အဆောင်အယောင် ဖြစ်နေသည်။ ယခုဆိုလျှင် မွေ့ကေသာ၏ စံအိမ်တော်တွင် အိပ်ဖန်စောင့်မှူးနှင့်၊ ဝန်းတော်မှူးနှင့်၊ အထိန်းအကျပ် ရံရွေတော်များနှင့် စံအိမ်တော်ရ ကိုယ်လုပ်တော်ဟူသည် နန်းဆောင်ရ မိဖုရားများထက် တစ်ဆင့်သာနိမ့်သော အရိုက်အရာလည်း ဖြစ်သည်။ သူ့ရှင် ရာဇာဓိရာဇ်သည် အဒေါ်ကုန်း ပြောခဲ့ဖူးသလို သူရဲကောင်းကို တကယ်ချစ်တတ်သော ဘုရင်မင်းမြတ် ဖြစ်ပေသည်။ မွေ့ကေသာ၏ အန္တရာယ်ကို လုံခြုံစိမ့်သောငှာ ကိုယ်လုပ်တော်အဖြစ် ကောက်ယူထားသော်လည်း မွေ့ကေသာကို ကြင်ယာအဖြစ် မသိမ်းပိုက်။

BURMESE CLASSIC .com



သို့သော် မွေ့ကေသာ ရွှေနန်းတော်နှင့် ကင်းကွာနေပြီဟုလည်း မဆိုနိုင်ပေ။

သူ့ရှင် ညီလာခံသို့ တက်ရောက်သည့်အခါမျိုး၊ တရားသဘင်သို့ တက်ရောက်သည့်အခါမျိုး၊ ရဟန်းသံဃာများအား ဆွမ်းပွဲ ပင့်ဖိတ်ကျွေးမွေးသည့်အခါမျိုးတွင် မွေ့ကေသာ အမိကနေရာမှ ပါဝင်ရသည်။

ယင်းနေရာကား ပန်းတော်ဆက်။

ဟံသာဝတီနန်းတော်တွင် ကိုယ်လုပ်တော် မေနှင်းကေသရာသည် ပန်းပေါင်းစုံကို ပွင့်စေသူ၊ ပန်းပေါင်းစုံကိုလှစေသူ၊ ပန်းပေါင်းစုံကို မွေးစေသူအဖြစ် သတင်းကြီးလာသည်။

သူ့ရှင်အတွက် အရေးကြီးသော သဘင်များသည် မွေ့ကေသာ ကြီးမှူး စီမံအပ်သော ပန်းကလပ်၊ ပန်းဆိုင်း၊ ပန်းကြုတ်၊ ပန်းကုံးများဖြင့်သာ အတိပြီးသည်။ ဤရာထူးအတွက် မွေ့ကေသာကို အခြားကိုယ်လုပ်တော်များ၊ မိဖုရားများကလည်း မနာလို၊ မရှုဆိတ်မဖြစ်ကြ။ ကိုယ်လုပ်တော် နှင်းကေသရာဟာ လူလှသလောက် ပန်းစိုက်လည်း တယ်ကောင်းသကိုးဟူသော အံ့သြချီးမွမ်းခြင်းများနှင့်အတူ မွေ့ကေသာကို နှစ်သက်လိုလားကြသည်။

ပန်းတော်ဆက် အမှုတော်မှအပ မွေ့ကေသာတွင် အခြားကြီးလေးသော တာဝန်လည်း မရှိပေ။

အမောင် စောသံမှန် ဤမြေပေါ်ဝယ် မရှိတော့ခြင်းမှအပ မွေ့ကေသာဘဝသည် မေနှင်းကေသရာအဖြစ် ပြည့်စုံကုံလုံပြီဟု ဆိုနိုင်သည်။

သို့သော်–

လဆန်းညများ၊ လပြည့်ညများတွင် စံအိမ်တော် လေသာပြတင်းမှာ ထိုင်၍ဖြစ်စေ၊ ပန်းမျိုးစုံတို့ စိုက်ပျိုးထားသော ဥယျာဉ်တော်အတွင်းမှာဖြစ်စေ 'မိကျောင်းစောင်း'ကို ကောက်ကိုင် တီးခတ်မိသော အချိန်မျိုးဆိုလျှင် နှလုံးသည်းပွတ်မှ အမြဲတစေ လစ်ဟာနေသော ဝေဒနာကို မွေ့ကေသာ ခံစားရသည်။

'မိကျောင်း'စောင်းကြိုးများပေါ်သို့ ရွှေလက်ခတ်စွပ် ညာလက်ချောင်းကို တင်လိုက်မိပြီဆိုလျှင် အမောင့်အတွက် ကြေကွဲရသော ဝေဒနာတို့က မတားနိုင်မဆီးနိုင်။ မဟာဒေဝီထံတွင် နေစဥ်ကလိုသော 'အို အဘိုးအို– ကျွန်မကို ကြိုက်ပါလေး...'တေးမဟုတ်တော့။

"မြတ်ဆံတော်မွေ–– စုံခြေဦး ဖူးစို့မယ်––– ကိုယ်ဝယ်ထိမ်းသည် လွမ်းနိုင်ဖွယ်၊ လွမ်း လွမ်းရန်ကြွယ်–––"ဟူသော တေးမျိုး

www.burmeseclassic.com

www.burmeseclassic.com



"သောရာမြင့် သုံးဆစ်သံချိုညွှန်း--- ယုံငွေဝန်း--- ဖန်ခါခါ ဆွေးကြောင်း--- တိမ်ခြေ ငွေနှင်းပေါင်း--- လေပြန်လာသွင့် လောင်း-- လွမ်းသူ ပူဆွေးကြောင်း- ဇွေသဉ်ကြာ မင်းပေါင်း--- ငယ်လေ ခွေညိုးပျောင်း--"ဟူသော တေးမျိုး။

"မှိုင်နွဲ့ခွေယိုင်---သည်းစိုင်လောင်ကြွေကျွမ်း--- အို...ဖန်ဖန် လွမ်းရ ပူပန် ပိုးပွားရင်း---တိမ်စင်ငွေဝန်းမှာ+ ထင်တော်သာ ခုံ ရွှေရုပ်သွင်--- မြင်လာပြန်ရက်ကယ်လင်း--"ဟူသော တေးမျိုး။

မွေ့ကေသာ မိကျောင်းစောင်းတီး ပိုကျွမ်းကျင်လာသည်။ တေးဆိုလည်း ပိုကောင်းလာသည်။ ချစ်သူအတွက် ကြေကွဲရသော ဗျာပါဒတို့က အနုပညာကို ဖြည့်ဆည်းပေးကြပြီဟု ဆိုနိုင်မည်။ 'နန်းသူ့အဆွေး' တေးမျိုးကို ရွှေနန်းတော်တစ်ခုလုံး မည်သူမျှ မွေ့ကေသာထက် ပို၍ ဂုဏ်မြောက်အောင် မတီးနိုင် မဆိုနိုင်ကြ။

မွေ့ကေသာ၏ အဆိုအတီးကို အခြားတစ်ပါးသူတို့ထက်ပို၍ ခံစားနှစ်ခြိုက်သူတစ်ဦးမှာ သူ့ရှင် ရာဇာဓိရာဇ်၏ ငယ်ချစ်လည်းဖြစ်၊ ဦးမွန်မဆွ ပထမမိဖုရားခေါင်ကြီးလည်းဖြစ်သော 'တလမေဒေါ'မိဖုရားပင် ဖြစ်လေသည်။

မွေ့ကေသာ ပန်းတော်ဆက် အမှုတော်တွင် ကျွမ်းကျင် ပြည့်ဝလှကြောင်း သိထားပြီဖြစ်သော မိဖုရားတလမေဒေါသည် မွေ့ကေသာကို အခြား ကိုယ်လုပ်တော်များထက် ပို၍ ချစ်ခင်နေသည်။ မကြာခဏ ခေါ်တွေ့ပြီး လက်ပွန်းတတီးနေသည်။ ယင်းမှတစ်ဆင့် မွေ့ကေသာ၏ အဆိုအတီးကို စွဲလမ်းသွားခဲ့သည်။

သူ့ရှင်၏ ဦးမွန်မဆွ မိဖုရားခေါင်ကြီးဖြစ်သော တလမေဒေါလို ရွှေနန်းစည်းစိမ်ခံ မိဖုရားခေါင်ကြီးတစ်ပါးက 'နန်းသူ့အဆွေး'တေးများကို ခံစားနှစ်ခြိုက်နေသည်ဟု သိရသောအခါ ရုတ်တရက်အားဖြင့် မွေ့ကေသာ အံ့ဩခဲ့မိသေးသည်။ သို့သော် တလမေဒေါက တရင်းတနှီး ပြောပြသောအခါတွင်မူ မအံ့ဩနိုင်တော့။ ကြင်နန်းစံ မိဖုရားကြီး၏ ဝေဒနာကို နားလည်ခွင့် ရသည့်အဆုံး၌ 'ဩော် သူလည်း မိန်းမသားပေပဲ'ဟုသာ ညည်းညူ မြည်တမ်းမိတော့သည်။

ကြားခါစကမူ မွေ့ကေသာ မယုံနိုင်ခဲ့။



သို့သော် မိဖုရားခေါင်၏ ညှိုးငယ်နေသော အရောင်မဲ့ မျက်ဝန်းများကို တွေ့ရတော့မှ စာနာယုံကြည်မိသည်။

"သူတို့က ယောကျ်ားသားပေမို့လား နှင်းကေသရာရယ် ပြီးတော့လည်း တိုင်းပြည်မြို့ရွာအနှံ့ စစ်နဲ့အတူ လှည့်လည်နေတဲ့ သူရဲကောင်း မင်းယောကျ်ားကြီးတွေမဟုတ်လား။ တို့များ မိန်းမသားတွေဆိုတာက သူတို့လို ဘုန်းရှင်ကံရှင်ကြီးတွေနဲ့ ဖဝါးခြေထပ်မကျွာ လိုက်ပါနိုင်တာလည်း မဟုတ်၊ လေသာဆောင်မှာ ငေးမျှော်ရ။ ဘုရားကျောင်းဆောင်မှာ ပန်း၊ ဆီမီးကပ်ရင်း ဆုတောင်းကြရရုံက လွဲပြီး တို့များ ဘာတတ်နိုင်မှာလဲ"

မိဖုရားခေါင်ကြီး တလမေဒေါသည် မိဖုရားခေါင်ကြီးဟူသော မဟာစည်းစိမ်ရှင်တစ်ပါးနှင့် မတူဘဲ တကယ့် မိန်းမသားတစ်ဦး၏ သွင်ပြင်တို့သာ ဖုံးလွှမ်းနေသည်ဟု မွေ့ကေသာ ထင်မိသည်။ သို့သော် နားထောင်ပြီး ဘာမျှ ပြန်မပြောမိသေးချေ။

"အစ်မတော်နဲ့ မောင်တော် ဗညားနွဲ့ဟာ နန်းတော်ထဲမှာ အတူတူ ကစားကြ၊ အတူတူ အရွယ်ရောက်ခဲ့ကြတဲ့ ငယ်ငယ်ကတည်းက ငယ်ချစ်တွေပါ၊ အရွယ်ရောက်လာကြတော့လည်း လူကြမ်းလူရမ်းကြီး ဗညားနွဲ့မင်းသားဆိုပြီး ဘယ်သူမှ သူ့အနားမကပ်ရဲတာကို အစ်မတော်တစ်ယောက် သူ့စိတ်သဘောကို နားလည်စွာနဲ့ သူ့မေတ္တာကို လက်ခံခဲ့တာပါ"

တလမေဒေါ၏အသံ မသိမသာ တုန်ရင်နေသည်။

"သူ့ထီးနန်း အရေးတော်ပုံကိုလည်း အစ်မတော်ဘာမှ ဝင်ပြီး မစွက်ဖက်ခဲ့ဘူး၊ သူ ဒဂုန်ကို စုန်ပြေးပြီး အင်အားစုမယ်ဆိုတုန်းကလည်း အစ်မတော်က သူတကာ ချစ်သူဇနီးတွေလို မျက်ရည်လည်ရွဲနဲ့ နှုတ်မဆက်ခဲ့ဘူး၊ အစ်မတော် သူ့အပေါ်ချစ်တာက သူ့ရှင်ရာဇာဓိရာဇ်အဖြစ်ကို မဟုတ်ဘူး၊ မောင်တော် ဗညားနွဲ့ကို ချစ်တာ"

အနီးအနားတွင် ရံရွေတော်များမရှိသောကြောင့်လည်း တလမေဒေါသည် မိဖုရားခေါင်ကြီးတို့၏ ရာဇဏ္ဍနေ့ကို မေ့ပျောက်ထားဟန်ဘူသည်။

"ဒဂုန်မှာ ခိုအောင်းနေတုန်း ဆီသည်မ မွေ့မနိုတ်ကို သူ့ဆောင် ယူတယ်ဆိုတာ ကြားရစဉ်ကလည်း အစ်မတော် ဘာမှ မပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး နှင်းကေသာရယ်၊ ဩော် ယောကျ်ားကောင်း မောင်းမတစ်ထောင်ပါလားရယ်လို့ဆိုပြီး အချစ်ကြောင့်ဖြစ်ပေါ်လာတဲ့ မိန်းမသားတို့ရဲ့ သဝန်တိုစိတ်ကိုတောင် အောင့်အည်းမျိုသိပ်ခဲ့ပါတယ်၊ သူ့ကိုချစ်လို့ပါ”

တလမေဒေါ စိတ်သက်သာရာရစေရန် သဋ္ဌာလီအနီးရှိ ပတ္တမြားကလပ်ပေါ်မှ စံပယ်ဆီဆွတ်ထားသည့် ပဝါကို မွေ့ကေသာ ယူပေးလိုက်သည်။ တလမေဒေါသည် ပဝါကို ကိုယ်ပေါ်တွင် လွှမ်းလိုက်ပြီး ဆွေးဆွေးမြေ့မြေ့ ဆက်ပြောနေသည်၊

“ဒါပေမဲ့ အဲသည်တုန်းက အစ်မတော်ကလည်း အရွယ်နုစဉ် စိတ်ထက်စဉ် မဟုတ်လား၊ ဆီသည်မ မွေ့မနိတ်ကို ကောက်ယူတယ်ဆိုတာလည်း သိရော ဒဂုန်ကိုလိုက်မယ် ပြင်ရော၊ အင်းလိုက်သွားဖြစ်လည်း အကောင်းသာကွယ်၊ ဒါပေမဲ့ အရှိးတော်မဟာဒေဝီရဲ့ အကြံပေးချက်အတိုင်းလိုက်မိတယ်”

“မဟာဒေဝီ”ဟူသော အမည်ကိုကြားလိုက်သဖြင့် မွေ့ကေသာ ရုတ်တရက် ရင်ဖိုသွားသည်။ မဟာဒေဝီဟူသော အမည်သည် ဟံသာဝတီ နန်းတော်ထဲရှိ မဖွယ်ရာသော ဖြစ်ရပ်တိုင်းတွင် ပါဝင်ပတ်သက်နေပြီလား။

“အရှိးတော် မဟာဒေဝီက အကြံပေးတယ်လေ၊ ညည်း မောင်တော် ဗညားနွဲ့ရှိရာ ဒဂုန်ကို အထိန်းတော်ကြီး မွေ့အဲလောကို လွှတ်မလို့တဲ့၊ အဲဒါ ညည်းက ဘာလက်ဆောင်ပေးလိုက်ဦးမလဲတဲ့၊ အစ်မတော်ကတော့ ဆီသည်မကို သူကောက်ယူတယ်ဆိုတာ ကြားရပြီးကတည်းက စိတ်နာနာမို့ ဘာမှ ပေးစရာမရှိဘူးလို့ ပြောလိုက်တယ်၊ သည်တော့ အရှိးတော်မဟာဒေဝီက လက်ခုတ်လက်ဝါးတီးပြီး ရယ်ရယ်မောမောနဲ့ တလမေဒေါရယ်တဲ့၊ အ,ရန်ကောတဲ့၊ ဆီအိုးတစ်လုံးနဲ့ ချိန်ခွင်တစ်ခု လက်ဆောင်ပေးလိုက်ပေါ့တဲ့၊ ဘယ်လောက် အဓိပ္ပာယ်ရှိပြီး ထိရောက်တဲ့ လက်ဆောင်လဲတဲ့”

တလမေဒေါ၏စကားကို နားထောင်ရင်း သေးသွယ်သောမျက်ခုံး၊ စူးရှသောမျက်လုံး၊ ပါးလျားသောနှုတ်ခမ်းတို့ရှိသည့် မဟာဒေဝီ၏ သွေးရောင်လျှမ်းနေတတ်သော မျက်နှာကို မွေ့ကေသာ မြင်နေမိသည်။

“အဲဒါနဲ့ အစ်မတော်ကလည်း အရှိးတော်ရယ် ကောင်းပေါ့မလား

သူ့ကြင်ယာ ဆီသည်မကို စော်ကားတယ်ဆိုပြီး ကျွန်မအပေါ် အမျက်ထားမှဖြင့်လို့ဆိုတော့ အရှိးတော်ကလေ ဒီမယ် တလမေဒေါ၊ ဗညားနွဲ့ရဲ့ မိုက်ဇာတ်ကို ငါက အားပေးမယ်များထင်သလား၊ ဆီအိုးနဲ့ ချိန်ခွင်ပေးလိုက်တဲ့ သဘောက သူ့ကြင်ယာ ဆီသည်မကို စောင်းမြောင်းနှိမ့်ချတာမဟုတ်ဘူးကွယ့်၊ ဆီအိုးပေးတဲ့ အနက်က ဒီလိုတဲ့၊ ဆီတို့မည်သည်မှာ မီးထွန်းရင် လင်းသလို တလမေဒေါလည်း ဆီမီးရောင်လို အမြဲထွန်းလင်း တောက်ပနေပါတယ်ဆိုတဲ့ အနက်တဲ့၊ အဲ ချိန်ခွင်သဘောကတော့ ချိန်ခွင်လျှာမှန်သလို တလမေဒေါကလည်း မောင်တော်အပေါ် အမြဲဖြောင့်မတ်တဲ့ သုစရိုက်၊ မြင့်မြတ်တဲ့စိတ်စေတနာ ထားနေပါတယ်ဆိုတဲ့ အနက်တဲ့၊ ဒါနဲ့ အစ်မတော်လည်း အထိန်းတော်ကြီးမွေ့အဲလောနဲ့အတူ ဒဂုန်ရောက်မောင်တော်ကို ဆီအိုးနဲ့ချိန်ခွင်လက်ဆောင်ပေးလိုက်တာပေါ့၊ နှင်းကေသာရယ်”

မွေ့ကေသာ သက်ပြင်းတစ်ချက် လေးလံစွာချမိလေသည်။

“အဲဒါလေ မောင်တော်ဗညားနွဲ့ သူပြန်ရောက်လာတော့ အစ်မတော်ကို ဘာပြောတယ်မှတ်သလဲ နှင်းကေသာ၊ တလမေဒေါမင်းလည်း အရှိးတော်မဟာဒေဝီရဲ့ လောင်းရိပ်မိပြီး ငါ့ကို အရှက်ရစေအောင် လုပ်တတ်နေပြီကောတဲ့”

“အဲဒီတော့ အစ်မတော်က အဖြစ်မှန်ကို ပြန်မပြောလိုက်ဘူးလားဟင်”

တလမေဒေါ၏ နွမ်းလျသောအသွင်ကို စာနာမိစွာဖြင့် မွေ့ကေသာ အားတက်သရော မေးလိုက်မိသည်။

တလမေဒေါက ယဲ့ယဲ့ပြုံးရင်း ခေါင်းကို ယမ်းခါလေသည်။

“နှင်းကေသာရယ်၊ မင်းလည်းသိတဲ့အတိုင်း ဒီအချိန်မှာ သူ မွေ့မနိတ်ကို ပီယရာဇာဒေဝီဘွဲ့နဲ့ ချီးမြှောက်ထားပြီးပြီလေ၊ ပြီးတော့ဒဂုန်မှာပဲ နောက်ထပ် ကောက်တော်မူခဲ့တဲ့ နဂ္ဂဒါရှာသူ မွေ့မသင်ကိုလည်း ဒလသုဒ္ဓမာယာဘွဲ့နဲ့ မိဖုရားမြှောက်ပြီးနေလေတော့ မိဖုရားခေါင်ကြီး သုံးပါးအနက် တစ်ပါးဖြစ်တဲ့ အစ်မတော်က ဘာပြန်ပြောနိုင်ဦးမှာလဲ၊ ပြောလို့ကော ဒီအချိန်မှာ သူ့[illegible] နားဝင်နိုင်ဦးမှာလား နှင်းကေသာရယ်”

လေသာဆောင်မှတစ်ဆင့် ပြာလဲ့သော ကောင်းကင်[illegible]သို့ ခဏ[illegible] တခုံး မျှော်ကြည့်မိရင်း မွေ့ကေသာရင်ထဲ၌ အမျိုးအမည် မဖော်ပြနိုင်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းသော နွမ်းမောမှုတစ်ခု ဝင်ရောက်လာသည်။ ညခင်းဆည်းဆာ၏ ကောင်းကင်တွင် နေခြည်နီဝါမျှင်တို့ တဖြည်းဖြည်း ရုပ်သိမ်းစပြုနေ သည်။

နေခြည်မျှင်တို့ ချည့်နဲ့စ ကာလနှင့် ည၏လရောင်တို့ ဖျော့ တော့စွာ ချင်းနင်းစ ကာလ။

မိဖုရား တလမေဒေါသည် ခရီးကြမ်းသော တောလမ်းကို တက် ခဲ့ရသလို မောပန်းသွားဟန်ဖြင့် သဥ္ဇာလီမှိုအုံးထက်သို့ လျောင်းလိုက် သည်။ မွေ့ကေသာက ရွှေရေတကောင်းထဲမှ နှင်းရည်ရောစပ်ထားသော ရေကို ငုံ့၍ပေးလိုက်သည်။ ရွှေဖလားကို လှမ်းယူသော တလမေဒေါ၏ လက်တို့သည် သွေးရောင်နည်းပါးလှသည်ဟု မွေ့ကေသာ ထင်မိလေ သည်။

ရွှေခွက်ကို တကောင်းပေါ်သို့ ပြန်တင်လိုက်သည့်အချိန်မှာပင် မိဖုရား၏ ကိုယ်လုပ်တော်တစ်ဦးဝင်လာပြီး ခြေရင်းတွင်ပုံ့ပုံ့ ထိုင်သည်။ သူ့လက်ရှိ ကလပ်ပေါ်တွင် ပတ္တမြားစီခြယ်သော အစ်တလုံး ။ ထိုအစ်ထဲ တွင် မိဖုရား၏ ညဥ့်ဝတ်လဲတော်ရှိနေမည်ဟု မွေ့ကေသာ သိလိုက် သည်။

"ညဥ့်ဝတ်လဲတော်ပါ ခေါင်ဖုရား"

ကိုယ်လုပ်တော်က ကလပ်ကိုမြှောက်ရင်း တိုးတိတ်စွာပြောလေ သည်။

"မိနော်ဇာလား၊ အေး၊ အေး၊ ထားခဲ့၊ ဩော် နေဦးကွယ်၊ အစ်မတော်ကို မှိုအုံးတစ်ခု ထပ်ပြီး ခုပေးစမ်း၊ ဒီည ကိုယ်လက် မအီမသာ ရှိချင်တယ်"

ကိုယ်လုပ်တော်သည် ကလပ်ကို သဥ္ဇာလီခြေရင်းတွင် ချထားပြီး တလမေဒေါအတွက် မှိုအုံးထပ်ဆင့်ပေးသည်။ လှပနုနယ်သော ကိုယ် လုပ်တော်ကို မွေ့ကေသာ ကြည့်မိသည်။ သူ့မျက်နှာမှာ ခံစားမှုကင်း မဲ့သော မျက်နှာ၊ ချစ်သူအတွက် သို့မဟုတ် ကြင်ယာတော်အတွက် မိမိကဲ့သို့၊ တလမေဒေါကဲ့သို့ ခံစားထိခိုက်ဖူးခြင်း ရှိဟန်မတူသော ရေသေကဲ့သို့ မျက်နှာမျိုး။

မှိုအုံးပေါ်သို့ မှီရင်း တလမေဒေါက ပြောပြန်သည်။

"အခုလည်း အဖြစ်ကုန်စင်ကို အစ်မတော် ပြောခွင့် မသာသေး ပါဘူး နှင်းကေသရာရယ်၊ ဟံသာဝတီထီးနန်းကိုရပြီး ရာဇာဓိရာဇ် ဘွဲ့ခံပြီးကတည်းက သူ့မှာ မြို့စွန်နယ်ဖျား သူပုန်သူကန်တွေ



နှိမ်နင်းဖို့ ဒလဘက်၊ မုတ္တမဘက်၊ သံမောင်ဘက်တွေ စစ်ချီထွက် နေရတာ ရွှေနန်းတော်မှာ ဘုရင်တစ်ပါးရယ်လို့ စည်းစိမ်ခံစားရ တယ် မရှိရှာပါဘူး၊ အေးလေ လက်အောက်ခံမြို့စားတွေကလည်း သစ္စာမဲ့ကြလေသကိုး၊ အင်းဝဘုရင်ဆီသွားပြီး ကုန်းချောစကား ဆိုကြ၊ ပူးပေါင်းကြနဲ့ တိုင်းရေးပြည်ရေးက ရှုပ်ထွေးလှတယ်၊ အင်း မောင်တော်ဗညားနွဲ့ကလည်း ဟံသာဝတီနိုင်ငံတော်ကြီးကို တစ်စည်းတစ်လုံး ထူထောင်ချင်တဲ့သူကိုး"

ကိုယ်လုပ်တော်သည် တလမေဒေါ၏ အမိန့်ကို မရသေးသည့် အတွက် သဥ္ဇာလီခြေရင်းတွင် ပုံ့ပုံ့ပြန်ထိုင်နေသည်။ တလမေဒေါမူကား ကိုယ်လုပ်တော်ရှိနေသည်ကို မေ့နေဟန်တူလေသည်။

"မိဖုရားလည်း မိန်းမသားပေကလား နှင်းကေသာရာရယ်၊ မိန်းမ သားဆိုတော့ ယောကျ်ားတွေနဲ့အတူတူ ဓားဆွဲပြီး စစ်မြေပြင် မလိုက်နိုင်ကြဘူး၊ အစ်မတော်ဖြင့် ခုလိုရွှေနန်းတော်မှာ စည်းစိမ် ကြီးစွာ ခံစားနေရတဲ့အစား သူနဲ့အတူပဲ စစ်မြေပြင်အတူတူထွက် လိုက်ချင်တယ်၊ တိုက်ဆင်တွေပေါ်မှာ၊ စစ်မြင်းတွေပေါ်မှာ၊ တိုက် လှေတွေပေါ်မှာ၊ သူ့ဘေးမှာ ထက်ကြပ်မကွာ နေလိုက်ချင်ပါရဲ့၊ ဒါပေမဲ့ သူတို့မှာက စစ်ရဲ့သားကြီးတွေဆိုတော့ သူတို့ ဇနီးမယား တွေ၊ ချစ်သူတွေကို စစ်ပွဲအကြား သူတို့အနား ခေါ်ထားချင်မှာ မဟုတ်ပါဘူးလေ"

"ချစ်သူကို စစ်ပွဲအကြားခေါ်ထားမိလို့ သူ့ကိုယ်သူ အပြစ်တင်မဆုံး ဖြစ်ပြီး ငိုတဲ့ သူရဲကောင်းကြီးတစ်ယောက်တော့ ကျွန်မတွေ့ဖူး တယ် ခေါင်ဖုရား"

တစ်ချိန်လုံး ငြိမ်နေသော ကိုယ်လုပ်တော်၏ အသံကြောင့် မွေ့ကေသာ လှည့်ကြည့်လိုက်မိသည်။ ခံစားမှုကင်းသော မျက်လုံးအစုံ ကို တွေ့လိုက်ရပြန်သည်။

"ဘာဖြစ်တယ် မိနော်ဇာ၊ ငိုတဲ့ သူရဲကောင်းကြီး ဟုတ်လား"

"ဟုတ်ပါတယ် ခေါင်ဖုရား၊ သူ့ချစ်သူကို သူကိုယ်တိုင် စစ်ပွဲ အကြား အနားခေါ်ထားမိလို့ ရန်သူများတံနဲ့ ချစ်သူအသက် ဆုံးရှုံးခဲ့ပြီး အဲဒီအကြောင်းကို ပြောပြော ငိုတတ်တဲ့ သူရဲကောင်း ကြီး"

"မိနော်ဇာရယ် ဘာတွေ လျှောက်ပြောနေတာလဲ"

"တကယ်ပါ ခေါင်ဘုရား၊ သူ့ရှင်ရဲ့ လက်ရုံးတပ်မှူးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မင်းကြီးသမိန်သံဖြတ်ရဲ့တပ်က တပ်မှူး၊ သူ့နာမည်က မတ
သံလုံတဲ့"

"တပ်မှူး သူရဲကောင်းက ငိုသတဲ့လား"

"ကျွန်မကိုယ်တိုင် တွေ့ခဲ့ ကြားခဲ့ပြီး သူ့အကြောင်းတွေကို
တကယ့်ကလေးတစ်ယောက်လို ငိုကြွေးရင်း ကျွန်မကို ပြောပြခဲ့
တာပါ"

တလမေဒေါသည် စိတ်ဝင်စားလာဟန်ဖြင့် မှီအုံးထက်မှ ထလိုက်
သည်။ မွေ့ကေသာက တွဲထူပေးရန် ဟန်ပြင်ရာ တလမေဒေါက
လက်ကာပြလေသည်။

"နေ နေ နှင်းကေသရာ၊ အင်း ပြောစမ်းပါဦး မိနော်ဇာ၊ ငိုကြွေး
တဲ့ စစ်သားကြီးအကြောင်း၊ ဩော် နှင်းကေသရာရေ၊ သူက
မိနော်ဇာလေ၊ အစ်မတော်ဆီရောက်လာတာ မကြာသေးဘူး၊လဝွန်
ဗျည်း မြို့စားရဲ့ သမီးတော်၊ သူ့ကို မောင်တော် ဗညားနွဲ့က
အစ်မတော်ဆီပို့လိုက်တာပဲ"

ခံစားလှုပ်ရှားမှု ကင်းမဲ့သည်ဟု မွေ့ကေသာထင်ခဲ့သော မိနော်
ဇာ၏ မျက်လုံးများတွင် ရုတ်ခြည်းပင် လိုက်လှဲသော ခံစားမှု အရိပ်
အငွေ့များ သန်းလာသည်။

"ရုတ်တရက်ဆိုရင်တော့ သူဟာ တကယ့် လူကြမ်းကြီးပဲ
ခေါင်ဖုရား၊ သူ့ကိုယ်မှာလည်း စစ်ပွဲရဲ့ ဒဏ်ရာတွေအပြည့်နဲ့
ပြီးတော့ မျက်နှာဘယ်ဘက်ပါးပြင်မှာလဲ မြားတံမှန်ထားတဲ့ အမာ
ရွတ်ကြီးနဲ့၊ ဒါပေမဲ့ သူသေယစ်ပြီး အဲဒီအကြောင်းတွေ ပြောပြော
ငိုတဲ့ အခါမှာတော့ တကယ့် ကလေးသူငယ်လေးပါ ခေါင်ဖုရား"

ခမ်းနားကြွယ်ဝသော လက်ာရှည်ကြီး တစ်ပုဒ်ကို နန်းတွင်းအဆို
တော်ကြီး တစ်ဦးက ရွတ်ဖတ်ပြနေသလို မွေ့ကေသာသည် မိနော်
ဇာထံမှလည်း ရင်မောစရာများကို ကြားခွင့်ရပြန်သည်။

မိနော်ဇာပြောပြသော 'သူရဲကောင်းကြီး မတ်သံလုံ'အကြောင်း
ဆုံးသွားသည်အထိ မွေ့ကေသာ အပါအဝင် အားလုံးတိတ်ဆိတ်နေမိ
ကြသည်။ သူရဲကောင်း မတ်သံလုံ၏ ဝေဒနာကို မွေ့ကေသာ အတိ
အကျ မခန့်မှန်းနိုင်သော်လည်း ချစ်သူနှင့် သေကွဲ ကွဲရသည့်
ယောက်ျားတစ်ဦး၏ အသည်းနှလုံးကိုမူကား မွေ့ကေသာ စာနာမိသည်။
အမောင် စောသံမှန် ကျဆုံးရသည်မှာ မိမိ၏ ပယောဂမပါဝင်သော်



လည်း သူရဲကောင်းမတ်သံလုံမှာကား သူ့ကြောင့်သူ၏ 'နှင်းပန်းခိုင်'
သေဆုံးရသည်ဟူသော အစွဲအလမ်းရှိနေမည်ဆိုခြင်းကြောင့် ပို၍ စာနာ
နေမိသည်။

ထို့အပြင်—

လဝွန်ဗျည်းတိုက်ပွဲအတွက် ဆုလာဘ်အဖြစ်ရရှိသော မိနော်ဇာ
ကို လုပနနယ်သည့် မိန်းမပျိုနှင့် နှစ်ဦးတည်း တွေ့ဆုံခဲ့ရသည်ကိုပင်
မိနော်ဇာအား မတိမ်းညွတ်သော သူရဲကောင်း မတ်သံလုံ၏ နှလုံးမှာ
ဝေဒနာအစိုင်အခဲသည်လည်း မည်မျှကျစ်လျစ် ကြီးမားနေမည်ကို
ခန့်မှန်းလိုက်မိပြန်လေသည်။

စံပယ်ဆီသင်းသော အိပ်ဆောင်တော်ထဲတွင် မိဖုရားတလမေ
ဒေါ၊ မေနှင်းကေသရာခေါ် မွေ့ကေသာနှင့် မိနော်ဇာတို့ အတွေးကိုယ်စီ
ဖြင့် တိတ်ဆိတ်နေရာမှ ညဥ့်လယ် ဖဟိုရ်စည် တစ်ချက်တီးသံကြောင့်
သက်ပြင်းကိုယ်စီဖြင့် လှုပ်ရှားလာကြသည်။

"ကဲပါ နှင်းကေသရာရယ်၊ စစ်ထွက်ယောက်ျားတွေအကြောင်း
နဲ့ သူတို့ချစ်သူ မိန်းမတွေအကြောင်း ပြောရတာ ရင်ထဲမှာ
ပြည့်ကျပ်လာတယ်၊ မိကျောင်းစောင်းယူလိုက်ပါ၊ မိနော်ဇာလည်း
မ သွားနဲ့ဦးပေါ့၊ အစ်မတော်တို့သုံးယောက် ဒီညအတူ ရှိနေကြ
ရအောင် ဟုတ်လား"

သဘ္ဘာလီ၏ရှေ့မှ ကတ္တီပါခင်းသော ခုံပေါ်တွင် တင်ထားသည့်
မိကျောင်းစောင်းကို မွေ့ကေသာ လှမ်းယူလိုက်သည်။ ရွှေလက်ခတ်ကို
ညာလက်တွင် စွပ်လိုက်ပြီး စောင်းကြိုးများကို တို့ကြည့်သည်။

စောင်းကြိုး ညှိစရာမလို။

စောင်းကြိုးတို့သည် မတင်းလွန်း မလျော့လွန်းသော အထိ
အတွေ့၊ မနိမ့်လွန်း မမြင့်လွန်းသော အသံတို့ဖြင့် မွေ့ကေသာကို
ဆီးကြို ငံလင့်သည်။

တိတ်ဆိတ်သော အိပ်ဆောင်တော်အတွင်းရှိ ပိုးခန်းဆီးများ
အကြားသို့ တေးသံ စီးမျောသွားလေသည်။

"မြနန္ဒမှ ရွှေကူထဲရွှေသဲ+ အိုဖန်ဖန်သွေး+ မျှော်တွေးမူး+
ရွှေကာ ရွှေယိမ်းနူး+ဖူးရွှေစည်ညိုလျက်ပင်+နတ်ကယ်ဖန်လာရေး+ပြည်
တော်နေး+ပူဇော်ပိုပွားရေး+သုံးယာမ်သံရင့်ကြူး+ခေါင်လေမြှုးလို့လင်
ရောင်လာ+ပျော်ပါနိုင်+ရွှေရက်ကယ်မူး+"

* * *

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရှင် ရာဇာဓိရာဇ် ဒုန်ဝန်းမြို့ကို သိမ်းလိုက်ပြီ"

"သူ့ရှင် လဝွန်းဗျည်းကို ရပြီ"

"လဝွန်းဗျည်းတိုက်ပွဲမှာတုန်းက သူရဲကောင်း မတ်သံလုံရဲ့ လုပ်ရည်ကိုင်ရည် တယ်ပြောင်မြောက်ဆိုပဲ"

"မုတ္တမနဲ့ မော်လမြိုင်စားတွေ ဇင်းမယ်ကို ထွက်ပြေးသွားကြပြီ၊ သူ့ရှင် မုတ္တမနဲ့ မော်လမြိုင်ကိုလည်း အရေးတော်လှသွားပြီ"

ရာဇာဓိရာဇ်၏ စစ်အောင်ပွဲသတင်းများသည် ဟံသာဝတီနန်းတော်သို့ တဖွဲဖွဲ ရောက်ရှိလာသည်။ စစ်ပွဲသတင်းများကို မွေ့ကေသာ စိတ်မဝင်စား နားမလည်ခဲ့သော်လည်း စစ်ပွဲသတင်းများနှင့်အတူ မင်းကြီး သမိန်သံဖြတ်၊ မင်းကန်စီ၊ အမတ်ဒိန်၊ မတ်သံလုံဟူသော အမည်များ ခဏခဏ တွဲဖက်ပါလာတတ်သည်။

ထိုအထဲတွင် ရွှေနန်းတော်မှ အကြပ်၊ ဗိုလ်မင်း၊ တပ်မှူးများသည် မတ်သံလုံအကြောင်းကို တဖွဖွ ပြောဆိုနေတတ်ကြသည်။

"လဝွန်းဗျည်းတိုက်ပွဲရဲ့ စစ်လှန့်ပရိယာယ်ကို မင်းကန်စီက ချမှတ်ပေးတယ်၊ ဒါကို မတ်သံလုံတစ်ဦးတည်းက လက်ရုံးနဲ့ထမ်းရွက်တာပဲ"

"သံမောင်မြို့စား မဂြိုင်းရဲ့ ခေါင်းကိုဖြတ်ပြီး သံမောင်တပ်တွေကို ထိုးဖောက် ပြန်လာခဲ့တုန်းကများ..."

"ခရုံဖြဲ ချောင်းတွင်းတိုက်ပွဲ မိကျောင်းရဲ လေ့ထိပ်ကနေပြီး မတ်သံလုံဟာ–"

မတ်သံလုံ၏ အမည်သတင်းသည် စစ်သွေးဆူသော ဟံသာဝတီနန်းတော်သားများအကြားတွင် တစ်ရှံမပြတ် မွှေးပျံ့နေသည်။ ကြားရဖန်များသောအခါ မွေ့ကေသာ ထိုအမည်ကို သတိမထားဘဲ မနေနိုင်တော့။ မိနော်ဇာ ပြောပြခဲ့ဖူးသလို ဤမျှ ရဲရင့်ကြမ်းတမ်းသော သူရဲကောင်း တစ်ဦးက ကလေးငယ်လို ငိုကြွေးသည်ဆိုခြင်းမှာ ဟုတ်နိုင်မည်လားဟုလည်း မွေ့ကေသာ တွေးမိသည်။

"သံမောင်မြို့စား မဂြိုင်းရဲ့ခေါင်းကို ဖြတ်လာပြီး မြေအိုးထဲထည့် ယူလာတာကို သူ့ရှင်ရှေ့မှောက်ထိ အိုးမှောက်ပြီး ခေါင်းပြတ်ကြီး လိမ့်သွင်းသတဲ့လေ၊ မတ်သံလုံတို့ လုပ်လိုက်ပုံ"

"အင်းဗျာ... ဒီတပ်မှူးက သေရည်လည်း တယ်သောက်ဆိုပဲ"

"သူ့ရှင်ရယ်၊ မင်းကန်စီရယ်၊ တပ်မင်းကြီးသမိန်သံဖြတ်ရယ်



ဒီသုံးယောက်ကိုပဲ သူလေးစား ခံညားသတဲ့၊ အဲ... တစ်ခါတလေ အမတ်ဒိန်ကိုတောင် သူက မခံမညား လုပ်ချင်သတဲ့"

"ဒီမတ်သံလုံဟာ သူ့ရည်းစားအဆိပ်သောက် သေလို့ဆိုလား၊ မြား မှန်သေလို့ဆိုလား၊ အဲဒီကတည်းက စိတ်တစ်မျိုးဖြစ်နေတယ်လို့ ကြားတာပဲ၊ တချို့ကတော့ မတ်သံလုံဟာ သိပ်စိတ်မမှန်ဘူးလို့တောင် ပြောကြတယ်"

"ကျုပ်တော့ အဲဒီဟာ မကြားမိဘူး၊ စစ်နားချိန်ဆို သေရည်ပဲ ဖိသောက်နေတာပဲ ဆိုတာတော့ ကြားဖူးမိတယ်"

"ဘာပဲဖြစ်ဖြစ် မတ်သံလုံလို တပ်မှူးမျိုး ရထားတာ သူ့ရှင်အတွက်တော့ အမှုတော်အတွက် အားထားလောက်ပါပေတယ်ဗျာ"

'မတ်သံလုံသည် စိတ်မမှန်'ဟုလည်း မွေ့ကေသာ သိလာရပြန်သည်။ ဒါကြောင့် သူရဲကောင်း ရင့်မာကြီးတစ်ယောက်ဖြစ်လျက် သေမှူးမှူးနှင့် ငိုကြွေးခြင်းဖြစ်မည်ဟုလည်း မွေ့ကေသာ တွေးမိပြန်သည်။ တစ်ခါတစ်ခါလည်း 'သူရဲကောင်း'ဟူသောစကားလုံးနှင့် 'ငိုကြွေးခြင်း' ဟူသော စကားလုံးတို့ မအပ်မရာ တွဲဖက်နေခြင်းအတွက် မွေ့ကေသာ အံ့သြမိပြန်သည်။ တစ်ခါတစ်ခါလည်း ကြမ်းတမ်းခက်ထန်သော သူ့ရှင် ရာဇာဓိရာဇ်၏ ကြမ်းတမ်းခက်ထန်သော သူရဲကောင်း တစ်ယောက်သည် ရည်းစားကြောင့်၊ အချစ်ကြောင့် 'ငို'သည်ဆိုခြင်းကို စဉ်းစား၍မရနိုင်အောင် ရှိမိပြန်သည်။

သို့သော် နေ့ခင်းဘက်တွင် မတ်သံလုံအကြောင်း ကြားသိခဲ့ရပြီးနောက် အိပ်ရာဝင်သော ညမျိုးဆိုလျှင်––

အိပ်ရာဝင်အတွေးများကို မိနော်ဇာ၏ စကားများက စိုးမိုးနေတတ်သည်။

"အဲဒီလူကြီးဟာလေ ...သေမှူးမှူးနဲ့ ချပ်ဝတ်ကိုချွတ်ပြီး သူ့ရင်အုပ်ပေါ်က ကျောပြင်ပေါ်က စစ်ပွဲဒဏ်ရာတွေကို ပြတော့တာပဲ၊ ပြီးတော့ အဲဒီဒဏ်ရာတွေက အလကားတဲ့၊ သေးငယ်ပေမဲ့ အဲဒီဒဏ်ရာတွေထက် ပိုပြီး ကြီးကျယ်တဲ့ဒဏ်ရာက ဟောဒီမှာ ဆိုပြီး သူ့ဘယ်ဘက်ပါးပြင်ပေါ်က အမာရွတ်ကိုပြပြန်ရော၊ ပြီးတော့ ရှိရှိသမျှ ဒဏ်ရာတွေအားလုံးထက် ပိုပြီးနာကျင်တာက ဒီမှာဆိုပြီး သူ့ရင်ဘတ်ကြီးကို ပုတ်ပြတယ်၊ ကျွန်မကတော့ ကြောက်နေမိတာပဲ၊ ဒါပေမဲ့ သူက အဲဒီ ရင်ထဲက သည်းနှလုံးမှာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မပျောက်တဲ့ ဒဏ်ရာရထားတယ်တဲ့၊ အမြဲတမ်း သွေးစိမ်းရှင်ရှင်ကျနေတယ်တဲ့၊ အဲဒီလိုလည်း ပြောပြီးရော ကစ်ခါ ငိုပြန်ရော”

နောက်ဆုံးတွင်မူ လေးလံလာသော မျက်ခွံများနှင့်အတူ မွေ့ကေသာ၏ နိုးထခြင်း နိဂုံးကာလသို့ အတွေးတစ်ခုရောက်ရှိလာသည်။ ထိုအတွေးသည် သူရဲကောင်း မတ်သံလုံနှင့် ပတ်သက်၍ ယခင်က တွေးခဲ့မိဖူးသော အံ့သြခြင်း နားမလည်ခြင်း အတွေးများမဟုတ်တော့။

ကရုဏာတရားနှင့် ယှဉ်သောအတွေး။

စာနာမှုတရားနှင့် ယှဉ်သောအတွေး။

“သြော် ဒီသူရဲကောင်းကြီးဟာလည်း ငါ့လို ချစ်နှစ်သက်သော သူနှင့် ကွေ့ကွင်းခြင်း ဆင်းရဲဒုက္ခကို ခါးစည်းခံနေရရှာတာပါလား”ဟူ၍။

မည်သို့ရှိစေ...

နေ့ခင်းဘက်တွင် သူရဲကောင်း မတ်သံလုံအကြောင်း များများကြားရသောနေ့၊ ညဘက် စက်ရာအဝင်တွင် သူရဲကောင်း မတ်သံလုံအကြောင်း များများ တွေးမိသော ညမျိုးတွင် မွေ့ကေသာ ကောင်းကောင်း အိပ်မပျော်တော့သည်ကား အမှန်ပင်။

အကြောင်းမူ ထိုညမျိုးများတွင် မွေ့ကေသာ အိပ်မက်ငယ်များကို ပြတ်တောင်းပြတ်တောင်း မက်နေတတ်သောကြောင့်။

ပြီး အိပ်မက်ငယ်များသည် တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားချည်း ဖြစ်နေတတ်ကြသည်။

အိပ်မက်ထဲတွင်...

ချစ်သောအမောင် စောသံမှန်နှင့်အတူ ချစ်သစ္စာစကားတွေ ပြောကြရသည်။ သို့သော် အိပ်မက်ထဲက နေရာဒေသသည် မထင်မရှား မကွဲမပြား။

မော်စောစေတီ ရင်ပြင်တော်ပေါ်တွင် လိုလို၊ စေတီအရှေ့ဘက် ဓနပုဒ်က ပန်းခင်းထဲမှာလိုလို၊ စစ်မောင်းသံဝေသော တိုက်ဆင်ကြီးများအလယ် စစ်မြေပြင်မှာလိုလို၊ ဟံသာဝတီ နန်းတော်ဟု ထင်ရသော ခမ်းနားသည့် နန်းတော်ကြီး တစ်ခုမှာလိုလို။



နေရာဒေသသာမက မထင်မရှား မကွဲမပြားဖြစ်နေသော နောက်ထပ် အရာတစ်ခုလည်း ရှိသည်။

အိပ်မက်ထဲက အမောင်စောသံမှန်၏ မျက်နှာသည် ဝိုးတဝါး ဝိုးတဝါး ဝိုးတဝါး...။

* * *

သည်လိုဖြင့်ပင် မွေ့ကေသာသည် ထူးထူးခြားခြား လေးလေးနက်နက် မရှိလှသော ရက်များ၊ နေ့များကို ‘မေနှင်းကေသာ’အဖြစ် ဖြတ်သန်းခဲ့သည်။

နံနက်စောစောထ၍ စံအိမ်တော် ဘုရားကျောင်းဆောင်တွင် ပန်းဆီမီး ကပ်လှူသည်။ ပြီးတော့ အလှဆုံးပန်းများကို ရံရွေတော် တစ်ဦးနှင့်အတူ ကိုယ်တိုင်ခူး၍ မိဖုရားတလမေဒေါ၏ နန်းဆောင်သို့ သွားသည်။

‘ပန်းတော်ဆက်’အမှုတော်ကို ထမ်းဆောင်ရင်း ခေါင်ဖုရားထံတွင် တစ်နံနက်ခင်းလုံး နေသည်။ တစ်ခါတစ်ရံ ခေါင်ဖုရား၏ပွဲတော်ကျဖြင့်ပင် တစ်နံနက်စာကို ပြီးလိုက်ရသည်။ မွန်းတိမ်းမွန်းလွဲအချိန်တွင် စံအိမ်တော်သို့ ပြန်လာ၍ အနားယူသည်။ အခြားစံအိမ်တော်ရ ကိုယ်လုပ်တော်များ လာရောက်လည်ပတ်သည်ကို ဧည့်ခံရသည်။ ဤအချိန်မျိုးတွင် သူ့ရှင်ရာဇာဓိရာဇ်၏ စစ်ပွဲ သတင်းများကို ကိုယ်လုပ်တော်များထံမှ ကြားရတတ်သည်။ သူရဲကောင်းမတ်သံလုံအကြောင်း၊ မင်းကန်စီအကြောင်း၊ အမတ်ဒိန်အကြောင်း၊ အဲမွန်ဒယာအကြောင်း၊ သမိန်ဗရမ်းအကြောင်း စသည်ဖြင့် အဝေးစစ်မြေပြင်ရောက် ယောက်ျားကြီးများ အကြောင်း။

ညနေဘက်တွင် ပန်းခင်းသို့ဆင်း၍ စိမ်ခန့်ခွဲသည်။

ညဦးတွင် ဘုရားကျောင်းဆောင် ဝင်သည်။

ညချမ်းတွင် မိဖုရား တလမေဒေါ အခေါ်ရှိလျှင် သွား၍ မိကျောင်းစောင်းနှင့် တေးဆိုပြရသည်။ တစ်ခါတစ်ရံ ရွှေနန်းသဘင် သဘင်ဆောင် ကပွဲသဘင်အတွက် ဖိတ်ကြားတတ်သည်။

ညဉ့်လယ်တွင် စံအိမ်တော်သို့ ပြန်၍ စက်ကျောင်း။

ထို့နောက် ပြတ်တောင်းပြတ်တောင်း အိပ်မက်ငယ်များ

www.burmeseclassic.com



သို့ဖြင့်ပင် တစ်နေ့တာ တစ်ညဥ့်တာ၏ တစ်ရက်တစ်ရက်တို့ကို အလိုအလျောက် ကုန်ဆုံးစေခဲ့ပြီးသည်၏ အခြားမဲ့၌...။

တစ်ခုသော တစ်နံနက်၌-

ခါတိုင်းလိုပင် အလှူဆုံးပန်းများနှင့်အတူ ခေါင်ဖုရား၏ နန်းတော်သို့ သွားမည်ဟု စံအိမ်တော်လှေကားမှ ဆင်းစမှပင် စံအိမ်တော်ဝင်းထဲသို့ ရွှေနန်းတော်မှ မြင်းသည်ကျော်တို့ ဝင်လာသည်ကို တွေ့လိုက်သည်။

အရေးတော်ပုံတစ်ခုခု ပေါ်လေပြန်ပြီလားဟု မွေ့ကေသာ စိုးရိမ်သွားသည်။ လှေကားမှ ကသုတ်ကယက် ဆင်းလာခဲ့ပြီး လှေကားအောက်ဆုံးထစ်သို့ ခြေချမိချိန်မှာပင် ကိုယ်လုပ်တော်များကို ကြီးမှူးသော အနောက်ဆောင်ဝန်က အသံဝါကြီးဖြင့် လက်ထဲမှ ရွှေစာချွန်ကို ဖွင့်ဖတ်လိုက်သည်။

"သူ့ရှင် ရာဇာဓိရာဇ်၏ အမိန့်တော်"

မွေ့ကေသာနှင့်တကွ အားလုံး မြေပေါ်သို့ ဒူးထောက်လိုက်ကြရသည်။

"ကိုယ်လုပ်တော် မေနှင်းကေသရာ ဟံသာဝတီ နေပြည်တော်မှ ခွာ၍ တိုက်ကုလားမြို့သို့ လာရောက်ရမည်"

မော်လမြိုင်၊ သံမောင်၊ လဂွန်းဗျည်း၊ တရည်း၊ ဒုန်ဝန်း၊ မုတ္တမမြို့များနှင့် စစ်မြေပြင်စစ်ရေပြင်ချင်း ဆက်စပ်နေသော တိုက်ကုလားမြို့။

သူ့ရှင် ရာဇာဓိရာဇ်၏ အမိန့်တော်အတိုင်းသာ ဖြစ်ရတော့မည်။

မွေ့ကေသာ စိတ်ထဲမှသာ ရေရွတ်မိတော့သည်။

"ဩော် ကေသာရယ်၊ မေနှင်းကေသရာ ဘဝမှာလည်း နင့်ကိုယ်နင် မပိုင်ပါလား"

* * *

သူ့ရှင်ရာဇာဓိရာဇ်၏ မျက်နှာပေါ်တွင် ကျေနပ်အားရသော အပြုံးရိပ်များ တသွင်သွင် စီးဆင်းနေသည်ကို မတ်သံလုံသတိထားမိနေလေသည်။

မင်းကြီးသမိန်သံဖြတ်၏ မောက်ရှည် ဆောင်းမထားသော ဦးခေါင်းထက် နဖူးပြင်ပေါ်သို့ သူ့ရှင်ကိုယ်တိုင် ဘွဲ့တံဆိပ်နဖူးစည်း



ဆင်ပေးသည်။ ရွှေနဖူးစည်းပေါ်က စာလုံးများကို မတ်သံလုံ မမြင်ရသော်လည်း စောစောက မင်ကန်စီ ပြောထားသည့်အတွက် သိနေသည်။

ရွှေပြားခတ် ဘွဲ့နဖူးစည်းပေါ်တွင် 'သမိန်ဗြဇ္ဇ'ဟူသော စာလုံးများ။

မင်းကြီးသမိန်သံဖြတ်အား ဘွဲ့နှင်းပြီး နောက်တွင် သမိန်တိဿကုမ္မာအား ဗြတ်ကမန်ဟူသော ဘွဲ့ကို ပေးသည်။ မုတ္တမမြို့စား အရာလည်း ပေးသည်။ တိဿကုမ္မာ၏ ဇနီးအား တလမေနှင်းဟု အမည်ပေးပြန်သည်။

ဘွဲ့အမည်များပေးသည့်သဘင် ပြီးဆုံးသည်နောက် သူ့ရှင်ရာဇာဓိရာဇ်သည် ရွှေတိုက်စိုးဝန်များကို အနီးသို့ခေါ်ပြီး မုတ္တမစားထံမှ ရသော ရွှေငွေရတနာများကို စစ်ဆေးလေသည်။ ဤရွှေငွေရတနာတို့သည် စင်စစ် မုတ္တမစား ဗြတ္တာဗ၏စည်းစိမ်ဘဏ္ဍာများမဟုတ်။ ခမည်းတော် ဆင်ဖြူရှင်ဗညားဦးကို ပုန်စား၍ ဗြတ္တာဗ အဓမ္မသိမ်းယူထားသည့် ဘဏ္ဍာများသာဖြစ်သည်။

ရာဇာဓိရာဇ်သည် ဖိတ်အန်ကျလုမတတ် အရည်ကောင်းသော ပုလဲသွယ်တစ်ကုံးကို လက်ထဲတွင် ကိုင်မြှောက်လျက်-

"ဟောဒီ ပုလဲသွယ်ဟာ ခမည်းတော်ဆင်ဖြူရှင် ညီလာခံသဘင်ထွက်ရင် ဆင်ယင်တဲ့ ပုလဲသွယ်၊ ခမည်းတော်ရဲ့ဘုန်းကံ၊ ငါ့ဘုန်းကံကြောင့် သူခိုးသူဝှက်ဗြတ္တာဗဆီက ပြန်ရပေတယ်၊ အင်း ငါ့ဘုန်းကံဆိုတာကလည်း စင်စစ်တော့ မင်းကြီးသံဖြတ်တို့၊ မင်းကန်စီတို့၊ အမတ်ဒိန်တို့၊ အဲမွန်ဒယာတို့၊ သံလုံငယ်တို့ရဲ့ သစ္စာသတ္တိတွေပါပဲလေ"

သူ့ရှင်၏နှုတ်မှ မိမိအမည် ပါလာသဖြင့် မတ်သံလုံ နားစွင့်လိုက်မိသည်။

"အခုဆိုရင် မုတ္တမ၊ မော်လမြိုင်၊ လဂွန်းဗျည်း၊ သံမောင်၊တရည်း၊ ဒုန်ဝန်းတို့ကိုရပြီ၊ သစ္စာဖောက်လက်အောက်ခံ မြို့စားတွေလည်း ကျကုန်ပြီ၊ အရေးကြီးတဲ့ မြောင်းမြစားလောက်ဖြား၊ စောအဲဗညားတို့လောက်ပဲ ကျန်တော့တယ်"

သူ့ရှင်အနီးတွင် ထိုင်နေသော မင်းကန်စီအသံ ပေါ်လာသည်။

"အဝဘုရင်အရေးက ပူနွေးလာနိုင်တယ် သူ့ရှင်၊ သစ္စာဖောက်တွေရဲ့ ပူးပေါင်းကြံစည်မှု၊ ကုန်းချောမှုတွေကို အဝဘုရင် နားဝင်သွား

www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်"

ရာဇာဓိရာဇ်က ပုလဲသွယ်ကိုလက်တွင် ပတ်ချည်လျက် အားလုံးကြားနိုင်လောက်သော အသံဝါကြီးဖြင့် ပြောလိုက်လေသည်။

"အဲသည်တော့လည်း ဒီသွေးသောက် သူရဲကောင်းတွေနဲ့အတူ စစ်ခင်းကြရုံပကွာ"

'အဝဘုရင်ဟာ သူ့ရှင်ရဲ့ ရန်သူလား၊ ရန်သူဆိုရင် အခုပဲ တစ်ခါတည်း တိုက်လှေတွေနဲ့ သွားပြီးတိုက်လိုက်ကြပါစို့၊ မြောင်းမြစားလောက်ဖြားနဲ့ စောအဲဗညားတို့ကိုလည်း လမ်းခရီးမှာပဲ ချေမှုန်းလိုက်ကြပါစို့၊ ကျွန်တော့်ကို ရဲလှေတပ်မသာ အလုံအလောက်ပေးလိုက်ပါ'ဟု မတ်သံလုံ ထ,ပြောချင်နေသည်။

သို့သော် စစ်၏နောက်ကွယ်ရှိ ဘုရင်မင်းမြတ်တို့၏ အရေးတော်များ အတိမ်အနက်ကို မတ်သံလုံ သေသေချာချာ မသိ။ မင်းကြီးသံဖြတ်နှုတ်မှ ထွက်ပေါ်လာသည့် ဆင်မြင်းသေနင်္ဂ၊ ခြေလျင်သေနင်္ဂ၊ မိကျောင်းရဲ တိုက်လှေများ သေနင်္ဂအတိုင်း မည်သို့ စစ်အင်္ဂါခင်း၍ မည်သို့ တိုက်ရမည်ကိုသာ မတ်သံလုံသိသည်။

ဖြစ်နိုင်လျှင် အဆက်မပြတ်သော စစ်ပွဲများကိုသာ တိုက်နေချင်သည်။ ရန်သူဆိုသည်မှာ အခြားမဟုတ်။ သူ့ရှင်ရာဇာဓိရာဇ်ကို ပုန်စားသူ သစ္စာဖောက်သူ၊ ခြားနားဝံ့သူ၊ ပြီးတော့ သူ့ရှင်၏ ထီးဖြူကနက္ကဒါန် ထီးရိုးကို ပိုင်းချိုးရန် ကြံစည်သူမှန်သမျှသည် ရန်သူ။

အမတ်ဒိန်ကတော့ မကြာခဏ ပြောဖူးသည်။

"ငါ့ညီ၊ အရှင်သခင်ရဲ့သစ္စာကို စောင့်သိ ရိုသေတယ်ဆိုတာ သူရဲကောင်းတို့ရဲ့ ဂုဏ် အင်္ဂါ လက္ခဏာတစ်ရပ်ပဲ၊ ဒါပေမဲ့ အဲဒီ သူရဲကောင်းရဲ့ နှလုံးသားထဲမှာ ဒါ့ထက်ပိုကျယ်ပြန့် လေးနက်တဲ့ အဓိပ္ပာယ်တွေလည်း ရှိရဦးမယ်၊ သစ္စာတော်ခံရမယ့်သူဟာ ဘုရင်မင်းမြတ် တစ်ဦးတည်းကို မဟုတ်ဘူး၊ ဘုရင်မင်းမြတ်ပိုင်စိုးတဲ့ ငါတို့ရဲ့ရေကောင်း မြေကောင်း အလျှံပယ်ကြွယ်ဝတဲ့ ဟံသာဝတီ နိုင်ငံတော်၊ အဲဒီနိုင်ငံတော်အလုံးမှာ ရှိကြတဲ့ ဘုရင်မင်းမြတ်ရဲ့ ဘုန်းရိပ်မှာ ခိုလှုံကြတဲ့ နိုင်ငံတော်သားတွေ၊ ပြီးတော့ ငါတို့ရဲ့ အနုပညာတွေ၊ ငါတို့ရဲ့ စစ်မက်အင်အားတွေ အားလုံး၊ အားလုံး ဒါတွေအားလုံးကိုလည်း သူရဲကောင်းရဲ့ နှလုံးသားထဲမှာ ထည့်သွင်းထားအပ်တယ်"

အမတ်ဒိန်က ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက်



ပြောလာတိုင်းလည်း မတ်သံလုံက—

"အာ အဲဒီလောက် များပြားတဲ့အရာတွေကို ကျွန်တော် နားမလည်ဘူး အမတ်ဒိန်၊ ကျွန်တော် နားလည်တာကတော့ သူရဲကောင်းတို့အရာဟာ စစ်ပွဲပဲ၊ စစ်မြေပြင်ပဲ၊ မင်းကန်စီကရော၊ မင်းကြီးသမိန်သံဖြတ်ကရော ဒီလို ပြောဖူးတာပဲ"ဟု ပြန်ပြောခဲ့ဖူးသည်။

အမတ်ဒိန်က ခေါင်းကို ယမ်းခါရင်း—

"ဒါလည်း ဟုတ်တော့ဟုတ်တာပေါ့ ငါ့ညီ၊ သို့သော် ငါပြောချင်တာက သူရဲကောင်းမှာ စစ်နှစ်စစ်ရှိတယ်၊ စစ်မြေပြင်မှာ ဆင်၊ မြင်း၊ ရဲလှေ၊ ဓား၊ လှံ၊ လေးမြားနဲ့ တိုက်ရတဲ့စစ်၊ ဗဟိဒ္ဓစစ်၊ ဒါက စစ်တစ်မျိုး၊ နောက်တစ်မျိုးကတော့ အတွင်းထဲမှာ တိုက်ရတဲ့စစ်၊ အတွင်းစစ်၊ အဇ္ဈတ္တစစ်ပွဲ"

"အဇ္ဈတ္တစစ်ပွဲ ဟုတ်လား"

"အေး ဟုတ်တယ်၊ သူရဲကောင်းကိုယ်တိုင် မိမိတို့ရဲ့ စိတ်ဓာတ်အတွင်း မိမိဘာသာမိမိ တိုက်ရတဲ့စစ်၊ အတွင်းစစ်၊ အဲဒါက ပိုပြီး နက်ရှိုင်းတယ်၊ ပိုပြီး ခက်ခဲတယ်"

"မိမိရဲ့ စိတ်ဓာတ်အတွင်း..."

"အေး— မလိုလားအပ်တဲ့အစွဲတွေ၊ ပြင်းထန်တဲ့ အတ္တနောမတိတွေ၊ လွဲမှားတဲ့ ဒိဋ္ဌိအမြင်တွေကို ခုတ်ထွင် ရှင်းလင်းပစ်ရတဲ့အတွင်းစစ်ပဲ၊ နေဦး၊ ငါ့ညီ အခုငါပြောနေတာ မင်းရဲ့ နှင်းပန်းခိုင်ကို သတ်သတ်ရည်ရွယ်ပြီး ပြောနေတာမဟုတ်ဘူး၊ မင်းရဲ့ အချစ်ဝေဒနာကို ဦးတည်ရည်ညွှန်းပြောနေတာမဟုတ်ဘူး၊ တခြားအရာတွေ အများကြီးပါသေးတယ်၊ သူရဲကောင်းတစ်ယောက်ဟာ သူ့စိတ်ဓာတ်နဲ့သူ စစ်ရဲ့ တကယ့် အနက်အဓိပ္ပာယ်ကို နားလည်နေတတ်ရမယ် နိုင်ငံတော်ရဲ့ဝိညာဉ်ကို သိနေရမယ်၊ ဘုရင်မင်းမြတ် တစ်ပါးကြောင်းကိုသာမက ဘုရင်မင်းမြတ်တွေများစွာ အကြောင်း ရာဇာဝံသအကြောင်းတွေကိုပါ နားလည်ထားနေရမယ် အိုကွာ ကန့်ကန့်ပြောရရင် ကမ္ဘာလောကကြီးတစ်ခုလုံးဟာ သူ့နေရာနဲ့သူ၊ သူ့အဓိပ္ပာယ်နဲ့သူ၊ သူ့သဘာဝနဲ့သူ စစ်ပွဲတွေဖြစ်နေကြတဲ့ ကမ္ဘာလောကကြီး၊ စစ်ပွဲဖြစ်နေတဲ့ ကမ္ဘာလောကကြီးလို့ နားလည်နေရမယ်"

'နိုင်ငံတော်၏ ဝိညာဉ်'၊ 'ရာဇဝံသ'စစ်ပွဲဖြစ်နေသောကမ္ဘာလောကကြီး'ထိုစကားလုံးများကို မတ်သံလုံ နားမလည်တော့။ အမတ်ဒိန်နှ

www.burmeseclassic.com

www.burmeseclassic.com



၏မမြင်တတ်သော ကြည့်ခြင်းမျိုးဖြင့် ဘယ်နေရာမှန်းမသိ ကြည့်နေသော မျက်လုံးများကိုလည်း အမိပွာယ် မဖော်တတ်တော့ဘဲ“ကျွန်တော်တော့ စစ်တိုက်တာပဲ သိတယ်ဗျာ၊ သူ့ရဲကောင်းဟာ စစ်တိုက်နေနိုင်ရင် ပြည့်စုံပြီလို့ ထင်တာပဲ”ဟု ပြောလျက် အမတ်ဒိန်အနီးမှ ထွက်ခွာခဲ့သည်ချည်း ဖြစ်သည်။

“ကဲ ဗိုလ်ပြန်မယ်ဟေ့၊ တပ်တွေရုပ်သိမ်း၊အပြန်ခရီးမှာ တိုက်ကုလားမြို့ ဝင်မယ်”

သူ့ရှင်ရာဇဓိရာဇ်၏အသံကို ကျယ်လောင်စွာ ကြားလိုက်ရတော့မှပင် မတ်သံလုံအတွေးများထဲမှ လွန့်လူးနိုးထလာသည်။ ဘယ်သူတွေကို ဘယ်မြို့စားစေ၍ ဘာဘွဲ့တံဆိပ်တွေ ပေးသွားကြောင်းလည်း မသိလိုက်တော့။

အတွေးထဲတွင် နစ်မျောနေခဲ့စဉ်က အမတ်ဒိန်စကားများကို ကြားယောင်နေခဲ့သည့်အတွက် သူ့ရှင်အနီးတွင် အမတ်ဒိန်ကို ရှာဖွေမိသည်။ ဟံသာဝတီသို့ အပြန်ခရီးအတွက် သူ့ရှင်ရာဇာဓိရာဇ်၊ မင်းကြီးသံဖြတ်၊ မင်းကန်စီ၊ အဲမွန်ဒယာ၊ သမိန်ဗရမ်းစသည့် တပ်မင်းများနှင့် အခြား တပ်မှူးများ ဆွေးနွေး တိုင်ပင်နေကြသည်ကို တွေ့လိုက်ရသည်။

အမတ်ဒိန်ကို ရှာကြည့်သည်။ မတွေ့မိ။

ခါတိုင်းဆိုလျှင် သူ့ရှင်၏လက်ယာဘက် မင်းကန်စီ၏ နောက်နား တွင် အမတ်ဒိန်ထိုင်နေကျဖြစ်သည်။ ယခုမူ ရှိမြဲနေရာတွင် မရှိချေ။

အတန်ကြာ ရှာကြည့်မှပင် အဲမွန်ဒယာနှင့် မနီးမဝေးနေရာတွင် မလှုပ်မယှက် ထိုင်နေသော အမတ်ဒိန်ကို တွေ့လိုက်ရသည်။ မလှုပ်မရှား။ စကားမဆို တိတ်ဆိတ်နေသော အမတ်ဒိန်၏ အသွင်ကို ထူးခြားနေသည်ဟု ထင်မိသည်။ သူ့ရှင်နှင့် အခြားတပ်မင်းများကား ဟံသာဝတီသို့ အပြန်ခရီးတွင် တပ်မှူးများကို အဆင့်ဆင့်ခွဲ၍ ရုပ်သိမ်းရန် တိုင်ပင်နေကြသဖြင့် အမတ်ဒိန်ကို သတိမပြုမိကြ။

မတ်သံလုံကို အမတ်ဒိန် မြင်သွားသည်။ ပြုံး၍ခေါင်းညိတ်နှုတ်ဆက်သည်။

အမတ်ဒိန်ကို တစ်စုံတစ်ရာ လက်ဟန်ပြ၍ နှုတ်ဆက်လိုက်မည်ပြင်စဉ်မှာပင် မင်းကြီးသံဖြတ်က အနားသို့ရောက်လာသည်။

“သံလုံငယ်”

“အသင့်ပါ တပ်မင်းကြီး”



မတ်သံလုံ၏အသံမှာ စစ်ပွဲထွက်ခါနီး အမိန့်ကို စောင့်စိုင်းနေသည့် အသံမျိုးဖြစ်နေသဖြင့် မင်းကြီးသံဖြတ် ပြုံးလိုက်မိလေသည်။

“ဒီညပဲ တပ်တွေနုတ်ပြီး နေပြည်တော်ပြန်ကြဖို့ သူ့ရှင် အမိန့်ပေးတယ်”

“အသင့်ပါ တပ်မင်းကြီး”

“နေပြည်တော်ကို မင်းပြန်လိုက်သွားရမှာမဟုတ်ဘူး၊ သူ့ရှင်ရယ် ငါရယ်၊ မင်းကန်စီရယ်၊ တပ်မှူးတွေထဲက မင်းရယ် အပြန်ခရီးမှာ တိုက်ကုလားကို ဝင်ရမယ်”

“အမတ်ဒိန် မဏိရွှတ်ကော မင်းကြီး”

“အမတ်ဒိန် သိပ်နေကောင်းထိုင်သာ မရှိဘူး၊ သူနေပြည်တော်ကို ပြန်ပါရစေလို့ သူ့ရှင်ကိုခွင့်ပန်တယ်၊ သူ့ရှင်က ခွင့်ပြုလိုက်တယ်၊ တပ်ကို ပြန်တော့၊ မနက်စောစောခရီးထွက်မယ်၊ မင်းသေရည်တွေ အလွန်အကျွံသောက်မနေနဲ့ဦး၊ သူ့ရှင်နဲ့အတူသွားရမှာ”

“ကောင်းပါပြီ မင်းကြီး”

မရောက်ဖူးသော တိုက်ကုလားမြို့သို့ သူ့ရှင်ရာဇာဓိရာဇ်နှင့်အတူ လိုက်ပါရမည့်အတွက်လည်းကောင်း၊ သူ့ရှင်သွားလေရာတွင် ထက်ကြပ်မကွာလိုက်ပါလေ့ရှိသည့် အမတ်ဒိန်တစ်ယောက် ပါလာမည်မဟုတ်ဆိုသည့် အတွက်ကြောင့်လည်းကောင်း မတ်သံလုံ စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားနေရသည်။

ထိုညက မတ်သံလုံ သေရည်တကောင်းတစ်လုံးသာ သောက်ဖြစ်လေသည်။

* * *

“ရေမြေရှင် ဘုရင်မင်းမြတ်လို ဒါကြောင့်ဆိုကြတာကိုး မတ်သံလုံရဲ့၊ ကျုပ်တော့ ဒီစကားကို အခုမှပဲ သဘောပေါက်တော့တယ်၊ ကြည့်စမ်း နည်းနည်းနောနော စံအိမ်တော်ကြီးလား၊ ခေါင်ကခေါင်ငါးဆက်၊ အိမ်က ပြင်နဲ့ တံစက်မြိတ်ကလည်း အကျယ်ကြီး”

တပ်မှူးတစ်ဦးက ချွေးသံများကို ခေါင်းပေါင်းပဝါခြင်း သုတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



မတ်သံလုံကို လာပြောသည်။ မတ်သံလုံသည် စကားပြန်မပြောမိဘဲ ရှေ့မှောက်မှ နန်းတော်ငယ်တမျှ ခမ်းနားနေသော စံအိမ်တော်ကြီးကို ငေးကြည့်နေမိသည်။

"သည် တိုက်ကုလားမြို့က သစ်ဝါးလဲပေါနေတော့ သစ်တွေဝါးတွေကို ထင်သလို သုံးထားလိုက်တာကြည့်စမ်း၊ ဒီလိုစံအိမ်တော်ကြီးမျိုး တစ်ဆောင်ကို ကျေးတော်မျိုး ကျွန်တော်မျိုးတွေ ဘယ်ဆောက်နိုင်လိမ့်မတုံး၊ မနဉ္စာရှိလို့ ဆောက်လုပ်နိုင်သည်ပဲထားဦး၊ ခုလိုသုံးရက်အတွင်း ဒီလောက်ကြီးမားခမ်းနားတဲ့ ဟာကြီးမျိုး ဘယ်ပြီးလိမ့်မတုံး၊အခုတော့ဗျာ၊ နေ့ချင်းညချင်း လုပ်လိုက်ကြတာ ဘွားခနဲ မြေကြီးထဲက ထွက်လာတဲ့အတိုင်းပါပဲ၊ ဟုတ်ဘူးလားဗျာ"

တပ်မှူးက မတ်သံလုံ၏အပြောကို မစောင့်ဘဲတစ်ယောက်တည်း ပြောနေသည်။

"ဘုရင့်အမိန့်များ တယ်စူးရှသကိုး၊ ကျုပ်တို့ သူ့ရှင်ကလည်း ဘုန်းကံကြီးပါ့ဗျား၊ လက်ညှိုးထိုးလိုက်တဲ့နေရာ ဖြစ်တော့တာပဲ"

ခေါင်ငါးဆက် စံအိမ်ကြီးသည် ရဲမက်များရှေ့တွင် ခမ်းနားလွန်းစွာဖြင့် ရပ်တည်နေသည်။ ဟံသာဝတီ နေပြည်တော်ရှိ စံနန်းတော်များ ပုံစံအတိုင်း ဆောက်ထားသည်။ အမိုးတွင် ဘုံဆင့်များ တပ်ထားပြီး စုလစ်မွမ်းချွန်တို့ဖြင့် စီမံထားသည်။ တိုင်လုံးကြီးများမှာ ပုဆိုးတစ်ပစ်စာမျှ ရှိမည်။ အတွင်းဆောင် တိုင်လုံးများတွင် နန်းတော်ကဲ့သို့ ရွှေပိန်းမချသော်လည်း ရွှေရေးသုတ်ထားသည်။ လှေကားထစ်တိုင်ရှိ တိုင်လက်ရန်း ထိပ်တွင် ဆင်ဦးခေါင်းပုံများ ထုထားပြီး လှေကားအောက်ဘက် အရင်းနေရာတွင် မိကျောင်းရဲလှေပုံစံ ထုထားသည်။ လက်ရန်းအောက်ခြေ နေရာတွင် ပါးစပ်ကို ဖြဲထားသော မိကျောင်းပုံ။

တပ်မှူးငယ် အံ့သြလောက်သည်ဟုလည်း မတ်သံလုံ ထင်နေသည်။

တိုက်ကုလားသို့ ရောက်လျှင်ရောက်ချင်းပင် သူ့ရှင်က 'ယာယီစံနန်းတော်' ဆောက်ရမည်ဟု အမိန့်တော်မှတ်သဖြင့် ရဲမက်အားလုံး၊ တိုက်ကုလားရှိ မြို့သူမြို့သားအားလုံး သစ်ဖြတ်၊ ဝါးခုတ်၊ ကနုတ်ထွင်းဖြင့် သောင်းသောင်းဖြဖြ ဆောက်ကြရာတွင် သုံးရက်အတွင်း စံအိမ်တော်ကြီး ပြီးစီးသွားလေသည်။

ခေါင်ငါးဆက် စံအိမ်တော်ကြီးသည် အပြင်ဘက်တွင်သာမက



အတွင်းဘက်တွင်လည်း အဆောင်ဆောင်သော အခမ်းအနားတို့ဖြင့် ဆင်ယင်ပြီးစီးနေသည်။ မြစ်ပြင်ကိုလှမ်းမြင်နိုင်သော ဦးခန်းဆင်ဝင်တွင် စက်ရာဆောင်၊ ထိုစက်ရာဆောင်တွင် မှီအုံး၊ ကမ္ဗလာဖုံ၊ ဖျာချော၊ ကော်ဇော၊ ကတ္တီပါခင်း၊ သလွန်ညောင်စောင်းမှ အစ။

နံရံများတွင်လည်း ငွေကနုတ် ဖော်ထားသော ဆီမီးတိုင်၊ ဗိတာန်မျက်နှာကြက်မှ ဖန်ကြိုးဆွဲများ၊ ခရမ်းပြာရောင် ပဝါခန်းဆီးများ။

"တစ်ခုတော့ရှိတယ် မတ်သံလုံရဲ့၊ တိုက်ကုလားလိုနေရာမျိုးမှာ သူ့ရှင်က ဘာကြောင့် ယာယီစံအိမ်တော် ဆောက်စေသလဲမသိဘူး စစ်ရေးစစ်ရာအတွက် အရေးပါလှတဲ့ ဒေသမျိုးလည်းမဟုတ်ဘူး အေးလေ၊ ရေမြေ့ရှင်ဘုရင်မင်းမြတ်ဆိုတာကလည်း ခက်သားကလား၊ ရာဇာတို့ရဲ့ စိတ်သဘော ကျုပ်တို့ ဘယ်သိနိုင်မတုံး၊ဟုတ်ဘူးလားဗျာ၊ ဒါကြောင့်လည်း ကျုပ်မသိနိုင်တာတွေ သိ သိနေတတ်လွန်းလို့လည်း ဘုရင်မင်းမြတ် ဖြစ်ပေတာပ၊ ဟုတ်ဘူးလားဗျာ"

မတ်သံလုံသည် ယာယီ အိမ်နန်းဆောင်ကြီးကို သုံးသပ်ကြည့်ပြီးနောက် စကားများလှသော တပ်မှူးအနီးမှ တိတ်ဆိတ်စွာ ထွက်ခွာခဲ့လေသည်။ တပ်မှူးသည် ဘာမျှ စကားပြန်မဆိုဘဲ ထွက်သွားသော မတ်သံလုံကို ကြည့်ရင်း အံ့အားသင့်လျက် ကျန်ခဲ့သည်။ သို့သော် သူ့အနီးသို့ ရောက်လာသည့်အကြပ်မှူးများ၊ ရဲမက်များကို ခေါ်ပြီး ခေါင်းငါးဆက် အိမ်ကြီးအကြောင်း၊ သူ့ရှင် ရာဇာဓိရာဇ် အကြောင်းများကို ဆက်ပြောနေပြန်သည်။

ယာယီအိမ်နန်း၏ ဝင်းတံခါးဝအနီးမှ ပိန္နဲပင်ကြီးတစ်ပင်အောက်သို့ မတ်သံလုံဝင်ထိုင်လိုက်သည့်အချိန်တွင် မင်းကြီးသမိန်သံဖြတ်ရောက်လာသည်။ မင်းကြီးဘေးတွင် မင်းကန်စီကို တွေ့လိုက်ရသည်။ တွေ့နေကျ ဖြစ်သော အမတ်ဒိန်ကို မတွေ့ရသည့်အတွက် မတ်သံလုံ သတိရနေမိသည်။

"သံလုံငယ်လား ဟေ့"

"မှန်ပါတယ် မင်းကြီး"

မတ်သံလုံ ဒူးထောက်၍ ရင်ကို ချီလိုက်သည်။

မင်းကြီး သံဖြတ်နှင့် မင်းကန်စီတို့က ရယ်ကြလေသည်။

"စစ်မြေပြင် စစ်ကာလ မဟုတ်ပါဘူးကွယ်၊ သက်သက်သာသာနေပါ၊ ဒါ့ထက်ပိုပြီး သက်သက်သာသာ လွတ်လွတ်လပ်လပ်

www.burmeseclassic.com

နေဖို့ ရှိသေးတယ်”

မင်းကြီးသံဖြတ်နှင့် မင်းကန်စီတို့ တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ရှိ စွာ ကြည့်လိုက်ကြသည်။ မတ်သံလုံကား ဒူးထောက်ရာမှ ထမရ သေး။

“သူ့ရှင်ရဲ့ ယာယီအိမ်နန်းလည်း ပြီးသွားပြီ၊ ရဲမက်တွေလည်း စစ်တိုက်ရ၊ ယာယီနန်းဆောက်ရနဲ့မို့ပင်ပန်းလှပြီဆိုပြီး သူ့ရှင်က ဒီညတပ်မအားလုံး စိတ်ကြိုက်နေကြတဲ့၊ မြစ်ဆိပ်နားက ကနားတဲ ကြီးမှာ ပွဲသဘင် ကျင်းပမယ်၊ စားပွဲကျင်းပမယ်၊ ကြိုက်သလိုစား ကြိုက်သလိုက၊ အဲ... ပြီးတော့ မင်း အကြိုက်ပဲ သံလုံငယ် အကောင်းဆုံး သေရည်ကို စရည်းအိုးကြီးတွေနဲ့ တည်ထားတယ် ကြိုက်သလောက်သောက်၊ ပြီးရင် သူ့ရှင်ကိုယ်တိုင်စစ်ချီသံနဲ့ စစ်အက ကမယ်၊ ပြီးရင် ရဲမက်တွေ အားလုံးကို ဆုလာဘ်ပေး လိမ့်မယ်”

“ဝင်းမှူး၊ အိပ်ဖန်မှူး၊ ကင်းစောင့်မှူး၊ တာဝန်တွေအတွက်လဲ မင်း တို့ တာဝန် ဘာမှမရှိဘူး၊ တိုက်ကုလားက တပ်ဖွဲ့တွေကို တာဝန် ပေးထားတယ်၊ သူ့ရှင်ရဲ့တပ်တွေအားလုံး ဒီည ကြိုက်သလောက် ပျော်နိုင်တယ်”

မင်းကန်စီက မင်းကြီးသံဖြတ်၏ စကားကို ဆက်သည်။

“ကိုင်း သံလုံငယ်၊ မင်းကျိုက်ပိုး ခါးတောင်းကိုဖြုတ်၊ ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးရင် အကောင်းဆုံးပဝါ၊ အကောင်းဆုံး ပုဆိုး ကို စည်းပြီး မြစ်ဆိပ်ကနားတဲသွားပေတော့၊ ကြိုက်သလောက်သော သောက်၊ ကြိုက်သလို ကခုန်အော်ဟစ်ပေတော့၊ သွားလေ”

မင်းကြီး သံဖြတ်ထံတွင် ခါတိုင်းတွေ့နေကျ ဖြစ်သော တည် ကြည် ခက်ထန်သည့် တပ်မင်းကြီး ဣန္ဒြေတို့မရှိဘဲ မြူးရွှင်ပေ့ါပါးနေ သည့်အတွက် မတ်သံလုံ အံ့ဩမိနေသည်။ မင်းကန်စီကား၊ ခါတိုင်း ထက် ပို၍ သွက်လက် တက်ကြွနေလေသည်။

“သွားလေ မတ်သံလုံ၊ ကနားတဲပွဲသဘင်မှာ တိုက်ကုလားမြို့က အပျိုချောတွေနဲ့ ကိုယ်လုပ်တော်တွေလည်း တွေ့လိမ့်မယ်၊ ဖြစ်နိုင် ရင် မင်းပုဆိုး ခါးပုံစကို ခါတိုင်းလို တိုတိုမဆွဲဘဲလုပျိုတော်သား တွေလို လည်မှရစ်ထား၊ ပြီးတော့ အမွှေးနံ့သာလေးဘာလေး ရှိရင်လည်း ဆွတ်ဖျန်းသွား၊ ဟား ဟား ဟား”

“ဟား ဟား ဟား”



မင်းကြီးနှစ်ဦးက လွတ်လပ်ရင်းနှီးစွာ ရယ်မော ပြောဆိုကြသဖြင့် မတ်သံလုံ ပြုံးလိုက်မိပြီး နေရာမှ ထွက်ခွာခဲ့သည်။

မင်းကန်စီ၏ နောက်ပြောင်လိုက်သံက ခပ်လှမ်းလှမ်းမှ လိုက်ပါ လာသေးသည်။

“သေမှူး မှူးနဲ့တော့ သူ့ရှင်ရဲ့ စံအိမ်တော်ပေါ် ယောင်မှားတက် ပြီး ငိုမနေနဲ့ဟေ့၊ ပျော်ပွဲကနေ ရာဇာဝတ်သင့်ပြီး သေပွဲဖြစ် သွားမယ်၊ ဟား ဟား”

* * *

မြစ်ရေနံ့သင်းသော လေပြည်ထဲတွင် ယဉ်ကျေးသော အမွှေးနံ့ သာနံ့တစ်ခု ရောစွက်ပါဝင်နေသည်။ တစ်ချက်တစ်ချက်တွင် သဲနံ့ ထင်းသော လေပြင်းက တိုးဝှေ့ကျီစယ်သည်။

တရည်းမြို့ရိုးထိပ် သူရဲခိုမှ အပေါ်စီးမြင်နေရသော မြင်ကွင်းနှင့် လည်း ဆင်ဆင်တူသည်။ မြစ်ပြင်လယ်မှ လိုလို၊ မြို့ရိုးတွင်းမှ လိုလို မိကျောင်းစောင်းသံနှင့် တေးဆိုသံတို့ကို တိုးတစ်ခါ ကျယ်တစ်လှည့် ကြားနေရသည်။

ညှိစို့သော သွေးနံ့တို့က တစ်လုံးတစ်ရင်း ဝင်လာပြန်သည်။ စောစောက မိကျောင်းစောင်းသံနှင့် တေးဆိုသံတို့ ပျောက်ကွယ်သွားပြီး တခဲနက်ဆူညံသော စစ်မောင်းသံ၊ တိုက်ဆင်တို့၏ တကျည်ကျည်အော် သံ၊ မိကျောင်းရဲလှေတို့မှ လှော်တက်များ ရေပြင်သို့ တဝုန်းဝုန်း ကျသံ။

ရန်သူ့တိုက်ဆင်၏ အော်သံကြောင့် မိမိ၏ စစ်မြင်းသည် ထိတ် လန့်တကြား ဟီလျက် မတ်တပ်ရပ်လိုက်ရာ မြင်းပေါ်မှ ကစဉ့်ကလျား ကျသွားရသည်။ ပြန်ထရန် ကြိုးစားနေဆဲမှာပင် ရန်သူမြင်းက ခွာစုံ ပေါက်လိုက်သဖြင့် ဦးခေါင်းတစ်ခုလုံး ကွဲကြေမတတ် နာကျင်သွားရ ပြန်သည်။

လက်တွင်းမှ ဓားရိုးကို သတိမလွှတ် ဆုပ်ကိုင်စမ်းလိုက်သော် လည်း ဓားရိုးကို မစမ်းမိဘဲ နူညက်သော တစ်စုံတစ်ခုကိုသာ ကိုင်တွယ်မိနေသည်။

ကတ္တီပါထိုင်ခုံ အခင်းတစ်ခု ဖြစ်နိုင်သည်။ မဟုတ်

www.burmeseclassic.com

ငှက်ခါးမွေး ယပ်တောင်တစ်ခု။ မဟုတ်သေး။

အထိအတွေ့သည် နူးညံ့ပျောင်းအိသည်သာမက နွေးထွေးလှိုက်ဆူစေသည်။

အားကိုးတကြီးဖြင့် ဆုပ်ကိုင်မိရာတွင် လက်တွင်းမှအရာသည် မြွေတစ်ကောင်ကဲ့သို့ ပြေလျော့ ရုန်းဖယ်သွားပြန်သည်။

"ပေးပါ၊ မဖယ်ပါနဲ့၊ မဖယ်ပါနဲ့၊ ဓားရိုးမဟုတ်လား၊ ပေးစမ်းပါ၊ စောအဲဗညားကို တွေ့နေပြီ၊ သတ်စမ်းပါရစေ၊ ကျုပ်ဓားကို ပေးစမ်းပါ"

ဓားကို လိုက်စမ်းသော်လည်း မတွေ့။

"နှင်းပန်းခိုင်ဆီက လေးနဲ့မြားကိုပဲ ယူတော့မယ်၊ နှင်းရေ လေးမြား မြန်မြန်ပေးစမ်း၊ ဟိုမှာ စောအဲဗညား၊ သင်းကို သဲသဲကွဲကွဲ တွေ့နေရတယ်၊ သတ်မယ်၊ သတ်မယ်"

တိုက်ဆင်ကြီးတစ်ကောင် ရှေ့မှ ဖြတ်သွားပြန်သဖြင့် စောအဲဗညား ပျောက်သွားပြန်သည်။ လေးမြားကိုလည်း မရသေး။ ဓားကိုလည်း မကိုင်မိသေး။ သည်းမခံနိုင်တော့၊ ဒေါသတို့ပေါက်ကွဲလွင့်စဉ်သွားသည်။

"ဘာလက်နက်မှ မရရင် လက်ရုံးနဲ့ပဲ သတ်မယ်ဟေ့"

မြို့ရိုးသူရဲခိုထိပ်မှ မိုက်မဲစွာ ခုန်ချလိုက်သည်။ မြို့ရိုးမြင့်လွန်းလှသည်ဖြစ်၍ အောက်သို့တော်တော်နှင့် မကျနိုင်။ ထိုအခါ အောက်တွင် ရှုပ်ထွေးနေသော စစ်တလင်းမြင်ကွင်းကို ကောင်းကင်မှ ဝဲပျံကြည့်နေရသလို။

ထိုအခါမှပင် တိုက်ဆင်တစ်ကောင်ပေါ်မှ စောအဲဗညားကို ထင်ထင်ရှားရှား တွေ့ရတော့သည်။

"တွေ့ပြီ၊ သင်းကိုတွေ့ပြီ၊ စောအဲဗညားကို တွေ့ပြီး၊ နှင်းရေ ရန်သူကို တွေ့ပြီ၊ နှင်းရှိရာခေါ်လာခဲ့မယ်၊ ပြီးတော့မှ သူ့ရှင်ရှေ့မှောက်ကို ခေါင်းဖြတ်ယူခဲ့မယ် သိလား"

အစာကို တည့်မတ်တိကျစွာ ထိုးသုတ်သော သိန်းစွန်ရဲကဲ့သို့ ကောင်းကင်တွင် ဝဲပျံချိန်ဆရင်း တိုက်ဆင်ဦးကင်းထိပ်မှ စောအဲဗညားဆီသို့ ဆင်းသွားလိုက်သည်။

သျှောင်ကို ဆွဲသည်။ ချပ်ဝတ်ပခုံးအုပ်ကို ဆုပ်ကိုင်လိုက်သည်။

"နှင်းကို သတ်တဲ့ကောင်၊ မင်း သေပေတော့"

စိတ် နောက်ကျိစရာပင်။



လက်ထဲတွင် ရန်သူ၏ သျှောင်ကို မဆွဲမိ။

စောစောက နူးညံ့နွေးထွေး ပျောင်းအိသော တစ်စုံတစ်ရာ အထိအတွေ့။

ရန်သူ မျက်ခြည်ပြတ်သွားသည့်အတွက် ဆူလှိုက်သော ဒေါသတို့သည် ရုတ်ခြည်း ချုပ်ငြိမ်းသွားပြီး နှင်းပန်းခိုင်၏ သွေးစိမ်းရှင်ရှင်ထွက်အန်နေသော ရင်တို့ကိုစမ်းမိနေပြန်သည်။ အကျည်းတန်သောမြားတစ်စင်းက အရုပ်ဆိုးစွာ ရက်စက်ရိုင်းစိုင်းစွာ စိုက်ဝင်စူးမြုပ်လျက်။

"နှင်း နှင်းပန်းခိုင်ရယ်"

ငိုကြွေးမိပြန်ပြီ ငိုကြွေးရပြန်ပြီ။

ဘယ်လောက်ကြာအောင်၊ ဘယ်လောက်ထိအောင် ငိုကြွေးမိသည် မသိ။

တိုးတိတ်ညင်သာသော သို့သော် အင်အားနှင့်ပြည့်စုံသော အသံတစ်သံက တွန်းထိုးဝင်ရောက်လာသည်။

"မငိုနဲ့လေ၊ ကြည့်ပါဦး၊ ဖွင့်ကြည့်ပါဦး"

"မငိုနဲ့လေ"ဟူသော စကားသံများကို ပဲ့တင်ဆင့်ပွားအကြိမ်များစွာ ကြားနေရသည်။ မျက်နှာပေါ်သို့ အေးမြသော တစ်စုံတစ်ခုဖြင့် ပွတ်တိုက်ပေးနေသလို ခံစားရသည်၏ အဆုံး၌–

မတ်သံလုံ မျက်စိပွင့်လာသည်။

ရဲရဲနီသော အနီရောင် ထိုမှသည် ပန်းဆီရောင်၊ ထိုမှသည် ပန်းရင့်ရောင်၊ ထိုမှသည် ပန်းနုရောင်၊ ထိုမှသည် ပန်းနုဖျော့ရောင်၊ ထိုမှသည် ဖြူလွသော ပန်းသွေးရောင် ထို့နောက် အဖြူ။

အဖြူသည် ညီးညီးထိန်နေသော ဆီမီးတိုင်တို့မှ အလင်းရောင်ဖြင့် ဝါရွှေရောင်ဖြစ်သွားပြန်သည်။ ဝါရွှေရောင်ထဲတွင် အသွယ်သွယ် အဆိုင်းဆိုင်းသော ဗိတာန်မျက်နှာကြက်၊ ကနုတ်တို့ ဖော်အပ်သည့် တိုင်လုံးများ ခရမ်းပြာရောင် ပဝါခန်းဆီးများ၊ ငွေခက်သွန်း ဆီမီးတိုင်များ...။

ထိုမှ တစ်ဖန် နီးကပ်စွာ အုပ်မိုးနေသော အရာ။

မျက်နှာတစ်ခု။

လှပ တင့်ရွှန်းသော မျက်လုံးအစုံတို့ဖြင့်။

"သတိရပြီလား"

"အင်း"

ဝေသီနောက်ကျိလွန်းစွာဖြင့် မျက်စိအစုံကို ပိတ်လိုက်မိသည်။ သို့သော် ချက်ချင်း ပြန်၍ ဖွင့်ကြည့်ပြန်သည်။ အထိတ်တလန့်

www.burmeseclassic.com

www.burmeseclassic.com



အကြည့်။

စောစောကထက် ပို၍ သဲသဲကွဲကွဲ မြင်ရတော့သည်။

ကနုတ်ဖော်တိုင်လုံး၊ ငွေခက်သွန်းဆီမီးတိုင်၊ ဗိတာန်မျက်နှာကြက်၊ ခရမ်းပြာ ပိုးခန်းဆီးစ၊ ဆီမီးရောင်။

"ဟင်..."

မတ်သံလုံ ဝုန်းခနဲထသည်။ ယိုင်လဲမသွားစေရန် လက်ထောက်လိုက်သည်။ လက်၏ အထိအတွေ့တွင် နူညက်သော ကမ္ဗလာဖုံခင်း။

"ဘုရား...ဘုရား..."

မတ်သံလုံ မသဲမကွဲ မပီမသ အော်ဟစ်ရေရွတ်၍ ညောင်စောင်းမှ ခုန်ထ၍ မျက်နှာမူရာ တူရူဘက်ဆီသို့ ပြေးထွက်သည်။ တံခါးမရှိ၊ လှေကားမရှိ။ ရွှေရေးသုတ်ခြယ်သော ပန်းကွက်ဖော်နံရံကြီးများ...။

ယာယီစံအိမ်တော်၊ ယာယီအိမ်နန်းတော် သူ့ရှင်ရာဇာဓိရာဇ်၏ အမိန့်တော်ဖြင့် သုံးရက်နှင့်အပြီး ဆောက်ခဲ့သည့်၊ သူ့ရှင် စံမြန်းမည့် စံအိမ်တော်ထက်သို့ တက်မိပြီ၊ ဘုရင်မင်းမြတ်၏ ညောင်စောင်းထက်သို့ တက်မိပြီ။

ချောက်ချားသော အတွေးများဖြင့် ခေါင်းသည် ပို၍ နောက်ကျိလာပြန်သည်။

အနီးရှိ တိုင်လုံးကို မှီလိုက်ရသည်။

ညနေခင်းက မင်းကန်စီ ရယ်မောနောက်ပြောင်လိုက်သော စကားကို ပြန်ကြားယောင်မိသည်။

"သေမူးမူးနဲ့တော့ သူ့ရှင်ရဲ့စံအိမ်တော်ပေါ် ယောင်မှားတက်ပြီး ငိုမနေနဲ့ဟေ့၊ ပျော်ပွဲကနေ ရာဇဝတ်သင့်ပြီး သေပွဲဖြစ်သွားမယ် ဟား ဟား ဟား"

တိုင်လုံးမှီရင်း သေရည်ငွေ့တို့ တရိပ်ရိပ် တက်လာပြန်သဖြင့် မြင်ကွင်းသည် အခြားမပြတ် လည်လာပြန်သည်။ အဆမတန် ရေငတ်မွတ်လာသဖြင့် အခြားဘာကိုမျှ မစဉ်းစားမိတော့။ ညောင်စောင်းအနီးရှိ ရေတကောင်းဆီသို့ တယိုးတယိုင် လှမ်းလာခဲ့သည်။ ရေတကောင်းကို ကိုင်လိုက်မည်အပြုတွင် လှပသောလက်တစ်ခုက ဦးစွာကိုင်ယူပြီး ရေခွက်ထဲသို့ ရေငှဲ့ပေး၍ ရေတိုက်သည်။ ပူလောင်သောရင်ကို ရေဖြင့် အေးစေလိုခြင်းသာ အဓိကဆန္ဒဖြစ်နေသဖြင့် ဘာကိုမျှ မတွေးမိတော့ဘဲ ရေကို အငမ်းမရ သောက်ချလိုက်တော့သည်။ ရွှေခွက် လေးလုံးအထိ။



ဝမ်းဗိုက်ထဲတွင် ရေပြည့်သွားသောအခါ သေအခိုးတို့က လှိုင်းဒုတ်သလို ရိုက်ခတ်ပြန်သည်။ ရေပြင်တွင် လူးလိမ့်သော လှေ၏ နိုက်တိုင်ဖျားသို့နှယ် လူပ်ခါ မူးဝေလာပြန်သည်။

မည်သို့မျှ ဆက်လက်ဆောက်တည်ခြင်းငှာ မစွမ်းသာတော့။

မင်း ရာဇဝတ်သင့်၍ သတ်လိုလည်း အသေခံတော့မည်။

ညောင်စောင်းထက်သို့ တက်၍ လှဲချလိုက်သည်။

တစ်စုံတစ်ယောက်က တယုတယ ကူညီ ဖေးမပေးသည်။

နူးညံ့သော ကတ္တီပါခင်း ခေါင်းအုံးနှင့် ထိတွေ့လိုက်သည့် ချက်ချင်းမှာပင် အိပ်မောကျသွားသည်။ နက်ရှိုင်းသော အိပ်စက်ခြင်း။

အိပ်မက်မရှိ၊ အတွေးအလျှဉ် မရှိ၊ ပကတိ အိပ်စက်ခြင်း။

* * *

မူးဝေချောက်ချားခြင်း ကင်းစွာဖြင့် နိုးထလာသည့် အချိန်တွင် မတ်သံလုံသည် မျက်လုံးများကိုမူ ဖွင့်၍ မရတတ်သေး။ စောစောက ကယောင်ကတန်း ဖြစ်ခဲ့သည်များကိုလည်း သတိမရ။

ပထမဆုံး သတိပြုမိသည်မှာ ဆန္ဒကူးရနံ့ကဲ့သို့သော အနံ့မွှေး တစ်ခု ဖြစ်သည်။ သတိမထားဘဲ မနေနိုင်လောက်အောင် အနံ့သည် ဂန္ဓအာရုံကို ထူးထူးခြားခြား နှိုးဆော်ပေးနေသည်။

ဒုတိယ သတိပြုမိသည်မှာ ကျောပြင်အောက်၊ လက်မောင်းများအောက်၊ ဦးခေါင်းအောက်မှ နူးညံ့လွန်းသော အထိအတွေ့ဖြစ်သည်။ လက်ဖဝါးပြင်နှင့် အသာအယာ ပွတ်သပ်ကြည့်မိသည်တွင် ကတ္တီပါ အမွေးနုများက တုံ့ပြန်သော ဖောဌဗ္ဗအတွေ့ကို ခံစားလိုက်ရသည်။

သတိအာရုံနှစ်ခု ချက်ချင်း ဝင်ရောက်လာသည်။

မိမိ၏ စစ်တဲတွင် ဤမျှသော စန္ဒကူးနံ့မျိုးမရှိ၊ ဒိုင်း၊ လှံ၊ ကာတို့မှ ကျွဲသားရေ၊ နွားသားရေ စိမ်းနံ့နှင့် မီးခိုးနံ့သာရှိသည်။

မိမိ၏ စစ်တဲတွင် ဤမျှသော ကတ္တီပါနု အထိအတွေ့မျိုးတို့မရှိ၊ မာကျောသော ဝါးကွပ်ပျစ်နှင့် ကြမ်းခက်သော စောင်တဘက်ခင်းသာ ရှိသည်။

မိမိ၏စစ်တဲအတွင်းမှ မိမိ၏အိပ်ရာမဟုတ် ဟူသော အသိဝင်လာသည်နှင့် တစ်ပြိုင်နက် မတ်သံလုံ မျက်လုံးများ ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဝါးသီမှိုင်းသော မြင်ကွင်း ရှင်းလင်းသွားစေရန် မျက်တောင်ခတ်ကြည့်ရသည်။ ဆီမီးတို့၏ လင်းထိန်သော အလင်းရောင်ကို စူးစူးရှရှတွေ့ရသည်။

ထိုစဉ် မီးရောင်အောက်တွင်...

"ဟင်..."–

အိပ်ရာမှ ဝုန်းခနဲ ထမိသည်။

သို့သော် အိပ်ရာထက်မှ အပြီးအပိုင် ထခွင့်မရခဲ့။

"ပြန်အိပ်လိုက်ပါဦး၊ ရှင် သိပ်ပင်ပန်းနေတယ်"

နူးညံ့သိမ်မွေ့သော လက်တစ်ဖက်က မတ်သံလုံ၏ ရင်ဘတ်ကို တွန်းလျက် အိပ်ရာပေါ် ပြန်လှဲစေအောင် အားထုတ်သည်။ သို့သော် လက်ကို ကြမ်းတမ်းစွာ ဖယ်ရှားလိုက်ပြီး မတ်သံလုံ ညောင်းစောင်းထက်မှ ဆင်းလိုက်သည်။

'ပြန်အိပ်လိုက်ပါဦး'ဟု ဆိုလာသော လက်ပိုင်ရှင်ကို ယခုမှပင် စေ့စေ့စပ်စပ်ကြည့်မိသည်။ ရွှေဖြင့် သွင်းခတ်အပ်သော ရုပ်တုဟုပင် ဆိုရတော့မည်။

ဖိတ်ဖိတ်လက်နေသော ရွှေခြည်ဖောက်ပဝါ၊ အနို့တပ်အကျႌ၊ ရင်စည်း၊ ထဘီ ထို့ပြင် တိမ်တောင်တက် ဆံထုံးရှိ ရွှေကွင်းမှအစ ရွှေဘယက်၊ ရွှေလက်ကောက်၊ ရွှေခါးစည်းအဆုံး။

ဤမျှသော ကိုယ်လုံးပြည့် ရွှေရောင်ဝင်းဝင်းအောက်မှာပင် ဝါရွှေသော မျက်နှာ၊ လည်တိုင်နှင့် ရင်ညွန့်တို့သည် မှေးမှိန်မသွားဘဲ ပို၍ဝင်းလက်နေသည်။

ရွှေနားဆွဲတို့အလယ်မှ ဝိုင်းစက် ပြည့်ဖြိုးသော မျက်နှာအလှသည် မရယ် မပြုံး။ တည်ငြိမ်သော အကြည့်ဖြင့် မတ်သံလုံကို ကြည့်နေသည်။

ဝန်းကျင်ထက်အောက် ဝဲယာသို့ မတ်သံလုံ လျင်မြန်စွာ အကဲခတ်လိုက်ပြန်သည်။ ဆီမီးတို့ လင်းထိန်နေသော မြင်ကွင်းတွင် အထိတ်တလန့် တွေ့လိုက်ရသည်ကား သူ့ရှင်ရာဇမိရာဇ်၏ အမိန့်တော်ဖြင့် သုံးရက်အတွင်း အပြီးဆောက်ထားသော ယာယီအိမ်နန်းတော်မှ စက်ရာဆောင် အတွင်း။



သို့ဆိုလျှင်...

ရှေ့မှောက်မှ ရွှေရောင်အလှသည် သူ့ရှင်၏ မိဖုရားမှလွဲ၍ အခြားမဖြစ်နိုင်။

မတ်သံလုံ ကြောက်ရွံ့ခြင်းပြင်းစွာ ဒူးထောက်ချလိုက်သည်။ ကြေကွဲသောအသံ ဖြစ်ပေါ်လာသည်။

"ကျွန်တော့်ကို သတ်ပါတော့၊ အကြီးမားဆုံး စော်ကားမှုကို ကျွန်တော် ကျူးလွန်လိုက်မိပါပြီ၊ လူကြီးတွေ အတန်တန်မှာရက်နဲ့ ဘုရင်မင်းမြတ်ကြီးရဲ့ ယာယီအိမ်နန်းတော်ပေါ်တက်၊ ဘုရင်မင်းမြတ်ရဲ့ စက်ရာပေါ်ဝင်ပြီး ဘုရင်မင်းမြတ်ရဲ့ မိဖုရားရှေ့မှောက်မှာ မဖွယ်မရာတွေ ဖြစ်ခဲ့ရပါပြီ၊ ရာဇဝတ်သားအဖြစ်နဲ့ ကျွန်တော့်ကို သာ သတ်ပါတော့၊ တခြားဘာမှ မပြောလိုတော့ပါ"

"မဟုတ်ဘူး၊ ရှင့်ကို၊ ဟို..."

ရွှေရုပ်တုသည်လည်း ထိုအခါမှပင် တုန်လှုပ်စွာဖြင့် မယ်သံလုံ အနီးမှ တရွေ့ရွေ့ ဆုတ်ခွာသွားသည်။

"ကျွန်တော့်ကို သတ်ပါ"

"ဟင့်အင်း၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဟိုပေါ်မှာ...ဟိုမှာ..."

ရွှေရုပ်တုက သဥ္စာလီညောင်စောင်း၏ ခေါင်းရင်းဘက်ရှိ ခြေသုံးချောင်းထောက် ကလပ်ပေါ်မှ တစ်စုံတစ်ခုကို ညွှန်ပြရင်း အဆက်အစပ်မဲ့သော စကားလုံးများကို ရေရွတ်နေသည်။

"အဲဒါကို ကြည့်ပါ တပ်မှူး"

ကလပ်ပေါ်သို့ မတ်သံလုံ လှမ်းကြည့်လိုက်သည်။ ရဲရဲနီသော တပ်မှူးဝတ်စုံအသစ်ကို ပိရိစွာ ခေါက်ထားပြီး ထိုအပေါ်တွင် ရွှေပြားခတ် ကြိုးတစ်ခု တင်ထားသည်။ သူ့ရှင် ရာဇာမိရာဇ်က အမှူးအမတ်ဝန်များကို ဘွဲ့တံဆိပ် ချီးမြှင့်ရာတွင် ပေးသော နဖူးစည်းတစ်ခုဖြစ်ကြောင်း မတ်သံလုံ သိလိုက်သည်။

"အဲဒါကို ကြည့်ပါ၊ တပ်မှူးရဲ့ အဲဒါ..."

သူ့ရှင်၏မိဖုရား အမိန့်ကိုတော့ နာခံရပေမည်ဟု သတိရမိပြီး ကလပ်ပေါ်မှ နဖူးစည်းကို ကောက်ယူလိုက်သည်။ ရွှေပြားခတ် နဖူးစည်းသည် လက်နှစ်လုံးခန့် ရှိသည်။ အစွန်းကြီးစနှစ်ခုကိုဆွဲ၍ ဆီမီးရောင်တွင် ကြည့်လိုက်လိုက်။

ဝိုင်းစက်သော စာလုံးများ။

www.burmeseclassic.com

www.burmeseclassic.com



"လဝွန်းအိမ်"

နဖူးစည်းကို ကိုင်ထားရင်း မိဖုရားကို ငေးကြည့်မိပြန်သည်။

"ကျွန်တော် ဘာလုပ်ရမလဲ သခင်မ"

"အဲဒါ တပ်မှူးရဲ့ဟို..."

ရွှေရုပ်တု၏တုပ်လှုပ်မှုသည် မဆုံးနိုင်သေး။ စကားကို ဆုံးအောင် မပြောနိုင်ဘဲ မျက်နှာကို လွှဲဖယ်လိုက်ပြန်သည်။ တုန်လှုပ် ချောက်ချားခြင်း၊ ရှက်ကြောက်ခြင်းများဖြင့် ဆီမီးရောင် လင်းထိန်သော စက်ရာဆောင် အတွင်းဝယ် ယောက်ျားကြီးတစ်ဦးနှင့် မိန်းမလှတစ်ဦးတို့ နေရာမှ မရွေ့မလျား ဖြစ်နေကြသည်။ မတ်သံလုံ၏လက်တွင်းမှ ရွှေနဖူးစည်း ကြိုးစနှစ်ခုသာလျှင် မီးရောင်အောက်၌ ပြိုးပြိုးပြက်ပြက် လှုပ်ခါနေသည်။

"ဟော့ လဝွန်းအိမ်ဆိုတာ မင်းပဲပေါ့ကွ ငါ့ညီရ"

စံအိမ်စက်ရာဆောင် အခန်းပေါက်ဝမှ အသံတစ်သံ ထွက်ပေါ်လာသည်။

မတ်သံလုံ ထွက်ကြည့်လိုက်သည်။

မင်းကန်စီ။

"မင်းလက်ထဲမှာရှိတဲ့ ဘွဲ့ရွှေနဖူးစည်းပေါ်က လဝွန်းအိမ်ဆိုတဲ့ အမည်က မင်းအမည်ပဲ၊ မင်းရဲ့ဘွဲ့ပဲ၊ ပြီးတော့ ဒီစံအိမ်တော်ဟာလည်း မင်းပိုင်တဲ့ စံအိမ်တော်။ သူ့ရှင်ရဲ့ ယာယီအိမ်နန်း မဟုတ်ဘူး၊ ဒီစက်ရာဟာလည်း မင်း ပိုင်တဲ့စက်ရာ၊ မင်းယောင်မှားတာက်တာ မဟုတ်ဘူး၊ ငါကိုယ်တိုင် သူ့ရှင်ရဲ့ အမိန့်တော်နဲ့ လူမှန်းသူမှန်း မသိအောင် မူးနေတဲ့ မင်းကို ဒီအိပ်ရာပေါ်ကို ပို့ပေးထားတာ၊ ပြီးတော့..."

မင်းကန်စီသည် တက်ကြွသော အပြုံးများဖြင့် ညောင်စောင်း ခြေရင်းဘက်သို့ လှမ်းကြည့်ရင်း မတ်သံလုံရှိရာသို့ လျှောက်လာသည်။

ထို့နောက် မတ်သံလုံရှေ့တွင် ကြွားဝင့်စွာ လက်ပိုက်ရပ်လိုက်သည်။

"နားထောင်စမ်းဟော့ မတ်သံလုံ၊ သူ့ရှင်က မင်းကို ဒီ တိုက်ကုလားမြို့ကို အပိုင်စား ပေးအပ်လိုက်ပြီ၊ ပြီးတော့ ဒီခေါင်ငါးဆက်အိမ်တော်၊ ပြီးတော့ တိုက်ဆင်ပေါက် ငါးစီး၊ ပြီးတော့ အဲဒီ ရွှေပြားပေါ်က လဝွန်းအိမ်ဆိုတဲ့ ဘွဲ့အမည်၊ ပြီးတော့



တိုက်ကုလားမြို့စားကတော်အဖြစ် ဟောဒီ..."

ရွှေရုပ်တုက ခေါင်းကို မဖော်စတမ်း ငုံ့ထားနေသည်။

"တိုက်ကုလား မြို့စားကတော်အဖြစ် ဟောဒီ မေနှင်းကေသရာ"

"မေနှင်းကေသရာ"

လှပသော၊ သို့သော် အင်အားရှိနေသော ထိုအမည်ကို မတ်သံလုံ စိတ်ထဲမှ လိုက်၍ ရေရွတ်မိသည်။

"မတ်သံလုံ၊ မင်း မနေ့ညက သဘင်မှာ တစ်ညနေလုံး ညဥ့်ဦး တစ်ချိန်လုံး မဏ္ဍပ်ကနားထဲမှာ သေခွက်ပေါင်းများစွာ သောက်ခဲ့တယ်၊ နောက်တော့ သူ့ရှင် အမိန့်တော်အရ မင်းကို မင်းကြီး သမိန်သံဖြတ်ဆီခေါ်သွား၊ အဲဒီမှာ ထပ်တိုက်၊ မင်းက စစ်ပွဲမှာ အသေခံတိုက်သလို သေရည်ကိုလည်း သေအောင်သောက်တဲ့ လူစားကိုး၊ လူမှန်းသူမှန်းမသိ ယစ်လာတော့မှ ဒီစံအိမ်တော်ပေါ်၊ ဒီစက်ရာပေါ်ပို့တာပဲ၊ ပြီးရော့ မင်းကတော့ မူးနေလို့ သိချင်မှ သိမယ်၊ တစ်ချိန်လုံးလုံး စောင်းညှင်းတူရိယာနဲ့ တီးမှုတ်ပေးနေခဲ့တယ်၊ ဒီလိုဘွဲ့နဖူးစည်း၊ မြို့စားအရာ၊ စံအိမ်တော်နဲ့ ကတော် မယား ပေးသနားချီးမြှင့်တဲ့အကြောင်းတို့ မင်းအယစ်ပြေလို့ နိုးလာတော့မှ သိပါစေလို့လည်း သူ့ရှင်က အမိန့်တော်ထားတယ်၊ အဲဒါပဲ၊ ဘာမှ ကြောက်မနေနဲ့တော့၊ မင်းရာဇဝတ်ပြစ်ဒဏ် မသင့်ဘူး၊ ဒီအိမ်က မင်းအိမ်၊ ဒီဘွဲ့ဟာ မင်းဘွဲ့၊ ပြီးတော့ မေနှင်းကေသရာဟာ မင်းရဲ့ ကတော်မယား"

"အို..."

မေနှင်းကေသရာဘွဲ့ခံ မွေ့ကေသာထံမှ ရှက်ရွံ့စွာ မြည်တမ်းလိုက်သော အသံကို မတ်သံလုံရော မင်းကန်စီပါ ကြားလိုက်ကြရသည်။

မတ်သံလုံ၏ မျက်နှာလည်း နီရဲသွားသည်။

စောစောက ကယောင်ချောက်ချား ဖြစ်ခဲ့ရသည်များကိုလည်း သဘောပေါက်သွားသည်။ မင်းကန်စီကမူ မတ်သံလုံကို စေ့စေ့ကြည့်ရင်း ပြုံးနေသည်။

"ဘယ်နှယ်လဲ မတ်သံလုံ ငါ့ညီ၊ သူ့ရှင်ဟာ ကိုယ်တိုင်က သူ့ရဲ့ ကောင်း ဖြစ်တဲ့အလျောက် သူ့သူ့ရဲ့ကောင်းတွေကို ချီးမြှောက်ဖို့ ထိုက်ထိုက်တန်တန် ချီးမြှောက်လေ့ရှိတယ်၊ အဲ တစ်ခုတော့ ရှိတယ်၊ သူ့ရှင်ဟာ စစ်သေနင်္ဂနဲ့ စစ်ပရိယာယ်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



ထုံတဲ့ ဘုရင်ဆိုတော့ ဘာမဆို တစ်စုံတစ်ခုကို လုပ်ချင်ပြီဆိုရင် စစ်ကစားသလို မှတ်မှတ်သားသား လုပ်တတ်တယ်၊ မင်း စောစော က သိပ်ချောက်ချားသွားတယ်ပေါ့ ဟုတ်လား၊ ဘုရင့်အိမ်နန်းတော် ပေါ် တက်မိပြီ၊ ဘုရင့်စက်ရာပေါ် တက်မိပြီဆိုပြီး အေး အဲဒါ မင်းကို သူ့ရှင်က ထိုက်ထိုက်တန်တန် တုံ့ပြန်ပြီး ဆုချီးမြှင့်တာပဲ" မတ်သံလုံ စကားမဆိုဘဲ ငေးငိုင်နေမိသည်။

"ငါ့ညီ သဘောမပေါက်သေးဘူးလား၊ လဝွန်းဗျည်း တိုက်ပွဲလေး သံမောင်မြို့စား မဂြိုင်းရဲ့ ခေါင်းကို မင်းဖြတ်ယူခဲ့တုန်းက ကိစ္စလေး မင်း စဉ်းစားကြည့်စမ်း"

သံမောင်မြို့စား မဂြိုင်း၏ ခေါင်းကို ဖြတ်ယူခဲ့စဉ်က ဖြစ်ရပ်ကို မတ်သံလုံ ပြန်စဉ်းစားကြည့်သည်။ 'သစ္စာဖောက်မဂြိုင်းရဲ့ ခေါင်းကို ဘယ်သူရအောင်ယူပြီး ငါ့ကို ဆက်နိုင်မလဲ'ဟု သူ့ရှင်ဆိုခဲ့သည်။ 'ကျွန်တော် ဆက်ပါမည်'ဟု ဆို၍ သူ့တပ်အတွင်း ချင်းနင်းထိုးဖောက် ၍ မဂြိုင်းခေါင်းကို ဖြတ်ယူခဲ့သည်။ ထို့နောက် ခေါင်းပြတ်ကို မြေအိုး ထဲ ထည့်ယူလာပြီး သူ့ရှင်ရှေ့အရောက် အိုးကို မှောက်သွန်ပြီး သူ့ရှင် ခြေထောက်အနီးထိ ခေါင်းပြတ်ကို လိမ့်သွင်းခဲ့သည်။ ထိုအခါ အထိတ် တလန့် ဖြစ်သွားကြပြီးမှ သူ့ရှင်က 'သံလုံငယ် ယောက်ျားကောင်း ပီသပေတယ်'ဟု နှုတ်မှသာ ချီးကျူးခဲ့ပြီး ဆုလာဘ်တစ်စုံတစ်ရာ မပေး ခဲ့။

"ဪ ဒီတုန်းက သူ့ရှင်လည်း ဒီတုန်းက အမှတ်မဲ့ ထိတ်လန့်သွား လို့ အခုကျတော့ အတုံ့အလှည့်နဲ့ ငါ့ကို အထိတ်တလန့် ဖြစ်စေပြီး မှ ငါ့ကို ချီးမြှောက်တာပါလား"

ဖြစ်ရပ်ခပ်သိမ်းကို မတ်သံလုံ နားလည်သွားသည်။

"မင်းကန်စီ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော် နားလည် ပါပြီ၊ အခု ကျွန်တော် သူ့ရှင် ရှေ့မှောက်သွားပြီး ကျေးဇူးတော် အတွက် ရှိခိုးပါရစေ၊ သူ့ရှင်ဘယ်မှာလဲ မင်းကန်စီ"

"သူ့ရှင် ဒီတိုက်ကုလားမြို့ကို ဝင်တာ အခြား ဘာအရေးမှ မရှိ ဘူး၊ မင်းအတွက် ဒီစံအိမ်တော်ဆောက်၊ ဒီအစီအမံရှိလို့ ခဏဝင်တာ၊ အခု ဟံသာဝတီနေပြည်တော်ကို ပြန်သွားပြီ"

"ဪ..."

မတ်သံလုံ နေရာမှာပင် ဒူးထောက်၍ နေပြည်တော်ဆီကို မျှော် ရှမ်းလျက် ရှိခိုးလေသည်။ မတ်သံလုံနှင့် မနီးမဝေးတွင်ရှိနေသော မွေ့ကေသာသည် အနီးတွင် မတ်သံလုံက ဒူးထောက် ကန်တော့နေ သဖြင့် ခပ်ယို့ယို့ဖယ်ရှားကာ မတ်သံလုံဘေးတွင် မလုံမလဲရပ်နေမိသည်။

"မေနှင်းကေသရာ မင်းလည်း ဒီကနေပြီးတော့ပဲ သူ့ရှင်ကို ကန်တော့လိုက်"

"ရှင်"

"အဲဒီမှာထိုင် သူ့ရှင်ရဲ့ ကျေးဇူးကို ဆင်ခြင်ပြီး ကန်တော့လိုက်"

မင်းကန်စီက မတ်သံလုံ၏ ဘယ်ဘက်ဘေးနေရာကို ညွှန်ပြရင်း အမိန့်ပေးသည်။

"ကေသာ၊ ကေသာ"

"မေနှင်းကေသရာ၊ ငါ သူ့ရှင်ရဲ့ အမိန့်တော်အရ ခိုင်းစေနေခြင်း ဖြစ်တယ်"

မွေ့ကေသာ ငြင်းဆန်နိုင်စွမ်း မရှိပေ။

"အင်း တိုက်ကုလားမြို့စား သူရဲကောင်း လဝွန်းအိန်နဲ့ သူ့ရဲ့ ကတော်မယား မေနှင်းကေသရာတို့ အရေးကို ကောင်းစွာ အထ မြောက် ဆောင်ရွက်ပြီးစီးကြောင်း သူ့ရှင်ဆီ ငါ သဝဏ်ဆက် ရဦးမယ်၊ ငါသွားမယ် လဝွန်းအိန်နဲ့ မေနှင်းကေသရာတို့ရဲ့ အနာဂတ် လှပသာယာပါစေကွယ်"

စက်ရာဆောင်အတွင်းမှ ထွက်ခွာသွားသော မင်းကန်စီ၏ သိုရင်း အမြီတ်ဖျားကို နှစ်ဦးစလုံး လှမ်းကြည့်ကြပြီးနောက် တံခါးပေါက်မှ ပျောက်ကွယ်သွားသောအခါ အလိုအလျောက်ပင် တစ်ဦးကိုတစ်ဦး လှည့်ကြည့်မိကြသည်။

ပူးယှက်ထားသော လက်အစုံတို့ မသိမ်းမိကြသေး။

မတ်သံလုံ၏ စူးစူးရဲရဲ အကြည့်အောက်တွင် မွေ့ကေသာ မျက် လွှာချရင်း ခေါင်းငုံ့သွားသည်။ မွေ့ကေသာ ပါးပြင်တို့မှာမူ သန္တာသွေး။

ဆီမီးရောင်ကြောင်း ပြိုးပြက်တောက်ပြောင်နေသော စင်မြင့် ပေါ်ရှိ မွေ့ကေသာ၏ မိကျောင်းစောင်းမှ ပတ္တမြားမျက်လုံး နှစ်လုံးသည် စိမ်းရဲသောအကြည့်ဖြင့် သူတို့နှစ်ဦးအား ငုံ့စောင်းကြည့်နေသယောင်။

* * *

"သေရည်တွေ မူးမူးနဲ့ သေဆုံးသွားတဲ့ ချစ်သူအကြောင်း ပြော ပြော ငိုတယ်ဆိုတဲ့ သူရဲကောင်း မတ်သံလုံဆိုတာ သူပါလား၊

www.burmeseclassic.com

www.burmeseclassic.com



မိနော်ဇာနဲ့ တွေ့ခဲ့တဲ့ သူရဲကောင်း မတ်သံလုံ၊ ဟံသာဝတီ ရွှေနန်းတော်မှာ အမည်သတင်းမွေးခဲ့တဲ့ သူရဲကောင်း မတ်သံလုံ၊ ချစ်သူစိတ္တဇကြောင့် သိပ်ပြီး စိတ်မမှန်တော့ဘူးဆိုတဲ့ မတ်သံလုံ၊ သူ သူ အခု သူ့ရှေ့မှောက်မှာ ငါရောက်နေရပြီ၊ ပြီးတော့ သူက လဝွန်းအိန်တဲ့၊ တိုက်ကုလားမြို့စား လဝွန်းအိန်တဲ့၊ ငါက တိုက်ကုလားမြို့စားကတော်တဲ့၊ ကတော်မယား မေနှင်းကေသရာတဲ့၊ အို ဘုရား ဘုရား”

ကိုယ်နှိုက်က ခေါင်းငုံ့လျက်သား၊ မျက်လွှာချလျက်သား၊ မတုန်မလှုပ် ဖြစ်နေသော်လည်း မွေ့ကေသာ အတွေးလျှဉ်တို့မှာ ရေတံခွန်အောက် ရေအိုင်ထက်က ရေလုံး ရေမြှုပ်များနှယ် တဝုန်းဝုန်း ဖြစ်နေသည်။

‘လဝွန်းအိန်တဲ့၊ ငါ့အမည် လဝွန်းအိန်တဲ့၊ တိုက်ကုလားမြို့စားတဲ့၊ သူ သူက ငါ့ရဲ့ ကတော်မယားတဲ့၊ တစ်ခါမှ မတွေ့ဖူး မမြင်ဖူး၊ မကြားဖူးတဲ့ မိန်းမတစ်ယောက်ဟာ ငါ့ကတော်မယားဖြစ်နေပြီ၊ မင်းကန်စီက သူ့ရှင် ရာဇာဓိရာဇ်ရဲ့ တစ်ချက်လွှတ်အမိန့်တော်နဲ့ အပ်နှင်းသွားပြီ၊ ဘုရင်မင်းမြတ်က ငါ့ကို မြို့စားအဆောင်အယောင်ဘွဲ့ နဖူးစည်းတို့နဲ့တကွ ကတော်မယားအဖြစ် မိန်းမသူတစ်ယောက်ကိုပါ ပေးအပ်လိုက်ပြီ၊ ငါ ငါ သူ့ကို လက်ခံရတော့မှာလား၊ ဟင့်အင်း သူ့ကို ငါ တစ်ခါမှ မမြင်ဖူးဘူး သိလည်း မသိဘူး၊ ဒါပေမဲ့ သူလည်း သိပ်ရှက် ကြောက်နေမှာ ပဲ၊ ငါ့ကိုတောင် မကြည့်ရဲဘူး၊ ငါကကော ငါကကော..

လက်ဝဲဘက်တွင် ဒူးတုပ်၍ မျက်လွှာချထားသော မွေ့ကေသာကိုဘေးတိုက်အနေအထားဖြင့် စူးစိုက်ကြည့်မိရင်း၊ မတ်သံလုံ၏အတွေးတို့လည်း ရေပူစမ်းမှ ရေငွေ့များလို တလွင့်လွင့် လှိုက်ဆူနေသည်။

“ဘုရား ဘုရား ငါငြင်းလို့ မရတော့ဘူး၊ ဘုရင်မင်းမြတ်ရဲ့အမိန့်၊ သူ့ရှင်ရာဇာဓိရာဇ်ရဲ့အမိန့်၊ သူ့ရှင် ကိုယ်တော်တိုင် ကြီးကျယ် ခမ်းနားစွာ စီစဉ်ထားတဲ့ကိစ္စ၊ ဒီသူရဲကောင်း ကတော်မယားအဖြစ် ငါခံယူရတော့ အို ဘုရား၊ မင်းကန်စီတစ်ခါက ပြောခဲ့ဖူးတာ မှန်နေပါလား၊ ငါဟာ ရာဇာဘုရင်များ၊ အမှုအမတ်များ သူရဲကောင်းနဲ့ အကျိုးပေးမယ်တဲ့၊ ငါ့နှစ်အတွင်း မြို့စားကတော် ဖြစ်လိမ့်မယ်တဲ့ အခု ငါဟာ မြို့စားကတော်



ဒါပေမဲ့ မြို့စားကတော့ ချစ်တဲ့ အမောင်စောသံမှန်မဟုတ်ဘူး၊ လဝွန်းအိန်ဆိုတဲ့ မတ်သံလုံ၊ အို မိကေသာရယ် နင့်ဘဝမှာ နင့်အသည်း နှလုံးတွေအတွက် နေရာမရှိတော့ဘူးလားဟင်၊ ကြားရုံသာ ကြားဖူးပြီး တစ်ခါမှ မတွေ့ဖူးတဲ့ လူတစ်ယောက်ရဲ့ ဇနီးမယားအဖြစ် နင် ခံယူရတော့မှာပေါ့ ဟုတ်လား...ဟင်၊ အမောင် ရယ် ကေသာအဖြစ်တွေအမောင်မမြင်နိုင်တော့ဘူးလား အမောင် မသိ နိုင်တော့ဘူးလားဟင်၊”

မွေ့ကေသာ ရင်ထဲတွင် ဆို့ကျပ်လာသည်။ တာတမံ ဆည်ရိုးပေါက်ကို ရေလုံးများ တိုးဆောင့်လာသလို ရင်ထဲက အကြိတ်အခဲများသည် မျက်ဝန်းဆီသို့ တရိပ်ရိပ် တက်လာနေသည်။

“နှင်း နှင်းရယ်၊ ကျုပ်အခု ဘုရင်ပေးတဲ့ ဘွဲ့အမည်တစ်ခုနဲ့ မြို့တစ်မြို့ကို စားရတဲ့ မြို့စားတစ်ယောက်ဖြစ်ခဲ့ပါပြီ၊သာမန် စစ်သည် အမှုထမ်းဘဝကနေပြီး နန်းတော်ရွှေတိုက်စာရင်းဝင် သူရဲကောင်းတစ်ဦး ဖြစ်ခဲ့ပါပြီ၊ ဒါပေမဲ့ ကျုပ်ဘေးမှာ မင်းမရှိတော့ပါလား အချစ်ရယ်၊ ခုနေများ မင်းရှိရင် ဟောဒီစံအိမ်တော်ရဲ့ ဟော ဒီခန်းမဆောင်ထဲမှာ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ၊ အခုတော့ ကျုပ်ရဲ့ဘေးမှာ မေနှင်းကေသရာတဲ့ နှင်းရယ် နှင်းပန်းခိုင်ရယ်၊ ကျုပ်မေ့လို့ရနိုင်ပါ့လား၊ မင်းကိုမေ့ပြီး အခြား မိန်းမတစ်ယောက်ကို ကျုပ် ချစ် လို့ရနိုင်ပါ့မလဲကွယ်”

မတ်သံလုံ၏ ဘယ်ဘက်ပါးပြင်မှ အမာရွတ်သည် ရုတ်တရက် ချက်ချင်း တစ်စစ်စစ် ကိုက်ခဲလာသလို ခံစားလာမိသည်။

“မိကေသာရယ် နင့် ဘဝ ဘယ်တော့မှာ မဖြောင့်ဖြူးတော့ဘူးလားဟင်၊ အို ငါ့မှာကလည်း ချစ်တဲ့သူနဲ့ သေကွဲ ကွဲခဲ့ရတဲ့အဖြစ် ဒီသူရဲကောင်း မတ်သံလုံမှာကလည်း သူ့ချစ်သူနဲ့ သေကွဲကွဲခဲ့ရတဲ့ အဖြစ်၊ ဒီနှစ်ယောက်ရဲ့ဘဝ ဘယ်လိုလုပ်ပြီး ပေါင်းစပ်နိုင်ကြမှာ လဲ၊ မင်းကန်စီတို့ ကျေးဇူးသခင် သူ့ရှင်ဘုရင်မင်းမြတ်တို့ရယ်၊ ကေဘာ့ နှလုံးသားလေးကိုတော့ နားလည်လိုက်ကြဖို့ ကောင်းပါတယ်၊ ကေသာဟာ မိန်းမသားဆိုတာကိုတော့ နားလည်လိုက်ကြဖို့ ကောင်းပါတယ်၊ အခုတော့... အခုတော့”

မွေ့ကေသာ အတွေးလျှဉ်တို့သည် ရေတို့ ခန်းခြောက်ကုန်ဆုံးသွားသော စမ်းချောင်းတစ်ခုနယ် ပြတ်တောက်ရပ်ဆိုင်းသွားသည်။ ဆက်၍ မတွေးနိုင်တော့။ တွေးနိုင်စွမ်းအား မရှိတော့။ ထိုအခါ–

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းသော အားကိုးအားထားပြုရာ မိန်းမသားတို့ ထာဝရ အဆွေအမိတ်ဖြစ်သော မျက်ရည်တို့သည် ...

ခေါင်းငုံ့ထားရာမှ မွေ့ကေသာ၏ မျက်နှာကို သတိလစ်ဟင်းစွာ တမေ့တမော ကြည့်နေမိသော မတ်သံလုံသည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးသွန်လာသည့် မျက်ရည်ပေါက်ကြီးများကို တွေ့ရသော အခါမှ သတိပြန်ဝင်လာသည်။

မွေ့ကေသာ ပခုံးအစုံတို့ သိမ့်သိမ့် လှုပ်ခါလာနေသည်။

ကြမ်းပြင်ပေါ်သို့ ထောက်ထားသော လက်တို့ကို ရုတ်သိမ်း၍ မျက်နှာကို အုပ်သည်။

ရှိုက်သံ တစွန်းတစ ပါလာသည်။

လှုပသော ပခုံးတို့ ပို၍ လှုပ်ယမ်းလာသည်။

ရှိုက်သံပို၍ တနင့်တစ်ထွေး ဖြစ်လာသည်။

ရွှေရောင်တစ်ဖိတ်ဖိတ်လက်သော တဘက်ပဝါစွန်းသည်ပင် တဆတ်ဆတ် တုန်ခါလာနေသည်။

စက်ရာဆောင်အတွင်းရှိ ဆီမီးရောင်တို့သည်ပင် ညှိုးမှိန် မှေးတော့လာကြလေသည်။ ဆီခန်းလာသောကြောင့်ဖြစ်သည်။ ထိုထက်မူ ညဉ့်ကာလ ကုန်ဆုံး၍ အလင်းအရုဏ်ဦး၏ ရောင်ခြည်မျှင်တို့ လေသာပြတင်းမှ တိုတ်ဆိတ်စွာ တိုးဝင်လာခြင်းကြောင့် ဖြစ်သည်။

ခရမ်းပြာ ပဝါစတို့ကို တွန်းဖယ်လျက် နံနက်ခင်းလေပြည်သည် စက်ရာဆောင်အတွင်းသို့ ပြေးဝင်လာပေသည်။ မြစ်ရေနံ့သင်းသော၊ သဲနံ့သင်းသော၊ ထို့နောက် ဆောက်ပြီးစ စံအိမ်တော်၏ ရွှေရေးမင်နံ့သင်းသော လေပြည် ပြီးမှ စန္ဒကူးနံ့တို့ ရောပွမ်းပါလာသောလေပြည်။

ဤ နံနက်သည် စင်စစ် စိတ်လက်ချမ်းမြေ့စရာ နံနက်ခင်း ဖြစ်သည်။

တက်ကြွဖွယ် အနာဂတ်အတွေးတို့ဖြင့် လန်းလန်းဆန်းဆန်း နိုးထလာသည့် နံနက်ခင်းဖြစ်သည်။

သို့သော် အကြောင်းမလှသော အတိတ်တွင် ကိုယ်စီငြိတွယ် နောင်ဖွဲ့ခြင်း ခံနေရသည့် ဤစက်ရာဆောင်အတွင်းမှ 'လူနှစ်ဦးမှာ' မူ နံနက်ခင်းနှင့် ဆန့်ကျင်ဘက်။



သည်းသည်းထန်ထန် ငိုကြွေးလေပြီဖြစ်သည့် မွေ့ကေသာကို ကြည့်ရင်း မတ်သံလုံ ချောက်ချားလာသည်။ မိန်းမလှတစ်ဦး၏ငိုကြွေးခြင်းကို မိမိ၏ သူရဲကောင်း နှလုံးသားသည် လျစ်လျူရှု၍ ကြည့်နေနိုင်စွမ်းမရှိကြောင်း မတ်သံလုံ သိသလိုလို ရှိလာသည်။

သူ့ကိုယ်သူ သတိမထားမိပါဘဲလျက် မတ်သံလုံနှုတ်မှ စကား တစ်ခွန်း လွင့်ထွက်သွားသည်။ လှိုက်လှဲသော အသံဖြင့်...

"မငိုနဲ့လေ နှင်းကေသရာ၊ မငိုနဲ့လေ၊ မင်းငိုရင် ကျုပ်ဘယ်လိုလုပ်နေရမလဲ"

'မေနှင်းကေသရာ'ဟူသော အမည်သစ်မှ 'မေ'ကို မခေါ်ဘဲ 'နှင်းကေသရာ'ဟု ခေါ်လာသော မတ်သံလုံအား မွေ့ကေသာ လှမ်းကြည့်လိုက်သည်။ မျက်ရည်အရွှဲရွှဲ ပိတ်ဖုံးနေသဖြင့် မတ်သံလုံ၏ ရုပ်သွင်သည် ဝိုးတဝါး။

"မငိုပါနဲ့ နှင်းကေသရာ"

မတ်သံလုံ၏ အသံမှာ ပကတိ နူးညံ့ ကြင်နာသော အသံ။

မွေ့ကေသာ ဆည်မတန်နိုင်တော့။

"ငိုပါရစေ၊ ငိုပါရစေ၊ ကျွန်မဘဝ တစ်လျှောက်လုံး တစ်ခါမှ ရင်ထဲမှာ ရှိသလောက် ငိုခွင့် မရခဲ့ပါဘူး၊ အခုတော့ ကျွန်မ ငိုပါရစေတော့၊ ကျွန်မ စိတ်ရှိလက်ရှိ ငိုပါရစေတော့"

ကနုတ်ပန်းကွက် ဖော်ထားသော နံရံဆီမှ နောက်ဆုံးကျန်နေသည့် တစ်တိုင်တည်းသောဆီမီး ငြိမ်းသေသွားသည်။ မီးစာမှ မီးခိုးငွေ့ အနည်းငယ် လွင့်အူလာသည်။

မတ်သံလုံနှင့် မွေ့ကေသာတို့၏ ဝေဒနာများ ငြိမ်းသေသွားပြီး ဝေဒနာအငွေ့တို့ လွင့်အူ ပျောက်ကွယ်သွားကြမည်လား ဆိုခြင်းမှာမူ...

* * *

သူ၏ အသားအဆီတို့ကို လောင်ကျွမ်းသော မီးတောက်တို့သည် ဖျစ်ဖျစ်မြည်နေသည်။ မီးခိုးလုံးများသည် အပြာရောင်မဟုတ်၊ နက်မှောင်ညို့မှိုင်းသော အရောင်ဖြစ်သည်။ မီးခိုးမည်းများနှင့် အတူပါလာသော အနံ့သည်လည်း အခြားမည်သည့် မီးခိုးနံ့နှင့်မျှ မတူအောင် ညှီစို့နံစော်သော အနံ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မတ်သံလုံ( လဂွန်းအိန်)သည် နေရာမှ မရွေ့လျားမိ။ ရှုးရှုးဝါးဝါး အနံ့ပြင်းသော လူသေမီးမြိုက်သည့် အနံ့ကိုပင် သတိထားမိပုံ မရ။ မီးခိုးများ၊ မီးတောက်များအလယ် ထင်းချောင်းပုံများအထက်က အလောင်းကိုသာ ငေးငိုင်ကြည့်နေမိသည်။ မီးခိုးမွှန်ခြင်းကြောင့်လည်းကောင်း၊ ထိခိုက်ကြေကွဲသော ဝေဒနာကြောင့်လည်းကောင်း မတ်သံလုံ၏ မျက်လုံးတွင် မျက်ရည်တို့ စို့စွတ်နေလေသည်။

မတ်သံလုံ တစ်ဦးတည်းသာ မဟုတ်။

မီးပုံဘေးပတ်လည်တွင် ရပ်နေကြသူများ အားလုံးတွင်လည်း မျက်ရည်ဝဲသော မျက်လုံးများ ကိုယ်စီဖြင့်။

မီးတောက်များကြောင့် တံလျှပ်လို လူးလွန့်နေသော မြင်ကွင်းထဲက အရာသည် မတ်သံလုံကို စကားများစွာ ပြောဆိုနေသယောင်။

'လဂွန်းဗျည်း၊ စစ်လှန့်ပရိယာယ်အတွက် မင်းကိုတာဝန် တစ်ခုပေးရင် မင်းယူနိုင်ပါ့မလား”

“နှင်းပန်းခိုင်အတွက် ဥပါဒါန်မထားနဲ့ ငါ့ညီ၊ နှင်းပန်းခိုင်ရဲ့ သူရဲကောင်းမ ဝိညာဉ်ဟာ မင်းအပေါ်မှာ အမြဲခိုဝင် လိုက်ပါနေတယ်လို့ မှတ်စမ်းပါ”

“တစစ်စစ်ကိုက်နေတဲ့ အနာကို ဒီအတိုင်း မွေးထားရင် တစစ်စစ်ကိုက်နေမှာပဲ၊ အခုလို ဆတ်ခနဲ ဆွဲခွာလိုက်တော့ တစ်ချက်ပဲ အသည်းခိုက်အောင်နာပြီး နောက် ပြီးသွားရော”

“နှလုံးသွေးတိတ်သွားလို့ ဘယ်ဖြစ်ပါ့မလဲ ငါ့ညီရဲ့၊ နှလုံးသွေးဆိုတာ အမြဲလှည့်ပတ်နေရမှာပေါ့၊ နှလုံးသွေးရပ်ရင် ငါ့ညီ သေသွားရောပေါ့ဟ၊ ဟား ဟားဟား”

မီးခိုးလုံးတစ်ခု တိုးဝင်လာသဖြင့် မျက်စိများ ကျိန်းစပ်သွားပြီး မျက်လုံးအစုံကို ပိတ်လိုက်ရသည်။ ပူနွေးသော မျက်ရည်ပေါက်တို့ ပါးပြင်ပေါ်သို့ လိမ့်ဆင်းသွားသည်။

“အခုတော့ နှလုံးသွေးရပ်တာ ကျုပ်မဟုတ်ဘူး၊ ခင်ဗျား ဖြစ်သွားပြီကော မင်းကန်စီရယ်”

မတ်သံလုံ နှုတ်မှ တီးတိုး ရေရွတ်မိသည်။

ရဲမက်အချို့သည် လှံရှည်များဖြင့် မီးပုံမှ မီးမသေအောင် ထိုးဆွပေးနေကြသည်။ မီးပုံပေါ်မှ မင်းကန်စီ၏ရုပ်ကလာပ်ကို ထင်ထင်ရှားရှား တွေ့လိုက်ရလေသည်။ 'ရာဇမနုအမတ်'ဝတ်စုံအပြည့် ဝတ်ဆင်ထားသော ခန္ဓာကိုယ်မှာကား မီးလောင်ကျွမ်းပြီး သွားလေပြီ။ မီးသွေးတုံးနှင့်



မခြား မည်းနက်သွားရလေပြီ။

သို့သော် ဦးခေါင်းပိုင်း၊ မျက်နှာပိုင်းတို့မူကား မလောင်ကျွမ်းသေး။

မတ်သံလုံ ရှေ့သို့ တိုးသွားသည်။

ဝါးမျိုလောင်မြိုက်ရန် တစ်ဟုန်ထိုးတက်လာသော မီးတောက်များ အကြားမှ မင်းကန်စီ၏မျက်နှာကို နောက်ဆုံး ကြည့်ခြင်းဖြင့်ကြည့်ရန်။

နားသယ်ဆံစမရှိသော ဦးခေါင်းလထက်တွင် မင်းကန်စီ အမြဲဆောင်းလေ့ရှိသော ပန်းနီရောင် ခေါင်းပေါင်းဖြင့် နဖူးထက်တွင် သူ့ရှင်ရာဇာဓိရာဇ် ချီးမြှင့်သော 'ရာဇမနု'ဘွဲ့မည်ပါ ရွှေနဖူးစည်းဖြင့်။

သို့သော် မင်းကန်စီနှင့် နောက်ဆုံးတွေ့ခဲ့ရသော နေ့ရက်များကို လဂွန်းအိန် သတိရလာပြန်သည်။ တက်ကြွသော သူ့ဟန်ပန်၊ ပွင့်လင်းသော သူ့ရယ်သံ။

“သေမူးမူးနဲ့တော့ သူ့ရှင်ရဲ့ စံအိမ်တော်ပေါ် ယောင်မှားတက်ပြီး ငိုမနေနဲ့ဟေ့၊ ပျော်ပွဲကနေ ရာဇဝတ်သင့်ပြီး သေပွဲဖြစ်သွားမယ် ဟား ဟား ဟား”

“ဘာမှ ကြောက်မနေနဲ့၊ မင်း ရာဇဝတ်ပြစ်ဒဏ် မသင့်ဘူး၊ ဒီအိမ်ဟာ မင်းအိမ်၊ ဒီဘွဲ့ဟာ မင်းဘွဲ့၊ ပြီးတော့ မေနှင်းကေသရဟာ မင်းရဲ့ကတော်မယား”

ဝဲယာဝန်းကျင်သို့ မတ်သံလုံ လှည့်ကြည့်လိုက်မိသည်။

သူ့လိုပင် မလှုပ်မယှက်ရပ်ရင်း မီးပုံထက်က မင်းကန်စီကို တွေတွေငေးငေး ကြည့်နေကြသူများကို တွေ့ရသည်။ အမတ်ဒိန်ဇော်ရွတ်၊ သမိန်ဗြဓွဘွဲ့ခံ မင်းကြီးသမိန်သံဖြတ်၊ တပ်မှူးအဲမွန်ဒယာ၊ တပ်မှူး သမိန်ဗရမ်းနှင့် အခြားတပ်မှူးများ။

သူရဲကောင်း ယောက်ျားကြီးများအားလုံးပင် မျက်ရည်ဝဲသော မျက်လုံးများကိုယ်စီဖြင့် ဖြစ်ကြကြောင်း တွေ့ရပြန်သည်။

ရှုးဝါးသော အနံ့တစ်ခု ပေါ်ထွက်လာသည်။

မီးခိုးလုံးကြီးတစ်ခု မည်းနက်စွာ တလိပ်လိပ် တက်သွားသည်။ မင်းကန်စီ၏မျက်နှာနှင့် ဦးခေါင်းပိုင်းကို မီးလောင်ကျွမ်းသွားပြီ။ မီးပုံထက်သို့ လှမ်းကြည့်လိုက်သည်။

မီးတောက်များမှအပ ဘာကိုမှ မတွေ့ရတော့။ မင်းကန်စီ မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ရာဇမနဘွဲ့ခံ မင်းကန်စီ မရှိတော့ခြင်းကို မတ[...] သံလုံ အလုံးစုံ ခံစားနားလည်မိတော့သည်။

"မင်းကန်စီ ကျွန်တော့်ကို အမြဲတစေ အားပေး နှစ်သိမ့်ခဲ့တဲ့ မင်းကန်စီ၊ ကျွန်တော့်လက်ရုံးရည်ကို အမြဲအသုံးချပေးခဲ့တဲ့ မင်းကန်စီ၊ အခု ခင်ဗျား မရှိတော့ဘူး၊ စစ်ပွဲအလယ်က ကျွန်တော်[...] မသေဘဲ ကျန်နေရစ်ပြီး စစ်ပွဲကို တစ်ခါဆို ဆိုသလောက် ဝင်ခဲ့တဲ့ ခင်ဗျားက ရန်သူ့လက်ချက်နဲ့ ကျသွားပြီး အခု ခင်ဗျား မ[...] တော့ဘူး"

ဆို့ဆို့နစ်နစ် မြည်တမ်းရင်း မတ်သံလုံ ဒူးတုပ်လိုက်သည်[...] မည်းနက်ရာမှ ဖြူရော်သွားသော မီးခိုးလုံးများကို ကြည့်ရင်း မင်းကန်စီကို ရည်လျက် လက်အုပ်ချီ ကန်တော့သည်။ ကန်တော့လိုက်သော အခါမှပင် ဝေဒနာသည် ဆို့ကျပ်လာပြီး မျက်ရည်တို့ တပေါက်ပေါက် ကျလာသည်။

သည်တစ်ခါတော့ မင်းကြီးသံဖြတ်လည်း လာ၍ နှစ်သိမ့်ခြင်း မပြု၊ အမတ်ဒိန်ကလည်း အားပေးခြင်းမရှိ။

"စစ်ပွဲမှာ ကိုယ်တိုင် မဝင်ခြင်းကလွဲပြီး စစ်ရေးသေနင်္ဂဗျူဟာ နည်းဗျူဟာ အားလုံးကို ကျွမ်းကျင်တဲ့၊ ပြီးတော့ ဗေဒင် နက္ခ[...] ဗေဒ သျှုတ္တရတွေမှာ ကျွမ်းကျင်လှတဲ့ မင်းကန်စီကို ကျွန်တေ[...] နောက်ဆုံး ကန်တော့လိုက်ပါတယ်"

တတိယအကြိမ်အဖြစ် လက်အုပ်နှင့် ဒူးတုပ် နဖူးမြေသို့ ထိ[...] ပြီးသော်လည်း မတ်သံလုံသည် နဖူးပြင်ကို မြေမှ ပြန်၍ မခွာမိ[...]

"ကဲ အရိုးကောက်ကြ၊ ရွှေကြုတ်မှာထည့်ပြီး ဒဂုန်ဆံတော်[...] ခြေရင်းမှာမြှုပ်၊ မင်းကြီးသံဖြတ်၊ အမတ်ဒိန်နဲ့ ကျန်တဲ့တပ်မှူး[...] အားလုံး နန်းဦးဆောင်ကို လိုက်ခဲ့"

မင်းကန်စီ၏အလောင်းကို မီးသဂြိုဟ်သည့် အခမ်းအနား[...] အားလုံး ကြေကွဲ ထိခိုက်နေကြသော်လည်း အားလုံးနှင့်ဆန့်ကျင်[...] အသံတစ်သံကြောင့် မတ်သံလုံ မော်ကြည့်လိုက်သည်။

မြင်းပေါ်မှ သူ့ရှင် ရာဇာဓိရာဇ်။

သူ့ရှင်၏ မျက်နှာသည် မကြုံစဖူး တင်းမာနေသည်။ စူးရှ[...] မျက်လုံးတို့တွင် မျက်ရည်တို့ ဝဲနေသင့်ပါလျက် မျက်ရည်တို့ မ[...] ထူးဆန်းသော အလင်းရောင်တို့သာ တဖျတ်ဖျတ် တောက်ပနေသည်[...] ထင်ရသည်။



သူ့ရှင်သည် မတ်သံလုံထိုင်နေရာနှင့် အနီးဆုံးဖြစ်သည်။

မျက်ရည်တို့ ပြည့်နေသည့် မတ်သံလုံကို ရာဇာဓိရာဇ်က ငုံ့ကြည့်သည်။

အဓိပ္ပာယ် ဖော်ရခက်သော အကြည့်တို့ဖြင့် နက်ရှိုင်းစွာ ကြည့်[...]နောက် ရာဇာဓိရာဇ်သည် မြင်းဇက်ကို ပြင်လိုက်သည်။

"အားလုံး နန်းဦးဆောင်ကို လိုက်ခဲ့ကြ"

မည်သူ့ကိုမျှ မစောင့်တော့ဘဲ မြင်းကို ဒုန်းစိုင်းထွက်သွားသည်။

ရဲမက်တို့သည် မင်းကန်စီ၏ အရိုးကို ကောက်နေကြသည်။ [...]အိုးကိုင်ထားသော တပ်မှူးတစ်ဦးက မီးသေစ မီးပုံအောတွင် ရပ်နေသည်။ လှုပ်ရှားမှုသာရှိပြီး စကားမဆို၊ အသံမရှိသော မြင်ကွင်း။

"သံလုံငယ်၊ သွားကြစို့၊ နန်းဦးဆောင်ကို သွားကြစို့၊ ငါတို့ နှောင့်နှေးနေလို့ မဖြစ်ဘူး၊ သူ့ရှင်ရဲ့ လေသံနဲ့ အမူအရာဟာ ဟိုတစ်ခါတုန်းကလို ခက်ထန် တင်းမာနေတယ်"

မင်းကြီး သံဖြတ်က ဒူးထောက်ရာမှ မထသေးသည့် မတ်သံလုံ အနီးသို့ လာရပ်ရင်း ဆွေးဆွေးမြေ့မြေ့ ပြောနေသည်။

"အမှန်တော့ မင်းကန်စီ ကျသွားတဲ့အတွက် စိတ်အထိခိုက်ဆုံး၊ အကြေကွဲဆုံးလူဟာ သူ့ရှင်ပဲ၊ မင်းကန်စီ ကိုရင်ဘဝ၊ သူ့ရှင် မင်းသားဗညားနွဲ့ ဘဝကတည်းက ပေါင်းသင်းလာကြတဲ့ ငယ်ပေါင်း ရဲဘက်တွေ၊ ဒါပေမဲ့ တို့အားလုံး မျက်ရည်ဝဲနေချိန်မှာ သူ့ရှင် အမူအရာ တစ်ချက်မပျက်ဘူး၊ အင်း ဒါပေမဲ့ ခုနက သူ့လေသံ သူ့ဟန်ပန်က ဟိုတစ်ခါတုန်း၌လိုပဲ"

"ဘယ်တုံးကလဲ မင်းကြီး"

"နန်းတတ်သဘင် ကာလတုန်းက၊ ယောက်ဖတော် သမိန်မရူကို မဏ္ဍပ် ဆင်ကပ်တိုင်မှာ ကြိုးနဲ့တုပ်ထားပြီး လက်မရှို့မန္တန်ကို ခေါင်းညိတ်ပြပြီး ငါမျက်စိထဲ ကြောင့်စူးဝင်နေတယ်လို့ ပြောခဲ့တုန်းက အသံမျိုး၊ အမူအရာမျိုး၊ အင်း သူ့ရှင် ဘယ်လောက် စိတ်ထိခိုက်နေတယ်ဆိုတာ ငါ သိပါတယ်လေ"

တပ်မှူးများအားလုံး မြင်းပေါ်တက်ကြသည်။

မတ်သံလုံသည် မြင်းဇက်ကြိုးကို ကိုင်ရင်း မီးသဂြိုဟ်သည့် [...]လပ်သို့ ငဲ့စောင်းကြည့်မိပြန်သည်။

မရှိတော့ပြီဖြစ်သော မင်းကန်စီ၏ အပြုံးကို မြင်ယောင်နေသည်။ [...]တစ်ချက်ကြိတ်၍ မြင်းပေါ်သို့ တက်လိုက်သည်။ စိတ်ထဲမှ နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com

မိသည်။

"သွားပြီ မင်းကန်စိရေ၊ ရန်သူကို ကျွန်တော် ဆက်တိုက်ပါမယ်"

* * *

မတ္တမနှင့် မော်လမြိုင်တို့ကို သူ့ရှင်ရာဇာဓိရာဇ် သိမ်းပိုက်၊ ပြီဖြစ်သော်လည်း မြို့စား ရွာစားတို့အရေးမှာ အေးချမ်းပြီဟု မဆိုသာသေး။ အရှေ့ဘက် သုံးဆယ့်နှစ်မြို့ကို တိုက်ခိုက် စည်းရုံးနေချိန်မှာပင် အနောက်ဘက်တစ်လွှား၌ ရာဇာဓိရာဇ်နှင့် ဖအေတူညီနောင် ဒလစား မညီကံကောင်က ပုန်စားပြန်သည်။

မညီကံကောင်က မြောင်းမြစား သမိန်လောက်ဖြားနှင့် အညီအညွတ် သစ္စာပြုလိုက်သောအခါ ပုန်စားသူတို့အရေးသည် ပို၍ကြီးကျယ်လာခဲ့လေသည်။

သို့သော် ဒလစား မညီကံကောင်ကို တိုက်ခိုက်ကွပ်မျက်ပြီး ဒလကို တူတော် ဘောကျော်အား ပေးအပ်လိုက်သဖြင့် ဒလအရေး ပြီးစီးသွားနိုင်ခဲ့သည်။

ပုန်စားသူတို့ အရေး၏ တကယ်အချက်အချာမှာ မြောင်းမြစား လောက်ဖြား ဖြစ်လာသည်။ မြောင်းမြစား သမိန်လောက်ဖြားကား သား၊ ညီ၊ တူ၊ သမက်၊ အဆွေအမျိုး အင်အားလည်း တောင့်တင်းသူ၊ ဆင်ကောင်း၊ မြင်းကောင်း၊ ကျေးကျွန်ကောင်းလည်း ပေါများသူ၊ မြို့ပြကျုံးမြောင်းလည်း အခိုင်အခံ့ အထူအထပ် စီမံထားသူ။

ထို့ကြောင့် မြောင်းမြကို ဦးစွာတိုက်ခိုက်ရန်မှာ မလွယ်ဟု ရာဇာဓိရာဇ်နှင့် တကွ အမှူးအမတ် တပ်မင်းများအားလုံး သဘောတူကြသည်။ သို့ဖြင့်ပင် ပုသိမ်ကို သေနင်္ဂဗျူဟာ အလုံးအရင်းဖြင့် ကြိုဆိုတိုက်ခိုက်ရန် စီစဉ်ခဲ့ကြသည်။ စင်စစ် ပုသိမ်သည်လည်း သမိန်လောက်ဖြား၏ သားနှစ်ယောက်ဖြစ်သော လောက်ရန်နှင့် လောက်သိန်တို့ အကြီးအမှူးပြုလျက် အင်အား တစ်သောင်းဖြင့် အခိုင်အခံ့နေသည့် မြို့ဖြစ်သည်။

ပုသိမ်၏ အလုံးအရင်း တောင့်တင်းပုံကိုသိသော မင်းကန်စိသည် ခါတိုင်းလို စစ်ရေးအကြံပေး နှလုံးရည်သမားအဖြစ်နှင့် မနေတော့ဘဲ ကိုယ်တိုင် ဆင်တပ်တစ်တပ်၏ စစ်ဦးမှနေ၍ တိုက်သည်။

ဆင်တပ်၏ အင်အားကို ပုသိမ်မြို့ပြင်စောင့်တပ်တို့ မခံနိုင်ကြ။ မြို့ရိုးအနီးထိ ဆုတ်ခွာကြရသည်။ မင်းကန်စိ၏ ဆင်တပ်လည်း မြို့ရိုး



ကျုံးစပ်အထိ တက်၍ ဖိတိုက်သည်။

သို့သော် မြို့ရိုးပေါက် ကျုံးလုနီးခါမှပင် မမျှော်လင့်သော ဖြစ်ရပ်တို့ ဖြစ်ပေါ်လာလေသည်။ ရေကျုံးတစ်ဝက်ဆီရှိ ပုသိမ်လေ့တပ်မှ ဖြောင်းဖြောင်း ပေါက်ကွဲသံတို့ တစ်ခဲနက် ဆူညံနေသည်။ ဆင်တပ်သားတို့အားလုံး အံ့အားသင့်၍ အသံလာရာဆီသို့ ကြည့်မိကြသည်။

မည်သူမျှ အခြေအနေမှန်ကို မသိခင် မင်းကန်စိ သိခဲ့သည်။ ထို့ကြောင့် ဆင်ဦးကင်းထက်မှနေ၍ စူးရှသော အသံဖြင့် ဟစ်အော်ရင်း ဆင်တပ်ကို နောက်ဆုတ်စေခဲ့သည်။

"ဆုတ် ပြန်ဆုတ်ကြ၊ မလ္လာယုအသားမည်း စစ်သည်တွေကို သင်းတို့ ကြေးစားငှားထားတယ်၊ ကြေးစားစစ်သည်တွေက မီးပေါက် သေနတ်နဲ့ ပစ်နေပြီ၊ ကျည်သင့်ကုန်မယ်၊ ပြန်ဆုတ်"

မင်းကန်စိ၏ စကားမဆုံးမီမှာပင် ဆင်တပ်အလယ်သို့ မီးပေါက်သေနတ်ကျည်များ တဖြောဖြောကျလာပြီး ရဲမက်အများ ကျည်သင့်ကြသည်။ မင်းကန်စိသည် ဆင်တပ်ကို ဖရိုဖရဲ မဖြစ်စေရအောင် စနစ်တကျ ဆုတ်ခွာစေနိုင်ခဲ့သည်။

သို့သော်...

ရေကျုံးတံတားကို ကူးဖြတ်၍ ဘေးကင်းလုံခြုံရာ တစ်ဖက်ဆီသို့ ရောက်လုနီးခါမှပင် မီးပေါက်သေနတ် ကျည်ဆန်တစ်ခုက မင်းကန်စိ၏ ရင်အုံသို့ ထိထိမိမိ စွဲမှန်သည်။

ဦးကင်းထက်မှာပင် လဲကျသွားပြီး...

ဆင်ပေါ်မှာပင် ကျဆုံးခဲ့သည်။

ကျွမ်းကျင်သော ဆင်ချွန်းကိုင် ဦးစီးနှင့် လိမ္မာသော တိုက်ဆင်ကြောင့် မင်းကန်စိ၏ အလောင်းကို ပြန်ရခဲ့ခြင်း ဖြစ်သည်။

"အားလုံး ဒီနားကို စုကြစမ်း"

သူ့ရှင် ရာဇာဓိရာဇ်၏အသံမှာ ဂူဝမှထွက်လာသည့် ကေသရာဇာ၏ အသံမျိုး။ သူ့ရှင်၏ မျက်လုံးများ တဖျတ်ဖျတ် တောက်ပနေပြီး မျက်နှာပြင်လည်း မကြုံစဖူး နီရဲနေကြောင်း မတ်သံလုံ သတိထားမိသည်။

သူ့ရှင် ခေါ်သော နေရာသို့ တပ်မှူးများအားလုံး ဝိုင်းရံလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





မတ်သံလုံသည် သူ့ရှင်နှင့် အနီးဆုံးနေရာသို့ ရောက်နေလေသည်။

"မင်းကန်စီ ကျသွားပြီဆိုတော့..."

အနီးကပ်ဆုံးဖြစ်သဖြင့် သူ့ရှင်ထံမှ သေရည်နံ့ကိုလည်း မတ်သံလုံ ရနေသည်။ ရာဇာဓိရာဇ်သည် ယခုလို မွန်းလွဲပိုင်းကာလတွင် သေရည်သောက်လေ့မရှိ။ ယခုမူ ငယ်ပေါင်းရဲဘက်လည်းဖြစ်သော ရာဇာမနုအမတ် မင်းကန်စီ ကျဆုံးသွားခြင်းအတွက် သူ့ရှင် ဘယ်လောက် စိတ်ထိခိုက်နေမည် ဖြစ်ကြောင်း နားလည်လိုက်သည်။

"ပုသိမ်-မြောင်းမြကို သည်တစ်ခါမှ မရရင် ငါ ဟံသာဝတီနန်းတော်ကို မပြန်ဘူး၊ မင်းကန်စီရဲ့ သွေးကြွေးအတွက် မဖြစ်ဖြစ်တဲ့နည်းနဲ့ ဒီနှစ်မြို့ကို လုပ်ကြံမယ်၊ သေနင်္ဂပရိယာယ်ကို ငါကိုယ်တိုင် စီရင်မယ်"

ချစ်စွာသော မင်းကန်စီအတွက် အားလုံးကလည်း ဤသို့ပင် ဆုံးဖြတ်ထားကြဟန်ဖြင့် တိတ်ဆိတ်နေကြသည်။ သူ့ရှင်သည် တပ်မင်းများ၊ တပ်မှူးများ တစ်ဦးစီကို စေ့စေ့လိုက်ကြည့်ရင်း မတ်သံလုံနှင့် မျက်လုံးချင်း ဆုံမိသွားသည်။

"သံလုံငယ်၊ ဟောဟို ကာချပ်ကိုယူပြီး ဒီမှာ ခင်းစမ်း"

မတ်သံလုံက နံရံတွင် ချိတ်ထားသော သားရေလိပ်ကို ဖြုတ်၍ အားလုံးအလယ်သို့ ဖြန့်ခင်းလိုက်သည်။

"ပုသိမ်-မြောင်းမြ စစ်အင်္ဂါပြ စစ်မြေပြင် မြေပုံလိပ်"

"အဲမွန်ဒယာ၊ ပုသိမ် စစ်ဘက်က ရန်သူတွေရဲ့ သတင်းကို ပြောစမ်း"

ထွားကျိုင်းခံ့ညားသော တပ်မှူး အဲမွန်ယာ၏အသံ ပေါ်လာသည်။

"ပုသိမ် ရန်သူတွေရဲ့ အကြံအစည်က ဒီလိုပါ၊ လှေတပ်အင်အားအများအပြားသုံးပြီး ရေကြောင်းနဲ့ ဖိတိုက်မယ်၊ မြောင်းမြ လောက်ဖြား ဘက်ကလည်း တစ်ချိန်တည်းမှာ ညှပ်ပြီး တိုက်မယ်၊ နှစ်ဖက်ညှပ်ရင်း ဟံသာဝတီတပ် မခံနိုင်ဘူးလို့ တွက်ထားပါတယ်"

"ကြားကြရဲ့လား၊ အဲဒီတော့..."

သူ့ရှင်သည် စားသွားဖြင့် သားရေလိပ် မြေပုံတစ်နေရာသို့ ထောက်ပြလိုက်သည်။

"အဲဒါ လိုင်ဝပဲ၊ အဲဒီနေရာမှာ ချောင်းကျယ်ဝ ရှိတယ်၊ သံလုံငယ် ရှေ့တိုးစမ်း"

မငဲ့သံလုံ စိတ်ထက်သန်စွာဖြင့် ရှေ့တိုးကြည့်သည်။

"သင်းတို့တပ် အနေမကျခင် မင်း လိုင်ဝကို ချီရမယ် သံလုံငယ်၊ ကြည်းကြောင်းမှာ အဲမွန်ဒယာနဲ့ သမိန်ဗရမ်းနေ၊ မင်းကြီးသံဖြတ် အမတ်ဒိန်နဲ့ ကျန်တပ်တွေက လိုအပ်ရင် တပ်ကူ ဖြည့်ပေးဖို့ ငါနဲ့ အတူနေ၊ သံလုံငယ်ရဲ့ တာဝန်ဟာ အချက်အချာပဲ၊ ချောင်းထဲမှာ ငုတ်တိုင်တွေစိုက်၊ ငုတ်တိုင်စိုက်တဲ့နေရာမှာ ရေတက်ချိန်ရောက်လို့ ရေကမ်းတစ်ဝက်ရှိချိန်မှာ တိုင်ဖျားတွေပဲ ပေါ်နေအောင် ချိန်ဆပြီးစိုက်၊ ရေကျပြီး ကမ်းဝက်လွန်ရင် တိုင်လုံးတွေပေါ်လာအောင် အချိန်အဆလုပ်၊ အဲဒီလို ငုတ်တိုင်တွေ ချောင်းပြည့်စိုက်ပြီးရင် သံလုံငယ်..."

"အသင့်ပါ သူ့ရှင်"

"သန်စွမ်းတဲ့ ရဲမက်တွေကိုရွေးပြီး ပေါ့ပေါ့ပါးပါး လေနှစ်ဆယ်နဲ့ မင်းက စစ်ယောင်ပြ၊ သင်းတို့ကို လှည့်စားပြီး ချောင်းထဲထိ လိုက်ပစေ၊ တိုင်တွေစိုက်ထားတဲ့ဘက်ဆီ မြှူဆွယ်ခေါ်လာခဲ့၊ မင်းတို့ခွာရင် သင်းတို့ လိုက်လာမှာပဲ၊ မင်းတို့က တိုင်တွေကြားထဲက လွတ်အောင်ဆုတ်ပြီး ရေကျချိန်အထိ အချိန်ဆွဲပြီး စစ်မြှူကြားလား၊ ရေကျချိန်မှာ သင်းတို့ လှေတွေ ငုတ်တိုင်တွေကြားထဲ အထွေးထွေး အငြိငြိ ဖြစ်ကုန် တော့မှ တဟုန်ထိုးထွက်တိုက်၊ မှတ်မိလား"

"မှတ်မိပါတယ် သူ့ရှင်"

"ကောင်းပြီ သွားတော့၊ အင်အား သောင်းချီတဲ့ ပုသိမ်-မြောင်းမြ လှေတပ်ကို မင်း လှေနှစ်ဆယ်နဲ့ စစ်ယောင်ပြပြီး တိုက်ရမှာပဲ သံလုံငယ်၊ ဒီပွဲဟာ အဆမတန် များပြားတဲ့ ရန်သူကို ဥပါယ်နဲ့ လက်ရုံးသတ္တိနဲ့ ကျွမ်းကျင်မှုနဲ့ အနိုင်တိုက်ရမယ့်ပွဲပဲ၊ အန္တရာယ်အကြီးမားဆုံးပွဲလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်၊ မင်းလည်း တစ်ချက်မှားတာနဲ့ ရေလယ်မှာ မရှုမလှဖြစ်မှာပဲ၊ ဒါ့အပြင် သင်းတို့ကို ရေကြောင်းအစီအရင်နဲ့ လုပ်ကြံမှုဖြစ်မယ်၊ ကြည်းကြောင်းနဲ့ တက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ နောက်ထပ်မင်းကန်စီတွေ အဆုံးရှုံး မခံနိုင်ဘူး"

"ငါ့ရဲ့ နောက်ထပ် မင်းကန်စီတွေ"ဟူသော အသုံးအနှုန်းသည် မတ်သံလုံ၏ ရင်ထဲသို့ ထိုးဖောက် ဝင်ရောက်သွားသည်။

"မင်းကန်စီကို သင်းတို့ လုပ်ကြံသလို သင်းတို့လှေတွေလည်း ငုတ်တိုင်တွေကြား အရှုပ်ရှုပ်အထွေးထွေးဖြစ်ပြီး ငါ့မင်းကန်စီ တစ်သက်အတွက် သင်းတို့ အသက်ပေါင်းများစွာ ပေးဆပ်စေရမယ်၊ ကြားလား သံလုံယေ"

"ကြားပါတယ် သူ့ရှင်"

"အင်မတန် အန္တရာယ်ကြီးတဲ့ တိုက်ပွဲဆိုတာကော မင်း နားလည်ရဲ့လား"

"နားလည်ပါတယ် သူ့ရှင်"

"အေး စစ်မထွက်ခင် သရဏဂုံ တင်ချင်လည်း တင်သွား"

အေးစက်မာကျောစွာ ပြောလျက် ရာဇာဓိရာဇ် နန်းဆောင်ထဲသို့ ဝင်သွားသည်။ မင်းကြီးသံဖြတ်နှင့်တကွ တပ်မှူး တပ်မင်း အားလုံး လဝွန်းအိန်ကို ဝိုင်းကြည့်နေကြသည်။ တိတ်ဆိတ်သော အကြည့်များသည် စကားလုံးပေါင်း ထောင်သောင်းကို ပြောဆိုနေကြသလိုလည်း ဖြစ်နေသည်။

သူ့ရှင် ရာဇာဓိရာဇ်၏ အစီအမံသည် စီမံသည့်အတိုင်းသာ ဖြစ်ခဲ့ပါက အောင်ပွဲရမည့် သေနင်္ဂဖြစ်သည်။ သို့သော် တစ်ချက်မျှ လွဲမှားသွားခဲ့လျှင်မူ...

အမတ်ဒိန်သည် ရှေ့သို့ တိုးထွက်လာကာ မတ်သံလုံ၏ လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်လိုက်သည်။

"သံလုံယေ ငါ့ညီ၊ အင်မတန် အန္တရာယ်ကြီးတဲ့စစ်ပွဲပဲ၊ ချောင်းထဲက ငုတ်တိုင်တွေကို မင်းတို့လှေတွေ လွတ်အောင် ရှောင်ရမယ်၊ မရှောင်နိုင်လို့ မင်းတို့ကိုယ်တိုင်က ငုတ်တိုင်တွေကြားမှာ လုံးထွေးရစ်ပတ် ဖြစ်ကုန်ရင် ရန်သူ့လှေတွေဆီက လှံရှည်နဲ့ မြားတွေ၊ ဒါ့တင်မက ကမ်းစပ်ကုန်းပေါ်မှာရှိနေတဲ့ မလ္လာယုကြေးစား စစ်သည်တွေဆီက မီးပေါက်သေနတ်ကျည်တွေက တဖြောဖြော ကျလာမယ်၊ ပြီးတော့ မင်းတို့က လှေပေါ် နှစ်ဆယ်တည်း"

နေကောင်းထိုင်သာ မရှိသဖြင့် အနားယူရာမှ ပြန်လာကာစဖြစ်သော အမတ်ဒိန်၏ အသံသည် ယခင်ကလို အားမာန်အပြည့်ဆောင်



သော အသံမျိုးမဟုတ်ဘဲ ဖျော့တော့သည့်လေသံ ဖြစ်နေသည်။

မတ်သံလုံ ပြုံးပြလိုက်သည်။

"ကိစ္စမရှိပါဘူး အမတ်ဒိန်၊ မင်းကန်စီရဲ့ မျက်နှာကို မြင်ယောင်ရင်း ကျွန်တော် တိုက်မှာပါ၊ အားလုံး အဆင်ပြေနိုင်ပါလိမ့်မယ်"

လဝွန်းဗျည်း တိုက်ပွဲတုန်းကလိုပင် မတ်သံလုံ၏ ဘယ်ဘက်ပါးပြင်ထက်မှ အမာရွတ်တွင် သွေးရောင်များ လွှမ်းနေလေသည်။

* * *

"ဒါကဘာလဲ နှင်းကေသရာ"

ရှေ့တွင် ကျုံ့ကျုံ့ရပ်ရင်း ကမ်းလာသော ရွှေကလပ်ပေါ်မှ ဘူးငယ်ကိုကြည့်ရင်း မတ်သံလုံ အံ့သြသွားမိသည်။

"ဒဏ်ရာက သွေးထွက်လွန်ရင် လိမ်းဖို့ သွေးတိတ်စေတဲ့ ဆေးရည်ပါ"

ကလပ်ပေါ်က ဘူးကို လှမ်းယူ၍ ဖွင့်ကြည့်လိုက်သည်။ ဆီကဲ့သို့ ခပ်ပျစ်ပျစ် အရည်များကို တွေ့ရသည်။ သွေးတိတ်ဆေးရည်ဟူသာ ဆိုသော်လည်း အနံ့က စန္ဒကူးနံ့ မွှေးနေလေသည်။

မွေ့ကေသာ မတ်သံလုံရှေ့တွင် မျက်နှာချင်းမဆိုင်ရဲသလို ခေါင်းငုံ့လျက် မတုန်မလှုပ် ရပ်နေသည်။

"ဩော် အင်း၊ ကျုပ် သားရေကုန်းပိုးအိတ်ထဲ ထည့်ထားလိုက်လေ"

"ဟုတ်ကဲ့"

လှည့်ထွက်သွားသော မွေ့ကေသာ၏ ကျောပြင်ကို ငေးငိုင်ကြည့်ရင်း မတ်သံလုံ သက်ပြင်းချမိသည်။ မေ့ပျောက်ထားသော အကြောင်းအရာတို့ ပြန်၍ပေါ်လာသည်။ အကြောင်းမလှသော ချစ်အတွက် စိတ်နှလုံးတို့ နောက်ကျိလာမိပြန်သည်။

တိုက်ကုလားမြို့စားအဖြစ်၊ လဝွန်းအိန်အဖြစ် သူ့ရှင်၏ ချီးမြှောက်ခြင်းကို ခံယူရပြီးသည်မှာ နှစ်ရက်သာ ရှိသေးသည်။ မေနှင်းကေသရာကို ကတော်မယားအဖြစ် လက်ခံ သိမ်းပိုက်လိုက်ရသည်မှာလည်း နှစ်ရက်သာ ရှိသေးသည်။

ဤနှစ်ရက် ကာလအတွင်းမှာလည်း တိုက်ကုလားစခန်းတွင် မတ်သံလုံ နေလိုက်ရသည် မရှိလိုက်။ မေနှင်းကေသရာနှင့် အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး မျက်နှာချင်းဆိုင်ခွင့် မရလိုက်ခဲ့။ ပုသိမ်တိုက်ပွဲတွင် မင်းကန်စီ ကျဆုံးပြီဟူသော အမိန့်ဖြင့် သူ့ရှင်ထံသို့ လိုက်ခဲ့သည်။ ထို့နောက်မှ သူ့ရှင်၏ အမိန့်ဖြင့်ပင် လိုင်ချောင်းသို့ ရေကြောင်းတိုက်ပွဲအတွက် ချီရတော့မည်။ ယင်းသို့ ဖြစ်ရခြင်းသည်ပင် တစ်နည်းအားဖြင့် တော်သေးတော့သည်ဟု မတ်သံလုံ တွေးမိနေသည်။ မေနှင်းကေသရာကို ကတော်မယားအဖြစ် မည်သို့ ဆက်ဆံပြောဆိုရမည်မသိ။ မေနှင်းကေသရာကို တွေ့လေတိုင်း မရှိတော့ပြီဖြစ်သည့် 'နှင်းပန်းခိုင်'ကိုသာ သတိတရ ရှိ ရှိနေတတ်သည်။ မေနှင်းကေသရာသည် လုံးဝ သူစိမ်းပြင်ပြင်။

ယခုလည်း စစ်ထွက်ရတော့မည်။

မကုန်မဆုံးနိုင်သော စစ်ပွဲတို့ကိုသာ တိုက်နေချင်သည်။ ဖြစ်နိုင်လျှင် တိုက်ကုလားစံအိမ်တော်ထဲ မေနှင်းကေသရာ ရှေ့မှောက်တွင် မရနေလို။ လှပသော ဤမိန်းမသူကို တွေ့ရလေတိုင်း လှပသော နှင်းပန်းခိုင် အကြောင်းကို သတိရလာသည်။ စံအိမ်တော်တွင် မေနှင်းကေသရာရှေ့တွင် တစ်မနက်၊ တစ်ရက်မှ မနေလို။ စကားလည်း မပြောလို။ ပြောစရာစကားလည်း မရှိ။ ချစ်နိုင်ရန် နှလုံးသားဆိုသည်ကား ပြောဖွယ် မရှိတော့။

ကြမ်းပြင်သို့ ကြည့်နေရာမှ ကြမ်းပေါ်တွင် ဖြူဖွေးသော ခြေဖမိုး တစ်စုံ ရောက်လာပြန်သည်။ ထို့နောက် အပြာနုရောင် ထဘီမြိတ်နား။

မော်ကြည့်လိုက်သောအခါ၊ အပြုံးအရယ်ကင်းသော မျက်နှာဖြင့် စူးစိုက်ကြည့်နေသည်။

"ဘာလဲ နှင်းကေသရာ"

"တပ်မှူး အခု စစ်ထွက်တော့မှာ မဟုတ်လား"

"အင်း..."

"တစ်ခု မှာချင်လို့ပါ"

"ဘာလဲ"

"မင်းကန်စီဟာ ကျွန်မ၊ ကျွန်မရဲ့ ကျေးဇူးရှင်တစ်ဦး ဖြစ်ပါတယ်၊ အခု ကျသွားပြီဆိုတော့ ကျွန်းမလည်း စိတ်ထိခိုက်ကြေကွဲရပါတယ်"

"အင်း..."

"ကျွန်မ တပ်မှူးရဲ့ အစွမ်းလက်ရုံးကို သိပါတယ်၊ တပ်မှူးကို မပြစ်မှားရဲပါဘူး၊ ဒါပေမဲ့ ကျွန်မ လေးစားကြည်ညိုတဲ့ မင်းကန်စီ အတွက် မှာပါရစေ"

"ပြောပါလေ"

"မင်းကန်စီအတွက် လက်စားချေခဲ့ပါ၊ ပြီးတော့ တပ်မှူး ကိုယ်တိုင်လည်း ဘေးမသီရန်မခ ဖြစ်အောင် အထူးဂရုစိုက်ပါ၊ ဒီတိုက်ပွဲဟာ အန္တရာယ် ကြီးလွန်းတယ်လို့ ကျွန်မ သိထားရပါတယ်"

"ဘာ"

မတ်သံလုံ၏အသံ အနည်းငယ် ပြင်းထန်သွားသဖြင့် မွေ့ကေသာ တုန်လှုပ်သွားသည်။

"မင်းကန်စီအတွက် လက်စားချေဖို့ ကျုပ်အသက်ကို သရဏဂုံ တင်ပြီးပြီ၊ ဒါပေမဲ့ မေးစမ်းပါရစေ၊ ငါ့ကို ဂရုစိုက်ပါဆိုတော့ မင်းက..."

"အို မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မ တပ်မှူးရဲ့ စစ်အစွမ်းကို နားလည်ထားပါတယ်၊ ကေသာ နားလည်ပါတယ်၊ ဒါပေမဲ့ ဒီက"

"ဘာဖြစ်သလဲ နှင်းကေသရာ၊ ဘာဖြစ်လဲ၊ ဒါဖြင့် ဘာဖြစ်သလဲ"

"ကျွန်မ စိုးရိမ်လို့ပါ တပ်မှူး"

"စိုးရိမ်လို့..."

"ဟုတ်ပါတယ် တပ်မှူး၊ ဖြစ်နိုင်ရင် ကျွန်မ စံအိမ်မှာ မနေရစ်ခဲ့ချင်ပါဘူး၊ တပ်မှူးနဲ့အတူ စစ်မြေပြင်ကိုလိုက်ပြီး တပ်မှူးရဲ့ဘေးက"

"တော်စမ်းပါ နှင်းကေသရာ၊ တော်စမ်းပါ"

ဒဏ်ရာရသော သားရဲတစ်ကောင်၏ အသံမျိုးဖြင့် မတ်သံလုံ အော်မိသည်။

မတ်သံလုံ၏အသံ၊ မတ်သံလုံ၏ မျက်နှာသွင်ပြင်ကို မြင်ရသော အခါမှပင် မွေ့ကေသာလည်း သူ့စကား မှားသွားပြီကို သတိရလိုက်မိတော့သည်။ မိမိကိုယ်မိမိလည်း အပြစ်တင်မဆုံး ဖြစ်သွားသည်။

အတွေးတို့ ရှုပ်ထွေးသွားကြသည်။

ချစ်သော အမောင်စောသံမုန် စစ်ထွက်သွားမည်ဆိုလျှင် ဤသို့ပင် ဖြစ်ချေမည်ဟူသော ခံစားမှုအတွေးတို့ဖြင့် စစ်ထွက်ယောက်ျား အား စိုးရိမ်ကာ အားပေးစကားများကို ယောင်ယမ်း၍ ပြောခဲ့ခြင်း

သို့သော် မတ်သံလုံအနေဖြင့်လည်း ဤစကားတို့သည် တစ်ချိန် က သူ၏ နှင်းပန်းခိုင်ထံမှ ကြားခဲ့ရမည့်ဟူသော အချက်ကို ပြောသော



www.burmeseclassic.com

www.burmeseclassic.com



မေ့သွားသည်။ နှစ်ဦးစလုံးသည် အတိတ်က အကြောင်းမဟုတ်ခဲ့သော ဝေဒနာ အရိပ်များအောက်တွင် ကိုယ်စီ မရုန်းသာဖြစ်နေကြကြောင်း မွေ့ကေသာ ချက်ချင်းပင် သဘောပေါက်သွားသည်။

စင်စစ် မိမိ ဤစကားတို့ကို မတ်သံလုံအား မပြောသင့်။

သို့သော် အမှေ့မှေ့ အလျှော့လျှော့ဖြင့် ရှုပ်ထွေးနောက်ကျိသော စိတ်အတွေးတို့ဖြင့် ပြောမိချေပြီ။ မိမိရှေ့မှ စစ်ထွက်သူရဲကောင်းသည်လည်း သားရိုင်းတစ်ကောင်လို အော်ဟစ်လျက် မိမိကို နှင်ထုတ်နေချေပြီ။

"ကျုပ်သိတယ်၊ အားလုံးသိတယ်၊ သွားပါတော့ နှင်းကေသရာ၊ မင်းစက်ရာဆောင်ထဲ မင်းပြန်သွားပါတော့၊ မင်းရဲ့ဆေးရည်အတွက်၊ မင်းရဲ့ စိုးရိမ်တတ်မှုအတွက် ကျုပ် ကျေးဇူးတင်လိုက်ပါမယ်၊ သွားပါတော့"

နှင်ထုတ်သော်လည်း မွေ့ကေသာ ထွက်မသွား။ မတ်သံလုံရှေ့တွင် ဒူးတုပ် ထိုင်ချလိုက်သည်။ နှောင်တ တရားတို့ဖြင့် ပြည့်ဝလာသော နှလုံးသားတို့သည် ထူးဆန်းစွာပင် ပျော့ပျောင်းမသွားဘဲ တစ်စုံတစ်ခုသော အားမာန်ကို ရရှိလာသည်။

ယောကျ်ားတို့တွင် တစ်ခါတစ်ရံ ပျောက်ကွယ်နေတတ်သော မိန်းမသားတို့၏ ဘဝပေး သဘာဝအားမာန်။

"ခွင့်လွှတ်ပါ တပ်မှူး၊ ကျွန်မကို ပြောခွင့်ပြုပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်မဟာ တိုက်ကုလားမြို့စားရဲ့ ကတော်မယားပါ၊ တပ်မှူးဟာ ကျွန်မရဲ့ ခင်ပွန်းသခင်ပါ၊ ကျွန်မရဲ့ ခင်ပွန်းအရှင်ဟာ စစ်ထွက်ယောကျ်ား ဖြစ်ပါကယ်၊ အန္တရာယ်ကြီးလှတဲ့ တိုက်ပွဲကို သွားတော့ အံ့ဆဲဆဲ စစ်ထွက်သူရဲကောင်း ဖြစ်ပါတယ်၊ အဲဒီ သူရဲကောင်းအတွက် ကျွန်မဟာ ကတော်မယားအဖြစ် တတ်စွမ်းနိုင် သမျှ အားပေးဖို့၊ ကူညီဖို့၊ ဖြစ်နိုင်ရင် ခင်ပွန်းအရှင်နဲ့ အတူစံ၊ အတူခံ၊ အတူကျရာနေဖို့ ကျွန်မ နားလည်မိပါတယ်၊ အဲဒီ စိတ်ဓာတ်မျိုးနဲ့ တပ်မှူးကို ကျွန်မ ပြောတာပါ၊ ကျွန်မကို ခွင့်လွှတ်ပါ"

မတ်သံလုံသည် မွေ့ကေသာ၏ မျက်နှာကို တစ်ခါမှ မမြင်ဖူးသလို ငေးငိုင်ကြည့်မိသည်။ ထို့နောက် အက်ကွဲခြောက်သွေ့နေသော အသံဖြင့် . . .

"ကျုပ် နောက်ထပ် မိန်းမသူတစ်ယောက်ကို စစ်မြေပြင်ခေါ်သွားပြီး ရန်သူမြားကဲ အစိုက်ခံရအောင် မလုပ်ချင်ပါဘူး နှင်းကေ



သရာ"

မွေ့ကေသာ ဘာပြန်ပြောရမည် မသိ။

မတ်သံလုံလည်း ဆက်ပြောစရာ စကားမရှိတော့သကဲ့သို့ . . .

ဤအခက်အခဲ၊ အကျဉ်းအကျပ်ကို အခြေအနေတစ်ခုက ဝင်ရောက် ဖြေရှင်းပေးလိုက်သလို ဖြစ်သွားသည်။

ကိုယ်လုပ်တော်တစ်ဦး သူတို့ရှေ့သို့ ရောက်လာသည်။

"ဒလသဒ္ဒမာယာ မိဖုရား ရောက်နေပါတယ် မြို့စားကြီး"

"ဟင် . . . ဟုတ်လား"

နေရာမှ ထကြရသည်။ စစ်ထွက်အံ့ဆဲဆဲအချိန်တွင် သူ့ရှင်၏ မိဖုရား ဒလသုဒ္ဒမာယာ ဘာကြောင့် ရောက်လာသနည်း ဆိုသည်ကို မတ်သံလုံ မစဉ်းစားတတ်၊ မွေ့ကေသာ မိဖုရားအတွက် နေရာထိုင်ခင်းများ ပြင်လေသည်။

အမတ်ဒိန်၊ မင်းကြီးသံဖြတ်တို့ကို ခြံရံလျက် ဒလသုဒ္ဒမာယာ မိဖုရား ရောက်လာသည်။ လျောက်ပတ်သောနေရာကို ပေးပြီးနောက် မတ်သံလုံ ကြမ်းပေါ်သို့ ဒူးထောက် ထိုင်လိုက်လေသည်။

မင်းကြီး သံဖြတ်က လေးနက်စွာ ပြောသည်။

"သံလုံငယ်၊ ပုသိမ်ရေကြောင်းတိုက်ပွဲထွက်မယ့် မင်းအတွက် သူ့ရှင်က အောင်ပွဲရစေကြောင်း ဆုတောင်းလိုက်တယ်၊ ပြီးတော့ ဂုဏ်ပြု ချီးမြှောက်တဲ့အနေနဲ့ သူ့ရှင်ကိုယ်တိုင် သုံးဆောင်တဲ့ ရွှေကွမ်းအစ်တော်ကို မိဖုရားဒလသုဒ္ဒမာယာကိုဆက်ဖို့ အမိန့်တော် မှတ်လိုက်တယ်လေ"

အမတ်ဒိန်က တည်ငြိမ်စွာ ကြည့်နေသည်။

မိဖုရား ဒလသုဒ္ဒမာယာကမူ မတုန်မလှုပ်။ သူ့ရှင်၏ မိဖုရားတစ်ပါးအနေဖြင့် လက်အောက်ခံမြို့စား တပ်မှူးတစ်ဦးထံ ရွှေကွမ်းအစ်လာဆက်ရသည်ဆိုခြင်းမှာလည်း စင်စစ်မိဖုရားတစ်ပါးအတွက် ကြည်နူးအားရ ဂုဏ်ယူဖွယ်မဟုတ်။ ထို့ထက်မူကား 'သူရဲကောင်း လဝွန်းအိန်အား ဒလသုဒ္ဒမာယာမိဖုရားကိုယ်တိုင် ရွှေကွမ်းအစ်အဖုံးကိုဖွင့်၍ နံ့သာတို့ဖြင့် ထုံးမွှေးအပ်သော ကွမ်းယာကို ကိုယ်တိုင်၏ လက်ဖြင့် ကျွေး၍ ပေးဆက်ရမည်'ဟူသော အမိန့်တော်။

အမိန့်တော်ကို လွန်ဆန်ရန် မစွမ်းသာ၍သာ အမိန့်အတိုင်း ပြုမူရသည်။ ကွမ်းအစ်အဖုံးကိုဖွင့်ခြင်း၊ ကွမ်းယာကို နှိုက်ယူ၍ ပေးဆက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း စသော လှုပ်ရှားမှုတို့သည် အသက်မပါသော လှုပ်ရှားမှုများသာ ဖြစ်နေသည်။

**မတ်သံလုံ မိဖုရား၏လက်မှ ကွမ်းအစ်ကို တရိုတသေ ယူလျက် ရာဇာဓိရာဇ်ရှိရာသို့ ဦးခိုက်လေသည်။**

ဒလသုဒ္ဓမာယာမိဖုရားသည် စကားတစ်ခွန်းမဆိုဘဲ ကွမ်းအစ်ကို ပြန်သိမ်းကာ နေရာမှ ထသွားသည်။ မင်းကြီးသံဖြတ်နှင့် အမတ်ဒိန်တို့လည်း လိုက်ပါသွားကြသည်။ မင်းကြီးသံဖြတ်တို့ စံအိမ်ပေါ်မှ ဆင်းသွားပြီးနောက် လှေကားထိပ်ထိ လိုက်ပို့သော မတ်သံလုံလည်း နောက်လှည့်ကြည့်လိုက်သည်။

ရီဝေသော မျက်နှာဖြင့် ငေးကြည့်နေသည့် မွေ့ကေသာ။

မတ်သံလုံက သက်ပြင်းတစ်ချက်ချရင်း မောက်ရှည်ကို ယူဆောင်ပြီး ဓားအိမ်ကိုလွယ်လိုက်သည်။ ထို့နောက် အေးစက်သော အသံဖြင့်

"ကျုပ်သွားမယ်..."

"ဟုတ်ကဲ့..."

* * *

လိုင်ဝချောင်းထဲသို့ သူရဲကောင်းလဝွန်းအိန်ဦးစီးသော တိုက်လှေပေါ် နှစ်ဆယ် ဆင်းမည့်နေ့ နံနက်။

မတ်သံလုံ ရွေးချယ်ထားသော လူစွမ်းကောင်း ရဲမက်တို့သည် လှေတက်များကိုပြင်ရင်း၊ မတ်သံလုံကို စောင့်နေကြသည်။ မိုးသောက်နံနက်၏ လင်းနေရောင်အောက်တွင် ပေါ့ပါးသော လှေငယ်အစင်းနှစ်ဆယ်တို့၏ လှေဦးများသည် ကြော့ရှင်းစွာ မော့်နေကြသည်။

အမတ်ဒိန်နှင့် မင်းကြီးသံဖြတ်တို့ ချောင်းစပ်သို့ ဆင်းလာကြသည်။

လှေငယ်များအားလုံး အဆင်သင့် ဖြစ်နေကြပေပြီ။

ရဲမက်များလည်း အဆင်သင့် ဖြစ်နေကြပေပြီ။

မတ်သံလုံကို မတွေ့ရသေး။

"ဟေ့ အကြပ်မှူး၊ မင်းတို့တပ်မှူး ဘယ်မှာလဲ"

မင်းကြီး သံဖြတ်က လှမ်းမေးသည်။

"တပ်စခန်းမှာ ပြင်ဆင်နေပါတယ် မင်းကြီး"



အမတ်ဒိန်နှင့် မင်းကြီးသံဖြတ်တို့ ကုန်းမြင့်သို့ပြန်တက်ကာ မတ်သံလုံထံသို့ သွားရပြန်သည်။ ကြက်သွေးရောင် တံခွန်ထူထားသော တဲ၏တံခါးသည် ပိတ်လျက်သား။ တဲဝတွင် လက်နက်လေးမြားတို့ ပြင်ဆင်ထားသည်ကို မတွေ့ရ။ အမတ်ဒိန်နှင့် မင်းကြီးသံဖြတ်တို့ တဲထဲသို့ ဝင်ခဲ့ကြသည်။

တဲဝတွင် အစောင့် ရဲမက်တစ်ဦးသာရှိသည်။

"ဟေ့ ဘယ်မလဲ မင်းတပ်မှူး"

"နာမကျန်းဖြစ်လို့ အိပ်နေပါတယ် မင်းကြီး"

"ဟင်"

"ရေတက်နေပြီ၊ မနေ့ညက သူ့ရှင် မိန့်မှာတာကိုလည်း သံလုံငယ် ဝန်ခံခဲ့ပြီးပြီ၊ ယခုထိ မသွားသေးဘူးလား၊ ဟုတ်လား"

မင်းကြီးသံဖြတ်ရော အမတ်ဒိန်ပါ တအံ့တသြ စိုးရိမ်သွားကြသည်။

"ညကပဲ ရုတ်တရက် နာမကျန်းဖြစ်သွားတာပါ မင်းကြီး"

"ဘာရောဂါလဲ"

"မသိပါ မင်းကြီး"

"ခက်တော့တာပဲ၊ အမတ်ဒိန်း ကျုပ်ကို ဝင်ကြည့်ကြစို့"

တဲထောင့်ရှိ ခုတင်တွင် ခြုံစောင်တို့ အထပ်ထပ်ရစ်ပတ်လျက် လဲလျောင်းနေသော မတ်သံလုံကို တွေ့ကြရသည်။

အမတ်ဒိန်က စိုးရိမ်ကြီးစွာဖြင့် မတ်သံလုံ၏ လက်ကို ကိုင်စမ်းသည်။ မင်းကြီး သံဖြတ်က နဖူးပြင်ကို စမ်းသည်။ ထို့နောက် တစ်ဦးကို တစ်ဦး ကြည့်ကြသည်။

"သံလုံငယ်၊ အပူဖျား အအေးဖျား ရှိတယ်၊ မင်းမှာ ဘာအဖျားမှ မရှိဘူး၊ မင်း ဘာဖြစ်သလဲ ဟင်"

မတ်သံလုံက ဘာမှ ပြန်မဖြေ။ တအင့်အင့် လူးလွန့်ညည်းညူသည်။

"သံလုံငယ်၊ မင်းဘာဖြစ်သလဲ၊ ရေတက်နေပြီ၊ စစ်ထွက်ဖို့ အချိန်ကျပြီ"

"ကျွန်တော့်ကို ခွင့်လွှတ်ကြပါတော့"

"ဟင် ဘာဖြစ်လို့လဲ"

အမတ်ဒိန်နှင့် မင်းကြီးသံဖြတ်တို့ ခုတင်တွင် ဝင်ထိုင်ကြသည်။

မတ်သံလုံက တိုးတိတ်စွာ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြီး ဘုရားနဲ့ အမတ်ဒိန်၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ၊ ကျွန်တော် ရောဂါဟာ အပူဖျား အအေးဖျားထက် ပိုဆိုးပါတယ်"

"အေးလေ ဘာဖြစ်သလဲ၊ ငါတို့ကို ပြောမှပေါ့"

မတ်သံလုံသည် မျက်စိမဖွင့်ဘဲ တစ်လုံးချင်း ပြောလေသည်။

"မနေ့က ဒလသုဒ္ဓမာယာမိဖုရား သူ့ရှင် အမိန့်တော်နဲ့ ကွမ်းယာဆက်တယ်၊ မိဖုရားကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး ဒီလောက်ချောမောလှပတဲ့ မိဖုရားကို ခုလို အနီးကပ် တွေ့လိုက်ရတော့ ကျွန်တော့် စိတ်တွေ…"

"ဘာ ဘာပြောတယ်"

မင်းကြီး သံဗြတ်၏အသံ ဟိန်း၍ ထွက်လာသည်။

"နားနဲ့မနာ ဖဝါးနဲ့နာကြပါ၊ မိဖုရားရဲ့ ရင်ဝတ်ဟာ ဆင်မြန်းထားတဲ့ ရတနာတွေကြောင့် လျှော့ရဲနေခဲ့တယ်၊ ကျွန်တော် အဲဒီလို အလှကို တွေ့မြင်ရပြီးတဲ့နောက် ညက အိပ်မပျော်ဘူး၊ ကျွန်တော် ဘာကိုမှလည်း နားမလည်တော့ဘူး၊ စစ်တွက်ရင်လည်း ဒီလောက် အန္တရာယ်ကြီးမားတဲ့တိုက်ပွဲ ကျွန်တော်သေမှာပဲ၊ စစ်မထွက်လို့ နေပြန်ရင်လည်း အမိန့်တော်နဲ့ အသတ်ခံရမှာပဲ၊ သေမှာချင်းအတူတူမို့ ကျွန်တော် စစ်မထွက်တော့ဘူး၊ ကျွန်တော့်ကိုလည်း သူ့ရှင်ရဲ့ သူရဲကောင်းစာရင်းက ပယ်ဖျက်လိုက်တော့၊ ဒလသုဒ္ဓမာယာမိဖုရားရဲ့အလှကို တွေ့မြင်ရပြီး မပိုင်ဆိုင်ရတဲ့ ဘဝမျိုးမှာ သေခြင်းကိုပဲ ကျွန်တော ရွေးချယ်တော့မယ်"

"မင်း… မင်း…"

မင်းကြီး သံဗြတ်၏အသံများ ဒေါသဖြင့် တုန်ယင်လာသည်။

အမတ်ဒိန်ကား စိတ်နောက်ကျု ရှုပ်ထွေးစွာဖြင့် ငေးငိုင်နေမိလေသည်။

မှတ်သံလုံကား ခြုံစောင်များဖြင့် လုံးထွေးရစ်ပတ်လျက် ခုတင်ပေါ်တွင် တလူးလူး တလွန့်လွန့် ညည်းတွားနေသည်။ သတိကင်းမဲ့သူပမာ၊ အိပ်မက်ဖြင့် ကယောင်ကတမ်းပြောသူ ပမာတတွတ်တွတ်ရေရွတ်နေသည်။

"ကျွန်တော် သိပ်မိုက်မဲတယ်ဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် မိုက်ပါရစေတော့၊ သူ့ရှင်ကိုသာ ပြောလိုက်ကြပါတော့"

"တောက်"



မင်းကြီးသံဗြတ်က ပြင်းထန်စွာ တောက်ခေါက်ရင်း လက်သီးများကို ဆုပ်ချည် ဖြန့်ချည်ပြုနေသည်။

အမတ်ဒိန်သည် ရှေသို့ တိုးလာပြီး မတ်သံလုံ၏ မျက်နှာပေါ်မှ ခြုံစောင်ကို ဆွဲဖယ်သည်။ မတ်သံလုံက ရုန်းသော်လည်း ခြုံစောင် ပြေလျော့သွားသည်။

"ငါ့ညီ သံလုံငယ်၊ မင်းစိတ်တွေဟာ အခိုက်အတန့်အားဖြင့် အဝိဇ္ဇာဖုံးနေလို့ပါ၊ နားထောင်စမ်း၊ မင်းဟာ တပ်မှူးတစ်ယောက် သူရဲကောင်းတစ်ယောက်၊ ပြီးတော့ မကြာခင်ကမှ လဝွန်းအိန်ဘွဲ့နဲ့ တိုက်ကုလားမြို့စား ဖြစ်ထားသူတစ်ယောက်၊ မင်းဟာ မြို့စားသူရဲကောင်းတစ်ဦးအနေနဲ့ နက်နက်နဲနဲ စဉ်းစားတတ်ရလိမ့်မယ် ငါ့ညီ၊ သူ့ရှင်ဟာ ငါ့ကိုချစ်တယ်ဆိုပြီး မာန မထောင်လွှားသင့်ဘူး၊ မင်းဟာ အမြဲတစေ အစဉ်တစိုက် လက်ရုံးရည် ကောင်းသလောက် နှလုံးရည်မှာလည်း ရှိသားတဲ့ သူရဲကောင်းတစ်ယောက်လည်း ဖြစ်ခဲ့တယ် မဟုတ်လား၊ အဝိဇ္ဇာတစ်စက်ကြောင့် မင်းရဲ့ ကမ္ဘည်းမော်ကွန်း အဖြူထည်ပေါ်မှာ အမည်းစက် စွန်းပေ မခံချင်ပါနဲ့ သံလုံငယ်"

"အမတ်ဒိန် ဘာမှ ပြောမနေနဲ့၊ သူ့ရှင်ဆီသာ ပြန်လျှောက်ကြစို့၊ တိုက်ပွဲအတွက် အချိန်မရှိဘူး၊ ဒီအကောင်ဟာ ရူးသွပ်နေတဲ့ လူမိုက်ပဲ၊ ဘာမှ မပြောနဲ့"

မင်းကြီး သံဗြတ်သည် ဒေါသကြောင့် တရှူးရှူး တရှဲရှဲ ဖြစ်လာသည်။

"မင်းကြီးသံဗြတ်၊ ကျုပ်စကားပြောပါရစေဦး၊ သံလုံငယ် နားလည်သဘောပေါက်သွားအောင် ကျုပ်ရှင်းပြပါ့မယ် ဒီမယ်၊ ငါ့ညီ"

အမတ်ဒိန်က ခုတင်စွန်းတွင် အကျအန ဝင်ထိုင်သည်။

"သံလုံငယ် နားထောင်ဦး၊ မင်းဟာ ဘုရင်သူရဲကောင်းဖြစ်ပေမယ့် ဘုရင်အနီးမှာ သိပ်နေရတာ မဟုတ်ဘူး၊ စစ်ပွဲနဲ့သာ အချိန်ကုန်ရတဲ့သူ၊ သည်တော့ ရာဇရေးရာကို မင်းနားမလည်ဘူး၊ ငါပြောတာ နားထောင်စမ်း၊ မင်းကောရာဇ်ထံကို နေ့စဉ် ဝင်ခစားနေ[illegible]မယ့်လည်း အနီးကပ်လွန်းလို့ မရဘူး၊ အေး မင်း[illegible] အဝေးမှာ ရှိနေပေမယ့်လည်း ဝေးကွာလွန်းလို့ မရဘူး၊ [illegible] သည်းထားသလို ကျင့်သုံးရတယ်၊ ဘုရင်က [illegible] သော်လည်း မယစ်မူးရဘူး၊ ဘုရင်က မျက်[illegible]လည်း ကိုယ်တ

www.burmeseclassic.com



ပြန်မမျက်ရဘူး၊ နားလည်လား"

"ကျွန်တော် မသိဘူး၊ ကျွန်တော်မသိဘူး၊ ဒလသုဒ္ဒမာယာမိဖုရားကိုပဲ ကျွန်တော် သိတယ်"

အမတ်ဒိန် သက်ပြင်းတစ်ချက်ချသည်။ သို့သော် သက်ပြင်းတစ်ချက် ပြန်ရှိုက်သည်။

"နားထောင်စမ်း သံလုံငယ်၊ သူ့ရှင်ဟာ သူ့ရဲကောင်းကို ချစ်တတ်တဲ့ ဘုရင်၊ ကဲ ကောင်းပြီ၊ အခုမင်းက မိဖုရားကို စွဲလမ်းနေတယ်၊ သူ့ရှင်ကလည်း ရန်သူ့အရေး လောလောဆယ် ပူနွေးနေတာမို့ စစ်အောင်နိုင်ရေးသာ အဓိကဆိုပြီး မင်းဆန္ဒအတိုင်း မိဖုရားကို ပေးလိုက်ပြီဆိုပါစို့၊ ဒါဟာ မေတ္တာစေတနာနဲ့ပေးတာ မဟုတ်ဘူး သံလုံငယ်၊ စစ်ပွဲပြီးလို့ အရေးတော် အေးချမ်းတဲ့ အခါကျရင် ဒီအကြောင်းကို အောက်မေ့သတိရတိုင်း သတိရတိုင်း မင်းအပေါ်မှာ အရှင်သခင်ရဲ့ အမျက်သင့်တော့မယ်၊ အရှင်သခင်ရဲ့ ကျေးဇူးသစ္စာတွေ စူးဝင်တော့မယ်၊ နားလည်လား"

မတ်သံလုံသည် ခုတင်ထက်မှ ထ၍ အောက်သို့ဆင်းကာ လက်အုပ်ချီလိုက်သည်။

"မင်းကြီးသံဖြတ်နဲ့ အမတ်ဒိန်၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါတော့ အဖရင်း အစ်ကိုရင်းလို ကျွန်တော့်အပေါ်မှာ အမတ်ဒိန်တို့ ကျေးဇူးကြီးလှပါတယ်၊ ဒါပေမဲ့ ဆုံးမစကားကို ဖယ်ရှားပါရစေတော့ ကျွန်တော် ရှင်းပြပါရစေ"

"ဟော့ကောင် လူမိုက်၊ တိတ်စမ်း"

မင်းကြီးသံဖြတ် ဓားရိုးပေါ်သို့ လက်တင်လိုက်သည်။ အမတ်ဒိန်က လှမ်းဆွဲသောအခါမှ မီးထွက်မတတ်မျက်လုံးများဖြင့် မတ်သံလုံကို ကြည့်ရင်း ဓားကိုပြန်သွင်းသည်။ ထို့နောက် ရွံရှာသော မျက်နှာဖြင့် တံတွေး ထွေးလေသည်။

"ကျွန်တော် အကြံအစည်တွေဟာ ယုတ်ညံ့တယ်လို့ အားလုံးက ပြောကြမှာပါ ပြောကြပါစေ၊ ဒါပေမဲ့ ဒီကိစ္စရဲ့အရင်းအမြစ်ကို ကြည့်ပါ၊ ဒီယုတ်ညံ့တဲ့အကြံဆိုတာ ကျွန်တော့်ဘာသာ ကျွန်တော် အလိုလို မွေးဖွားပေါ်ပေါက်တာ မဟုတ်ပါဘူး၊ မိဖုရားကိုလွှတ်ပြီး ရှေ့ကွမ်းအစ် အဆက် မခိုင်းရင် ဒီလိုဖြစ်မှာ မဟုတ်ဘူ "

"အံမာ စကားတွေသိပ်တတ်နေပါလား ငရဲသား တောက်"

"နေပါ မင်းကြီးသံဖြတ်၊ ပြောပါစေ ပြောပါစေ"



"ဆင်မရဲ့ အနံ့ကိုရတဲ့ မုန်ယိုတဲ့ ဆင်ပြောင်တွေကို ကျွန်တော် အများကြီးတွေ့ခဲ့ဖူးပါတယ်၊ ကျွန်တော်ကိုယ်တိုင် ချွန်းပေါက် ဆုံးမခဲ့ပါတယ်၊ သို့ပေမယ့် မိမိကိုယ်တိုင်က အဲဒီလိုဖြစ်လာရတော့ ကျွန်တော့်ကိုယ် ကျွန်တော် ဘယ်လိုမှ ဆုံးမလို့ မရတော့ပါဘူး အမတ်ဒိန်၊ အခုလို ကျွန်တော်ဖြစ်သွားရတာဟာ သူ့ရှင်ရဲ့ အစီအမံကြောင့်ပါ၊ ပြောကြစတမ်းဆိုရင် ထက်နေတဲ့ဓားကို သံချေးတက်ပျက်တုံးစေပြီးမှ အဲဒီဓားနဲ့ ရန်သူကို တိုက်ခိုင်းရင် အောင်မြင်နိုင်ပါဦးမလား၊ ဓားပျက်ကို ထက်အောင်သွေးပြီးမှ ပြန်မသုံးသင့်ဘူးလား၊ ကျွန်တော်ဟာ အခုဆိုရင် သုံးမရအောင် သံချေးတက်သွားပြီဖြစ်တဲ့ ဓားပျက်ပါအမတ်ဒိန်၊ ဓားပျက်ပါ၊ ဒီဓားပျက်နဲ့ ရန်သူကို တိုက်ခိုင်းမလား၊ ကျွန်တော်မသွားဘူး၊ မတိုက်ဘူး၊ သတ်ချင်လည်း သတ်ပါစေတော့"

မင်းကြီးသံဖြတ်သည် ရပ်နေရာမှ မတ်သံလုံရှေ့သို့ တစ်ဟုန်ထိုးခုန်ထွက်လျက် မတ်သံလုံ၏ ကိုယ်ကျပ်လည်စည်းကြိုးကို တင်းကျပ်စွာ ဆွဲကိုင်လိုက်သည်။ ထို့နောက် ပြင်းထန်စွာ ဆွဲခါရင်း

"လူမိုက်၊ ငရဲကောင်၊ ဒါ... ဒါ မင်းရဲ့ နောက်ဆုံး စကားလား၊ ပြောစမ်း ပြောစမ်း"

မတ်သံလုံသည် မင်းကြီးသံဖြတ်၏ လက်ကိုလည်း ဖယ်ရှားခြင်း မပြု စကားလည်း ပြန်မဆို၊ ခေါင်းကိုသာ အတွင်သာ ငုံ့နေလျက် မတုန်မလှုပ်။

အမတ်ဒိန်က ဆို့နစ်သော အသံဖြင့် ပြောလိုက်သည်။

"သွားကြစို့ မင်းကြီးသံဖြတ်၊ သူ့ရှင်ဆီသွားပြီး အကျိုးအကြောင်းသာ လျှောက်တင်ကြစို့၊ စစ်ပွဲကာလရေတက်ချိန်ဟာ အရေးကြီးတယ်၊ အချိန်ကုန်လို့ မဖြစ်တော့ဘူး၊ ဘာမှ ပြောလို့ ဆိုလို့လည်း မရတော့ဘူး"

မင်းကြီးသံဖြတ်သည် မတ်သံလုံ၏ ကိုယ်ကျပ်အင်္ကျီ လည်စည်းကြိုးကို လွှတ်လျက် နောက်သို့ ဆောင့်တွန်းလိုက်သည်။ ပြင်းထန်သော အရှိန်ဖြင့် မတ်သံလုံလဲကျသွားသည်။ ထို့နောက် အမတ်ဒိန်ကိုပင် မစောင့်တော့ဘဲ တဲအပြင်သို့ ထွက်သွားလေသည်။

အမတ်ဒိန်သည် မတ်သံလုံ၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ခေါင်းယမ်းလျက် မင်းကြီးသံဖြတ်နောက်သို့ လိုက်သွားသည်။

"သိပ်မိုက်တဲ့ အကောင်းပဲ၊ သိပ်မိုက်တဲ့အကောင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



* * *

"တပ်မှူး"

ကြည်လင်သော်လည်း တင်းမာနေသော အသံတစ်သံကြောင့် မတ်သံလုံ ခုတင်တစ်ဖက်သို့ စောင်းနေရာမှ ပြန်လှည့်ကြည့်လိုက်သည်။

"ဩော် နှင်းကေသရာပါလား၊ လာလေ"

မွှေ့ကောသာ တဲအတွင်းတို့ တဖြည်းဖြည်းဝင်လာသည်။ ဒေါင်းမျိုမ၏ ဟန်ကဲ့သို့ကြော့ရှင်းတင့်တယ်သော အသွင်ဖြင့်။ သို့သော် အမြီးကို ဖြန့်ကျက်၍ ကနေသော ဒေါင်း၏ဟန်မျိုးမဟုတ်။ ရန်သူကို တိုက်ခိုက်တော့မည့် ခွပ်ဒေါင်းဟန်မျိုး။

"ထိုင်"

"ကျွန်မ အမတ်ဒိန်နဲ့ တွေ့ပြီးပြီ"

"ဩော်"

"အားလုံး သိပြီးပြီ"

"အင်း"

"ကျွန်မ စကားတစ်ခွန်း ပြောနိုင်မလား"

"ပြောလေ၊ ပြောပါ"

"ကျွန်မ တိုက်ကုလားမြို့စားရဲ့ ကတော်မယားပါ "

"ဘာဖြစ်သလဲ ဒီတော့"

"မိန်းမသားဟာ ဘာပဲဖြစ်ဖြစ် ခင်ပွန်းလင်ရဲ့ကောင်းကျိုး၊ ဆိုးကျိုးကို ဆက်ခံရတဲ့သူပဲ၊ ဘုရင့်မယားဟာ မိဖုရား၊ သူ့ရဲကောင်းမြို့စားမယားဟာ မြို့စားကတော်၊ တံငါသည်မယားဟာလည်း တံငါသည်မ သူဖုန်းစားရဲ့ မယားဟာလည်း သူဖုန်းစား၊ ဘာဖြစ်နေနေ မိန်းမသားဟာ သူ့ခင်ပွန်းရဲ့ အမြီးပိုင်းပါ"

"မင်း ဘာပြောချင်သလဲ နှင်းကေသာရာ"

"ကျွန်မဟာ ဒလသုဒ္ဓမာယာမိဖုရားထက် အသက်အားဖြင့် အရွယ်အားဖြင့် ငယ်ပါတယ်၊ ဒလသုဒ္ဓမာယာ မိဖုရားဟာ လှတယ်ဆိုရင် ကျွန်မ မေနှင်းကေသရာလည်း အရုပ်ဆိုးအကျည်းတန်တယ်လို့တော့ မဆိုနိုင်ဘူး ထင်ပါတယ်"

"မင်းလှပါတယ် နှင်းကေသရာ"

"မိန်းမသားတစ်ယောက်မှာ သူ့အလှရယ်၊ ပြီးတော့ ကညာစင်ဆိုရင်လည်း သူ့ရဲ့ကညာဘာဝအတွက်၊ အိမ်ထောင်သည်ဆိုရင်လည်း သူ့ရဲ့ခင်ပွန်းသခင်အတွက် ထားရှိအပ်တဲ့ မိန်းမသားတို့ စိတ်ဓာတ်ရယ်၊ ပြီးတော့ မိန်းမသားရဲ့ အရှက်နဲ့အကြောက် ဣန္ဒြေသိက္ခာရယ် အဲဒီအလှ၊ စိတ်ဓာတ်၊ ဣန္ဒြေသိက္ခာတွေဟာ မိန်းမသားအတွက် တန်ဖိုးရှိတဲ့အရာတွေပါ"

"ပြောပါနှင်းကေသရာ၊ ကျုပ်စိတ်ဝင်စားပါတယ်"

"အဲဒီအရာတွေအနက်က တစ်ခုခု၊ ဒါမှမဟုတ် အားလုံးကို ထိပါးလာရင်တော့ မိန်းမသားဟာ ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတတ်ပါဘူး"

"ကျုပ် နားလည်သွားပါပြီ နှင်းကေသရာ"

"တပ်မှူး နားမလည်ပါဘူး"

"ဟင်..."

"ကျွန်မ မေနှင်းကေသရာရဲ့ဘာဝဟာ တပ်မှူးရဲ့ ခြေဖဝါးအောက်က မြူတစ်မှုန်လောက်တောင်မှ တန်ဖိုးမရှိတော့ဘူးတဲ့လား ဟင်၊ တပ်မှူးကို ကျွန်မက နားလည်တယ်၊ နှင်းပန်းခိုင်နဲ့ တပ်မှူးတို့အကြောင်း ကျွန်မအားလုံးသိတယ်၊ နှလုံးသားချင်း စာနာစိတ်နဲ့ တပ်မှူးကို ကျွန်မခွင့်လွှတ်နိုင်ခဲ့တယ်။ ကျွန်မအပေါ် ဘယ်လိုပဲဆက်ဆံဆက်ဆံ တပ်မှူးရဲ့ဝေဒနာကို ကျွန်မစာနာနေမိလို့ ခွင့်လွှတ်နိုင်တယ်၊ ပြောရရင် အချစ်ပေါ်မှ အလေးအနက်ထားတတ်တဲ့ တပ်မှူးရဲ့ အသည်းနှလုံးကို ကျွန်မလေးစားခဲ့မိတယ်"

"တော်ပါ နှင်းကေသရာ၊ အဲဒီအကြောင်းတွေ မပြောပါနဲ့"

"ကျွန်မ ဘယ်တော့မှ မပြောဘူးလို့ ဆုံးဖြတ်ထားခဲ့ပါတယ်၊ လေးနက် လှိုက်လှဲလှတဲ့အကြောင်းတွေကို ကျွန်မလည်း နှုတ်က ထုတ်မပြောရက်ပါဘူး၊ ဒါပေမဲ့ ဒါတွေကို တပ်မှူးက ချိုးဖျက်ပစ်လိုက်ပြီ၊ ကျွန်မရဲ့ စာနာနားလည်မှု၊ ခွင့်လွှတ်မှုတွေအားလုံးကို တပ်မှူးက ဖျက်ဆီးပစ်လိုက်ပြီ"

"နှင်းကေသရာ၊ မင်းထွက်သွားစမ်း"

"မသွားဘူးတပ်မှူး၊ ကျွန်မပြောစရာရှိနေသေးတယ်၊ တပ်မှူးကို သူ့ရဲကောင်းတစ်ယောက်အဖြစ် ကျွန်မ လေးစားရှိသေခဲ့တယ်၊ နောက် သူရှင်ရဲ့စီမံမှုအရ မြို့စားကတော် ဖြစ်လာရတဲ့အခါမှာလည်း ဘာပဲဖြစ်ဖြစ် မိမိရဲ့ခင်ပွန်းအဖြစ် ကျွန်မ တနိုင်သမျှ တာဝန်ကျေအောင် ပြုစုလုပ်ကျွေးမယ်လို့ ဆုံးဖြတ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုယ်ကျွန်မ တိုက်ကုလားမြို့စားလဂွန်းအိန်ရဲ့ကတော်မယား အဖြစ် အပြစ်မြူမျှ မရှိရအောင် နေထိုင်ကျင့်သုံးမယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါတွေအားလုံးကို ကျွန်မက သတိကြီးစွာနဲ့ အားထုတ်ပျိုးထောင် နေချိန်မှာ ရှင်ကတော့ အားလုံးကို ချေဖျက်ပစ်လိုက်တယ်၊ ဒါကြောင့်...”

“နှင်းကေသရာ မင်းထွက်သွားလို့ ပြောနေတယ်”

“သွားပါ့မယ်၊ ပြောစရာစကားတစ်ခွန်း ကျန်နေလို့ပါ တပ်မှူး၊ အဲဒါပြောပြီးရင် ကျွန်မ သွားမှာပါ၊ ဒီမယ်...”

မွေ့ကေသာ၏အလှသည် နေရောင်ကို သောက်ချိုးနေသော နေကြာပန်းကဲ့သို့ ရွှန်းရွှန်းရဲရဲ နိုင်လာသည်။

“ကျွန်မ ရှင့်ကို မုန်းတယ်”

တစ်လုံးချင်း ပြတ်သွားစွာဆိုပြီးနောက် မွေ့ကေသာ ချာခနဲလှည့်ထွက်သွားသည်။

မတ်သံလုံက ခုတင်မှထ၍ လှမ်းဆွဲသော်လည်း မမီတော့။ သို့သော် လွင်လွင်စိမ်းသော မြရောင်ပဝါစကို လက်ထဲတွင် ဖမ်းလိုက်မိလေသည်။ မြစိမ်းပဝါစကို လက်တွင်ဆုပ်ကိုင်ရင်း မတ်သံလုံတွေဝေကြည့်နေဆဲမှာပင် တဲဝ၌ ဆူဆူညံညံ အသံများကိုကြားလိုက်ရပြန်သည်။

“ဒလသုဒ္ဓမာယာ မိဖုရား ရောက်လာတယ်”

“ရွှေလောင်းတော်နဲ့ မိဖုရား ရောက်လာပြီ”

မတ်သံလုံ တဲတံခါးဝသို့ထွက်၍ အပြင်သို့ လှမ်းကြည့်သည်။ မြစ်ကမ်းစပ်တွင် မိဖုရား၏ အဆောင်အယောင် အပြည့်ဆင်ယင်ထားသော ရွှေလောင်းတော် ဆိုက်ထားသည်။ မင်းကြီးသံဖြတ်နှင့် အမတ်ဒိန်တို့က ရှေ့မှ ဦးဆောင်လျက် ကမ်းထက်သို့ တက်လာကြသည်။ နောက်ဘက်တွင်ကား တင့်တယ်စွာ ဝတ်စားဆင်ယင်ထားသော မိဖုရား ဒလသုဒ္ဓမာယာ။

ရွှေလောင်းတော်သည်လည်းကောင်း၊ မိဖုရား အဆောင်အယောင်တို့သည် လည်းကောင်း၊ မိဖုရားကိုယ်ထက်မှ ဝတ်စားတန်ဆာတို့သည်လည်းကောင်း တောက်ပြောင်လင်းလက်နေကြသော်လည်း ဒလသုဒ္ဓမာယာမိဖုရား၏ လှပသောမျက်နှာကား အုံ့မှိုင်း၍နေလေသည်။ မြစ်ဆိပ်မှ တဲဆီသို့လာသော လမ်းတစ်လျှောက်မှာလည်း မိဖုရားတို့၏ ဈာဇကျေ (?)ကို ထိန်းသိမ်းနိုင်စွမ်း မရှိတော့ဘဲ မျက်ရည်များ တွင်တွင်စီးကျနေသည်။



မတ်သံလုံသည် မိဖုရားကို တဲဝဆီအထိပင် အရောက်မခံတော့ဘဲ တဲအပြင်သို့ ပြေးထွက်၍ ကြိုဆိုသည်။

မင်းကြီးသံဖြတ်နှင့် အမတ်ဒိန်တို့သည် မတ်သံလုံကို တွေ့သောအခါ လမ်းမှာပင် ရပ်လိုက်ကြသည်။

“သံလုံငယ်”

အမတ်ဒိန်အသံမှာ ကြေကွဲဆို့နစ်နေသည်။

“သူ့ရှင်က ဒလသုဒ္ဓမာယာ မိဖုရားကို မင်းဆီ အရောက်အပို့ခိုင်းလိုက်တယ်၊ ပြီးတော့ သူမှာလိုက်တာကိုလည်း ပြောဖြစ်အောင် ပြောလိုက်ဖို့လည်း အမိန့်တော်နဲ့ မှာလိုက်တယ်၊ ငါ မပြောချင်ဘူး၊ ငါမပြောချင်ဘူး၊ ဒါပေမဲ့ အမိန့်တော်အရမို့ ပြောရလိမ့်မယ်”

မိဖုရားကား တသိမ့်သိမ့် ငိုရှိုက်နေလေသည်။

“သူ့ရှင်က ဆိုတယ်၊ ငါဟာ မိဖုရားကိုလည်း ချစ်တယ်၊ သူ့ရဲကောင်းကိုလည်း ချစ်တယ်တဲ့၊ ဒါပေမဲ့ မိဖုရားဆိုတာက အာရုံကိုဖြည့်စွမ်းဖို့ အဖော်အဖက်တဲ့၊ သူ့ရဲကောင်းဆိုတာက လက်ရုံးနှလုံးသွေးချင်း စီးဆင်းကြတဲ့ သွေးသောက်အဖော်တဲ့၊ ဒါကြောင့် နှမြောကြစတမ်းဆိုရင် နိုင်ငံတော်အတွက်၊ သာသနာတော်အတွက်၊ ထီးဖြူအတွက် တကယ့်အဖော်ကောင်းဖြစ်တဲ့ သူ့ရဲကောင်းကိုပိုပြီး နှမြောအပ်တယ်တဲ့၊ ဒါကြောင့် လဂွန်းအိန်လို သူ့ရဲကောင်းမျိုးဟာ ဒလသုဒ္ဓမာယာလို မိဖုရားမျိုးထက် ပိုပြီးရှားပါးတဲ့အတွက်...”

အမတ်ဒိန်သည် စကားကို ရုတ်တရက် မဆက်နိုင်။ တသိမ့်သိမ့် ငိုရှိုက်နေသော ဒလသုဒ္ဓမာယာ မိဖုရားကို လှည့်ကြည့်ပြီးမှ–

“လဂွန်းအိန် အလိုရှိတဲ့အတိုင်း ပြည့်စုံစေဆိုပြီး ရွှေလောင်းတော်နဲ့ မိဖုရားကို အခုလို မင်းထံအရောက်...”

အရှက်အကြောက်တို့ဖြင့် ဖုံးကွယ်ပြည့်နှက်စွာသော ဒလသုဒ္ဓမာယာမိဖုရားသည် အနီးရှိ ရွှေဝေါယာဉ်ပေါ်သို့ ကိုယ်လုပ်တော်တစ်ဦး၏ အကူအညီဖြင့် လှမ်းတက်လေသည်။

“ပြီးတော့ သူ့ရှင်က ပြောဖြစ်အောင် ပြောဖို့ မှာလိုက်တယ် လဂွန်းအိန် အလိုဆန္ဒ ပြည့်ဝပြီးရင် စစ်ချီရာမှာ အောင်မြင်စေကြောင်းလည်း ဆုတောင်းလိုက်တယ်တဲ့”

www.burmeseclassic.com

www.burmeseclassic.com



မတ်သံလုံသည် ဒူးထောက်ရင်းဖြင့်ပင် အမတ်ဒိန်၏ ခြေအစုံကို ဖက်လေသည်။ ထို့နောက် မင်းကြီးသံဖြတ်၏ ခြေဖမိုးကို ဦးတိုက်လေသည်။

ထို့နောက် ရင်ထဲကထွက်လာသော အသံမျိုးဖြင့် မတ်သံလုံ ရေရွတ်သည်။

"မင်းကြီးနဲ့ အမတ်ဒိန်၊ ကျွန်တော်မျိုးကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ကြောင့် မင်းကြီးတို့မှာ ကိုယ်စိတ်နှလုံး သုံးပါး အနှောင့်အယှက်ဖြစ်ရင် ခွင့်လွှတ်ကြပါ၊ ကျွန်တော် ဒလသုဒ္ဓမာယာမိဖုရားအပေါ်မှာ မနှောက်ယှက်နဲ့သော်မှ ဖြစ်မှားခြင်းမရှိခဲ့ပါဘူး၊ အခု ပုသိမ်တိုက်ပွဲဟာ အန္တရာယ်ကြီးလွန်းလှတဲ့အတွက် ကျွန်တော့်အသက်ကို သေသူအဖြစ် ထားပြီးပါပြီ၊ ကျွန်တော့်အတွက် နောက်ဆုံး တိုက်ပွဲဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ကျွန်တော် နောက်ကို မကြည့်စတမ်း တိုက်တော့မှာ ဖြစ်ပါတယ်၊ ဒီအခါမျိုးမှာ ကျွန်တော့်ကို သူ့ရှင် ဘယ်လောက်ချစ်သလဲဆိုတာ သူ့ရဲကောင်းဘုရင်ဟာ သူ့ရဲကောင်းအပေါ် ဘယ်လောက်ချစ်တယ်ဆိုတာကို သိချင်လို့၊ တစ်နည်းအားဖြင့် ကျွန်တော့်ရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်တွေ ပိုပြီးထက်မြက်လာနိုင်အောင်လို့ သူ့ရှင်ရဲ့ စိတ်ဓာတ်တော်ကို စမ်းခြင်းသာ ဖြစ်ပါတယ်၊ သူ့ရှင်ကို လျှောက်ထားပေးကြပါ၊ သံလုံငယ်ဟာ သည့်ထက် အဆ အရာ အထောင်မက အန္တရာယ်ကြီးတဲ့ စစ်ပွဲဖြစ်စေတော့ အရှင်သခင်အတွက် အသက်ကို ဆယ်ပြန်ပေးအပ်ပြီး အမှုတော်ကို ထမ်းပါ့မယ့်အကြောင်း..."

မတ်သံလုံသည် ရွှံ့နွံနှင့် သဲနုန်းတို့ အတိပြီးသော မြေပြင်ပေါ်မှာပင် ဒူးတုပ်ထိုင်လျက် ဒလသုဒ္ဓမာယာ မိဖုရားကို ကန်တော့လေသည်။

"ကျွန်တော် အရှင် မိဖုရားကို မပြစ်မှားရဲပါ၊ အပြစ်ရှိရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

မင်းကြီးသံဖြတ်နှင့် အမတ်ဒိန်တို့ကား အံ့သြခြင်းများစွာဖြင့် စကားတစ်ခွန်းမျှ မဆိုနိုင်ဘဲ ရှိနေသည်။ မတ်သံလုံကို တွန်းလှဲဆွဲယမ်းခဲ့သော မင်းကြီးသံဖြတ်မှာမူ ပို၍အနေရခက်ဟန်ဖြင့် တွေတွေငိုင်ငိုင် ကြည့်နေသည်။

"သူ့ရှင်ကို လျှောက်တင်ပေးကြပါ၊ သံလုံငယ်ဟာ သူ့ရှင် အတွက် အသက်ဆယ်ပြန် ပေးဆက်ထားတဲ့အကြောင်း၊ ပြီးတော့ ဟောဒီ



ပုသိမ်စစ်ကိုလည်း အနိုင်တိုက်ပါ့မယ်ဆိုတဲ့အကြောင်း..."

ခါးစည်းကြိုးတွင် ချည်ထားသော မောက်တိုကို ဖြုတ်၍ ဦးခေါင်းဆက်သို့ ဆောင်းလိုက်သည်။ စလွယ်သိုင်းထားသော ဓားကို နေသားတကျဖြစ်အောင် ပြင်လိုက်သည်။ ပန်းလှိုင်းမြစ်ကမ်း သောင်ထက်သို့ ကျဆင်းလာသော နေရောင်အောက်တွင် မတ်သံလုံ၏ အသွင်မှာ ကြေးနီဖြင့် ထွင်းထုအပ်သော ရုပ်တုတစ်ခုကဲ့သို့–

အံ့အားသင့်လျက်၊ ဝမ်းမြောက်လျက်၊ ကြည်နူးနှစ်သိမ့်လျက် စကားမဆိုနိုင်ကြသော အမတ်ဒိန်နှင့် မင်းကြီးသံဖြတ်တို့ရှေ့သို့ မတ်သံလုံ လျှောက်သွားသည်။ အမတ်ဒိန်၏လက်ကို မတ်သံလုံ တရိုတသေ ဆွဲကိုင်လိုက်သည်။

"အမတ်ဒိန်၊ ကျွန်တော့်အတွက် တစ်ခုထပ်ပြီး၊ အကူအညီ ပေးပါဦး"

"ဘာလဲ သံလုံငယ်"

"မေနှင်းကေသရာကိုလည်း ဖြစ်ခဲ့သမျှ အကျိုးအကြောင်းအားလုံး ပြောပြပေးစေချင်ပါတယ်"

"မေနှင်းကေသရာကို..."

"ဟုတ်ပါတယ် အမတ်ဒိန်၊ သူလည်း သိသင့်ပါတယ်"

အမတ်ဒိန်အဖြေကို မစောင့်တော့ဘဲ မတ်သံလုံ မြစ်ဆိပ်သို့ ဆင်းခဲ့၏။ ရဲလှေနှစ်ဆယ်တို့မှ ရဲမက်များက သူတို့၏ တပ်မှူးကို ဟစ်အော်နှုတ်ဆက်ကြလေသည်။

"တပ်မှူးလာပြီ"

"သူ့ရဲကောင်း လဝွန်းအိန် လာပြီဟေ့"

မတ်သံလုံသည် ဓားအိမ်မှ ဓားရှည်ကို ဆွဲချွတ်၍ အပေါ်သို့ ဝှေ့ယမ်းလိုက်သည်။ ထို့နောက် ရှေ့ဆုံးမှ ရဲလှေပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လိုက်ပြီး လှေဦးနှင့် တူရူအရပ်သို့ ဓားသွားနှင့် ညွှန်ပြရင်း အော်လိုက်သည်။

"သူ့ရှင်အတွက်၊ မင်းကန်စီအတွက် သစ္စာဖောက်တွေကို ချေမှုန်းကြဖို့ စစ်မောင်းတွေတီး၊ ကြိုးတွေဖြုတ်၊ အခု တပ်ထွက်မယ်ဟေ့"

ပန်းလှိုင်မြစ်ပြင်၏ လှိုင်းဂယက်များပေါ်သို့ ရဲလှေနှစ်ဆယ်မှ စစ်မောင်းသံများ ရိုက်ခတ်ဖြန့်ကြက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်မြစ်ရိုးအတိုင်း လှည့်လာသော သမိန်လောက်ရှန်သည် ပန်းလှိုင် မြစ်ဝအနီး ရောက်သောအခါ မြစ်ဝ၌ လှေငယ်နှစ်ဆယ်ကို တွေ့လိုက်ရသည်။ လှေပေါ်တွင် ကြက်သွေးရောင် တံခွန်များဖြင့်-

"ဟော့ ဟိုဟာ ဗညားနွဲ့ရဲ့ စစ်တံခွန် မဟုတ်လား"

"ဟုတ်တယ် သမိန်လောက်ရှန်၊ လှေပေါ့တွေပဲ၊ နှစ်ဆယ်လောက်ပဲရှိမယ်"

"သင်းတို့ ပုသိမ်-မြောင်းမြကို လုပ်ကြံမရတော့ဘူးဆိုတာသိလို့ ဆုတ်ပြေးကြတာပဲ"

"ဟား ဟား ဟား မင်းကန်စီ ကျဆုံးတာနဲ့ သွေးလန့်ကုန်ပြီ"

သမိန်လောက်ရှန်သည် စစ်လှေကြီး ငါးရာတပ်ကို မြစ်ဝဆီသို့ တစ်ဟုန်ထိုးလှော်ရန် အမိန့်ပေးလိုက်သည်။ ပုသိမ် လှေတပ် ငါးရာ၏ တပ်များသည် သမုဒ္ဒရာမှ ရေကင်း၏ လက်တံများကဲ့သို့ ဖြိုင်ဖြိုင်လှုပ်ရှားသွားကြသည်။

လှေပေါ့ နှစ်ဆယ်တို့ မြစ်ဝဆီသို့ လှော်ပြေးကြသည်။

"ဟော့ လဂွန်းအိန်မဟုတ်လား၊ လှေဦးမှာ ရပ်နေတာ လဂွန်းအိန်မဟုတ်လား၊ လိုက် လိုက်ကြ၊ မီအောင် လိုက်ကြစမ်း၊ မင်းကန်စီကို ဆင်ထက်မှာ ကျစေသလို လဂွန်းအိန်ကိုလည်း လှေထက်မှာ သေစေရမယ် ဟေ့၊ မလ္လာယ စစ်သည် လှေတွေကိုပြော၊ လဂွန်းအိန်ကို ထိအောင် မီးပေါက်သေနတ်နဲ့ သေသေချာချာ ချိန်ပစ်"

စစ်မောင်းသံနှင့် မီးပေါက်သေနတ်သံများ ရောထွေးသွားသလို ပုသိမ်လှေတပ်မှ ဟစ်အော် ကြွေးကြော်သောအသံများလည်း ဆူညံသွားသည်။

လှေပေါ့နှစ်ဆယ်ကား ပန်းလှိုင်မြစ်ဝထဲသို့သာ တစ်ဟုန်ထိုးလှော်ပြေးနေကြသည်။ ပြန်လှန် ပစ်ခတ် တိုက်ခိုက်ခြင်း မရှိ။

"ဟော့ ပန်းလှိုင်မြစ်ဝထဲ ရောက်နေပြီ၊ ဖိလိုက် ဖိလိုက်၊ သင်းတို့လှေတွေ မြစ်ဝက ဝဲတွေထဲမှာ လည်နေပြီတွေ့လား"

ကြိုတင်၍ စိုက်ထားသော ငုတ်တိုင်ဖျားများကို ကွေ့ပတ်ရှောင်တိမ်းနေသည့် မတ်သံလုံ၏ လှေများကို ပုသိမ်လှေတပ်က ဝဲကတော့တွင် မိနေပြီဟု ထင်ကြပြီး အတင်းဖိလိုက်ကြသည်။

ပန်းလှိုင်မြစ်ဝတွင် ရေတက်ပေပြီ။

လှေအစု နှစ်စုတို့လည်း မီးပေါက်သေနတ် တစ်ကမ်းအကွာအဝေးသို့ ရောက်ကြပေပြီ။



"ပစ် လဂွန်းအိန်ကို ထိအောင်ပစ်"

မီးပေါက်သေနတ်သံ တဖြောင်းဖြောင်း ပေါ်ထွက်လာသည်။

မတ်သံလုံသည် လှေနံရံနှင့် လှေဦး ပန်းထောင်ကို အကာအကွယ် ယူရင်း လှံရှည်များဖြင့် ပြန်၍ ပစ်လွှတ်သည်။ မတ်သံလုံ၏ လှေနံရံ ခါးပန်းများဆီသို့ သေနတ်ကျည်များ ဖြောဖြော ထိမှန်နေသဖြင့် မကြာမီမှာပင် လှေနံရံသည် သစ်ဝါးစ တစ်ခုကဲ့သို့ ကြဲဖွာသွားသည်။

"ဟော့ လဂွန်းအိန်လှေကို ပဲ့ကိုင်တဲ့ ရဲမက်ကို ထိအောင်ပစ်စမ်း"

မီးပေါက်သေနတ်သံပေါင်း များစွာတို့ အကြားဝယ် မတ်သံလုံစီးသော လှေမှ ပဲ့ကိုင်သည့် ရဲမက် ကျည်သင့်သွားသည်။ ရေထဲသို့ ထုးကျသည်။

ရဲမက်၏အရှိန်ကြောင့် လှေလည်း မှောက်သွားသည်။

အားလုံး ရေထဲသို့ ထိုးကျသွားသည်။

မြစ်ရေပြင်ထက်တွင် သေနတ်ကျည်များ၊ လှံရှည်များ၊ မြားတံများသည် မိုးသီးများပမာ အလုံးအရင်းနှင့် ကျလာသည်။ ရဲမက်တို့မှာ လက်နက်တို့ကို ရှောင်ရန်ထက် ရေမနစ်ရန်သာ ပို၍ အရေးကြီးကြသဖြင့် ပုသိမ်ရဲမက်တို့သည် စိတ်တိုင်းကျ ချိန်ရွယ် ပစ်ခတ်နိုင်ကြတော့သည်။

"လဂွန်းအိန်ကို ထိအောင်ပစ်စမ်း"

ပုသိမ် လှေတပ်သားတို့ မတ်သံလုံကို ရေပေါ်တွင် ရှာမတွေ့ကြ။

မတ်သံလုံသည် စိုက်ထားသော ငုတ်တိုင်တစ်ခုအတိုင်း ရေအောက်သို့ နက်ရှိုင်းစွာ တွယ်ဆင်းသွားသောကြောင့်ဖြစ်သည်။ ဟံသာဝတီ ရဲလှေတပ်သားများသည် တပ်မှူးလဂွန်းအိန်ကို မတွေ့ရတော့သဖြင့် အထိတ်တလန့် စိုးရိမ်သွားကြသည်။

တိုက်ပွဲမှာ တစ်ဖက်စီးနင်း တိုက်ပွဲအဖြစ်နှင့်ပင် နံနက်ကာလ ကုန်ဆုံးသွားသည်။ ပုသိမ်လှေတို့လည်း မြစ်ဝငုတ်တိုင်များ စိုက်ထားသည့် နေရာသို့ ရောက်လာကြသည်။ လှေပေါ့နှစ်ဆယ်ကား မြစ်တစ်ဖက်ထိ ဆုတ်ခွာသွားပေပြီ။

တပ်မှူးလဂွန်းအိန်ကို ဟံသာဝတီ လှေသားတို့လည်း ရှာမတွေ့၊ ပုသိမ် လှေတပ်တို့လည်း ရှာမတွေ့။

သမိန်လောက်ရှန်သည် ရေပေါ်တွင် မျောနေသည့် ရဲမက်

www.burmeseclassic.com

www.burmeseclassic.com



အလောင်းများထဲမှ မတ်သံလုံ၏ အလောင်းကို ရှာကြည့်နေသည်။ မှောက်ခုံဖြစ်နေသည့်အလောင်းကို ထိုးဝါးဖြင့် ပက်လက်လှန်ကြည့်သည်။

မတ်သံလုံကိုကား မတွေ့ရ။

သို့သော်...

သမိန်လောက်ရှန်၏ လှေသည် မြစ်ဝတွင် ငြိမ့်ခနဲဖြစ်သွားသည်။ လှေဦးတွင် ရပ်လိုက်လာသည့် သမိန်လောက်ရှန် လဲကျမတတ် ဖြစ်သွားသည်။

"ဟေ့ဘာဖြစ်တာလဲ"

"မသိဘူးမြို့စား"

ရေကျချိန်ရောက်ပြီဖြစ်၍ ရေတက်ရေကျမြန်သော ပန်းလှိုင်မြစ်ရေသည် တရိပ်ရိပ်ကျသွားသည်။ ငုတ်တိုင်များ တဖြည်းဖြည်း ထွက်ပေါ်လာသော်လည်း ပုသိမ်လှေတပ်တို့ မမြင်ကြသေး။ သူတို့မြင်သည်မှာ -

"ဟေ့ ဟိုမှာကုန်းပေါ်မှာ ဟံသာဝတီတပ်တွေ ပြေးပြီ လိုက်တိုက်ကြ"

စင်စစ် သူ့ရှင်၏ အစီအရင်အရ ကမ်းထက်မှ အရိပ်အရောင်ခြင်းသာ။

နံနက်ခင်းရေပြင်တိုက်ပွဲတွင် အချိန်တိုတိုနှင့် ဟံသာဝတီလှေနှစ်ဆယ်တပ်ကို မောင်းတုတ်နိုင်ခဲ့သည် ဖြစ်သောကြောင့် ပုသိမ်လှေတပ်တို့ တက်ကြွနေကြသည်။ ကမ်းပေါ်မှ ရဲမက်များကို တွေ့သောအခါ ပို၍ သွေးဆူလာကြပြီး မြစ်ဝကို ဖြတ်လျက် ကမ်းသို့ ကပ်ရန် အပြင်းလှော်ကြလေသည်။

သို့သော် ဟစ်အော်ကြွေးကြော်ခြင်းပင် အဆုံးမသတ်လိုက်ရ။

ကျရေနှင့် လိုက်ဖက်ညီစွာ ရေထဲမှ ထိုးထွက်ပေါ်ပေါက်လာသော ငုတ်တိုင်များအကြား ကြီးမားသော ပုသိမ်တိုက်လှေတို့ အထွေးထွေး အငြိငြိ ဖြစ်ကုန်ကြသည်။ လှေတက်များလည်း အပိုင်းပိုင်းကျိုးပဲ့ကုန်ကြသည်။ တိုက်လှေတို့၏ လှေနံရံချင်း၊ လှေပဲ့ချင်း၊ လှေဦးချင်း ပရမ်းပတာ တိုက်ခိုက်မိကြပြီး မြစ်ဝတွင် ရတ်ရတ်သဲသဲ ဖြစ်သွားလေသည်။

မိမိတို့ တိုက်လှေများကို မထိန်းမသိမ်းနိုင် ဖြစ်နေသည့် အချိန်တွင်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။



သမိန်လောက်ရှန်၏ အံ့ဩထိတ်လန့်မှုကား အတိုင်းမသိ။

ရေထဲမှ ထိုးထွက်နေသော ငုတ်တိုင် တစ်တိုင်တွင် ရေအောက်မှ တစ်စုံတစ်ခု ဝုန်းခနဲ ပေါ်လာသည်။

အသံနက်ကြီးဖြင့် ဟစ်အော်ရင်း ရေတို့ ရွှဲရွှဲစိုသော ထိုသဏ္ဌာန်သည်-

"ဟေ့ လောက်ရှန်၊ မင်းတို့ရဲ့ မီးပေါက်သေနတ်ကျည် မသင့်နိုင်တဲ့ လဂွန်းအိန်ဆိုတာ ငါပဲဟေ့၊ ငါလာပြီ"

မတ်သံလုံသည် ငုတ်တိုင်ကိုဖက်တွယ်ရင်း ရေပေါ်သို့ ပေါ်လာကာ သမိန်လောက်ရှန်၏ လှေပေါ်သို့ ခုန်တက်ပြီး ကြောက်ခမန်းလိလိ ခုတ်လေသည်။ မတ်သံလုံ ရောက်သွားရာနေရာတိုင်းတွင် အော်ဟစ်သံများ ဓားသွားခတ်သံများ။ ထို့နောက် ရေထဲသို့ တဝုန်းဝုန်း ထိုးကျသံများ...

"သူ့ရှင်ရဲ့ သူရဲကောင်း လဂွန်းအိန်ဟေ့"

"သူ့ရှင်ရဲ့ သွေးသောက် ရဲမက်တွေဟေ့"

အခြားသော ငုတ်တိုင်များမှလည်း၊ ဟံသာဝတီရဲမက်တို့ အသီးသီး ရေအောက်မှ ထွက်လာပြီး လှေများပေါ်သို့ ခုန်တက် ထိုးခုတ်ကြသည်။

လူးလိမ့်သိမ့်ခါနေသော လှေများပေါ်တွင် ယခုမှပင် ပြင်းထန်သော အနီးကပ်တိုက်ပွဲဖြစ်ပေါ်လေတော့သည်။

မီးပေါက်သေနတ်ကျည်များသည် မတ်သံလုံဆီသို့သာ စုပြုံကျရောက်နေသည်။ သို့သော် ရဲမက်တို့ အရှုပ်ရှုပ်အထွေးထွေး ဖြစ်နေသဖြင့် မတ်သံလုံကို သေနတ်ကျည်တို့ မထိပါးနိုင် ဖြစ်နေသည်။

မတ်သံလုံကား တွေ့ရသမျှ ရန်သူတို့ကို အဆက်မပြတ် ထိုးခုတ်ရင်း သမိန်လောက်ရှန်နောက်သို့သာ လိုက်နေသည်။ သမိန်လောက်ရှန်သည် မတ်သံလုံ၏ ဘီလူးစီးသကဲ့သို့သော အသွင်ကို တွေ့ရသောအခါ ရင်ဆိုင်တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ လှေတစ်စင်းမှ တစ်စင်း ခုန်ကူးနေလေသည်။

လှေတို့လည်း ငုတ်တိုင်များကြားမှ မရုန်းနိုင်သေး။

မတ်သံလုံသည် သမိန်လောက်ရှန်ပြေးသွားသည့် လှေများသို့ တစ်စင်းပြီးတစ်စင်း ခုန်ကူး၍ လိုက်နေသည်။ သို့သော် ရန်သူတို့ စုပြုံတိုက်ခိုက်ကြပြန်သဖြင့် အင်အားများလှသော ရန်သူတို့ကို လှည့်၍

www.burmeseclassic.com

www.burmeseclassic.com



ထိုးခုတ်နေရပြန်သည်။

သမိန်လောက်ရုန် နောက်ဆုံး ခုန်ကူးသွားသောလှေမှာ အစွန်ဆုံးလှေ ဖြစ်သည်။ တစ်ဖက်လှေ မရှိတော့။ မြစ်ရေပြင်သာ ရှိတော့သည်။ ထိုလှေပေါ်သို့ မတ်သံလုံ ရောက်အောင်လိုက်လာသည်။ သို့သော် မတ်သံလုံ၏ ကိုယ်တွင်လည်း ဒဏ်ရာအထပ်ထပ်၊ သွေးအလူးလူး ရှိချေပြီ။

"ဟေ့ လောက်ရုန်၊ မင်းဘယ်လှေကို ဆက်ပြေးဦးမလဲ"

သမိန်လောက်ရုန် လှေပဲ့စင်ထိပ်သို့ တက်ပြေးရန် ကြိုးစားသည်။

မတ်သံလုံလည်း လှေနံရံတစ်လျှောက်မှ တဟုန်ထိုးလိုက်လေသည်။

မီးပေါက်သေနတ်ကျည်တို့ မတ်သံလုံနောက်သို့ တဖြောင်းဖြောင်းလိုက်သည်။ လှေနံရံခါးပန်းများ ဖွာထွက်သွားသည်။

ပေါင်းမိုးနံရံတို့ ကျည်စွဲမီးလောင်သည်။

"လဝွန်းအိမ် ယောကျ်ားကောင်းမှန်ရင် ဒီပေါ်ထိတက်လာလေ"

သမိန်လောက်ရုန်က လှေပဲ့စင်ထိပ်မှ ဓားကိုဝှေ့ရင်းအော်သည်။

မတ်သံလုံကား လှေမီးလောင်နေပြီကိုလည်း သတိမထားမိ။ မီးပေါက် သေနတ်ကျည်တို့ သူ့ဝဲယာ ဝန်းကျင်တွင် တဖြောဖြော ကျနေသည်ကိုလည်း သတိမထားမိ။ ပဲ့စင်ရှိရာသို့သာ တရှူးထိုး ပြေးသွားသည်။

"လောက်ရုန် သစ္စာဖောက်"

ခါးကြားမှ ဓားမြှောင်ကိုဖြုတ်၍ သမိန်လောက်ရုန်ဆီသို့ပစ်ပေါက်လိုက် သည့်အချိန်...

သမိန်လောက်ရုန်၏ ရင်အုံသို့ ဓားမြှောင်စွဲဝင်သည့် အချိန်...

မီးပေါက်သေနတ်ကျည်တစ်စ မတ်သံလုံ၏ ကျောပြင်သို့ စွဲဝင်သည့် အချိန်...

လှေ၏ ပေါင်းမိုးမီးလောင်ပြီး လှေခါးလယ်မှ ထက်ပိုင်းပြတ်သွားသည့် အချိန်...

အားလုံးသည် မရှေးမနှောင်းတစ်ပြိုင်တည်းလိုလို ဖြစ်သည်။

လောက်ရုန်ပဲ့စင်ထက်မှ ကျသည်။



လှေဦးပိုင်း ရေထဲသို့ ထိုးနစ်သွားသည်။

မတ်သံလုံလည်း လှေနံရံကို ဖက်တွယ်လျက် လှေဝမ်းထဲသို့ လိမ့်ကျသည်။

မီးတောက်ကြီးများ တဝုန်းဝုန်း လောင်ကျွမ်းသံ၊ ရဲမက်တို့၏ တဟေးဟေးဟစ်ကြွေးသံ၊ စစ်မောင်းတို့၏ တဒူဒူ တီးခတ်သံများသည် မတ်သံလုံ၏ နားထဲ၌ တဖြည်းဖြည်း ဝေးကွာတိုးတိမ်သွားသည်။

ကျောပြင်ဆီက ပူလောင်နာကျင်လွန်းသော ဝေဒနာမှတစ်ပါး...

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## လဂွန်းအိမ် နှင်းကေသရာ

"ရေ–ရေပေးပါ"

မီးကျီးခဲများကို ရင်နှင့်အပြည့် မျိုထားရသလို ရင်ထဲမှာ ပူလောင်လွန်းသဖြင့် ရေကို အငမ်းမရ တောင်းမိနေသည်။

ရင်ထဲက မီးလျှံငွေ့တို့ ရိုက်ခတ်သဖြင့် နှုတ်ခမ်းတို့လည်း အက်ကွဲခြောက်သွေ့ကုန်ကြသည်။ ရေကို နှုတ်ခမ်းမှ၊ ခံတွင်းမှ၊ လည်ချောင်းမှ၊ ရင်ထဲမှ၊ တစ်ကိုယ်လုံးမှ အလိုရှိနေသည်။

"ရေပေးပါ"

အသံကုန်အော်၍ ရေတောင်းလိုက်သော်လည်း ကိုယ့်အသံကိုပင် သဲသဲကွဲကွဲ မကြားနိုင်လောက်အောင် အသံက တိုးလွန်းနေပြန်သည်။ ရေတိုက်မည့်သူမရှိသဖြင့် လက်တို့ကို ဇေ့ယမ်း၍ ရေတောင်းရန် လက်ကို ပြင်လိုက်သည်။

လက်နှစ်ဖက်စလုံး လှုပ်ရှား၍ မရ။

အားစိုက်၍ လှုပ်ရှားကြည့်သောအခါ ကျောပြင်တွင် အသက်



မရှုနိုင်လောက်အောင် နာကျင်သွားပြန်သည်။

"ရေ..."

အေးမြသော အထိအတွေ့တစ်ခု နှုတ်ခမ်းသို့လာ၍ ဖိကပ်သည်။

နှုတ်ခမ်းတို့ကို အားစိုက်၍ အငမ်းမရ ဖွင့်လိုက်သည်။

မြေသင်းနံ့မွှေးသော အေးမြသည့်ရေတို့ နှုတ်ခမ်းမှတစ်ဆင့် လည်ချောင်းထဲသို့၊ လည်ချောင်းမှတစ်ဆင့် ပူလောင်နေသော ရင်ထဲသို့ ဆင်းလာသည်။

ပူလောင်ခြင်းတို့ သိသိသာသာ လျော့ပါးသွားသည်။

မျက်လုံးအစုံကို အားယူ၍ ဖွင့်ကြည့်သည်။

ဖွင့်၍ မရ။

မျက်ခွံတို့လည်း မီးစနှင့် ထိုးထားသလို၊ ကျိန်းစပ်ပူလောင်နေသည်။

မျက်ခွံစတို့ကို နူးညံ့အေးမြသော အထိအတွေ့တစ်ခု ဖိကပ်လာပြန်သည်။

ရေဆွတ်ထားသော ဝါဂွမ်းစ ဖြစ်ဟန်တူသည်။

အတန်ကြာ မှိန်းသက်နေပြီးမှ မျက်လုံးကို ဖွင့်၍ ရသည်။

"သက်သာရဲ့လား ဟင်"

"နှင်းကေသရာ"

"တပ်မှူး သက်သာရဲ့လား"

"အင်း–"

"ကိုယ်တွေ သိပ်ပူနေတယ်၊ အိပ်နေလိုက်ပါဦးလား၊ ကျောက သိပ်နာသလား ဟင်"

"တစ်ကိုယ်လုံး နာနေတယ်၊ ရင်ထဲမှာ သိပ်ပူတယ်"

"ခဏနေဦးနော်"

မျက်လုံးတို့ကို ပြန်မှိတ်လိုက်ရသည်။ မူးဝေ နောက်ကျိခြင်းနှင့် ပူလောင်ခြင်း။

ခဏအကြာတွင် မျက်နှာပြင်ပေါ်သို့ မွှေးပျံ့နေသော အဝတ်စ တစ်ခုဖြင့် ညှံ့သက်စွာ ပွတ်တိုက်ပေးခြင်းကို ခံစားရပြန်သည်။ အထိအတွေ့သည် အေးမြလှပေသည်။

"နှင်းကေသရာ"

"ရှင်–"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘယ်ရောက်နေသလဲ"

"တိုက်ကုလား စံအိမ်တော်ပေါ်မှာလေ၊ တပ်မှူး သတိလစ်နေတာ သုံးရက်ရှိပြီ၊ မြစ်ထဲမှာ ရေစိမ်ခဲ့ရလို့ အဖျားလည်း ဝင်နေတယ်။ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာတွေ အပြည့်နဲ့ ကျောမှာလည်း မီးပေါက်သေနတ်ကျည် သင့်ထားတယ်၊ ဒဏ်ရာပြင်းတယ်၊ ကံကြီးလို့ မသေတာ"

"လောက်ရန်ကော"

"တပ်မှူးလက်ချက်နဲ့ ကျသွားပြီ"

"ပုသိမ်လေ့တပ်"

"အားလုံးကို သူ့ရှင် လက်ရသိမ်းလိုက်ပြီ"

"နှင်းကေသရာ"

"ရှင်"

"ကျုပ် မျက်နှာတစ်ပြင်လုံး ကျိန်းစပ်နေတယ်"

"မျက်နှာပြင် မီးတွေ ဟပ်ခဲ့တယ် တပ်မှူး၊ ဒါပေမဲ့ အနာတွေ ကျက်ပါပြီ"

"ရေတိုက်ပါဦး"

"အို–ရေတိုက်မယ်လေ – မထနဲ့၊ မထနဲ့"

မတ်သံလုံကို ဖေးမ ပွေ့ပိုက်၍ ရေတိုက်သည်။ ပူလောင်ခြင်းတို့ ပျောက်ကွယ်စ ပြုလာပြီ ဖြစ်သည်။ သို့သော် မျက်နှာပြင်မှ ကျိန်းစပ်မှု ဝေဒနာကို ပို၍ သိသိသာသာ ခံစားလာရပြန်သည်။

စက်ရာပေါ်သို့ ပြန်လှဲလိုက်ပြီးနောက် မျက်စိအစုံကို မှိတ်ထားလိုက်မိသည်။

"တပ်မှူး"

"ဘာလဲ နှင်းကေသရာ"

"သက်သာရဲ့လား"

"အင်း"

"ဘာလိုချင်သလဲ– ဟင်၊ ဘာလုပ်ပေးရမလဲ"

"နှင်းကေသရာ၊ မိကျောင်းစောင်းတီးပြီး တေးဆိုပေးမလား၊ စောင်းတီးပြီး တေးဆို..."

"တကယ်လား တပ်မှူး"

"တကယ်ပါ နှင်းကေသရာ"



"ဒါပြင့် နေဦးနော်"

**စက်ရာဘေးရှိ ခုံပေါ်မှ မိကျောင်းစောင်းကို မွေ့ကေသာ လှမ်းယူသည်။ ဖုံးထားသော ကတ္တီပါ အဝတ်စကို ဖယ်ရှားရင်း စက်ရာခြေရင်းဘက်တွင် ထိုင်လိုက်သည်။**

"စောင်းကြိုးတွေ လျော့နေလိုက်တာ"

မွေ့ကေသာ တစ်ကိုယ်တည်းပြောပြီး စောင်းကြိုးတွေကို ညှိသည်။ လက်ခတ်တွေကို ညာလက်တွင်စွပ်သည်။ စောင်းကြိုးပေါ်သို့ လက်ခတ်ဖြင့် မွေ့ကြည့်သည်။

မိကျောင်းစောင်းသံသည် တေးသံစဉ် မဟုတ်ပါဘဲလျက် ညင်သာစွာ လွင့်ဝဲလာလေသည်။

မတ်သံလုံက မျက်လုံးများကို မဖွင့်သေး။

"စောင်းကြိုး ညှိပြီးပြီလား နှင်းကေသရာ"

"ဟုတ်ကဲ့"

"ကျုပ် နားထောင်တော့မယ်"

"ဘာတေး ဆိုပြရမလဲ– ဟင်"

"ကျုပ် မသိဘူး၊ နှင်းကေသရာ ဆိုချင်ရာဆို"

"ရွှေညီညာ၊ ကြာယွန်းဝယ်ပ ဆိုရင်ကော"

"အဲဒါ ဘာတေးလဲ နှင်းကေသရာ"

"လေးတွေ့သံကပ်လို့ခေါ်တယ် တပ်မှူး"

"တက်ကြွတဲ့ တေးလား"

"ဟုတ်ကဲ့ တက်ကြွတဲ့တေး"

"အဲဒါမျိုး မဆိုပါနဲ့ နှင်းကေသရာ၊ အို...အချစ်ကိုဖွဲ့တဲ့တေးမျိုး"

"ရှင်"

"ချစ်သူနဲ့ ကွေကွင်းတဲ့အခါ ညည်းညူတဲ့ တေးမျိုး"

မွေ့ကေသာ သက်ပြင်းတစ်ချက်ချမိသည်။

မိကျောင်းစောင်းများကြိုးကို မွေနှောက်၍ အသံစမ်းနေမိသည်။

ခဏအကြာတွင် စောင်းသံနှင့် တေးသံ ပေါ်လာသည်။

"++ သည်မယ်ကြဲနိုင်ဘူး + ထူးအစ္ဆန်လေအောင် + မင်ဆောင်ညီးညီးလင်းလင်း ထိန်ထိန်ဖြာရှိန်ဝင်း + မညှာတာလေ + နှောင်ကြွေခွေညှိုးရင်း + + +"

စောင်းကြိုးများကို ဂရုစိုက် ငုံ့ကြည့်ရင်း တီးခတ်နေသဖြင့် စူးစူးရှရှကြည့်နေသော မတ်သံလုံ၏ မျက်လုံးများကို **မွေ့ကေသာ**

www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိချေ။

* * *

ဖိတ်ဖိတ်လက်နေသော ကြေးမုံပြင်ကို မျက်နှာရှေ့တွင်ထောင်၍ ကြည့်လိုက်သည်။ မိမိမျက်နှာသွင်ပြင်ကို ကြေးမုံပြင်တွင် ကြည်လင်သန့်စင်စွာ တွေ့ရသည်။

အထိတ်တလန့် အော်ဟစ်မိတော့သည်။

'နှင်းကေသရာ၊ နှင်း ကေသရာ'

ဘုရားပန်းကပ်လှူရန်ပြင်နေသော မွေ့ကေသာ အလန့်တကြား ပြေးလာသည်။

"တပ်မှူး ဘာဖြစ်လို့လဲ- ဟင်"

"ကျုပ် ကျုပ်မျက်နှာ"

မတ်သံလုံသည် ကြေးမုံပြင်နှင့်မျက်နှာကို မခွာဘဲ ရေရွတ်နေသည်။

ကြေးမုံပြင်တွင် ထင်ဟပ်နေသော မတ်သံလုံ၏ မျက်နှာကို မွေ့ကေသာ လှမ်းကြည့်သည်။

"မရှိတော့ဘူး၊ မရှိတော့ဘူး"

"ဘာလဲဟင်– ဘာလဲ"

ကြေးမုံပြင်မှ ခွာလျက် မွေ့ကေသာကို မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။ မတ်သံလုံ၏ မျက်လုံးများ ထူးထူးခြားခြား တောက်ပြောင်နေလေသည်။

"လဝွန်းဗျည်းတိုက်ပွဲတုန်းက ရခဲ့တဲ့ဒဏ်ရာလေ၊ ကျုပ် ဘယ်ဘက်ပါးပြင်ပေါ်က မြားတံထိတဲ့ အမာရွတ် မရှိတော့ဘူး၊ ဒီအမာရွတ်ဟာ..."

'နှင်းပန်းခိုင် မြားတံထိတုန်းက'ဟူသော စကားကို မတ်သံလုံ ပြောမထွက်နိုင် ဖြစ်နေသည်။

စင်စစ်ကား ပန်းလှိုင်မြစ်ဝတိုက်ပွဲတွင် မယ်သံလုံ၏ မျက်နှာကို မီးဟပ်ခဲ့သည်။ ဒဏ်ရာတို့လည်း အထပ်ထပ်ရခဲ့သည်။ ရေအောက်တွင်လည်း အချိန်ကြာမြင့်စွာ နေခဲ့သည်။ ပူလောင်သော အားမြင့်သော ဒဏ်တို့ကို တစ်ချိန်တည်းတွင် ပြင်းထန်စွာ ခံခဲ့ရသဖြင့် မတ်သံလုံ၏ မျက်နှာပြင်တွင် ဒဏ်ရာအထပ်ထပ် ရခဲ့သည်။

အသစ်သစ်သော ဒဏ်ရာတို့အောက်ဝယ် လဝွန်းဗျည်းတိုက်ပွဲက ရခဲ့သော ဘယ်ဘက်ပါးပြင်မှ ဒဏ်ရာသည် ငုပ်လျှိုး ရောထွေးသွားကာ ပျောက်ကွယ်သွားခဲ့ခြင်းပင်။



"နှင်းကေသရာ"

"ရှင်"

"မင်းကန့်စီ တစ်ခါက ပြောခဲ့ဖူးတယ်"

"ဟုတ်ကဲ့"

"တစစ်စစ် ကိုက်ခဲ နာကျင်နေတဲ့ ဒဏ်ရာကို တစ်ခါတည်းနဲ့"

မတ်သံလုံ စကားဆက်၍ မပြောသဖြင့် မွေ့ကေသာ ရှေ့သို့တိုးလာသည်။ နီးကပ်စွာ တွေ့နေရသော မတ်သံလုံ၏ မျက်နှာကို မွေ့ကေသာ သေသေချာချာ ကြည့်မိသည်။ ဘယ်ဘက်ပါးပြင်က လက်တစ်ဆစ်ခန့် အမာရွတ်နေရာတွင် မီးဟပ်သော အညိုကွက်တစ်ကွက် ရှိနေသည်။ အခြားနေရာများမှာလည်း မီးဟပ်သည့်အကွက်များ ရှိနေသဖြင့် မတ်သံလုံ၏ ဘယ်ဘက်ပါးပြင်တွင် အမာရွတ်တစ်ခု ရှိခဲ့သည် ဆိုခြင်းကိုပင် မသိနိုင်တော့အောင် ဖြစ်သွားသည်။

နှစ်ရှည်လများ သိမ်းဆည်းသိုဝှက်ထားရသော ရတနာတစ်ခု ပျောက်ကွယ်သွားရသလို မတ်သံလုံ ခံစားမိရသည်။ အမာရွတ်နေရာကို လက်ဖြင့် ပွတ်သပ်ရင်း ဝေဒနာကိုပင် နှမြောတသနေမိသလိုလည်း ခံစားရသည်။ သို့သော်လည်း ကြေးမုံပြင်ကို ကြည့်မိသည့်အခါတိုင်း အမာရွတ်ကို တွေ့ရသည့်အခါတိုင်း ဖြစ်ပေါ်လာသည့် ရင်ထဲက နာကျင်ခြင်းမျိုး မရှိတော့ကြောင်းလည်း သိလာရပြန်သည်။

"တပ်မှူး"

"ဟင်– ဘာလဲ"

အတွေးတွင် နစ်မျောနေသဖြင့် မွေ့ကေသာ၏ တိုးတိတ်သော ခေါ်သံသည်ပင် ကျယ်လောင်လွန်းနေသည်။

"ဒါ အအေးဓာတ်တွေချည်း ရောထားတဲ့ ဆေးမြစ်စုံ သွေးရည်ပါ၊ မျက်နှာကို ဒါလိမ်းလိုက်ရင် မီးဟပ်ထားတဲ့ အညိုအမည်းကွက်တွေ ပျောက်သွားလိမ့်မယ်၊ တပ်မှူးအတွက် ကျွန်မကိုယ်တိုင် စပ်ဖျော်ထားတာ"

ယွန်းအစ်နီဘူးတစ်ဘူးကို မွေ့ကေသာ ယူလာသည်။

"လိမ်းမယ် မဟုတ်လားဟင်"

"အင်း"

မတ်သံလုံသည် အိပ်မက်မှ နိုးထလာခါစ သူတစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com

ငေးငိုင်နေမိသည်။ စက်ရာပေါ်သို့ မွေ့ကေသာ ဘေးစောင်းဝင်ထိုင်ရင်း ယွန်းဘူးကို လှမ်းပေးသည်။ မတ်သံလုံက လှမ်းမယူဘဲ မွေ့ကေသာကို ကြည့်နေသည်။

"ဩော် ဟုတ်သားပဲ"

မတ်သံလုံ လက်ဖဝါးနှင့် လက်ချောင်းများတွင် ဆေးထည့်၍ အဝတ်စည်းနှောင်ထားသည်ကို မွေ့ကေသာ ယခုမှ သတိရလာလေသည်။ ဆေးမြစ်စုံသွေးရည်ကို မတ်သံလုံကိုယ်တိုင် တို့ယူလိမ်းကျံခြင်း မပြုနိုင်။

"မျက်စိမှိတ်ထားနော်"

"အင်း"

ဆေးရည်ကို မွေ့ကေသာ ဘယ်ဘက်လက်ဖဝါးပြင်တွင် ထည့်၍ ညာဘက်လက်ချောင်းများဖြင့်တို့၍ မတ်သံလုံ၏ မျက်နှာပြင်ပေါ်သို့ စတင် ပွတ်သပ် လိမ်းကျံသည်။

"စပ်သလားဟင်"

"နည်းနည်း စပ်တယ်"

"ခဏနေရင် အေးသွားမှာပါ၊ အခုလို နှစ်ခါ၊ သုံးခါလောက် လိမ်းပြီးရင် အညိုအမည်းစွဲနေတာတွေ ပျောက်သွားမှာပါ"

မတ်သံလုံသည် မျက်လုံးများကို မှိတ်ရင်း ငြိမ်နေသည်။

"နှင်းကေသရာကို ကျုပ် အားနာလိုက်တာ"

"ရှင်"

"ဩော် ကျုပ် ဒဏ်ရာကြီးတွေနဲ့ လဲနေတာ ငါးရက်ရှိသွားပြီ မဟုတ်လား၊ လက်တွေ၊ ခြေတွေလည်း မလှုပ်မရှားနိုင်၊ အိပ်ရာက လည်း မထနိုင်သေး"

"အို ဒါ ကျွန်မ တာဝန်ပဲ"

"တာဝန်"

"ဟို ဟိုလေ"

မျက်နှာပြင်ကို ဆေးလိမ်းပြီးသွားပြီ။ မွေ့ကေသာသည် မတ်သံလုံ၏ မျက်နှာကို မကြည့်တော့ဘဲ အနီးက သားမွေးယပ်တောင်ဖြင့်သာ မျက်နှာကို ယပ်ခတ်ပေးနေသည်။

"နှင်းကေသရာ၊ ကျုပ် မျက်စိဖွင့်လို့ ရပြီလား"

"ရပြီလေ၊ ဖွင့်နိုင်ပြီ"

မျက်စိဖွင့်လိုက်သောအခါ အမြင်အာရုံရှေ့တွင် ရှိနေသည်



မွေ့ကေသာကိုသာ ကြည့်နေမိသည်။ မွေ့ကေသာကား ယပ်ကို လှုပ်သမ်းရင်း ပြတင်းအပြင်သို့ ငေးနေသည်။ ဘေးစောင်း တွေ့နေရသော မွေ့ကေသာ၏ မျက်နှာပြင်မှ ပြေပြစ်တိကျသောအလှကို မတ်သံလုံ ထမဆုံး သတိထားမိသည်။

"ပန်းလှိုင်မြစ်ဝတိုက်ပွဲထွက်မယ့် မနက်ခင်းတုန်းက နှင်းကေသရာ ပြောသွားတဲ့စကားတွေ ကျုပ် ပြန်တွေးမိနေတယ်။ ကျုပ်ရဲ့ တဲဆီကို လိုက်လာပြီး ပြောသွားတာလေ"

"ကျွန်မ- ကျွန်မကို ခွင့်လွှတ်ပါ"

"အို ခွင့်လွှတ်ပါတယ်၊ နှင်းကေသရာ အဖြစ်မှန်ကိုမှ မသိသေးဘဲ ကိုး၊ အဲသည်တုန်းက ပြောသွားတာတွေထဲမှာ ကျုပ် နားမလည်တာတွေလည်း ပါတယ်၊ ကျုပ် အခု မေးရမလားဟင်"

မွေ့ကေသာ စကားပြန်မဆို။

"နှင်းပန်းခိုင်နဲ့ ကျုပ်နဲ့ အကြောင်းတွေကို နှင်းကေသရာ အားလုံး သိထားတယ်လို့ ပြောသွားခဲ့တယ်၊ ဘယ်လိုလုပ်ပြီး သိခဲ့တာလဲ"

"တလမေဒေါ မိဖုရားဆီမှာ ပန်းတော်ဆက် အမှုထမ်းတုန်းက ကိုယ်လုပ်တော် မိနော်ဇာ ပြောပြလို့"

"မိနော်ဇာ- ဟုတ်လား၊ ဘယ်ကလဲ"

"ဟို ဟို လဂွန်းဗျည်းမြို့စားရဲ့ တူမတော်လေ၊ တပ်မှူးဆီကို မင်းကန်စီအမိန့်နဲ့ ရောက်လာတဲ့ မိန်းကလေးလေ"

"အင်း အင်း ကျုပ် မှတ်မိပြီ"

အတန်ကြာ တိတ်ဆိတ်သွားပြန်သည်။ လှုပ်ရှားမှု မရှိကြ။ မွေ့ကေသာ မေ့မေ့လျော့လျော့ဖြင့် လှုပ်ယမ်းနေသော သားမွေးယပ်သာ လျှင် ဟိုမှ သည်မှ ယိမ်းနွဲ့လျက်။

"အဲသည်မနက်က နှင်းကေသရာပြောသွားတဲ့ စကားတွေ အများကြီးပါ၊ ကျုပ်တော့ နောက်ဆုံးပြောသွားတဲ့စကားပဲ ကောင်းကောင်း မှတ်မိတော့တယ်၊ ဘာတဲ့ ကျုပ်ကို မုန်းတယ်တဲ့"

"ကျွန်မကို ခွင့်လွှတ်ပါ တပ်မှူး၊ အဲဒီတုန်းကတော့-"

"ကျုပ် နားလည်ပါတယ်လေ၊ ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး ဒါပေမဲ့ ကျုပ် ပြောချင်တာက ဒီလိုပါ၊ အဖြစ်မှန်ကို မသိခင်တော့ မုန်းပေမယ့် အဖြစ်မှန်ကို သိသွားပြီးရင်တော့ မမုန်းစေချင်ဘူး နှင်းကေသရာ မုန်းတီးတာကို ကျုပ် မခံချင်ဘူး"

"ကျွန်မ... ကျွန်မ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဟာ မုန်းတီးရွံရှာစရာကောင်းတဲ့ လူစ်ယောက် မဟုတ်တန်ရာဘူး ထင်တာပဲ နှင်းကေသရာ၊ အဲ ဇောအဲဗညားတို့၊ သမိန်လောက်ဖြားတို့ကတော့ ကျုပ်ကို ဘီလူးသဘက်လို မုန်းတီးရွံရှာကြမှာ သေချာတယ်၊ သူတို့က ရန်သူကိုး၊ နှင်းကေသရာတို့ ကျုပ်တို့က ရန်သူတွေမှ မဟုတ်ဘဲ၊ ကျုပ်တို့က–"

"တပ်မှူး ကျွန်မ ကျွန်မ ဘုရားပန်းတွေ ပြင်ထားတယ်၊ မကပ်ရသေးဘူး၊ ဘုရားဆောင် ဝင်လိုက်ဦးမယ်နော်"

မွေ့ကေသာ အယောင်ယောင် အမှားမှားဖြင့် သာမွေးယပ်ကို လွှတ်ချပြီး နေရာမှ ထသည်။

"ကျုပ်ကို မမုန်းပါဘူးနော်..."

စက်ရာနှင့် ခပ်လှမ်းလှမ်းသို့ ဆုတ်ခွာသွားပြီးမှ မွေ့ကေသာသည် နောက်သို့ ပြန်လှည့်မကြည့်ဘဲ မသိမသာ တုန်ယင်နေသော အသံဖြင့် ပြောသွားသည်။

"မမုန်းပါဘူး..."

* * *

"ဒီလောက် ပန်းတွေစုံတဲ့ ပန်းခင်းမျိုး ကျုပ် တစ်ခါမှ မတွေ့ဖူးဘူး။ ဒါတွေအားလုံး နှင်းကေသရာ စိုက်တာပဲလား"

"ဟုတ်ကဲ့"

တိုက်ကုလားစံအိမ်တော်၏ ဘေးဘက် ပန်းခြံအလယ်မှ ကျောက်သလင်းခုံ၏ ဟိုဖက် သည်ဖက် အစွန်းနှစ်ဖက်တွင် မတ်သံလုံနှင့် မွေ့ကေသာတို့ ထိုင်ကြသည်။ ပူနွေးသော နံနက်ခင်း ဖြစ်သော်လည်း ကောင်းစွာ မကျန်းမာသေးသည့်အတွက် မတ်သံလုံ သားမွေးမွှသိုရင်းရှည်ကို ဝတ်ထားရသည်။ မျက်နှာမှ မီးဟပ်သည့် အညိုအမည်းကွက်များ ပျောက်ကင်းသလောက် ရှိနေလေပြီ။

ကျောပြင်မှ သေနတ်ကျည်သင့်သော အနာကား ကောင်းစွာ မကျက်သေး။

"ဒီလို ပန်းပင်တွေစိုက်တဲ့ အတတ်ပညာကို နှင်းကေသရာ ဘယ်တုံးက တတ်ခဲ့သလဲ"

မွေ့ကေသာ စကားပြန်မဖြေ။ ကျောက်သလင်းခုံထက်ရှိ ကနုတ်ပန်းကွက်များပေါ်သို့ လက်ချောင်းဖြင့် လိုက်၍ ခြစ်နေမိသည်။ မွေ့ကေသာ၏ အဖြေကို မကြားရသဖြင့် မတ်သံလုံ ထိုင်ရာမှ ထလိုက်သည်။



"ပန်းတွေစိုက်ရတာလည်း ကျုပ်တို့ ဓား၊ လှံ၊ လေး၊ မြားအတတ်လို နက်နဲတဲ့ ပညာဖြစ်မှာပဲ၊ ကျုပ်တို့က အလုံးအရင်းသုံးရတယ်၊ နှင်းကေသရာကတော့ တစ်ယောက်တည်း စိုက်ပျိုးရမှာပဲ နော်"

"ဟုတ်ကဲ့ ကျွန်မ တစ်ယောက်တည်းပါ"

မွေ့ကေသာ၏ အဖြေတွင် လေးနက်လှိုက်လှဲမှုများ ပါလာသည်။

"ကျုပ် ဒီစံအိမ်မှာ နေရတာ ရက်သတ္တ နှစ်ပတ်လောက် ရှိသွားပြီ ထင်တယ်"

"ဆယ့်နှစ်ရက်ရှိသွားပြီ"

"မင်းကြီးသံဗြတ်ဆီကလည်း ဘာသတင်းမှ မကြားရဘူး၊ အမတ်ဒိန်လည်း မလာဘူး၊ မြောင်းမြ သမိန်လောက်ဖြားအရေးလည်း ဘာမှ မသိရဘူး၊ စစ်မြေပြင်နဲ့ ကင်းကွာနေရတဲ့ တပ်မှူးတစ်ယောက်ရဲ့ ဘဝဟာ သိပ်ငြီးငွေ့စရာ ကောင်းတယ်"

မွေ့ကေသာလည်း ထိုင်ရာမှ ထ၍ ကျောက်သလင်းခုံနောက်သို့ သွားရပ်လေသည်။

"ကျုပ် အနာတွေလည်း ပျောက်နေပါပြီ၊ သူ့ရှင်ဆီက အမိန့်တော် မရလည်း ကျုပ် လိုက်သွားမှနဲ့တူတယ်၊ ဒီမှာနေရတာ ငြီးငွေ့တယ်"

"အို တပ်မှူး ကောင်းကောင်းနေကောင်းသေးတာမှ မဟုတ်ဘဲ"

"ဒါပေမဲ့ ဒီမှာနေရတာ..."

မွေ့ကေသာ မတ်သံလုံ ရှေ့သို့ ဝင်ရပ်လေသည်။

"တပ်မှူး၊ ဒါဟာ တပ်မှူးရဲ့ တိုက်ကုလား စံအိမ်တော်ပါ၊ ဒီမှာရှိနေတဲ့ သူဟာလည်း ကျွန်မပါ၊ ဒီနေရာဟာ တပ်မှူးအတွက် တကယ့်ကို အဓိပ္ပာယ်မဲ့နေသလားဟင်"

"ဟာ မဟုတ်ပါဘူး၊ ဒီလို မဟုတ်ပါဘူး၊ ဒီနေရာဟာ ကျုပ်အတွက် အဓိပ္ပာယ်မဲ့တဲ့နေရာ မဟုတ်ပါဘူး၊ အဓိပ္ပာယ်ရှိတဲ့နေရာပါ နှင်းကေသရာ၊ မင်းကိုလည်း ကျုပ် ကျေးဇူးတင်မဆုံးပါဘူး"

မတ်သံလုံက တက်တက်ကြွကြွပြောနေသော်လည်း မွေ့ကေသာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မတုန်လှုပ်။

ခဏကြာမှပင် သက်ပြင်း ရှိုက်သံနှင့်အတူ ဆွေးမြေ့သောအသံ ပေါ်လာလေသည်။

"ကျွန်မတို့ နှစ်ယောက်စလုံး ကံကြမ္မာ မကောင်းကြဘူးနော်"

မတ်သံလုံထံမှ စကားသံ ထွက်မလာ။ မွေ့ကေသာ၏ စကား အနက်ကို ခံစားမိရသည်။ သို့သော် ဖြေသိမ့်ရန်၊ ဖျောင်းဖျရန် စကား မရှိ၊ ရှာမတွေ့။

မွေ့ကေသာ၏ ခံစားရမှုများသည် ပန်းရနံ့များနှင့်အတူ မတ်သံလုံ၏ ရင်တွင်းသို့လည်း ကူးစက်ပျံ့နှံ့ကြကုန်ပြီ ထင်သည်။ မတွေးရဲသော သို့မဟုတ် မတွေးချင်သော သို့တည်းမဟုတ် မတွေးတတ်နိုင်သော အတွေးတို့ မတ်သံလုံ တွေးမိသွားသည်။

တိုက်ကုလားမြို့စားနှင့် မြို့စားကတော်အဖြစ် ဤခေါင်ငါးဆက် စံအိမ်တော်တွင် တစ်ခါမှ အေးဆေးစွာ စံနေရသည် မရှိခဲ့ဖူး။ ပန်းလှိုင် မြစ်ဝတိုက်ပွဲဖြင့် သေမတတ်ဒဏ်ရာ အကြီးအကျယ် ရခဲ့ပြီးနောက် ဤစံအိမ်တွင် ရက်သတ္တ နှစ်ပတ်နီးပါး ကုသ "အနားယူနေရသည့် အချိန်များတွင်လည်း နှင်းကေသရာနှင့် 'အကြင် လင်မယား'မဆိုထားဘိ 'ချစ်ခင်သူ'အဖြစ်သို့ပင် မရောက်နိုင်။

ဒဏ်ရာတို့ဖြင့် နာကျင်လျက်၊ အဖျားသွေးတို့ဖြင့် ပူလောင်လျက်၊ ဤမှာဘက် စက်ရာဆောင်တွင် တစ်ညဉ့်တာလုံးလုံး မအိပ်နိုင်၊ မပျော် နိုင် ညည်းညူနေရချိန်မျိုးတွင် ဟိုမှာဘက် စက်ရာဆောင်မှာလည်း တစ်ညဉ့်လုံး ဆီမီးများ ထွန်းညှိထားသည်ကို တွေ့နေရသည်။ နှင်းကေ သရာ၏ လူးလွန့် ညည်းညူသံများကို သဲ့သဲ့ကြားနေရတတ်သည်။

အဖျားသွေးတို့ တရှိန်ရှိန် ပြင်းထန်သည့် ရက်များကလည်း နှင်းပန်းခိုင်ကို ကယောင်ကတမ်း အိပ်မက်များတွင် တွေ့ခဲ့ရသည်။ သို့သော် နှင်းပန်းခိုင်၏ မျက်နှာသွင်ပြင်သည် ခါတိုင်လို ပီပီသသ မရှိ။ မှုန်တရီ ဝိုးတဝါးနိုင်လှသော အငွေ့များထဲတွင် လှပသော မျက်နှာ သည် နှင်းပန်းခိုင် မျက်နှာမဟုတ်ဘဲ ပန်းစည်းကို ကိုင်စွဲထားသော မေနှင်းကေသရာ၏ မျက်နှာ ဖြစ်လာတတ်သည်။ 'နှင်း နှင်း'ဟု မြည်တမ်းမိပြီး အလန့်တကြား နိုးလာသောအခါများတွင် ရှေ့မှောက်မှ နှင်းကေသရာကို ရင်ဆိုင်လိုက်ရပြီး 'နှင်းကေသရာ'ဟု ခေါ်မိသွားပြန် သည်။

နှင်းပန်းခိုင်အတွက် အမြဲတစေ နာကျင်နေခဲ့ရသော အသည်း



နှလုံးမှ ဝေဒနာတို့သည် ခါတိုင်းလို ရူးရူးရှရှ မဟုတ်တော့သည်ကား အမှန်။ နှင်းကေသရာ၏ တည်ငြိမ်တိကျသော ပြုစုယုယမှုများ၊ တစ်ခါ တစ်ရံ ရှက်ကြောက်သွားဟန်တူသော အသွင်အပြင်များ၏ အလှတရား ကို သတိထားမိသည်မှာလည်း အမှန်။

သို့သော်...

တစ်စုံတစ်ယောက်က မိမိ၏မျက်နှာတည့်တည့်ကို လက်ညှိုး ငေါက်ငေါက်ထိုး၍...

"မတ်သံလုံ မင်းဟာ နှင်းပန်းခိုင်ကို တကယ်ချစ်တာ မဟုတ်လား၊ မင်း နှင်းပန်းခိုင်ကို မေ့လို့ မရသေးဘူး မဟုတ်လား၊ မင်းရဲ့ အသည်းနှလုံးဘေးမှာ မင်းချစ်တဲ့ နှင်းပန်းခိုင်ရဲ့ ဝိညာဉ်ဟာ ကူးခတ် လူးလာနေတာ မဟုတ်လား"ဟု ရေရွတ်နေသလိုလည်း ခံစားရမိသည်။

ထိုတစ်စုံတစ်ယောက်၏ မျက်နှာကို သေသေချာချာ သတိထား ကြည့်လိုက်သောအခါ ထိုတစ်စုံတစ်ယောက်သည် အခြားသူမဟုတ်။ မိမိကိုယ်တိုင် ဖြစ်နေသည်ကို မတ်သံလုံ တွေ့ရပြန်သည်။

တစ်ခါတစ်ရံ ညဉ့်လယ် အိပ်မက်များထဲသို့ နှင်းပန်းခိုင် အထင် အရှား ရောက်လာတတ်သည်။ ရင်အုံတွင် ရူးဝင်နေသော မြားတံကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ကျန်လက်တစ်ဖက်က အဝေးတစ်နေရာ ဆီသို့ လက်ညှိုးညွှန်ပြနေသည်။ နှင်းပန်းခိုင် ညွှန်ပြရာဆီသို့ လှမ်းကြည့် သော်လည်း ဘာမျှမတွေ့ရ။ ဘာမျှ မတွေ့ရကြောင်း၊ အဓိပ္ပာယ်ကို နားမလည်ကြောင်း စိတ်ထဲက ပြန်ပြောလိုက်သောအခါ နှင်းပန်းခိုင်က ပြုံးရယ်လျက် 'ခွင့်လွှတ်ပါတယ်၊ ခွင့်လွှတ်ပါတယ်'ဟု ပြန်ပြောနေသလို ကြားရသည်။ ချစ်သူ၏ ရင်အုံမှ သွေးပွက်ပွက်ကျအန်နေသည်ကို မကြည့်ရက်တော့သဖြင့် နှင်းပန်းခိုင်ဆီသို့ တစ်ဟုန်ထိုး ပြေးသွားမိ သည်။ နှင်းပန်းခိုင်က ထိတ်လန့်စိုးရိမ်ဟန်ဖြင့် လက်ကို ကာဆီးသည်။

သည်လိုအိပ်မက်မျိုးဖြင့် ကယောင်ချောက်ချား နိုးထလာသော အခါတွင်လည်း မိမိစက်ရာဘေး၌ သောက်ရေခွက်၊ ဆေးခွက်တို့ဖြင့် တစ်ရံမလပ် အဆင်သင့်ရှိနေသူမှာ နှင်းကေသရာ ဖြစ်သည်။ နှင်းကေ သရာသည် မိမိကို အမြဲစောင့်ကြပ် ကြည့်ရှုနေပြီလားဟု ထင်မိသည်။ သို့သော်လည်း တကယ်တမ်း စကားစမြည် အေးအေးဆေးဆေး ပြောကြ တော့မည်ဆိုသောအခါတွင်မူကား နှင်းကေသရာသည် ခေါင်းခေါက်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ မျက်နှာကို ငိုက်လျက် ရှက်ကြောက်နေသည်ချည်း။

"စံအိမ်တော်ပေါ်မှာပဲ တွေ့မလား တပ်မှူး"

"ဟင်–"

အတွေးတို့တွင် နစ်မျောနေရာမှ မွေ့ကေသာ၏ အသံကြောင့် အသိတို့ ပြန်လည်စုစည်းရရှိလာသည်။ သို့သော် မွေ့ကေသာ ပြောလိုက်သော စကားကို အသေအချာ မကြားမိ။

"နှင်းကေသရာ ဘာပြောတာလဲ"

"အမတ်ဒိန်မဏိရွှတ် ရောက်လာတယ်၊ စံအိမ်တော်ပေါ်မှာ တွေ့မလား၊ ဒီပန်းဥယျာဉ်ထဲမှာပဲ တွေ့မလားလို့ တပ်မှူးကို မေးနေတာ"

"အို– အမတ်ဒိန်လား၊ ဒီမှာပဲ တွေ့ကြရအောင်၊ ဘယ်မှာလဲ ကျုပ် သွားကြိုမယ်"

"သံလုံငယ် အဲဒီမှာပဲနေ၊ မင်းက ကောင်းကောင်း ကျန်းမာသေးတာ မဟုတ်ဘူး၊ ငါလာခဲ့ပါမယ်"

ဥယျာဉ်မုခ်ဝဆီမှ အမတ်ဒိန်၏ အသံပေါ်လာပြီး မရှေးမနှောင်းမှာပင် ဥယျာဉ်ထဲသို့ အမတ်ဒိန် ဝင်လာသည်။ မွေ့ကေသာ ရိုကျိုးစွာဖြင့် နေရာမှ ဖယ်၍ပေးသည်။

"ဒဏ်ရာတွေ သက်သာပြီလား သံလုံငယ်"

အမတ်ဒိန်သည် ကျောက်သလင်းခုံတွင် ဝင်ထိုင်ရင်း နှုတ်ဆက်လေသည်။

"သက်သာပါပြီ အမတ်ဒိန်၊ မင်းကြီးသံဖြတ်ရော မပါလာဘူးလား"

"မင်းကြီးသံဖြတ် စစ်ပန်းလို့ အနားယူနေတယ်"

အမတ်ဒိန်၏မျက်နှာကို မတ်သံလုံ သေသေချာချာ ကြည့်လိုက်သည်။ ဖြူဝင်းသော အသားအရေတို့ နေလောင်ထားဟန်ဖြင့် အနည်းငယ် ညိုသွားသည်။ ကြည်လင်တောက်ပနေသော မျက်လုံးတို့လည်း သွေးကြောများ ယှက်သန်းနေပြီး အနည်းငယ် နီရဲနေသည်။ သို့သော် အမတ်ဒိန်မှာ ယခင်ကထက်ပို၍ ကြံ့ခိုင်လာပုံရသည်။

"သူ့ရှင် ကျန်းကျန်းမာမာ ရှိရဲ့လား အမတ်ဒိန်"

"အင်း ကျန်းကျန်းမာမာပါပဲ"

"စစ်ရေးစစ်ရာကော အမတ်ဒိန်၊ အခု ဘယ်ကလာတာလဲ၊ မြောင်းမြကို စစ်ချီပြီးပလား၊ အဲမွန်ဒယာတို့၊ သမိန်ဗရမ်းတို့တပ်တွေ



ကော ဘယ်မှာ တပ်စွဲနေကြသလဲ၊ ကျွန်တော် ဒီစံအိမ်မှာပဲ ဆယ်ရက်ကျော် နေခဲ့ရတယ်၊ ဘာသတင်းမှ၊ ဘယ်သူ့ဆီကမှ မသိရဘူး၊ အမတ်ဒိန် ရောက်လာတာ ကျွန်တော် ဝမ်းသာလိုက်တာ၊ အခုကော တိုက်ပွဲအတွက် အမတ်ဒိန်လာတာပဲ မဟုတ်လား"

"ဖြည်းဖြည်းပေါ့ သံလုံငယ်၊ ငါ မင်းကို စကားတွေ အများကြီး ပြောစရာရှိလို့ လာခဲ့တာပဲ၊ မင်းနဲ့လည်း သိပ်တွေ့ချင်နေလို့၊ အခု ငါ ဒလက လာခဲ့တာ၊ သူ့ရှင်လည်း ဒလမှာပဲ တပ်ချပြီး နားနေတယ်၊ စစ်ပန်းလို့ ဆိုပါတော့၊ ငါလည်း အနားရလို့"

မွေ့ကေသာသည် အမတ်ဒိန်ရှေ့မှ ခါးကို ကိုင်းညွှတ် ဖြတ်လျှောက်လျက် စံအိမ်ဘက်ဆီသို့ ထွက်သွားရန်ပြင်သည်။

"ကေသာ ကွမ်းဆေးလက်ဖက် သွားယူလိုက်ဦးမယ်နော်"

မွေ့ကေသာ ထွက်သွားပြီးသောအခါ အမတ်ဒိန်သည် သိုရင်းအပေါ်ဝတ်အတွင်းရှိ ခါးကြားထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ ကတ္တီပါအနီစဖြင့် ထုပ်ထားသော အထုပ်ငယ်တစ်ခု။

"သံလုံငယ် အဲဒါ ဖွင့်ကြည့်"

ကတ္တီပါထုပ်ကို မတ်သံလုံ တစ်လွှာချင်း ဖြေသည်။

အထဲမှ အရာများကို တွေ့ရသည်။ ဆံပင်စအချို့နှင့် ပုလဲသွယ် တစ်ကုံး။

"ဒါက ဘာလဲ အမတ်ဒိန်"

"အဲဒါ မင်း မုန်းတီးတယ်ဆိုတဲ့ စောအဲဗညားရဲ့ ဆံပင်နဲ့ သူဆွဲတဲ့ ပုလဲသွယ်ပဲ"

"ဟင် ဒါဖြင့် စောအဲဗညား..."

"အေး ဟုတ်တယ် သံလုံငယ်၊ စောအဲဗညား ကျသွားပြီ၊ ဒေးဗသွယ်မြို့မှာ ခိုနေတုန်း သူ့ရှင်အမိန့်နဲ့ ငါကိုယ်တိုင် လုပ်ကြံခဲ့တာပဲ၊ ဒေးဗသွယ်မြို့တံခါးအနားမှာ တိုက်ပွဲဖြစ်တယ်၊ သူ့ဆင်နဲ့ ငါ့ဆင် အစွယ်ချင်း ယှက်နေတုန်း သူ့ဆင်ထက် ငါခုန်ကူးပြီး လုပ်ကြံလိုက်တာပဲ၊ အခု ဒေးဗသွယ်ကျသွားပြီ"

"တောက်"

မတ်သံလုံ ကျောက်သလင်းခုံ၏ လက်ရန်းပေါ်သို့ လက်ဝါးဖြင့် ရိုက်ချရင်း ပြင်းထန်စွာ တောက်ခေါက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စောအဲဗညားကို ကျွန်တော် မသတ်လိုက်ရတော့ဘူး"

"မင်း မသတ်လိုက်ရတာပဲ ကောင်းတယ် သံလုံငယ်၊ ငါဟာ ဒေးဗသွယ်တိုက်ပွဲမှာ အောင်ပွဲရခဲ့လို့ သူ့ရှင်ရဲ့ ဆုလာဘ်ဘဏ္ဍာ အချီးအမြှောက်တွေ ရခဲ့ပေမယ့် စောအဲဗညားကို သတ်ခဲ့ရလို့ ငါ့လက်တွေကို ငါကိုယ်တိုင် မလုံမလဲ ဖြစ်နေမိတယ် သိလား"

"ဘာပြောတာလလဲ အမတ်ဒိန်၊ ကျွန်တော် နားမလည်ပါလား"

ကိုယ်လုပ် ရုံရွှေနှစ်ဦးနှင့်အတူ မွေ့ကေသာ ပြန်ရောက်လာသဖြင့် စကားစ ပြတ်သွားသည်။ ကျောက်သလင်းခုံရှေ့တွင် ကလပ်များ၊ ခုံများချပြီး ကွမ်းအစ်၊ လက်ဖက်အုပ်နှင့် အခြားစားစရာများကို မွေ့ကေသာ တည်ခင်းသည်။ မီးအုံးများကိုလည်း ကျောက်သလင်းခုံပေါ်သို့ တင်ပေးလေသည်။ ရုံရွှေနှစ်ဦး ပြန်ထွက်သွားပြီး မွေ့ကေသာနေရစ်ခဲ့ သည်။

"ကေသာ နေလို့ ရမလားဟင်"

အမတ်ဒိန်က လက်ကာပြသည်။

"နေ နေ မွေ့ကေသာ၊ နေပါ၊ မင်းရှိနေတော့လည်း ပိုကောင်း တာပေါ့"

'မွေ့ကေသာ'ဟူသော အသုံးအနှုန်းကြောင့် မတ်သံလုံ အံ့အား သင့်ဟန်ဖြင့် လှမ်းကြည့်လိုက်သော်လည်း တစ်စုံတစ်ရာမပြော။

"စောအဲဗညားကိစ္စ ဆက်ပါ အမတ်ဒိန်"

"အေး ခုတင်က ပြောခဲ့တဲ့အတိုင်း ဒေးဗသွယ်စား စောအဲဗညားကို ငါ့လက်နဲ့ လုပ်ကြံခဲ့တယ်၊ မင်း သိပ်မုန်းတဲ့ စောအဲဗညားကို မင်းနှလုံးသားကို ဖျက်ဆီးတဲ့ သူ့လို အခါမလပ် ရေရွတ်တဲ့ စောအဲဗညားလေ၊ စောအဲဗညားဟာ သူ့ရှင်ရဲ့ ထီးနန်းကို ပုန်စား တဲ့ သစ္စာဖောက်မြို့စား၊ ငါက သူ့ရှင်ရဲ့ သစ္စာတော်ခံ အမတ်စစ် သည်၊ ဒီတော့ စောအဲဗညားကို ငါ လုပ်ကြံခဲ့တာဟာ သာမန် ဖြစ်ရိုး ဖြစ်စဉ်ကိစ္စပဲ၊ ဒါပေမဲ့ . . .

အမတ်ဒိန်သည် စံအိမ်တော်၏ အမိုးများဆီမှတစ်ဆင့် တိမ်စင် သော ကောင်းကင်သို့ တမျှော်တခေါ် ငေးကြည့်လိုက်သည်။

"စစ်ကို ငါ ငြီးငွေ့လာပြီ သံလုံငယ်"

"ဟင် အမတ်ဒိန်၊ ဘာဖြစ်တယ်"

"စောအဲဗညားဟာ အသက်ငါးဆယ်ကျော်ပြီ၊ သူလည်း ငယ်စဉ်



ကတော့ ဆင်စီး၊ မြင်းစီး ကျွမ်းတဲ့ သူ့ရဲကောင်းတစ်ဦး ဖြစ်ခဲ့ မှာပဲ၊ ဒါပေမဲ့ ငါနဲ့စစ်ထိုးတဲ့ အချိန်မှာတော့ သူ့လက်ရုံးတွေ ကျဆင်းနေပြီ၊ ဆင်ချွန်းကိုတောင် ကောင်းကောင်း မနိုင်ချင်တော့ ဘူး၊ သူ့ကို ငါ အနိုင်ယူခဲ့ရတယ်"

မတ်သံလုံသည် အမတ်ဒိန်၏ လက်ကို ဆုပ်နယ်ရင်း ရှေ့သို့ တိုးလိုက်သည်။

"အမတ်ဒိန် ဘာတွေ ပြောနေတာလဲ၊ ရန်သူဟာ အသက် ကြီး တယ် ငယ်တယ်ရှိသလား၊ စောအဲဗညားဟာ သူ့ရှင်ရဲ့ ဘုန်းရိပ်ကို ပုန်စားတဲ့ သစ္စာဖောက်ပဲ၊ ကျွန်တော်တို့ဟာ သူ့ရှင်ရဲ့ ကျေးကျွန် တွေပဲ၊ သူတို့ဟာ ကျွန်တော်တို့ရဲ့ ရန်သူ၊ ကျွန်တော်တို့ဟာလည်း သူတို့ရဲ့ရန်သူ၊ ကျွန်တော်တို့ကိုလည်း လက်ဦးရရင် သူတို့က အသက်ကြီးတယ်၊ ငယ်တယ်ဆိုပြီး ခွဲခြားနေမလား၊ အဦးရသူ သတ်ကြစတမ်း မဟုတ်လား၊ ပြီးတော့ ကျွန်တော်တို့က သူ့ရှင်ရဲ့ သစ္စာတော်ခံ၊ သူတို့က သူ့ရှင်ရဲ့ သစ္စာဖောက်"

"အဲဒီ သစ္စာတော်ခံ၊ သစ္စာဖောက်ဆိုတဲ့ ကိစ္စကိုပဲ ငါပြောနေတာ ပေါ့ သံလုံငယ်"

နားမလည်ခြင်းများစွာဖြင့် အမတ်ဒိန်ကို ငေးကြည့်နေမိပြန်သည်။

"နားထောင်စမ်း သံလုံငယ်၊ ငါအတွေးတွေ တစ်မျိုးဖြစ်နေတယ် လို့လည်း ငါထင်ထားပါတယ်၊ ဒါပေမဲ့ နားထောင်စမ်း၊ ငါဟာ သူ့ရှင် ဟံသာဝတီထီးနန်းကိုမရခင် ဗညားနွဲ့မင်းသားဘဝတုန်းက ငါက ဆင်ဖြူရှင် ဗညားဦးရဲ့ ကျေးကျွန်၊ မြို့တံခါးစောင့် အမတ် ဗိုလ် တစ်ဦးပဲ၊ ငါ သစ္စာတော်ခံရတာက ဆင်ဖြူရှင်။ ဟော ဆင်ဖြူရှင် ကံတော်ကုန်လို့ ဗညားနွဲ့မင်းသားက ဒဂုန်မှာ လူစု ပြီး ဟံသာဝတီပြန်လာ၊ မြို့ထဲဝင်တော့ ငါ တာဝန်ကျတဲ့ မြို့တံခါး က ဝင်တယ်၊ မင်းလည်း ဒါတွေ သိပြီးသား ဖြစ်နေမှာပါ၊ ငါဟာ ကံတော်ကုန် ဆင်ဖြူရှင်ရဲ့ သစ္စာခံ ကျွန်တစ်ယောက်ဖြစ် တဲ့အတွက် ငါ့မှာ ရာဇာဓိရာဇ်ဆိုတဲ့သခင် မရှိသေးဘူး၊ သည် တော့ မင်းသား မြို့တံခါးအဝင်မှာ ငါက တံခါးတစ်ချပ်ပဲ ဖွင့် ပေးတယ်၊ မြို့နန်းထဲမှာက ဆင်ဖြူရှင်ရဲ့ အလောင်းတို့ မီး မသင်္ဂြိုဟ်ရသေးဘူးလေ၊ အဲဒီနောက် သူ့ရှင်လည်း နန်းတက် သဘင်ဆင်ယင်ပြီးရော သမိန်မရူကို သတ်တယ်၊ နောက် ဒုတိယ သတ်မယ့်သူက ငါ၊ အပြစ်ကတော့ မြို့တံခါး တစ်ချပ်ပဲ ဖွင့်ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက်ပဲ၊ သတ်စေအမိန့်တောင်ကျပြီးပြီ မဟုတ်လား၊ ငါက ငါ့စိတ်ထဲရှိတဲ့အတိုင်း သူ့ရှင်ကို လျှောက်ခဲ့တယ်၊ ကျွန်တော့်သခင် ဆင်ဖြူရှင်ရဲ့ ရုပ်အလောင်းဟာ မြို့နန်းထဲမှာ ရှိနေသေးတယ်၊ ကျွန်တော်ဟာ ထီးဆောင်းမင်း ဆင်ဖြူရှင်ရဲ့ သစ္စာခံ ကျေးကျွန် အဖြစ် ရှိနေတုန်း၊ သူ့ရှင်ဟာ ထီးဆောင်းမင်း မဟုတ်သေးဘူး၊ ဒါကြောင့် ပုန်စားသူ ဘုရင်တစ်ပါးရဲ့ ဓားကိုကြောက်ပြီး ထီးဆောင်းမင်းရဲ့ ကျွန်ယုံက မြို့တံခါးဖွင့်ပေးရမယ်ဆိုရင် အစဉ်အဆက် ရာဇဝင် အရုပ်ဆိုးရှော့မယ် စသည်ဖြင့်ပေါ့၊ သည်တော့မှ သူ့ရှင် သဘောပေါက်ပြီး ငါ့ကို အသက်လွှတ်ပေးခဲ့တယ်၊ ပြီးတော့ သူ့ရဲ့ လက်ရင်းတပ်မှူးတွေကို ဘွဲ့တံဆိပ် မချီးမြှင့်သေးခင်မှာပဲ ငါ့ကို ပထမဆုံး အမတ်ဒိန်မဏိရွတ်ဘွဲ့ ချီးမြှင့်ခဲ့တယ် မဟုတ်လား"

"မင်းကန်စီက ပြောပြလို့ ဒါတွေ ကျွန်တော် သိရပြီးပါပြီ အမတ်ဒိန်၊ ဒါပေမဲ့ ဒါတွေက စောအဲဗညားနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်တော် နားမလည်ပါလား"

"ဆိုင်လာပါလိမ့်မယ် မတ်သံလုံငယ်၊ နားထောင်စမ်းပါဦး၊ ငါ စဉ်းစားမိတာက အကယ်၍သာ ငါဟာ ဆင်ဖြူရှင် ဗညားဦး အသက်ထင်ရှား ရှိနေဦးမယ်ဆိုရင် ခုအချိန်မှာ ငါ့သခင်က သူ့ရှင် မဟုတ်ဘူး၊ ဆင်ဖြူရှင်ပဲ ဖြစ်နေဦးမယ်၊ ဒီတော့ သူ့ရှင်ဘက်က ကြည့်ရင် ငါဟာ ပုန်စားသူ၊ ဆင်ဖြူရှင်ဘက်ကကြည့်ရင် ငါဟာ သစ္စာရှိ သွေးသောက် ကျွန်ယုံ၊ ကဲသည်တော့ မင်းနဲ့ ငါဟာ လည်း အခုလို တစ်ဦးတည်းသော အရှင်သခင် လက်အောက်ခံက သွေးသောက်ညီနောင်တွေ မဟုတ်တော့ဘူး၊ မင်းနဲ့ ငါလည်း ရန်သူဖြစ်နေကြမှာပဲ"

"အမတ်ဒိန် ဘယ်လို အတွေးတွေ ဝင်နေတာလဲ"

"ဒီလို အတွေးမျိုးတွေ ဝင်နေတာ ကြာပြီဆိုပါတော့ ငါ့ညီ၊ စစ်ပွဲတွေ တစ်ပွဲပြီး တစ်ပွဲတိုက်၊ အောင်ပွဲတွေဟာ တစ်ခုပြီး တစ်ခုရ၊ ငါ့ရဲ့ အမတ်စစ်သူကြီး စည်းစိမ်လည်း တစ်စထက် တစ်စ မြင့်မားလာ၊ ငါ့အတွေးတွေလည်း တစ်စတစ်စ ဒီလို ဖြစ်လာတယ်၊ ငါ ဘာ့ကြောင့် တွေးမိသလဲတော့ မသိဘူး၊ ဒါပေမဲ့ သေချာတာ တစ်ခုကတော့ ငါ အင်မတန် ချစ်မြတ်နိုး လေးစားတဲ့ မင်းကန်စီ ကျဆုံးသွားပြီးနောက်မှာ ပိုပြီး ငါ တွေးမိ



တာပဲ"

"အမတ်စစ်သူကြီး တစ်ယောက်နဲ့ ဒီအတွေးမျိုးနဲ့ သိပ်မအပ်စပ်ဘူး ထင်တယ်"

အမတ်ဒိန်သည် ကွမ်းအစ်အဖုံးကိုဖွင့်လျက် ကွမ်းတစ်ယာယူ၍ ဝါးသည်။ မွေ့ကေသာ၏ ကျွမ်းကျင်လိမ္မာမှုကြောင့် ကွမ်းယာသည် နှင်းရည်တို့ဖြင့် အေးမြနေပြီး ဆေးရည်တို့ဖြင့် မွှေးကြိုင်နေလေသည်။

အမတ်ဒိန်က ကွမ်းသွေးကို ထွေးခံသို့ ထွေးလိုက်သည်။

"ငါ့အတွေးတွေဟာ ရှုပ်ထွေးနေတုန်းပဲဆိုတာတော့ ငါ ဝန်ခံပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ သေချာသလို ရှိတယ်၊ ဖြစ်နိုင်ရင် သူ့ရှင်နဲ့ မြို့စား နယ်စားတွေကြားက စစ်ကို အပြီးသတ်စေချင်ပြီ သံလုံငယ်၊ စစ်ရဲ့ အနိဋ္ဌာရုံတွေကို ငါ စက်ဆုပ်လာပြီ၊ ငါ့မှာ သူတကာလို ဇနီးမယား သားသမီး သံယောဇဉ်ရှိတာ မဟုတ်ပေမဲ့ သားတစ်ကွဲ လင်တစ်ကွဲနဲ့ ကပ်တွေအမျိုးမျိုးဆိုက်ရတဲ့ စစ်ပွဲတွေကို ကုန်ဆုံးစေချင်ပြီ"

"အင်း အမတ်ဒိန် ပြောသလိုဆိုရင် မြို့စား၊ နယ်စားတွေက သူ့ရှင်ကို မပုန်စားကြရင် စစ်ဘယ်ဖြစ်တော့မလဲ၊ အခု သူတို့က ခြားနားလို့ ကျွန်တော်တို့က နှိမ်နင်းနေရတာပေါ့၊ သူတို့ အရေးပြီးရင် အားလုံး အေးအေးချမ်းချမ်း ရှိကြတော့မှာပေါ့၊ သူတို့ ခြားနားနေသမျှတော့ စစ်ပွဲတွေလည်း ရှိနေမှာပဲပေါ့"

လေပြည်တစ်ချက်သုတ်သဖြင့် အနီးဆုံးရှိ ယုဇနပန်းရုံမှ သင်းထုံသော ရနံ့တို့ လွင့်ဝဲလာသည်။ ပန်းရနံ့ကိုရမှပင် အမတ်ဒိန်လည်း တစ်ချိန်လုံး ငြိမ်သက်နေခဲ့သည့် မွေ့ကေသာကို သတိရမိလေတော့သည်။

"မွေ့ကေသာ၊ မင်းကော ဘယ်လိုထင်သလဲ"

"ရှင်"

မွေ့ကေသာက မတ်သံလုံကို လှမ်းကြည့်သည်။ ပြုံးနေသော မတ်သံလုံ၏ မျက်နှာကို တွေ့လိုက်ရလေသည်။

"ကေသာ မထင်တတ်ပါဘူး အမတ်ဒိန်၊ မိန်းမသားတို့ ဘဝမှာ စစ်ရေးစစ်ရာနဲ့ ထီးနန်းကိစ္စတွေကို အမတ်ဒိန်တို့လို တွေးနိုင်စွမ်းအား မရှိပါဘူး၊ ကေသာ တွေးလည်း မတွေးချင်တော့ဘူး ကေသာ့ဘဝကို အမတ်ဒိန် သိပါတယ်"

"အေးလေ၊ ဒါလည်း ဟုတ်ပါတယ်၊ သို့ပေမဲ့ တစ်ခုတော့ မင်း ဖြေနိုင်မှာပေါ့၊ စစ်ကို မင်း သဘောကျသလား"

www.burmeseclassic.com

www.burmeseclassic.com



မွေ့ကေသာ မျက်ဝန်းတို့ ရီဝေ တောက်ပြောင် လာကြသည်။ ခေါင်းကို လေးပင်စွာ ခါယမ်းသည်။

"ဟင့်အင်း ဘာအကြောင်းကြောင့်နဲ့မှ စစ်ကို ကေသာ သဘောမကျဘူး၊ စစ်ထွက်ယောက်ျားတွေအတွက် နောက်ကွယ်က မိန်းမသားတွေ ဘယ်လို ခံစားနေရတယ်ဆိုတာ သူရဲကောင်းယောက်ျားကြီးတွေ မသိနိုင်ပါဘူး၊ မိန်းမသားတွေသာ သိနိုင်ပါတယ်"

မတ်သံလုံသည် တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေရင်းမှ မွေ့ကေသာ စကားအဆုံးတွင် စိတ်အားထက်သန်စွာ ဝင်ပြောလေသည်။

"အဲဒီ စစ်ပွဲတွေ မဖြစ်ရအောင် ကျွန်တော်တို့ စစ်တိုက်နေကြတာဆိုရင်ကော"

အမတ်ဒိန်သည် မတ်သံလုံဘက်သို့ ထူးဆန်းစွာ လှမ်းကြည့်လိုက်သည်။

"စစ်မဖြစ်ရအောင် စစ်တိုက်နေကြတာ၊ ဟုတ်လား"

"အင်း"

"စစ်ကို စစ်နဲ့ ချုပ်ငြိမ်းစေဖို့ ဒီလိုလား"

"ဟုတ်တယ် အမတ်ဒိန်"

"အင်း စဉ်းစားစရာပဲ သံလုံငယ်"

အားလုံး အတန်ကြာမျှ တိတ်ဆိတ်သွားသည်။ အတွေးကိုယ်စီတွင် မျောနစ်နေကြသည်။

မတ်သံလုံက စ၍ လှုပ်ရှားလာသည်။

"စောအဲဇညားလည်း ကျသွားပြီ၊ မြောင်းမြစား လောက်ဖြားကော အမတ်ဒိန်"

"အေး ငါလည်း ငါ့အတွေးတွေ ပြောပြနေရလို့ ဒီအကြောင်း မေ့သွားတယ်၊ လောက်ဖြားနဲ့ သူ့သား မပစ်နွယ်တို့အရေးလည်း ပြီးသွားပြီ သံလုံငယ်၊ မြောင်းမြအရေးလည်း အေးချမ်းသွားပြီ"

"ဟုတ်လား ကျွန်တော် ဒီတိုက်ကုလားစံအိမ်တော်မှာ နေရတဲ့ ဆယ်ရက်လောက် အတွင်းမှာ အရေးတော်တွေ အများကြီး ပြောင်းလဲသွားပါလား၊ တကယ့် တိုက်ပွဲတွေကျမှ ကျွန်တော် နာမကျန်းဖြစ်နေရတာ မကျေနပ်ဘူး အမတ်ဒိန်"

အမတ်ဒိန်က စစ်သွေးတို့ဆူဝေလာသော မတ်သံလုံ၏ စကားကို ပြုံးရယ်ရင်း မတ်သံလုံ၏ မျက်နှာကို စူးစိုက်ကြည့်လိုက်လေသည်။

အမတ်ဒိန် အံ့အားသင့်သွားသည်။



"ဟင် သံလုံငယ်၊ မင်းမျက်နှာမှာ ဟို အမာရွတ် မရှိတော့ပါလား"

မတ်သံလုံနှင့် မွေ့ကေသာတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

မွေ့ကေသာ မျက်လွှာချသည်။ မတ်သံလုံက မျက်နှာကို လက်ဖြင့် စမ်းသည်။

"ဟုတ်တယ် အမတ်ဒိန်၊ တစ်သက်လုံး စွဲထင်သွားတော့မယ့် ထင်တဲ့ အမာရွတ်လည်း ပျောက်သွားတယ်၊ ပန်းလှိုင်မြစ်ဝတိုက်ပွဲကြောင့်ပဲ၊ အင်း ပြောင်းလဲတဲ့ ဖြစ်ရပ်တွေ အများကြီးပဲ၊ ကျွန်တော် မုန်းတဲ့ စောအဲဇညားလည်း ကျသွားပြီ၊ လောက်ဖြားလည်း ကျသွားပြီ၊ မင်းကန်စီလည်း မရှိတော့ဘူး"

"မင်းပြောတာ မှန်တယ် သံလုံငယ်၊ အများကြီး ပြောင်းလဲသွားကြပြီ၊ မင်း မသိတာတွေ ရှိသေးတယ်၊ အခု ရာမညတိုင်းထဲက မြို့စား၊ နယ်စား၊ သူပုန်တွေ အရေးက ပြီးသလောက်ရှိသွားချိန်မှာ ဟံသာဝတီအတွက် စစ်ကြီးတစ်စစ်ကို မျက်မှောက်ပြုနေရပြန်တယ်"

"ဘာစစ်လဲ အမတ်ဒိန်"

"အဝဘုရင်နဲ့ သူ့ရှင်တို့ တင်းမာနေကြတယ်"

အမတ်ဒိန်၏ လေသံ လေးဖင့်နေသည်။ မွေ့ကေသာ သက်ပြင်းရှိုက်သည်။ မတ်သံလုံ မျက်လုံးများကား စူးရှတောက်ပြောင်လာကြလေသည်။

"ပြီးတော့"

"သူ့ရှင်ဟာ ပိယရာဇာဒေဝီနဲ့ ဘိသိက်ခံတော့မယ်၊ မိဖုရား ဒလမေဒေါ်နဲ့လည်း အဆင်မပြေကြဘူး၊ မဟာဒေဝီလည်း ကောင်းကောင်း မကျန်းမာဘူး"

'မဟာဒေဝီ'ဟူသော အသံကို ကြားလိုက်ရသောအခါ မွေ့ကေသာ ရင်တို့ တုန်လှုပ်သွားသည်။ လပေါင်းများစွာ မစဉ်းစားဘဲ နေခဲ့သော ထိုအမည်။

မတ်သံလုံမှုကား အဝဘုရင်နှင့် သူ့ရှင်ရာဇာဓိရာဇ်တို့ တင်းမာနေကြသည်ဟူသော သတင်း၌သာ စိတ်ဝင်စားနေသဖြင့် အမတ်ဒိန် ဆက်ပြောသော စကားတို့ကို ကြားဟန်မတူချေ။

"ဖြစ်နိုင်ရင်တော့ ထီးဆောင်းမင်းတွေအားလုံး ညီညွတ်ရှုတာပြီး

www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲဆိုတာတွေ ကမ္ဘာလောကပေါ်က ပျောက်သွားစေချင်တယ် ကွာ"

"ကျွန်တော့်ပါးပြင်က အမာရွတ်ပျောက်သွားသလိုလား အမတ်ဒိန်၊ ဒီအမာရွတ် ပျောက်သွားပုံကလည်း ပန်းလိုင်မြစ်ဝတိုက်ပွဲလို သေတွင်းနှုတ်ခမ်းမှာ လျှောက်ခဲ့ပြီး အခြား သေမလောက်ဒဏ်ရာ အနာတရတွေ ရခဲ့ပြီးမှ ပျောက်သွားတာ၊ အဲဒီလို ပြောရမလို ဖြစ်နေပြီ၊ အမတ်ဒိန် ပြောသလို စစ်တွေ ပျောက်ကွယ်သွားဖို့ အရေး အင်မတန် ကြီးမားတဲ့ စစ်ကြီးတစ်ခုဖြစ်မှ ချုပ်ငြိမ်းတော့မှာပဲ"

"သံလုံငယ် မင်းအတွေးတွေကလည်း ကြောက်စရာ ကောင်းနေပြီ"

"အမတ်ဒိန် အတွေးတွေကလည်း ရှုပ်ထွေးနေတာပဲ"

"ကေသာတော့ တစ်ခုပဲ တွေးမိနေတယ်"

"ဘာလဲ နှင်းကေသရာ"

"ပြီးမှ ဆက်စကားပြောကြဖို့၊ အခု နေမြင့်ပြီမို့ တပ်မှူးရော အမတ်ဒိန်ပါ စံအိမ်တော်ပေါ်တက်ပြီး နံနက်စာ သုံးဆောင်ကြဖို့ ပြောရရင် ကောင်းမလားလို့ပါ"

"ဟား ဟား ဟား ဟား"

အမတ်ဒိန်ရော၊ မတ်သံလုံတို့ပါ ဟက်ဟက်ပက်ပက် ရယ်မောမိကြသည်။ ဥယျာဉ်တွင်းမှ ပန်းရနံ့တို့ ပို၍ သင်းပျံ့လာသည် ထင်ရသည်။

"ဟုတ်တယ်၊ နှင်းကေသရာရဲ့အတွေးဟာ အကောင်းဆုံးပဲ၊ အမတ်ဒိန်၊ လာ၊ ထမင်းသုံးဆောင်ရအောင်"

မွေ့ကေသာ၏ မျက်နှာတွင် တင့်ရွှန်းသော အပြုံးရိပ်တို့ လွှမ်းအုပ်လျက်။

* * *

မော်ခေါရင်ပြင်တော် အရှေ့ဘက်ချိုင့်ဝှမ်းမှ ပန်းခင်းလေးနှင့် တဲအိမ်ကို မွေ့ကေသာ တမ်းတ လွမ်းဆွတ်မိသည်။ အချိန်ကာလကို ပိုင်စိုးနိုင်သူသာ ဖြစ်ပါမူ ပစ္စုပ္ပန်ကို ချိုးဖျက်၍ အတိတ်ဆီသို့ ပြန်သွားချင်သည်။



ဟိုတုန်းကလိုပင် ပန်းသည်မလေး မွေ့ကေသာအဖြစ် ရိုးသားအေးချမ်းသော ဘဝငယ်တစ်ခုအတွင်း၌သာ နေချင်သည်။ ကမ္ဘာလောက ကျဉ်းကျဉ်းလေးတစ်ခုကို တည်ဆောက်ပြီး 'ခမ်းနား ကြီးကျယ်မှု မှန်သမျှ မလာရပါ'ဟူသော စာတန်းထိုး၍ ပန်းစိုက်တဲ၏ တံခါးဝ၌ ချိတ်ထားချင်သည်။

ကျဉ်းမြောင်းသော ထိုကမ္ဘာလောကလေးထဲ၌ မွှေးပျံ့သော ပန်းခင်းလေးတစ်ခု၊ မော်ခေါစေတီမှ ဆည်းလည်းသံ၊ ပန်းရောင်းသည့် ယိုင်နဲ့နဲ့ စားပွဲခုံ၊ ပြီးတော့ ပန်းအကြောင်းနှင့် မော်ခေါစေတီအကြောင်းမှ တစ်ပါး အခြားစကားတို့ကို မပြောတတ်သည့် ပန်းသည်များ။

ယခုတော့မူ အေးချမ်းရိုးသားစွာ နေချင်လွန်းသူကိုမှ လောကဓံတရားက ရှုပ်ထွေးခမ်းနားသော ဘဝများကို မယုံနိုင်စရာကောင်းလောက်အောင် ပေးအပ်လာခဲ့သည်။ ပစ္စုပ္ပန် ချိုးဖျက်၍ အတိတ်ဆီသို့ ပြန်သွားချင်၍လည်း မရတော့။ မွှေးပျံ့သော ပန်းခင်းလေးအလယ်မှာလည်း မနေနိုင်တော့။ မော်ခေါစေတီက ဆည်းလည်းသံများကိုလည်း ကြားနေနိုင်ခွင့် မရှိတော့။

'တိုက်ကုလား မြို့စားကတော် မေနှင်းကေသရာ'ဘဝတွင် မွေ့ကေသာ၏ ဝန်းကျင်ဝဲယာ၌ ပြိုးပြက်တောက်ပြောင်သော ခမ်းနားရှုပ်ထွေးသော အရာများဖြင့် အတိပြီးနေသည်။ ခေါင်ငါးဆက်စံအိမ်တော်၏ ရွှေရောင်ဝင်းသော အဆောင်ဆောင် အခန်းခန်းတို့ဝယ် 'မေနှင်းကေသရာ'၏ အမိန့်ကို အဆင်သင့် စောင့်ကြိုနေသည့် ကိုယ်လုပ်တော်များ ရှိနေသည်။ အထူးထူးသော ခဲဖွယ်ဘောဇဉ်များ၊ ဝတ်စားတန်ဆာ ရတနာများ။ ထို့နောက် 'အမိန့်'တစ်ခုခု ပိုင်စိုးသော 'မြို့စားကတော် မေနှင်းကေသရာ'၏ အဆောင်အယောင်များ။

မွေ့ကေသာ၏ဘဝကို အစအဆုံး သိထားသော 'အဒေါ်ကုန်း' နှင့်လည်း မဆုံဆည်းနိုင်တော့။ အဒေါ်ကုန်းသည်လည်း ဟိုတုန်းကလို မွေ့ကေသာဆီသို့ မလာနိုင်။ သူ့ရှင် ရာဇာဓိရာဇ်၏ လူယုံတော် ငယ်ကျွန်ကြီးအဖြစ် တိုင်းရေးပြည်ရာတို့အလယ်တွင် နစ်မြုပ်နေလောက်ပြီ။

မွေ့ကေသာ၏ဘဝကို စာနာ နားလည်တတ်သော မင်းကန်းဒိ လည်း မရှိတော့ပြီ။

ပြည့်စုံကုံလုံခြင်းတို့အလယ်၌ မွေ့ကေသာ နားခိုရာမဲ့တော့ပြီလား။

ကြွယ်ဝချမ်းသာခြင်းတို့၏ အလယ်၌ မွေ့ကေသာ ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ညှိုးငယ်ရပြီလား။

ကိုယ့်ကိုယ်ကို ဘာကိုလိုချင်သလဲဟူ၍ပင် မစဉ်းစားတတ်နိုင်အောင် ရှိရတော့သည်။

စံအိမ်တော်၏ ဘုရားကျောင်းဆောင်သို့ ဝင်ရသည့်အခါများတွင်မူ ရင်ထဲက မသိနိုင်စွမ်းသည့် ဝေဒနာတို့ အတော်အတန် သက်သာလျော့ပါးသွားသည်ဟု ဆိုနိုင်သည်။ ကိုယ်တိုင်စိုက်သော ပန်းတို့ကို ကိုယ်တိုင် မွှမ်းမံပြင်ဆင်၍ ရုပ်ပွားတော်ရှေ့တွင် ကပ်လှူပူဇော်ရခြင်းသည်လည်း အတိုင်းမသိသော ကြည်နူးစရာတစ်ခု ဖြစ်သည်။

လွင့်ပျံ့သောစိတ်တို့ကို ဆောက်တည်နိုင်ခြင်းငှာ စိပ်ပုတီးနှင့် ထိန်းချုပ်သော်လည်း ဘုရားကျောင်းဆောင်မှ ထွက်လာလျှင် ဆောက်တည်ရာတို့ ပြိုပျက်ရပြန်သည်။

ထိခြင်းငါးပါးဖြင့် ရုပ်ပွားတော်ရှေ့၌ ရှိခိုးကန်တော့ပြီးသည်၏ အဆုံး မွေ့ကေသာ တောင်းမိသောဆုမှာလည်း တစ်ခုတည်းသာ။

အဝိဇ္ဇာဖုံးသော တောင်းဆုဟု ဆိုချင်လည်း ဆိုကြစေတော့။

သံသရာကို ရှည်လျားစေတတ်သည့် တောင်းဆုဟုလည်း ဆိုကြစေတော့။

ရင်ထဲက တကယ့်လိုအင်ဆန္ဒအတိုင်း ဆုတောင်းမိခြင်း။

"ချစ်သောသူနှင့် ကွေကွင်းဆင်းရဲရခြင်း ဒုက္ခမှ နောင်ဘဝဆက်တိုင်း လွတ်ကင်းရပါလို၏ အရှင်ဘုရား"

အကြိမ်ကြိမ်အခါ ဤသို့ဆုတောင်းမိလာသောအခါ ဤဆင်းရဲဒုက္ခနှင့် တွဲဖက်နေသော အခြားဆင်းရဲဒုက္ခကိုလည်း သတိရလာသည်။

"မချစ် မနှစ်သက်သူနှင့် အတူနေရခြင်း ဆင်းရဲဒုက္ခ"

မျက်တောင်တို့ကို ကြိမ်ဖန်များစွာ ပုတ်ခတ်လျက် စဉ်းစားမိသည်။ ချစ်သောသူနှင့် ကွေကွင်းရခြင်း ဆင်းရဲဒုက္ခကိုတော့ မွေ့ကေသာ ခံစားရပြီးပြီ။ မချစ်မနှစ်သက်သောသူနှင့် အတူနေခြင်း ဆင်းရဲဒုက္ခကိုကော ခံစားတွေ့ကြုံနေရသည်တဲ့လား။

မချစ်မနှစ်သက်သူနှင့် အတူနေရခြင်း။

မချစ်မနှစ်သက်သူနှင့် အတူနေရခြင်း။

တပ်မှူးလဝ္ဂန်းအိန်နှင့် အတူနေရခြင်းသည် ဆင်းရဲခြင်းဒုက္ခ တစ်ပါးပေလား။

"အို ဒီလိုတော့ မဟုတ်ပါဘူးလေ"

ရဲရင့်ကြမ်းတမ်းသော တပ်မှူးလဝ္ဂန်းအိန်၏ အဆက်အဆံ



အပြောအဆိုများကို မွေ့ကေသာ တစ်ခုစီ မြင်ယောင်ကြည့်သည်။ စိတ်နှလုံး ညှိုးချုံးသွားစေအောင်အထိ သူ့အဆက်အဆံ အပြောအဆိုတွေ မှားယွင်းခဲ့သလား။

"အို– သူ ဒီလိုမဟုတ်ရှာပါဘူး"

တွေးမိလေတိုင်း မွေ့ကေသာ တစ်ခုတည်းသော အဖြေကိုသာ ရခဲ့သည်။

တကယ်မူ တပ်မှူးလဝ္ဂန်းအိန်အတွက် မိမိသည် ရှူရှင်အမိန့်တော်ဖြင့် ရထားသော ကတော်မယားတစ်ယောက်။ တစ်နည်းအားဖြင့် မညှာမတာတမ်းဆိုပါက မိမိသည် သူ့ရှင်ရာဇာမိရာဇ်က တပ်မှူးလဝ္ဂန်းအိန်ကို ချီးမြှင့်ပေးသနားသည့် ပဏ္ဏာလက်ဆောင်တို့အနက်မှ တစ်ခုသော ပဏ္ဏာလက်ဆောင်။

ခေါင်ငါးဆက်စံအိမ်တော်၊ တိုက်ကုလားမြို့၊ 'လဝ္ဂန်းအိန်'ဟူသော ရွှေနဖူးစည်းဘွဲ့တို့သည် သက်မဲ့ပဏ္ဏာလက်ဆောင်။ 'မေနှင်းကေသရာ'ဟုခေါ်သော မိမိသည် သက်ရှိပဏ္ဏာလက်ဆောင်။ မိမိသည် တပ်မှူးလဝ္ဂန်းအိန် ပိုင်ဆိုင်သော ပစ္စည်းတစ်ခု။

သို့သော် ခက်ထန်ကြမ်းကြုတ်သည်ဟု အဆိုရှိသော တပ်မှူးထံတွင် ခက်ထန်ကြမ်းကြုတ်သည့်အရာကို မွေ့ကေသာ တစ်ခါမျှ မတွေ့မကြုံဖူးသည်မှာ အမှန်ဖြစ်သည်။ ပြောကြစတမ်းဆိုလျှင် တပ်မှူးတွင် ခက်ထန်ကြမ်းကြုတ်မှုမရှိ၊ ရိုင်းစိုင်းရိုးသားမှုတော့ရှိသည်။ ပြီးတော့ သူရဲကောင်းယောက်ျား ရင့်မာကြီးတန်လျက် အမိ၏ရင်ခွင် ပျောက်ဆုံးရသော ကလေးငယ်လို ဝမ်းပန်းတနည်းရှိတတ်သည့် စိတ်ဓာတ်မျိုးကိုလည်း တွေ့နေရသည်။

တပ်မှူးသည် သူ့လက်ခုပ်ထဲက ရေအဖြစ် မိမိကို မှောက်လိုမှောက်၊ သွန်လိုသွန် ပြုမှုဖို့ဝေးစွ၊ မိမိအား တလေးတစား၊ တစ်ခါတစ်ရံ တအားတကိုး ဆက်ဆံနေတတ်သည်။

ထို့ကြောင့် တပ်မှူးလဝ္ဂန်းအိန်နှင့် 'ကတော်မယား'ဖြစ်ရခြင်း ဘဝသည် 'မချစ် မနှစ်သက်သူနှင့် အတူနေရခြင်း ဆင်းရဲဒုက္ခ လုံးဝမဟုတ်'ဟု မွေ့ကေသာ ရဲဝံ့စွာ ဆိုနိုင်သည်။

သို့သော်...

မိမိကိုယ်ကို မိမိပင် ပြန်လည် ရှက်ရွံ့စွာ တွေးမိသည်။

မြို့စားနှင့် မြို့စားကတော်အဖြစ် ရက်ပေါင်းများစွာ ဖြစ်တည်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြရသော်လည်း ‘အကြင်လင်မယား’အဖြစ်ကိုထားဘိ၊ အမှုအရာဖြင့် နှုတ်ထွက်စကားမျှပင် ‘ချစ်ခင်သူတို့ဘဝ’ မရောက်ခဲ့။

**စံအိမ်တော်သို့ ဧည့်သည်များ လာရောက်ကြသည့် အခါမျိုး**တွင် တပ်မှူးသည် တရင်းတနှီး ပိုင်စိုးပိုင်နင်း ဆက်ဆံတတ်သော်လည်း နှစ်ယောက်တည်းရှိသော အချိန်များတွင်ကား နေ့နေ့ညညမဟု **သူ့**အသွင်တို့က သူစိမ်းတစ်ရံစာ ဆန်လှဘိခြင်း။

ဒါပေမဲ့ တစ်ခါတစ်ခါတော့မှ တပ်မှူး၏ အကြည့်များသည် မွေ့ကေသာ မနေတတ်နိုင်လောက်အောင်ပင် စူးစူးရဲရဲ နိုင်လွန်းသည်။ စကားတစ်လုံးမဆို၊ အရယ်တစ်ချက်မပြဘဲ ထူးဆန်းစွာ ငေးငိုင်ကြည့်နေတတ်သည်။ မွေ့ကေသာ ရင်ဖိုရသည်။ အမောင် စောသံမုန်၏ မျက်လုံးညိုကြီးများကို သတိရမိ သွားတတ်သည်။

အထူးသဖြင့် ကျောပြင်က ဒဏ်ရာ ညဘက်တွင် ကိုက်ခဲနာကျင်လာပြီး ခြစ်ခြစ်တောက်အောင် ဖျားသောအခါမျိုးတွင် တပ်မှူးသည် ကလေးငယ်တစ်ယောက်လို မိမိကို အားကိုးတကြီး ရှိတတ်သည်။ သူ့ စက်ရာပေါ်တွင် ကိုယ်ဖိ ရင်ဖိ ပြုစုပေးပြီးနောက် သတိလစ်ခမန်း ကယောင်ကတမ်းတွေ ပြောရင်း ‘နှင်းကေသရာရယ်၊ နှင်းကေသရာရယ်’ဟု လိုက်လုံစွာ မြည်တမ်းတတ်သည်။

ပြီးတော့ မိကျောင်းစောင်းကို တီးခိုင်း၊ တေးဆိုခိုင်းပြီး ငြိမ်သက်လေးနက်စွာဖြင့် နားထောင်တတ်ပြန်သည်။

ထိုအချိန်မျိုးတွင် သူ့ရင်ထဲ ဘာရှိနေမည်ကို မွေ့ကေသာ မသိ။

သူ့ ‘နှင်းပန်းခိုင်’ပဲ ရှိနေမည်လား။

အို သူ့ကိုသာ ပြောနေရသည်။

သည်အချိန်မျိုးတွင် ကိုယ့်ရင်ထဲ ဘာရှိနေသည်ကိုလည်း မွေ့ကေသာ မသိနိုင်ပါတကား။

စမ်းတဝါးဝါး မှန်းဆကြည့်ရလျှင်မူ ရှက်ခြင်း၊ ကြောက်ခြင်း၊ အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း။ ထို့နောက် တရိပ်ရိပ်ပေါ်လာတတ်သည့် ကြည်နူးရင်ဖိုရခြင်း စသည်တို့ ပေါင်းစုံ ပါဝင်ကြသော ထူးဆန်းသည့် ရင်ခုန်ခြင်းများ။



* * *

**စံအိမ်တော်သို့ ‘မနှင်းကေသရာ’အဖြစ် ရောက်ရှိလာရပြီးနောက်** စံအိမ်တော်ဝင်းအတွင်း ပန်းခင်းများ တစ်စ တစ်စ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ပန်းပေါင်းစုံတို့ ဝေဆာနေသည့် တကယ့်ဥယျာဉ်တော်ကြီးအဖြစ်သို့ပင် ရောက်ရှိခဲ့ပြီ ဖြစ်သည်။

အရောင်စုံသော ပန်းတို့၊ အနံ့စုံသော ပန်းတို့ ဖူးပွင့်ခဲ့ကြပြီ။

ဟံသာဝတီ နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်တို့သည်လည်း အရောင်စုံ၊ အနံ့စုံ ‘ပန်းပွင့်’များနှယ် ပြောင်းလဲဝေဆာခဲ့ပြီ။

မွေ့ကေသာ၏ ပန်းဥယျာဉ်မှ ပန်းရနံ့တို့ နိုင်ငံတော်အဝန်းသို့ ပျံ့နှံ့မွှေးကြိုင်သွားနိုင်ခြင်း မရှိစေကာမူ နိုင်ငံတော်အဝန်းမှ နိုင်ငံတော်ပြည်အရေး၏ သတင်းရနံ့များကတော့ မွေ့ကေသာ၏ စံအိမ်တော်သို့ ကူးစက်ဖြန့်ကြက်လာသည်။

အဝ–ဟံသာဝတီ နယ်စပ်ရှိ ကူထွက်မြို့ကို သူ့ရှင် သိမ်းပိုက်သည့် အရေးကိုအကြောင်းပြု၍ အဝဘုရင် မင်းကြီးစွာစော်ကဲ ကြည်းကြောင်း၊ ရေကြောင်း အလုံးအရင်းနှင့် ချီလာသည့်အကြောင်း၊ သူ့ရှင်ကလည်း တပ်မ ခုနစ်ခုဖြင့် ဆင်တပ်၊ ရေတပ်ဖွဲ့၍ စစ်ကြိုသည့်အကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် အရှုံးအနိုင်မရှိ၊ မလုပ်ကြနိုင်ကြကြောင်း၊ ဘုရင်နှစ်ပါးတို့သည် ဝိပရိတ်စစ်ပွဲကို ရုတ်သိမ်း၍ လက်ဆောင်ပဏ္ဏာ အပြန်အလှန်ဆက်ကြပြီး အသီးသီး တပ်နုတ်လိုက်ကြသည့်အကြောင်း။

တပ်မှူးလဂွန်းအိန်က သာယာဝတီ ကျေးစပ် စစ်မြေပြင်ဆီမှ သဝဏ်ရေးပို့သည်၊ စစ်ရေးသတင်းများကို အပြည့်အစုံရေးသည်။ မွေ့ကေသာကို သူ့လို တပ်မှူးကြီးတစ်ဦးများ မှတ်ထင်နေရော့လား မသိ။

မတ်သံလုံ၏ သဝဏ်ပါ အကြောင်းအရာများကို ဖတ်ရသည်မှာ စိတ်ရှုပ်ထွေးနောက်ကျိစရာ၊ ဆင်တပ်တိုက်ပွဲများ၊ ရဲလှေ ရေကြောင်းတိုက်ပွဲများကို မွေ့ကေသာ သေသေချာချာ နားမလည်၊ သို့သော် သဝဏ်နှင့်အတူ ပေးပို့လိုက်သည့် လက်ဆောင်နှစ်ခုမှာ မွေ့ကေသာ၏ နှလုံးလှိုက်ဖိုစေသည်ကား အမှန်ဖြစ်တော့သည်။

သစ်ခွပန်းစည်းနှင့် ပုလဲသွယ်တစ်ကုံး။

သဝဏ်၏ နောက်ဆုံး စာကြောင်းများတွင် ထိုလက်ဆောင်များ

www.burmeseclassic.com

www.burmeseclassic.com





အကြောင်း ပါလာသည်။ မတ်သံလုံ၏ လက်ရေးများမှာလည်း ကသော ကမျော ရေးရဟန်ဖြင့် ဖရိုဖရဲ နိုင်နေသေးသည်။

'သာယာဝတီ ကျေးစပ်က တပ်တွေ ပြန်အနုတ် လမ်းခရီး တောအုပ်ရှိ သစ်ပင်ထက်မှ သစ်ခွပန်းကို ကျုပ် ဆင်ထက်မှ ခုတ်ဖြတ်ယူခဲ့သည်။ နှင်းကေသရာ၏ ပန်းဥယျာဉ်အတွက် ဖြစ်သည်။ ပုလဲသွယ်ကတော့ သူ့ရှင်က ကျုပ်ကို ချီးမြှင့်လိုက်တဲ့ ပုလဲသွယ်။ အရည်ကောင်းလှသဖြင့် ကျုပ်လည်နှင့်မတန်၊ နှင်းကေသရာထံ ပို့လိုက်သည်။

မွေ့ကေသာ ပြုံးမိသည်။ ကျင်စွယ် နှုတ်ခမ်းမွေးနှင့် လေးထောင့်ကျကျ မျက်နှာကိုလည်း မြင်ယောင်မိသည်။

"ကျုပ် ကျောကုန်းက ဒဏ်ရာက အကင်းမသေသေး၊ ညဥ့်ဘက်တွင် နာသည်။ နှင်းကေသရာသာ ကျန်းမာအောင် ဂရုစိုက်ပါလေ"

သဝဏ်သည် တုံးတိတိဖြင့် ဆုံးသွားလေသည်။

လှိုက်ခုန်သော ရင်အုံ၌ သဝဏ်ကို ပွေ့ဖက်ဖိကပ်ပြီးမှ ရတ်တရက် ရှက်စနိုးဖြင့် ပြန်သိမ်းလိုက်မိသည်။ ထို့နောက် သပြေညိုတို့ကို ခူး၍ ဘုရားကျောင်းဆောင်သို့ ဝင်သည်။ စစ်ထွက် ယောက်ျားအတွက် မိန်းမသားတို့ အပြုစွမ်းနိုင်ဆုံးအလုပ်ကိုပင် လုပ်ရတော့မည်။

အဖြစ်သနစ်ကို ပို၍ လျင်မြန်စွာ ပြောင်းလဲဖြစ်ပျက်လာကြသည်။

သာမန်အားဖြင့်မူ မပြောပလောက်ဟု ဆိုကြမည် ဖြစ်သော်လည်း မွေ့ကေသာအတွက်မူ ရင်ဖိုထိတ်လန့်ရသော ဖြစ်ရပ်များပင်။

သူ့ရှင်သည် ပီယရာဇာဒေဝီနှင့် ဘိသိက်ခံယူသည်။ ဒဂုန်သူဆီသည်မ မွေ့မနိတ်ထံသို့ သူ့ရှင်၏ အချစ်တို့ အပြီးအပိုင် ယိမ်းညွတ်သွားပြီဟု သိရသောအခါ မိဖုရားကြီး ဒလမေဒေါ်လည်း ဒေါသကို မသိမ်းဆည်နိုင်တော့။ သူ့ရှင်နှင့် ဒလမေဒေါ်တို့ မသင့်မတင့် ရှိကြ၍ မိဖုရားကိုအရာနုတ်၊ စည်းစိမ်နှင့် ကျေးကျွန်များ သိမ်းစေသည်။ နောက်ဆုံးတွင် ကိုယ်ကာယ၏ ရောဂါဒဏ်၊ စိတ်နှလုံးတို့ ပူပန်သည့်ဒဏ်များဖြင့် မိဖုရား ဒလမေဒေါ်သည် 'ဖုံးမသိန်နှင့် သံပုရာ'သောက်၍ မိမိကိုယ်မိမိ အဆုံးစီရင်သွားပြီဟု မွေ့ကေသာ ကြားသိရတော့သည်။

ယောက်ျားတို့အချစ်ကို မွေ့ကေသာ ကြောက်ရွံ့သွားသည်။

မင်းယောက်ျားတို့ အချစ်၊ သူ့ရဲကောင်းတို့အချစ်။

**ထို့ထက်ပို၍ ထိတ်လန့်စရာ သတင်းကား...**

တလမေဒေါ်နှင့်သင့်သော သားတော် ဘောလောကျန်းဒေါ်သည် ခမည်းတော် ရာဇာဓိရာဇ်ကို ပုန်စားရန် ကြံစည်သဖြင့် လွှက်ရုံးတပ်မင်း အဲ့ကောင်ဗိန်အား သွားရောက် ဖမ်းဆီးစေပြီး သားတော် ဘောလောကျန်းဒေါ်ကို ကွပ်မျက်လိုက်သည်ဆိုခြင်း။

ထိုသတင်းကို ကြားပြီးနောက် သုံးလေးရက်ခန့်အထိ မွေ့ကေသာ ဘုရားကျောင်းဆောင်မှ မထွက်တော့။ မည်သူ့ကိုမျှလည်း အတွေ့မခံတော့။ ထီးရိပ်နန်းရိပ်မှ အပြီးအပိုင် လွတ်ကင်းနိုင်သည့်တစ်နေရာသို့ ထွက်ပြေးသွားမည်ဟုပင် ကြံညိမိသည်။ သို့သော် မသိနိုင်စွမ်းသော အင်အားတစ်ရပ်က ဤတိုက်ကုလားစံအိမ်ကို စွန့်ခွာမသွားနိုင်အောင် ဆွဲငင်ထားပြန်လေသည်။

နေပြည်တော်ဆီက၊ ရွှေနန်းတော်ဆီက၊စစ်မြေပြင်ဆီက သတင်းတို့ ရောက်လာတိုင်း မွေ့ကေသာသည် လှိုင်းပုတ်သောင်ပြင်နှင့် အထိတ်ထိတ်အလန့်လန့် ဆောက်တည်ရာ ကင်းမဲ့သွားတတ်သည်။

သို့သော် ထိုသောကဗျာပါဒတို့သည် ထူးခြားစွာပင် ကုန်ဆုံးသွားခဲ့ပြန်သည်။

မတ်သံလုံ၏ သဝဏ်ရောက်လာသည်း သဝဏ်မှာ မရှည်လှသော်လည်း မွေ့ကေသာအတွက်မူ ကြီးစွာသော စိတ်နှလုံးတို့ ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေလေသည်။

မကြာခင်ကမှ ဘိသိက်ခံယူခဲ့တဲ့ မိဖုရားကြီးပီယရာဇာဒေဝီ ကံတော်ကုန်သည်။

ဟံသာဝတီနေပြည်တော်မှာ ယမန်နေ့က လျှောင်လျှပ်သည်။ ရေကြီးသည်။

မဟာဒေဝီလည်း အနိစ္စရောက်သွားသည်။

မိဖုရားခေါင် မဟေသီအဖြစ် ဘိသိက်ခံခဲ့သည်မှာ မကြာလှ[illegible] သော ပီယရာဇာဒေဝီ ကံတော်ကုန်သွားခြင်းအတွက်၊ နေပြည်[illegible] လျှောင်လျှပ်၊ ရေကြီးသည့်အတွက် မွေ့ကေသာ ထူးထူး[illegible] လှုပ်မိသော်လည်း မဟာဒေဝီ အနိစ္စရောက်သွားသည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ချောက်ချားမိသွားသည်။

မဟာဒေဝီ အရိုးတော်မဟာဒေဝီ။

မွေ့ကေသာ၏ ရိုးသားအေးချမ်းသော ဘဝဟောင်းကို ကုန်ဆုံးစေလျက် ဒုက္ခဆင်းရဲအဖုံဖုံ ကြားထဲသို့ ခေါ်ယူဆွဲသွင်းခဲ့သော မဟာဒေဝီ။ မွေ့ကေသာ၏ နုနယ်သော အသည်းနှလုံးကို ဒဏ်ရာအထပ်ထပ်ရအောင် နှိပ်စက်ကလူ ပြုမူခဲ့ပေသော မဟာဒေဝီ။ မွေ့ကေသာ မုန်းတီးစက်ဆုပ်လှသော မဟာဒေဝီ။ ရန်သူကြီးမဟာဒေဝီ။

မုန်တီးစက်ဆုပ်သော ရန်သူကြီး မဟာဒေဝီ ကွယ်လွန်သွားခြင်းအတွက် မွေ့ကေသာ ဝမ်းမြောက်ဝမ်းသာဖြစ်ရန် ဝေးစွ၊ အမျိုးအမည်မသိသည့် သံဝေဂတစ်ခု၊ ဆင်ခြင်တုံတရားတစ်ခု ဝင်ရောက်လာသည်။ မဟာဒေဝီကို ဘယ်လောက် မုန်းတီးခဲ့သည်ကိုပင် ပြန်၍ မမှတ်မိတော့။ မဟာဒေဝီသည် ပိဘိရန်သူကြီး ဖြစ်ခဲ့သည်ကိုပင် သတိမရမိတော့။

သဝဏ်ကို ဖတ်ပြီးပြီးချင်း ဘုရားကျောင်းဆောင်သို့ ဝင်၍

"မဟာဒေဝီ ကောင်းရာသုဂတိ လားပါစေ၊ ကျွန်မပြုစုရသော ကုသိုလ်ကောင်းမှုအဖို့အား အမျှအတန်း ပေးဝေပါ၏။ ရောက်ရာဘဝမှ ကောင်းမှုအဖို့ အမျှကို ခံယူနိုင်ပါစေ။ သာဓုခေါ်နိုင်ပါစေ"

ဟု လှိုက်လှဲစွာ ဆုတောင်းမိ အမျှပေးဝေမိလေသည်။

မဟာဒေဝီ ကွယ်လွန်ခြင်းနှင့်အတူ မွေ့ကေသာ၏ ရင်ထဲတွင် ရှိနေသေးသော လိုအင်ဆန္ဒ တစ်စုံတစ်ခုလည်း ပျောက်သွားသလို ဖြစ်သွားသည်။ လည်ချောင်းထဲတွင် စူးဝင်နေသည့် အရိုးမြက်တစ်ခု ကြေပျက်သွားသည့်နှယ်ဟု ခံစားရသည်။

ထူးဆန်းစွာပင် အမောင်စောသံမုန် ကျဆုံးသွားခဲ့ခြင်းကိုလည်း ယခုမှပင် အပြီးအပိုင် အသိအမှတ်ပြု နားလည်သွားမိပြန်သည်။ အမောင်စောသံမုန်နှင့် ဘဝခြားခဲ့ပြီး မည်သည့်အခါမျှ မဆုံစည်းနိုင်တော့ဟု ခံစားမိရင်း အမောင့်အတွက် တတမ်းတတ ဖြစ်နေခဲ့သော လွမ်းဆွတ်နာကျင်မှု အစိုင်အခဲများလည်း ပျက်ကြေသွားသည်။

ရုတ်တရက်မှုကား ဘာကိုမှ ခိုတွယ်မှီနားစရာမရှိတော့သော အပြောကျယ်သည့် စကြဝဠာခွင်ထဲသို့ လွင့်စဉ်သွားသလို ဖြစ်သွားသည်။ အချစ်အမုန်းတို့အားလုံး ပျောက်ကွယ်သွားသည့်နှယ်။

သို့သော် ထိုတစ်ခဲနက် အမှောင်တိုက်ထဲတွင် သေးမျှင်ပါးလျားသော အလင်းရောင်တန်းကလေး တစ်ခုကို တဖြည်းဖြည်း ထင်ရှားပြယ်သားစွာ မြင်လာရသည်။ မိမိကိုယ်နှိုက်ကပင် ထိုအလင်းရှိရာသို့ ချဉ်းကပ်လာခြင်းလား။ ထိုအလင်းကပင် မိမိထံသို့ ချဉ်းကပ်လာခြင်းလား။ ဒါကိုတော့ မွေ့ကေသာ သေသေချာချာ မဝေခွဲတတ်နိုင်။

တစ်ခုပဲရှိသည်။

ထိုအလင်းရောင်တန်းကလေးဆီမှ 'နှင်းကေသရာ၊ နှင်းကေသရာ'ဟူသော အသံသဲ့သဲ့ကို ကြားနေမိလေသည်။

* * *

"သူ့နာမည် မင်းသိဒ္ဓတ်လို့ခေါ်တယ်၊အဝဘုရင်မင်းခေါင်ရဲ့ညီတော်၊ ဘုရင်မင်းခေါင်က အထင်လွဲပြီး ကွပ်မျက်မယ်ပြုလို့ ငါ့ဆီလာခိုလှုံလာ"

သူ့ရှင်၏အနီး ညောင်စောင်းတစ်ခုပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကို သူ့ရှင်က ညွှန်ပြရင်း အားလုံးကြားနိုင်သည့် အသံဖြင့် ပြောလိုက်သည်။

နန်းရင်ပြင်တွင် အမှူး၊ အမတ်၊ တပ်မင်း အားလုံးစုံညီ ရှိကြသည်။ မတ်သံလုံသည် 'မင်းသိဒ္ဓတ်'ဆိုသူကို မြင်နိုင်ရန် ရှေ့မှ ကွယ်နေသော သူများထံမှကျော်လျက် လှမ်းကြည့်သည်။ မရယ် မပြုံးသော မျက်နှာဖြင့် မလှုပ်မရှား ထိုင်နေသူကို တွေ့ရသည်။ အသားအနည်းငယ်ညိုအယောင်ရှိ၍ ကိုယ်ခန္ဓာ ကျစ်လျစ်သန်စွမ်းဟန်ရှိသည်။

"အဝနဲ့ ပုဂံသားတို့ မညီမညွတ်ကြဘူးတဲ့။ ဟံသာဝတီအဖို့ ခုအချိန်မှာ အဝဘုရင်ကို မဟာမိတ်ပြုရင်လည်း သင့်မယ်၊ အဲဒါ အဝပြည်ကို ငါ့နိုင်ငံပြုရင်လည်း သင့်မယ်လို့ ငါသဘောရတယ်၊ အဲဒါ အားလုံး စုံညီ တိုင်ပင်ဆွေးနွေးကြဖို့ပဲ"

သူ့ရှင် ရာဇာဓိရာဇ်၏ အသွင်သည် ဗညားနွဲ့မင်းသားဘဝတုန်းကနှင့် လုံးဝခြားနားသွားပြီဖြစ်သည်။ ကိုယ်ခန္ဓာပို၍ ကြီးမားကြံ့ခိုင်လာပြီး လှုပ်ရှားသမျှဟန်၊ ပြောသမျှစကားသံတို့တွင် ဘုရင်တို့ ရာဇသွင်အပြည့်အဝ ပေါ်လွင်နေသည်။

မတ်သံလုံသည် ခပ်လှမ်းလှမ်းမှ အမတ်ဒိန်ကို လှမ်း၍ကြည့်လိုက်သည်။ အမတ်ဒိန်ကလည်း ပြန်ကြည့်နေသည်။ တစ်ဖုံတောင်ခုံဆော



www.burmeseclassic.com

www.burmeseclassic.com



ပါဟူသော အဓိပ္ပာယ်ဖြင့် မတ်သံလုံက မျက်ရိပ် မျက်ခြည် ပြသည်။ အမတ်ဒိန်က နားလည်ဟန်ဖြင့် မျက်တောင်ကို ပုတ်သတ်ပြီး နောက်ဘာမျှမပြောလိုဟူသော အဓိပ္ပာယ်ဖြင့် ခေါင်းကို မသိမသာ ခါယမ်းသည်။

မင်းကြီးသံဖြတ်အပါအဝင် တပ်မင်းများ ဆွေးနွေးကြသည်။

သူ့ရှင်၏ သမက်တော် သမိန်ဥပါကောင်းလည်း တက်ကြွစွာ ဆွေးနွေးသည်။

မတ်သံလုံ အသေအချာမကြားမိ။ ဂရုစိုက်လည်း နားမထောင်မိ။

အကယ်၍ အမတ်ဒိန် တစ်ခုခု ပြောလျှင်တော့ နားထောင်ချင်သည်။

အဝ၊ ဟံသာဝတီ အရေးတော်ကဲ့သို့သော ကြီးမားသည့် အရေးတော်ကြီးအတွက် အမတ်ဒိန်၏ အယူအဆများ မည်သို့ရှိသည်ကို သိချင်သည်။ တစ်ခါက တိုက်ကုလားစံအိမ်တော်၏ ဥယျာဉ်အတွင်း အမတ်ဒိန်နှင့် ဆွေးနွေးခဲ့ဖူးသော စကားများကိုလည်း သတိရနေသည်။

သို့သော် အမတ်ဒိန်ထံမှ တစ်စုံတစ်ရာ ထွက်ပေါ်မလာချေ။

အချိန်မည်မျှ ကြာသွားသည်မသိ။

သံတော်ဆင့်၏ ပြန်တမ်းအမိန့်တော်ကို ကြားရတော့မှပင် မတ်သံလုံ သတိပြန်ဝင်လာသည်။

ထုံးစံအတိုင်းပင် သူ့ရှင်၏ အမိန့်တော်အရ စစ်ရေးသေနင်္ဗျူဟာ ချမှတ်ခြင်းပင်။

"ရေတပ်မှာ ဇလာကပင် သံကွပ်လှေသုံးရာ ပန်းပုရုပ် မွမ်းမံသော ကြေးကွပ်လှေ ငါးရာ၊ ဘီးလူးရုပ် လက်နက်ကိုင်လှေ ငါးရာ စုစုပေါင်း လှေတစ်ထောင့်သုံးရာ စစ်ကဲအဖြစ် သမိန်ဥပါကောင်း၊ လှေတပ်ဗိုလ်ချုပ်မင်းအဖြစ် သမိန်ဗြဓ္မ၊ ရှေ့ဆုံးချီရန် စစ်ဦးစီးမှူးအဖြစ် လဂွန်းအိန်"

အမတ်ဒိန်ကို လှမ်းကြည့်လိုက်သည်။ အမတ်ဒိန်က ပြုံးပြနေသည်။

"သူ့ရှင် ရာဇာဓိရာဇ်ရဲ့ လှေကိုခြံရံဖို့ လှေတပ်တွေက သမိန်သံလှစ်တစ်တပ်၊ သမိန်ဖောက်တစ်တပ်၊ သမက်တော် သမိန်ဗရမ်းတစ်တပ်၊ သမိန်သံကြယ်တစ်တပ်၊ သမိန်အဝမင်းကြီးတစ်တပ်၊ သမိန်အဝန်နိုင်တစ်တပ်"



သံတော်ဆင့်၏ အသံဝါကြီးသည် စစ်လက်ာကို တဟုန်ထိုး ရွတ်ဖတ်နေသည့်နှယ် ဖြစ်သည်။

"အဲဒီခြောက်တပ်ရဲ့ နောက်က လိုက်ရမယ့် လှေတပ်တွေက အမတ်ဒိန်မဏိရွတ် တစ်တပ်၊ သမိန်ရဲသင်ရဲတစ်တပ်၊ သမိန်ဗြတပိုက်တစ်တပ် စုစုပေါင်း ရေတပ်တွင် တစ်ဆယ့်နှစ်တပ်"

မတ်သံလုံက အမတ်ဒိန်ကို ပြန်၍ ပြုံးကြည့်လိုက်သည်။

"သံလုံငယ်၊ စစ်ထွက်ရမှာမို့ မြူးနေပြီလားဟေ့၊ ပြုံးလို့ ရယ်လို့ပါလား"

သူ့ရှင်၏ အောင်မြင်သောအသံကို ကြားလိုက်ရသဖြင့် မတ်သံလုံ ရှေ့သို့ ပြန်လှည့်လိုက်ရသည်။ သူ့ရှင်၏စူးရှသော မျက်လုံးများကို ရင်ဆိုင်လိုက်ရသည်။

စစ်ရေးစစ်ရာ အစီအမံ တစ်ခုခုရှိတိုင်း မိမိအား သံလုံငယ်ဟု တသီးတခြား ခေါ်ဝေါ်တတ်သော သူ့ရှင်၏ အကျင့်ကိုလည်း သတိရသွားသည်။ သူ့ရှင်၏ မိမိအပေါ် ထားရှိသော စေတနာ၊ သံယောဇဉ်ကို နွေးထွေးစွာ ခံစားလိုက်မိသည်။

ထိုအခါဝယ် မတ်သံလုံ၏ နှလုံးတွင်း၌ စစ်သွေးတို့ ဆူဝေလှည့်ပတ်လာလေသည်။

"သူ့ရှင် ဓားဦးညွှန်ပြရာ အရပ်မှာ နတ်ဘီလူးစစ်သည်ပဲရှိရှိ ကျွန်တော် မဆုတ်မတွန့် တိုက်ပါ့မယ်"

မတ်သံလုံ တက်ကြွစွာ ပြောဖြစ်သည်။

အမတ်ဒိန်ကို သတိမေ့သွားသည်။

စုံညီစုဝေးသည့် ညီလာခံပြီးသွားပြီဖြစ်၍ တပ်မင်းများ နေရာမှ ထကြသည်။ ဓားအိမ်ချင်း ထိခတ်သံများ နန်းရင်ပြင်၌ ထွက်ပေါ်လာသည်။

အဝဘုရင်မင်းခေါင်၏ ညီတော် မင်းသိဒ္ဓတ်ကား အသက်ငယ်ငယ်နှင့် တပ်မှူး စစ်ဦးစီးမှူးဖြစ်နေသည့် မတ်သံလုံကို ငေးကြည့်နေသည်။

* * *

တိုက်ကုလား စံအိမ်တော်ရှိ နှင်းကေသရာထံသို့ တပ်မှူး လဂွန်း

www.burmeseclassic.com

www.burmeseclassic.com



အိန် သဝဏ်ရောက်လိုသည်မှာ–

**"ကျုပ် ဒီသဝဏ်ကို အဝနိုင်ငံဆီ ဆန်တက်နေသည့် ရောဝတီ** မြစ်ပြင်ပေါ်မှ မိကျောင်းရဲလှေ၏ ပေါင်းမိုးထဲမှာ ရေးလိုက်ခြင်းဖြစ်သည် နှင်းကေသရာ။

သူရှင်၏ အမိန့်တော်ဖြင့် ရေကြောင်း အလုံးအရင်းကြီးများစွာ စစ်ချီရာတွင် ကျုပ်သည် စစ်ဦးစီးမှူးအဖြစ် အမှုတော်ထမ်းနေရသည်။ အဝနိုင်ငံသို့ နက်ဖြန်နံနက် ရောက်ကြမည်။ မြစ်ရေနှင့် ရှုရှိုက်ရသဖြင့်လည်းကောင်း၊ စစ်ချီရာခရီးတွင် ကောင်းစွာ အနား ရသဖြင့်လည်းကောင်း၊ ကျုပ်၏ ကျောပြင်မှ အနာ ပျောက်ကင်း သက်သာခဲ့ပြီ။ သမားတော်များကတော့ မြစ်ရေနှင့် ရှုရှိုက်ရခြင်းကြောင့်ဟု ပြောသည်။ ကျုပ်ကမူ နှင်းကေသရာ ပြုစု ကုသပေး ခဲ့ခြင်းကြောင့်ဟုသာ ယုံကြည်ထားသည်။ နှင်းကေသရာ ကို ကျုပ် ကျေးဇူးတင်လှတော့သည်။

ရောဝတီမြစ်ရေပြင်တွင် မိကျောင်းရဲလှေဖြင့် ဆန်တက်ရင်း ညအခါဆိုလျှင် ကောင်းကင်၌ အထူးပင် လသာသည်။ ဒီညမျိုး တွင် နှင်းကေသရာ၏ မိကျောင်းစောင်းသံနှင့် တေးဆိုသံကို တိုက်ကုလားစံအိမ် ဥယျာဉ်ထဲ၌ နားဆင်ရပါက ကောင်းလေစွ ဟု ကျုပ် မြည်တမ်းမိသေးသည်။

သို့သော် မိကျောင်းစောင်းသံအစား ကျုပ်၏ မိကျောင်းရဲလှေမှ လှေတက်ခတ်သံတို့ကိုသာ ကြားနေရသဖြင့် ကျုပ် ယခု သဝဏ် ရေးစဉ်မှာပင် ပြုံးမိသေးတော့သည်။

အဝဘုရင်ကလည်း ကြည်းကြောင်း၊ ရေကြောင်း အလုံးအရင်း ဖြင့် စစ်ကို ငံ့နေသည်ဟု ကြားသိရသည်။ ကြီးကျယ်သော စစ်ကို တိုက်ရတော့မည် ဖြစ်သဖြင့် ကျုပ် စိတ်များ တက်ကြွ မိတော့သည်။

ယခု ဤသဝဏ်နှင့်အတူ ပို့လိုက်သော ပန်းမျိုးစေ့များမှာ ကျုပ်၏ အကြပ်အမှူးတစ်ဦး ရရှိလာသော ပန်းမျိုးစေ့များ ဖြစ် သည်။ ပန်းအမည်ကို ပြောသော်လည်း ကျုပ် မေ့သွားသည်။ နှင်းကေသရာတော့ သိနိုင်လိမ့်မည် ထင်သည်။

တပ်မှူး လဂွန်းအိမ်



* * *

တိုက်ကုလားစံအိမ်တော်ရှိ နှင်းကေသရာထံသို့ တပ်မှူးလဂွန်းအိမ် သဝဏ်လွှာ ရောက်လိုက်သည်မှာ–

ကျုပ်တို့တပ်များ စစ်ကိုင်းကို သိမ်းယူ၍ အခိုင်နေပြီ။ အဝ နေပြည်တော်အထက်က တကောင်းမြို့ကိုလည်း သိမ်းယူပြီးပြီ။ သို့သော် အဝဘုရင်၏ တပ်မနှင့် ရင်ဆိုင်၍ ကြီးကျယ်သော စစ်ကား မပြုရသေး။

ကျုပ်တို့ မျှော်လင့်ထားသလိုမဟုတ်။ စစ်မက်အရေး အေးချမ်း မည် ထင်ရသည်။

ယခု အဝဘုရင်ထံမှ လွှတ်သော ရဟန်းတစ်ပါး သူရှင်တပ်သို့ ရောက်လာသည်။ သူ့အမည် ပင်းယစကြီသူမြတ်ဟု သိရသည်။ ပိဋကတ်ဗေဒင်၌ ကျွမ်းကျင်၍ သက်တော်သုံးဆယ့်တစ်၊ ဝါတော် ဆယ့်တစ်ရှိပြီဟု ဆိုသည်။

စစ်ရေး ပြေငြိမ်းကျေးအေးကြရန် သူရှင်နှင့် ထိုရဟန်းသူမြတ်တို့ စကားဆိုနေကြသည်။ ရဟန်းသူမြတ်နှင့် သူရှင်တို့ပြေပြစ်ချောင်ကြသည် ဟု သိရသည်။

ကျုပ်ကျောပြင်မှအနာ လုံးဝကင်းစင်သွားပြီ နှင်းကေသရာ။

တစ်နေ့ဆီက ကြေးမုံပြင်တွင် ကြည့်မိရာတွင်လည်း ကျုပ် မျက်နှာတွင် မီးဟပ်သည့် အညိုအမည်းကွက်များ ပျောက်ကွယ်နေ ကြောင်း တွေ့ရသည်။

ယခု သဝဏ်နှင့်အတူ ပို့လိုက်သော ဆင်းတုတော်ငယ်မှာ စစ်ကိုင်းတောင်ပေါ်ရှိ ဘုရားပုထိုးမှ စေတီရံရှိ ဆင်းတုတော်ဖြစ်သည်။ ဘုရားအမှုလုပ် ဝန်ထမ်းများအား အသပြာပေး၍ ကျုပ်ဝယ်ခြင်း၊ ပူဇော် ခဲ့ခြင်း ဖြစ်သည်။ တိုက်ကုလားစံအိမ်ရှိ ဘုရားကျောင်းဆောင်တွင် ရုပ်ပွားတော်များ များပြားနေသည်ကို ကျုပ်သိသော်လည်း စစ်ကိုင်းမှ ရုပ်ပွားတော်ဖြစ်၍ နှင်းကေသရာ ဝမ်းသာလိမ့်မည်ဟု ထင်သည်။

နှင်းကေသရာ ထည့်သွင်းထုပ်ပိုးပေးလိုက်သည့် ပန်းဆေါင်းနံ့သာ ဆီဘူးများအနက်မှ အနီရောင်ဘူးတွင် ပန်းပေါင်းဆီကုန်သွားပြီ။ နှင်း ကေသရာမှာလိုက်သည့်အတိုင်း အဖြူရောင်ဘူးကို ယနေ့မှစ၍ ဖွင့်သည်။

**တပ်မှူး လဂွန်းအိမ်**

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ကုလား စံအိမ်တော်ရှိ နှင်းကေသရာထံသို့ တပ်မှူးလင်္ကွန်း အိမ် သဝဏ်လွှာတ်ရောက်လိုသည်မှာ-

ပင်းယစကြိုသူမြတ်နှင့် သူ့ရှင်တို့ စေ့စပ်ပြေပြစ်ကြပြီး ကျုပ် တို့တပ်များ နုတ်ပြီး ပြန်မည်ဆိုမှပင် အရေးတော်ထပ်၍ ပေါ်ပေါက် သည်။

သူ့ရှင်၏ သဒ္ဓါတရားဖြင့် ရွှေကြက်ယက်ဟု ခေါ်သော အရပ် တွင် ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျုပ် တို့ လေ့တပ်အားလုံး စုန်မည်အပြုတွင် သူ့ရှင်ဆောက်သော ဘုရား ကျောင်းကို အဝစစ်သည်များ မီးတိုက်သည်ဟု သတင်းစကားဖြစ်ပေါ် သည်။ အကယ် တည့်မှန်မမှန်ကိုမူ မသိရ။ ဘုရားကျောင်း ပြာကျနေ သည်ကား အမှန်ဖြစ်သည်။

သူ့ရှင် အမျက်ပြင်းစွာဖြင့် တင်ပြန်ချီသည်။

အဝကိုရအောင် လုပ်ကြမည်ဟု ကြုံးဝါး၍ ကျုပ်တို့တပ် ပြန်ချီ သည်။

စစ်သည် နီးကပ်လာပြန်ပြီ နှင်းကေသရာ။

အရေးတော် ကြုံလာပြီဖြစ်သဖြင့် ဤသဝဏ်နှင့်အတူ သူတို့ အထက်ဒေသကထွက်သော ပန်းမွှေး အဆီဘူးတစ်ဘူးသာ ပို့လိုက်နိုင် သည်။

**တပ်မှူးလင်္ကွန်းအိမ်**

* * *

"တိုက်ကုလား စံအိမ်တော်ရှိ မေနှင်းကေသရာထံသို့

အမတ်ဒိန် မဏိရွတ် သဝဏ်လွှာတ်ရောက်ရှိ လိုသည်မှာ-

သံလုံငယ် ကိုယ်တိုင်ရေးသော သဝဏ်မဟုတ်၍ မွေ့ကေသာ စိတ်မပူပန်နှင့်။

သူ့ရှင်နှင့်တကွသော မင်းတပ်မှူးများ စစ်ပွဲတွင် ရောက်ရှိနေကြ သည်။

သံလုံငယ်၏ အမှာအကြားအရ ငါကိုယ်တိုင် ကေသာ့ထံသို့ သဝဏ်လွှာတ်ရောက်ခြင်းဖြစ်သည်။ သံလုံငယ် အနာမရှိ။ စစ်တွင် ကောင်းစွာ ပွဲဝင်လျက်ရှိသည်။

သာဝတ္ထိဟုသောအရပ်တွင် အဝတပ်နှင့် သံလုံငယ်တပ်တို့ ပြင်း စွာ တိုက်ကြသည်။

**သူ့အင်အား ကြီးလှ၍ သံလုံငယ် တောတွင်းသို့ ခိုရသေးသည်။**

သို့သော် တပ်များပြန်စု၍ အဝ ပုခန်းမင်းတပ်၊ တစ်လုပ်စားတပ် တို့ကို ဖိတိုက်ပြန်ရာတွင် ရန်သူတို့ တပ်ပျက်သည်။

အခြားတပ်များထက် သံလုံငယ်၏ တပ်သည် လက်ရသုံ့ပန်း ဆင်မြင်း ဗိုလ်ခြေ ပိုရသည်။ သူ့ရှင်က ဆုလာဘ်များစွာ ချီးမြှင့်သည်။ သံလုံငယ် ပွဲကောင်းရပေသည်။

မွေ့ကေသာ မစိုးရိမ်နှင့်။

"ညည်းခင်ပွန်းသည် သူ့ရဲကောင်းစစ်စစ် ဖြစ်တော့သည်"

**အမတ်စစ်သူကြီး အမတ်ဒိန် မဏိရွတ်။**

* * *

"ဒီအဝအမတ်စစ်သည်က အရွယ်ငယ်ပေမယ့် စကားပြော တယ် ပြေပြစ်ပေတာပဲ၊ မင်းက အင်းပဲသူကြီးဟုတ်လား"

"ဟုတ်ပါတယ် သူ့ရှင်"

"နားထောင်စမ်း အင်းပဲ သူကြီး"

"မှန်ပါ့သူ့ရှင်"

"မြသိတင်း ရွှေစံတော်ဘုရားရင်ပြင်တော်ပေါ်မှာ မင်းတို့ ဘုရင် မင်းခေါင်နဲ့ ငါနဲ့သစ္စာဆိုခဲ့ကြတယ်၊ ပြီးတော့ စစ်ကို ငြိမ်းအေးဖို့ ကတိကဝတ်ထားခဲ့ကြတယ်၊ ပြီးတော့ ညီတော် မင်းခေါင်ကပဲ ငါ့အကြောင်း မဟုတ်မမှန် ကြမ်းကြုတ်တဲ့စကားနဲ့ ဇင်းမယ်မင်း ထံ စာရေးလို့၊ ဇင်းမယ်နဲ့ ငါနဲ့လည်း စစ်ဖြစ်ခဲ့ရတယ်၊ ဟုတ်လား ဟေ့ အင်းပဲသူကြီး"

အင်းပဲသူကြီးက စကားပြန်မဆို။

"အခုတစ်ခါ အဝဘုရင် စစ်သည် မှူးမတ်အစုနဲ့ ငါ့စစ်သည် မှူးမတ် အစုတို့ သစ္စာပြုကြဖို့ ညီတော်မင်းခေါင် စကားဆိုလာ ပြန်သည်။ ဒီတစ်ခါသစ္စာပြုပြီးရင်ကော ညီတော်မင်းခေါင်က အယုဒ္ဓယမင်းဆီ စာရေးဦးမှာလားကွဲ့"

နန်းရင်ပြင်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

သို့သော် သူ့ရှင်၏ မျက်နှာတွင် ဒေါသအရိပ်အယောင်တို့ မရှိကြောင်း မတ်သံလုံ တွေ့နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်နုပျိုသော အဝအမတ်စစ်သည် အင်းပဲသူကြီးလည်း သူ့ရှင်၏ ပလ္လင်ရှေ့တွင် ဒူးထောက်၍ ရဲရင့် တည်ကြည်စွာ ပြန်ပြောလေသည်။

"စစ်မက်အရေးမှာ တစ်ဖက်နဲ့တစ်ဖက်ဟာ ဖောက်ပြန်မှုတွေကိုပဲ မြင်တတ်ကြပါတယ် သူ့ရှင်၊ ကောက်ကွေးတဲ့ ချွန်းသီးလက်နက်ဟာ ဖြောင့်စင်းတဲ့ လှံတံရိုးကို မချိတ်နိုင်ပေမဲ့ သူ့လိုပဲ ကောက်ကွေးတဲ့ ချွန်းသီးတစ်ခုနဲ့တော့ ချိတ်ငင်နိုင်စမြဲ ဖြစ်ပါတယ်၊ ကျွန်တော်မျိုးရဲ့အရှင်သခင် ဘုရင်မင်းခေါင် အမှာတော်ရှိလိုက်တာက ဒီလိုသာ တစ်ဦးတစ်ဦး ပြောဆိုစွတ်စွဲတိုက်ခိုက်နေကြမယ်ဆိုရင် သံသရာဆုံးတော့မယ်မဟုတ်၊ ဝိပရိတ်စစ်လည်း ဆုံးတော့မည်မဟုတ် ဒီအခါမှာ နှစ်ဖက်တိုင်းသူပြည်သားများ၊ လယ်ယာချောင်းမြောင်း စပါးကျည်များ၊ သူရဲကောင်းနဲ့ ဆင်မြင်းရိက္ခာများ နွမ်းနယ် ပျက်စီးကုန်ကြမှာ ဖြစ်တဲ့အတွက် အပြစ်တွေကို စွန့်ပယ်ကြပြီး နှစ်ဖက်မှူးမတ်တွေ အချိန်းအချက် သစ္စာဆိုကြဖို့ ဘုရင်မင်းခေါင်က အလိုရှိနေပါတယ်၊ ပြီးတော့ ဘုရင်မင်းခေါင်ရဲ့ အမှာစကားအရဆိုလျှင် အေးချမ်းသော ထီးဖြူရိပ်နှစ်ရိပ်ဖြစ်ဖို့အတွက် ညီတော်ဖြစ်သူက နောင်တော် သူ့ရှင် ရာဇာဓိရာဇ်ကို ကမ်းလှမ်းအားကိုးနေပါတယ်လို့ ဆိုပါတယ် သူ့ရှင်"

နန်းရင်ပြင်၌ ပြန်လည်တိတ်ဆိတ်သွားသည်။

အင်းပဲသူကြီး၏ အောင်မြင်သောအသံသည် ကနုတ်ကွက်တိုင်လုံးများကို ရိုက်ခတ်ကာ ရင်ပြင်ထဲရှိ လူအားလုံး၏ ရင်ထဲသို့ စီးဝင်သွားလေသည်။

"အမတ်ဒိန် ဘယ်လိုသဘောရလဲ"

အနီးရှိ တပ်မှူးများ စစ်ကဲများကို ကျော်လျက် ခပ်လှမ်းလှမ်းရှိ အမတ်ဒိန်ကို သူ့ရှင် လှမ်း၍ မေးသည်။

အမတ်သည်ဒိန်သည် မတ်သံလုံကို ဇေ့ကြည့်လိုက်ပြီး ဒူးထောက်လိုက်လေသည်။

"အင်းပဲသူကြီးလျှောက်တင်တဲ့စကားဟာ သင့်မြတ်တဲ့စကားဖြစ်ပါတယ်သူ့ရှင်၊ ကမ္ဘာလောကရဲ့ တရားဓမ္မနဲ့လည်း ယှဉ်ပါတယ်၊ ကျယ်ပြန့်နက်ရှိုင်းတဲ့အမြင်ကိုလည်း ဆောင်ပါတယ်၊ ဘုရင်မင်းခေါင်ရဲ့ ကမ်းလှမ်းချက်ဟာလည်း ယဉ်ကျေးချိုသာဖွယ်ဖြစ်တာမို့ လက်ခံဆောင်ရွက်သင့်ပါတယ်"



"မင်းကြီးသမိန်ဗြဓ္ဓ၊ သမိန်အဝ နံနိုင်၊ သမိန်ဗိပ်ဗြဲ၊ သမိန်ဥပါကောင်းတို့ကော ဘာပြောချင်ကြသလဲ"

"သဘောချင်း ညီပါတယ် သူ့ရှင်"

"အမတ်ဒိန် စကား သင့်မြတ်ပါတယ်"

သူ့ရှင် ရာဇာဓိရာဇ်သည် နှစ်ခြိုက်စွာ ပြုံးလိုက်လေသည်။ တင်းမာ ခက်ထန်ခြင်းတို့ ပျောက်ကွယ်နေသည့် သူ့ရှင်၏ မျက်နှာမှာ ယခုလို အခါမျိုးတွင်လည်း စင်စစ် နှစ်လိုဖွယ် ဖြစ်သည်ဟု မတ်သံလုံ တွေးနေမိသည်။

"ကောင်းပြီ အင်းပဲသူကြီး၊ မင်းသွားနိုင်ပြီ၊ သစ္စာစကားဆိုကြမယ့် နေ့ရက်အချိန်ကာလတွေကို အမတ်စစ်သူကြီး အချင်းချင်း အချိန်းအချက် ပြုကြပေတော့"

အင်းပဲသူကြီးသည် သူ့ရှင်ကို ဦးခိုက်လျက် နန်းရင်ပြင်မှ ထသည်။

သစ္စာစကားဆိုကြမည့် အချိန်းအချက် အစီအမံကို ညနေပိုင်းတွင် ဆွေးနွေးကြသည်။

ပန်းကျော်ချောင်း သောင်ပြင်အရပ်။

လပြည့်နေ့ ညနေခင်း။

ထိုနေ့ ညဉ့်ဦးတွင် အင်းပဲသူကြီး ပြန်သွားသည်။

ညဉ့်လယ်တွင် သူ့ရှင်၏ နန်းတော်၌ တပ်မင်းများ၊ စစ်ကဲများ၊ တပ်မှူးများ တွေ့ဆုံကြရပြန်လေသည်။

သလွန်ငယ်တွင် ထိုင်သော သူ့ရှင်၏ ဝဲယာကို ဝန်းရံလျက် တပ်မင်းများ စုဝေးထိုင်ကြသည်။ သမိန်ဗြဓ္ဓ၊ အမတ်ဒိန်၊ သမိန်အဝနံနိုင်၊ သမိန်ဗိပ်ဗြဲ၊ သမိန်ဥပါကောင်း၊ သမိန်သံလှစ်၊ သမိန်သံကြယ်၊ အမတ်မဟာသမွန်နှင့် မတ်သံလုံ။

ညဉ့်လယ်တွင် ထပ်မံစုဝေးကြရမည်ဟူသော အမိန့်ကို နောက်ကျမှ သိရသဖြင့် မတ်သံလုံ ရောက်သွားသောအချိန်တွင် အားလုံးစုံညီနေရုံမျှမက ဆွေးနွေးနှီးနှောမှုစကားတို့ပင် အတော်အတန် ပြီးစီးနေလေပြီ။

မတ်သံလုံ ထိုင်မိချိန်တွင် မင်းကြီးသမိန်ဗြဓ္ဓ စကားပြောနေသည်။

"ကိုယ့်ကို သူက သစ္စာစောင့်ရင် ကိုယ်ကလည်း သစ္စာစောင့်ရမှာပဲ၊ သူက မစောင့်ရင် ကိုယ်ကလည်း စောင့်စရာမလိုဘူး၊ စစ်အေးကာလမှာ သစ္စာဆိုတာဟာ အခြေအနေ အရှုပ်ရှုပ်ကိုလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားမှာပဲ၊ ဒါဟာ နည်းပရိယာယ်ရဲ့ အစွယ်အပွားတစ်ခု ဖြစ်တယ်"

သမိန်သံလုစ်ကလည်း စိတ်အား ထက်သန်စွာ ဝင်ပြောသည်။

"မင်းကြီးသံဖြတ်ပြောတာ ဟုတ်တယ်၊ ကျွန်တော် နားလည်တာကလည်း သစ္စာဆိုတာ အရှင်သခင်နဲ့ ကျွန်အကြားမှာပဲ ဖြစ်ပေါ်နိုင်တယ်၊ ရန်သူနဲ့ မိမိအကြားမှာ သစ္စာဆိုတာ မရှိနိုင်ပေဘူး၊ ရန်သူအပေါ်ကို ကျင့်သုံးဖို့က သစ္စာစောင့်သိခြင်းမဟုတ်ဘူး၊ သေနင်္ဗျူဟာနဲ့ဖြစ်ဖြစ်၊ နည်းဗျူဟာနဲ့ ဖြစ်ဖြစ် အနိုင်ယူဖို့ပဲ"

စကားနည်းသော သမိန်ဥပါကောင်းပင် လေးဆေးစွာဖြင့် ဝင်ရောက်ပြောဆိုသည်။

"စစ်ပွဲမှာ လက်ဦးမှု ရယူခြင်းဟာ အရေးကြီးတဲ့အချက်ဖြစ်တယ်"

အပြည့်အစုံကို နားမလည်သော်လည်း လပြည့်နေ့ ပန်းကျော်ချောင်း သောင်ပြင် သစ္စာဆိုပွဲအတွက် ရည်ညွှန်းနေကြသည်ကို မတ်သံလုံ သိလိုက်သည်။ ဝင်ရောက်ပြောဆိုခြင်း မပြုသော အမတ်ဒိန်အနီးသို့ မတ်သံလုံ တိုးသွားသည်။ အမတ်ဒိန်က မသိမသာ ခေါင်းယမ်းပြနေသည်။

မတ်သံလုံ ဘာမျှ ဝင်မမေးတော့။

သူ့ရှင်က တိကျပြတ်သားစွာ စကားဆိုသည်။

"အဲဒီတော့ သောင်ပြင် သစ္စာဆိုပွဲပြီးရင် အစီအမံအရ မင်းတို့ အမတ်စစ်သည်အဖွဲ့က ဘုရင်မင်းခေါင်ဆီ သွားကန်တော့ကြ၊ ပဏ္ဏာဆက်ကြရမယ် မဟုတ်လား၊ အဲဒီအချိန်မှာ အဝဘုရင်ကို ရအောင်ဖမ်း၊ အဝ အမတ်စစ်သည်တွေကလည်း ငါ့ဆီ လာကန်တော့ကြမယ်၊ သူတို့ကိုလည်း ဒီက ဖမ်းထားလိုက်မယ်၊ ပိပိရိရိ ရှိကြစေ"

အားလုံး အသီးသီး နေရာမှ ထကြသည်။

မတ်သံလုံလည်း အကျိုးအကြောင်း အစုံအလင် မသိရသေးဘဲလျက် နေရာမှ ထရသည်။

"သစ္စာဆိုမယ့် သဲသောင်ပြင်မှာ ဓားလှံတွေ မြှုပ်ထားဖို့ သမိန်သံလုစ် တာဝန်ယူထားတယ် မဟုတ်လား"

သမိန်ဥပါကောင်း မေးသံကို မတ်သံလုံ ကြားလိုက်ရသည်။

"ဟုတ်ပါတယ် ဥပါကောင်း၊ ကျုပ် တာဝန်ယူထားတယ်၊ အစစ စိတ်ချထားပါ"



သူ့ရှင် ရာဇာဓိရာဇ်လည်း အတွင်းဆောင်သို့ ပြန်ဝင်သွားခဲ့ပြီဖြစ်သည်။ အမတ်ဒိန်ကို မတ်သံလုံ ရှာကြည့်သေးသည်။ မတွေ့ရတော့။ နောက်ဆုံး နန်းဆောင်ထဲတွင် တစ်ဦးတည်း ကျန်တော့သည်ကို သတိပြုမိတော့မှပင် မတ်သံလုံ တဲစခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

မှောင်မိုက်သော ညဉ့်အလယ်တွင် တပ်စခန်းသို့ တစ်ကိုယ်တည်း ပြန်လာရင်း မတ်သံလုံ ရင်ထဲ၌ တစ်ခုခုသည် ပိတ်ဆို့နေသည်။ စောစောက တပ်မှူးများ စုံညီဆွေးနွေးပွဲကို ဘဝင်မကျ။ 'သစ္စာဆိုပွဲ' အတွက် မင်းကြီးသံဖြတ်နှင့်တကွသော တပ်မင်းကြီးများ ပြောကြသည်ကို စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားနေရသည်။ သမိန်သံလုစ် တာဝန်ယူထားသည်ဆိုသော အစီအစဉ်အတွက်လည်း နောက်ကျိရှုပ်ထွေးနေသည်။

ကင်းစောင့်လုံ့ရှည်ကိုင် ရဲမက်နှစ်ဦး အလယ်မှဖြတ်လျက် တဲအတွင်းသို့ ဝင်လာခဲ့သည်အထိ မတ်သံလုံအတွေးများ ရှုပ်ထွေးနေသည်။ ကိုယ်ကျပ် သင်တိုင်းကို မချွတ်ဘဲ စက်ရာပေါ် လှဲချလိုက်သည်။ 'သစ္စာဆိုတာ'ဟူသော စောစောက ဆွေးနွေးပြောဆိုသံများသည် နားထဲက မထွက်။

မတ်သံလုံ စက်ရာမှာ ပြန်ထသည်။ ခေါင်းရင်းရှိခုံပေါ်မှ ဆီမီးကို ထွန်းညှိပြီး ငေးငိုင်စွာ ထိုင်နေမိပြန်သည်။ အမတ်ဒိန်နှင့် မတွေ့လိုက်ရ။ စကားမပြောလိုက်ရ၍လည်း စိတ်ထဲတွင် မကျေနပ်။ ယခုညမှပင် အမတ်ဒိန်နှင့် စကားတွေ ပြောနေချင်သည်။ အမတ်ဒိန် ပြောပြောနေတတ်သည့် လေးနက်ကျယ်ပြန့်သော စကားများကို နားထောင်ချင်မိသည်။

ရင်ထဲတွင် တစ်ခုခု ပြည့်ကျပ်လာသဖြင့် အနီးရှိ ပေရွက်နှင့် ကညစ်တံကို လှမ်းယူလိုက်သည်။ ဆီမီး နောက်ထပ်တစ်ခု ထွန်းညှိလိုက်သောအခါ လုံလောက်သော အလင်းရောင်ကို ရရှိလာလေသည်။

ပေရွက်ပေါ်သို့ ကညစ်ကို တင်လိုက်သည်။

ချွန်မြသော ကညစ်သွားတို့ စတင် လှုပ်ရှားသည်။

တိုက်ကုလား စံအိမ်တော်ရှိ နှင်းကေသရာထံ တပ်မှူးလင်္ကာန်းအိမ်သဝဏ်လွှာရောက်လိုသည်မှာ—

အဝဘုရင်နှင့် သူ့ရှင်တို့၏ နှစ်ဖက်စစ်သည်အစုတို့ စစ်ပြေငြိမ်းရေးအတွက် သစ္စာဆိုပွဲပြုလုပ်စီမံကြသည်။ လပြည့်နေ့ ညနေခင်း ပန်းကျော်ချောင်း သောင်ပြင်တွင် အချိန်းအချက်ပြုရာ ကျွန်ုပ်လည်း ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သစ္စာဆိုပွဲမှသည် ကြီးမားသော အရေးတော်တစ်ရပ် ပေါ်ပေါက်ဦးမည်ဟု ကျုပ် စိတ်ထဲ ထင်နေမိသည်။ သစ္စာဟူသော စကားနက်ကို ကျုပ်တို့ တပ်မှူးများ အမျိုးမျိုးဖွင့်ဆိုကြရာတွင် ကျုပ် စိတ်ထဲ မရှင်းမလင်း ရှိလှတော့သည်။

သောင်ပြင်အောက်တွင် ဓားလှံများ မြှုပ်ဝှက်ထားပြီး အမတ်စစ်သည်တို့ကို လက်ရဖမ်းရန် အစီအရင်ပြုကြသည်။ ဤအရေးသည် ပြုထိုက်သလော၊ မပြုထိုက်သလော၊ ကျုပ်တွေးမရ ရှိနေသည်။ သူ့ရှင်ရာဇာဓိရာဇ်ကမူ–

သဝဏ်သည် အဆုံးမသတ်နိုင်ခဲ့။ 'သူ့ရှင်ရာဇာဓိရာဇ်'ဟူသော စာလုံးများကို ရေးရင်း လေးစားမြတ်နိုးသော သူ့ရှင်၏ မျက်နှာကို ပေရွက်ပေါ်တွင် မြင်ယောင်လာသောအခါ ကညစ်ကိုင်ထားသော လက်တို့ တုံ့ဆိုင်းသွားလေသည်။

ထောက်ထားသော လက်နှစ်ခုအကြားသို့ ဦးခေါင်းကို ထိုးထွင်းပြီး အဖြေရလဒ် မထွက်နိုင်သော ပြဿနာကို မတ်သံလုံ စဉ်းစားတွေးတောမိပြန်သည်။

ညဉ့်သန်းခေါင်လွဲ ပဟိုရ်တီးသံ ပေါ်ထွက်လာပြီး အစောင့်ရဲမက်တို့ လှူလဲသည့် အသံများပင် ကြားရပြီ ဖြစ်သည်။

မတ်သံလုံသည် ရေးလက်စ ပေရွက်ကို မီးသေခါစ မီးဖိုထဲသို့ ပစ်လိုက်သည်။ ခြောက်သွေ့ ကြွပ်ဆတ်သော ပေရွက်သည် လူးလွန့်ယှက်လိမ်သွားပြီး မီးလောင်ကျွမ်းသွားသည်။ သို့သော် မီးဖိုမှာလည်း မီးခဲအနည်းငယ်သာ ရှိသည့်အတွက် အားလုံးကို လောင်ကျွမ်းမသွားခဲ့။ ပေရွက်၏ အစိတ်အပိုင်းတစ်စ ကျန်ရစ်ခဲ့သည်။

ထိုအစအနပေါ်တွင် မတ်သံလုံ ရေးခဲ့သော စာလုံးနှစ်လုံး ပေါ်နေသည်။

မီးလောင်ကျွမ်းမသွားသော ပေရွက်အစအနပေါ်မှ စာလုံးနှစ်လုံး။

"သစ္စာ"

* * *

လပြည့်နေ့ဖြစ်သဖြင့် နေလုံး မကွယ်ပျောက်မီမှာပင် ပြည့်ဝန်းသော လသည် အရှေ့မိုးကောင်းကင်တွင် ထင်ရှားစွာ ပေါ်နေသည်။ မိုးကောင်းကင် နီညိုပြာ၏ အောက်ဝယ်–



ပန်းကျော့်ချောင်း သောင်ပြင် တစ်လျှောက်လုံး အဝစစ်သည်၊ ဟံသာဝတီစစ်သည်များဖြင့် ပြည့်ညပ်လျက် အရောင်အသွေးစုံ တံခွန်များသည် ကျယ်ပြောသော ချောင်းရေပြင်ကို ဖြတ်တိုက်လာသည့် လေပြည်တွင် ဖြိုးဖြိုးဖျတ်ဖျတ် လှုပ်ခါလျက်။

စစ်ပွဲကြီးများကို ခြိမ့်ခြိမ့်သဲ တစ်ခဲနက် တိုက်ခိုက်ခဲ့ကြသည်ဆိုခြင်းကိုပင် မယုံနိုင်စရာ ဖြစ်နေသည်။ နှစ်ဖက်စစ်သည်တို့ ပန်းကျော့်ချောင်း သောင်ပြင်၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူရင်း နောက်ပြောင် ကျီစယ်နေကြသည်။

"ယောက်ဖရေ၊ နင်ဗိုးပြန်ရောက်ရင် နင့်နှမကို ပြောပေးပါဟေ့၊ ငါ မကြာခင် ရောက်လာမယ်လို့"

"ငါ ဗိုးမပြန်ဘူး ယောက်ဖရဲ့၊ အဝရွှေမြို့တော်က နင့်အိမ်လိုက်ခဲ့မှာ၊ အဝမြို့သူတွေထဲမှာ နင့်နှမ တယ်ချောဆို"

တဝါးဝါး ရယ်ကြသည်။

"ဟေ့ ယောက်ဖသွေးသောက်၊ တပ်မင်းကြီးတွေ သစ္စာဆိုပြီးရင် နင်နဲ့ငါလည်း သစ္စာဆိုကြရအောင်ဟေ့"

"ဘာသစ္စာ ဆိုချင်လို့လဲကွ"

"နင်နဲ့ ငါနဲ့ အပြန်အလှန် နှမလင် ပြုကြစတမ်းလေ"

တဟေးဟေး အော်ဟစ် ရယ်မောကြပြန်သည်။

အဝစစ်သည်တို့၏ ရေညှိရောင်ကိုယ်ကြပ်များနှင့် ဟံသာဝတီစစ်သည်တို့၏ ကြက်သွေးရောင် ကိုယ်ကျပ်များမှ အစိမ်းနှင့် အနီရောင်တို့သည် နေဝင်ဆည်းဆာ ပန်းကျော့်ချောင်း ရေပြင်မှ အလှကိုပင် လွှမ်းမိုးထားကြသည်။

"ဟေ့ ဟံသာဝတီ အကြပ်မှူး၊ ရဲမက်ကြီး"

"ဘာလဲဟေ့ သွေးသောက်"

"ငါတို့ အဝနေပြည်တော် လိုက်ခဲ့ပါလား၊ နင့် ငါ သူကောင်းပြုမယ်လေ"

"ဘယ်လို သူကောင်းပြုမှာလဲဟ"

"ငါနဲ့အတူတူ နေထိုင်ရမှာပါ"

"ဘယ်လိုလဲ"

"ဘုန်းတော်ကြီးကျောင်းမှာ ကပ္ပိယ"

"ဟား ဟား ဟား"

သစ္စာဆိုပွဲကို အကြီးအကျယ်ပြုသည့် အဘက်က မြင်းစိုင်းစား

www.burmeseclassic.com

www.burmeseclassic.com



သရေစည်သူပင် ချပ်ဝတ်ကို ဝင်ဆင်ရင်း ပြုံးနေမိသည်။

နှစ်ဖက်ရဲမက်များ နောက်ပြောင် ကျီစယ်နေကြသည်ကို မပိတ်ပင်ကြ။

နှစ်ဖက်ရဲမက်များကလည်း တစ်နိုင်ငံ တစ်မြို့ တစ်ရပ် တစ်ရွာ တည်းသားများပမာ တရင်းတနှီး ရှိနေကြသည်။

နေလုံးသည် အနောက်ဘက် တောင်စွန်းနောက်သို့ ခုန်ဆင်းရန် ပြင်ဆင်သည့်အချိန်မှာပင် နှစ်ဖက်တပ်ဦးထိပ်မှ မောင်းသံတစ်ချက် ပေါ်လာသည်။ စစ်လှန့်သည့် စစ်မောင်းသံမဟုတ်။ သစ္စာပြုပွဲအတွက် အချက်ပေးသည့် အေးဆေးငြိမ့်ညောင်းသော မောင်းသံ။

ခဏအကြာတွင် နှစ်ဖက်စစ်သည် တပ်မတို့အကြား ရှစ်တောင်ခန့် ကျယ်ဝန်းသော လူသွားလမ်း သဲပြင်စပ်သို့ အမတ်စစ်သူကြီးအတွဲများ ဆင်းလာကြသည်။

နှစ်ဖက်တပ်မများထံမှ အသံများ တဝေါဝေါ ထွက်လာသည်။

“ဟော လာကြပြီဟေ့၊ ရှေ့ဆုံးက တို့မင်းကြီး သမိန်ဗြဇ္ဇနဲ့ အဝဘက်က မြင်စိုင်းမင်းသား သရေစည်သူတို့အတွဲ မဟုတ်လား”

“ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ အံမာ ပခုံးချင်းဖက်လို့ပါလား၊ ဟုတ်မှ ကွာ”

“ဟော နောက်မှာ မဟာသမွန်၊ ဟင် သူ့တွဲဖက်က ဘယ်သူပါ လိမ့်”

“မင်းမဟာရာဇာတဲ့ကွ အဲဒါ”

“အံမာ အင်း၊ ဘုရင်နှစ်ပါး ရွေးလည်း ရွေးတတ်ပကွာ၊ အလုံး အရပ်ချင်း တယ်ညီတာပဲ၊ တယ်ကောင်းကိုး”

“ဟေ့ ခုဆင်းလာတဲ့အတွဲက ရာဇသင်္ကြန်နဲ့ သမိန်ယောဂတ်ပါ လား”

“အေးလဟ၊ နှစ်ယောက်စလုံး နှုတ်ခမ်းမွေးတကားကားနဲ့”

“အံမာ သူ့အဖနဲ့ သူ့ပထွေးကျနေတာပဲ၊ သဘောကျနေလိုက်တာ”

“ဟား ဟား ဟား”

သဲပြင်လမ်းတစ်လျှောက် အဝနှင့် ဟံသာဝတီ အမတ်စစ်သည်တို့ အဆင့်အတန်းတူညီသော ပုဂ္ဂိုလ်ချင်းတွဲလျက် လျှောက်လာကြသည်။

ဝဲယာ တစ်ဖက်စီမှ ရဲမက်များကား အတွဲတစ်ခု ထွက်လာတိုင်း တဟေးဟေး အော်မဆုံးရှိကြတော့သည်။ မိမိတို့ တပ်မင်း တပ်မှူးများ အမည်ကို ဟစ်ကြွေးလျက် မောက်တို မောက်ရှည်များ ခေါင်းပေါင်း ပဝါများကို အပေါ်သို့ မြှောက်လွှတ်ကြသည်။

သမိန်ဗြတ်ကမိုင်နှင့် မင်းရဲသိင်္ဂသူ။

သမိန်ဥပါကောင်းနှင့် ဥဇနာ။

သမိန်သံလှစ်နှင့် နော်ရထာ။

သမိန်သံကျယ်နှင့် ဘယသင်္ကြန်။

သမိန်ညီကောင်နှင့် ကလေးကျေးတောင်ညို။

တစ်တွဲပြီးတစ်တွဲ ထွက်လာသည်။

အစိမ်းရောင်နှင့် အနီရောင်တို့ တွဲယှဉ်လျက် သောင်ပြင်စပ် လမ်းအတိုင်း ရယ်ရယ်မောမော ပြောပြောဆိုဆိုဖြင့်။

အတွဲပေါင်း နှစ်ဆယ့်ကိုးတွဲ ရှိသွားပေပြီ။ အတွဲပေါင်းသုံးဆယ် ရှိမည်ဟု နှစ်ဖက်တပ်မတို့ သိထားသည်။

နောက်ဆုံးအတွဲကို အားလုံး စိတ်ဝင်စားနေကြသည်။

“ဟော လာပြီ”

“ဟော သူတို့က’

“ဟေး ဟေး ဟေး”

ပြီးခဲ့သော နှစ်ဆယ့်ကိုးတွဲထက် ပို၍ကျယ်လောင်သော ကောင်းချီးပေးသံများ လျှံထွက်လာသည်။

“ဟေ့ ဒါမှ တကယ့်အမြွှာညီနောင်အတွဲကွ”

“ဟုတ်ပေကွာ၊ ဟုတ်ပေကွာ”

“တယ်ကြည့်ကောင်း”

“ဟား ဟား ဟား လဂွန်းအိန်နဲ့ မိုးညှင်းသတိုးတို့ တွဲမှ တွဲမိလေတယ်”

“လဂွန်းအိန်ကွ”

“မိုးညှင်းသတိုးကွ”

“လိုက်ဖက်အညီဆုံးကွဟေ့”

ဟံသာဝတီဘက်တွင် လဂွန်းအိန်သည် အသက်အငယ်ဆုံး တပ်မှူး၊ အဝဘက်တွင် မိုးညှင်းသတိုးသည် အသက်အငယ်ဆုံးတပ်မှူး။

နှစ်ဦးစလုံး ကျင်စွယ်နှုတ်ခမ်းမွေးကိုယ်စီ။

နှစ်ဦးစလုံး အလုံးအရပ် အတူတူ။

ထို့ထက်မူ အားလုံး အကြောင်းသိအစင်းသိ ပြုံးနေသဖြင့် ပို၍ သဘောကျနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လဂွန်းအိန်က လက်အနည်းငယ် ခွင်သည်။ မိုးညှင်းသတိုးက ခြေအနည်းငယ် ခွင်သည်။

ထို့ပြင်လည်း နှစ်ဦးစလုံး မရယ်မပြုံး တည်ငြိမ်သော မျက်နှာများ ကိုယ်စီဖြင့်၊ တူညီသော ခြေလှမ်းများကိုယ်စီဖြင့်။

"ဟော့ ယောက်ဖ သွေးသောက် နှင့်အဖေအစစ်နဲ့ နှင့်ပထွေး အစစ်က အခုမှ လာသဗျ"

"အောင်မာ ဟော့ ဒီလို ဘယ်ရမလဲ၊ နှင်နဲ့ငါ တစ်ယောက်စီ ခွဲယူကြစတမ်း"

"ဟဲ့ ငါ့အဖေက လဂွန်းအိန်ဆိုရင်ကော"

"ငါ့အဖေက မိုးညှင်းသတိုးပေါ့လဟ"

တဝါးဝါးရယ်သံ၊ တဟေးဟေး ဟစ်ကြွေးသံများကို မကြားကြသည့်အလား သဲပြင်ကမ်းပေါ်မှ မတ်သံလုံ၊ မိုးညင်းသတိုးတို့သည် တိတ်ဆိတ် တည်ငြိမ်စွာ။

မတ်သံလုံလက်ထဲတွင် မိုးညင်းသတိုး လက်ဆောင်ပေးထားသည့် ရွှေရည်သုတ် ယွန်းလက်ဖက်အုပ်ကို ကိုင်ထားသည်။ မိုးညင်းသတိုး လက်ထဲတွင် မတ်သံလုံ လက်ဆောင်ပေးထားသည့် ငွေကျင်ခတ် ပုဝါ နှစ်ပိုင်ကို ဆုပ်ကိုင်ထားသည်။

မတ်သံလုံ ရှေ့ဆီသို့ မျှော်ကြည့်လိုက်သည်။

မင်းကြီး သမိန်ဗြဖ္ဖ အမှူးပြုသော အတွဲမှစ၍ မိမိတို့ရှေ့ရှိ သမိန်သံကြယ်တို့အတွဲထိ ရှည်လျားဖြောင့်တန်းစွာ တွေ့လိုက်ရသည်။

ရေညိုရောင်နှင့် ကြက်သွေးရောင်တို့ ယှဉ်ဖက်ထားသည့် မြင်ကွင်း။

ဝဲယာနှစ်ဖက် တပ်မတို့မှ ဟစ်အော်ကောင်းချီးပေးကြသည့်အသံ။

မတ်သံလုံ ရင်ထဲသို့ အတိုင်းမသိ ဆွတ်ပျံ့သော ခံစားမှုတို့ ဝင်လာသည်။

ချစ်ကြည်ရင်းနှီးစွာ အော်ဟစ်နေကြသော ဤရဲမက်တို့သည် များမကြာမီမှာပင် သွေးသံရဲရဲ ခုတ်ထစ်ကြတော့မည်။ ခိုပြာနုရောင် သန်းစပြုလာပြီဖြစ်သော ပန်းကျော်ချောင်း သဲသောင်ပြင်ဝယ် မကြာမီ မှာပင် နီရဲသော သွေးကွက်တို့ စွန်းပေတော့မည်။ 'သစ္စာပြုပွဲ'ကို အဝတပ်မှူးတို့ ယုံစားနေကြဟန်တူသည်။ သူတို့ဦးခေါင်းသည် ကိုယ်မှ လွင့်စဉ်ကာ သောင်ပြင်ပေါ်သို့ ကျကြတော့မည်ကို သူတို့မသိ။ ဥပါယ် တံမျဉ်ကို မသိသောရန်သူ၊ ကြီးစွာသော ဘေးအန္တရာယ်ကို မမြင်တတ် ကြသည့် ရန်သူ။



မတ်သံလုံ၏ ရင်တို့ တဒိတ်ဒိတ်ခုန်လာသည်။

ခေါဘဏီတပ်ကိုပင် မကြောက်တတ်သည့် အသည်းနှလုံးသည် တစ်ခုခုကို ပြင်းစွာ ကြောက်ရွံ့ တုန်လှုပ်လာသည်။

အနောက်ဘက် တောင်စွယ်တွင် ခြမ်းဝက် နစ်မြုပ်နေသည့် နေလုံး၏ အနီရဲရဲ အရောင်ကိုပင် ကြောက်လာသည်။ နေလုံးထဲမှ သွေးတို့ ပန်းဖြာ၍ ထွက်လာတော့မည်လားဟု ထင်မိသည်။

အမတ်ဒိန် တစ်ခါက ပြောဖူးသော စကားတို့ နားဝတွင် မြည်ဟည်းလာသည်။

"ဖြစ်နိုင်ရင်တော့ ထီးဆောင်းမင်းတွေ အားလုံး ညီညွတ်မျှတပြီး စစ်ပွဲဆိုတာတွေ ကမ္ဘာလောကထဲကနေ ပျောက်ကွယ်သွားစေချင် တယ်ကွာ"

မိမိအသံဟု ထင်ရသော အသံတစ်သံကလည်း ပဲ့တင်ဟည်းနေ သည်။

"ခင်ဗျား မှားနေပြီ၊ အမတ်ဒိန်၊ ခင်ဗျား မှားနေပြီ"

ဤမြေပေါ်ဝယ် မရှိတော့ပြီဖြစ်သော မင်းကန်စီ၏ စကားတို့ကို လည်း ယခုပင် နားဝ၌ ကပ်၍ တီးတိုးရေရွတ်နေသလို ကြားနေမိသည်။

လဂွန်းဗျည်းတိုက်ပွဲ ပြီးခါစအချိန်က မင်းကန်စီ ပြောခဲ့ဖူးသော စကား။

"ငါ့ညီ၊ ငါ့လို နှလုံးရည်သမား တစ်ယောက်သော်မှ ဥပါဒါန်ကို ပြတ်သားနိုင်သေးရင် သူရဲကောင်းစစ်စစ်ဖြစ်တဲ့ မင်းက ပိုပြီး ပြတ်သားနိုင်ရမှာပေါ့"

မုတ္တမမြို့ကို သိမ်းပိုက်အောင်မြင်ပြီးချိန်က အမတ်ဒိန် ပြောခဲ့ဖူး သော စကားများကလည်း အတိုင်းသား အထင်အရှား။

"သူရဲကောင်းကိုယ်တိုင် မိမိရဲ့စိတ်ဓာတ်အတွင်း မိမိဘာသာ မိမိ တိုက်ရတဲ့စစ်၊ အတွင်းစစ်၊ အဇ္ဈတ္တစစ်ပွဲ။ အဲဒါကပိုပြီး နက်ရှိုင်း တယ်၊ ပိုပြီး ခက်ခဲတယ်"

ရုတ်တရက် နေမကောင်းသလို မတ်သံလုံ ခံစားလာရသည်။ အတိုင်းမသိသော ပူလောင်ခြင်းနှင့် အတိုင်းမသိသော အေးမြခြင်းတို့ တစ်လှည့်စီ တရိပ်ရိပ် ခံစားနေရပြီ ထင်သည်။

မတ်သံလုံ၏ နဖူးပြင်တွင် ချွေးသီးများ တွဲခိုလာသည်။

မျက်နှာပြင်တွင် သွေးနီရောင် လျှမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူသံတို့ပင် မမှန်ချင်။ ရင်အုံသည် မောက်ကြွလာနေသည်။

ဘေးတွင် ယှဉ်တွဲလျှောက်လာသော မိုးညှင်းသတိုးသည် မတ်သံလုံ၏ ရုတ်တရက် ပြောင်းလဲလာသော အသွင်ကိုကြည့်ရင်း အံ့အားသင့်သွားသည်။ ထို့နောက် မိုးညှင်းသတိုး၏ မျက်နှာ တည်ကြည်တင်းမာသွားသည်။

"ဒီမှာ သွေးသောက်လဂွန်းအိန်"

ပြတ်သားတိကျသော ခေါ်သံကြောင့် မတ်သံလုံ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

မိုးညှင်းသတိုး၏ စူးရှသော မျက်လုံးအစုံ။

"သွေးသောက် လဂွန်းအိန်၊ ခင်ဗျားလည်း သူရဲကောင်း၊ ကျုပ်လည်း သူရဲကောင်း၊ ဟုတ်တယ်မို့လား"

"ဒါ ကျုပ် သိပြီးသားပဲ"

"သူရဲကောင်းစကားကို ဆိုလိမ့်မယ်လို့ ကျုပ် မျှော်လင့်တယ်"

"ဘာပြောချင်သလဲ"

"ကျုပ်တို့ အခု သောင်ပြင်မှာ ပြုကြမယ့် သစ္စာဆိုပွဲဟာ ဖြောင့်မှန်မယ် ထင်သလား၊ ဖောက်ပြန်ဦးမယ် ထင်သလား"

တိုက်ဆင် အကောင်ပေါင်းများစွာ ကပ်၍အော်ဟစ်လိုက်သည့်အလား မိုးညှင်းသတိုး၏ မေးခွန်းသည် မတ်သံလုံ၏ရင်ကို ထိုးဆောင့်လေသည်။

ဆင်ခြင်သုံးသပ်ခြင်းပင် မရှိနိုင်တော့ဘဲ နှလုံးသားကို လှည့်ခွေစီးဆင်းလာသော စကားလုံးတို့ မတ်သံလုံ နှုတ်မှ ထွက်ကျသွားကြသည်။

"မိုးညှင်းသတိုး၊ ခင်ဗျား ရူးနေသလား၊ စစ်တို့ရဲ့သဘောမှာ သစ္စာမှန်ဖူးတယ် ရှိသလား၊ ကျုပ်ကို ခင်ဗျားရလည်း သတ်မှာပဲ၊ ခင်ဗျားကို ကျုပ်ရလည်း သတ်မှာပဲ၊ စစ်အတွင်းပြုတဲ့သစ္စာ ဖြောင့်မှန်တယ်လို့ ခင်ဗျား ယုံမလား"

"ဟင် ခင်ဗျား တကယ်ပြောတာလား လဂွန်းအိန်"

"ကျုပ် သူရဲကောင်းစကား ဆိုတယ် မိုးညှင်းသတိုး"

မတ်သံလုံ၏မျက်နှာ နီရဲနေသည်။

မိုးညှင်းသတိုး၏ မျက်နှာ ဖြူရော်သွားသည်။

ဘေးချင်းတွဲယှဉ် လျှောက်နေရာမှ မိုးညှင်းသတိုးသည် ဖွဲ့ထွက်လျက် ရှေ့အတွဲများကို ကျော်ကာ ရှေ့ထိပ်ဆီသို့ ပြေးသွားသည်။ မတ်သံလုံက ဆက်မလျှောက်တော့။ တစ်ယောက်တည်း နေရာမှာပင် ရပ်ကျန်ရစ်ခဲ့သည်။



မိုးညှင်းသတိုးသည် ရှေ့ဆုံးရှိ အဝခေါင်းဆောင် သရေစည်သူဆီသို့ တိုးဝင် ချဉ်းကပ်သွားပြီး ကသောကမျော ပြောဆိုသည်။

"မင်းကြီး သရေစည်သူ၊ သူတို့အကောက်ကြံထားတယ်၊ သစ္စာပြုပွဲဟာ ဖောက်ပြန်လိမ့်မယ်၊ ကျွန်တော် ခိုင်ခိုင်လုံလုံ သိခဲ့ပြီ"

"ဟုတ်လား"

သရေစည်သူသည် တွဲယှဉ်နေသော မင်းကြီးသမိန်ဗြဇ္ဇကို လှည့်ကြည့်သည်။

သမိန်ဗြဇ္ဇ စကားမဆို။ မလှုပ်မရှား။

"အမတ်စစ်သည်တွေ အားလုံးပြန်ခေါ်၊ ရွှေနန်းရှင်ဆီကို အကြောင်းကြား၊ ဆင်တပ်တွေ နေပြည်တော်ဆီ ပြန်ဦးလှည့်၊ သစ္စာပြုပွဲ ပျက်တယ်၊ အဝတပ်တွေ အားလုံးနှုတ်ပြီး နေပြည်တော်ဆီပြန်မယ်၊ တပ်မှူးတွေ အဆင့်ဆင့် အချက်ပေးကြ"

သရေစည်သူ၏ အသံကြီး ဟိန်းထွက်လာသည်။

လပြည့်ဝန်းသည် ပန်းကျော့ချောင်း အထက်ကောင်းကင်သို့ ရွှန်းလဲ့စွာ ဖွဲ့ခွေပြီ။

ဆင်အော်သံ၊ မြင်းဟီသံများ တစ်ခဲနက် ဆူညံသွားသည်။

အဝတပ်များသည် တိုတောင်းသော အချိန်အတွင်းမှာပင် စနစ်တကျ တပ်နှုတ်၍ ပြန်လှည့်သွားသည်။

မတ်သံလုံသည် လပြည့်ဝန်းကို မော်ကြည့်လိုက်သည်။

* * *

"အို ဘုရား ဘုရား"

အမတ်ဒိန်၏ သဝဏ်ကိုကိုင်ရင်း မွေ့ကေသာ ထိတ်လန့်တကြား ရေရွတ်သည်။ သဝဏ်ကိုင်ထားသောလက်တို့ တဆတ်ဆတ် တုန်လာသည်။

တုန်ယင်သော လက်အစုံတို့ဖြင့်ပင် လက်အုပ်ချီလိုက်ပြီးနောက် မွေ့ကေသာ အဥ္စလိထက်မှ ဆင်းကာ ရှံရွေများကို အော်ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပဝါကိုမျှပင် ပခုံးထက်၌ မတင်မိတော့ဘဲ စံအိမ်တော် လှေကားထက်မှ တစ်ဟုန်ထိုး ပြေးဆင်းသည်။ ဝေါယာဉ်ကို အပြင်ခိုင်းရန်ပင် သတိမရတော့ဘဲ လွှာဖိနပ်ကို ကမန်းကတန်းစီးကာ ဝင်းအပြင်သို့ ထွက်ခဲ့သည်။

ဝင်းတံခါးမှူးက မွေ့ကေသာ ခပ်လှမ်းလှမ်းရောက်မှပင် သတိရသွားဟန်ဖြင့် မြင်းဇောင်းမှ မြင်းတစ်စီးကိုထုတ်ကာ မွေ့ကေသာနောက်သို့ လိုက်ပေးသည်။

မြင်းဇက်ကို မွေ့ကေသာ လက်ထဲသို့ ထည့်ပေးသည်။

ဝင်းတံခါးမှူး၏ အကူအညီဖြင့် မွေ့ကေသာ မြင်းပေါ်သို့ တက်သည်။

မြင်းကို ဇက်ကုန်ဖွင့်လျက် မြောက်အရပ်သို့ ကဆုန်ဆိုင်းနှင်သည်။

မြောက်အရပ်။

ဟံသာဝတီ နေပြည်တော်အစွန်။

လူသတ်ကုန်း။

* * *

"တပ်မှူး၊ တပ်မှူးရယ် ဖြစ်ရလေခြင်း"

"ဟင် နှင်းကေသရာ"

ကောင်းစွာမရပ်သေးသော မြင်းပေါ်မှ ခုန်ဆင်း၍ သူသတ်ကုန်းထိပ်သို့ အပြေးအလွှားတက်လာသော မွေ့ကေသာကို တွေ့သောအခါ ကားစင်ထက်မှ မတ်သံလုံ အံ့သြတုန်လှုပ်သွားသည်။ ဆံအပြေဖြေနံ့သာ အပြယ်ပြယ်ဖြင့်–

"တပ်မှူးရယ်"

မွေ့ကေသာ ခြေအစုံကို ဖက်၍ ကြေကွဲစွာ ရှိုက်ငင်နေသည်။ မတ်သံလုံမှုကား မွေ့ကေသာကို ပြန်၍ ဆီးကြိုပွေ့ဖက်ရန် မဖြစ်နိုင်ချေ။ သူ့လက်များသည် ကားစင်တွင် တင်းကျပ်သော ကြိုးတို့အောက်၌ မလှုပ်သာ မလွန့်သာရှိရသည်။

"နှင်းကေသရာ၊ မင်း ဘယ်လိုသိပြီး–"

"အမတ်ဒိန်ဆီက သဝဏ်ရတယ်၊ ဖြစ်ရလေခြင်း တပ်မှူးရယ်၊



ကေသာ ဘာမှမတတ်နိုင်တော့ပါလား၊ အို– ကေသာ သူ့ရှင် ရှေ့မှောက်အထိ အရောက်ဝင်မယ်"

ကေသာဟူသော အသုံးအနှုန်းသည် မတ်သံလုံအတွက် ထူးဆန်းကြည်နူးဖွယ်ဖြစ်သွားသည်။ မွေ့ကေသာသည် မတ်သံလုံအတွက် ကေသာဟု တစ်ခါမှ မသုံးဖူးခဲ့။ ကျွန်မဟုသာ သူစိမ်းပြင်ပြင် ပြောခဲ့သည်ချည်း။

"တိတ် တိတ်ပါ နှင်းကေသရာ၊ ကံစီမံရာပဲပေါ့၊ သူ့ရှင် အမိန့်ထုတ်ပြီးပြီ၊ ဘယ်သူမှ ဘာမှ မတတ်နိုင်တော့ဘူး၊ ကျုပ် အားလုံးကို ရင်ဆိုင်ပြီးပါပြီ"

"အို မဟုတ်ဘူး၊ မဟုတ်ဘူး အမောင့်ကို မသတ်ရဘူး၊ အမောင့်မှာ အပြစ်မရှိဘူး"

"ဟင်"

'အမောင်'အားမာန်ကိုဆောင်နေသော ထိုစကားလုံးတို့သည်လည်း မတ်သံလုံ၏ တစ်ကိုယ်လုံးကို ဖြန့်ကျက်သွားသည်။

"နှင်းကေသရာ နားထောင်စမ်းပါကွယ်၊ ကျုပ်ပြောတာ နားထောင်စမ်းပါ"

"အမောင် မသေရဘူး၊ အမောင်မသေရဘူး"

မွေ့ကေသာကား သူသတ်ကုန်းထိပ် မြေပြင်ပေါ်တွင် လူးလိမ့်မတတ် ငိုကြွေးနေပြီဖြစ်သည်။ မတ်သံလုံသည် အနီးရှိ အဲမွန်ဒယာဘက်သို့ လှည့်ကြည့်လိုက်သည်။

"သွေးသောက် အဲမွန်ဒယာ၊ သူ့ကို ချော့လို့မရတော့ဘူးကွာ၊ ငါ့ကို တစ်ခုကူစမ်းပါ"

"ဘာလဲ လဂွန်းအိန်၊ ပြောပါ"

"ငါ့ ခါးစည်းကြိုးအတွင်းထဲမှာ ပဝါတစ်စရှိတယ် ထုတ်ယူပေးစမ်းပါ"

"အေး– အေး"

အဲမွန်ဒယာက မယ်သံလုံ၏ ခါးစည်းကြိုးထဲမှ ပဝါစကို ထုတ်ယူလိုက်သည်။

"နှင်းကေသရာ ခဏလေးကွယ်၊ ခဏလေး၊ အငိုတိတ်လိုက်ပါ၊ ဒီမှာ ကြည့်လိုက်ပါဦး"

မျက်ရည်တို့ လိမ်းကျံသောမျက်နှာဖြင့် မော်လာသည်။

"ဒီမှာ အဲဒီပဝါကို မှတ်မိရဲ့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



မတ်သံလုံ၏ အသံမှာ တစ်ခါမျှ ထိုကဲ့သို့ ကြေကွဲဆို့နစ်ခဲ့ခြင်း မရှိဖူးသောကြောင့် အဲမွန်ဒယာပင် စိတ်နှလုံး ထိခိုက်ဟန်ဖြင့် ငေးငိုင်ကြည့်နေသည်။

"ဒါ နှင်းကေသရာရဲ့ ပဝါလေ၊ မမှတ်မိဘူးလား၊ ပုသိမ်တိုက်ပွဲ မထွက်ခင် ဒလသုဒ္ဓမာယာ မိဖုရားအရေးတုန်းက နှင်းကေသရာ ကျုပ်ဆီ လာသွားတုန်းကလေ၊ နှင်းကေသရာ စကားတွေ အများကြီးပြောပြီး လှည့်ထွက်သွားတော့ ကျုပ် ဖမ်းဆွဲလိုက်ပေမယ့် မမီတော့ဘူး၊ အဲဒီပဝါပဲ ကျုပ် လက်ထဲကျန်ရစ်ခဲ့တယ်လေ၊ ပြီးတော့ အဲဒီတုန်းက နှင်းကေသရာ ထွက်မသွားခင်မှာ ကျုပ်ကို နောက်ဆုံးပြောသွားခဲ့တဲ့ စကား"

အဲမွန်ဒယာ၏ လက်မှ မြစိမ်းပဝါသည် သူသတ်ကုန်းထိပ်ကို ဖြတ်သန်းတိုက်ခတ်သော လေထဲတွင် တဖျတ်ဖျတ် လှုပ်ခါနေလေသည်။

"နှင်းကေသရာ အဲဒီတုန်းက ပြောသွားတဲ့စကား ကျုပ်ကို မုန်းတယ်တဲ့"

"မဟုတ်ပါဘူး အမောင်ရယ်၊ မဟုတ်ပါဘူး၊ အဲဒီတုန်းက အထင်တွေ လွဲနေခဲ့တာပဲ၊ အမောင့်ကို ကေသာ တောင်းပန်ခဲ့ပြီးပါပြီ၊ အမောင့်ကို ကေသာ မမုန်းပါဘူး"

"ကျုပ်လေ နှင်းကေသရာကို ချစ်ပါတယ်"

မွေ့ကေသာသည် တက်မတတ် ရှိုက်ငင်ရင်း မတ်သံလုံအား မွေ့ဖက် ငိုကြွေးတော့သည်။

"အမောင် အမောင်ရယ် နောက်ဆုံးအချိန်တွေကျမှ ဒီစကားတွေကို ပြောကြ ဆိုကြရပြီတဲ့လား၊ ကေသာ ဘယ်လို နေရတော့မလဲ၊ ဘာ့ကြောင့် ဒီလို ပြောသွားရတာလဲ ဟင်"

"နှင်းကေသရာရယ် ကျုပ် သေပျော်ပါပြီ၊ သူ့ရှင်ရဲ့ အမှုတော်ကိုလည်း ထမ်းနိုင်ခဲ့ပြီ၊ သူရဲကောင်းတို့ရဲ့ စကားတစ်ခွန်းကိုလည်း ပြောနိုင်ခဲ့ပြီ၊ ပြီးတော့ နှင်းကေသရာရဲ့ အချစ်ကိုလည်း ရရှိပြီ၊ နှင်းကေသရာကို ချစ်တယ်ဆိုတာကိုလည်း ကျုပ် ပြောထွက်နိုင်ခဲ့ပြီ၊ ကျုပ် သေပျော်ပါပြီ နှင်းကေသရာ၊ သေပျော်ပါပြီ"

မွေ့ကေသာသည် အနီးမှ အဲမွန်ဒယာရှေ့သို့ ဒူးတုပ်ထိုင်ပြန်သည်။

"တပ်မှူးရယ်၊ ကျွန်မကိုပါ သတ်ပေးပါ၊ ကျွန်မကိုပါ သတ်ပေးပါ"



အဲမွန်ဒယာသည် ခေါင်းကိုသာ တွင်တွင်ခါယမ်းနေမိသည်။

ပန်းကျော်ချောင်း သစ္စာပြုပွဲအတွက် လျှို့ဝှက်သော စစ်ရေးအစီအမံကို ပေါက်ကြားစေသူ သစ္စာဖောက် လဂွန်းအိန်အား သတ်ဟူသော သူ့ရှင်၏ အမိန့်တော်သဝဏ်ကို ကိုင်ထားသော လက်တို့လည်း မတည်တံ့၊ မဖွဲ့မြဲကြတော့။

"နှင်းကေသရာ၊ နှင်းကေသရာ"

မတ်သံလုံ၏ စိုးရိမ်တကြီး ဟစ်အော်သံ ပေါ်လာသည်။

မွေ့ကေသာကား ကားစင်ခြေရင်းဝယ် လဲကျနေလေပြီ။

"အဲမွန်ဒယာ သူသတိမေ့သွားပြီ၊ သူ့ကို ပြုစုလိုက်ပါဦးကွာ"

"ကောင်းပါပြီကွာ"

မွေ့ကေသာကို အဲမွန်ဒယာ မွေ့ထူမည် ပြုစဉ်မှာပင် မြင်းခွာသံ တဖြောင်းဖြောင်း ကြားလိုက်ရသည်။ ကုန်းထိပ် ကားစင်တွင် ရှိနေသော မတ်သံလုံကား အဝေးသို့ မြင်နိုင်စွမ်းရှိပေသည်။

မတ်သံလုံ ရူးသွပ်သွားပြီလားဟု အဲမွန်ဒယာ စိုးရိမ်သွားသည်။

"အဲမွန်ဒယာ၊ အဲမွန်ဒယာ၊ ငါ့ကို ကြိုးတွေ ဖြည်ပေးစမ်း၊ ဟိုမှာ အမတ်ဒိန်လာနေပြီ၊ အမတ်ဒိန်လာပြီ၊ ငါသိတယ်၊ ငါ မသေတော့ဘူး၊ ငါ့ကို ကြိုးတွေဖြည်"

မွေ့ကေသာကား သတိမရသေး။

* * *

"သစ္စာဖောက် ကျွန်ယုတ်၊ ဘာစကားမှ မပြောတတ်တော့ဘူးလားဟင်၊ ငါ့အရေးတော်ရဲ့ လျှို့ဝှက်ချက်ကိုတော့ ပေါက်ကြားအောင် လုပ်နိုင်စွမ်းတယ်၊ အခု ငါ့ရှေ့ကျတော့ နှုတ်ဆွံ့နေတဲ့ သူမုန်းစားလို"

သူ့ရှင်ရာဇာဓိရာဇ်၏ ဒေါသအောက်၌ အားလုံး ပြားပြားဝပ်တုန်လှုပ်နေကြသည်။

မတ်သံလုံကား ပြောဖွယ်မရှိတော့။

အမတ်ဒိန်နှင့် မင်းကြီးသမိန်ဗြန္ဓတို့က 'သံလုံငယ်ဟာ ဒီလောက်အရေးကြီးတဲ့ လျှို့ဝှက်မှုကို ဖော်ထုတ်လိုက်တာက တခြားကြီးမားတဲ့ အကြောင်းတစ်စုံတစ်ခု ရှိကောင်းရှိမယ် ထင်ပါတယ်၊ လက်မလွှန်ခင်

www.burmeseclassic.com

www.burmeseclassic.com



မေးစမ်းကြည့်ပြီး အရေးအခင်း မသင့်မှသာ ကွပ်မျက်သင့်ပါသည်'ဟု ပြောကြသဖြင့်သာ သတ်အံ့ဆဲဆဲမှ ထုတ်ယူခဲ့ခြင်းဖြစ်သည်။

နန်းရင်ပြင်တွင် သူ့ရှင်ရှေ့မှောက် ရောက်ရသောအခါ မတ်သံလုံ နှုတ်မှ စကားတို့ မထွက်နိုင်တော့။ တစ်ခါမျှ မတွေ့မကြုံဖူးသော သူ့ရှင်၏ ခက်ထန်လွန်းသည့် အမျက်ဒေါသ၌ ဆောက်တည်ရာမရ အောင် ကြောက်ရွံ့တုန်လှုပ်နေသည်။

"အမတ်ဒိန် ခေါ်သွားစမ်း၊ သင်းကို ငါ့မျက်ကွယ်ခေါ်သွားပြီး မင်းတို့ မေးချင်တာမေးကြစမ်း၊ ကြာရင် ငါ့လက်နဲ့ တောက်"

အနီးရှိ အဲမောင်းလုံကိုပင် သူ့ရှင် လှမ်းဆွဲလိုက်သေးသည်။

အမတ်ဒိန်နှင့် သမိန်ဗြဇ္ဇတို့ကလည်း မတ်သံလုံကို သမိန်ဗြဇ္ဇ၏ စံအိမ်သို့ ခေါ်သွားလေသည်။ မတ်သံလုံအား ရေချိုးစေလျက် စိတ် တည်ငြိမ်မှု ရစေအောင် အချိန်ပေးကြရသည်။

မတ်သံလုံ၏ မျက်နှာတွင် တည်ငြိမ်မှုတို့ ပေါ်ပေါက်ပြီဟုဆို မှ အမတ်ဒိန် ချဉ်းကပ်၍ မေးလေသည်။

"သံလုံငယ်၊ ဘုရင့်လျှို့ဝှက်ကျက်မှန်းသိရက်နဲ့ ဘာ့ကြောင့် ဒီလို လုပ်ရသလဲ ငါ့ညီ"

သည်အခါတွင်မတော့ မတ်သံလုံ၏ ပင်ကိုအသွင်တို့ ပြန်၍ ပေါ်လာသည်။

တည်ငြိမ်လေးနက်စွာ တစ်လုံးချင်း ရေရွတ်သည်။

"မိုးညှင်းသတိုးက ကျွန်တော့်ကို မေးတယ်၊ အခုပြုတဲ့ သစ္စာဟာ မှန်သလား၊ ဖောက်ပြန်သလားတဲ့၊ ကျွန်တော့်အသည်းနှလုံးကို ဆွဲကိုင်ခါယမ်းလိုက်သလို ဖြစ်သွားတယ်၊ အတွေးတွေ ကျွန်တော့် ခေါင်းထဲမှာ အလျဉ်မပြတ် ဝင်လာတယ်၊ အဝစစ်သည်တွေ အထိနာနေတဲ့အချိန်အခါ၊ ရိက္ခာပြတ်လို့ ငတ်မွတ်လာစပြုတဲ့အချိန် အခါ၊ သူတို့ဆုတ်ပြေးတော့မယ့် အချိန်အခါ၊ ဒီအချိန်မှာ သူတို့ ဆုတ်အပြေးကို ကျွန်တော်တို့က တရားသဖြင့် တိုက်ခိုက်စစ်မပြုဘဲ သစ္စာပြုဟန်နဲ့ မဖြောင့်မမှန် စီစဉ်ပြီးမှ သောင်ပြင်အောက်မြုပ်ထား တဲ့ ဓားတွေထုတ်၊ သူတို့ဘုရင်ကိုဖမ်း၊ သူတို့အမတ်စစ်သည်တွေ ကို ခုတ်ပြီး အနိုင်ယူတဲ့အစီအမံ၊ ဒါကို ကျွန်တော် သဘောမကျ နိုင်ဘူး၊ ကျွန်တော့် အသည်းနှလုံးထဲကကိုက သဘောမကျနိုင်ဘူး။ ရိက္ခာပြတ်ပြီး ငတ်မွတ်နေတဲ့ အဝတပ်တွေကို စဉ်းလဲမှုနဲ့ ဥပါယ် ပြုပြီးမှ အနိုင်ယူတဲ့ ဟံသာဝတီဘုရင်၊ ဟံသာဝတီတပ်၊ ဟံသာ



ဝတီ တပ်မှူးတွေလို့ ဥဒါန်းတွင်မှာကို ကျွန်တော် မလိုလားနိုင်ဘူး။ တရားနည်းလမ်းမကျတဲ့ အောင်မြင်မှုကို ကျွန်တော် မနှစ်သက်လို့ အရှင်သခင်ရဲ့ လျှို့ဝှက်ချက်ကို ဖျက်ရခြင်းဖြစ်ပါတယ်"

"သံလုံငယ်၊ ငါ့ညီ"

အမတ်ဒိန်သည် မတ်သံလုံ၏လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း လှိုက်လှဲစွာ ရေရွတ်နေလေသည်။

"ငါ့ညီ မင်းဟာ တကယ့်သူရဲကောင်း၊ တကယ့်သူရဲကောင်း"

"တစ်ခုရှိတယ် အမတ်ဒိန်"

မင်းကြီးသမိန်ဗြဇ္ဇက ဆိုသည်။

"ဒီအကြောင်းကို သူ့ရှင် လက်ခံကောင်း လက်ခံနိုင်မယ်။ ဒါပေမဲ့ မင်းအပြစ်က ကြီးလွန်းလှတယ် သံလုံငယ်၊ မင်း ဒါ့အတွက် တစ်ခုခုနဲ့ပြန်ပြီး ချေဖျက်ပစ်နိုင်မှ အပြစ်က လုံးဝဥဿုံ လွတ်နိုင် မယ်ထင်တယ်"

"ကျွန်တော် အမှုတော်ထမ်းပါ့မယ် မင်းကြီး"

"တရားနည်းလမ်းမကျတဲ့ အောင်မြင်မှုကို မင်း မနှစ်သက်ဘူးဆို ရင် တရားနည်းလမ်းကျတဲ့ စစ်ထိုးမှုနဲ့ အောင်မြင်အောင် မင်း ဆောင်နိုင်မလား"

"မင်းကြီးတို့ ပေးတဲ့ အမိန့်တော်အတိုင်း တည်ပါမယ်"

"အေး ကောင်းပြီ သူ့ရှင်ရဲ့ အမိန့်ကို စောင့်ကြရုံပဲ၊ အမတ်ဒိန် သူ့ရှင်ကို အကျိုးအကြောင်း ပြောပြကြစို့"

အမတ်ဒိန်သည် မတ်သံလုံ၏ လက်ကို ဖျစ်ညှစ်ဆုပ်နယ်လျက် နှုတ်ဆက်သွားသည်။

"ငါ့ညီ၊ မင်း အစ္ဆုတ္တစစ်ပွဲတစ်ခုကို အောင်နိုင်လိုက်ပြန်ပြီ"

မတ်သံလုံက အမတ်ဒိန်ကို လှမ်းပြောလိုက်သည်။

"အမတ်ဒိန် သူ့ကိုလည်း အကျိုးအကြောင်း အမြန်ဆုံး ပြောပြ ပါဗျာ"

"ဘယ်သူ့ကိုလဲ သံလုံငယ်"

"နှင်းကေသရာ"

* * *

"နှင်းကေသရာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသမိန်ဗြဖ္ဖ၏ စံအိမ်တော် ပန်းဥယျာဉ်အတွင်းတွင် ရဲရဲနီသော နှင်းဆီတို့အများဆုံးပွင့်သည်။ ချိုအီသော နှင်းဆီနံ့တို့ ဥယျာဉ်အနှံ့ ပျံ့နေသည်။

နောက်ဘက်ဆီမှ တွေ့မြင်နေရသည့် မွေ့ကေသာ၏ ပြည့်ဖြိုးသော ပခုံးထက်ဝယ် မြစိမ်းပဝါကို လွှမ်းခြုံထားသည်။ နှင်းဆီနီတို့ကို ဖြတ်သန်းလျက် မွေ့ကေသာအနီး ချဉ်းကပ်လာရသော ဤခရီးသည် ရှည်လျားလှသည်ဟု မတ်သံလုံ ခံစားရသည်။

"နှင်းကေသရာ"

မတ်သံလုံ၏အသံ တိုးညင်းသော်လည်း နီးကပ်လွန်းသည် ဖြစ်၍ မွေ့ကေသာ မကြားမရှိ။ သို့သော် မွေ့ကေသာလှည့်မကြည့်။

"နှင်းကေသရာ"

ကိုယ်ရနံ့တို့ကိုပင် အပြန်အလှန် ခံစားရရှိနိုင်သည်အထိ နီးကပ်လာပြီဖြစ်သည်။

သို့သော် မွေ့ကေသာ လှည့်မကြည့်သေး။

မတ်သံလုံသည် မွေ့ကေသာ၏ ပခုံးပေါ်မှ မြစိမ်းပဝါကို အသာဆွဲယူလိုက်သည်။ ဒါကိုလည်း မွေ့ကေသာ ငြင်းဆန် တွန်းဖယ်ခြင်း မပြု။

"နှင်းကေသရာ ဒီပဝါကို ခြုံထားစရာ မလိုတော့ပါဘူးကွယ်။ ဒီပဝါနဲ့ပတ်သက်တဲ့ အရေးကိစ္စတွေ အားလုံးလည်း ပြီးသွားပြီ မဟုတ်လားဟင်"

မွေ့ကေသာ၏ လက်ယာဘက် ကျောက်သလင်းခုံတွင် မတ်သံလုံ ဝင်ထိုင်သည်။

"ကျုပ်ကို မုန်းတယ်လို့ ပြောခဲ့တာ မဟုတ်ပါဘူးလို့ နှင်းကေသရာ ထပ်ပြောခဲ့ပြီးပြီ မဟုတ်လား၊ ဒီပဝါကို ကျုပ်မမြင်ပါရစေနဲ့တော့ ဟုတ်လား"

မွေ့ကေသာ မျက်နှာပြင်သည် နှင်းဆီနီတို့၏ အသွေးအရောင်နှင့် အပြိုင်အဆိုင်။

"စကားပြောပါဦး နှင်းကေသရာရယ်၊ ကျုပ်အခု သေဘေးက လွတ်လာပြီလေ၊ သူ့ရှင်က ကျုပ်အသက်ကို လွှတ်လိုက်ပြီ၊ ကျုပ် မသေရဘူးလို့၊ အဲ အမောင်မသေရဘူးလို့ သူသတ်ကုန်းထိပ်မှာ တုန်းက နှင်းကေသရာပြော…"

မွေ့ကေသာသည် ရုတ်တရက် မတ်သံလုံဘက်သို့ လှည့်ပြီး



စကားတစ်စုံတစ်ရာ မဆိုဘဲ မတ်သံလုံ၏ ရင်ခွင်အတွင်းသို့ တိုးဝင်သွားသည်။ မတ်သံလုံကို တင်းကျပ်စွာဖက်၍ မျက်နှာကို ရင်တွင် ဝှက်သည်။ လုံးဝန်းသော ပခုံးတို့ကို မတ်သံလုံ ဖွဖွညှစ်ကာ ပွတ်သပ်ပေးသည်။

မတ်သံလုံ၏ လက်ထဲမှာပင် ပခုံးတို့ တသိမ့်သိမ့်ခါလာသည်။

"ဟင် နှင်းကေသရာ ငိုနေပြန်ပြီ"

မျက်နှာကို မော့စေရန် အားထုတ်သော်လည်း မွေ့ကေသရာ ခေါင်းမဖော်။

"တိတ်ပါတော့ နှင်းကေသရာရယ်၊ နှင်းကေသရာ ငိုဖို့အကြောင်း ဘာမှ မရှိတော့ပါဘူး၊ ကျုပ်တို့လေ အခု တစ်ယောက်ကိုတစ်ယောက်"

မတ်သံလုံ၏ စကားတို့လည်း နှုတ်ခမ်းဝတွင် ပျောက်ဆုံးသွားပြန်သည်။

"နှင်းကေသရာ ကျုပ်ကို မမုန်းပါဘူးနော်"

မတ်သံလုံ၏ ကြက်သွေးရောင် ကိုယ်ကျပ်ကတ္တီပါရင်အုပ်နေရာတွင် မွေ့ကေသာ၏ မျက်ရည်တို့ဖြင့် စိုစွတ်လာသည်။ ချော့မော့ဖျောင်းဖျရန် မတ်သံလုံ မကြိုးစားတော့။ မွှေးပျံ့နွေးထွေးသော ကိုယ်ခန္ဓာမိမိ၏ ရင်ခွင်အတွင်းသို့ တင်းတင်းကျပ်ကျပ် တိုးဝင်ရင်း တသိမ့်သိမ့် ရှိုက်ငိုရနသည်ကိုပင် ဆွတ်ပျံ့ကြည်နူးစရာ ထူးဆန်းသော ခံစားရမှု တစ်ခုဖြစ်နေသည်။ စံပယ်နံ့ သင်းနေသည့် မွေ့ကေသာ၏ ဆံနွယ်ကို လက်ဝါးပြင်ဖြင့် ဖိကပ်ထားရင်း ကြင်ကြင်နာနာ ပွတ်သပ်ပေးမိတော့သည်။

"နှင်းကေသရာ"

မတ်သံလုံ၏ အသံမှာ လေသံမျှသာ။

"နှင်းကေသရာကို ကျုပ် ချစ်တယ်"

"ကေသာ ရှက်တယ်"

ပို၍ တိုးတိမ်သော အသံ။

မတ်သံလုံ ရုတ်တရက် တဟားဟား ရယ်သည်။ ရင်ခွင်တွင်းမှ မျက်နှာကို ခွာလျက် မွေ့ကေသာ မော်ကြည့်လိုက်သောအခါ အပြစ်ကင်းစွာ ရယ်နေသည့် မတ်သံလုံကို တွေ့ရလေသည်။

"ဟင် အမောင်က ဘာဖြစ်လို့ရယ်ရတာပဲ"

"သြော် စဉ်းစားမိလို့ပါ အချစ်ရယ်၊ တိုက်ဘုလာမြို့စားနဲ့

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကတော်တို့ အကြင်လင်မယားဖြစ်ခဲ့ကြလို့ ရက်ပေါင်း လပေါင်းတွေ အများကြီးရှိတော့မှ ချစ်သူတို့စကား ဆိုရတော့တာကို”

“အို ကေသာ ရှက်ပါတယ်”

မတ်သံလုံအရယ်မရပ်။ မွေ့ကေသာလည်း မတ်သံလုံ၏ မျက်နှာကို စေ့စေ့ကြည့်ရင်း မျက်ရည်မခြောက်သေးသော မျက်လုံးများဖြင့်ပင် ပြုံးမိတော့သည်။

ငိုပြီးစ ချစ်သူ၏အပြုံးသည် မတ်သံလုံ၏ ရင်ထဲသို့ အင်အားကြီးမားစွာ ထိုးဖောက်ရောက်သွားသည်။ ချစ်မြတ်နိုးစွာဖြင့် ထိုအပြုံးစတို့ကို တမေ့တမော ငေးကြည့်မိသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေကြသည့်အလား။ သို့မဟုတ် တစ်ခါမှ မတွေ့မမြင်ဖူးကြသည့်အလား။ သို့မဟုတ် သတိသမ္မဇဉ်တို့ ကင်းလွတ်နေကြသည့်အလား တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း နှစ်မြုပ်ဖောက်ထွင်းသွားတော့မတတ်။ စူးစူးရဲရဲ ကြည့်မိကြသည်။

“နှင်းကေသရာ”

“ရှင်”

“အဝကို စစ်ချီတုန်းက ကျုပ်ရေးခဲ့တဲ့သဝဏ် ရတယ်နော်”

“ဟုတ်ကဲ့”

“ပုလဲသွယ်ကော”

“ဟုတ်ကဲ့”

“လည်မှာ ဆွဲမထားဘူးလားဟင်”

“အမြတ်တနိုးမို့ မွေ့ကေသာ လည်မှာမဆွဲရက်ဘူး၊ ဘုရားမှာ ကပ်လှူထားတယ်”

“သစ်ခွပန်းစည်းကောဟင်”

“အမောင် စက်ရာဆောင် ပြတင်းမှာချိတ်ထားတယ်၊ ပန်းတွေပွင့်နေကြပြီ”

“ဘာရောင်ပွင့်သလဲ”

“အဖြူ”

“ပန်းမွှေးဆီဘူးလေးရော”

“ကေသာ စက်ရာခေါင်းအုံးအောက်မှာ”

“ကျုပ်နဲ့နှင်းကေသရာ စက်ရာတို့ကတစ်ဆောင်စီနော်”

“ဟုတ်ကဲ့”



“မကောင်းဘူးနော်”

“ဟုတ်ကဲ့ အို...”

မွေ့ကေသာ၏ မျက်နှာတစ်ခုလုံး နှင်းဆီလို နီရဲသွားပြီး မတ်သံလုံ ပခုံးပေါ်သို့ မျက်နှာအပ်လိုက်သည်။ မတ်သံလုံရယ်ပြန်လေသည်။

“ကျုပ်တော့ သူ့ရှင် ကျေးဇူးတော်ကို ဆပ်မကုန် ဖြစ်နေပါပြီ”

“ဘာဖြစ်လို့လဲဟင်”

“သူ့ရှင်ကြောင့် သူသတ်ကုန်းကို ရောက်ရပြီး နှင်းကေသရာနှင့် အခုလို ...”

“အမောင်ရယ်၊ အဲဒီအကြောင်းမပြောပါနဲ့၊ ကေသာ ကြောက်လွန်းလွန်းလို့ပါ”

“နှင်းကေသရာရယ်၊ ဘာမှမကြောက်ပါနဲ့တော့၊ ကြောက်စရာတွေ မရှိတော့ပါဘူး၊ ကျုပ်ဟာ နှင်းကေသရာအတွက် ဘယ်တော့မှ ဘယ်သူမှ သတ်လို့မသေနိုင်တဲ့ သူပါ၊ နားလည်လား ဟင်”။

“ဟုတ်ကဲ့ ကေသာ နားလည်ပါတယ်”

“မြစိမ်းပဝါ ခြုံဦးမှာလား နှင်းကေသရာ”

“ဟင့်အင်း ကေသာ မခြုံတော့ပါဘူး”

“ဒါဖြင့် ဘာခြုံမလဲ နှင်းကေသာ”

“ပဝါဖြူ”

“မဟုတ်သေးဘူး”

“အို၊ အမောင်က တပ်မှူး သူရဲကောင်းကြီးမဟုတ်လား၊ ကေသာ အနီရောင်ပဝါခြုံမယ်လေ”

“မဟုတ်သေးဘူး”

“ဘာပဝါခြုံရမှာလဲ ဟင်”

“ဘာပဝါမှ မခြုံရဘူး နှင်းကေသရာ”

“ဟင် ဒါဖြင့်”

“ဟုတ်တယ်၊ ကျုပ်မေတ္တာကိုပဲ ခြုံရမယ်”

“အမောင်ရယ်”

ဥယျာဉ်တွင်းရှိ ပန်းပေါင်းစုံတို့ ပြီးပြည့်စုံသည်တိုင် ပွင့်သွားလာကြသည်။ ပန်းရနံ့ကို ဆောင်လာသော လေပြည်တို့သည် မတ်သံလုံနှင့် မွေ့ကေသာတို့အကြားသို့ တိုးမဝင်နိုင်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



* * *

ဆင်တော် ဗကမတ်ခေါ် အသိဏ္ဍိရစ်ဆင်သည် မှန်ယိုလျက်ရှိသည်။ သို့သော် စွယ်စုံမှန်သောက်သည့် ဗကမတ်သည် ဦးကင်းထက်မှ ချွန်းပေါက်ကြမ်းသော လူသားကို အံတုတွန်းလှန်နိုင်ရန် မဖြစ်နိုင်တော့သည်ကို သိသဖြင့် ခိုင်းစေသမျှ လိုက်နာနေသည်။

ဗကမတ်ဆင် ရှေ့ခြေများကို တုပ်ညွတ်လျက် ဒူးထောက်ချသည်။

ဆင်ပေါ်မှ မတ်သံလုံ ပေါ့ပါးစွာ ခုန်ဆင်းလာလေသည်။

သူ့ရှင် ရာဇဓိရာဇ်ရှေ့မှောက်သို့ ဒူးထောက်သည်။

"သံလုံငယ် မင်း ဘာပြောချင်သေးသလဲ"

အမတ်ဒိန်နဲ့ မင်းကြီးသံဖြတ်တို့ စီမံပေးချက်အရ ကျွန်တော် အခု သူရဲသုံးရာ စုရုံးခေါ်သွားပါမယ် သူ့ရှင်၊ မော်လင် တောအုပ်ထဲမှာ စခန်းချ ပုန်းအောင်းနေပါ့မယ်၊ အဝဘုရင်မင်းခေါင်ဟာ ညချမ်းကာလမှာ တပ်လှည့်လေ့ရှိပါတယ်။ တပ်လှည့်တိုင်း မြင်းနဲ့အပေါ့အလျှော့ယာဉ်ကို စီးလေ့ရှိပါတယ်။ ဘုရင်မင်းခေါင်ရဲ့ မြင်းနောက်ကမှ တိုက်ဆင်ဖေ့ဆင်နဲ့ ဆင်မတွေအစဉ်တစိုက် လိုက်ပါကြပါတယ်။ မော်လင် တောအုပ်ရောက်လာရင် ပုန်းကွယ်နေရာက ထွက်ပြီး ကျွန်တော် ဘုရင်မင်းခေါင်ကို တိုက်ခိုက် လက်ရဖမ်းပါ့မယ်"

"မင်း အခု စီးလာတာ ငါ့ဆင် ဗကမတ် မဟုတ်လား"

ဗကမတ်ဆင်သည် သူ့ရှင်ရာဇာဓိရာဇ်မှ တစ်ပါး မိမိ ကျောကုန်းထက်သို့ မည်သူ့ကိုမျှ အတက်မခံ၊ အစီးမခံသော စိတ်ဆတ်သည့် ဆင်ဖြစ်သည်။ မတ်သံလုံ နောက်တွင် မတ်သံလုံကို ရှေ့ခြေတုပ်နေသော ဗကမတ်ဆင်ကို တွေ့ရသဖြင့် အနည်းငယ် အံ့သြနေဟန်ရှိသည်။

"ဟုတ်ပါတယ် သူ့ရှင်၊ ဗကမတ်ကိုသာ ကျွန်တော်စီးပြီး တိုက်ရရင် ဇမ္ဗူဒိတ်မှာ ဘယ်သူ့ကိုမဆို ယှဉ်နိုင်ပါတယ်"

"မင်းခေါင်ကို မင်း လက်ရဖမ်းနိုင်မလား"

"ကျွန်တော့်မှာ အခက်အခဲတစ်ခု ရှိပါတယ် သူ့ရှင်"

"ဘာလဲ"

"အဝဘုရင် မင်းခေါင်ကို ကျွန်တော် သေသေချာချာ မမြင်ဘူးပါဘူး၊ သိသူတစ်ယောက် ထည့်ပေးလိုက်ရင် ပိုပြီးသင့်မြတ်ပါလိမ့်မယ်"



သူ့ရှင်သည် ခေါင်းညိတ်လျက် ဘေးဘက်သို့ ကြည့်လိုက်သည်။ ဘုရင်မင်းခေါင်၏ ညီတော်ဖြစ်သော မင်းသိဒ္ဓတ်ကို တွေ့သွားသည်။ မင်းသိဒ္ဓတ်သည် ရာဇာဓိရာဇ်ထံတွင် ခိုလှုံလာသူဖြစ်သည်။

"ကောင်းပြီ သံလုံငယ်၊ မင်းသိဒ္ဓတ်ကို ငါထည့်ပေးလိုက်မယ်၊ မင်းသိဒ္ဓတ်လည်း မင်းနဲ့အတူ ဗကမတ်ရဲ့ ကျောကုန်းလယ်မှာ စီးရမယ်၊ မင်းသိဒ္ဓတ်က သံလုံငယ်ကို အကူအညီပေး၊ ရင်ဆိုင်မိကြရင် မင်းနောင်တော် မင်းခေါင်ကိုပြပေး ဟုတ်လား၊ ကြံတိုင်းအောင်ရင် မင်းသိဒ္ဓတ် မင်းကို အဝထီးနန်းပေါ် ငါတင်ပေးမယ် ကြားလား"

"ကောင်းပါပြီ သူ့ရှင်"

မင်းသိဒ္ဓတ်လည်း သူ့ရှင်ကို ဦးညွတ်လျက် မတ်သံလုံဘေးသို့ သွားရပ်သည်။

"ဘာပြောချင်သေးသလဲဟေ့ သံလုံငယ်"

မတ်သံလုံ ဘာမှမပြောတော့။ နဖူးနှင့် မြေပြင်ထိမျှ သူ့ရှင်ကို ရှိခိုးကန်တော့နေသည်။ ပန်းကျော်ချောင်း သောင်ပြင်သစ္စာဆိုပွဲကြောင့် အမျက်ရှိခဲ့သည် မှန်သော်လည်း စင်စစ် ရာဇာဓိရာဇ်သည် မတ်သံလုံကို တူသားတမျှ ချစ်ခင်သည် အမှန်ဖြစ်သည်။

ချပ်ဝတ်အပြည့်ဆင်ယင်ထားသော ဗကမတ်ဆင်ရှေ့တွင် မိမိကို လေးမြတ်စွာ ဦးခိုက်နေသော မတ်သံလုံအား တွေ့ရသောအခါ သူ့ရှင်မျက်ခဲ့ဖူးသော ဒေါသတို့ လုံးဝ ပျောက်ကွယ်သွားလေသည်။

"သံလုံငယ် ရှေ့တိုးစမ်း"

သူ့ရှင်သည် မတ်သံလုံ၏ နဖူးပြင်သို့ ညာလက်ကို တင်လိုက်သည်။

"သံလုံငယ် အချိန်မရှိတော့လို့ ရွှေပြားခတ် နဖူးစည်းလုပ်ဖို့ အချိန်မမီတော့ဘူး၊ ငါလက်နဲ့ပဲ မင်းနဖူးပြင်မှာ ဘွဲ့ကိုရေးပေးလိုက်တော့မယ်၊ မင်းဟာ 'မဟာစောလဝ္ဂန်းအိန်'ဖြစ်သွားပြီ"

မတ်သံလုံ၏ မျက်လုံးများ တောက်ပြောင်လာသည်၊

ထို့နောက် သည်းထန်သောအသံဖြင့်–

"ကျွန်တော် ရွှေပြားခတ်ဘွဲ့ကို မလိုတော့ပါဘူး၊ သူ့ရှင် ကိုယ်တိုင် လက်တော်နဲ့ ရေးပေးတဲ့ဘွဲ့ကို ချစ်မြတ်နိုးစွာနဲ့ ခံယူလိုက်ပါတော့မယ်"

ရာဇာဓိရာဇ် ပြုံးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက မဟာစောလဂွန်းအိန်၊ မေနှင်းကေသရာကိုလည်း 'တလမေကျော်'လို့ငါဘွဲ့ပေးတယ်"

ကြီးစွာသော ချီးမြှောက်မှုဖြစ်တော့သည်။ 'တလမေကျော်'ဟူသော ဘွဲ့မည်မှာ အဝဘုရင်ထံသို့ ပါသွားသည့် သူ့ရှင် ရာဇာဓိရာဇ်၏ သမီး ဖြစ်သည်။ မေနှင်းကေသရာကို သမီးတော်နှင့်မခြား သဘောထားသည်ဟု ဆိုလိုခြင်းပင်။

မတ်သံလုံ နောက်သို့ဆုတ်၍ ဗကမတ်ဆင်၏ နှာမောင်းအနီးတွင် ရပ်သည်။

"ကဲ မင်းသိဒ္ဓတ်၊ တက်"

မင်းသိဒ္ဓတ် ဆင်ပေါ်တက်သည်။ မင်းသိဒ္ဓမတ် ဆင်ပေါ်ရောက်ပြီးသောအခါ မတ်သံလုံသည် ဗကမတ်၏ ကြီးမားသော နားရွက်အနီးသို့ ကပ်၍ တစ်စုံတစ်ရာ ရေရွတ်လေသည်။ ဗကမတ်သည် ကျယ်လောင် စူးနစ်စွာ တကျာကျာ အော်မြည်လျက် မတ်သံလုံကို နှာမောင်းနှင့် မွေ့ယူလိုက်ပြီး ဦးကင်းထက်သို့ တင်ပေးလိုက်သည်။

ဗကမတ် တိုက်ပွဲဝင် အော်သံသည် မြို့ရိုးတံတိုင်းများအထိ ရိုက်ခတ်သွားလေသည်။

* * *

မော်လင်တောအုပ်သည် နေမြောက်မကျနိုင်အောင် သစ်ကြီးဝါးကြီးတို့ ထူထပ်သော တောအုပ်ဖြစ်သည်။ အခြားတစ်ပါးသော သစ်ပင်တို့ထက် ဝါးတောများက ပို၍ ထူထပ်သည်။ ဝါးပင်အုပ်များ တီးတီး ထနေသည်မှာ သေးကွေးသော စာဝတီးငှက်ငယ်တို့ပင်လျှင် ဝါးပင်များ အကြိုအကြား ပျံသန်း၍ မဖြစ်နိုင်လောက်အောင်ထိ။

မော်လင်တော့၏ ဝါးပင်ရွက်ခြောက်များ ဖုံးလွှမ်းနေသော မြေပြင်တွင် ဘုရင်မင်းခေါင်၏ ခြေလျင်ရဲမက်ငါး ရာတို့ ဓားလွတ်ကိုယ်စီဖြင့် တပ်လှည့်နေသည်။ ဖြည်းနှေးစွာ ချီနေသော ရဲမက်ငါးရာစု နောက်တွင် ဘုရင်မင်းခေါင်၏ ဆင်တော်'ရဲမြတ်စွာ'သည် ကကြိုးအစုံအလင်ဖြင့် လိုက်လာသည်။ ရဲမြတ်စွာ၏ ကျောကုန်းထက်ရှိ ရတနာ ပုခက်တွင် မည်သူမျှ မရှိ။ ဆင်ဦးကင်းတွင်သာ ဆွန်းကိုင်ဦးစီးလိုက်ပါလာသည်။



ဘုရင်မင်းခေါင်မှုကား ဆင်၏နောက်မှ မြင်းတစ်စီးဖြင့် လိုက်ပါလာလေသည်။

ဝါး ရွက်ခြောက်များပေါ်သို့ ရဲမက်တို့ နင်းလျှောက်သံ၊ ရဲမြတ်စွာ၏ လုံခြုံသောခြေသံမှတစ်ပါး အခြားအသံများ တိတ်ဆိတ်နေသည်။

ရှေ့မှဓားလွတ်ကိုင် ရဲမက်များသည် ဝဲယာသို့ဖျတ်လက် နီးကြားသော နားအကြား၊ မျက်စိအကြည့်များဖြင့် တပ်လှည့်ကြသည်။ ဘုရင်မင်းခေါင်ကား မြင်းဇက်ကို ဖြေလျှော့၍ အသားကျစီးနင်း လိုက်ပါလာလေသည်။

မော်လင်တောအုပ်တွင် ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်မည့် အခြေအနေများ မရှိနိုင်ဟု ထင်ရသည်။ နံနက်ခင်းကာလတစ်ချိန်လုံးတပ်လှည့်ခဲ့ကြရာတွင်လည်း မသင်္ကာဖွယ်စစ်၏ အနံ့အသက်တို့ကို မတွေ့ခဲ့ကြချေ။

သို့သော် ဝါးတောကြီးတစ်ခုကို ဖြတ်မည်အပြုတွင် ဆင်တော်ရဲမြတ်စွာသည် ခြေလှမ်းများကို တုံ့ရပ်လိုက်သည်။

နှာမောင်းရှေ့သို့ ဆန့်ထုတ်မြှောက်ချီးလျက် တစ်စုံတစ်ရာ အနံ့ခံသည်။

ကြီးမားသော နားရွက်ကြီးများကို ရှေ့ဘက်သို့ စွင့်လိုက်သည်။

ရဲမြတ်စွာ အရိပ်အကဲကို အမြဲကြည့်နေသည့် မြင်းပေါ်မှ ဘုရင်မင်းခေါင်လည်း မြင်းဇက်ကို စုဆွဲလိုက်သည်။ အမြဲ နိုးကြားနေသော အာရုံတို့သည် ဘုရင်မင်းခေါင်ထံ၌ ခါတိုင်းထက်ပို၍ ထက်မြက်လာသည်။

ရဲမြတ်စွာလည်း ဦးခေါင်းကိုမော့၍ စူးစူးနစ်နစ် အော်လေသည်။

ရဲမြတ်စွာ၏ အော်သံနှင့် မရှေးမနှောင်းမှာပင် တပ်မှူး တစ်ဦး၏ ဟစ်ကြွေးသံ ပေါ်လာသည်။

"ရန်သူ"

ဘုရင်မင်းခေါင်သည် ဓားကို ဓားအိမ်မှ ဆွဲထုတ်၍ ဝါးတောအုပ်ဆီသို့ မြင်းကိုဇက်လှည့်သည်။ သို့သော် ရန်သူရှိရာသို့ ဘုရင်မင်းခေါင် သွားစရာ မလိုတော့။

ဝါးတောအုပ်များ နောက်မှ တဖြောင်းဖြောင်း တဝုန်းဝုန်း ကျိုးပဲ့သံကြီးများ ပေါ်လာပြီးနောက် တစ်ဆက်တည်းမှာပင် စစ်မြေ[illegible]သံများ ဟိန်းထွက်လာသည်။ စောစောက ငြိမ်သက် တိတ်ဆိတ်[illegible]ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com

မော်လင်းတောအုပ်တွင် စစ်သံများ တစ်ခဲနက်ညံသွားသည်။

ဝါးတောအုပ်ထဲမှ တိုက်ဆင်ကြီးတစ်ကောင် ထွက်လာသည်။

ခြေလျင်ရဲမက်များ ရုတ်တရက် ထိတ်လန့်သွားကြသည်။

သို့သော် ရဲမြတ်စွာ၏ နောက်မှ လိုက်ပါလာသော မြင်းစီးရဲမက်များ ရှေ့သို့ ထွက်လာပြီး တိုက်ဆင်ကြီးကို စိုင်းအုံတိုက်ခိုက်ကြသည်။

တိုက်ဆင်ကြီး၏ ခြေအနုတ်အသိမ်းမှာ လျင်မြန်လှသဖြင့် မြင်းစီး ရဲမက်တို့ ထိရောက်စွာ မတိုက်နိုင်။ အချို့မြင်းများပင် လန့်ကုန်ကြသည်။

တိုက်ဆင်ပေါ်မှ ကြုံးဝါးသံလည်း ကျယ်လောင်လှသည်။

"အဝဘုရင်ကို တိုက်မို့လာတဲ့ လဝွန်းအိန်ဆိုတာ ငါပဲဟေ့"

ဘုရင်မင်းခေါင်သည် မြင်းကို ဆင်တော်ရဲမြတ်စွာအနီးသို့ ချဉ်းကပ်လျက် မြင်းကျောကုန်းပေါ်မှပင် ဆင်ကျောကုန်းပေါ်ရှိ ရတနာပုခက်သို့ တက်လေသည်။ ရတနာပုခက်မှတစ်ဆင့် ဆင်ဦးကင်းဆီသို့ နေရာယူသည်။

"သူရဲကောင်း လဝွန်းအိန်ဆိုတာ မင်းကိုး၊ မင်းကို ငါတွေ့ချင်နေတာ ကြာပြီ၊ မင်းတိုက်ချင်တဲ့ ဘုရင်မင်းခေါင် လာပြီဟေ့"

ဘုရင်မင်းခေါင်သည် ရဲမြတ်စွာကို တစ်ဟုန်ထိုး ချွန်းဖွင့်သည်။

မတ်သံလုံလည်း ဗကမတ်ကို ခပ်ကြမ်းကြမ်း ချွန်းပေါက်သည်။ မြင်းဟည်သံ၊ ဆင်အော်သံ၊ ဝါးပင်တို့ ကျိုးကြေသံများ အလုံးလုံး အထွေးထွေး။

ဆင်နှစ်စင်းသည် မယှဉ်သာသေး။ မြင်းများနှင့် ခြေလျင်ရဲမက်များ အထွေးထွေးရှိနေသဖြင့် အလှမ်းကွာနေသည်။

"ရှေနန်းရှင် မတိုက်ပါနဲ့ ကျွန်တော် ထွက်တိုက်ပါ့မယ်"

ဘုရင်မင်းခေါင်၏ တပ်မှူးတစ်ယောက်ဖြစ်သော တရဖျားက ဆင်တစ်စီးပေါ်သို့ ခုန်ကူး၍ ရဲမြတ်စွာ ဘေးမှ ထွက်သွားသည်။ ပခန်းစား တရဖျားသည် မြင်းစီးရဲမက်များကို ကွင်းလျက် ဆင်ကို ချွန်းဖွင့် နှင့်သည်။

သို့သော် ဆင်ချင်းမယှဉ်သာ။

ဗကမတ်၏ အော်သံ။ ဗကမတ်၏ ကြီးမားသော ကိုယ်လုံးကြီးကို တရဖျား၏ဆင် တုန်လှုပ်နေသည်။ ဆင်ဦးချင်း မဆိုင်ရသေးမီမှာ



ပင် ဗကမတ်က တရှိန်ထိုး ပြေးဝေ့သဖြင့် တရဖျား၏ဆင် တုံးတုံး လဲကျသည်။

မတ်သံလုံသည် ဆင်ဦးကင်းထိပ်တွင် မတ်တပ်ရပ်လျက် အဲမောင်းကို ဝှေ့ရမ်းရင်း ဆင်ကျောကုန်းအလယ်မှ မင်းသိဒ္ဓတ်ကို လှမ်း၍မေးသည်။

"မင်းသိဒ္ဓိတ် အခု လဲသွားတဲ့ဆင်ဟာ ရဲမြတ်စွာဆိုတာလား"

မင်းသိဒ္ဓတ်က ပြန်၍ အော်ပြောလေသည်။

"မဟုတ်ဘူး လဝွန်းအိန်၊ လဲသွားတာ ဆင်တော် ရဲမြတ်စွာ မဟုတ်ဘူး၊ ရဲမြတ်စွာ ဟိုမှာလာနေတဲ့ဆင်"

"ဟုတ်လား၊ ဒါဖြင့် အဲဒီဆင်ပေါ်က ဘုရင်မင်းခေါင်ပေါ့"

ဘုရင်မင်းခေါင်သည် ရဲမြတ်စွာကို ချွန်းနှက်၍ အတင်းဇင်လာနေသည်။

ရဲမြတ်စွာ၏ အစွယ်ကြီး နှစ်ချောင်းသည် အဲမောင်းလုံကြီးများကို တည့်မတ်စွာ ချိန်ရွယ်လာသကဲ့သို့။

ဗကမတ်လည်း ရဲမြတ်စွာ၏ အနံ့ကို ရသည်တွင် နှာမောင်းကို မြှောက်၍ တကျိုကျိုအော်ရင်း စောင့်ကြိုသည်။ မတ်သံလုံက အဲမောင်းကို မြှောက်ချိန်လိုက်သည်။

အကွာအဝေးမှာ အဲမောင်း တစ်ပစ်စာသို့ မရောက်သေး။

ထိုအခိုက် ဗကမတ်၏ ကုန်းလယ်ဆီမှ မင်းသိဒ္ဓတ်၏ အော်သံပေါ်လာလေသည်။

"အဝဘုရင်ဆိုပြီး ရန်သူ သူရဲကောင်းတပ်မှူးတစ်ယောက်နဲ့ တိုက်ရသလား၊ အဘကမ်မတန် စစ်ကို ဘာလို့ တိုက်ချင်သလဲ၊ နောက်မှာ တပ်ကူအင်အားတွေ အများကြီးရှိနေတယ်၊ မကပ်နဲ့ ပြန်စွာ ပြန်လှည့်ပါတော့လား"

ဘုရင်မင်းခေါင် မင်းသိဒ္ဓတ်၏ အသံကိုကြားသွားသည်။ တစ်ဖက် ရန်သူစီးသော ဆင်ကျောပေါ်တွင် ညီတော် မင်းသိဒ္ဓတ်ကို တွေ့ရသဖြင့် အံ့သြတုန်လှုပ်သွားသည်။ မတ်သံလုံကား အဲမောင်းကို ပစ်လွှတ်ရန် ပြင်ဆင်နေပေပြီ။

"ပြန်ဆုတ် ပြန်ဆုတ်၊ အင်အားမမျှဘူး၊ ပြန်ဆုတ်"

မင်းသိဒ္ဓတ်အသံကုန်အော်သည်။

တစ်ဟုန်ထိုး ပြေးလာနေသော ရဲမြတ်စွာ၏ ခြေလှမ်းတို့ တုံ့ရပ်သွားသည်။ မင်းသိဒ္ဓတ်၏ အော်ဟစ်သတိပေးသံကို ဘုရင်မင်းခေါင်

www.burmeseclassic.com

www.burmeseclassic.com



ကြားသွားပေသည်။ ရဲမြတ်စွာ ရှေ့သို့မတက်လာတော့ဘဲ ဘေးဘက်သို့ ပန်းထွက်သည်။

ဤအချိန်တွင် အဝ ရဲမက်နှင့် ဟံသာဝတီရဲမက်တို့လည်း အရှုပ်ရှုပ် အထွေးထွေး ထိုးခုတ်တိုက်ခိုက်နေကြပြီ ဖြစ်သည်။ တိုက်ပွဲအလယ်သို့ ရောက်သွားသည် ရဲမြတ်စွာကို မတ်သံလုံ ရုတ်တရက် ရှာမတွေ့ဖြစ်သွားသည်။ သို့သော် အခြားဆင်များထက် ထူးခြားနေသည့် အခြင်းအရာတစ်ခုကို မတ်သံလုံ ရအောင်ရှာသည်။

တွေ့သည်။

ထီးဖြူလွှင့်ထူသော ဆင်သည် ဘုရင်မင်းခေါင်၏ ဆင်ဖြစ်ရမည်။

ထီးဖြူကို မှတ်၍ မတ်သံလုံ ချွန်းဖွင့်လိုက်သည်။

မတ်သံလုံ လက်ထဲမှ အဲမောင်းကိုကြည့်ရင်း မင်းသိဒ္ဓတ် စိုးရိမ်လာသည်။ ထီးဖြူတရိပ်ရိပ် လွင့်နေခြင်းသည် အဲမောင်းလုံအတွက် ရှင်းလင်းလွယ်ကူသော ပစ်မှတ်ဖြစ်နေသည်။

မင်းသိဒ္ဓတ်သည် လှုပ်ယမ်းနေသော ပုခက်ထဲမှ ကြိုးစား၍ ထရပ်ပြန်သည်။

"အဝမှာ အဝတ်ဖြူ ဒီလောက် ရှားနေသလား"

ဘုရင်မင်းခေါင်၏ ဆင်ဦးစီးသည် မင်းသိဒ္ဓတ်၏အော်သံကို ကြားသွားသည်။ ဘုရင်မင်းခေါင်ကား ယခုအကြိမ် မင်းသိဒ္ဓတ်၏ အော်ဟစ် သတိပေးသံကို ကြားဟန်မတူ။ ဆင်ဦးစီးသည် ရဲမြတ်စွာ ကျောပေါ်တွင် လွှင့်ထူထားသည့် ထီးဖြူကို ဖယ်ရှားလိုက်သည်။

တိုက်ပွဲမှာ အရှုပ်ထွေးဆုံးအခြေအနေ။

မတ်သံလုံသည် ထီးဖြူကို အမှတ်အသားပြု၍ ရှာဖွေတိုက်ခိုက်ရန် ကြိုးစားနေစဉ် ထီးဖြူပျောက်ကွယ်သွားသည့်အတွက် ရဲမြတ်စွာနှင့် ဘုရင်မင်းခေါင်ကို ရှာမတွေ့တော့။ အဝဆင်တပ်လည်း တပ်နောက်သွယ်မှ ရောက်လာပြီ ဖြစ်သဖြင့် များပြားလှသော တိုက်ဆင်တို့အကြား ဘုရင်မင်းခေါင်နှင့် ရဲမြတ်စွာကို မမှတ်မိတော့ချေ။

အဝ တပ်ဦးထဲသို့ အတန်ငယ် ကျွံလာခဲ့ပြီဖြစ်သော မတ်သံလုံနှင့် ဗကမတ်အား အဝဆင်တပ်တို့ ဖိ၍တိုက်ကြသည်။ မတ်သံလုံအနီးမှ လုံရှည်များ ဝဲပျံဖြတ်သန်းသွားသည်။ ဗကမတ်ဆင်၏ လက်ပြင်ဆီသို့ မြားတံ နှစ်ချောင်းစ သုံးချောင်းစ စူးနစ်စိုက်ဝင်လာပေပြီ။



မတ်သံလုံ ရှေ့ဆက်မတက်နိုင်တော့ချေ။

ပိုမိုများပြားသော တိုက်ဆင်တို့ တဖွဲဖွဲပြေးလာနေကြသည်။

ဗကမတ်လည်း ရန်သူများ ဝိုင်းအုံလာကြောင်း သိသဖြင့် လက်နက်များကို ကာကွယ်ဖယ်ရှားရန် နှာမောင်းကိုသာ တွင်တွင်ယမ်းရတော့သည်။ တိုက်ပွဲအတွေ့အအကြုံ ရင့်ကျက်၍ တိုက်ရည်ကောင်းလှသော ဗကမတ်၏ အခြေအနေကို မတ်သံလုံ နားလည်သွားသည်။ ဤနေရာတွင် ဆက်နေပါက ဗကမတ်ရော မိမိပါ အချည်းနှီး ပျက်စီးကြရတော့သည်။ ဘုရင်မင်းခေါင်ကိုလည်း ရှာမတွေ့တော့။

မတ်သံလုံ ချွန်းပြန်ငင်သည်။ ဗကမတ်ကို တောအုပ်ဆီသို့ ဦးတည်စေပြီး လျင်မြန်စွာ ဆုတ်ခွာခဲ့ရသည်။ မင်းသိဒ္ဓတ်ကား ပုခက်နံပါးသို့ တဖွဲဖွဲလာ၍ ထိုးစိုက်သည့် လုံတံများ မြားတံများကို ကြည့်ရင်း တုန်လှုပ်နေလေသည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## နှင်းကေသရာချစ်တဲ့ သူ့ရဲကောင်း

မွေ့ကေသာ၏ ပန်းဥယျာဉ်တွင် အိုးစိုက်ပန်းပင်ငယ်များသာမက မြေစိုက်ပန်းရုံများပင် ဖွံ့ထွားအုပ်ဆိုင်းလာကြပြီ။

တိုက်ကုလားစံအိမ်တော်ဝင်းသည် ဆောက်လုပ်ခဲ့သော အမှုတော်ထမ်းများပင် မမှတ်မိနိုင်တော့အောင် စိမ်းလန်းညိုမှိုင်းနေသည်။ တစ်နှစ်တစ်ရာသီ ပွင့်ကြသော ပန်းများ အသစ်အသစ်တို့ ထပ်မံပွားများလာကြသည်။ ပန်းတို့၏ အရောင်အသွေးများလည်း စံအိမ်တော်ဥယျာဉ်တွင်းဝယ် မရှိသောအရောင်ဟူ မရှိတော့သလောက်။

စံအိမ်တော် တံစက်မြိတ်ကနုတ်များတွင် သစ်ခွနှင့် ဖယောင်းပန်းများကို စီရရီချိတ်ဆွဲထားသည်။ လက်ယာဘက်မြေကွက်လပ်တွင် ထွာဆိုင်လုံးပတ်ခန့်ရှိ ခနိတိုင်များဖြင့် သဇင်ဥများကို ပျိုးထားသည်။ ခနိတိုင် အတော်များများတွင် သဇင်ခက်တို့ အပြိုင်းအရိုင်း ပွင့်နေကြပြီ။



စိန်ခြယ်နှင့် ကြက်မောက်ပန်းများသည် သဇင်ခက်များအောက်တွင် ရှိသည်။

သဇင်ပန်းရုံကိုစံပယ်နှင့် ဖွန်ပန်းရုံများဖြင့် ဝိုင်းရံထားပြီး အဆုံးသက်တွင် နှင်းဆီဖြူကို အတန်းလိုက် စိုက်ထားသည်။ ဂမုန်းနှင့် ခတ္တာကိုမူ စံအိမ်တော်လှေကားရင်း ဝဲယာတစ်ဖက်စီတွင် တညီတညာတည်း ချထားပြီး အဝင်လမ်းမှုခ်ဝ၌မူ ခိုင်ရွှေဝါပန်းအုံ။

စံအိမ်တော် လက်ယာဘက်တွင်မူ သော်ကနှင့် စန္ဒကူးပန်းရုံ။

စန္ဒကူးပန်းရုံ၏ရှေ့တွင် ဖြူလွှသော ငွေပန်းပင်များ ထိုးထွက်နေကြသည်။

ဝင်းကြံ၏မြောက်ဘက်မျက်နှာ စည်းရိုးတစ်လျှောက်တွင်မူ ငုရွှေဝါ၊ စိန်ပန်း၊ ပိတောက်နှင့် ပျဉ်းမပင်ကြီးများက တစ်ပင်ခြားစီ အုပ်ဆိုင်းနေကြသည်။ တပေါင်းလေ၏ ဖြတ်ခြွေမှုကြောင့် စည်းရိုးတစ်လျှောက် မြေပြင်တွင် ငုရွှေဝါ၊ စိန်ပန်း၊ ပိတောက်နှင့် ပျဉ်းမပန်းတို့ ကြဲပြန့်နေသည်။ အဝါရောင်၊ အနီရောင်၊ ခရမ်းပြာရောင်မြေပြင်။

တိုက်ကုလားမြို့သားများက စံအိမ်တော်၏ အရောင်အသွေးစုံ ပန်းလောကကို အစွဲပြု၍ ထူးခြားဆွတ်ပျံ့ဖွယ်သော အရောင်တို့ကို ဂုဏ်ပြုသောအားဖြင့် စိတ္တဇဆန်သည့် အမည်တစ်ခုပေးထားကြသည်။ ဤအမည်ကို မည်သူက စ၍ ပေးလိုက်သည်တော့မသိ။

"အိပ်မက်ဘုံ" ဟူ၍။

"အိပ်မက်ဘုံ" ဟူသော အမည်ကို နှစ်သက်ရန် သို့မဟုတ် မနှစ်သက်ရန် မွေ့ကေသာ ရွေးချယ် စဉ်းစားချိန် မရတော့။ တညီတညွတ်တည်း အပ်နှင်းလာကြသော ဤအမည်ကိုသာ လက်ခံရတော့သည်။

"အိပ်မက်ဘုံ"

သို့သော် မိမိဘဝသည် အိပ်မက်ဘုံ မဟုတ်တော့။ တပ်မှူး လဂွန်းအိန် မေတ္တာရိပ်၊ သူ့ရှင်ရာဇာမိရာဇ်၏ ဘုန်းအာဏာစက်အောက်ဝယ် ပီသထင်ရှားသော ဘုံလောကဖြစ်နေပြီဟု မွေ့ကေသာ ယုံကြည်ထားသည်။ တစ်ခါခါတော့မူ စံအိမ်တော်ကို "မေတ္တာဘုံ" ဟူသော အမည်ပေးရလျှင် ကောင်းမည်လားဟု မွေ့ကေသာ စဉ်းစားမိသည်။

"အိပ်မက်ဘုံ" အတွင်းဝယ် အိပ်မက်မဟုတ်သော ဘဝလောကများကို မွေ့ကေသာ တရိပ်ရိပ်ဖြတ်သန်းနေရသည်။ "အိပ်မက်ဘုံ" ထဲက ပန်းမျိုးစုံတို့ တစ်မျိုးပြီးတစ်မျိုး၊ တစ်ရောင်ပြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ရောင် ပြောင်းလဲဖြစ်ပေါ်လာကြသကဲ့သို့ပင် ဟံသာဝတီနိုင်ငံတော်ကြီး၏ အရေးအခင်းတို့လည်း တစ်ရောင်ပြီးတစ်ရောင် တစ်မျိုးပြီးတစ်မျိုး။

တပ်မှူးလဝွန်းအိမ်၏ သတင်း၊ သူ့ရှင်ရာဇာဓိရာဇ်၏ သတင်း၊ နေပြည်တော်၏ သတင်း၊ အဝ–ဟံသာဝတီသတင်းတို့ကို အမတ်ဒိန်၏ သဝဏ်၊ မတ်သံလုံ၏ သဝဏ်များမှပင် ဖတ်ရှုရန်မလိုတော့။ နိုင်ငံတော် အလုံးဝယ် ဤသတင်းများကို နိုင်ငံတော်သားအားလုံး အတွင်းသိ အစင်းသိ ဖြစ်နေကြသည်။ တိုက်ကုလားမြို့သူမြို့သားများ နှုတ်တွင်လည်း ဤသတင်းများကို မပြတ်မလပ် တဖွဖွပြောနေကြသည်။

"ဘုရင်မင်းခေါင်၏ ညီတော် မင်းသိဒ္ဓတ်သည် ဆင်ကျောကုန်းထက်မှနေ၍ ဘုရင်မင်းခေါင်ကို အော်ဟစ်သတိပေးသောကြောင့် ဘုရင်မင်းခေါင် လွတ်မြောက်သွားသည်။ ထို့ကြောင့် တပ်မှူးလဝွန်းအိန်သည် ဘုရင်မင်းခေါင်ကို တိုက်ခွင့်မရလိုက်တော့။ ဤအပြစ်ကြောင့် သူ့ရှင်ရာဇာဓိရာဇ်က မင်းသိဒ္ဓတ်အား စစ်ရေးသေနင်္ဂကို ဖျက်ဆီးသည်ဟု အပြစ်ယူကာ ကွပ်မျက်လိုက်ကြောင်း"

"တပ်မှူးလဝွန်းအိမ်သည်လည်း ဘုရင်မင်းခေါင်အရေးကို အပြီးအပိုင် အမှုမထမ်းနိုင်သောကြောင့် သူ့ရှင် ရာဇာဓိရာဇ်က ပန်းကျော်ချောင်း သောင်ပြင်သစ္စာဆိုပွဲ ပြစ်ဒဏ်မှ ခွင့်မလွှတ်သေးကြောင်း ထို့ကြောင့် ဘုရင်မင်းခေါင်ကို လုပ်ကြံရန် သူ့ရှင်က ထပ်မံ၍ အမိန့်တော်မှတ်ကြောင်း"

"တပ်မှူးလဝွန်းအိန်သည် ဘုရင်မင်းခေါင်၏ တပ်စခန်းအတွင်းသို့ ဝင်၍ ဘုရင်မင်းခေါင် စက်ရာဆောင်အထိ အရောက်သွားခဲ့သော်လည်း ပြည့်ရှင်မင်းကို လုပ်ကြံကွပ်မျက်ပါလျှင် လောကီ၊ သံသရာ နှစ်ဖြာသော အကျိုးကို ဆုတ်ယုတ်မည်ကို ဆင်ခြင်မိသဖြင့် မလုပ်ကြံတော့ဘဲ ဘုရင်မင်းခေါင်၏ ရွှေကွမ်းအစ်နှင့် ဆောင်ဓားတို့ကိုသာ ယူ၍ ပြန်လာခဲ့ကြောင်း"

"တပ်မှူးလဝွန်းအိန်၏ အမှုတော်ထမ်းပုံနှင့် နှလုံးရည် ပြည့်ဝပုံကို သူ့ရှင် ရာဇာဓိရာဇ်ကောင်းစွာ ယုံကြည်သွားသောကြောင့် တပ်မှူးလဝွန်းအိန်အား အလုံးစုံသော အပြစ်ဒဏ်တို့မှ လွတ်ငြိမ်းစေလိုက်ကြောင်း"

"ဟံသာဝတီတပ်နှင့် အဝတပ်များသည် ပန်းကျော်ချောင်း၊ ကျိုက်ပေါတောများတွင် ဆုတ်ချေ၊ တက်ချေဖြင့် အပြန်အလှန် တိုက်ကြကြောင်း၊ အရေးတော်မှာ ဟံသာဝတီကသာ တစ်လှည့် အဝကသာ



တစ်လှည့်ရှိကြောင်း"

စစ်ရေးတို့ ဖိစီးရှုပ်ထွေးလေသောကြောင့် မတ်သံလုံထံမှ သဝဏ်ကိုလည်း မရတော့။ သို့သော် ရွှေနန်းတော်မှမူ သက်ဆိုင်ရာ ကတော်စိုး မယားများထံသို့ ခင်ပွန်းသူရဲကောင်းများသတင်းကို မှန်မှန်ဆင့်ပို့ကြားသိနေစေသည်။

တပ်မှူးလဝွန်းအိန်သည် ပွဲတိုင်းမှာပင် အစွမ်းပြနိုင်နေသည်။ ဆေးကင်း အနာကင်းစွာဖြင့် တိုက်ပွဲဝင်နေသော တပ်မှူးလဝွန်းအိန်သည် စစ်ပွဲဖြင့် အသက်မသေနိုင်ဟူသော ဆုကို ရရှိထားသူအလားတစ်ဖက် စစ်သည် လက်နက်တို့အလယ်တွင် ရှုပ်ရှုပ်ချွံချွံ ပွဲဝင်နေနိုင်သည် စသည်ဖြင့် ကြားသိရသောအခါ မွေ့ကေသာ၏ စိုးရိမ်ပူပန်မှုတို့ အတန့်ငယ် ပြေပျောက်ခဲ့ရသည်။

သို့သော် ချစ်သူခင်ပွန်း တပ်မှူးသူရဲကောင်းအတွက် စိုးရိမ်ပူပန်ရခြင်းတို့ကို သိမ်းဆည်း၍မရနိုင်။ ထို့ထက်မူ ချစ်ရသူ၏ နွေးထွေးကြီးမားသော ရင်ခွင်နှင့် ကင်းဝေးရသည့်အတွက်လည်း မွေ့ကေသာရင်တွင်ပူလောင်ပါဘိခြင်း။

* * *

ခရီးကြမ်းကို စစ်ချီခဲ့ရသည်ဖြစ်၍ မင်းကြီး သံဗြတ်(သမိန်ဗြဒ္ဓ)၏ ကုံ့တ္တီပါကိုယ်ကျပ်သည် နွမ်းကြေနေလေသည်။

ကိုယ်ကျပ်ပေါ်မှ ဖုန်မှုန့်များကို လက်ဖြင့် သုတ်ခါလိုက်ပြီးနောက် ခါးစည်းကြိုးကို တင်းတင်းရင်းရင်း ဖြစ်စေရန် တုပ်ချည်လိုက်သည်။ ဓားအိမ်သည် လျှပ်ယမ်းသွားပြီး ဓားရိုးနှင့် ပတ္တမြားလက်စွပ်တို့ ထိခတ်မိသွားသဖြင့် လက်ကို ပြန်သိမ်းရင်း မျက်နှာရှေ့သို့ ထောင်ကြည့်လိုက်သည်။

ဓားရိုး၊ လှံရိုး၊ လေးကိုင်း၊ အဲမောင်းရိုးနှင့်လှွားတို့ကို နှစ်ပေါင်းရှည်ကြာစွာ ဆုပ်ကိုင်ခဲ့သော လက်တို့ အကြော ပြိုင်းပြိုင်း ထနေချေပြီ။

သူ့ရှင်ပေးသနားသော ပတ္တမြားလက်စွပ်သည် ရှည်လျားကြွလိုနေသော လက်ချောင်းပေါ်တွင် အလိုက်သင့်ရှိမနေဘဲ အနည်းငယ် ချောင်သလို ဖြစ်နေသည်။ သားရေပျော့လက်စည်း စည်းနှောင်ထားသော လက်ကောက်ဝတ်အတွင်းဘက်မှလက်ဖျံရိုးတို့ ငေါငေါစင်းစင်းပေါ်နေသည်။ လက်ဖမိုးအဆစ်များတွင်လည်း အညိုအမည်း စွဲနေပြီ။ အဆစ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့်တစ်ခု အကြားနေရာတို့သည် ပြည့်ဖြိုးတင်းမောက်ခြင်းမရှိဘဲ ချိုင့်ခွက်နစ်ဝင်နေကြသည်။

မိမိလက်ကို မိမိနီးကပ်စွာ ကြည့်နေရင်းမှာပင် မြင်ကွင်းတို့ မှုန်သီလာနေသည်။ အသက်ရှူရသည်ကိုပင် မဝသလို ခံစားလာမိရပြီး မသိမသာ မောဟိုက်လာသည်။

"မင်းကြီးသံဖြတ်"

သူ့ရှင်၏ သမက်တော် တပ်မှူးသမိန်ဥပါကောင်းသည် မင်းကြီးသမိန်သံဖြတ်အနီးသို့ ချည်းကပ်လာသည်။ သမိန်ဥပါကောင်း၏ မြင်းညိုကြီး လက်ပြင်တွင် ချွေးတို့စိုရွှဲနေသော်လည်း မြင်းပေါ်က သမိန်ဥပါကောင်းကား ခရီးကြမ်းကြောင့် မောပန်းနွမ်းနယ်မှု အလျဉ်းရှိပုံမရ။

"တပ်စခန်းချမလား၊ မင်းကြီးသံဖြတ် နွမ်းနယ်နေပုံရတယ်"

လက်မှ အကြည့်ကို သမိန်ဥပါကောင်းဆီသို့ ရွှေ့ပြောင်းလိုက်သည်။

ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းလှသော သမိန်ဥပါကောင်း၏ မျက်နှာပေါ်တွင် ကြင်နာသော အရိပ်တို့ လွှမ်းနေလေသည်။

"ကိစ္စမရှိပါဘူး ဥပါကောင်း၊ ကျုပ်ခရီးဆက်နိုင်ပါတယ်"

မင်းကြီးသံဖြတ်၏ လေသံသည် ရှင်လန်းကျန်းမာသော လေသံမဟုတ်ချေ။

မြင်းဇက်ကို အားပြုထိန်းရင်း ရှေ့ဆီသို့ လှမ်းမျှော်ကြည့်မိသည်။ တောအုပ်တို့အထပ်ထပ် စိုရီနေသော စိမ်းညို့ညို့မြင်ကွင်းကို မျက်စိတဆုံး မြင်ရသည်။ ထိုတောအုပ်တို့ကို ဖြတ်ကျော်ပြီးလျှင် ဟံသာဝတီနေပြည်တော်သို့ ရောက်နိုင်မည်။

"ကျွန်တော်သိပါတယ်၊ မင်းကြီး အနားယူလိုက်ဖို့ကောင်းပြီ"

သမိန်ဥပါကောင်းသည် သူ့ရှင်၏ သမက်တော်ဖြစ်စေကာမူ ပလွှားမှုမရှိ။ မင်းကြီးသံဖြတ်ကိုလည်း ထာဝစဉ် လေးစား ရိုသေသူဖြစ်သည်။

"အရေးတော် မပြီးသေးဘူးလေ ဥပါကောင်း"

"မင်းကြီးအသက် ခြောက်ဆယ့်ငါးနှစ်ထဲ ဝင်လာပြီ ဆိုတာ ကျွန်တော်သိပါတယ်။ အရေးတော်အတွက် မင်းကြီးအသက်ရဲ့ သုံးပုံနှစ်ပုံကို ပေးအပ်ခဲ့ပြီဆိုတာလဲ ကျွန်တော်သိပါတယ်၊ အရေးတော် မပြီးသေးပေမယ့် မင်းကြီး အနေနဲ့တော့ စံအိမ်တော်မှာပဲ၊ အနားယူသင့်ပါပြီ။ စံအိမ်တော်ကနေပြီး သေနင်္ဂဗျူဟာကို စီရင်ပေးလဲ ဖြစ်ပါ



တယ်။ ကျွန်တော်တို့ သမိန်ဗရမ်းတို့ အဲမွန်ဒယာတို့၊ လဂွန်းအိမ်တို့ ရှိနေသေးတာပဲ"

"စစ်သည်ဆိုတာ စစ်မြေနဲ့မကင်းကွာစကောင်းဘူး ဥပါကောင်းရဲ့"

မင်းကြီးသံဖြတ်၏ အသံ ပြတ်သားလှသည်။ ဤစကားမျိုးကိုပင် ပြောလေ့ရှိသော တပ်မှူးလဂွန်းအိမ်ကို သတိရမိပြီး သမိန်ဥပါကောင်းပြုံးလိုက်မိလေသည်။

"မင်းကြီးရဲ့ သစ္စာရှိ သားတပည့် သူ့ရဲကောင်းတွေရှိနေတာပဲ"

"ဥပါကောင်းရယ်၊ အဓိပ္ပါယ်မရှိတာတွေ ပြောမနေစမ်းပါနဲ့၊ ဇရာ၊ ဗျာဓိ၊ မရဏ တရားဆိုတာ စစ်မြေပြင်ရယ်၊ စံအိမ်တော်ရယ်၊ မရွေးပါဘူး၊ ငါတို့လို ဓားမကိုင်တဲ့ မင်းကန်စီတစ်ယောက် အသက်သုံးဆယ်ကျော်မှာပဲ သေသွားတာ ကြည့်ပါလား"

မင်းကြီးသံဖြတ်ကို ဖျောင်းဖျရန် မရနိုင်ကြောင်း သမိန် ဥပါကောင်း သိသွားသည်။

"ကိုင်း နေရှိတုန်း မြင်းတွေ နှင်ကြရအောင် ဟေ့"

မင်းကြီးသံဖြတ်က မြင်းဇက်ကို ဖွင့်ရန် ဟန်ပြင်လိုက်သည်။

"နေပါဦး မင်းကြီးသံဖြတ်၊ တနေကုန်နှင်ခဲ့လို့ မြင်းတွေလဲ မောလှပါပြီ။ ဒီတောအုပ်ကို မလွန်ခင်အထိတော့ အသာကျပဲ စီးကြရအောင်ပါ"

ညနေဦးအောက်မှ စိမ်းစိုသော သစ်ပင်တို့သည် မြင်းအသာကျစီးရန် ဆွဲဆောင်နေသလို ဖြစ်နေသည်။ မင်းကြီး သံဖြတ် မငြင်းသာတော့။

"ဥပါကောင်း"

"ဟုတ်ကဲ့ မင်းကြီးသံဖြတ်"

"နောက် ငါ့ကို အဲဒီလို ဘယ်တော့မှ မပြောနဲ့၊ သိလား"

"ဟုတ်-ဟုတ်ကဲ့"

"မင်းတွက်ကြည့်စမ်း၊ အဝဘုရင်မင်းခေါင်မှာ အခုဆိုရင် မင်းရဲ့ ကျော်စွာဆိုတဲ့ သားတစ်ယောက်ရှိလာပြီ။ ဒီမင်းသားငယ်က အသက် ဘယ်လောက်"

"ဆယ့်ခုနစ်နှစ်ပါ မင်းကြီးသံဖြတ်"

"အေး၊ အဝဘုရင်ရဲ့သားဟာ ဘယ်လောက် တိုက်ရည်ခိုက်ရည်ကောင်းတယ်ဆိုတာ မင်းတို့အားလုံးအသိ။ ဒီအသက်အရွယ်နဲ့ သိန္နီကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဒုက္ခပေးနိုင်ခဲ့သလဲ။ ပြီးတော့ ငါ့ရှိရာမြောင်းမြကိုလည်း ဒီလောက်အဆို့အတား ကြံ့ကြံ့ခံတဲ့ကြားထဲ ရှုပ်ရှုပ်ချွချွ စိုင်းခဲ့သေးတယ်။ ပြီးတော့ ပုသိမ်၊ ပြည်၊ ခဲပေါင်တွေကိုလည်း ဘယ်လောက် ချောက်ချားစေခဲ့သလဲ။ ဒါတွေ မင်းအသိ။ အဝဘုရင်ဟာ သားတစ်ယောက်ဆိုဆိုသလောက် အားထားရနေတယ်။ ဒီမင်းသားငယ် စစ်ရေးထဲ ဝင်ပြီးမှ တို့တိုက်ပွဲတွေ ဘယ်လောက်ပြင်းထန်ခဲ့သလဲ။ အေးလေ– မင်းက ငါ့ထက် ပိုသိမှာပါ။ ဒီလိုအခြေအနေမျိုးမှာ ငါက မြောင်းမြ စံအိမ်တော်မှာ အနားယူရမှာတဲ့လား ဥပါကောင်း”

မြင်းအသားကျတွင် စမ်းချောင်းကုန်းကမှု ခင်တန်းတို့ကို ကျော်ဖြတ် တိုက်ခတ်လာသော လေပြည်ကြောင့် မင်းကြီး သံဖြတ် အနည်းငယ် လန်းဆန်းလာသလို ရှိသည်။

သမိန်ဥပါကောင်း ဘာမှ ပြန်မပြောမိ။

“မင်းရဲကျော်စွာဟာ မင်းတို့ကို ကောင်းကောင်း ဒုက္ခပေးနိုင်တဲ့ သူ။ မြောင်းမြကို သူလာလုပ်ကြံတုန်းကတည်းက သူ့အစွမ်းကို ငါသိတယ်။ ဒီကလေးဟာ စစ်တိုက်ဖို့ လူဖြစ်လာတာလားအောက်မေ့ရတယ်”

“ဪ ဒါထက်မင်းကြီးသံဖြတ်”

“ဘာလဲ ဥပါကောင်း”

“စစ်တိုက်ဖို့ လူဖြစ်လာသလားဆိုလို့ ကျွန်တော်တစ်ခုသတိရမိလို့၊ မင်းကြီးကို မေးချင်တယ်”

“အင်း”

“မင်းရဲကျော်စွာဟာ သူ့ရှင်သားတော် ဇောလောကျန်းဒေါ်ဝင်စားတာဆို”

မင်းကြီးသံဖြတ်က ခပ်ယဲ့ယဲ့ပြုံးလေသည်။

“ကျွန်တော်တို့ကတော့ အဲဒီတုန်းက ငယ်သေးလို့ သေသေချာချာ မသိခဲ့ဘူး။ သူ့ရှင်က သားတော် ဇောလောကျန်းဒေါ်ကို မျက်ပြီး ကွပ်မျက်ခါနီးမှာ ဇောလောကျန်းဒေါက စိန်နှာနှာနဲ့ နှောင်ဘဝကျရင် ခမည်းတော်ကိုလက်စားချေရပါလို့၏လို့ ဆုတောင်းခဲ့တယ်ဆို။ ဒါနဲ့ပဲ ဘုရင်မင်းခေါင်ရဲ့ မိဖုရားဘယ်သူ...”

“ရှင်မိနှောက်”

အဲ ရှင်မိနှောက်ဆီမှာ သန္ဓေယူပြီး မွေးလာတာလို့ ပြောကြတယ်”

“အေး မင်းကန်စီသာ ရှိသေးရင်တော့ အဲဒီကိစ္စတွေကို ရှင်းပြနိုင်



မှာပေါ့ကွာ၊ ငါတော့ နားမလည်ဘူး၊ ဇောလောကျန်းဒေါ ဝင်စားတာ ဖြစ်ဖြစ်၊ နတ်ဘီလူး ဝင်စားတာဖြစ်ဖြစ်၊ ဒီလူငယ် မင်းတို့ကို ကောင်းကောင်း ဒုက္ခပေးနိုင်တာတော့ သေချာတယ်၊ နေပါဦး မင်းအသက် ဘယ်လောက်ရှိပြီလဲ ဥပါကောင်း”

“သုံးဆယ်ပါ မင်းကြီး၊ လဂွန်းအိန်ထက် လပိုင်း ကျွန်တော်က ကြီးတယ်”

“အင်း မင်းထက် အသက်တစ်ဆန်းပါးငယ်တဲ့ တပ်မှူးလေးနော်၊ အခု အဲဒီ ကလေးက သူ့ရှင်သားတော်ကို ဝိုင်းထားလို့ ဗညားပသိန် ဒုက္ခတွေနေလို့ သူ့ရှင်ကိုယ်တိုင် ငါတို့တစ်တွေကို စုရုံးရတာမဟုတ်လား”

မင်းကြီးသံဖြတ်သည် အသက်အရွယ် ကြီးလာသဖြင့် ဗျာပါဒတို့ ဥပါဒါန်တို့ စွဲကပ်နေပြီဟု သမိန်ဥပါကောင်း တွေးမိပြီး ပြုံးမိသဗည်။

“မင်း ဘာပြုံးတာလဲ ဥပါကောင်း”

“ဪ မင်းရဲကျော်စွာအကြောင်း တွေးမိလို့ပါ”

“အေး ဆိုစမ်း၊ မင်းက နဝင်းစခန်းမှာ မင်းရဲကျော်စွာနဲ့ တွေ့ခဲ့ရသူဆိုတော့ ကောင်းကောင်းသိမှာပဲ”

“မင်းကြီးပြောသလို မင်းရဲကျော်စွာဟာ အင်မတန် တိုက်ရည်ခိုက်ရည် ကောင်းတဲ့သူပါ၊ ဒါပေမဲ့ သူ့အသက် ငယ်နေခြင်းကိုက သူ့အတွက် အားနည်းချက် ဖြစ်နေတယ်”

“ဘယ်လို”

“ပြည်ကို မင်းရဲကျော်စွာ လာဝိုင်းတော့ ကျွန်တော် ကျုံးရိုးထက်မှာ ဆင်နဲ့ရပ်ခံတာပဲ၊ သူတို့ဘက်က အသခ်ယာဆိုတဲ့ တပ်မှူးကလည်း ဆင်နဲ့ ထိုးဖောက်ဖို့ ကြိုးစားတယ်၊ ကျွန်တော့်တပ်နဲ့ ရင်ဆိုင်တွေ့တာပဲ၊ ဆင်ချင်း အစွယ်ယှက်တဲ့အထိ အနီးကပ်တိုက်ကြရတယ်၊ ပွဲကြမ်းပဲ မင်းကြီး၊ သူတို့ တပ်အပြင်ထိ ကျွန်တော် ထွက်လိုက်ခဲ့တယ်၊ အဲဒီ သတင်းကြားပြီး နဝင်းစခန်းကို လာဖို့ မင်းရဲကျော်စွာက ကျွန်တော့်ကို ဖိတ်တာပဲ၊ ဟောဒီ ပုဆိုးဟာ အဲဒီတုန်းက မင်းရဲကျော်စွာ လက်ဆောင်ပေးတဲ့ ပုဆိုးပေါ့”

စိန့်တိုင်းဖြင့် စိန့်ပန်းနီရောင်ပုဆိုးကို သမိန်ဥပါကောင်းက ပြသည်။

“အင်း အဲဒီတော့”

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲကျော်စွာက ကျွန်တော့်ကို ကြည့်ပြီး မင်း သူရဲကောင်း ပီသပေတယ်လို့ ချီးမွမ်းတယ်၊ ပြီးတော့ သူ့ကျွန်ခံရင် လက်ျာ ပုံချီနဲ့ ညီမျှအောင် သူကောင်းပြုဖို့ အဝဘုရင် ပြောပေးမယ်လို့ ဆိုတယ်"

"အင်း"

"ကျွန်တော်က ကျွန်တော်ဟာ သူ့ရှင်ရာဇာဓိရာဇ်ရဲ့ သမီးတော်နဲ့ ထိမ်းမြားရတဲ့ ဘုရင့်သမက်ဖြစ်ပါတယ်၊ သူ့ရှင် သူကောင်းပြုထား ပြီး ဖြစ်ပါလျက် တစ်ပါးသူကို ခစားဖို့မရှိပါလို့ ပြန်ပြောလိုက် တယ်"

"သည်တော့ သူက"

"ခြေပစ်လက်ပစ် ရယ်တော့တာပဲ မင်းကြီး၊ ဘုရင့်သားတော် တစ်ပါး ဆိုပေမယ့် အရွယ်ကငယ်သေးလို့လား မသိဘူး၊ ဘာမှ ဟိတ်ကြီးဟန်ကြီး မရှိဘူး၊ သူ့ရှင်ဗညားနွဲ့မင်းသား ဘဝတုန်းက လိုပဲလို့ ပြောကြတယ်၊ ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ရှိလှတယ်"

"အင်း ဒီလိုလူစားမျိုးဟာ တောင်ဆိတ်ရဲ့ ဗျတ္တိမျိုး၊ ခွဲမျိုး ရှိတတ် သူမျိုးပဲ၊ ဒါကြောင့်ပြောတာ၊ မင်းတို့ သတိထားကြ"

"မစိုးရိမ်ပါနဲ့ မင်းကြီး၊ ကျွန်တော် အမြဲသတိရှိပါတယ်"

"အေး မင်းကတော့ လူငယ်ပေမယ့် သတိတရား ရှိပါတယ်၊ ငါက ဟိုအကောင်ကို စိုးရိမ်တာ၊ ဒီကောင်က တဇွတ်ထိုး မိုက် မိုက်ကန်းကန်း"

"ဘယ်သူလဲ မင်းကြီး"

"သံလုံငယ်"

"လဂွန်းအိန်လား၊ အင်း သူလည်း ယောက်ျားကောင်းတစ်ဦးပါ၊ လဂွန်းအိန်ဟာ ရန်သူ့လက်နက်နဲ့ ဘယ်တော့မှ မသေနိုင်ပါဘူး မင်းကြီး သိပြက်ရယ်၊ သူ့ကိုယ်ခန္ဓာဟာ တစ်ကိုယ်လုံး အသားမာ တက်နေပြီလား အောက်မေ့ရတယ်"

"အေးပေါ့ကွာ၊ သူရဲကောင်းဆိုတာ လက်ရုံးနဲ့တင် မပြီးသေးဘူး၊ ကျားလက်သည်းလို အသုံးရှိမှ ထုတ်တတ်တဲ့ လိမ္မာပါးနပ်မှုနဲ့ လည်း ပြည့်စုံရတယ်"

တည်ကြည်ဖြောင့်မတ်သော သစ်ပင်တို့၏ အရိပ်များသည် ရှည်



လျား လာကြပြီဖြစ်သည်။ နေလုံးသည် တောအုပ်တစ်ဖက်သို့ ကျဆင်း ရန် ပြင်ဆင်နေသည်။

"ဥပါကောင်း၊ စကားအေးအေးဆေးဆေးပြောပြီး မြင်းအသားကျ စီးနေလို့ မဖြစ်ဘူးဟေ့၊ နေဝင်တော့မယ်၊ ညမမှောင်ခင် သူ့ရှင်ဆီ အရောက်နှင်ကြစို့"

"ဟုတ်ကဲ့ မင်းကြီးသံပြတ်"

တောအုပ်အတွင်း မြင်းဟီသံများ ဆူညံသွားသည်။

ဖြောင်းဖြောင်းညီသော ခွာသံများကြောင့် အိပ်တန်းတက်ကြ မည့် ငှက်ငယ်တို့ လန့်ပျံသွားကြလေသည်။

* * *

"သံလုံငယ်"

"ရှိပါတယ် သူ့ရှင်"

"မင်း တိုက်ကုလားကို မပြန်ချင်ဘူးလား"

မွေ့ကေသာအား အမှတ်တရဖြင့် ခါးစည်းကြိုးကြားတွင် ထည့် ထားသော စန္ဒကူးအဆီဘူးကို လက်နှင့် ပွတ်သပ်နေချိန်၌ သူ့ရှင်ရာဇာ ဓိရာဇ်က မေးလိုက်သဖြင့် မတ်သံလုံ ဘာပြောရမှန်းမသိ ဖြစ်သွား သည်။

သူ့ရှင်၏ မျက်နှာကို မော့ကြည့်မိသည်။

သူ့ရှင်၏မျက်နှာ အတန်ငယ် နီရဲနေပြီး မျက်လုံးများလည်း တောက်ပြောင်လျက်ရှိသည်။

"မင်းလည်း နှင်းကေ့သရာဆီ မပြန်ရတာ အတော်ကြာသွားပြီ၊ ငါ ကိုယ်ချင်းစာပါတယ်၊ နှင်းကေသရာဟာ အင်မတန် လိမ္မာပြီး ချစ်ခင်စရာ မိန်းကလေးတစ်ယောက်ပဲ"

ပြုနေကျအတိုင်း ခပ်လှမ်းလှမ်းမှ အမတ်ဒိန်ကို လှမ်းကြည့်လိုက် သည် အမတ်ဒိန်က ပြုံးပြနေလေသည်။

"ဒီတိုက်ပွဲပြီးရင်တော့ မင်းလည်း တိုက်ကုလားကို ခဏပြန် အနားယူပေါ့ သံလုံငယ်၊ မင်းလည်း စစ်ပန်းလှပြီ"

တကယ်လည်း ဤရက်ပိုင်းများတွင် မွေ့ကေသာကို ခါတိုင်း ထက်ပို၍ သတိရနေသည်။ တိုက်ကုလားသို့လည်း ပြန်ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စံအိမ်တော်ဝင်း ပန်းဥယျာဉ်ထဲမှာထိုင်ရင်း နှင်းကေသရာ ပြောပြမည်ဆိုသည့် မော်ခေါစေတီပေါ်က ပန်းသည်မလေး မွေ့ကေသာအကြောင်းကို နားထောင်ချင်သည်။ နောက်ဆုံးအကြိမ်အဖြစ် တိုက်ကုလားသို့ ရောက်ခဲ့စဉ်က မွေ့ကေသာ သူ့အကြောင်းကို ပြောပြချင်သည်ဟု ဆိုသည်။ သို့သော် မတ်သံလုံက ပွင့်အာလု နှုတ်ခမ်းမြွာတို့ကို ဖွဖွရွရွပိတ်လျက် 'ကျုပ်တို့နှစ်ယောက်ရဲ့ အတိတ်တွေကို ထားလိုက်ကြပါစို့ နှင်းကေသရာရယ်၊ စစ်ထွက်သူရဲကောင်းဆိုတာ စံအိမ်တော်မှာ နေရချိန် နည်းလွန်းလှပါတယ်၊ ရသမျှ အချိန်လေးမှာ တခြားစကားတွေကိုပဲ ပြောကြရအောင်ပါ'ဟု ပြောခဲ့သေးသည်။

"သံလုံငယ်"

သူ့ရှင်၏အသံကြောင့် အတွေးထဲမှ လွန့်လူးလာရသည်။

"မင်း လဝွန်းဗျည်းတိုက်ပွဲတုန်းက အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်လေးနှစ်ပါ သူ့ရှင်"

"အေး မင်းထက် ခုနစ်နှစ်ငယ်တယ်"

မတ်သံလုံ နားမလည်၊ အဆက်အစပ်မရှိသော စကားတို့ကို သူ့ရှင်ပြောနေပုံထောက်လျှင် သူ့ရှင်သည် အဝတပ်မတို့ ဝိုင်းရံထားခံရသော တလည်းဆီးမှ သားတော် ဗညားပသိန်အတွက် ကြီးစွာ ပူပန်နေချေပြီဟု မတ်သံလုံ ထင်လိုက်သည်။

"မင်းရဲကျော်စွာက ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်လို့ ဆိုတယ်၊ ဘုရင်မင်းခေါင်ဟာ ဒီသားကို အားကိုးအားထားပြုနိုင်ပြီးမှ အရင်ထက် ပိုပြီး တက်ကြွနေတယ်"

နှင်းကေသရာနှင့် စံအိမ်တော်ပန်းဥယျာဉ်တို့ မတ်သံလုံအတွေးထဲမှ လုံးဝ ကင်းစင် လွင့်ပျောက်သွားလေသည်။ သူရဲကောင်းတို့ စစ်သွေးများ ရုတ်ခြည်း ဆူပွက်လာပြီးနောက်...။

"ဇမ္ဗူဒိပ်မှာ ကျွန်တော်မျိုးနဲ့ အရည်တူတဲ့စစ်သားကောင်း မရှိနိုင်ပါဘူး သူ့ရှင်"

"အေး ငါ နားလည်တယ် သံလုံငယ်၊ အခုလည်း မင်းတို့တပ်မှူး သူရဲကောင်းတွေရဲ့ အစွမ်းကို ယုံကြည်ပြီး သားတော် ဗညားပသိန်ရဲ့ ဘေးအန္တရာယ်ကို ကယ်ဆယ်ဖို့ ငါ စီစဉ်တာပဲ၊ ဟူးရားပညာရှိတွေက ငါ့ကို ဇာတာတော်မသန့်သေးဘူး၊ နှစ်ကူးမှ ချီပါလို့တော့ ဆိုကြတယ်၊ ဒါပေမဲ့ ဒီစကားကို မင်းကန့်ကွက ပြောရင် ငါ လက်ခံမယ်၊ အခုတော့ သားတော်ဆီကလည်း



အကူပို့ဖို့ သဝဏ်တွေက တစ်ခုပြီးတစ်ခု ရောက်နေတယ်၊ ငါ စစ်ချီမှာပဲ"

ငြိမ်သက်နေသော အမတ်ဒိန် ရှေ့သို့ တိုးလိုက်သည်။

"သူ့ရှင် ကျွန်တော် လျှောက်တင်ပါရစေ"

"ဘာလဲ အမတ်ဒိန်"

"အခု ကျွန်တော်တို့ဟာ မုတ္တမဘက်ကို ထိပါးတဲ့ အယုဒ္ဓယ စစ်ရေးကို ဖယ်ရှားပြီး ပြန်ရောက်လာကြခါစ ရှိပါသေးတယ်၊ စစ်ပန်းနေကြပါတယ်၊ ဟူးရားပညာရှိများရဲ့ စကားကို အစိကမကျလို့ ဆိုရင်ဆိုနိုင်ပေမယ့် စစ်ရေးအရ လက်တွေ့ပကတိအားဖြင့် စစ်ချီဖို့ အခွင့်မသာသေးတာတော့ အမှန်ဖြစ်ပါတယ်၊ ဗျူဟာစက္ကု၊ သေနင်္ဂနှင့် ပဒုမဗျူဟာ၊ တပ်တာမြေကတုတ်၊ ခလုတ်ဆူးပြောင့်၊ အစောင့်အနေ၊ အဝေအဖန်၊ အကြံအတွေး၊ အရေးအဖြာဖြာ၊ ပညာသတိဆိုတဲ့ စကားအရ–"

"တိတ်စမ်း"

ကျားဟိန်းသံတို့နှယ်ဖြစ်သော သူ့ရှင်၏ ဝေါက်ငမ်းသံကြောင့် မတ်သံလုံပင် ထိတ်လန့်သွားသည်။ အမတ်ဒိန်က စကားပြတ်သွားသော်လည်း သူ့ရှင်ကို တည်ကြည်စွာ ကြည့်နေလေသည်။

"အမတ်ဒိန်၊ ဘုရင်မင်းခေါင်ရဲ့သားတော် မင်းရဲကျော်စွာဟာလည်း တလည်းဆီးကို ချီလာရာမှာ ရက်တွေ လတွေချီ အားမွေးပြီးမှ လာတာလား၊ သိန္နိကိုတိုက်ရာကနေ သူ့ခမည်းတော် ပြည်မှာ အဝိုင်းခံရတယ်ကြားလို့ တပ်ကို အပြင်းနုတ်လာတာ၊ ပြီးတော့ ပြည်ကနေပြီး တလည်းဆီးကို တစ်ခါတည်း ကူးလာတာ၊ သူတို့ရော၊ ငါတို့ရော စစ်ပန်းနေကြတာချည်းပဲ၊ ဒီအချိန်မှာ ဘာမှ ငါ့ကို တားဆီးနေစရာမလိုဘူး"

တင်းမာစွာဆိုလျက် သူ့ရှင်သည် အနီးမှ ရွှေကွမ်းအစ်ကို ကောက်ယူလိုက်သည်။ ပြီးမှ အထဲမှ ကွမ်းကိုမယူဘဲ သေတကောင်းကို လှမ်းကိုင်သည်။

အမတ်ဒိန်က အတင့်ရဲစွာပင် တင်ဆက်ရန် ပြင်ဆင်သည်။

သို့သော် အမတ်ဒိန် နှုတ်မှ စကားတစ်လုံးမှ ထွက်မလာနိုင်ခဲ့။

"ဟော့ အမတ်ဒိန် မဏိရွှတ်၊ မင်းကို ငါ ဘယ်လောက် အကောင်းပြုခဲ့တယ်ဆိုတာ အားလုံးအသိ၊ ငါ ဟံသာဝတီ ထီးနန်းကို သိမ်းပိုက်လိုက်ချိန်မှာ ငါ့ကျွန်ရင်းတွေထဲက ဘွဲ့အရာ မရှိ

www.burmeseclassic.com



မြှောက်ခင် ပထမဆုံး မင်းကို အမတ်ဒိန်မဏိရွတ်ဆိုတဲ့ ဘွဲ့နဲ့ ချီးမြှောက်ခဲ့တယ်၊ မင်းရဲ့ လူ့ရေးလူ့ရာ ထက်မြက်ပုံကို ငါ သဘောကျလို့၊ ဒါပေမဲ့ မင်းရဲ့အနေအထားတွေ အခုနောက်ပိုင်းမှာ ပြောင်းလဲနေတာ ငါ သတိထားမိတယ်၊ မင်းဟာ...”

မတ်သံလုံကား အသက်မရှူမိ။

‘မင်းနားနီးသော်လည်း အနားမကပ်လွန်းရာ’ဟု တစ်ခါက အမတ်ဒိန် ပြောခဲ့သည်ကို သတိရနေသည်။ အမတ်ဒိန်သည် အလိမ္မာလွန်နေသည်လား။

“မင်း ခါတိုင်းလို တက်တက်ကြွကြွ မရှိဘူး၊ စစ်ချီစစ်တက် အစီအမံတစ်ခုခု ရှိလာရင်လည်း အရင်လို မင်းဆီက အကြံဉာဏ် မရတော့ဘူး၊ မင်း ဘာဖြစ်နေလဲ အမတ်ဒိန်”

“စစ်ဆိုတာကို ကျွန်တော်...”

အမှုအရာမပျက် လေသံမလျှော့ ဆက်ပြောရန် ကြိုးစားနေသည့် အမတ်ဒိန်ကို မတ်သံလုံက လှမ်းတားလိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူတို့အားလုံးကို ရပ်ဆိုင်းသွားစေသည့် အခြင်းအရာတစ်ခု ဖြစ်ပေါ်လာသည်။ သမိန်ဥပါကောင်းသည် နွမ်းနယ်ပင်ပန်းလှစွာဖြင့် နန်းတော်ထဲသို့ ဝင်လာသောကြောင့်။

“ဟင် ဥပါကောင်း၊ မင်းတစ်ယောက်တည်း၊ မင်းကြီး သံဖြတ်ကော”

“ဖောင်မှာ ကျန်ရစ်ခဲ့ပါတယ် ခမည်းတော် သူ့ရှင်”

“ဘာဖြစ်သလဲ ရန်သူနဲ့ တွေ့လာသလား”

“မဟုတ်ပါဘူး ခမည်း တော်၊ မင်းကြီးသံဖြတ် အတော် နာမကျန်းဖြစ်နေပါတယ်၊ ဖောင်ပေါ်ကနေ အောက်ကို မဆင်းနိုင်ပါဘူး၊ သူ့ရှင်ကို ဖူးတွေ့ပါရစေလို့လည်း ပြောနေပါတယ်”

“သံလုံငယ်၊ အမတ်ဒိန်၊ သမိန်အဝနံနိုင် လိုက်ခဲ့ကြ၊ မင်းကြီးသံဖြတ်ဆီ သွားမယ်”

* * *

ခေါင်းရင်းဘက်မှ ပွေ့ပိုက် ထူမပေးရင်းဖြင့် မင်းကြီးသံဖြတ်၏ ကိုယ်ခန္ဓာသည် တဖြည်းဖြည်း အေးစက်လာသည်ဟု မတ်သံလုံ ထိတွေ့ သိရှိနေရသည်။ သမိန်အဝနံနိုင်က အနီးမှနေ၍ သပြေရွက်နှင့်



ဆေးမှုန့်ရောထားသော ဆေးထုပ်ကို မင်းကြီးသံဖြတ်၏ နှာဝသို့ ကပ်ပေးလေသည်။

အမတ်ဒိန်ကား နောက်ဖက်နားတွင် ရပ်လျက်။

သူ့ရှင်ရာဇာဓိရာဇ်က မင်းကြီးသံဖြတ်ရှေ့သို့ နီးကပ်စွာ ချဉ်းကပ်လေသည်။

“မင်းကြီးသံဖြတ် သိပ်ခရီးပန်းလာတယ်၊ ဖောင်ပေါ်ကို ရောက်ကတည်းက အပြင်းဖျားတယ် ခမည်းတော်၊ မြောင်းမြတိုက်ပွဲကြောင့် ပိုပြီး ဆိုးသွားခဲ့တယ်”

သမိန်ဥပါကောင်းက ရာဇာဓိရာဇ်ကို လေသံဖြင့်ပြောနေသည်။

ရာဇာဓိရာဇ်က ဘာမှ ပြန်မပြော။ မင်းကြီးသံဖြတ်၏ ပွင့်မနေသော မျက်လုံးများကိုသာ ကြည့်နေသည်။

တစ်စတစ်စ အေးစက်လာသော အထိအတွေ့ကို ထိတွေ့ရသူ မတ်သံလုံသည် အခြေအနေကို ရိပ်စားမိလာသည်။ ဖြစ်နိုင်လျှင် မိမိ၏ ဓိဝဓာတ်ကို မင်းကြီးထံသို့ ခွဲခြမ်း ကူဖြည့်ပေးလိုက်ချင်သည်။

“သူ့ရှင်...”

မင်းကြီး သံဖြတ်၏ မျက်လုံးတို့ အနည်းငယ်ပွင့်လာသည်။ သွေးဆုတ်နေသော နှုတ်ခမ်းတို့ လှုပ်လာသည်။

သူ့ရှင်ရာဇာဓိရာဇ်သည် မင်းကြီးသံဖြတ်၏ အကြောပြိုင်းပြိုင်းထသော လက်ကို ဆုပ်ကိုင်လိုက်သည်။

“အရှင်မင်းကြီးရဲ့ အမှုတော်ကို ကျွန်ုပ်ဆက်ပြီး မထမ်းနိုင်တော့ပါဘူး၊ အပြစ်ကြီးငယ်ရှိရင် ခွင့်လွှတ်ပါ”

“ကျုပ် အားလုံးကို ခွင့်လွှတ်ပါတယ် မင်းကြီးသံဖြတ်”

“သံလုံငယ်...”

“ကျွန်တော်ရှိပါတယ် မင်းကြီးသံဖြတ်”

“အမတ်ဒိန်စကားကို နားထောင်”

“... ... ...”

“မင်းရဲ့ကျောက်စွာကို သတိထား”

“... ... ...”

“မင်းနဲ့ သမိန်အဝနံနိုင် သူ့ရှင်ရဲ့ လက်ဝဲလက်ယာရဲ့ ခြေတစ်နှုတ်ရင် မှန်မှန်နှုတ် သူရဲကောင်းတွေမှားရင် ဘုရင် အခက်တွေ့မယ်၊ အမတ်ဒိန်စကား မင်း နားထောင်...”

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှင်ရာဇာဓိရာဇ် လက်ထဲမှ မင်းကြီးသံဖြတ်၏လက် ပြုတ်ကျသွားသည်။

'သမိန်ဗြဇ္ဇ'ဟူသော ရွှေနဖူးစည်းကို ဆင်ယင်ခဲ့သည့် နဖူးထက်သို့ မတ်သံလုံ၏ မျက်ရည်ပေါက် ကျသွားသည်။

အမတ်ဒိန်သည် ဖောင်၏ တဲပြတင်းမှတစ်ဆင့် မြစ်ရေပြင်ဆီသို့ ငေးကြည့်နေလေသည်။

* * *

စံအိမ်တော်၏ ပြတင်းမှတစ်ဆင့် ကောင်းကင်ပြာဆီသို့ ငေးကြည့်နေသည့် မွေ့ကေသာ၏ နားထဲတွင် မြင်းခွာသံ သဲ့သဲ့ကြားလိုက်ရသည်။

လက်ထဲမှ မိကျောင်းစောင်းကို အသာအယာပိုက်လျက် နားစွင့်သည်။

တိမ်စွယ်တို့အတွင်းမှ ချွန်မြစွာ စီးကျနေသည့် နေခြည် နီဝါတန်းတို့အောက်တွင် စံအိမ်တော်ဆီသို့ နှင်လာသော မြင်းတစ်စီးကို ရေးရေးမှုန်မှုန် တွေ့လိုက်ရသည်။

မွေ့ကေသာ ပြတင်းမှ ထသည်။

ချုပ်ညရီ နေခြည်မျှင်တို့သည် လုံလောက်သော အလင်းရောင်ကို မပေး။

မြင်းရော လူပါ ရုပ်သဏ္ဌာန်မကွဲပြား။

သို့သော် မြင်းစီးသမား၏ နောက်တွင် တလွင့်လွင့် လှုပ်ခတ်နေသော ပဝါ။

အဖြူရောင်သည် ရေးရေးမျှတော့ သိသာထင်ရှားနေသည်။

အဖြူရောင်ပဝါစ။

မွေ့ကေသာ ပြတင်းမှခွာ၍ လှေကားဆီသို့ ပြေးသည်။

ပြေလျော့လု ဆံနွယ်တို့ကို သိမ်းဆည်းရင်း လှေကားထစ်များအတိုင်း ပြေးဆင်းသည်။

လှေကားထစ်ဆုံးသောအခါ နှင်းဆီဖြူတို့ရံသော လမ်းအတိုင်း စံအိမ်တော် ဝင်းပေါက်ဆီသို့ ဆက်ပြေးသည်။ ထို့နောက် ခိုင်ရွှေဝါ ပန်းရုံ မုခ်ဝကို ဖြတ်လျက် ပျဉ်းမပွင့်ကြွေများကို နင်းဖြတ်လျက် ဝင်းပေါက်ဘပြင်သို့ ဆက်ပြေးသည်။



မြင်းစီးယောက်ျားသည် မြင်းမရပ်မီမှာပင် ပေါ့ပါးစွာ ခုန်ချသည်။

တင်းကျပ်နွေးထွေးစွာ ပွေ့ဖက်မိကြသည်။

စကားမဆိုမိကြ။

တစ်ဖက်တွင်ရှိနေမည့် မတ်သံလုံမှ အဘယ်သို့မသိရ။ မွေ့ကေသာ ပါးပြင်ထက်တွင်ကား မျက်ရည်တို့ လိမ့်ဆင်းလာကြသည်။ လျော့ရိသော ဆံနွယ်တို့လည်း အပြေပြေ ဖြစ်ကြပေပြီ။

ငိုရှိုက်နေပြီကို သိထားသော မတ်သံလုံက သူ၏ စစ်နံ့သင်းသော ပါးပြင်နှင့်ပင် မွေ့ကေသာ၏ ပါးပြင်ထက်မှ မျက်ရည်တို့ကို သုတ်စင်ပေးသည်။

စကားမဆို မတိုင်ပင်ကြဘဲလျက် ခိုင်ရွှေဝါ ပန်းရုံ မုဒ်ဝမှတစ်ဆင့် နှင်းဆီဖြူလမ်းကို ဖြတ်ကာ ပျဉ်းမ၊ ငုဝါ၊စိန်ပန်းနီ ပွင့်ကြွေတို့ ကြဲပြန့်နေသော မြေပြင်ကိုနင်း၍ ပန်းဥယျာဉ်ဆီသို့ လာခဲ့ကြသည်။

ကျောက်သလင်းခုံတွင် ထိုင်မိကြသောအခါမှပင် အပြန်အလှန် စူးစိုက်ကြည့်မိကြသည်။ မျက်ဝန်းအစုံတို့မှသည် တရှိုက်မက်မက် ဝင်ပြက်သော ဝေဒနာစတို့ စီးယှက်လာကြသည်။

"နှင်းကေသရာ နေကောင်းတယ်နော်"

ခေါင်းလည်းမညိတ်၊ စကားလည်းမပြော။ သို့သော် မျက်လုံးဖြင့် ဖြေသည်။

"ကျုပ်တို့ မတွေ့ရတာ လေးလရှိပြီ"

"ရက်ပေါင်း တစ်ရာတစ်ဆယ့်ရှစ်ရက်"

"ကျုပ်ဒီတစ်ခါ သတိအရဆုံးပဲ"

"ကေသာလေ ညနေတိုင်း ပြတင်းမှာ ထိုင်စောင့်တယ်"

"တစ်နေ့လုံး မြင်းကို အပြင်းနှင်လာတယ်၊ တစ်ခါမှ မနားဘူး"

"အို..."

"ကျုပ်မှာ ပြောစရာ စကားတွေ အများကြီးပဲ"

"ကေသာ နားထောင်မှာပေါ့ အမောင်"

ကျောက်သလင်းခုံအနီး ယုဇန ပန်းရုံဆီမှ ယဉ်ကျေးသော ပန်းနံ့တို့ ဝဲပျံကာ မတ်သံလုံနှင့် မွေ့ကေသာတို့အကြားသို့ ကူးဖြတ်သွားသည်။ ဆောင်းနှင်းတို့အောက်တွင်သာ မွှေးပျံ့တတ်သော ယုဇနတို့သည် မွေ့ကေသာကြောင့် ဤအခါမျိုးတွင်လည်း ဖွေးဖွေးလှုပ်ခါနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းကေသရာရဲ့ ပန်းပင်တွေဟာ အံ့သြစရာကောင်းလောက်အောင် များနေပါလား"

"စစ်ထွက်ယောက်ျားကို လွမ်းတိုင်း ကေသာ ဒါတွေနဲ့ပဲ အလွမ်းဖြေရတယ်"

"နှင်းကေသရာ"

"ရှင်"

"အရင်ကမရှိတဲ့ ပန်းတွေလည်း ပွင့်လို့ နှင်းဆီအနီရဲရဲတွေကလည်း များလှချည်းလား"

"အမောင့် သူရဲကောင်းသွေးကို ဂုဏ်ပြုတဲ့အနေနဲ့ စိုက်ထားတာ"

"သြော် မေ့နေလိုက်တာ နှင်းကေသရာရယ်"

မတ်သံလုံ ခါးစည်းကြိုး ပဝါဖြူအတွင်း ကျစ်ကျစ်လျစ်လျစ် ထုပ်ထားသော တစ်စုံတစ်ရာကို ထုတ်ဖြည်လိုက်သည်။ မွှေ့ကေသာက အသက်ရှူရန်ကိုပင် မေ့နေမိသည်။

ပတ္တမြားလက်စွပ်တစ်ကွင်း။

ပဝါဖြူထက်သို့ အနီရည်တို့ ပျို့အန်ကျနေသည်။

"အဝဘုရင်မင်းခေါင် တောင်ငူကြောင်းနဲ့ စစ်ချီလာတုန်းက ဖြစ်တဲ့ တိုက်ပွဲမှာ သူ့ရှင် ချီးမြှင့်တဲ့ လက်ဝတ်တော်ပဲ၊ အဲဒါ မိဖုရား တလမေဒေါ်ရှိစဉ်က ဝတ်တဲ့လက်ဝတ်တော်"

တလမေဒေါ်ဟူသော အမည်ကို ကြားလိုက်ရသောအခါ မွှေ့ကေသာ ရင်ဖိုသွားသည်။ တလမေဒေါ်ကား သူ့ရှင် ရာဇာဓိရာဇ်၏ လျစ်လျူရှု အမုန်းကို ခံစားရသဖြင့် နာကြည်းကြေကွဲသော နှလုံးတို့ဖြင့် အဆိပ် သောက်ကာ အဆုံးစီရင်သွားသော မိဖုရား။

"ပေး နှင်းကေသရာလက်"

ဖယောင်းပန်း၏ အသွေးနယ်ဖြစ်သော လက်ချောင်းထက်တွင် ပတ္တမြားလက်ဝတ်သည် တင့်တယ်လွန်းလှသည်။

"အမောင်ရယ်၊ မိဖုရား တလမေဒေါ်ရဲ့ လက်ဝတ်ကိုတော့ ကေသာဝတ်ရပြီ သူ့လိုတော့ မဖြစ်ပါရစေနဲ့နော်၊ အမောင်လည်း သူ့ရှင်လိုတော့..."

"မဟုတ်တာတွေပဲ နှင်းကေသရာ၊ သူ့ရှင်က ဘုရင် ဧကရာဇ်ပဲ ကျုပ်က..."

"အို အမောင်လည်း ပွဲတိုင်းကျော်တဲ့ သူရဲကောင်း တပ်မှူးကြီးမို့



လား"

မွှေ့မွှေ့ပိုက်ပိုက်နှင့် ရယ်မိလေတော့သည်။

စံအိမ်တော်ထက်တွင် ကိုယ်လုပ်တော်တို့ ဆီမီးများ ထွန်းညှိလိုက်သည်ကိုပင် သတိမရကြ။

"အမောင်တို့ တပ်မှူးတွေနဲ့ သူ့ရှင်နဲ့ တူတာ နှစ်ချက်ရှိပါတယ်"

"ဘာပါလိမ့် နှင်းကေသရာ"

"နတ်ဘီလူးတွေလို စစ်တိုက်တာရယ်၊ ပြီးတော့ သေရည်သောက်တာရယ်"

"ဒါတော့ ဟုတ်တယ် နှင်းကေသရာ၊ ဟား ဟား ဟား"

စိတ်လက်ပေါ့ပါးစွာ ပွင့်ပွင့်လင်းလင်း ရယ်နေသည့် မတ်သံလုံ၏ မျက်နှာကို မွှေ့ကေသာ အမြတ်တနိုး မော့ကြည့်နေမိသည်။

"သြော် ခဏနေဦး နှင်းကေသရာ၊ သေရည်ဆိုလို့ ကျုပ် မြင်းကုန်းနှီးမှာ ထန်းရည်ကျည်ထောက်တစ်လုံး ပါလာတယ်"

"အို- နေ- နေ၊ အမောင် ထန်းရည်မသောက်နဲ့၊ ညစာလည်း စားချိန်နီးပြီ၊ ဟင်- မိုးတောင်ချုပ်သွားပြီ၊ လာအမောင် စံအိမ်တော်ပေါ်ကို သွားကြစို့"

မွှေ့ကေသာက ရင်ခွင်ထဲမှ မှီထပြီး မတ်သံလုံ၏ လက်ကို ဆွဲခေါ်သည်။

"ကျုပ် ခရီးပန်းလာတယ် နှင်းကေသရာရဲ့ ထန်းရည် ကျည်ထောက်..."

"ဟင့်အင်း အဲဒါတွေမသောက်ပါနဲ့၊ အမောင်ပြန်လာရင် တိုက်ဖို့ ကေသာ ဇျစ်ရည်စိမ်ထားတယ်"

"ဟင်- နှင်းကေသရာ လုပ်တတ်တယ်လား"

"တိုက်ကုလား မြို့သူကြီးကတော်ဆီက ဖော်စပ်နည်း ရတယ်လေ အမောင် ကြိုက်မှာပါ၊ လာ"

စံအိမ်လှေကားထစ် အပေါ်ဆုံးသို့ ရောက်သည်အခါ ဆင်ဝင်ဘက်သို့ထွက်၍ တံစက်မြိတ်မှ သစ်ခွပွင့်ကိုခူးပြီး မတ်သံလုံ၏ ဓားရိုးသို့ သစ်ခွပွင့် ချိတ်ပေးသည်။

"အဲဒါလေ- အမောင်ပိုလိုက်တဲ့ သစ်ခွပွင့်၊ ခရမ်းရောင်လေး လှတယ်နော်"

"အင်း၊ သူ့သခင်မလောက်တော့ မလှပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဆိမ်းရောင်တွင် မွေ့ကေသာ မျက်နှာပြင်တို့ မဆိုစလောက် ဝမ်းနည်းသွားသေးသည်။

* * *

"မင်းကြီးသံဖြတ်ဟာ သူ့ရှင်ရဲ့ စစ်ဦးစီးမှူး၊ စစ်ပွဲတွေ အလီလီ နွှဲခဲ့တဲ့ တကယ့်သူရဲကောင်းကြီး ဖြစ်ခဲ့တယ်ဆိုတာတောင် မယုံနိုင်လောက်စရာ ကောင်းလှအောင် အိုမင်း ညှိုးချုံးသွားတယ် နှင်းကေသရာ"

"ကေသာ စိတ်မကောင်းလိုက်တာ အမောင်ရယ်၊ အိုလေ– သူ့ရဲ့ ကောင်းဟာ သူ့ရဲ့ဘဝကို စစ်ပွဲထဲမှာပဲ မြှုပ်နှံထားတာမို့လား"

"ကျုပ်ဘဝကတော့ စစ်ပွဲနဲ့ နှင်းကေသရာထဲမှာ ခွဲဝေမြှုပ်နှံထားတာပါ"

မွေ့ကေသာ တွေဝေ ငေးငိုင်သွားသည်။

နီညိုရောင် ဇာစ်ရည် ရွှေခွက်သည် မတ်သုံရှေ့တွင် အမြှုပ်ထနေသည်။

"နှင်းကေသရာ၊ ဘာတွေ စဉ်းစားနေတာလဲ"

"ဪ အဲဒီ နှင်းကေသရာဆီမှာ ဘဝတစ်ခုလုံးကို ဘယ်တော့များမှ မြှုပ်နှံထားပါ့မလဲလို့ ကေသာ စဉ်းစားနေမိတာပါ အမောင်ရယ်"

"မကြာတော့ဘူး နှင်းကေသရာ၊ ကျုပ်ဒီတစ်ခေါက်ပြန်ပြီးရင် တလည်းဆီးမှာ ရေကြောင်းစစ်ရှိတယ်။ အဲဒီပွဲမှာ ဘုရင်မင်းခေါင်သားတော်နဲ့ တွေ့မယ်လေ၊ မင်းရဲကျော်စွာကို သူ့ရှင်ရှေ့မှောက် အရောက်ပို့ပြီးရင် အရေးတော်ပုံ ပြီးပါပြီ"

"အမောင်တို့ ဘာကြောင့် စစ်ပွဲတွေ တိုက်ကြသလဲ မသိဘူးနော်"

"ကျုပ်တို့..."

အမှတ်မထင် မေးလိုက်သော မွေ့ကေသာ၏ မေးခွန်းတွင် မတ်သုံလုံ ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ အတွေးစဉ်တို့ လျှင်မြန်စွာ ပြေးလွှားသွားသည်။ အမတ်ဒိန်ကိုလည်း ချက်ချင်း သတိရလိုက်မိသည်။

"အင်း အမတ်ဒိန် ပါလာရင် သိပ်ကောင်းမှာပဲ၊ ခုနောက်ပိုင်း အမတ်ဒိန်နဲ့ စကားပြောရတာ သိပ်ကောင်းတယ်။ သူ့စကားတွေ



ကျုပ် သေသေချာချာ နားမလည်ဘူး၊ ဒါပေမဲ့ ပြန်လည်းမငြင်းနိုင်ဘူး၊ ခုနင်က နှင်းကေသာ မေးခွန်းမျိုးဆိုရင် အမတ်ဒိန်က အများကြီး ဖြေပါလိမ့်မယ်"

"အမတ်ဒိန်ကို ကေသာ သိပ်လေးစားတာပဲ"

"လေးစားစရာ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ နှင်းကေသရာ၊ ဒါပေမဲ့"

သူ့ရှင်က အမတ်ဒိန်အား ကြိမ်းမောင်းခဲ့သည်များကို ပြန်သတိရလိုက်သည်။ မင်းကြီးသံဖြတ် အရေးသာမရှိခဲ့လျှင် သူ့ရှင်နှင့် အမတ်ဒိန်တို့အကြား မည်သို့ ဖြစ်ပေါ်ကြမည်နည်း။

"နှင်းကေသရာရဲ့ မေးခွန်းမျိုး တစ်ခါက အမတ်ဒိန်ဟာ သူ့ဘာသာသူ အဖြေထုတ်တယ်၊ အဲဒီအဖြေတွေ ကျုပ်ကို ပြောပြတယ်"

"ဟုတ်လား ကေသာ သိချင်လိုက်တာ"

"နေဦး ကျုပ်စဉ်းစားလိုက်ဦးမယ်၊ ဪ ဒီလိုတဲ့၊ ဘာကြောင့် ကျုပ်တို့ စစ်ပွဲတွေတိုက်ကြသလဲ။ သူ့ရှင်ရဲ့သစ္စာတော်ခံ ကျွန်ရင်းတွေမို့ သူ့ရှင်အမိန့်တော်အရ တိုက်ကြတယ်၊ ဒါဖြင့် သူ့ရှင်ကကော ဘာကြောင့်စစ်တိုက်ဖို့အမိန့်ပေးသလဲ၊ ဘာကြောင့် ကိုယ်တိုင်လည်း တပ်တော်ဦးကနေ ပါဝင်တိုက်ခိုက်သလဲ"

စိတ်အား ထက်သန်စွာဖြင့် မတ်သုံလုံ၏ ပခုံးထက်သို့ ပို၍ နီးကပ်စွာ ခေါင်းကို မှေးတင်လိုက်မိသည်။

"သူ့ရှင်ကကော ဘာကြောင့် စစ်တိုက်သလဲ၊ အဝဘုရင် မင်းကြီးစွာစော်ကဲ ရန်ပြုလာလို့ပြီးတော့ သူ့သားတော် ဘုရင်မင်းခေါင်က ရန်ပြုလာလို့၊ ဒီလိုရှိမယ်၊ အဲ အဝဘုရင်မင်းခေါင်ကကော ဘာကြောင့် ရန်ပြုသလဲ၊ သူက ပြောမယ် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်က ရန်ပြုလာလို့၊ သည်တော့ သူ့အဆိုး ကိုယ့်အဆိုး မရှိကြတော့ဘူး၊ ဒါဖြင့် ဘာကြောင့်လဲ၊ ဘုရင်နှစ်ပါးဟာ စင်စစ်တော့လည်း တစ်ယောက်ကို တစ်ယောက် လေးစားခဲ့ညားကြသူတွေပဲ၊ လက်ျာပုံချီတို့လို၊ မင်းသိင်္ခတ်တို့လို ဟိုဘက် သည်ဘက် ကူးလာ ခိုဝင်ကြတဲ့ သစ္စာမဲ့သူတွေကြောင့်လား၊ ဒီလို သစ္စာမဲ့သူတစ်ယောက် နှစ်ယောက်ကြောင့် နှစ်ပြည်ထောင် အချင်းများကြစတမ်းဆိုရင်လည်း ဘုရင်တွေ၊ အမှူးအမတ် သူရဲကောင်းတွေဟာ လူရည်ညံ့ရာကျတော့မယ်၊ ကဲ ဒါဖြင့် ဘာဖြစ်လို့ စစ်တိုက်နေကြရသလဲ"

"တိုင်းပြည်နဲ့ စစ်ဟာ မကင်းနိုင်ဘူးလို့ ဆိုတယ်မို့လား အမောင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း အမတ်ဒိန်လည်း အဖြေတွေ တစ်ခုပြီးတစ်ခု ထုတ်ပြီး နောက်ဆုံး နှင်းကေသရာလိုပဲ တိုင်းပြည်နဲ့စစ်ဆိုတာ နိယာမ တရားပေပဲဆိုတဲ့ အဖြေမျိုးထုတ်ကြည့်တယ်၊ ပြီးတော့ သူ့ဘာသာ သူ သက်ပြင်းတွေချချပြီး ကပ်သုံးပါးဆိုက်ရောက်တတ်တဲ့ စစ်တွေ မဖြစ်ကြဖို့ တိုင်းပြည်မထူထောင်ကြတာပဲ ကောင်းမယ်ထင်တယ် ဆိုပြီး ညည်းပြန်တယ်"

"ကေသာတော့ နားရှုပ်လာပြီ အမောင်"

"ကျုပ်လည်း နားမလည်ပါဘူး၊ အမတ်ဒိန် တွေးတာတွေ ပြန်ပြော ရတာ၊ ဒီလိုလည်း မဟုတ်သေးပါဘူး၊ အရာရာဟာ အနိစ္စတရား နဲ့အညီ ရှိကြတာမို့ စစ်ဆိုတာလည်း တစ်ချိန်မှာ ကမ္ဘာလောက ပေါ်ကနေ ပျောက်ကွယ်ရမှာပဲလို့ သူပြောပြန်တယ်လေ။ အဲဒီလို ပျောက်ကွယ်ဖို့အတွက် အခု စစ်တိုက်နေတဲ့ ဘုရင်တွေ၊ သူရဲ ကောင်းတွေကပဲ စွမ်းဆောင်ကြရမယ်လို့ ဆိုတယ်၊ လူဆိုတာ ဖျက်တတ်ရင် ပြုလည်းပြုတတ်ရမယ်တဲ့"

"ဒါတော့ ဟုတ်တာပေါ့ အမောင်"

ကိုယ်လုပ်တော်ကို စံအိမ်တော်တစ်ခုလုံးရှိ ဆီမီးများကို အသစ်ထွန်းညှိကြသည်။

"ဒါဆိုရင် ဘယ်နည်းနဲ့ လုပ်ကြမလဲတဲ့"

အမတ်ဒိန်၏ စကားများကို တစ်ဆင့်ပြန်ပြောပြနေသော်လည်း ဆီမီးရောင်တွင် မတ်သံလုံ၏ မျက်လုံးတို့ စူးရှပြီးပြက်လာနေကြသည်။

"ဘယ်ဘုရင်၊ ဘယ်ပြည့်ရှင်မင်းမှ ဝိပရိတ်စစ်ပွဲတွေ မပြုနိုင်အောင် အတိုင်းတိုင်းအပြည်ပြည်က ဘုရင်တကာတွေထက်ပိုပြီး အင်အား ကြီးမားတဲ့ ဧကရာဇ် တစ်ပါးပါးက ခေါဘဏီတပ်မကြီးပေါင်း များစွာ စီရင်ပြီး အားလုံးကို သိမ်းကျုံးစုရုံးတိုက်ခိုက်လိုက်ရင် ပြီးတော့ မဟာဧကရာဇ်အဖြစ် အုပ်ချုပ်လိုက်ရင် စစ်ပွဲတွေပေါ် စရာ မရှိတော့ဘူးလို့ ပြောတယ်၊ ဒါပေမဲ့"

မွေ့ကေသာ နားထောင်ရုံးမှအပ စကား ဝင်မပြောမိ။

"စစ်ကို ချေဖျက်ဖို့ ကြီးစွာသောစစ်ကို တိုက်ကြရဦးမယ်၊ ဒီချေ ဖျက်တဲ့စစ်ဟာ စစ်တကာတို့ထက် ပြင်းထန်ကြီးကျယ်သော စစ်ပွဲ ကြီးဖြစ်ဦးမှာမို့ ဒါလည်း ကမ္ဘာလောကကို ဖျက်ဆီးမယ့် မဟာ သတ္တန္တရကပ်ဘေးကြီးပဲတဲ့"

မွေ့ကေသာ သက်ပြင်းကို လေးပင်စွာ ချမိလေသည်။



စံအိမ်ဝင်းထောင့်ရှိ နီရဲသော စိန်ပန်းပွင့်တို့ ခေါင်မိုးပေါ်သို့ တဖြောဖြော ကြွေဆင်းလာသံများကို ကြားရသည်။

"အမတ်ဒိန်က နောက်တစ်ခါ လူ့ပုဂ္ဂိုလ်ဘက်ကို လှည့်ပြီး တွေး ပြန်တယ်၊ အဲဒီအတွေးကတော့ ကျုပ်တောင် မတွေးရဲတဲ့အတွေး၊ ပြည့်ရှင်မင်းတွေရဲ့ အဝိဇ္ဇာနဲ့ မောဟတရားတွေကြောင့် စစ်ဖြစ်ကြ သလားတဲ့၊ ဒါဆိုရင် နူးညံ့သိမ်မွေ့တဲ့ ပြည့်ရှင်မင်းကို ဘိသေက ပလ္လင်ထက် တင်ပေးလိုက်ရင်ကောတဲ့"

"ပြည့်ရှင်မင်းဟာ နူးညံ့သိမ်မွေ့နေလို့ ဖြစ်ပါ့မလား အမောင်"

မွေ့ကေသာ၏ အသံမှာ လေးနက်စွာ ဆင်ခြင်ထားသော အသံမျိုး။

"ဟုတ်တယ် နူးညံ့သိမ်မွေ့မှု၊ တရားဓမ္မပြည့်ဝမှုဆိုတာဟာ ရာဇာ တို့ရဲ့ အဆုံးစွန်သော အရည်အသွေး မဖြစ်တန်ကောင်းဘူးလို့ အမတ်ဒိန်ကလည်း ယူဆတယ်"

"ကေသာတော့ ဘာမှ နားမလည်တော့ဘူး"

"ကျုပ်လည်း နားမလည်ဘူး၊ တစ်ခုတစ်ခုကို စဉ်းစားရာမှာတော့ နားလည်တယ်၊ ဒါပေမဲ့ ဆက်စပ်ဖြစ်ပေါ်လာတဲ့ နောက်တစ်ခုက အရင်တစ်ခုကို ထပ်ပြီး ချေဖျက်ပြန်ရော"

"ဒါဖြင့် အမတ်ဒိန်ကကော နောက်ဆုံး ဘယ်လို အဆုံးသတ်လိုက် သလဲ– ဟင်"

"နှင်းကေသရာ အမတ်ဒိန်စကားလုံးဟာ ထူးဆန်းပြီး အင်အား တစ်ခုခုရှိနေသလိုပဲ သူက သက်ပြင်းတစ်ဂက် တက်ကြွမှုတစ်ဝက် နဲ့ ပြောသွားတယ်၊ အနာဂတ်ကိုပဲ ယုံကြည်တယ်တဲ့"

"ဟင် အနာဂတ်ကို၊ ကံကြမ္မာကိုလား"

"မဟုတ်ဘူး၊ လူသားကိုတဲ့"

"လူသားကို..."

"အင်း အနာဂတ်လူသားကိုတဲ့"

မွေ့ကေသာ ရွှေခွက်တွင်းသို့ ဗျစ်ရည်များ ထပ်ငှဲ့ပေးလိုက်သည်။ မတ်သံလုံသည် ဖြည်းဖြည်းချင်း မော့သောက်လိုက်လေသည်။

"ထူးဆန်းနက်ရှိုင်းတဲ့ စကားတွေ သူပြောသွားတယ်၊ ဆယ်မိုး တစ်ဖို၊ ဆယ်ခိုင့်တစ်ခိုင်ဆိုတဲ့ မနုရှင်ရသေ့ရဲ့ ပဋိညာဉ်တရား၊ မဟာ သမ္မတ မင်းရဲ့ နိုင်ငံတော်၊ အာဒိကပ္ပ ကမ္ဘာဦးခေတ်မှာ အဲဒီ နှောင်းခေတ် တရားဓမ္မတွေကို ပြုစုခဲ့ကြတဲ့ သူတော်ကောင်းပညာရှိတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ တို့လောက် ကျယ်ကျယ်ပြန့်ပြန့် မထိတွေ့၊ မသိရှိခဲ့ကြဘူး တဲ့၊ အလားတူစွာပဲ နောင် ဖြစ်ပေါ်လာမယ့် ဘုရင်တွေ၊ သူရဲကောင်းတွေ၊ ပညာရှိတွေဟာလည်း တို့ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ သိရှိလာနိုင်ကြလိမ့်မယ်တဲ့၊ သည်တော့ သစ္စာတရား ထွန်းပတဲ့ ကမ္ဘာလောကကြီးတစ်ခုအတွက် အနာဂတ်လူသားတွေကိုပဲ ငါယုံကြည်လိုက်တော့မယ်တဲ့၊ဒါဟာ လောကဓမ္မနဲ့ ညီညွတ်တဲ့ အတွေးလည်း ဖြစ်နိုင်သတဲ့"

ဒုတိယအကြိမ် ထွန်းညိုသော ဆီမီးတိုင် တစ်ဝက်ကျိုးလုနေပေပြီ။ မွေ့ကေသာ ရင်ထဲတွင် ပြည့်သွားသည်။

မတ်သံလုံလည်း နောက်ထပ် စကားပြောစရာ မရှိတော့။ အမတ်ဒိန် ပြောခဲ့သော စကားလုံးများကို ဤမျှထိ ပြောဆိုပြနေနိုင်ခြင်း အတွက်ပင် မိမိကိုယ် မိမိ အံ့သြနေမိသယောင်။

ဆီမီးရောင်တို့အောက်မှ ဆံစများ ကပိုကရိုဖြစ်နေသည့် မွေ့ကေသာ မျက်နှာကို စူးစိုက်ကြည့်မိသည်။ မျက်ဝန်းတို့တွေ ချစ်မြတ်နိုးခြင်း အငွေ့တို့ စိုးယှက်လာနေသည်။

"နှင်းကေသရာရယ်၊ ဒီအကြောင်းတွေကို မပြောကြပါစို့နဲ့နော်"

"ဟုတ်ကဲ့အမောင်"

"ကျုပ်ကို မီးကျောင်းစောင်း တီးပြမလားဟင်"

"အမောင် ဘယ်တေးကို ကြိုက်သလဲ"

"နှင်းကေသရာဆိုတဲ့ တေးဟာ ကျုပ်ကြိုက်တဲ့တေး"

"ပန်းပွင့်လေးတွေနဲ့အချစ်ကို နှိုင်းယှဉ်ပြတဲ့တေး ဆိုမယ်လေ"

"အဲဒီတေးထဲမှာ ချစ်သူလုလင်က စစ်သည်တော် ဖြစ်ရမယ်နော်"

"ဟင်– အဲဒီလို တေးမျိုးမှမရှိတာ၊ ပန်းပွင့်ရယ်၊ အချစ်ရယ်၊ စစ်သည်တော်ရယ်"

"ဟင်အင်း– ပါအောင် ထည့်ဆိုရမယ်"

မွေ့ကေသာ ရက်စနိုးဖြင့် မီကျောင်းစောင်းကို ကောက်ကိုင်သည်။ စောင်းကြိုးများကို ညှိရင်း လက်ခတ်မစွပ်ဘဲ အသံထွက်ပေါ်လာသည်။ တေးက မစရသေး။

"အို– မောင်ပြောတဲ့ တေးမျိုး ကေသာ မဆိုတတ်တော့ဘူး မရဘူး"

"ဒါဖြင့်လည်း မဆိုပါနဲ့တော့အချစ်ရယ်၊ မင်းစကားသံ နားထောင်ရတာ၊ မင်းမျက်နှာကို ကြည့်နေရတာနဲ့ပဲ တေးချင်းတွေ အရာ



အထောင် နားထောင်ရသလို ဖြစ်နေပါပြီ"

ဆီမီးသည် အဝင်းလက်ဆုံး ထိန်လင်းလာပြီးနောက် ငြိမ်းသေသွားလေသည်။

* * *

"ကေသာလေ အမတ်ဒိန်ပြောတဲ့ အနာဂတ်ဆိုတာလည်း မတွေးချင်ဘူး၊ ဟိုတုန်းက အတိတ်က အဖြစ်တွေလည်း မတွေးချင်ဘူး၊ အမောင်နဲ့ အခုလိုနေရတဲ့ ပစ္စုပ္ပန်ကိုပဲ နားလည်တယ်"

"အို အနာဂတ်ကို တွေးရမှာပေါ့ နှင်းကေသာရယ်၊ ဒီတစ်ပွဲပြီးရင်"

ကေသာသိပါတယ် အမောင်ရယ်၊ ဒီတစ်ပွဲပြီးရင် နောက်တစ်ပွဲ၊ နောက်တစ်ပွဲပြီးရင် နောက်တစ်ပွဲ၊ စစ်ပွဲတွေအမောင်တို့ တိုက်ကြဦးမှာ မဟုတ်လား၊ အရေးတော် မပြီးနိုင်သေးပါဘူး၊ စစ်မြေပြင်တွေလည်း တစ်နေရာပြီး တစ်နေရာ ပြောင်းနေကြဦးမှာ မဟုတ်လား၊ အမောင်ကလည်း သဝဏ်တွေရေးပို့၊ ကေသာက ဒီစံအိမ်တော် ပြင်တင်းမှာထိုင်၊ နောက်ဆုံး အမောင် ဓားမကိုင်နိုင်တော့တဲ့ သက်ကြီးရွယ်ကြီးဖြစ်၊ ကေသာကလည်း၊ အဘွားကြီးဖြစ်ကော့မှ ဒီတိုက်ကုလား စံအိမ်တော်မှာ အတူတူ အသက်ထက်ဆုံး နေခွင့်ရကြမှာပါ"

"ကျုပ် ခုလိုပဲ ပြန် ပြန်လာမှာပေါ့ နှင်းကေသရာ"

"မရောက်လာတော့လည်း မျှော်ရတယ်၊ ရောက်လာတော့လည်း နောက်ထပ် ထွက်ခွာမယ်ရက်၊ ခွဲခွာရမယ့် ကာလတွေအကွက်တွေးမိနေရတယ်၊ ဒီဝေဒနာတွေ အထပ်ထပ် ပြည့်မောက်ဖန်များတော့ ကေသာလေ အခု အရာခပ်သိမ်းကို ခံနိုင်ရည်ရှိလာသလိုပဲ"

တစ်ညတာ၏ ဟိုမှာဘက်နှင့် သည်မှာဘက် ကာလအတွင်း ပြောင်းလဲ ခိုင်ကျည်သွားသော မွေ့ကေသာကိုကြည့်ရင်း မတ်သံလုံ အံ့အားသင့်နေသည်။ လုပသောမျက်နှာထက်ဝယ် ယခင်အခါများကမှ အားငယ်ခြင်း၊ ခံစားထိခိုက်ခြင်း၊ ဆွတ်ပျံ့ခြင်းဝေဒနာ အရိပ်များကိုသာ တွေ့ခဲ့ရသော်လည်း အခုအခါကား မွေ့ကေသာ၏ မျက်လုံးတို့သည် စံအိမ်တော်ဝင်းထောင့်က စိန်ပန်းနီကဲ့သို့ ထက်မြက်နေလေသည်။

"အမောင်ကို ကိုယ့်ရဲ့ခင်ပွန်းပဲဆိုပြီး စိတ်ထဲမှာ သိမှတ်ထားလည်း ခါစတုန်းကတော့ ကေသာရင်ထဲမှာ ခြောက်ခြားဆန်နေတာပဲ၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အမောင်ကို လေးစားကြည်ညိုမိလာရပြီး နောက်မှာတော့ တည်ငြိမ်မှုတွေကို ရလာခဲ့တယ်၊ နောက်...”

မတ်သံလုံကို ထွင်းဖောက်သွားမတတ် ကြည့်လိုက်သော မွေ့ကေသာ၏ မျက်လုံးတို့ တန်ခိုးအင်အား ကြီးလှသည်။ လှပနုနယ်သော မိန်းမငယ်တစ်ယောက်၏ အကြည့်ဟု ဆိုရန်ပင် ခက်နေသည်။

“အမောင့်ကို ချစ်ခင် တွယ်တာလာရပြီး နောက်ပိုင်းမှာတော့ အချစ်က ပေးတဲ့ ထူးဆန်းတဲ့ ဝေဒနာတွေကို ကေသာ ခံစားလာရတယ်၊ ရင်ဖိုတာ၊ ရှက်တာ၊ ကြောက်တာ၊လွမ်းတာ၊ ဝမ်းနည်းတာ၊ အားငယ်တာ၊ ကြည်နူးမိတာ၊ အို- အများကြီးပါပဲလေ”

ခရမ်းပြာနှင့် အဖြူတို့ ရောယှက်သော ဖရောင်းပန်း တစ်ခက်ကို ချိုး၍ မတ်သံလုံ၏ ရင်စည်းလယ်ကြားအလယ်၌ ထိုးစိုက်ပေးလိုက်သည်။

“အခုတော့လည်း ကေသာ လောကခံတရားကို နားလည်သဘောပေါက်သွားသလိုပဲ ၊ ဖြစ်လာမယ့် အကောင်းတွေ၊ အဆိုးတွေအတွက် မတုန်မလှုပ်ရင်ဆိုင်ဖို့ ကိုယ့်ကိုယ်ကို အမြဲသတိပေးနေမိတယ်၊ အမောင့်ကို ကေသာ အရင်ကထက် ပိုပြီး ချစ်မြတ်နိုးလေးစားပေမယ့် အရင်ကလို သောက ဗျာပါဒတွေ တစ်လှေကြီးနဲ့ မမျှော်တော့ဘူး၊ စစ်ထွက်ယောက်ျားက စစ်မြေပြင်မှာ သေနင်္ဂဗျူဟာနဲ့ တည်ငြိမ်ကြံ့ခိုင်စွာ စစ်ပွဲဝင်နေတဲ့အချိန်မှာ အိမ်သူဇနီးကလည်း ပေါ်ပေါက်လာမယ့် သောကဗျာပါဒတွေကို ဖိနှိပ်ပြီး ရှင်သန်တဲ့ နှလုံးနဲ့ ဘုရားကျောင်းဆောင်ထဲကို ဝင်ဖို့လိုတယ် မဟုတ်လား အမောင်”

လန်းဆန်း အားသစ်လျက်ရှိသော မတ်သံလုံ၏ မြင်းနက်ကြီးသည် စိန်ပန်းနှင့် ပျဉ်းမတို့ ကြဲပြန့်သော မြေပြင်ကို ခွာနှင့် ရှုပ်နေသည်။ ရှည်လျားသော အမြီးတို့သည် လှုပ်ရှားနေသော ကနုတ်ပန်းများလို ယိမ်းနွဲ့နေကြသည်။

စစ်ထွက်ခါနီးတွင် မွေ့ကေသာ အရင်ကလို မငိုသောကြောင့် မတ်သံလုံ အံ့သြနေသည်။ သို့သော် ချစ်ဇနီး၏ မျက်ရည်စများကို မတွေ့ရသဖြင့်လည်း စိတ်လက်ပေါ့ပါးနေပြန်သည်။ မြင်းသည် လည်တံကို မော့လျက် မြူးကြွစွာ ဟီလိုက်လေသည်။

တစ်ဦး၏ရင်ငွေ့ကို တစ်ဦးက ခံစားနိုင်လောက်အောင် လူချင်းနီးကပ်နေသော်လည်း မတ်သံလုံ၏ စိတ်အစဉ်တို့က စစ်ပွဲဆီသို့



ရွေ့လျား သွားနေကြသလို မွေ့ကေသာ၏ အတွေးလျှဉ်များလည်း နှင်းပန်းများနှင့် သပ္ပာယ်စွာသော ဘုရားကျောင်းဆောင်ဆီသို့ ချဉ်းကပ်နေသည်။

ထိုအခါ ခွဲခွာခန်းသည် ပူလောင်သော ခွဲခွာခန်းမဟုတ်တော့။

တည်ငြိမ်မှုများကိုယ်စီကို ရထားသော စစ်ထွက်ခရီး ဖြစ်နေသည်။

ချစ်မြတ်နိုးစွာဖြင့် မွေ့ကေသာ၏ လက်အစုံကို မတ်သံလုံ ဆုပ်နယ်မိသည်။

“သွားမယ် နှင်းကေသရာ”

“ဟုတ်ကဲ့”

မတ်သံလုံ မြင်းပေါ်သို့ တက်သည်။ ဇက်ကြိုးကို ကိုင်သည်။

ဇက်ဆတ်သော မြင်းသည် ခြေမတို့ ကြိမ်မသွင်းရဘဲ ကျယ်လောင်စွာ ဟီလျက် ပတ်တတ်ရပ်သည်။

ထို့နောက် စံအိမ်တော် ဝင်းအပြင်သို့ တစ်ဟုန်ထိုး ဒုန်းစိုင်းသွားသည်။

မတ်သံလုံလည်း လှည့်မကြည့်၊ ပဝါဖြူစကို ဝှေ့ယမ်းမပြ။

မွေ့ကေသာလည်း မျှော်မငေး၊ လက်ကို မလှုပ်ယမ်း။

မြင်းခွာသံ တဖြည်းဖြည်း ဝေးသွားသည်။

မွေ့ကေသာ လှေကားတစ်ထစ်ချင်း ပြန်တက်ခဲ့သည်။

စောစောက မြင်းခွာနှင့် နင်းပေါက်ခံခဲ့ရသော စိန်ပန်းနီ၊ ငုဝါ၊ ပျဉ်းမ၊ ခရမ်းပြာပွင့်ကြွေတို့သည် မြေပြင်တွင် ကြဲဖြန့် ညှိုးငယ်နေသော်လည်း အပင်ထက်တွင် ရှိသေးသည့်အပွင့်တို့ကား နီဆဲ၊ ဝါဆဲ၊ ခရမ်းပြာ ပြာဆဲ။

* * *

မြစ်ကမ်း နှစ်ဖက်လုံးတွင် တပ်ကို ဖြန့်ထားသော ကမ်းနှစ်ဖက်ကျုံးမြောင်းငယ်များတွင် တိုက်လှေတို့ကို ဖုက်ကွယ်ထားသော ‘တလည်းဆီး’ ဒေသသို့ ထီးဖြူကနက္ကဒဏ် ပီတာန်မိုးသည့် ‘အံ့စရာလှေ’ ချီလာသည်။

မုတ္တမအောက်ဘက် မြို့နယ်သုံးဆယ်မှ အမတ် မဟာသမွန် စုရုံးခဲ့သော လှေတပ်များ၊ ပုသိမ်အထက်ပိုင်း မြို့နယ်သုံးဆယ်အနက်

www.burmeseclassic.com

www.burmeseclassic.com



မတ်သံလုံသည် ဒူးထောက်ရင်းဖြင့်ပင် အမတ်ဒိန်၏ ခြေအစုံကို ဖက်လေသည်။ ထို့နောက် မင်းကြီးသံဗြတ်၏ ခြေဖမိုးကို ဦးတိုက်လေသည်။

ထို့နောက် ရင်ထဲမှ ထွက်လာသော အသံမျိုးဖြင့် မတ်သံလုံ ရေရွတ်သည်။

"မင်းကြီးနဲ့ အမတ်ဒိန်၊ ကျွန်တော်မျိုးကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ကြောင့် မင်းကြီးတို့မှာ ကိုယ်စိတ်နှလုံး သုံးပါး အနှောင့်အယှက်ဖြစ်ရင် ခွင့်လွှတ်ကြပါ၊ ကျွန်တော် ဒလသုဒ္ဓမာယာမိဖုရားအပေါ်မှာ မနှောက်ယှက်ခဲ့သော်မှ ပြစ်မှားခြင်းမရှိခဲ့ပါဘူး၊ အခု ပုသိမ်တိုက်ပွဲဟာ အန္တရာယ်ကြီးလွန်းလှတဲ့အတွက် ကျွန်တော့်အသက်ကို သေသူအဖြစ် ထားပြီးပါပြီ၊ ကျွန်တော့်အတွက် နောက်ဆုံး တိုက်ပွဲဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ကျွန်တော် နောက်ကို မကြည့်စတမ်း တိုက်တော့မှာ ဖြစ်ပါတယ်၊ ဒီအခါမျိုးမှာ ကျွန်တော့်ကို သူ့ရှင် ဘယ်လောက်ချစ်သလဲဆိုတာ သူရဲကောင်းဘုရင်ဟာ သူရဲကောင်းအပေါ် ဘယ်လောက်ချစ်တယ်ဆိုတာကို သိချင်လို့၊ တစ်နည်းအားဖြင့် ကျွန်တော့်ရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်တွေ ပိုပြီးထက်မြက်လာနိုင်အောင်လို့ သူ့ရှင်ရဲ့ စိတ်ဓာတ်တော်ကို စမ်းခြင်းသာဖြစ်ပါတယ်၊ သူ့ရှင်ကို လျှောက်ထားပေးကြပါ၊ သံလုံငယ်ဟာ သည့်ထက် အဆ အရာ အထောင်မက အန္တရာယ်ကြီးတဲ့ စစ်ပွဲဖြစ်စေတော့ အရှင်သခင်အတွက် အသက်ကို ဆယ်ပြန်ပေးအပ်ပြီး အမှုတော်ကို ထမ်းပါ့မယ့်အကြောင်း..."

မတ်သံလုံသည် ရွှံ့နွံနှင့် သဲနုန်းတို့ အတိပြီးသော မြေပြင်ပေါ်မှာပင် ဒူးတုပ်ထိုင်လျက် ဒလသုဒ္ဓမာယာ မိဖုရားကို ကန်တော့လေသည်။

"ကျွန်တော် အရှင် မိဖုရားကို မပြစ်မှားရဲပါ၊ အပြစ်ရှိရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

မင်းကြီးသံဗြတ်နှင့် အမတ်ဒိန်တို့ကား အံ့သြခြင်းများစွာဖြင့် စကားတစ်ခွန်းမျှ မဆိုနိုင်ဘဲ ရှိနေသည်။ မတ်သံလုံကို တွန်းလှဲဆွဲယမ်းခဲ့သော မင်းကြီးသံဗြတ်မှာမူ ပို၍အဖနေရခက်ဟန်ဖြင့် တွေတွေငိုင်ငိုင် ကြည့်နေသည်။

"သူ့ရှင်ကို လျှောက်တင်ပေးကြပါ၊ သံလုံငယ်ဟာ သူ့ရှင် အတွက် အသက်ဆယ်ပြန် ပေးဆက်ထားတဲ့အကြောင်း၊ ပြီးတော့ ဟောဒီ



ပုသိမ်စစ်ကိုလည်း အနိုင်တိုက်ပါ့မယ်ဆိုတဲ့အကြောင်း..."

ခါးစည်းကြိုးတွင် ချည်ထားသော မောက်တိုကို ဖြုတ်၍ ဦးခေါင်းဆက်သို့ ဆောင်းလိုက်သည်။ စလွယ်သိုင်းထားသော ဓားကို နေသားတကျဖြစ်အောင် ပြင်လိုက်သည်။ ပန်းလှိုင်းမြစ်ကမ်း သောင်ထက်သို့ ကျဆင်းလာသော နေရောင်အောက်တွင် မတ်သံလုံ၏ အသွင်မှာ ကြေးနီဖြင့် ထွင်းထုအပ်သော ရုပ်တုတစ်ခုကဲ့သို့–

အံ့အားသင့်လျက်၊ ဝမ်းမြောက်လျက်၊ ကြည်နူးနှစ်သိမ့်လျက် စကားမဆိုနိုင်ကြသော အမတ်ဒိန်နှင့် မင်းကြီးသံဗြတ်တို့ရှေ့သို့ မတ်သံလုံ လျှောက်သွားသည်။ အမတ်ဒိန်၏လက်ကို မတ်သံလုံ တရိုတသေ ဆွဲကိုင်လိုက်သည်။

"အမတ်ဒိန်၊ ကျွန်တော့်အတွက် တစ်ခုထပ်ပြီး၊ အကူအညီ ပေးပါဦး"

"ဘာလဲ သံလုံငယ်"

"မေနှင်းကေသရာကိုလည်း ဖြစ်ခဲ့သမျှ အကျိုးအကြောင်းအားလုံး ပြောပြပေးစေချင်ပါတယ်"

"မေနှင်းကေသရာကို..."

"ဟုတ်ပါတယ် အမတ်ဒိန်၊ သူလည်း သိသင့်ပါတယ်"

အမတ်ဒိန်အဖြေကို မစောင့်တော့ဘဲ မတ်သံလုံ မြစ်ဆိပ်သို့ ဆင်းခဲ့၏။ ရဲလှေနှစ်ဆယ်တို့မှ ရဲမက်များက သူတို့၏ တပ်မှူးကို ဟစ်အော်နှုတ်ဆက်ကြလေသည်။

"တပ်မှူးလာပြီ"

"သူရဲကောင်း လဝွန်းအိမ် လာပြီဟေ့"

မတ်သံလုံသည် ဓားအိမ်မှ ဓားရှည်ကို ဆွဲချွတ်၍ အပေါ်သို့ ဝှေ့ယမ်းလိုက်သည်။ ထို့နောက် ရှေ့ဆုံးမှ ရဲလှေပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လိုက်ပြီး လှေဦးနှင့် တူရူအရပ်သို့ ဓားသွားနှင့် ညွှန်ပြရင်း အော်လိုက်သည်။

"သူ့ရှင်အတွက်၊ မင်းကန်စီအတွက် သစ္စာဖောက်တွေကို ချေမှုန်းကြဖို့ စစ်မောင်းတွေတီး၊ ကြိုးတွေဖြုတ်၊ အခု တပ်ထွက်မယ် ဟေ့"

ပန်းလှိုင်မြစ်ပြင်၏ လှိုင်းဂယက်များပေါ်သို့ ရဲလှေနှစ်ဆယ်မှ စစ်မောင်းသံများ ရိုက်ခတ်ဖြန့်ကြက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကိုတိုက်ရင် ကျွန်တော်တို့ရန်သူပဲ"

"ဒါဖြင့် အဝရဲ့မက်တွေရဲ့ ဇနီးမယား၊ သားသမီး၊ မိဘဆွေမျိုးတွေကော"

"အဲဒါလည်း အင်း ဒါက"

တလူလူလွင့်နေသော ခေါင်းစည်းပဝါမြိတ်ကိုဖယ်ရင်း အမတ်ဒိန်ဘက်သို့ လှည့်ကြည့်သည်။ အမတ်ဒိန်ကမူ ရှေ့တူရူဆီသို့သာ ကြည့်နေလေသည်။

"ဆိုပါစို့ကွာ၊ အဝနိုင်ငံမှာရှိနေတဲ့ ရဟန်းတွေ၊ ကလေးငယ်တွေ၊ မိန်းမသူတွေ၊ လှေထိုးသားတွေ၊ လယ်လုပ် ဓားမခုတ်ပေါ့"

"အမတ်ဒိန် ဘာတွေ ပြောနေတာလဲ၊ ဒီအချိန်မှာ ဒါတွေ မပြောသင့်ပါဘူးဗျ"

ချောင်းငယ်တစ်ခုကို ကူးဖြတ်ရမည်ဖြစ်၍ မြင်းဇက်များ အရှိန်လျှော့ကြရသည်။

ရေသံတဝုန်းဝုန်း အကြားတွင် စကားကို ကျယ်လောင်စွာ ပြောမှ ကြားရသည်။

"ငါ ဆိုလိုချင်တာက အဝနဲ့ ဟံသာဝတီ စစ်ပြုနေကြပေမယ့် အဝဘုရင်နဲ့ ဟံသာဝတီဘုရင်ချင်းသာ စစ်ပြုကြတာပါ၊ ဒီစစ်ကို နောင် ကမ္ဘည်းထိုးမယ့် ပညာကျော်တွေက ဘယ်လိုထိုးမလဲ၊ ရာဇာဓိရာဇ်နဲ့ ဘုရင်မင်းခေါင်၊ ဒီလိုပဲ ရေးကြမယ်၊ လဝွန်းအိန်နဲ့ မိုးညှင်းသတိုး၊ အမတ်ဒိန်နဲ့ ဉဇနာလို့ မရေးကြပါဘူး"

"ဘယ်လိုပဲ ကမ္ဘည်းထိုးထိုးပေါ့ဗျာ"

"အေးပါ ငါပြောချင်တာက အဝသားနဲ့ ဟံသာဝတီသားတို့ ဘာမှ ဖြစ်ကြရတာမဟုတ်ဘူး၊ မတွေ့ဖူး၊ မမြင်ဖူး၊ မသိဖူးတဲ့ လူတွေ တစ်ယောက်တစ်ယောက် သတ်နေကြတာကို ပြောတာပါ"

"ဘုရင့်အမိန့်ကိုး၊ အမတ်ဒိန်ရဲ့"

"ဦးခေါင်းပိုင်းက လှုပ်လို့ အမြီးပိုင်းကပါ လိုက်လှုပ်ရအောင်က ဘုရင်နဲ့ တိုင်းသူပြည်သားဆိုတာက မြွေနဂါးတစ်ကောင်ရဲ့ အစိတ်အပိုင်းမှ မဟုတ်ဘဲ"

"မသိဘူးဗျာ"

"အေးပါ၊ ငါ့ကို အလကားနေရင်း ဒေါပွမနေနဲ့၊ ငါဟာ အရှင်သခင်ရဲ့ ကျေးဇူးသစ္စာကို အသက်နဲ့ထပ်တူ စောင့်သိတဲ့ ကျွန်



ကောင်းတစ်ယောက်ပါ၊ ဒါပေမဲ့ ငါ့အတွေးတွေကို ဘယ်သူ့မှ ပြောလို့ရမှာ မဟုတ်ဘူး၊ ငါ့အတွေးတွေကလည်း တစ်ခါတလေ ကမောက်ကမ နိုင်နေသလား မသိဘူး၊ မင်းတစ်ယောက်သာ ငါ့ကို နားလည်တတ်သူမို့ ပြောပြနေတာပါ"

"ဘုရင်နှစ်ပါး အကုသိုလ်ဝင်လို့ ဖြစ်ကြတာပဲလို့ ဆိုလိုက်ပါတော့ဗျာ၊ ဟူးရားတွေပြောသလို နက္ခတ်မကောင်းလို့၊ ဇာတာတော်မသန့်လို့၊ ဒါဆို ပြီးရောမဟုတ်လား"

"ဟား ဟား ဟား ဟား"

ချောင်းတစ်ဖက်သို့ ရောက်ပြီဖြစ်၍ မြင်းဇက်ကို ပြန်ဖွင့်လိုက်ကြသည်။

* * *

"ဆင်စီးချင်း၊ မြင်းစီးချင်း၊ လှေစီးချင်း တစ်ဦးချင်း စစ်ထိုးဖို့ ကျွန်တော် သည်မြေပြင်မှာ ဘယ်သူ့ကိုမှ မကြောက်ပါ၊ သဝဏ်ပါ အတိုင်း တစ်ဦးချင်းသာဖြစ်ရင် ကျွန်တော် ထွက်တိုက်ပါ့မယ်၊ အဝဘုရင်ရဲ့ သားတော် မင်းရဲကျော်စွာကို ပြန်ကြားပါ သူ့ရှင်"

သူ့ရှင် ရာဇာဓိရာဇ်ရှေ့သို့ ရောက်လျှင်ရောက်ချင်း မတ်သံလုံ မဆိုင်းမတွ ပြောသည်။

အမတ်ဒိန်နှင့် မတ်သံလုံတို့ နန်းဆောင်တံခါးဝ မရောက်မီမှာပင် မင်းရဲကျော်စွာထံမှ သဝဏ်ရောက်လာကြောင်း သူ့ရှင်က အမိန့်မျှသဖြင့် မည်သည့်တပ်မှူးမျှ အသံမပြုကြောင်း၊ သူ့ရှင်ကလည်း မိမိအလိုအလျောက် အမှုတော်ကို ထမ်းယူမည့်သူ စောင့်ရင်းဖြင့် အမျက်ထွက်နေကြောင်း မတ်သံလုံကို လေးစားသော တံခါးမှူးက ပြောပြခဲ့သည်။

သူ့ရှင်သည် တင်းမာနေရာမှ ပြုံးရယ်လျက် ရှေ့မှောက်မှ မင်းရဲကျော်စွာ၏ အမှာတော်အမတ် မင်းနှတ်တော်ကို လှမ်းပြောလိုက်သတည်း။

"ပြောလိုက်ပေ့၊ တူတော် မင်းရဲကျော်စွာ ဘာမှမပူပန်နဲ့၊ မနက်ဖြန် မိုးသောက်ရင် လှေတစ်စီးချင်းနဲ့ နှစ်ဖက်သူရဲကောင်းတွေ တိုက်ကြစေမယ်၊ ငါ့ဆီက လဝွန်းအိန် ထွက်လာလိမ့်မယ်လို့"

* * *

www.burmeseclassic.com

www.burmeseclassic.com



"အံ့စရာလှေကို စုက္ကတေးစီး၊ ထီးဖြူကနက္ကဒက်၊ ပိတာန် အစုံ အလင် အုပ်မိုးပြီ၊ ရေလယ်မှာ ထွက်စောင့်၊ ပြီးရင် မြေများ ဖွား လှေကို စည်သူစီး၊ သားများမိ လှေကို ဥဇနာစီး၊ သျှမ်းမွန်လှေ ကို စတုရင်္ဂသူစီး၊ မင်းတို့လေးစီးစလုံးက ဒိုင်း၊ လွှား၊ ဓား၊ လှံ အပြည့်ကိုင်ပြီး အနောက်ဘက်ကမ်းက ကျုံးမြောင်းမှာ ခိုး စောင့် ကြားလား"

မင်းရဲကျော်စွာ၏ အမိန့်အဆုံးဝယ် တပ်မှူးလေးဦး ရှေ့မှောက်မှ ထွက်ခဲ့ကြလေသည်။

"ဟော့ လဂွန်းအိန်ကို ဥပါယ်နဲ့ မြူဆွယ်ပြီး ရအောင်ဖမ်းကြ၊ သမိန်ဥပါကောင်းကိုလည်း တစ်ခါနီးနီးကပ်ကပ် တွေ့ခဲ့ဖူးတယ်၊ သူတို့တပ်မှူးတွေကို ငါ တယ်သဘောကျတယ်၊ အခုလည်း လဂွန်း အိန်ကို မိအောင်ဖမ်းပြီး စကားပြောမယ်"

တလည်းဆီးနှင့် အလွဲမြစ်ဆုံရာဒေသတွင် ရေအတန်ငယ် နက်ပြီး ဝဲကန်တော့တို့လည်း ထိုးယုက်နေသည်။ ဝဲယာတွင် ခရာဆူး ချုံနွယ်တို့ ထူထပ်ပြီး ရေသည် နိုကြန် နောက်ကျိနေသည်။

မိုးသောက် အလင်းရောင်နှင့်အတူ တလည်းဆီး အထက်ဘက် ဆီမှ စစ်မောင်းသံ လွင့်ဝဲလာသည်။ နိုကြန်နောက်ကျိသော ရေပြင်တွင် လှိုင်းဂယက်များ ထသွားသည်။

မင်းရဲကျော်စွာသည် ဆိပ်ကမ်းထက်မှနေ၍ အောက်သို့ ခုန်ဆင်း လှော်ခတ်လာသည့် လဂွန်းအိန်၏လှေကို လှမ်းကြည့်နေသည်။

နှစ်ဆယ့်တစ်လံရှည်သော လှေထက်တွင် သူရဲသုံးရာတို့ လက် နက် ကိုယ်စီဖြင့်—

တပ်မှူးလဂွန်းအိန်သည် တပ်မှူးအဆောင်အယောင်ဖြင့် မဟုတ်၊ သေနာပတိ အဆောင်အယောင်ဖြင့် ရွှေခါးစည်း၊ ရွှေလက်ကြပ်၊ မြနား တောင်း၊ ကျောက်စီလက်စွပ်၊ လက်ကောက်များအပြည့် ဆင်ယင်ထား သည်။

ဝဲတွင် အဲမောင်း၊ ယာတွင် ဓားလွတ်ကို ကိုင်လျက် 'မိကျောင်း ရုပ် လှေ'ဦးတွင် မတ်သံလှံသည် ခြေကို ကျဲကျဲရပ်လျက် ရှေ့တူရူသို့ မမှိတ်မသုန် ကြည့်နေသည်။ မိကျောင်းရုပ် လှေဦးရှိ ပါးစပ်ဟထားသော မိကျောင်းဦးခေါင်းကို ရေညှိရောင် သုတ်ခြယ်ထားသည်။ မျက်လုံးနှစ် ဖက်ကို ဟင်္သပြဒါးသုတ်ထားသဖြင့် ရဲရဲနီနေသည်။

မိကျောင်းရဲလှေမှ စစ်မောင်းသံကို ကြားလိုက်ရသည်တွင် မင်းရဲ



ကျော်စွာလည်း မြစ်ညာဆီသို့ လက်ပြလိုက်သည်။

စုက္ကတေးသည် ဓားကို ရင်တွင်အုပ်မိုးလျက် မင်းရဲကျော်စွာကို ဦးညွှတ်လိုက်ပြီး 'အံ့စရာလှေ'ကို စုန်စေသည်။ အံ့စရာလှေကား မိကျောင်းရဲလှေထက် တစ်ဆမျှ ပို၍ကြီးနေပေသည်။ လှေနံလည်း ပို၍မြင့်နေသည်။

မိကျောင်းရဲလှေနှင့် အံ့စရာလှေတို့သည် ဦးချင်းမျက်နှာဆိုင်လျက် တစ်စတစ်စ နီးကပ်လာသည်။ မိကျောင်းရဲလှေ၏ လှေဦးမှာ သား ကောင်ရှိရာသို့ တစ်ရှူးထိုး ပြေးလိုက်သော မိကျောင်းတစ်ကောင် အလား။

တလည်းဆီး၊ အလွဲမြစ်ဆုံရာ ဝဲကန်တော့ ထိုးယုက်ရာ ရေလယ် သို့ မရောက်မီမှာပင် နှစ်ဖက်လှေတို့မှ တစ်ခဲနက် ကြွေးဝါးသံများ ပေါ်ထွက်လာပြီး လှံရှည်များ တစ်စင်းမှ တစ်စင်းသို့ တဝေါ်ဝေါ် ပျံ သန်းသွားကြသည်။ တစ်ချိန်တည်း။

လှံရှည်တို့သည် အချည်းနှီး ရေသို့မကျ။ လှေနံရံသို့ မစိုက်။

သို့သော် နှစ်ဖက်စစ်သည်တို့၏ လွှားများဆီသို့ စိုက်ဝင်နေကြ သည်။

မတ်သံလှံ၏ အဲမောင်းသည် အံ့စရာလှေ၏ ဦးပိုင်း ဦးထောင် ပန်းခက်တွင် အသွားတစ်ခုလုံး နစ်မြုပ်ခမန်း စွဲဝင်သည်။ စုက္ကတေး ကွယ်၍ တိမ်းရသည်။

စုက္ကတေး၏ လှံကိုမူ မတ်သံလှံက ဝဲလက်တွင် ဖမ်းယူထား လိုက်လေသည်။

ကမ်းနှစ်ဖက်ပေါ်မှ အဝတပ်သား၊ ဟံသာဝတီတပ်သားတို့၏ အော်ဟစ်အားပေးသံများ ကျွတ်ကျွတ်ညံသွားသည်။

လှေနှစ်စီးကား ပို၍နီးကပ်စွာ ရွှေ့လျားနေကြဆဲ။

စစ်မောင်းသံတို့ ပို၍ မြည်ဟည်းလာသည်။

မြစ်ရေပြင် လှိုင်းထသွားမတတ် အော်ဟစ်သံများ။

ထို့နောက် လှေချင်း ပူးယှက်သွားသည်။

"မိကျောင်းရဲနဲ့ လဂွန်းအိန်ဟော့"

"အံ့စရာနဲ့ စုက္ကတေးဟော့"

ဓားသွားချင်း ထိခတ်သံ၊ ဒိုင်းလွှားချင်း ရိုက်ပုတ်သံ၊ ကြွေးကြော် ကြွေးဝါးသံ။

လှေနှစ်စင်းစလုံး တစ်ဖက်စောင်း နစ်မြုပ်လုနီးပါး ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

မိကျောင်းရဲ၏ လက်ယာဘက်သို့ စစ်သည်များ စုပြုံလာကြသလို အုံ့စရာ၏ လက်ဝဲဘက်သို့လည်း စစ်သည်များ စုပြုံလာကြခြင်းကြောင့်။

လှေချင်း ပြန်ခွာလိုက်သည်။

မလှမ်းမကမ်းသို့ ပြန်လှော်ကြပြီးနောက် တစ်ပြိုင်နက်တည်းလိုလို ပင် ဦးချင်းပြန်ဆိုင် လှော်လာကြပြန်သည်။

"တပ်မှူး စက္ကတေးဟေ့"

"နတ်ဘီလူး လဝွန်းအိန်တဲ့ဟေ့"

သည်တစ်ကြိမ် ထိခတ်ထိုးခုတ်သံတို့ ပို၍ ကြမ်းတမ်း ကျယ်လောင်လာသည်။

လှေချင်း အပူးပူး အယှက်ယှက် ဖြစ်နေသည်။

စစ်သည်နှစ်ယောက်စ၊ သုံးယောက်စ ရေထဲသို့ကျပြီး ရေပြင်တွင် သွေးကွက်အနည်းငယ် စွန်းထင်သွားသည်။

မတ်သံလုံသည် လှေဦးမှလှေပဲ့ တစ်ဟုန်ထိုး ပြေးလွှားရင်း အုံ့စရာပေါ်မှ ရဲမက်များကို ခုတ်သည်။ ခုတ်ချက်တွင်း လွဲချော်သည်မရှိ။ သို့သော် ဓားဖျားဖြင့်သာ တွတ်ခတ်မိနေသည်။ ရန်သူ့လည်ကို၊ ရင်အုံကို ထိမိအောင် မခွဲနိုင်။

မတ်သံလုံ သေနင်္ဂကို ပြောင်းလိုက်သည်။

အသံနက်ကြီးဖြင့် ကြုံးဝါးအမိန့်ပေးသည်။

"သွေးသောက်တို့ သူတို့လှေက တို့လှေထက် နှစ်ဆလောက် မြင့်တယ်၊ မိကျောင်းရဲပေါ်ကနေ မတိုက်နဲ့၊ အုံ့စရာဘက်ကို ကူးပြီး ခုတ်ကြ"

ပြောပြောဆိုဆိုပင် မတ်သံလုံသည် မိကျောင်းရဲလှေဦးမှ ကွင်းဆက်သံကြိုးကို ဆွဲမြှောက်ချီလျက် အုံ့စရာစီသို့ ပစ်တင်သည်။ သံကြိုးသည် အုံ့စရာ၏ ဦးပိုင်းမှ ရွက်ကြိုးအငုတ်တွင် စွပ်မိသည်။

သံကြိုးတင်းကျပ်တုတ်ဆွဲသဖြင့် လှေနှစ်စီးစလုံးက ကတိမ်းကယိုင်ဖြစ်သွားစဉ် မတ်သံလုံလည်း သံကြိုးကို ဆွဲခိုလျက် အုံ့စရာဘက်သို့ ကူးလေသည်။

တစ်ဖက်လှေနံရံကို တွယ်မိမည်အပြုမှာပင် သူ့ဆီသို့ လှံတိုများ ဖွေးဖွေးလှုပ်ပြေးဝင်လာသဖြင့် ဓားနှင့် ခါယမ်း ဖယ်ရှားလိုက်ရသည်။ စက္ကတေးကား မတ်သံလုံကို တွေ့သောအခါ စောစောက ဦးထောင်ပန်းခက်တွင် စိုက်ဝင်ခဲ့သည့် မတ်သံလုံ၏ အဲမောင်းကို ဆွဲနုတ်၍



ပစ်လွှတ်ရန် ချိန်ရွယ်လိုက်သည်။

သို့သော် ရဲမက်တို့ အထွေးထွေးဖြစ်နေသဖြင့် ပစ်ကွင်းသည် ရှင်းလင်း ပြတ်သားခြင်းမရှိ။ လှေနှစ်စီးအထွေးထွေး အယှက်ယှက် ဖြစ်နေရာတွင် မတ်သံလုံ သံကြိုးမှ ကူးဖြတ်သည့်နေရာ၌ အုတ်အော်သောင်းနင်း အဆူညံဆုံး၊ နှစ်ဖက်ရဲမက်တို့ တိုက်ပွဲအပြင်းထန်ဆုံး ဖြစ်သည်။ နှစ်လံကွာမျှသာရှိမည့် လှေနှစ်စင်းအကြား ရေပြင်တွင်လည်း ဒဏ်ရာနှင့် ရဲမက်များ တဝုန်းဝုန်းထိုးကျနေသည်။ သွေးစွန်းပြီးဖြစ်သော ရဲမက်တို့သည် ရေထဲမှာပင် ရရာ လက်နက်တို့နှင့် တိုက်ခိုက်ကြပြန်သည်။

မတ်သံလုံ အုံ့စရာပေါ်သို့ မတက်နိုင်သေး။

လှေနံကို မတ်သံလုံ ကိုင်မဆွဲနိုင်အောင် အဝရဲမက်တို့က ပိတ်ဆို့တိုက်ခိုက်နေသည်။ သို့သော် မင်းရဲကျော်စွာက 'လဝွန်းအိန်ကို အရှင်ဖမ်း'ဟု အမိန့်ပေးထားသဖြင့်လည်း တစ်ခဲနက် ထိုးခုတ်နေသည့် မတ်သံလုံကို ခက်ခက်ခဲခဲ တိုက်နေကြရသည်။

မတ်သံလုံကို အုံ့စရာပေါ်သို့ အရောက်မခံကြ။

မတ်သံလုံ အုံ့စရာပေါ် ကူးမိလျှင် ဖမ်းဆီးရန် မဆိုထားဘိ၊ ခုခံရန်ပင် မလွယ်ကူတော့ဟု အုံ့စရာပေါ်က ရဲမက်တို့ နားလည်ထားကြသည်။

ဦးထောင် ပန်းခက်အနီး အဲမောင်းကို မြှောက်ရွယ်ရင်း အခက်အခဲတွေ့နေသည့် စက္ကတေးကို ကျုံးမြောင်းအတွင်းရှိ လှေတစ်စီးပေါ်မှ အဝ တပ်မှူးက တွေ့မြင်သွားသည်။

သူကား 'မြေးများဖွားလေ' ပေါ်မှ 'မင်းစည်သူ'။

'မြေများဖွား တိုက်'

မင်းစည်သူ၏ အော်ဟစ်အမိန့်ပေးသံ အဆုံးတွင် စစ်မောင်းသံများ ဆူညံသွားပြီး မြေးများဖွားလေ မြစ်လယ်သို့ ထွက်လာသည်။ တပ်ကူလာပြီကိုတွေ့ရသော အုံ့စရာပေါ်က ရဲမက်တို့ အားတက်သွားကြသည်။

"မင်းစည်သူ လာပြီ"

"မြေးများဖွား စစ်ကူလာပြီဟေ့"

မြေးများဖွားသည် အုံ့စရာ၏ ဦးပိုင်းနားအထိ လှော်ခတ်လာပြီး လှေနှစ်စီး ပူးယှက်နေရာသို့ အရောက်နေရာယူလိုက်သည်။

မြေးများဖွားပေါ်မှ အဝရဲမက်များ ပထမဆုံး အသုံးပြုသော

www.burmeseclassic.com

www.burmeseclassic.com



လက်နက်မှာ လှံတိုများ ဖြစ်သည်။ လှေနှစ်စီး ပူးယှက်နေရာသို့ လှံတိုများဖြော်ဖြော် ပျံသန်းကျဆင်းလာသည်။

"ဟေ့ သူတို့လှေ စစ်ကူလာပြီ"

သံကြိုးကို ဖက်တွယ်ရင်း အုံ့စရာပေါ်သို့ ကူးအုံ့ဆဲဆဲ မတ်သံလုံလည်း စစ်ထိုးအခြေအနေကို ပြောင်းလိုက်ရသည်။ အုံ့စရာပေါ်သို့ မကူးတော့။ မိကျောင်းရဲဆီသို့သာ ခုန်၍ ကူးလိုက်ရသည်။ မတ်သံလုံ မိမိလှေပေါ်သို့ပြန်ရောက်ပြီကို တွေ့လိုက်သော မင်းစည်သူလည်း မြေများဖွားကို နေရာပြောင်းရွှေ့စေလိုက်သည်။

မြေများဖွား လှေအခြားတစ်ဖက်ဆီသို့ ပန်း၍ လှော်သွားသည်။

မိကျောင်းရဲ၏ အခြားတစ်ဖက်သို့။

ထိုအခါ။

မိကျောင်းရဲသည် မြေများဖွားလှေနှင့် အုံ့စရာတို့အကြားရောက်သွားလေသည်။

အဝလှေနှစ်စင်းအကြား ပိတ်ဆို့ခြင်းခံရပြီဟု သိလိုက်သောအခါ မတ်သံလုံလည်း ဝဲယာ ဓားလွတ်နှစ်စင်းကိုင်လျက် လှေဦးတွင် ရပ်ရင်း အော်ဟစ် အမိန့်ပေးသည်။

"သွေးသောက်တို့ လှေနံဝဲယာမှာ နေရာပြန်ယူ၊ မျက်နှာချင်းဆိုင်ရတဲ့ ရန်သူကို ကျအောင်ခုတ်"

တိုက်ပွဲပို၍ ပြင်းထန်သွားသည်။

မင်းစည်သူနှင့် စုက္ကတေးတို့သည် မတ်သံလုံကို ဦးတည်၍ တိုက်သည်။

အချက်ပေး၍ နှစ်ဦးစလုံး မိကျောင်းရဲပေါ်သို့ ပြိုင်တူခုန်ကူးကြသည်။

မင်းစည်သူရော စုက္ကတေးပါ ဓားလွတ်ကိုယ်စီ။

မတ်သံလုံ၏ ဝဲယာလက်ထဲမှ ဓားတို့ကား အနားမရတော့။

မင်းစည်သူနှင့် စုက္ကတေးတို့၏ ဓားဦးများ မတ်သံလုံ ပခုံးအနီးသို့ပင် မဝဲနိုင်ဖြစ်နေသည်။

အဝတပ်မှူးနှစ်ယောက်ကို ရင်ဆိုင်ရင်း မိကျောင်းရဲ၏ အလယ်ဆီသို့ မတ်သံလုံ လှမ်းကြည့်သည်။ ဟံသာဝတီရဲမက်တို့သည် နှစ်ဆအင်အားကြီးသော အဝရဲမက်တို့ကို ခက်ခက်ခဲခဲ တိုက်နေကြရသည်ကို တွေ့သွားသည်။

တလည်းဆီ အထက်ဘက်ဆီသို့ လှမ်းကြည့်သည်။



သူ့ရှင်၏ လှေများ အကူအပံ့လာမည်လားဟု။

သို့သော် ဟံသာဝတီလှေ နောက်ထပ် တစ်စင်းမှ ရောက်မလာကြ။

မတ်သံလုံ လက်တွင်းမှ ဓားရိုးဆီသို့ပင် သွေးများ စိမ့်ဝင်လာနေသည်။

သူ့ကိုယ်တွင်လည်း သွေးချင်းချင်းနီလျက်။ အဝရဲမက်တို့၏ သွေး၊ သူ့သွေး။

ပို၍ ဆူညံသော စစ်မောင်းသံများ ပေါ်ထွက်လာပြန်သည်။

မတ်သံလုံ ယခုမှပင် အခြေအနေမှန်ကို သိပေပြီ။

အဝလှေတို့ ကျုံးမြောင်းအတွင်းတွင် ပုန်းကွယ်ခိုအောင်းနေကြပြီး အရေးမလှလျှင် ထွက်ကူကြရန် စောင့်နေကြသည့်အကြောင်း။

"တပ်မှူး ဥဇနစီးတဲ့ သားများမိ လှေဟေ့"

"တပ်မှူး စတုရင်္ဂသူစီးတဲ့ သျှမ်းမွန်လှေဟေ့"

လှေ တစ်စင်းမက နှစ်စင်း။

တစ်ဟုန်ထိုး လှော်လာသော လှေနှစ်စင်းသည် မိကျောင်းရဲ၏ ဦးပိုင်း ပဲ့ပိုင်းဘက်တွင် နေရာယူလိုက်ကြသည်။

ဝဲတွင် အုံ့စရာ၊ ယာတွင် မြေများဖွား၊ ဦးတွင် သားများမိ၊ ပဲ့တွင် သျှမ်းမွန်။

အလယ်တွင်ကား မတ်သံလုံ မိကျောင်းရဲ။

မိကျောင်းရဲပေါ်မှ ဟံသာဝတီ ရဲမက်တို့ကား တစ်ယောက်ပြီး တစ်ယောက် ရေထဲသို့ ကျကြသည်။ လှေလေးစီးတို့ အကြိုအကြား ရေပြင်ပေါ် ပတ်လည်တို့တွင် နှစ်ဖက်စစ်သည်တို့မှာ မြင်မကောင်း။

မြစ်လယ်တွင် ကမ္ဘာငယ်တစ်ခု ပျက်သည်သို့ ရှိတော့သည်။

တလည်းဆီး အထက်ဘက်တွင် ရှိနေသည့် သူ့ရှင် ရာဇာဓိရာဇ်ထံမှ စစ်ကူတို့လည်း မတ်သံလုံ မမျှော်လင့်နိုင်တော့။ ဘာကြောင့် စစ်ကူ မပို့သည်ကိုလည်း တွေးချိန်မရတော့။ အဆက်မပြတ်သော ဓားသွားများကိုသာ ဖယ်ရှားရင်း ရှေ့မှရန်သူကို တိုက်ခိုက်နေပေသည်။

လက်ထဲက ဓားများ ပို၍ လေးလာသည်။

ကိုယ်ပေါ်တွင်လည်း မည်သည့် နေရာကမှန်းပင် မသိတော့သည့် ဒဏ်ရာတို့မှ နာကျင်လာသည်။ သွေးညှီနံ့ကို အဆက်မပြတ် ရှူရှိုက်နေရသည်။

နှလုံးသည် ရင်ထဲမှ ပေါက်ကွဲလွင့်စဉ်သွားတော့မတတ် မောသန်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

လက်ရုံး လက်ဖျံတို့လည်း ကိုက်ခဲလာသည်။

"လဝွန်းအိန် ဓားချလိုက်ပါတော့"

"လဝွန်းအိန် လက်နက်စွန့်ပါ"

"အညံ့ခံပါ၊ လဝွန်းအိန်"

မင်းစည်သူ၊ ဥဇနာ၊ စတုရင်္ဂသူ၊ စုက္ကတေးတို့က အော်ပြောကြသည်။

"အသေခံ တိုက်မယ်ဟေ့၊ ငါ့ကို မင်းတို့သတ်နိုင်ရင် သတ်ကြ"

တစ်ခဲနက် ကြုံးဝါးရင်း မတ်သံလုံ အသက်ကို ပြင်းပြင်းရှိုက်လျက် ဓားနှစ်စင်းကို ဝင့်သည်။ လေးဖက်လေးတန်မှ ဝိုင်းအုံစုပြုံရန်ချဉ်းကပ်လာသည့် အဝတပ်မှူးများကို အပြီးတိုင် တိုက်ခိုက်ရန် ဆုံးဖြတ်သည်။

ပထမဆုံး ဓားချက်သည် စုက္ကတေး၏ ကိုယ်ကျပ်ကို ခွဲလျက်ရင်အုပ်တွင် နက်ရှိုင်းသော ဒဏ်ရာကို ဖြစ်ပေါ်စေသည်။

ဒုတိယဓားချက်သည် စတိုရင်္ဂသူ၏ လက်ထဲမှ ဓားကို လွင့်စေလျက် လက်ဖျံကို စူးဝင်သည်။

တတိယဓားချက်သည် ဥဇနာကို။

ဥဇနာကို ခုတ်ရန် ညာခြေကို အတက်၊ မတ်သံလုံ ယိမ်းယိုင်သွားသည်။ ခြေကို ပြန်ဆုတ်လိုက်ရသည်။

သို့သော် ပြန်မသိမ်းနိုင်။

လှံရှည်တစ်ချောင်း ပေါင်တွင် စွဲဝင်သည်။

အသည်းခိုက်အောင် နာကျင်သော ဝေဒနာ။

လှံရှည်ကို ပြန်နုတ်လျှင် အနီးဆုံးတွင် ရောက်နေသော ဥဇနာက ဓားဦးမည်။

ထို့ပြင် နောက်ဘက်တွင် ရှိနေမည့် မင်းစည်သူကလည်း–

"ငါဟာ သူရဲကောင်း လဝွန်းအိန်"

အော်ဟစ်ကြုံးဝါးရင်း ရှေ့သို့တက်ရန် ခြေပြင်လိုက်သော်လည်း ညာခြေကို ထောက်မရတော့။ ဒူးညွတ်၍ ခွေကျသွားသည်။ လှံရှည်သည် ပို၍ နက်နက်ရှိုင်းရှိုင်း ဝင်သွားသည်။

သွေးတို့ ဒလဟော ထွက်နေသည်။

လှံရှည်ကို ဆွဲနုတ်ရတော့မည်။ မတတ်သာတော့။



လှံရိုးကို ဆုပ်ကိုင်ရင်း အံကြိတ်သည်။

သို့သော် လှံရိုးကို ဆုပ်ကိုင်ထားသောလက် ပြုတ်ကျသွားသည်။

ဝဲလက်တွင်းမှ ဓားရိုးကိုတော့ မလွှတ်။

* * *

ဆို့နစ်သော ရင်ဖြင့် သဝဏ်ပေါ်မှ စာကြောင်းများကို မင်းရဲကျော်စွာ ဖတ်နေသည်။

သဝဏ်ကို ကိုင်ထားသည့် လက်တို့ ဆတ်ဆတ်တုန်နေသည်။

ခမည်းတော် ဘုရင်မင်းခေါင်ထံမှ သဝဏ်။

တပ်မှူးလဝွန်းအိန်ကို ဒဏ်ရာပြင်းစွာဖြင့် ဖမ်းမိကြောင်း၊ အနာသည်းလှကြောင်း၊ ပြည်တွင် တပ်ချနေသော ဘုရင်မင်းခေါင်ထံသို့ အကြောင်းကြားလိုက်ရာတွင် ချက်ချင်းပင် ခမည်းတော်ထံမှ သဝဏ်ကို လက်ခံရရှိခဲ့လေသည်။

ခမည်းတော်သည် တစ်ခါမှ ဤမျှလောက် မိမိကို ပြင်းပြင်းထန်ထန် မဆိုစဖူး။

မင်း ယောက်ျားကောင်း မပီရာကျသည်။

ငါတို့ မင်းဧကရာဇ်အချင်းချင်း စစ်ထိုးရာတွင် သူရဲကောင်းကို မသတ်။

ငါသည် သူရဲကောင်းကို ချစ်သော ဘုရင်ဖြစ်သည့်ကို မင်း မသိသလော။

ယခု လဝွန်းအိန်ကို သေလောက်သော ဒဏ်ရာရစေသည်မှာ မဖွယ်ရာသောအမှု။

အရှင်ဖမ်းဟု ငါ အထပ်ထပ်မှာသည်။ မင်း ငါ့အမှာစကားကို ကျူးသည်။

ပန်းကျော်တွင် ငါတပ်ချစဉ်က လဝွန်းအိန်ကျေးဇူး ငါ့မှာ များစွာရှိသည်။

ငါ့ခေါင်းရင်းကို ရောက်ပြီဖြစ်လျက် ငါ့ကိုမသတ်ဘဲ ဆောင်ဓားနှင့် ရွှေကွမ်းအစ်ကိုသာ ယူသွားခဲ့သည်။

သူရဲကောင်းမင်းသားဖြစ်လျက် မင်း သည်အရေးကို မမြင်တတ်သလော။

www.burmeseclassic.com

www.burmeseclassic.com



လဂွန်းအိန် မသေအောင် ကုစားရမည်။

သဝဏ်ကို ယူလာသူကား ဘုရင့်သမားတော် တန္တဝါရီ ဖြစ်လေသည်။

"ရောက်ရောက်ချင်း လဂွန်းအိန်ဆီ ချက်ချင်းသွားပြီး ကုသရမယ်လို့ ရွှေနန်းရှင်က အမိန့်ပေးလိုက်ပါတယ် အရှင့်သား"

တန္တဝါရီက မင်းရဲကျော်စွာကို အလျင်စလို ပြောသည်။

"ကောင်းပြီ၊ သူ့ကို လှေထက်မှာထားတယ်၊ အခုပဲ သွားကြစို့၊ ခမည်းတော်ကို ပြန်လျှောက်လိုက်ပါ တန္တဝါရီ၊ အရှင်ဖမ်းကြဖို့ စက္ကတေးတို့ကို ကျုပ် အထပ်ထပ်မှာခဲ့ပါတယ်၊ အခုတော့ ကျုပ် အပြစ်ဖြစ်ရပြီ၊ ကဲ အချိန်မရှိဘူး သွားမယ်"

အမြဲတစေ ခက်ထန်မောက်မာသော မင်းရဲကျော်စွာထံ၌ တစ်ခါမှ မတွေ့ဖူးသော ကြေကွဲထိတ်လန့်မှုကို တွေ့နေရသဖြင့် တန္တဝါရီ အံ့သြနေလေသည်။

* * *

ရွှေလှော်ကားကို လှေနံနှင့်မယှဉ်မီမှာပင် မင်းရဲကျော်စွာ လှေထက်သို့ ခုန်ကူးလိုက်သည်။ ထို့နောက် ပေါင်းမိုးတင်းတိမ်စကို ဆွဲဖယ်လျက် အထဲသို့ ဝင်သည်။ တန္တဝါရီလည်း နောက်မှလိုက်လာခဲ့သည်။

ကတ္တီပါဖုံခင်းသည် သွေးများဖြင့် ရွဲနစ်နေသည်။

သွေးနစ်သော အခင်းပေါ်က လဂွန်းအိန်သည် ညည်းညူခြင်း မပြု။ သို့သော် ကတ္တီပါစကို လက်ဖြင့်တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်းဖြင့် အနာမည်မျှသည်းကြောင်း မင်းရဲကျော်စွာ သိသွားသည်။

မင်းရဲကျော်စွာသည် လဂွန်းအိန်ဘေးတွင် ဒူးထောက်ထိုင်လိုက်လေသည်။

"တပ်မှူး လဂွန်းအိန်၊ ကျုပ် မင်းရဲကျော်စွာပါ"

လဂွန်းအိန် မျက်လုံးဖွင့်ကြည့်သည်။

"ဘာမှ မစိုးရိမ်ပါနဲ့၊ အဝနေပြည်တော်က ဘုရင့်သမားတော် တန္တဝါရီပါလာတယ်၊ အနာပျောက်ရင် တပ်မှူးကို ကျုပ် သူကောင်းပြုပါ့မယ်"



တန္တဝါရီလည်း ဆေးအစ်ကို ဖွင့်လေသည်။

မျက်နှာပေါ်မှ သွေးများကို သုတ်သည်။ သို့သော် သွေးတို့ တသွင်သွင် စီးဆဲဖြစ်သည့် ပေါင်မှဒဏ်ရာကို တွေ့သောအခါ အခြားဒဏ်ရာများကို မကုတော့ဘဲ ပေါင်မှဒဏ်ရာကိုကုရန် ပြင်ဆင်သည်။

မင်းရဲကျော်စွာသည် လဂွန်းအိန်၏ လက်ဖမိုးပေါ်သို့ ဆုပ်ကိုင်လိုက်သည်။

"တပ်မှူး ဘာလိုချင်သလဲ ပြောပါ"

"ဘာမှ မလိုချင်ဘူး..."

"ထမင်းစားပါလား တပ်မှူး"

လဂွန်းအိန် ရှန်းထမည်ပြုသည်။ သို့သော် ပြန်လဲကျသွားလေသည်။

"အရှင်တစ်ယောက်ရဲ့ ထမင်းကိုပဲ ဝမ်းထဲဝင်စေမယ်၊ အရှင်နှစ်ယောက်ရဲ့ ထမင်းကို မစားဘူး"

ကြုံးဝါးသံဖြစ်သော်လည်း ထိုစကားတို့ ထွက်ပေါ်လာရာ နှုတ်ခမ်းတို့ ဖြူရော်နေသည်။

"ကောင်းပါပြီ လဂွန်းအိန်၊ ဒါဖြင့် ရေသောက်ပါ၊ ကွမ်းစားပါ၊ ကျုပ်ကိုယ်တိုင်စားတဲ့ ကွမ်းဟာ အထူးစီရင်ထားတဲ့ ကွမ်းပါ အနာသက်သာစေပါတယ်"

"အင်း..."

လဂွန်းအိန် မျက်လုံးပြန်မှိတ်ရင်း မှိန်းသွားသည်။

မင်းရဲကျော်စွာက ပွေ့ထူ၍ ရွှေရေတကောင်းထဲမှ ရေကို ရွှေခွက်ဖြင့် တိုက်သည်။ ရွှေကွမ်းအစ်ထဲမှ ကွမ်းကို ထုတ်ယူ၍ ခွံ့ပေးသည်။ နှုတ်ခမ်းမှ ခြောက်သွေ့နေသော သွေးတို့ကို သုတ်ပေးသည်။

မွှေးကြိုင်သော ကွမ်းနံ့သည် သွေးညှီနံ့တို့ကိုပင် ဖုံးသွားမတတ် သင့်ပျံ့သွားသည်။

"သက်သာရဲ့လား လဂွန်းအိန်"

"အင်း"

"ဘာလိုချင်သေးသလဲ"

"စကားနည်းနည်း ပြောချင်တယ်"

"ပြောပါ လဂွန်းအိန်"

"အရှင့်သားရဲ့ ရေနဲ့ အရှင့်သားနဲ့ ကွမ်းကို ကျုပ် စားသောက်ရ

www.burmeseclassic.com

ပြီ၊ အရှင့်သားရဲ့ ကြင်နာမှု၊ အင်း ရန်သူ့ကြင်နာမှုကိုလည်း ကျုပ် စားသုံးရပြီ၊ ဒီကျေးဇူးတွေအရ ကျုပ် အရှင့်သား အကျိုး အတွက် စကားတစ်ခု ပြောခဲ့ချင်ပါတယ်”

မတ်သံလမှ အံကြိတ်လိုက်သည်။ တန္တဝါရီက ပေါင်မှ ဒဏ်ရာ ကို သုတ်သင်သန့်စင်၍ ဆေးထည့်လိုက်ခြင်းကြောင့် ဖြစ်သည်။

“ကျုပ်စကားကို နာယူပါ၊ အရှင့်သား မနာယူရင်လည်း သမား တော်က မှတ်သားပါ၊ အခွင့်ကြုံတိုင်း သတိပေးပါ”

ဆေးကို ဒဏ်ရာထဲသို့ ဂရုတစိုက် ထည့်ပေးနေရသဖြင့် တန္တဝါရီ စကားပြန်မပြောမိ။ သို့သော် မတ်သံလုံ၏ စကားကိုမူ တလေးတစား နားထောင်နေသည်။

“သူ့ရှင်ရာဇဝိရာဇ်နဲ့ နောင်စစ်ထိုးရင် ဆင်စီးချင်း၊ မြင်းစီးချင်း၊ ခြေလျင်ချင်း၊ လှေစီးချင်း မတွေ့ပါနဲ့။ သူ့ရှင်ဟာ ဆင်ရေး၊ မြင်းရေး၊ ဓား၊ လှံရေးမှာ တော်တော်တန်တန် စွမ်းတဲ့သူမဟုတ် ဘူး။ သူဟာ တကယ့် နတ်ဘီလူးလို တိုက်တတ်သူ။

ဒဏ်ရာ၏နက်သော အပိုင်းထဲသို့ ဆေးရည်လောင်းလိုက်သဖြင့် မတ်သံလုံ အသက်ရှူမှားမတတ် နာကျင်သွားသည်။ အံကြိတ် မျက်စိ မှိတ်၍ ခံရသည်။

“ပြီးတော့ သူ့ရှင်ရဲ့ ဝဲယာမှာရှိတဲ့ ဆင်စီးသူရဲတွေဟာ သူ့စိမ်းတစ်ရံ ဆံ မရှိဘူး၊ ဆွေသားမျိုးအားတွေချည်းပဲ၊ ကြောက်စိတ် လုံးဝ မရှိ၊ သူ့ရှင်အတွက် အသက်ကို ဆယ်ပြန်အသေခံဝံ့တဲ့သူတွေ၊ လူတွေနဲ့မတူ၊ ဘီလူး သရဲတွေလို ခက်ထန်သန်စွမ်းကြတယ်၊ ကျုပ် စကားကို အရှင့်သား မယုံရင် နောက်ကြုံမှ သိလိမ့်မယ်”

တစ်ခါမှ မခံစားရဖူးသော ဝေဒနာတို့ မင်းရဲကျော်စွာ ရင်တွင်းသို့ ထိုးဖောက် ဝင်ရောက်လာသည်။

“ဩော် လဝွန်းအိမ်ဟာ သေလုနီး အချိန်မှာတောင်မှ သူ့သခင်ကို ငါ ကြောက်ရွံ့အောင် စစ်ရေးစကား ဆိုပါသေးသလား”

မည်သူ့ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ တစ်ယောက်တည်း ရေရွတ် လျက် မင်းရဲကျော်စွာ ခေါင်မိုးအတွင်းမှ ပြန်ထွက်သွားသည်။

တန္တဝါရီသည် ပေါင်မှဒဏ်ရာကို ဆေးထည့် ချည်နှောင်ပြီးသွား သည်။

သို့သော် မင်းရဲကျော်စွာနောက်သို့ မလိုက်နိုင်သေး။



အခြားဒဏ်ရာများ ရှိနေသေးသည်။

“တပ်မှူး ညာလက်နည်းနည်း ရွှေ့ပေးပါ၊ ဆေးထည့်ရအောင်”

“ဘာဆေးမှ မထည့်နဲ့တော့၊ ကျုပ် သွေးထွက် သိပ်လွန်နေပြီ”

“ဒါဖြင့် အနာသက်သာအောင် ဆေးတစ်ခွက်သောက်ပါ”

“မသောက်တော့ဘူး သမားတော်၊ ကျုပ် စကားနည်းနည်း ပြော ချင်တယ်၊ ရှေ့တိုးပါ”

မတ်သံလုံ၏ ခေါင်းရင်းဘက်သို့ တန္တဝါရီ တိုးရွှေ့လိုက်ရသည်။

“ကျုပ် ပြောတဲ့စကားတွေကို သက်ဆိုင်ရာလူဆီ သမားတော် ကြားသိပါစေ”

“ကျုပ် ကတိပေးပါတယ် တပ်မှူး၊ ပြောပါ”

“ပထမ သူ့ရှင်ကို ပြောပြပါ၊ သံလုံငယ်ဟာ တစ္ဆေသရဲဖြစ်သွား တောင်မှ သူ့ရှင်ရဲ့ ဆင်အနီးကလိုက်ပြီး သူ့ရှင်ရန်သူတွေကို လိုက်တိုက်ပေးပါ့မယ်လို့”

တန္တဝါရီ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားသည်။

“နောက် အမတ်ဒိန်မဏိရွတ်၊ ဘဝ ဘဝတွေ ပြောင်းလဲကြပြီး နောက်၊ နှစ်တွေ အရာအထောင် အသောင်းကြာပြီးနောက်မှာ လည်း အနာဂတ်လူသားတွေအဖြစ် အမတ်ဒိန်နဲ့တွေ့ဖို့ ဆုတောင်း ပါတယ်လို့”

တန္တဝါရီ အတိုင်းမသိ အံ့ဩရသော်လည်း မတ်သံလုံ၏ စကား တို့ကို ကြိုးစားမှတ်သားလိုက်သည်။

“တတိယ ကျုပ်ဇနီး နှင်းကေသရာ”

“ဟုတ်ကဲ့ ပြောပါ တပ်မှူး”

“တကယ့်သူ့ရဲကောင်းဟာ နှင်းကေသရာပဲဆိုတာ ကျုပ် ချစ်မြတ် နိုး လေးစားစွာနဲ့ နားလည်ပါတယ်လို့၊ တိုက်ရည်ရှိတဲ့ ကျုပ်ထက် ခံရည်ရှိတဲ့ မိန်းမသားတို့ရဲ့ သူ့ရဲကောင်းနှလုံးသားကို ကျုပ် ထာဝရ လေးစားနေပါတယ်လို့”

“ကောင်းပါပြီ တပ်မှူး”

မတ်သံလုံ ပြန်မှိန်းသွားသည်။ မျက်နှာတွင် သွေးဆုတ် ဖြူရော် သွားသည်။

“တပ်မှူး ဆေးတစ်ခွက်သောက်...”

မတ်သံလုံ လက်ကို ကာပြသည်။ မျက်လုံးဖွင့်၍ တန္တဝါရီကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

သည်းထန်သော အနာတို့ဖြင့် သွေးဆုတ်ဖြူရော်နေသည့် မျက်နှာထက်မှ မျက်လုံးအစုံတို့သည် မှေးမှိန်မျော့တော့ နေရမည့်အစား တန်ခိုးအင်အား ကြီးမားစွာဖြင့် ပြိုးပြက်ဝင်းလက်နေသည်ကို တအံ့တဩ တွေ့နေရသည်။

* * *

အဝေးဆီမှ လှမ်းမြင်နေရသော်လည်း မည်သူမှ မသိခင် အမတ်ဒိန် သိလိုက်လေသည်။

နံနက်မိုးသောက၏ ပျံ့ပျူးသော တလည်းဆီး မြစ်ရေပြင်အလယ်မှ ပုဆိုးဖြူအုပ်လျက်၊ ခေါင်းရင်းတွင် ဆီမီးတိုင် ထွန်းလျက် တငြိမ့်ငြိမ့် စီးမျောလာသော ငှက်ပျောဖောင်။

ကပ်းညွတ်တမျှ စောင့်ကြည့်နေကြသော တပ်မအားလုံး လှုပ်လှုပ်ရှရှဖြစ်သွားသည်။

သူ့ရှင် ရာဇာဓိရာဇ် ရေစပ်အထိ ဆင်းသွားသည်။

အမတ်ဒိန်လည်း နောက်က လိုက်သွားသည်။

"သံလုံငယ်ပဲ ဖြစ်ရမယ် အမတ်ဒိန်"

အမတ်ဒိန် ပြန်မဖြေ။

သူ့ရှင်၏အသံတွင် မည်သို့ခံစားမှုများ ရှိနေမည်ကိုလည်း မခွဲခြမ်းမိ။

သူကိုယ်တိုင်ပင် လောကတွင်းမှ တဖြည်းဖြည်း လွင့်စင်နေသလို ခံစားနေရသောကြောင့်။

ငှက်ပျောဖောင် တဖြည်းဖြည်း နီးလာသည်။

သဲသဲကွဲကွဲမြင်ကြရလေပြီ။

"သံလုံငယ် မင်းလည်း ငါ့ကို စွန့်သွားပြီ၊ မင်းကြီးသံဗြတ်လည်း စွန့်သွားပြီ၊ ငါ့အစွယ်နှစ်ချောင်း ကျွတ်သွားရပြီကော"

သူ့ရှင်၏ ရေရွတ်နေသံတို့ပင် အမတ်ဒိန် နားထဲ၌ မပီမသဖြစ်နေသည်။

ဘာမှန်းမသိသော မေးခွန်းပေါင်းများစွာတို့ မြည်ဟည်းနေသည် သမိန်ဗရမ်းနှင့် အဲမွန်ဒယာတို့ ရေထဲသို့ဆင်း၍ ငှက်ပျောဖောင်



ကို ကမ်းသို့ ဆွဲယူလာနေကြသည်။

မတ်သံလုံသည် ငှက်ပျောဖောင်ထက်မှနေ၍ သူ့ကို မေးခွန်းတွေ တစ်သီတစ်တန်း မေးနေပြီဟု အမတ်ဒိန် ခံစားလာရသည်။

သို့သော် အလုံးစုံသော အသံတို့ကို တစ်ခုသောမေးခွန်းသံက ဖုံးအုပ်သွားသည်။

ငှက်ပျောဖောင် ကမ်းသို့ ကပ်သည်။

အမတ်ဒိန် မျက်စိစုံမှိတ်သည်။

တစ်ခုသော မေးခွန်း၊ မိမိကိုယ်မိမိ ပြန်မေးသည့် မေးခွန်း။

"မွေ့ကေသာကို ငါ ဘယ်လိုပြောရမလဲ၊ မွေ့ကေသာကို ငါ ဘယ်လိုပြောရမလဲ"

၁၉၇၉–ခု၊ ဖေဖော်ဝါရီလ၊ ၂

ချစ်ဦးညို

BURMESE CLASSIC .com

www.burmeseclassic.com